www.burmeseclassic.com

# လရောင်ကျူးရင့်

## ၁၂ နာရီ သတို့သမီး



BURMESE CLASSIC

www.burmeseclassic.com

www.burmeseclassic.com

ထုတ်ဝေသူ – ဒေါ်ကေခိုင်ဦး (မြ-၀၃၇၆၉)
ရွှေသမင်စာပေ၊ ၃၇/၄၄လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
အတွင်း/ – ဒေါ်နွဲ့နွဲ့ရီ (မြ-၀၉၈၇၀)
အဖုံးပုံနှိပ်သူ ရွှေရောင်လင်းပုံနှိပ်တိုက်
အမှတ်(၄၂၃)၊ (၁)ရပ်ကွက်၊
ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။
အကြိမ် – ပထမအကြိမ်
၂၀၁၅ ခုနှစ်၊ ဇွန်လ
အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၅၀၀/-

"ထုတ်ဝေသည့်စာအုပ် ကက်တလောက်အညွှန်း" (CIP

၈၉၅
လရောင်ကျူးရင့်
၁၂ နာရီ သတို့သမီး /သရောင်ကျူးရင့်၊ ရန်ကုန်၊ ရွှေသမင်စာ
၂၀၁၅။
၃၅၂ စာ ၊ ၁၅ စင်တီ × ၁၈ စင်တီ ။
(၁) ၁၂ နာရီ သတို့သမီး



## အခန်း (၁)

"ဒီမှာ .. ငါ့မျက်နှာကို မင်း ကြည့်စမ်း .."

ကြည့်ဆိုတော့ ကြည့်ရသည်။

မီးလောင်ထားသည့်မျက်နှာတစ်ပြင်လုံးဟာ နှာခေါင်းနဲ့ နှုတ်ခမ်း.. ...လုံးတို့မှအပ ပါးပြင်တွေမှာ ရှုံ့တွ သီးထနေသော မီးလောင်ဒဏ်ရာ ...နှင့် မြင်လို့ မကောင်း ..၊

ထိုပြင် ဘယ်ဘက်လည်ပင်းကနေ ရင်ဘတ်တစ်ခြမ်းထိလည်း ...ရာတွေက ဖုံးဖိမနိုင်အောင် ရုပ်ပျက်ဆင်းပျက် ဖြစ်နေသေး၏။

"ငါ့လိုကောင်ကို မင်းတောင်မှ ငွေရှိလို့ လက်ထပ်ခဲ့တာ .."

"မဟုတ်ဘူး .."

"ဘာဖြစ်လို့ မဟုတ်ရမှာလဲ .."

"ရှင် မဟုတ်တာ မပြောနဲ့ နော် .."

"ဟုတ်တယ် .. ငါ တစ်လျှောက်လုံး မင်းကို တစ်ဖက်သတ် ...တာခဲ့ရတာ .. ငါ ချမ်းသာမှန်းသိတော့ ဒီရုပ်ဆိုးကိုတောင် မင်း ...ခဲ့တယ် .."



www.burmeseclassic.com

www.burmeseclassic.com



"ကိုနန္ဒ .. ရှင် မစွပ်စွဲနဲ့ နော် .. ကျွန်မတို့က ငယ်သူငယ်ချင်း
... –"

"ဟား .. ဟား .. ဟား .. ဟား ..."

ရယ်သံကြီးက နာကျင်မှုတို့ စွန်းထင်းလျက် ခြောက်သွေ့ အက်ရှ
နေခဲ့၏။

"ရှင် .. ဒီမျက်နှာကို အကြောင်းပြပြီး ကိုယ်ကျင့်တရား ဖောက်
ပြန်နေတာက အရမ်းကို အဓိပ္ပာယ်မဲ့နေတယ် နော် .."

"ငါ့အတွက်က အဓိပ္ပာယ်ရှိတယ် .. မိန်းမတွေအတွက် ရုပ်ရည်
ရှိဖို့ မလိုဘူး .. အသက်အရွယ်ကလည်း အဓိက မဟုတ်ဘူး .. ငွေရှိဖို့
လိုတာ .. မင်းရှေ့မှာပဲ ဟောတစ်ယောက် .. ဟောတစ်ယောက် ငါ
သုံးပြမယ် .."

"မဖြစ်ဘူး .. ရှင် မလုပ်ရဘူး ..၊ အခု ကျွန်မမှာ ကိုယ်ဝန် ထပ်ရှိ
နေပြီ .. ဒီကလေးက သမီးလေးဆိုရင် ရှင့်ရဲ့ ကိုယ်ကျင့်သိက္ခာတွေ
ကြောင့် .."

"မမွေးနဲ့ပေါ့ကွာ.. မင်းကို နောက်ထပ် တလေးမယူပါနဲ့လို့ ငါ
ပြောသားပဲ .. မိုက်တာကတော့ မင်းထိုက်နဲ့ မင်းကံပဲ .."

"ရှင်က လူကောင်းတစ်ယောက်ပါ ကိုလင်း ရယ် .. နာကျင်မှု
တစ်ခုနဲ့ လောကကို အရှုံးမပေးပါနဲ့.. ရှင် ကျွန်မ မေတ္တာကို အထင်လွဲ
နေသမျှ ကျွန်မ မရှိကာမှ ရှင် နားလည်မှာ ..၊ အဲ့ဒီကျရင် ရှင် သွက်
သွက်ခါ ရူးသွားလိမ့်မယ် .."

"မင်းမေတ္တာတွေကို ဇော်ကားမိလေခြင်းဆိုပြီးတော့.. ဟုတ်လား
ဟား .. ဟား .. ဟား ..."

"ရှင် သူများသားသမီးတွေကို ဖျက်ဆီးနေတာတွေ .."

"တော်စမ်းပါကွာ .. အဲဒီ သူများသားသမီးလေးတွေကြောင့် ငါ့
ဘဝ ပျက်စီးခဲ့ရတာ .. ဟား .. ဟား .. ဟား ...၊ သူတို့ကိုက ခူးပါ –





ခြွေပါ .. ဖြစ်နေတာ .. မင်း မမြင်ဘူးလား .."

"အဲဒီလို မိန်းမမျိုးတွေက တစ်မျိုးတစ်စားပါရှင် .. ရှင်ကရော
အကျအနတွေချည်း ကောက်စားနေတာမို့လို့လား .. ရိုးနှဲ့ရှာတဲ့ အမျိုး
ကောင်းသမီးလေးတွေ ကျတော့ .."

"မသိဘူး .. ငါ့ရှေ့ရောက်လာရင် ငါ့အတွက်ပဲ .. သူတို့ကတောင်
ပြောသေးတယ်.. ကိုကြီးမှာ မိန်းမ ရှိမနေရင် သိပ်ကောင်းမှာပဲတဲ့ .."

"ဘုရား!... ဘုရား .."

"မင်း နေရာမပျောက်ချင်ရင် ပါးစပ်ပိတ်ပြီး အေးဆေးနေနော်..
မဟုတ်ရင်တော့ ငါက အခွင့်အရေးတွေ သူတို့လက်ထဲ ထည့်ပေးလိုက်
မှာ .. အဲ့ဒီကျရင် မင်းကို သူတို့က .."

ရယ်သံတွေ သောသောညံသွားသည်။ ဒီကြားထဲမှာ ရှိုက်သံတွေ
ပါ ပါ၏။

တစ်နေ့တည်း တစ်ညတည်း မဟုတ်ခဲ့ဘဲ နေ့စဉ်ရက်ဆက် ငိုသံ
တွေ လွှမ်းမိုးနေခဲ့သော ဘဝဟာ နေ့မှန်း ညမှန်း မသိအောင် မှောင်အတိ
ကျနေခဲ့၏။

ဖင်ခုထိုင်နေတာက ရတနာပုံကြီးပေါ်မှာ ..၊

လက်နှစ်ဖက်နဲ့ ဘယ်ကိုစမ်းစမ်း .. ရတနာအစိုင်အခဲတွေချည်း
ထိကိုင်မိနေသည်။ ဘယ်အရပ်မျက်နှာကို ကြည့်ကြည့် ရတနာတို့၏
အရောင်တွေချည်း ထိုးဖြာနေကြ၏။

ဒါပေမယ့် ထိုအရောင်တွေမှလွဲ၍ သူ့ပတ်ဝန်းကျင်မှာ ပိန်းပိတ်
အောင် မှောင်နေသည်။

ဒါက သူ့ဘဝရဲ့ တန်ဖိုးတွေလား ..၊

"ရှင် .. ရှင် ဆယ့်နှစ်နာရီ ထိုးနေကာမှ ဘယ်က ပြန်လာတာလဲ.."

"ဒါ ဒီနေ့ လက်ထပ်ခဲ့တာလေ .. ဟဲ .. ဟဲ .. ငါ့ရဲ့ ဘက်ချလာ
နိုက် .."



www.burmeseclassic.com

www.burmeseclassic.com



"ရှင် လုပ်ရက်လှချေလား .."

ရိုက်သံတွေ ကြားနေရသည်။ ညစဉ်ရက်ဆက် ဖြစ်နေခဲ့၏။

"ရှင် ဘယ်ကိုလဲ .. သန်းခေါင်ကျော်နေပြီ .."

"ခုမှ ဆယ့်နှစ်နာရီတောင် မထိုးသေးဘူး .."

"ဘာလဲ .. ဒါလည်း ဘက်ချလာနိုက်ပဲလား .."

"ဟုတ်တယ် .. ငါ့ရဲ့ ဘက်ချလာနိုက်များစွာကို မင်းဆီက မင်းကို အသိပေးပြီးမှ ဖြတ်သန်းနေတာ နော် .. သူတို့ကလည်း စောင့်နေကြတာလေ .. ဟား .. ဟား .. ဟား ..."

ဖေဖေ့ကို မုန်းသည် ..၊ ပြီးတော့ ထိုရယ်သံကြီးကို ခါးသီးလာ၏။ ပြီးတော့ ငိုသံတွေကြောင့် ညစဉ် လောင်မြိုက်နေခဲ့သည်။ ပြီးတော့

"ရှင်က ဒေါ်ဒြမြမင်း ဆိုတာလား .."

"မင်း!... မင်း ရဲတင်းလှချေလား .. ထွက်သွား .. ခု ထွက်သွား.."

"ကျွန်မက အစ်ကိုကြီး တရားဝင်လက်ထပ်ထားတဲ့ ဇနီး .."

"မင်း ဘာလုပ်တာလဲ .."

"ခစ် .. ခစ် .. ခစ် .. ရှင် ဘာမှ မတတ်နိုင်ပါဘူး .. ဘယ်သူ့အားကိုးချင်သေးလို့လဲ .."

"ဟင့်အင်း .. သွားကြ .. သွား .."

"ဒုန်း .."

"အား!..."

"ဝုန်း .."

"မေမေ!..."





အခန်း (၂)

ကျောနပ်အားရခြင်းဖြင့် လက်ခုပ်သံတွေ သောသောညံသွားသည်။ ... ဧည့်ခန်းတစ်ခုလုံး၏ အာရုံတွေက စတေ့ချ်ပေါ်မှာ စုပြုံနေပေမယ့် အလွှာ စိတ်တွေကတော့ စတေ့ချ်ရဲ့နောက်ကွယ်က အခန်းထဲဆီသို့သာ ရောက်နေခဲ့လျက် ...

"ညီမလေး အလှည့် မဟုတ်သေးပါလား .."

နောက်တစ်ယောက် စင်ပေါ်တက်လာတော့လည်း ညီမလေး ... လက်က နာရီကို ငုံ့ကြည့်လိုက်တော့ ညကိုးနာရီ ထိုးနေပြီဖြစ်သည်။

ထောင့်ကွယ်လေးမှာရှိသည့် ကက်စတန်မာတွေအတွက် စားပွဲ ... သော ချောင်ကျကျလေးမှာ ဆွဲခြင်းလေးနှင့် မှိုးစိုထားသည့် ထိုးစားပွဲမှာ ထောင်လျက် သူမ ထိုင်စောင့်နေခဲ့တာ နာရီဝက်ကျော်ပြီဖြစ်၏။

နောက်ကို လိုက်ဝင်သွားရင်လည်း ညီမလေးက မကြိုက် ..၊

www.burmeseclassic.com



"ဘာဘာ တို့က မိန်းကလေးတွေ စုပြီး ကိုယ့်အတွင်းရေး .. သူ့ အတွင်းရေးတွေ ထင်သလို ပြောနေကြတာ .. မမက ဝင်လာလိုက်ရင် ဟိုကြည့်ပြုံးပြ .. ဒီကြည့် ပြုံးပြနဲ့ သူတို့က မမကို ခေါ်ချင်တာ မဟုတ်ဘူး" တဲ့ ...၊

ကိုယ်ကတော့ ကိုယ့်ညီမလေးရဲ့သူငယ်ချင်းတွေ ဆိုပြီးတော့ပါ..၊ မိန်းကလေးတွေ ပြင်ဆင်နေကြသည့် အခန်းထဲကို မိန်းကလေး ဝင်သွားမိတာ မသင့်တော်စရာ မဖြစ်ဘူးလို့လည်း ထင်မိသည်။

ဒါပေမယ့် ဘယ်သူကမှ မကြိုက်ကြဘူးဆိုတာ သူမတို့လေးတွေရဲ့ အကြည့်စိမ်းတွေက သက်သေမို့ ညီမလေးကို တွေ့ဖို့အတွက် ဒီ စားပွဲဟောင်းလေးမှာ စောင့်ရခြင်းက သတ်မှတ်နေရာလေး ဖြစ်သွားခဲ့၏။

"ဒီမှာ ထိုင်လို့ ရမလား .."

"ရှင်!..."

လည်ပင်းလေး ရှည်ပြီး ဟိုဒီမျှော်ငေးနေတုန်း ကိုယ့်နားကအသံကြောင့် သူမ လှည့်ကြည့်မိ၏။ အရပ်မြင့်မြင့် ကြံ့ခိုင်သည့်ပုံစံနှင့် ရောင်နီ မီးတချို့ ဖြတ်သန်းနေသော မျက်နှာမှာ ဖြူစင်နေခြင်းက မပြောင်းလဲဘဲ ထင်းနေ၏။

ပြီးတော့ တစ်ကိုယ်လုံး နက်မှောင်နေသည့်ပြင် လက်တစ်ဖက်မှာ လက်အိတ်နဲ့တူသော လက်ပတ်အနက်ကို တပ်ထားကာ လက်ချောင်း ထိပ်လေးတွေပဲ ပေါ်၏။

တော်တော်ကြည့်ကောင်းသော ယောကျ်ားတစ်ယောက်အဖြစ် ဖျတ်ခနဲ ကြည့်လိုက်မိတာနဲ့ သိလိုက်ပြီးသည့်နောက် ...

"ထိုင်ချင် ထိုင်ပါ .. ဒါ ကျွန်မ ပိုင်တဲ့ နေရာမှ မဟုတ်တာ .."

မကြည့်ဘဲ ပြောပြီး မျက်နှာလွှဲလိုက်၏။ ပြီးတော့ ခုံဆွဲထိုင်လိုက်သည့် သူ့ထံမှ ရှားပါးသော မွှေးရနံ့တစ်ချက် နှာခေါင်းထဲ ဝင်လာသည်





သူက ဘာမှ ထပ်မပြောတော့သလို ကိုယ်လည်း ဒီမှာ ဆက်ထိုင်မနေသင့်တော့မှန်း သိလာသည်။

ဒီလူ ဘယ်လိုလူလဲ ...၊

ဆိုင်ကိုလာတဲ့ ကက်စတန်မာဆိုလည်း စားသောက်ခန်းအလယ်က စားပွဲတွေမှာ သွားထိုင်ပါလား ...၊

ပုံစံက တကယ့် ဟိုက်ဆော့စ်ပုံစံနှင့် တမင် ချောင်ရှာပြီး လာထိုင်တာမျိုး ဘာလုပ်တာလဲ ...၊

စိတ်ထဲမှာ ညီမလေးကို မျှော်နေသည့်အတွေးကနေ ကိုယ့်နားနီးကပ်လာသည့် အန္တရာယ်ကို တွေးပူရခြင်းအလုပ်တစ်ခု ထပ်တိုးလာ၏။

"မမက ဆိုင်ကို လာထိုင်ရင်လည်း နည်းနည်းပါးပါး အလန်းစားလေး ခင်းလာစမ်းပါ မမရာ .. မလန်းတဲ့အပြင် တစ်နေကုန် ပြေးလွှား ရှာဖွေနေရတာ သေလုမြောပါး ကွဲကြေလာတဲ့ဒီဇိုင်းနဲ့.. တကယ့် အဝတ်စားကြီးက မမ တစ်ကိုယ်လုံးမှာ ထင်းနေတာပဲ .." တဲ့ ...၊

ကိုယ့်ကိုယ်ကိုယ် ဘယ်လောက်ထိ စုတ်ပြတ် နွမ်းဖတ်နေသလဲဆိုတာ တွေးမိလာပြန်သည်။ ထိုအခါ ဟန်မဆောင်နိုင်စွာပဲ ကိုယ့်ကိုယ်ကိုယ် ပြန်ငုံ့ကြည့်မိ၏။

လှနေချင်လို့တော့ မဟုတ်ပေ ...၊ ကိုယ့်ပုံစံ အရမ်း စုတ်ပြတ်နေလို့ များ ချမ်းသာတဲ့လူတွေက အထင်မြင်သေးပြီး ချဉ်းကပ်ဖို့ ကြိုးစားတာလား ...၊

မတန်မရာ ကိုယ့်ဆီသား ရောက်လာတဲ့လူကြောင့် အလွှာ စိတ်တွေမငြိမ်မသက် ဖြစ်ကုန်လေသည်။

ထို့ပြင် သူမ ချုပ်ထည်တွေ အပ်သည့်ဆိုင်က သူငယ်ချင်း စန္ဒာကလည်း ပြောဖူး၏။

"စားသောက်ဆိုင်မှာ သီချင်းဆိုတာ မကောင်းဘူး အစ္စာ .. မိန်း



www.burmeseclassic.com

www.burmeseclassic.com



ကလေးတွေ ဘယ်လို မတူညီကြဘူး ပြောပြော … ဒီနေရာ ရောက်သွားရင် ဒါမျိုးပဲ ထင်ကြတာ… နင့်ညီမကို သီချင်း မဆိုနိုင်းပါနဲ့ဟာ… သူ့ကို စိတ်ပူလို့ မဟုတ်ဘူး … နင်က လမ်းကြုံတိုင်း ဝင်ကြို … ညဥ့်နက်ပြီထင်တာနဲ့ လိုက်သွား … နင့်မှာပါ အန္တရာယ်ရှိတယ် နော် …" တဲ့ …။

ဒါတွေကိုပါ သတိရလာသည်။ ကိုယ့်ညီမက ဒါတွေ လုပ်နေကာမှ ကိုယ်က လိပ်လို ခေါင်းလျှိုပြီး ဘယ်လိုနေရမလဲ …။

"ခု အလှည့်ကျသူကတော့ မြေကမ္ဘာ ဖြစ်ပါတယ် ရှင် …"

ကြေညာသံ ထွက်လာသဖြင့် အတွေးတွေ အားလုံး ရပ်တန့်ကုန်သည်။ အလွှာ့ လည်ပင်းလေး ရှည်ထွက်သွားကာ ခါးလေးပါ ဆန့်ထွက်လာသလိုပင် …။

စင်ပေါ်တက်လာတာ အနီရဲရဲဝတ်စုံနှင့် ပခုံးလောက် ဆံပင်အလိပ်လေးတွေမှာ တလက်လက် ငွေမှုန်လေးတွေ ကြဲထားသေးသည်။

ပြီးတော့ ပန်းနုရောင် ရဲနေအောင် ဖြူသည့် အသားရောင်က လက်တစ်လုံးကြီး လျှော့ရိလျှော့ရဲ တစ်ဆက်တည်း ပေါင်တိုကိုယ်ကျပ်လေးကြောင့် အသားစိုင်တွေ အားလုံးက မီးရောင်အောက်မှာ ရင်သပ်ရှုမောဖြစ်နေ၏။

အပေါ်ထပ် အပါးသားရှပ်အင်္ကျီရှည်ကို ဝတ်ထားပေမယ့် ညာဘက်ပခုံးကို တမင်ပေါ်အောင် ဖြုတ်ချထားသဖြင့် ကိုယ့်အိမ်ထဲမှာ စိတ်လွတ်ကိုယ်လွတ် နေထိုင်တာမျိုး ဖရိုဖရဲပုံစံလေး ဖြစ်၏။

ပြောရလျှင် သူမပုံစံလေးက ပုရိသတို့၏ စကားသံ လှုပ်ရှားမှုအားလုံးတို့ကို တခဏ တိတ်ကျသွားစေခဲ့ပြီး …

"တော်တော်ကို ကျင့်ထားရတဲ့ပုံပဲ …"

ဟင်!…

သူမဘေးကနေ အသံထွက်လာတာ ဖြစ်သည်။ ကိုယ့်ညီမကို ပြောလိုက်တာမို့ ဖျတ်ခနဲ လှည့်ကြည့်မိသည်။





ဒါပေမယ့် သူက ကိုယ့်ညီမမှန်း သိတာ မဟုတ် …။

ပြီးတော့ ဘာဘာ ဆိုသည့် ဂျေလို ရဲ့ သီချင်းက မြူးသလောက် ကကွက်တွေကအစ တစ်ထပ်တည်းတူအောင် ကနိုင်သည်။ ဒီ ကကွက်တွေကို ဗွီစီဒီဖွင့်ပြီး လိုက်ကျင့်နေတာ တွေ့သည်။

ဒါပေမယ့် ညီမလေး ဒီလောက်ထိ တော်လိမ့်မယ်လို့ မထင်ခဲ့ပေ…။

စင်ပေါ်တက်လာတော့ ဝတ်စားထားတဲ့ပုံစံ ရိုင်းနေသဖြင့် စိတ်မကောင်း ဖြစ်နေတာတွေလည်း ညီမလေးရဲ့သီချင်းနဲ့ ကကွက်တွေမှာ မျောပါသွားခဲ့၏။

"…. ရမ်း မိုက်တယ်ကွ …"

"လှလည်း လှတယ်ကွာ …"

"အဲ့ဒီတစ်ယောက် မင်း သိလား …"

"ဘာလို့ မသိရမှာလဲ … ဒီဆိုင်မှာ နာမည်ကြီးပဲ …"

"ဘာ နာမည်ကြီးတာလဲ …"

"သီချင်းရင် နောက်တစ်နာရီလောက်ဆို နောက်ပေါက်က မင်း သွားစောင့် …"

"အဲ့လောက် လွယ်လို့လား …"

"မလွယ်တာကို ပြောချင်တာလေ … သူက ငါတို့လို ပမွှားတွေကို နိုးပဲ …"

ဘုရား!… ဘုရား …။

အနီရောင် ကန့်လန့်ကာစကြီးရဲ့ တစ်ဖက်ကနေ ပြောနေကြတဲ့ အသံတွေ …။

မဟုတ်တာတွေ သင်းတို့မို့ ပြောရက်သည် …။ ညီမလေးက ဝမ်းရေးအတွက် လုပ်နေရတာပါ …။ ဒီလို မိန်းကလေးမျိုး မဟုတ်ဘူး…။

ကန့်လန့်ကာကို ဖိဆုပ်ကိုင်မိကာ ဒေါသရော ရှက်တာပါ ပုံပြုခံစားနေမိသည်။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို မတွေ့ကြဘူး ပြောပြော .. အဲဒီနေရာ ရောက်သွားရင် ဒါမျိုးပဲ ထင်ကြတာ .."

စန္ဒာ့ စကားတွေကို ပြန်ကြားမိပြန်၏။ ခုတော့ လက်တွေ့ပါပဲ..။

ညီမလေးကို ဒါ မလုပ်ဖို့ ပြောတိုင်းလည်း သူမသည်သာ လိုအပ်ချက်များနှင့် အစ်မကြီးတစ်ယောက်အဖြစ် ထပ်ဆင့် ဇော်ကားခံခဲ့ရသည်။

"မမ ခါးချိအောင် ရှာနေတာတောင် .. နေ့စဉ် လက်ဖက်သုပ်နဲ့ ပဲပြုတ်သုပ်ပဲ စားနေရတာ .. မမပဲ အဲဒီလို နေပါ .. ဘာဘာ မနေနိုင်ဘူး .. စားလည်း မစားနိုင်ဘူး ..၊ လူရယ်လို့ ဖြစ်လာကာမှ ကိုယ့်ထက်သာတဲ့လူတွေ ရှိနေတာကို ဒီတိုင်း ကျေနပ်ရောင့်ရဲပြီး ကြည့်နေရမှာလား .. ကိုယ်လည်း သူတို့လို ဘာဖြစ်လို့ မဖြစ်နိုင်ရမှာလဲ .." တဲ့ ..၊

သီချင်း ပြီးသွားတော့ ကျန်ခဲ့သည့် လက်ခုပ်သံတွေက နားကွဲမတတ်ပင် ..၊

စင်ပေါ်ကနေ လက်နှစ်ဖက်မြှောက်ပြီး စင်ရဲ့ ထောင့်တွေ စုံအောင်သွားရပ် နှုတ်ဆက်နေတာလည်း မပြီးနိုင် ..၊

ကိုယ့်ညီမကို ကြည့်၍ သူမ တစ်ခုကို နားလည်လာမိ၏။

ညီမလေးဟာ တခြားမိန်းကလေးတွေလို ဝမ်းရေးအတွက်သက်သက် မဟုတ်ဘဲ ဒီလိုနေရခြင်းကို နှစ်သက် ကျေနပ်နေခဲ့သည်လား..၊

"တီ .. တီ .. တီ .. တင်း .. တင် .."

ဟင်!...

ထူးခြားသည့် မြည်သံတစ်ခုကြောင့် အလွှာ မျက်လုံးတွေ မြည်သံဆီ ရောက်သွားသည်။

ဟိုလူ ဘယ်ရောက်သွားလို့လဲ ..၊

ထထွက်သွားတာကို မသိလိုက်ပေ ..၊ ဒါပေမယ့် ဖုန်းက မြည်သံပေး၍ ကိုင်မယ့်သူကို ခေါ်နေလေသည်။





သူမ ဟိုဒီ လိုက်ကြည့်ပေမယ့် ထိုသူကို မမြင်တော့ပါ ..၊ ဘာမှ ..ားသောက်ဘဲ လာထိုင်နေ၏။ ပြီးတော့ ဖုန်းကျန်ခဲ့သည်။

ဒါ ကျန်ခဲ့တာမှ ဟုတ်ရဲ့လား ..၊ သူမ ဒါကို ယူပြီး သူ့ကို လိုက်..ပေးရမလား ..၊

သူ ထသွားတာ ကိုယ် မသိလိုက်ပေမယ့် သူမ သတိမထားမိလိုက်..အချိန်အားဖြင့် ဒီဆိုင်ထဲ ဒါမှမဟုတ် ဆိုင်နားပတ်ဝန်းကျင်မှာပဲ ရှိဦး..ပါ ..၊

ဒါပေမယ့် သူမ ဖုန်းဆီက အကြည့်ကို ခွာလိုက်သည်။ ဒါ ကိုယ့်..မှ မဟုတ်ဘဲ ..၊

ဆွဲခြင်းလေးကို ကောက်ကိုင်၍ ထီးခြောက်ပြီလား ကိုင်ကြည့်လိုက်..။ အပြင်မှာ မိုးသံလည်း မကြားရတော့သဖြင့် ထီးကို သေချာ..ကြည့်မနေတော့ဘဲ ဆွဲခြင်းထဲ ဘေးက ကပ်ထည့်လိုက်သည်။

"မိုးထဲရေထဲတောင် မမက ဘာလို့ လာကြိုနေတာလဲ .."

ထုံးစံအတိုင်း ညီအစ်မ မျက်နှာချင်းဆိုင်မိတာနှင့် ဘာဘာ က ..စွာ ကြိုဆိုခဲ့၏။ ပြီးတော့ စုပ်လုံးကို ဘယ်ဘက်ပါးစောင်ကနေ ..ဘက် ပြောင်းပြီး မဲ့ရွဲ့နေကာ ...

"နင်တို့ သွားကြတော့ .. ငါ မလိုက်တော့ဘူး .."

"အေးပါ .. သွားပြီ .."

"ဟဲ့ .. ကားက ဆုံ့ပါ့မလား .."

"စုပါကာစတန်ပဲ .. ဆုံ့မှာပါ .. ဟိုမှာ စောင့်နေပြီ .. သွားမယ်.."

သီချင်းဆိုကြတဲ့ ဒီနိုင်းတွေနဲ့ပဲ အပေါ်ထပ်လေးတွေပဲ ပိုကာ..လေးတွေ ခိုးခိုးခစ်ခစ် ရယ်နေကြ၏။

သူတို့ကို အလွှာ လိုက်ကြည့်နေပြီး ...

"ဒီအချိန်ကြီးကျမှ မပြန်ကြသေးဘဲ ဘယ်သွားမလို့ ချိန်းနေကြ..ထဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ပြောပြန်ရင်လည်း မမ ကဲ့ရဲ့ဦးမှာမို့လား .. တိုလိုဒီလိုတွေ ထင်မနေနဲ့ .. ကာရာအိုကေ သွားဆိုကြမလို့ .."

"ဒီမှာ ဆိုပြီးတာတောင် .."

"ခု ဖျော်ဖြေရမှာလေ .. ဒီလို ပရိသတ်ကြီးကို မဟုတ်ဘူး .. မမ ဘာမှ မသိပါဘူး .. မမကြောင့် ဘာဘာ လက်လွှတ်ခဲ့ရတဲ့ အခွင့်အရေးတွေ မနည်းတော့ဘူး သိလား .. နောက်ဆိုရင်တော့ နားမထောင်တော့ဘူး .. ဒီက ပြန်ခံပြောပြီဆိုမှ လူတွေရှေ့မှာ အရှက်ခွဲတယ် ဘာညာ မလာနဲ့ .."

"ဘာဘာ ရယ် .."

"တော်ပါတော့ .. ပင်ပန်းနေပြီ .. တက္ကစီ ခေါ်ပေး .."

"တို့ လိုက်ပို့မယ်လေ .."

ဘယ်လို အနားရောက်လာတာလဲ ..၊

ဆောင်းဘီရှည် ဆံပင်ရှည် ဖြူစုတ်စုတ်နှင့် နှစ်ယောက် ..၊

ဂျင်းဂျက်ကက်ရင်ခွဲနှင့် ပြူးပြဲဝင်းလက်နေသည့် ဆွဲကြိုးကြီးက ပလက်တီနမ်မှန်း သိသာအောင် မှောင်လှဲ့ ဝင်းပြောင်နေသည်။

ပြီးတော့ မေးဆတ်ပြသည့် ကားက အကောင်းစား ..၊

"လုပ်ပါ .. မိတ်ဖြစ် ဆွေဖြစ်ပဲ .. ပို့ပေးပြီး ပြန်မယ် .."

"ပို့ပေးချင်ရင် ရေဆေးသွားမယ့်လူကို ရှာလေကွာ .. တို့က အိမ်ပဲ ပြန်မှာ .."

ဘာဘာ က တည့်တည့်ပြန်ကြည့်ပြီး လက်ဖဝါးနှစ်ဖက် ဖြန့် .. ပခုံးတွန့်၏။

အလွှာ စိုးရိမ်တကြီး ငေးကြည့်နေမိသည်။

ရမ်းကားကြမည့်လူတွေ လာပြီဆိုပြီး သူမ ထိတ်လန့် တုန်လှုပ်သွားမိသမျှ ဘာဘာ က အေးဆေး ..၊

"ဒါဆို ခုပဲ ချိတ်ရအောင် .. ကိုယ်က စိုင်းမင်းသား .."





"ဆောရီးပ .. စိတ်မဝင်စားဘူး .. တက္ကစီ .."

သူမဘာသာ ဘောက်ဆတ်ဆတ် လျှောက်ထွက်သွားပြီး လမ်းဘေးကနေ တက္ကစီ ခေါ်၏။ ဒီအချိန်အတွက် သီးသန့်စောင့်နေကြသည့် ဘက္ကစီတွေကလည်း ရှိနေရာ သူမတို့ တက္ကစီပေါ် ချောမောစွာ ရောက်ကြလေသည်။

"ဘာလို့ ပြန်လှည့်ကြည့်နေတာလဲ .. မမကို ကားပေါ်ကနေ လိုက်ဆွဲချလိမ့်မယ် .."

"ဟင်!..."

ကားပေါ်ကနေ သမင်လည်ပြန် လှည့်ကြည့်မိသည့် အလွှာ မျက်နှာလေး ရှေ့ကို အော်တိုမစ်တစ် ပြန်လှည့်လာ၏။

စုပ်လုံးလေး တလှုပ်လှုပ်နှင့် ဘာဘာ က မျက်တောင်ဖျားလေး ခင်းကြည့်ပြီး မဲ့ကာ ...

"မမပုံစံ မလည်မဝယ် စုတ်စုတ်ပြတ်ပြတ်နဲ့ နေရာတကာ ရှေ့ကမထွက်ချင်စမ်းပါနဲ့.. ခု တွေ့ပြီမို့လား .. ဘာဘာ ကိုယ့်အန္တရာယ် ကိုယ်ကာကွယ်ရတာပဲ .. နောက် လာမကြိုနဲ့တော့ .."

ဘာဘာ က ပြောပြီဆို ငါ့အစ်မ ဆိုသည့် မျက်နှာကိုလည်း မထောက် ..၊

ခုလိုမျိုး သူမကို ရာထူးချခံခဲ့ရတာလည်း အကြိမ်ကြိမ်ပါ ..၊

ဒါပေမယ့် သူမကတော့ ..၊



www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

"ဟင်!... အောင်ကောင်း .. လာလေ .. မလာစဖူး .."

"မလာစဖူးတော့ မဟုတ်ပါဘူးဟာ .. နင်ကသာ မလာတာ .. ငါကတော့ မကြာခဏ ရောက်ပါတယ် .."

အောင်ကောင်း က အလွှာ ရဲ့ စက်ချုပ်ခန်းလေးထဲ ဝင်လာပြီး ခေါက်ခုံလေးမှာ ထိုင်လိုက်သည်။

"နင့်ဆိုင်လေးတောင် တော်တော် ကျယ်သွားတယ်နော် .. စက် အလုံးတွေလည်း တိုးလာတယ် .. ဘာလဲ အလုပ်သမားတွေ ဘာတွေ ခေါ်ထားရပြီလား .."

"မခေါ်ပါဘူးဟာ .. အလုပ်သမားစာ ထုတ်မယ့်အစား ကိုယ့် အတွက် ပိုအောင်ပဲ လုံးပမ်းနေရတာ .."

"ကိုယ့်အတွက် ပိုတာ မဟုတ်ဘူး အလွှာ .. အဲ့ဒါ နင် အသက်တို မှာ .. လူတစ်ယောက်က ဒီလောက်ထိ ပင်ပင်ပန်းပန်း ရုန်း(န်)နေရရင် ဘယ်လောက် နေနိုင်မှာလဲ .."





"မတက်နိုင်ဘူး .."

"ဟွန်း .."

အောင်ကောင်း က ဆိုင်ထဲကို လှည့်ပတ်ကြည့်ရင်း ညည်းတွားနေသည်။ အလွှာ တို့က ဘဝအခြေခံကိုက နိမ့်ပါးခဲ့တာ ဖြစ်သည်။

မိဘတွေက ကလေးတွေ ငယ်ငယ်နဲ့ ကွဲကြကွာကြ ဖြစ်ကုန်ကြတာ အမေဖြစ်သူကလည်း စောစီးစွာ ဆုံးပါးခဲ့သည်။ အဖေကလည်း ဘယ်ရောက်နေမှန်း မသိ ...၊ ဆက်သွယ်လာတာလည်း မရှိ ...။

သူမတို့ကို အဒေါ်ဖြစ်သူကပဲ ကြည့်ရှု စောင့်ရှောက်လာခဲ့တာဖြစ်၏။ အရွယ်လေးတွေ ရောက်လာတော့ သူမတို့ရဲ့ ပညာရေး စားဝတ်နေရေးအတွက် ခြံတစ်ဝက်ကို ရောင်းခဲ့ရသည်။

ဒါပေမယ့် အလွှာ ကတော့ ညီမကိုပဲ ဒေးတက်နိုင်းပြီး သူမကတော့ အဝေးသင်နဲ့ပဲ ကျောင်းပြီးခဲ့ရရှာသည်။

ဒါဆို အဒေါ်ဖြစ်သူကလည်း ပန်းနာရင်ကျပ်သည် ဖြစ်လျက် ...၊ အဒေါ့် ဆေးဖိုးဝါးခအတွက်ပါ အလွှာ ကပဲ ဒိုင်ခံ ရှာနေရ၏။

ဒါတွေကို သူမနဲ့ သူ ကျူရှင်မှာ ဆုံကြရင်း သိခွင့်ရခဲ့တာပါ ...၊ ကျောင်းတွေပြီးကြတည်းက သူက ဒုရဲအုပ်သင်တန်း တက်ခဲ့သည်။

အလွှာ ကတော့ စက်ချုပ်ပညာလေး တတ်ထားသဖြင့် စက်တစ်လုံးနဲ့ ဖုတ်လိုက် ဖုတ်လိုက် ...၊

"အလွှာ .."

"ဟင် .."

"ဘယ်ကိုလဲ .."

"နင့်အတွက် လက်ဖက်သွားသုပ်လိုက်မယ်လေ .. အေးဆေး စကားပြောရအောင် .."

"လုပ်မနေပါနဲ့ဟာ .. အေးဆေး စကားပြောဖို့အချိန်တွေ လက်ဖက်သုပ်နေရတဲ့အချိန်ထဲက ပြန်နုတ်နေရပါ့မယ် .. ဒီမှာ ထိုင် .. ငါ



www.burmeseclassic.com

www.burmeseclassic.com



ခုပဲ ကျောင်းထဲက ကန်တင်းက ထလာတာ ..”

အလ္လာ က သက်ပြင်းလေးချပြီး စက်ရဲ့ဘေးမှာပဲ အောင်ကောင်းလို ခုံလေး ဆွဲထိုင်၏။

အကျိုးလာအပ်တဲ့လူတွေအတွက် ညှိခန်းလေးရှိပေမယ့် အောင်ကောင်း ရောက်လာတိုင်း သူမက စက်ချုပ်နေရင်းကပဲ စကားပြောရတာမို့ ဒီနေရာမှာပဲ ထိုင်ဖြစ်ကြတာ အကျင့်ဖြစ်နေခဲ့၏။

“အလ္လာ .. နင် ယောက်ျားယူလိုက်ပါလား ..”

“ဩော် .. ဩော် ... နင် အဲ့ဒါပြောဖို့ လာတာလား ..၊ သူငယ်ချင်းကောင်းပဲ ..”

“ဟုတ်တယ် .. သူငယ်ချင်းကောင်း ပီသစွာ အကြံပေးတာပဲ - နင့်ညီမကိုလည်း နင် မနိုင်ဘူး .. ပြီးတော့ သူ့ဝမ်း သူကျောင်းနိုင်နေကာမှ နင် ပိုပြီးတော့တောင် ပြောမရ ဆိုမရ ဖြစ်လာဦးမယ် ..”

ဒါကတော့ သွေးထွက်အောင် မှန်ပါ၏။

အရိုက်ထိသွားသဖြင့် အလ္လာ စကားသံလေး တိတ်သွားသည်။

“နင်တို့မှာ ဒီလောက်ထိလည်း ပြူးပြဲရှာနေစရာ မလိုပါဘူးဟာ- သူများတွေဆို အိမ်ငှားနဲ့ နေရတာ .. အလုပ်အကိုင် မရင်းနှီးနိုင်လို့ သူများ လခစားတွေ လုပ်ကြတာတွေလည်း အများကြီးပဲ .. နင်တို့မှာ အိမ်နဲ့ ယာနဲ့ ကိုယ်ပိုင်အလုပ်အကိုင်နဲ့ ..”

“အောင်ကောင်း ရယ် .. ငါ အဲ့ဒီလို ကုပ်ခြစ်စုလို့လည်း ငါ့စီးပွားအတွက် လိုအပ်တဲ့ပစ္စည်းတွေကို ခုလို ပြည့်စုံအောင် ထူထောင်နိုင်တာပေါ့ .. ဘာဘာ့ ကို ငါ စည်းရုံးနေတာ ..”

“ဘာအတွက်လဲ ..”

“သူ သီချင်းမဆိုတော့အောင်ပေါ့ ..”

“ဟွန်း ..”

အောင်ကောင်း က မဲ့ပြီး စီးကရက် ထုတ်၍ မီးညှိသည်။





“ဟဲ့ .. ယောက်ျားကြီးအထာနဲ့ ငါ့ရှေ့မှာ ပဲများပြမနေနဲ့ .. စီးကရက်နံ့ ငါ လုံးဝ မခံနိုင်ဘူး ..”

“မခံနိုင်လည်း သောက်ရမှာပဲ.. ဟိုမှာ စားသောက်လာတာ ခံတွင်းချဉ်နေပြီ ..”

ဖွတ် မီးညှိတော့ အလ္လာ က ခုံရွှေ့ထိုင်ကာ ...

“ခွေးကောင်.. အဲ့ဒါတွေကြောင့် နင့်ရည်းစားတွေက နင့်ကို ထားသွားတာ ..”

“ဘာမှမဆိုင်ဘူး .. စီးကရက်နံ့လေးကို စွဲနေပြီဆိုတဲ့ ကောင်မလေးတွေတောင် ရှိသေးတယ် ..”

“ကြွားမနေနဲ့ ..”

“တကယ် ပြောတာ ..”

“ဘာပဲဖြစ်ဖြစ် နင့်ရည်းစားက ဒါကို မကြိုက်ဘူးဆိုရင်တော့ နင် ဖြတ်မှာပဲမို့လား ..”

“ဟုတ်ရင် ဟုတ်မှာပေါ့.. ဒါပေမယ့် နင်က ငါ့ရည်းစားမှ မဟုတ်တာ ..”

“ဟုတ်လည်း မဟုတ်ချင်ပါဘူး .. ပြောလည်း မပြောတော့ဘူး.. ကြိုက်သလောက် သောက် .. ဖင်က မီးခိုးထွက်အောင် သောက်ရင်တောင်ပါ ချလိုက်ဦးမယ် ..”

“ဟာ.. တကယ်လား.. ကျင့်ဦးမှာပဲ.. ဖင်က မီးခိုးထွက်နိုင်အောင်..”

“ခွေးစုတ်ကောင် ..”

အောင်ကောင်း ရယ်နေတာ တော်တော်နဲ့ အတောမသတ်ပေ ..၊ ဒါပေမယ့် ညှိထားပြီးသည့် စီးကရက်မီးကိုတော့ ပြန်ငြိမ်းပစ်ရှာပါ၏။

“ခင်လွန်းလို့ အလိုလိုက်တာ နော် .. ဒီတစ်ခါပဲ ..”

“အဟွန်း ..”

ဒါကျတော့ အလ္လာ က ရယ်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အိုးဘီးတို့ နေကောင်းကြလား .."
"ကောင်းပါတယ် .."
"ဟင် .. ခြေပုံက .."
"တစ်ခြိုးစီ ဖြစ်နေတဲ့ဟာ ဘာမှမဖြစ်လို့ ဘာမှ မကြားရတာပေါ့.. နှင့်လို ငါက အပူကောင် မဟုတ်ဘူး .."
"အောင်ကောင်း ရယ် .. အကြီးဆုံးချင်း တူပေမယ့် နင်က ယောက်ျားလေးကိုး .. ပြီးတော့ နှင့်အိမ်မှာ မိဘတွေက စီးပွားရေး လက်ငုတ်လက်ရင်းနဲ့ ပြည့်ပြည့်စုံစုံ .."
"လျှောက်ပြော မနေနဲ့ .. နင်ကတော့ အိုဗာချည်းပဲ .."
"ဘာသာ မလိမ္မာဘူးဆိုတာ နင်လည်း သိတာပဲ .."
"သိလို့ တားနေတာလေ .. ငယ်ငယ်တည်းက မိုက်မဲခဲ့တာ .. ခုဆို သူ့ဝင်ငွေက နှင့်ထက် ပိုကောင်းသေးတယ် ..၊ ဘာလဲ .. နင်ကများ သူ့ကို စည်းရုံးဦးမယ် ဟုတ်လား .."
"လောဘ နည်းနည်းလျှော့ဖို့ပါ .. ညီမလေးက သိပ်ချမ်းသာချင်တာ .."
"မိန်းကလေးတွေ အဲဒီလို လော်မာလာရင် ပျက်စီးဖို့လမ်းစ ဖြစ်လာတာပဲ .. ငွေရှိဟဲ့ သူဌေးတွေကလည်း ကတွက်ပေါက်ဝက ဗျိုင်းတွေလိုပဲ ..၊ ဒါမျိုးတွေ ပေါများလာတာ .. မိန်းကလေးတွေကြောင့်လား.. အိမ်ထောင်ရေး ဖောက်ပြန်ဖို့ ဝန်မလေးကြတဲ့ ဘဲကြီးတွေကြောင့်လား.. ဘာကို လက်ညှိုးထိုး အပြစ်တင်ရမှန်းကို မသိတော့ဘူး .."
"ငါးစာအောက်မှာ ငါးမျှားချိတ် ရှိနေတာကို သိလျက်နဲ့ အစာ [illegible] ဝင်ဟပ်နေကြတာ ငါးတွေပဲလေ .."
"အေး .. နှင့်စိတ် နှင့်ပုံစံနဲ့ ခြေကမ္ဘာ စရိုက်က ပြဒါးတစ်လမ်း [illegible]တစ်လမ်း .. သူနဲ့ နင် တစ်နေ့နေ့မှာ ပဋိပက္ခ အကြီးကြီး ဖြစ်လာ [illegible]မိမယ် .. ငါ ပြောရဲတယ် .."





အလွှာ မျက်နှာလေးက အပြစ်ကြောက်ပေမယ့် နောက်ပြန်မဆုတ် [illegible]သကဲ့သို့ ..၊
"ငါ အခုလာတာ နှင့်ကို သတိပေးဖို့ ရှိလို့ .."
"ဟင်!... ငါ့ကို .."
"ဟုတ်တယ် .. ခြေကမ္ဘာ ကြောင့်ပဲ .."
"ဘယ်လို!.."
အောင်ကောင်း က မျက်နှာလွှဲ၍ ပင့်သက်ရှည်ကြီး ချသည်။ ပြီးမှ [illegible]လှည့်ကြည့်ကာ ...
"နှင့်ညီမ ငါးစာ အကြီးကြီးနောက်ကို လိုက်နေတယ် .."
"ဟင်!..."
"ဒီဘဲက မာနကြီးတယ် .. သူက ဘယ်သူ့ကိုမှ ကြိုးစားခဲ့တာ [illegible]ဘဲ သူ့ကို ချဉ်းကပ်ဖို့အတွက်ပဲ မိန်းကလေးတွေက ကြိုးစားနေကြ[illegible] .."
"ဟင် .. ဘာဖြစ်လို့လဲ .. သူက သေလောက်အောင် ချောနေလို့[illegible] .."
"ဟုတ်တယ် .."
ရွဲ့မေးတာကို ရွဲ့ဖြေလိုက်တာလား ..၊
အလွှာ က အောင်ကောင်း မျက်နှာကို သေချာကြည့်၍ ထပ်ပြော[illegible]မှာကို စောင့်နေခဲ့၏။
"ချောလည်း ချောတယ် .. အရမ်းလည်း ချမ်းသာတယ် .. အသက်[illegible]ည်း သိပ်မကြီးဘူး .. မသကာ ငါတို့ထက် ပိုကြီးရင် သုံးလေးနှစ်ပဲ.."
"နင်က သူ့အကြောင်း ဘာလို့ ဒီလောက် သိနေတာလဲ .."
အောင်ကောင်း က တုံးလိုက်တာ ဆိုသည့်အကြည့်နှင့် သူမကို [illegible]တ်ကြည့်၍ ..
"ဒီ့ထက် အများကြီး ပိုသိသေးတယ် ဆရာမ .. အဲဒီဘဲကလည်း



www.burmeseclassic.com

www.burmeseclassic.com



မိသားစု မရှိတဲ့လူပဲ .. အထီးကျန် ကြီးပြင်းလာခဲ့ကြတဲ့လူတွေ စတိုင်လ် မျိုးပဲ .. သူ့ပုံစံက အေးစက်စက် .. ဒါပေမယ့် ဘယ်လိုနေနေ ကြည့်ကောင်းတယ်.. ဆွဲဆောင်မှု ရှိတယ်.. သူ လက်ထပ်ခဲ့တာလည်း လေးခါ ရှိပြီ ..”

“ဘုရားရေ!...”

ဒါဆို မိန်းမ လေးယောက် ရှိရက်နဲ့ မိန်းကလေးတွေကို ငွေနဲ့ ပေါက်ပြီး ဖျက်ဆီးနေတာပေါ့ ..။

အတွေးက ချက်ချင်း ရောက်သွားကာ ...

“မိန်းမ လေးယောက်တောင် ရှိရက်နဲ့ သူက ..”

“မရှိတော့ဘူး .. သေကုန်ပြီ ..”

“ဟယ်!... ဘယ် .. ဘယ်လိုလုပ် ..”

အောင်ကောင်း မျက်နှာမှာ လေးနက်ခြင်းတို့နှင့် ခဏတော့ ငြိမ်သက်သွားခဲ့၏။ ပြီးမှ စက်ခုံစွန်းမှာ လက်ဆန့်တင်လိုက်ပြီး ပင့်သက်ရှိုက်၍ ...

“ငါတို့ သိထားသလောက်ကတော့ ပထမ လက်ထပ်တုန်းက ကားအက်ဆီးဒင့်ဖြစ်ပြီး မိန်းမ ဆုံးသွားတယ် ..”

“ဪ ...”

“ဒုတိယ လက်ထပ်တဲ့ မိန်းမကျတော့ မိန်းမရဲ့ ရည်းစားဟောင်းက လာသတ်သွားတာ ..”

“အို .. မိုက်ရိုင်းလိုက်တာ ..”

“ဘယ်သူက မိုက်ရိုင်းသလဲတော့ မသိဘူး .. ရည်းစားဟောင်းက သူ မသတ်ရသေးဘူးချည်းပဲ အော်နေတာ .. ဒါပေမယ့် သူ ထောင်ကျသွားပြီ ..”

“နောက်ထပ်ရော ..”

“တတိယမိန်းမက လှေကားပေါ်က ပြုတ်ကျ သေတာ .. စတုတ္ထ





တစ်ယောက်ကတော့ တော်တော်ပြင်းတဲ့ အဆိပ်သောက်ပြီး သူ့ကိုယ်သူ သတ်သေသွားတာ ..”

“အဲဒါတွေကို လူတွေက မသင်္ကာ မဖြစ်ဘူးလား .. သူ့ကို လိုချင်လို့တောင် လက်ထပ်နိုင်အောင် ကြိုးစားခဲ့ကြတာကို .. သူ့ကိုယ်သူ သတ်သေတယ်ဆိုတာ သဘာဝမကျပါဘူး.. သူသတ်တာ ဖြစ်မှာပေါ့..”

“ဒါပေမယ့် အဲဒီလိုဖြစ်သွားချိန်မှာ သူက မိတ်ဆွေတွေနဲ့ အပြင်မှာ ..”

“ဟင်!...”

အလှာ အံ့ဩသွား၏။ ဒီအငြိုးသမီးက သိမ်းပိုက်ခံရတာမျိုးလား.. ဒါကြောင့် ဒီလူကို မလိုချင်လို့ ကိုယ့်ကိုယ်ကိုယ် ကြံစည်သွားတာလား..။

“တတိယ မိန်းမတုန်းကလည်း လှေကားပေါ်က ပြုတ်ကျတော့ ညေ့ခန်းထဲမှာ သူက မူးပြီး အိပ်ပျော်နေပြီ.. အိမ်မှာရှိနေကြတဲ့ ဧည့်သည်တွေရော .. အလုပ်သမားတွေကပါ ဒီတိုင်းပဲ ပြောကြတာ ..”

“ဟုတ်လား .. ဒါဆို .. ဒါဆိုရင် ဒီလူကိုက အိမ်ထောင်ပြုလို့ မရတဲ့လူပဲ ..”

အောင်ကောင်း က အလှာ ဒီတိုင်းပဲ ပြောလာမှာကို ကြိုသိနေသလိုမျိုး ပြုံးလိုက်ကာ ...

“လူတိုင်း နင့်လိုပဲ ပြောလာကြတာပဲ ..”

“ဟင် .. မဟုတ်ဘူးလား .. ဟိုရှေ့က နှစ်ယောက်ကရော ကားမှောက်တာ သူ့ဟာသူ မဟုတ်ဘူးလား ..”

“ဟုတ်တယ် .. ကားမှောက်တာ နှစ်ယောက်စလုံးပဲ .. ဒါပေမယ့် မိန်းမပဲ သေသွားတာ ..”

“အေးလေ .. နောက်တစ်ယောက်ကရော ..”

“နောက်တစ်ယောက်ကလည်း ရည်းစားဟောင်းက လာသတ်သွားတာပဲ .. သူနဲ့ ထိုးကြိတ်ကြသေးတယ် .. သူ့မှာတောင် ဒဏ်ရာ



www.burmeseclassic.com

www.burmeseclassic.com



တွေ ရခဲ့တာ ..”

“အဲ့ဒါကို ပြောတာပဲလေ .. မိန်းမရတိုင်း အဲဒီမိန်းမတွေ သေရမယ့်ကံဇာတာ သူ့မှာ ပါလာတာ .. သူကတော့ မိန်းမ မရရုံပဲ ရှိမှာပေမယ့် သူနဲ့ယူဖို့ ဖြစ်သွားတဲ့ မိန်းမတိုင်း ကံဆိုးရှာတာပေါ့.. သူက နှစ်ယောက်လောက်တည်းက ကိုယ့်အကြောင်းကို သိရမှာ .. လေးယောက်ထိတောင် ဆက်ယူနေသေးတာက ..”

“ပြောပါဦး .. မိန်းမတွေ သေနေတာကို သူ သဘောကျနေတာ မဖြစ်နိုင်ဘူးလား ..”

“ဟင်!...”

မထင်မှတ်သည့် မေးခွန်းမို့ အလွှာ ကြောင်တောင်တောင် ဖြစ်သွားသည်။ အောင်ကောင်း က ပြုံးလိုက်ပြီး ခေါင်းညိတ်ကာ ...

“ပြီးတော့ .. မိန်းမ လေးယောက်စလုံး သေတဲ့အချိန်တိုင်းက မင်္ဂလာဦးည ဆယ့်နှစ်နာရီမှာချည်းပဲ ..”

“ဟင်!... ဟုတ်လား...”

“လူတွေက သေမှုသေခင်း ဖြစ်လာရင် စိတ်ဝင်စားကြတယ် .. သတင်းဖတ်မယ် .. အရင်သိတဲ့လူက မသိသေးတဲ့လူကို ပြောမယ် .. အဲဒီမှာတင် ပြီးသွားကြတာပဲ .. ဒီအဖြစ်တွေရဲ့ နောက်ကွယ်မှာ တစ်ခုခု ရှိနေနိုင်တယ်ဆိုတာကျတော့ ဘယ်သူမှ ဆက်မတွေးကြတော့ဘူး ..”

“ဒါကတော့ လူတိုင်းပဲ ဒီသတင်းနောက်ကို လိုက်နေကြတာမှ မဟုတ်တာဟ .. နင်ကရော လူတိုင်း သတိမထားမိတာတွေကို ဘာဖြစ်လို့ လိုက်သတိထားပြီး စုဆောင်းနေတာလဲ ..၊ လူတိုင်းက ဒီလူကို မိန်းမယူလို့ မရတဲ့ ယောကျ်ားအဖြစ်ထက် ပိုပြီး စိတ်မဝင်စားကြမှတော့ နင် ဘာတွေ သိထားထား ဘာမှ အကျိုးရှိမှာ မဟုတ်ဘူး ..”

“အနည်းဆုံးတော့ နှင့်ညီမကို တားနိုင်ဖို့အတွက် အခု ငါ လာပြောပေးလို့ ရတာပေါ့ ..”





သူ့ရဲ့ ထင်မြင်ချက်လေးတွေကို မချိတရိ ပြန်ရုတ်သိမ်းသွားရှာသည့်မျက်နှာကို အလွှာ က နှစ်သိမ့်အားပေးသည့်အပြုံးနှင့် ကြည့်၍..

“ငါ အရမ်းကျေးဇူးတင်ပါတယ် အောင်ကောင်း ရယ် .. နင်ပြောတာတွေကိုလည်း လက်ခံပါတယ် .. ဒါပေမယ့် လူတိုင်းက ကိုယ့်ဘဝ အပူတွေနဲ့ကိုယ် ရှုန်းကန်နေကြရတာလေ .. နင်က နင့်အလုပ်နှင့်ဝါသနာကြောင့် အလိုလို မျက်စိပွင့် နားပွင့် ရှိနေပေမယ့် လူတိုင်းကတော့ နင့်လို ဘယ်ဟုတ်ပါ့မလဲ ..၊ ဒီလူ ဘယ်လိုလူပဲ ဖြစ်ဖြစ် .. ငါတို့ရဲ့ ထင်မြင်ချက်တွေနဲ့လည်း သံသယရှိဖွယ်လူအဖြစ် သတ်မှတ်လို့မရဘူး ..”

“ဟုတ်ပါတယ် .. သက်သေဆိုတာလည်း မျက်စိတစ်စုံ နားနှစ်ဖက်လောက်နဲ့ ဖြစ်တာမှ မဟုတ်တာ .. နင်က ငါ့ကိုဆို အမြဲတမ်း ဆရာမကြီး လုပ်နေကျအတိုင်းပဲ .. ခုလည်း ငါ့ကို တရားပြနေပြန်ပြီ..”

“ကိုယ့်သူငယ်ချင်းမို့ စိတ်ချမ်းသာအောင် ပြောပေးတာကို ဘာလဲ.. ငါ့ကို ထေ့ငေါ့နေတာလား ..”

အောင်ကောင်း က မချိတရိ ပြုံးနေဆဲဖြစ်ကာ ...

“ငါ ခုထိ မချင့်မရဲ တွေးနေမိတဲ့အချက်ကို မသိရမချင်း ဘယ်လိုမှ စိတ်မချမ်းသာနိုင်မှာတော့ သေချာတယ် ..”

“နင်က သူ့ကို ဘယ်လို ထင်လို့လဲ ..”

“ထင်စရာ မရှိအောင် အကွက်ရွှေ့ကောင်းတဲ့လူပဲ အလွှာ .. နင်မှ သူ့ကို မသိတာ .. ငါ ပြောရတာ အရသာလည်း မရှိဘူး ..၊ အဲ့ဒီတော့ သွားလိုက်ပါဟာ ..”

သူ့ဘာသာ ဖြေသိမ့်ဖို့ ကြိုးစားသည့်မျက်နှာနှင့် အလွှာ ကို စိုက်ကြည့်၍ ...

“ဒီဘဲက ရုပ်တော်တော်ဖြောင့်တယ် .. ခန့်မှန်းဖို့ ခက်လောက်အောင် ချမ်းသာတယ် .. နင် ပြောဖူးတယ်မို့လား .. နင့်ညီမက အလှ



www.burmeseclassic.com

www.burmeseclassic.com



အပ မက်ဇာ .. ချမ်းသာချင်တာကြောင့် နင် ပြောသမျှကို မနာခံတာ ဆို .."

"အင်း .. ဟုတ်တယ် .."

"အခု ဒီဘဲနောက်ကို လိုက်နေပြီ.. နင့်ညီမကို နင် ဘယ်လို ဆုံးမမလဲ .."

အလွှာ မျက်နှာလေး ပျက်သွားသည်။ သူများအကြောင်းတွေးရင်း ကိုယ့်ညီမရဲ့ အန္တရာယ်ကို ခဏတစ်ဖြုတ် မေ့သွားခဲ့သည်။ ခုကျမှ ဒါဟာ ဖြေရှင်းဖို့ လွန်စွာခက်ခဲမည့် ပြဿနာပါလားဆိုတာ ကွင်းဆက်တွေ ပြန်ဖြစ်သွားခဲ့၏။

"နင် ခုနက ပြောခဲ့တယ်နော် .. မိန်းကလေးတွေ သေမယ်မှန်း သိရက်နဲ့ လေးယောက်ထိ ဘာလို့ လက်ထပ်ခဲ့တာလဲဆိုတာ .."

အလွှာ ခေါင်းတောင် မညိတ်နိုင်တော့ပါ ..။

"နင့်ညီမက သူ့ရဲ့ ပဉ္စမမြောက် .. ဒါမှမဟုတ် ဆဋ္ဌမမြောက်.."

"အောင် .. ကောင်း ..."

အလွှာ နေရာမှ ဆတ်ခနဲ ထရပ်လိုက်သည်။ မျက်နှာလေး တစ်ပြင်လုံး ထိတ်လန့်ချောက်ချားခြင်းကြောင့် အနီရောင် သမ်းနေလျက်...

"နင် ဆက်မပြောပါနဲ့တော့ .. လာ သတိပေးတာကို ကျေးဇူးတင်တယ် .. သတိပေးတာနဲ့ပဲ နင် ရပ်လိုက်ပါ .. ဟောကိန်း မထုတ်ပါနဲ့ .."

"အလွှာ .."

"ဒီမှာ အောင်ကောင်း .. ငါ့ညီမကို ငါ ဒီလို အဖြစ်မခံဘူး .."

အောင်ကောင်း က အလွှာ ဒေါသထွက်သွားတာကို နားလည်သည့်အကြည့်နှင့် မော့ငေးရင်း ခပ်ဖြည်းဖြည်း ထရပ်လိုက်သည်။ ပြီးတော့ ပင့်သက်ရှိုက်ရင်း ဆံပင်တွေ သပ်ရင်းနှင့် ...

"အေးပါ .. ဒါပေမယ့် ဒီလို အဖြစ်မခံနိုင်တာက နင် .. ဖြစ်ဖို့





ကြိုးစားနေတာက နင့်ညီမ ..၊ နင့်ညီမကို နင် မနိုင်ဘူးဆိုတာတော့ မေ့မပါနဲ့ .."

"အောင်ကောင်း .."

လှည့်ထွက်သွားပြီးမှ အောင်ကောင်း က ပြန်လှည့်ကြည့်သည်။

"သူ့ဓာတ်ပုံ နင့်မှာ ရှိလား ဟင် .. သူက ဘယ်မှာ နေတာလဲ.."

စိတ်လှုပ်ရှားနေသည့် မျက်နှာလေးကို သနားကြင်နာသလို ကြည့်ရင်း မျက်နှာချင်းဆိုင် ပြန်လှည့်လိုက်သည်။

"မရှိဘူး .. သူ့ကို ဘာဆိုတာတောင် မသိရဘဲနဲ့ ငါ့မှာ အဲ့လောက်လည်း လုပ်ခွင့် မရှိဘူး .. တစ်ခုတော့ သိတယ် ..၊ သူ တစ်ခါ လက်ထပ်တိုင်း တိုက်တစ်လုံး ပြောင်းတယ် .. သောင်းသိန်းချီအောင် တန်တဲ့ခြံနဲ့ တိုက်ကြီးတွေ နော် .. ပြီးတော့ အဲ့ဒါ သူပိုင်တာတွေချည်းပဲ .."

"သူက မိသားစုလည်း မရှိဘဲနဲ့ ဘာဖြစ်လို့ ဒီလောက်တောင်.."

"ဟွန်း .."

အောင်ကောင်း က ပခုံးတွန့် မဲ့လိုက်ရင်း ...

"အဲ့ဒါတွေက စပြီး ငါ စိတ်ဝင်စားခဲ့တာပဲ .. သေချာဖို့ ရှိတာက သူပိုင်သမျှက ဘိုးဘွားပိုင်တွေပဲဆိုတာ သက်သေမရှိဘဲ အတည်ဖြစ်နေတယ် .. ဒါကြောင့်လည်း မာနကြီးကြီးနဲ့ ရပ်တည်နေနိုင်တာပေါ့ .. သူ ဘယ်မှာနေတာ .. ဘယ်လိပ်စာက သူ တကယ်နေတဲ့လိပ်စာဆိုတာ သိတဲ့လူ မရှိလောက်ဘူး ထင်တယ် .."

"ဒါဆို သူက ရူးနေတာလားမှ မသိဘဲ .. မိန်းမယူလို့ မရတဲ့ သောကနဲ့လေ ..၊ ဘာလဲ .. ဟိုဥစ္စာ .. မယားတရူး ဆိုတာမျိုး .."

"ဟား .. ဟား .. ဟား ..."

"ဘာရယ်တာလဲ .."

"လောလောဆယ် နင် ပြောတာကမှ အရူးစကား .."

"ဘာ!..."



www.burmeseclassic.com

www.burmeseclassic.com



"သိပ်တွေးမနေနဲ့တော့ အလွှာ.. နှင့်ညီမကိုသာ နိုင်အောင်ထိန်း... နှင့်ကို ငါ အားမနာတမ်း ပြောရရင် သူနဲ့ ဟုတ်တာ မဟုတ်တာ အသာထား .. နှင့်ညီမကိုက နဂိုတည်းက မှားနေတာ .. နောက်ထပ် သေချာတာက နှင့်လို အစ်မမျိုးကို အကောင်းမထင်တတ်သရွေ့ သူ အမှားကြီး မှားမှာပဲ ...၊ အဲ့ဒါကို နှင် တားဆီးလို့ရမယ်ဆိုရင်တော့ သမုဒ္ဒရာရေတွေ နှင် သောက်ပစ်လိုက်လို့ ကုန်သွားပြီဆိုတာ ငါ ယုံလိုက်မယ် .."

ဒီလောက်ထိတောင် ညီမလေးရဲ့ ခြေလှမ်းတွေက ဆိုးသွမ်းနေပြီလား ...၊

"နေဦး .. အောင့်ကောင်း နေပါဦး .."

အောင်ကောင်း က အိမ်ရှေ့ရောက်နေပြီမို့ သူမလည်း အိမ်ရှေ့ထိ ပြေးဆင်းလိုက်လာရကာ ...

"သူ့နာမည်တော့ နှင် သိမှာပါ .. ဘာတဲ့လဲ ဟင် .."

"ဟွန်း .. ကြားလိုက်ရင် နှင် ပိပြားသွားလိမ့်မယ် .. ဒါပေမယ့် ငါ ပြောခဲ့ပါ့မယ် .. သူ့နာမည်က မင်းစက်အာဏာ တဲ့ .."

"မင်း စက် အာ ဏာ .."

သူမ ထိုနာမည်ကို ရေရွတ်နေမိတာ ဘယ်နှစ်ခေါက်မှန်း မသိ..





အခန်း (၄)

"နှင် တကယ် လိုက်နိုင်မှာလား ကမ္ဘာ ရယ် .. တော်ကြာ နှင့်ခယ်တော်ကြီး ရောက်လာရင် .."

"ဒီတစ်ခါ ရောက်လာလည်း ငါ လိုက်မှာပဲ...၊ ဒါနဲ့ နှင်တို့ အဲ့ဒီညက ဘယ်နှစ်ပုဒ်စီ ဆိုခဲ့ရလဲ .."

"နှစ်ပုဒ်ပဲ .. တင်ဇာ တောင် မဆိုခဲ့ရဘူး .."

"အံမယ် .. ငါလည်း မဆိုရပါဘူး နော် .."

ရှုပ်ရှုပ် က ကပြားမလေးပီပီ မျက်လုံးကျဉ်းကျဉ်းလေးနှင့် ရယ်မော ရုံ့မဲ့လိုက်တိုင်း ထိုမျက်လုံးလေးက ပိတ်ကွယ်သွားတတ်၏။

အရပ်မြင့်ပေမယ့် ပိန်လွန်းသဖြင့် သိပ်တော့ မလှပေ ...၊ ဒါပေမယ့် သူမက အဆိုကောင်းတဲ့သူပဲ ဖြစ်ကာ ...

"ငါက အပြတ် ဟဲပြမလို့ကို .."

"အောင်မယ်လေး .. ဟိုက ဘွန်းနပ်(ပ်)ပေးတော့ အဘူတွေဘာ.. ငါတို့က ပိုတောင် ပင်ပန်းသေးတယ် .."



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်တစ်ခွန်း ပြောနေကြတာကို ဘာဘာ က သေချာ နားထောင်နေကာ ...

"ဒါနဲ့ နင်တို့ကို သူ့ကတိအတိုင်း ဘာမှတော့ .."

"မလုပ်ပါဘူးဟယ် .. ဒီလူ့ပုံစံ ကြည့်ပါလား .. သူက အဲဒီလို ပေါးလားဝါးလား လွတ်လွတ်လပ်လပ် ပျော်ပါးနေချင်တာ .. ပြီးတော့ ပြောသေးတယ် .. သူ့ကို အထင်မလွဲပါနဲ့တဲ့ .. သူ့ကိုယ်သူ ငါးဆယ် ကျော်သွားပြီဆိုတာကို မခံစားနိုင်သေးလို့တဲ့ .."

"ဖြစ်ရလေ .."

"ဟုတ်တယ် .. ငါတို့ကြောင့် သူ့စိတ် နုပျိုပြီး ချမ်းသာရာရတဲ့ အတွက် ကျေးဇူးတင်တယ်တဲ့ .. ပေးတာလည်း တစ်ယောက် တစ်ပုံးစီ လေ .."

"ဟယ် .. တစ်ပုံးစီ .."

"ဟာဟ .. နင့်ကိုတော့ သတိရမိပါတယ် ."

"ဟုတ်တယ် ကမ္ဘာ .. နင့်အစ်မကတော့ အန်လပ်ကီး ပဲ .."

"အေးလေ .. ရောက်လာရင်လည်း ကြည့်ပါဦး .. နင့်ကို မြင်တဲ့ လူတိုင်း ငါတို့နဲ့ အတူတူတောင် တချို့က ထင်တာ မဟုတ်ဘူး .. စီးပွားရေးလုပ်ငန်းရှင်ရဲ့ သမီးလိုလို .. နာမည်ကြီး မော်ဒယ်လ်ထဲက လိုလို .."

"အေးနော် .. ဟိုနေ့က ကော့စ်မက်တစ်ရှော့ပ်မှာ အမေးခံရတာ ကြည့်ပါလား .. နာမည်ကြီးမော်ဒယ်လ်ထဲက ဖြစ်မှာပဲ ထင်ပြီး သူတို့ မသိတာကိုတောင် အားနာလို့ ချက်ချင်း မမေးရဲကြဘူး နော် .."

"အဲ့ဒါပေါ့ဟ .. တစ်မိသားစုတည်း မွေးလာပေမယ့် ကံတရား ချင်းက မတူကြဘူးလေ .. သူ့ကြည့်လိုက်ရင် စုတ်စုတ်ပြတ်ပြတ် ချွေး တလုံးလုံး .. ကမ္ဘာ ကို မြင်လိုက်ရရင် မိန်းမချင်းတောင် မနာလို ဖြစ်ရ တယ် .."





"အံမယ် .. ငါတို့ကတော့ မပါပါဘူးနော် .. ငါတို့က မတူရင် ဘူး .. တရားရှိတယ် .."

"ငါတို့မှာလည်း နှစ်ရာ ရှိတယ် .."

"ခစ် .. ခစ် .. ခစ် ..."

ရယ်သံတွေက နားထဲမှာ ခါးနေသည်။ သူတို့စကားတွေက သူမ မနဲ့ ကွာဟချက်တွေကို ထောက်ပြနေသလိုရှိကာ ကိုယ့်ဘဝဟာ အောက်ထိ ထိုးဆင်းသွားခဲ့သလား ..၊

ဒါမှမဟုတ် ဟိုးအထက်မှာ ရှိနေခဲ့တာကို မမရဲ့ သံယောဇဉ် တံတွေက ပြန်ဆွဲချနေခဲ့တာလား ..၊

ဝင်လာသမျှ အတွေးတို့က 'မမကြောင့် ..'ဆိုသည့် မင်နီကြက်ခြေ ချည်း ဖြစ်နေခဲ့၏။

"ကဲ .. ကဲ .. မိန်းမတွေ တစ်နေ့ညက တရုတ်ကြီးနဲ့ ချိန်းနေကြ ငါ ကြားတယ် နော် .."

"ဟာ!... အန်တီမမ .."

မိန်းကလေးတွေကို သီးသန့်အုပ်ချုပ်သည့် ဒေါ်မမ အခန်းထဲကို လာကာ စုရုံးထိုင်နေကြသည့် တင်ဇာ တို့ကို ကြည့်သည်။

ပြီးတော့ ဆိုင်ထဲက ပယ်ထားသည့် စားပွဲဟောင်းပေါ်မှာ တစ် ကိုတည်း ခြေချင်းချိတ်ထိုင်နေသည့် ကမ္ဘာ ကိုလည်း ကြည့်၏။

သူများကိုကြည့်တော့ အပြုံးတွေနဲ့ပဲဖြစ်ကာ ကမ္ဘာ မျက်နှာပေါ် ကျတော့ မျက်ဝန်းတွေက တစ်မျိုးတစ်မည် ပြောင်းလဲသွားခဲ့၏။

ဒါပေမယ့် အငွေ့လေးတစ်ချက် ဖြတ်သန်းသွားသလောက်ပဲဖြစ် ပြုံးနေလျက်နှင့် ...

"ပြောပါဦး ကမ္ဘာ .. မျက်နှာလေးက အိုလို့ပါလား ..၊ ဘယ်သူနဲ့ ဖြစ်လာတာလဲ .."

"ဘယ်သူနဲ့ရမှာလဲ အန်တီမမ ရယ် .. သူ့အစ်မပေါ့ .."



www.burmeseclassic.com

www.burmeseclassic.com



"ဩော် .."

ဒေါ်မမ က စိန်နားကပ်ကြီး တဖျပ်ဖျပ် လက်သွားအောင် ခေါင်းညိတ်ညိတ် ဖြစ်သွားကာ ...

"ဆွဲခြင်းလေးနဲ့ ဟိုရှေ့က ပုဏ္ဏားကွယ်မှာ ထိုင်ထိုင်နေတဲ့ တစ်ယောက်လား .."

"ဖက် .."

"အ!.."

ဒေါ်မမ က ပုဏ္ဏားကွယ်ဆီ လက်ပြန်ညွှန်ပြစဉ် သန့်ရှင်းရေးလုပ်နေသည့် ဒေါ်ဝင်း ရဲ့ မျက်နှာကို ပုတ်ခတ်မိသွားတာ ဖြစ်ကာ ...

"ဩော် .. လူတွေ စကားပြောနေရင်လည်း ဝင်ဝင်မလာနဲ့လေ မဝင်း ရယ် .. ရှင်ကလည်း .."

"ဟုတ်ကဲ့ပါ မမကြီး ရယ် .."

ဒေါ်ဝင်း က နာကျင်သွားသည့်မျက်နှာကို ကာကွယ်ငုံ့ရင်း —

"ကလေးတွေ စားသောက်ထားတာလေးတွေ သိမ်းချင်လို့ပါ — ပြီးမှပဲ လာတော့မယ် .."

အမှိုက်ခြင်းတစ်ဖက်နဲ့ တံမြက်စည်းကို ကိုင်၍ ပြန်ထွက်သွား၏။ ဒါကို တင်ဇာထက် က ကြည့်ပြီး ဒေါ်ဝင်း အပြင်ရောက်သွားကာမှ—

"အလကား အဲဒီ ဒေါ်ကြီး သိပ်စပ်စုတာ .. ဒီထဲမှာ တင်ဇာ တို့ စုမိပြီး ဟိုဒီပြောနေကြပြီဆို မနီးမဝေးမှာ အမြဲရှိတယ် .. ရစ်သီ ရစ်သီနဲ့ .."

"လုပ်ပါဓေဟာ .. သူ့မှာလည်း သူ့မြေးမလေးနဲ့ သေကွဲကွဲထားတာ ဆိုတော့ .."

"အောင်မယ်လေးဟယ် .. ငါတို့ကို သူ့မြေးမနဲ့များ အစားထိုးကြည့်စရာလား .."

"တော်ကြပါတော့ကွယ် .. သူကလည်း သူ့တာဝန် ကျေချင်တာ





နေမှာပါ .. ငါ့အစ်မက အလုပ်ပေါ့လျော့ရင် အရမ်းဆူတာ .. ငါ့လို ကြားကောင်းအောင် ပြောနေတာ မဟုတ်ဘူး .."

- ဒီဆိုင်ပိုင်ရှင်က ဒေါ်မမ ရဲ့ အစ်မဝမ်းကွဲ ဖြစ်သည်။ ဒါကြောင့် မိန်းကလေး အုပ်ချုပ်ရေးပေမယ့် ဒေါ်မမ က ဆိုင်ပိုင်ရှင်လိုပဲ သြဇာရှိနေတာ ဖြစ်၏။

"ဒါနဲ့ ပြောပါဦး .. သမီးအစ်မက ဒီမှာ သီချင်းဆိုတာ မကြိုက်လို့လား .. သူ့ပုံစံ ကြည့်ရတာတော့ သမီးကို စီမံအုပ်ချုပ်နိုင်မယ့်ပုံ မရှိပါဘူး .. ဟိုလေ အလုပ်အကိုင်ကို ပြောတာနော် .. သမီးက ကိုယ့်ဝင်ငွေနဲ့ ကိုယ် ရပ်တည်ချင်တာလေ .. သူ ဒါကို လုပ်တာ မကြိုက်ရင် ဒီမှာ ရနေတာမျိုး ဖန်တီးပေးနိုင်မှ ဖြစ်မှာကို .."

"မဖန်တီးနိုင်ပါဘူး အန်တီမမ ရယ် .."

ကမ္ဘာ က ညည်းညူသလို ပြောရင်း ခြေချင်းချိတ်ထားတာကို ဖြုတ်လိုက်၏။ ထိုအခါ ရှေ့မှာ ရပ်နေသည့် ဒေါ်မမ ရဲ့ ရင်ဘတ်ကို လှမ်းကန်လိုက်သလို ဖြစ်သွား၏။

ဒေါ်မမ သာ ကိုယ်ကို နောက်ပြန်မယို့လိုက်ရင် ထိမှားထိမိသွားလေား မသိ ...၊

"နင့်ခြေထောက်ကိုလည်း ကြည့်ရတ်ပါဟယ် .. အန်တီမမ ကို ဒေါက်ဖိနပ်နဲ့ ခုတ်တော့မလား ထင်ရတာယ် .."

"ရပါတယ် နေပါစေ .. သူ့ကို မိန်းမဆိုးလေးဆိုပြီး မင်းတို့ သူ့မွေးထိုယ်တိုင်က ခွင့်လွှတ်ထားရတာ .."

ထိုစကားလုံးတို့က တခြားလူတွေ မျက်နှာ ဘယ်လိုဖြစ်ပျက်သွားသည် မသိပေမယ့် ကမ္ဘာ့ မျက်နှာလေးကတော့ အားနာဟန်လေး တစ်ချက်သာ ထင်ကာ ချွဲနွဲ့သည့်အပြုံးလေးနှင့် ...

"ဟုတ်ပါတယ် .. ကန်တော့ပါ အန်တီမမ ရယ် .. အိမ်မှာနေခဲ့ရင်း အကျင့်က ပါနေပြီ .."



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အန်တီမမ .. အိမ်မှာလည်း သူ ကြောက်ရတဲ့လူ မရှိဘူးလေ .. ဒါပေမယ့် တရုတ်ကြီးရဲ့ ဘွန်းနပ်(စ်)တော့ သူ လက်လွှတ်သွားတယ် .."

"ဘာဖြစ်လို့လဲ .."

"သူ့မမကြောင့်ပေါ့ .."

"ဟုတ်လား.. တရုတ်ကြီးက အရမ်းသဘောကောင်းတာ .. လက်လည်း ဖွာတယ် .. ပြီးတော့ .. သူ့ဘက်ခ်ရောင်းက သူ့ထက် အများကြီးမြင့်တာနော် .. ဒီလိုလူနဲ့ ခင်မင်ခွင့်ရတာ နည်းတဲ့ကုသိုလ် မဟုတ်ဘူး–"

ထိုစကားတွေကလည်း ကမ္ဘာ့ ရင်ထဲကို ထိုးနက် ရိုက်ပုတ်နေသလိုပါ ...။

"ကဲ .. ကဲ .. ဒီနေ့ စောစောစီးစီး ရောက်နေကြတာဆိုတော့ အေးဆေး စကားပြောကြပေါ့ .. အချိန်ကိုလည်း သတိထား .. ဒီညဖရိုက်ဒေးနိုက်ဆိုတော့ လူကျမှာ .."

ဒေါ်မမ ထွက်သွားတော့လည်း ကမ္ဘာ့ မျက်နှာက မကြည်သာ–တင်ဇာ တို့က တစ်ယောက်နဲ့တစ်ယောက် မျက်ရိပ်ပြ၍ မဲ့ရွဲ့နေကြတာကို သူမ မမြင်လိုက်ပေ ...။

ရှပ်ရှပ် ကတော့ မျက်နှာကို ခင်မင်နှစ်လိုဖွယ် ပြင်လိုက်ပြီးမှ –

"ဘယ်လိုလဲဟာ .. ဘွန်းနပ်(စ်) တစ်သိန်း မရတာများ အိပ်မျက်ခံဦးမလို့လား .. ဒီဆိုင်မှာ နင့်လောက် ဝင်ငွေကောင်းတာ မရှိဘူး –ဘာပူနေတာလဲ .."

"နင်တို့ မသိပါဘူးဟာ .. ငါ့အစ်မနဲ့ ငါ ဘာမှ လုပ်လို့ မရပါဘူး–တကယ် ညစ်တယ် .."

"ဒါဆိုလည်း ကိုယ့်အကန့်နဲ့ ကိုယ် နေဖို့ ပြောလိုက်ပေါ့ဟာ –နောက်ဆို ဘယ်ဖြစ်ဖြစ် လိုက်မလာနဲ့လို့ .."

"မရဘူး .. ဒီညလည်း သူ လာဦးမှာပဲ .."





"သူ မလာခင် ငါတို့ အရင်လစ်မယ်ဟာ .. ငါတို့ ဘယ်သွားတယ်ဆိုတာ သူ သိရင်တောင် နိုက်ကလပ်ကိုတော့ လိုက်မလာရဲပါဘူး .."

နိုက်ကလပ်ဆိုကာမှ စိတ်တွေ ပိုပူပြီး လိုက်ချလာမှာ မြင်ယောင်နေသေးသည်။

ဒါပေမယ့် ကမ္ဘာ က တစ်ထစ်ချ ဆုံးဖြတ်၏။

သွားဖြစ်အောင် သွားမည်။ ဒီလိုနေရာမျိုးတွေမှာမှ သူ ရှိမှာ ...။

မင်းစက်အာထာ .. ရှင့်ရဲ့ ဥပေက္ခာတွေက ကမ္ဘာ့ အတွက် အရမ်းပူနေတာ ရှင် သိရဲ့လား ...။

ရှင့်မျက်လုံးထဲမှာ ကမ္ဘာ သိပ်လှပါလားဆိုတာ စွဲထင်သွားစေဖို့အတော့ ...။



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၅)

"ကျွန်မ လှဝင်ရာချင်လို့ပါရှင် .."

"ဘာ!..."

"ကျွန်မ ညီမလေးပါ .. ခထာလေး ဝင်ပါရစေ .."

နိုက်ကလပ် ဆိုတာကြီးက အထဲမှာ ဘယ်လို တင်းကျပ်ဖွဲ့စည်းထားသည်တော့ မသိ ..၊ အထဲဝင်ရဖို့အတွက် လူကို ပြာမှုန့်လေး ဖြစ်သွားလောက်အောင် အကြည့်ခံရသည်။

မေးခွန်းတွေ မေးမြန်းပြီးမှ ...

"ခထာဖြစ်ဖြစ် .. တစ်အောင့်ဖြစ်ဖြစ် .. မန်းဘာကတ် မပါရင် ခြောက်ထောင် .." တဲ့ ..၊

ကိုယ့်ဘာသာ ကန်စွန်းရွက်ကြော်တွေ .. လက်ဖက်သုပ်တွေနဲ့ဝဲ ကြိတ်မှိတ်မျိုချပြီး စုထားခဲ့တဲ့ ငွေလေးတွေက တတ္တစိခတွေ.. ဘာကြေး ညာကြေးတွေထဲမှာ ရေစုန်ရေဆန် မျောသွားခဲ့ပြီး ...

"ဟင်!..."





အထဲဝင်လိုက်တာနှင့် ယောက်ျားတွေချည်း ရှိနေကြတာ ဖန်ခွက် ကိုယ်စီနှင့် ..၊

ဘုရား!... ဘုရား ..၊

လူကို လှည့်ကြည့်လာကြသည့် မျက်လုံးတွေက ထူးဆန်းသွားတာ .. လှောင်ရယ် သံနှင့် အဆုံးသတ်ကာ တချို့က ပြန်လှည့်သွားသည်။

တချို့က ခြေလှမ်းမှားအောင် ကြည့်ကြ၏။

ညနေတိုင်း ချုပ်ထည်တွေ ဆိုင်တွေမှာ လိုက်တင်နေကျမို့ မိုးချုပ်ထိ သူမ ပြန်ချိန်မှာ လက်ထဲမှာ ဆွဲခြင်းနှင့် ထမင်းချိုင့် အမြဲပါကာ ခေါက်ထီးလေးလည်း ပါလေသည်။

ထမင်းချိုင့် ယူရတာက မနက်ချက်ပြုတ်မည့် ဟင်းစားတွေ ဝယ်ရတာတဲ့ထဲမှာ ညီမလေးအတွက်တော့ အသားတစ်မျိုးမျိုး ပါရသည်။

ညမှုညတာကြီးမှာ အသားစိမ်းကြီး လျှောက်မသယ်ရဲသဖြင့် ချိုင့်ထဲမှာပဲ ထည့်ပိတ်ထားလိုက်ရမှ စိတ်လုံသည်။

ထို့ကြောင့် ထမင်း ထည့်ဖြစ်သည်ဖြစ်စေ .. မထည့်ဖြစ်သည်ဖြစ်စေ ဆွဲခြင်းနဲ့ ထမင်းချိုင့်ကတော့ တင့်တယ်တာပဲမို့ နေ့တိုင်း မယူမဖြစ် ယူရ၏။

ဒီနေရာမှာတော့ ဗွက်ခြွေရရ ကိုင်ထားစရာ လက်ထဲမှာ ဆွဲခြင်းလေးနဲ့မို့ သူမ ပိုအဆင်ပြေသွားခဲ့၏။ ဘယ်လိုဖြစ်နေနေ .. ဘယ်သူတွေ အထင်သေးသေး မသေးသေး .. တစ်ခါတလေ ကလေးအမေလို့ အထင်ခံရတာကမှ လုံခြုံမှု ရှိတာမျိုး ..၊

ရှေ့ကို အရဲစွန့်၍ ထပ်တိုးခဲ့မိသည်။ တိုးလာရင်းနဲ့ ရောင်စုံမီးတွေ လျှက်ဖြာလူးလိမ့်နေသော မီးရောင်နဲ့အတူ 'က'နေကြသူတွေကို မြင်ရသာရ၏။

မီးရောင်က မလင်းမချင်း ရောင်စုံတွေက အမျိုးမျိုး ပြောင်းနေကြ



www.burmeseclassic.com

www.burmeseclassic.com



သေးသည်။ ဘယ်ပုံသဏ္ဍာန် ဘယ်မျက်နှာကို သေချာကြည့်ပြီး ကမ္ဘာ့ကို ရှာဖွေထုတ်ရမယ်မှန်း မသိ ...၊

အနောက်တိုင်း တေးဂီတ၏ စီးမျောမှုနဲ့ ဆလိုက်မီးရောင်တွေအတိုင်း 'က'နေကြတာမို့ ငြိမ်သက်ရပ်တန့်နေကြတာ မဟုတ်ပေ ...၊

ကမ္ဘာ ဘယ်မှာလဲလို့ အော်ခေါ်ထုတ်ပြန်ရင်လည်း မကောင်း ...၊

"ငါ့တူမက နောက်ကျတာနဲ့ သူတို့က ဒီနေ့ စောထွက်သွားကြတာနဲ့ လွဲသွားတာပါ ...၊ သူတို့ နိုက်ကလပ်ကို သွားကြတယ် .."

လို့ ဆိုင်ကနေ ဆီးကြိုပြောခဲ့၏။ ရင်ဝမှာ မီးစကြီးတစ်စ ပစ်စိုက်သွားသလိုပင် ...၊

ညီမလေး ဒီလိုမျိုး ခြေလှမ်းတွေ တစ်စထက်တစ်စ ပိုကျဲလာတော့မှာကို တွက်မိပြီးသားပါ...၊ ဒါပေမယ့် နိုက်ကလပ်သွားဖို့ထိ ရဲတင်းလာလိမ့်မယ်လို့တော့ စိတ်တောင် ကူးမကြည့်မိခဲ့ ...၊

ပြန်ခေါ်ရင်ရော အလွယ်တကူ ရပါ့မလား ...၊

ကိုယ့်ကိုလည်း ကြောက်ရွံ့ ရှိသေခဲ့တာ မဟုတ် ...၊ တခြားနေရာမှာ ကိုယ်လည်း သည်းခံနိုင်သည်။ အချိန်ပေးပြီးတော့လည်း ချော့မော့စောင့်ခေါ်နိုင်သည်။

ဒါပေမယ့် ဒီလိုနေရာမှာတော့ ခေါ်လို့ မရရင်တော့ သူမကိုယ်တိုင် ငုတ်တုတ်ထိုင်စောင့်ရတော့မှာ ဖြစ်သည်။

နင် ဘယ်လိုလုပ်မလဲ အလ္လာ ...၊

မျက်လုံးတွေ ယောက်ယက်တိုက်အောင် ရှာဖွေရင်း ရင်မောလာမိသည်။ ဒါပေမယ့် သူမ ခြေလှမ်းတွေက ရှေ့တိုးမြဲဖြစ်ကာ 'က'နေကြသည့်လူတွေထဲ ရောက်လာခဲ့၏။

ဒီနေရာမှာတော့ စုံတွဲတွေချည်း ရှိနေကြတာမို့ ကိုယ့်ကို ဂရုစိုက်ကြည့်နေတဲ့လူလည်း မရှိ ...၊ ထို့ကြောင့် ထပ်ထပ်တိုးဝင်ရင်း လူတွေကြားထဲ ရောက်လာ၏။





"ဘာဘာ .."

ကိုယ့်ညီမလေးကို မြင်လိုက်တာနှင့် အနက်ရောင်လက်ပြတ်လေးအောက်မှာ ဝင်းထိန် နုဖတ်နေသည့် လက်မောင်းသားလေးကို အားရဝမ်းသာ ဆုပ်ကိုင် ခေါ်လိုက်မိသည်။

"ဟင်!... ဟား .. လုပ်ချလိုက်ပြန်ပြီ .."

မျက်ခြည်မပျက်အောင် ကိုယ် အာသာငမ်းငမ်း လိုက်ကြည့်နေရတာက တခြား ...၊ ကိုယ့်နား ရောက်လာတဲ့သူက တစ်ယောက် ...၊

ကမ္ဘာ က လက်မောင်းကို လွှဲရုန်းလိုက်ပြီး တင်းမာ ခက်ထန်နေသည့်မျက်နှာနှင့် ...

"မပြီးမချင်း ပြန်မလိုက်ဘူး .. အဲ့ဒီမှာ 'က'ချင်ရင် ဝင်'က' ...၊ မကချင် ထိုင်စောင့်နေပေတော့ .. လာ မိုးဇက် အေးဆေးနေရာ ရှာမယ် .."

"ဟင်!... မ .. မဟုတ်ဘူး .. ညီမလေး .."

မိုးဇက် ...၊ မိုးဇက် လား .. မင်းစက် လား ...၊

အသံတွေ ရောနေသဖြင့် နားထဲမှာ မသဲကွဲလိုက်ပေ ...၊

သွားမယ်ဆို ဟိုဘက်အလင်းရောင်ပိုနည်းသည့်ထဲ တိုးဝင်သွားလိုက်တာ ခေါင်းလေးတွေပဲ ခဏ မြင်ရပြီး ပျောက်ကွယ်သွား၏။

ညီမလေး မင်းစက်အာဏာ နဲ့ တွဲနေပြီ ထင်သည်။ ဂျာကင်အနက် ဆံပင်လှိုင်းတွန့်ရေးရေးနှင့် အသားက ဖြူဝင်းနေသော ကောင်လေး...၊

မိုးစက် လို့ ခေါ်လိုက်တည်းက အလ္လာ အရာအားလုံးကို မေ့လျော့တာ ထိုမျက်နှာကို အမိအရ ကြည့်လိုက်မိသည်။ သေချာ မမြင်ရပေမယ့် ချောတော့ ချောလေသည်။

အရပ်မြင့်မြင့်မားမား .. ဖြူဖြူဝင်းဝင်းနဲ့ ပုံစံ ...၊

"ဘာလဲ .. သူက သေလောက်အောင် ချောနေလို့လား .."

"ဟုတ်တယ် .."

www.burmeseclassic.com



သူမ မေးတုန်းက အောင်ကောင်း ပြန်ဖြေခဲ့တာကို သတိရလိုက်မိ၏။

ဒါဆို သေလောက်အောင်တော့ မချောသေးပါဘူး ...။

ထိုလူကို မင်းစက်အာဏာ မဟုတ်စေချင်သော စိတ်ဆန္ဒတို့ဖြင့် လိုရာ ဆွဲတွေးမိနေမိ၏။

"အမေ့!..."

ကျောနောက်က ဆောင့်တွန်းလိုက်သလို ရှေ့ရောက်သွား၏။ ရှေ့ကို ဟပ်ထိုးလဲဖို့ပေမယ့် ဆွဲခြင်းက တစ်ယောက်နဲ့ ဆောင့်ခံနေကာ လဲမည့်ဆားက လွတ်မြောက်သွား၏။

"ဘာကြီးလဲကွာ .. ကျောကို အောင့်သွားတာပဲ .."

ရှုံ့မဲ့ ညည်း၍ လှည့်ကြည့်လာသော မျက်နှာတစ်ခု ...၊ သူလည်း ခပ်ချောချောပါပဲ ...။

မင်းစက်အာဏာ နဲ့ ပတ်သက်ပြီး ယောကျ်ားတွေကို လိုက်ကြည့်နေတုန်း နောက်ထပ် မျက်နှာတစ်ခု ကိုယ့်ရှေ့ ရောက်လာတော့ စပ်ဖြဲဖြဲ ရှည်မျောမျောနှင့် ...

"အမှန်အကန်ရုပ်လေးနဲ့ နှမြောစရာလေးပါကွ .. ဘယ်လိုလဲ တို့နဲ့ 'က'မလား .."

"အို .. မကချင်ပါဘူး .."

"နေပါဦး .. ဘယ်လိုလဲကွာ .."

"ဟင့်အင်း .."

အခြေအနေကို ထိတ်လန့်ကာ အလွှာ လူတွေကြားထဲက ပြန်တိုးထွက်လိုက်သည်။ ထိုလူကလည်း ကပ်လိုက်လာလျက် ...

"ဟိတ် .. ဘာဖြစ်သွားတာလဲကွ .."

"ရှင် .. လိုက်မနှောင့်ယှက်နဲ့နော် .."

"ဒီနေရာ လာပြီးမှတော့ ကကြ ပျော်ကြဖို့ပဲ ရှိတာ .. လာပါ.."





"အို .. မကိုင်နဲ့ .."

"ဒုန်း .. ဗွမ် .. ဂလွတ် .."

"ဟာ!..."

"အို .. ကုန်ပါပြီ .."

ဆွဲခြင်းသည် ကိုင်းတစ်ဖက် ပြုတ်ထွက်သွားခဲ့ပြီး ခြင်းနှင့်အတူ ချိုင့်နဲ့ ပစ္စည်းတွေပါ လွင့်ကျ ပြန့်ကျဲကုန်၏။

"ဒုက္ခပါပဲဟယ် .. ပုစွန်ဆီတွေလား မသိဘူး .. ငါ့ဖိနပ်ကို စင်ကုန်ပြီ .."

ချိုင့်ပွင့်သွားသဖြင့် သူမအဖွက် ပဲပြားလေးတစ်တုံးနှင့် ကမ္ဘာ့အတွက် ပုစွန်ဆီလေး တစ်ဆယ်သားက ရက်စက်စွာ ခုန်ဆင်း ပြန့်ခင်းသွားခဲ့လျက် ...

ထိစင်ခံရသည့် မိန်းကလေး ခြေဆောင့်ကာ စူပုပ ရေရွတ်နေဆဲမှာ အလှ မျက်လုံးလေးတွေက ဖိတ်စင်ထွက်ကျကုန်သည့် ပုစွန်ဆီတွေမှာ နှမြောခြင်းကြီးစွာဖြင့် ...

"ကုန်ပြီ .. ဘာမှ ပြန်မရတော့ဘူး .."

အိပ်ရာထသည်နှင့် အသားတစ်ခုခုနဲ့ ထမင်းကြော်စားတတ်သည့် ညီမလေးအတွက် ...၊

"ဘာလဲ .. ပြန်ကျူးမလို့လား .. ရော့ ကျူးမှာဖြင့် ပြောင်အောင် ကျူးသွား .."

"ကျွန်မ .. ကျွန်မ တောင်းပန်ပါတယ် ရှင် .."

ဆူညံသံ ထွက်သွားတာနှင့် လုံခြုံရေးသည် မျက်နှာပေါက်ဆိုးဆိုးနှင့် ရောက်လာကာ အမှိုက်ဂေါ်နဲ့ တံမြက်စည်းကို ပစ်ချပေး၍ ...

"မလိုဘူး မတောင်းပန်နဲ့ .. ဒါတွေ ရှင်းသွား .."

"ဟုတ် .. ဟုတ်ကဲ့ .."

ညီမလေး သိလောက်ပါပြီ ...၊ 'မမ ဘာဘာ့ ကို အရှက်လာခွဲတာ'



www.burmeseclassic.com

www.burmeseclassic.com



ဆိုပြီး ခုလောက်ဆို ခြေဆောင့် ငိုနေပြီလား မသိ ..၊ ကိုယ့်ဘာသာ မရှက်နိုင်ဘဲ ညီမလေး ရှက်နေမှာကို စိတ်ပူမိ၏။

အားလုံး ဝိုင်းကြည့်နေကြသည့်ရှေ့မှာ အလွှာ ဆောင့်ကြောင့်လေး ထိုင်ချလိုက်ပြီး ဆွဲခြင်းနဲ့ ကိုင်းကို မြန်မြန်ဆန်ဆန် ကောက်သည်။

လိမ့်ထွက်သွားသည့် ပဲပြားနဲ့ တစ်လုံးစီ ပြုတ်ထွက်သွားသော စတီးချိုင့်ကို ဂုတ်တုတ်လေးကနေ ဖင်ရွှေ့ကောက်စဉ် ချိုင့်ဖုံးက ခြေထောက်တစ်ဖက်ရဲ့အောက်မှာ ဖြစ်နေ၏။

ဒါပေမယ့် သူမ လှမ်းကြည့်လိုက်တာနှင့် ခြေထောက်က ဆတ်ခနဲ ပြန်ရုတ်သွား၏။ အလွှာ ဘယ်မျက်နှာကိုမှ မော့မကြည့်ရဲဘဲ ပဲပြားကိုပါ လိုက်ကောက်ပြီး ပြန်မထည့်မိအောင် မျက်လုံးလွှဲပစ်မိ၏။

ပြန်ရုတ်သွားသည့် ခြေထောက်ပိုင်ရှင်ကတော့ သူမအဖြစ်ကို သူမ ဒီထဲ စဝင်လာတည်းက မြင်နေပြီးဖြစ်ကာ ခြေထောက်ရှေ့ ရောက်လာတဲ့အထိလည်း ကြည့်နေမိတုန်းပဲ ဖြစ်သည်။

"ရှူး ..."

ပြီးတော့မှ ကောင်လေးတစ်ယောက်ကို လှမ်းခေါ်ကာ သူမကို ပြ၍ တစ်ခုခု မျက်ရိပ်ပြသည်။ ပြီးတော့ ကောင်လေးလက်ထဲကို ပိုက်ဆံ ထည့်ပေးလိုက်၏။

အလွှာ ဘာမှလည်း မသိ ..၊ သိဖို့လည်း စိတ်မကူးပေ ..၊ သူမ သိနေတာက ဒါတွေကို မြန်မြန် ရှင်းလင်းပေးပြီးမှ ကမ္ဘာ ကို ရှာရမှာမို့..၊

"အစ်မ .."

"ဟင် .."

ကောင်လေးက သူမ ကောက်ကိုင်လိုက်သည့် တံမြက်စည်းကို ဆွဲယူ၍ ...

"အစ်မပစ္စည်းတွေပဲ ပြန်ကောက်သွားလိုက်ပါ.. ကျွန်တော် ဆက်လုပ်လိုက်မယ် .."





"ဟင် .. ဟုတ်လား .."

ထိုကောင်လေးကို ဦးသုံးကြိမ် ချမိတော့မတတ် ကျေးဇူးတင်သွားကာ အလွှာ လိုက်လိုက်လဲလဲ ပြုံးပြမိသည်။

"ကျေးဇူးပဲ နော် .. မောင်လေး .. အရမ်းကို ကျေးဇူးတင်ပါတယ်.."

ကျေးဇူးတင်စကား ပြောဖို့တော့ မမေ့လျော့သေးမယ့် ပြန်ရှာကြည့်လိုက်တော့ ကမ္ဘာ ကို မတွေ့တော့ပေ ..၊

အစ်မ တစ်ယောက်လုံးကို ပြန်စောင့်ခေါ်ဖို့တော့ မမေ့လောက်ဘူး ထင်ပါသည်။ ဒါဆို ခုလိုဖြစ်တာကို သိသွားလို့ တမင် ထားခဲ့ပြီး ပြန်သွားတာလား ..၊

မယုံနိုင်တာမို့ သေချာအောင် အထပ်ထပ် ရှာနေမိ၏။ ဒီတစ်ခါတော့ ခုန လိုက် 'စ' သည့် သတ္တဝါကိုလည်း မတွေ့တော့သလို ဘယ်သူကမှလည်း သူမကို စောင်းတောင် မကြည့်တော့ပေ ..။

ထို့ပြင် ခွေးသေကောင်ပုပ်ကြီး လမ်းထလျှောက်လာသည် ထင်နေသလား မသိ ..၊

"ညီစော်နံလိုက်တာ .."

"စိတ်ပျက်လိုက်တာဟယ် .. တစ်ခါတည်းတော့ ဆွဲမထုတ်ဘူး.. လုံခြုံရေးကလည်း .."

"မှုံးယစ်ရီဝေနေတာလေးတွေ ကုန်ပါပြီ .. ဘယ်ဈေးက သွားကျုံးလာတဲ့ အကြွင်းအကျန်တွေလဲ မသိဘူး .."

အမျိုးမျိုးသော ခင်မင်နှစ်လိုဖွယ် စကားသံတို့သည် သူမကို အပြင် ရောက်အောင် လေပြင်းတိုက်လိုက်သလိုရှိလျက် .. သူမအဖြစ်က တကယ့် အမှိုက်တစ်စ ..၊

သူမ အပြင်ရောက်လာပေမယ့် ဘာလုပ်ရမှန်း မသိ..၊ ကိုင်းပြုတ်နေသည့် ခြင်းစုတ်စုတ်လေးနှင့် ဖြစ်သလို စုကောက်ထည့်လာခဲ့သည်



www.burmeseclassic.com

www.burmeseclassic.com



တစ်လုံးစီ ပြုတ်နေသော တမင်းချိုင့်နှင့် ပေပွနေတာတွေ ...၊

ပြီးတော့ ထီးရယ် .. အထည်ချုပ်ဖို့အတွက် လိုအပ်တာလေးတွေ ဝယ်လာသမျှ ဖိတ်စင်ကျန်ခဲ့နိုင်ခဲ့ပေမယ့် တက်နိုင်သမျှတော့ ကောက်ထည့်လာခဲ့တာ ကျန်ခဲ့သေးလား.ဘာလားလည်း မသိ ...၊

အားငယ်ခြင်း .. ရှက်ကြောက်ခြင်းတို့ကြောင့် ခြင်းလေးကို ပြူးပြဲကြည့်နေရင်း မျက်ရည်ဝဲမိ၏။ ညက ညဥ့်နက်ခဲ့ပါပြီ ...၊ ဒါပေမယ့် သူမ အိမ်ပြန်ရမည် ...၊ တစ်ယောက်တည်းပဲ ပြန်ရတော့မှာဖြစ်ကာ ကိုယ် ဘယ်လိုပြန်ရမလဲဆိုသည့်ဒုက္ခကို တွေးမိတော့ ညီမလေး ဘယ်ကို ပြန်သွားသလဲဆိုတာကို တွေးပူလာမိသည်။

ပွဲခင်းထဲမှာလို လူပျောက်တာနဲ့ ဂေါပကရုံးကိုပြေးတိုင်ပြီး နာမည်လေး အော်ခေါ်ပေးပါ ပြောလို့ရရင်လည်း အကောင်းသား ...၊

ကမ္ဘာ က. စိတ်မြန်လက်မြန် ရှိလွန်းသည်။ ပြန်သွားတာလည်း ဖြစ်နိုင်သလို အထဲမှာပဲ ရှိနေသေးတာလည်း ဖြစ်နိုင်၏။

ဒါပေမယ့် သူမ ပြန်ရှာဖို့က မဖြစ်နိုင်တော့ပေ ...၊ ဒီမှာ ဆက်ပြီး ထိုင်စောင့်နေဖို့က ပိုဝေးပါသေးသည်။

"ဒီမှာ .. ခင်ဗျား တက္ကစီ ငှားချင်ရင် ဟိုဘက်ကို ဆက်လျှောက်သွားလိုက် .."

ဟင်!...

လာပြောသည့်လူရွယ်က တံခါးဝက အစောင့် ဖြစ်သည်။ သူ ပြသည့်နေရာကို လှမ်းကြည့်လိုက်တော့ လမ်းမဖြူးဖြူးရဲ့သောမှာ မှောင်ရိပ်ကျနေ၏။

တက္ကစီတော့ တွေ့ပေမယ့် အမှောင်ထဲမှာ ထိုးထားတာက ပါစင်ဂျာ ပြန်စောင့်တာဆိုရင် ...

"တက္ကစီက .."

ပြန်လှည့်ကြည့်လိုက်တော့ လာပြောသည့် လူရွယ်က ပြန်လှည့်





သွားပြီ ဖြစ်သည်။ ထိုစဉ် အထဲကနေ လျှောက်ထွက်လာသည့် လူတစ်ယောက်ကို မြင်လိုက်ရ၏။

တစ်ကိုယ်လုံး နက်နေအောင် ဘယ်လိုတွေ ဝတ်ဆင်လာသည်တော့ မသိ ...၊

အလင်းရောင်အားနည်းသော အမှောင်တစ်ဝက်အောက်မှာပဲ သူ့ခြေလှမ်းတိုင်းမှာ ရှူးဖိနပ်က တစ်ချက် တစ်ချက် လက်သွားတာကို သတိထားမိလိုက်သည်။

အရပ်ကြီးက ပြောရလောက်အောင် မြင့်မားနေကာ ခြေလှမ်းကျဲပေမယ့် သေသပ်သည်။ ငုံ့တာ မော့တာ မဟုတ်ဘဲ အနေတော် မျက်နှာထားက ပတ်ဝန်းကျင်ကို သတိထားလာတာမျိုးလည်း မဟုတ် ...၊

ထို့ကြောင့် ဒီလူ ကိုယ့်ကို သတိထားမိလို့ တမင် အခွင့်အရေးယောင့်ပြီး ထွက်လိုက်လာတာ မဖြစ်နိုင်ဟု သတ်မှတ်လိုက်သည်။

ကိုယ့်ကို လှည့်မကြည့်ဘဲ ဒီတိုင်း ဖြတ်ကျော်သွားတဲ့အထိ ရပ်ကြည့်နေမိပြီးမှ အရဲစွန့်ကာ ...

"ဒီ .. ဒီမှာ ..."

ထိုလူက ခြေလှမ်း နည်းနည်းနှေးသွားပြီး ပြန်လှည့်ကြည့်၏။ မီးရောင်နဲ့ အလှမ်းမဝေးသေးသည့် မျက်နှာက ဖျတ်ခနဲ မြင်လိုက်ရတာတောင် ရုတ်တရက် အမ်းသွားမိသည်။

လက်ခနဲ စူးရှသော မျက်လုံးတွေနဲ့ ကော့ထင်းနေသည့် နှာတံက သေချာမကြည့်ရဲအောင် ချောမွေ့နေကာ ...

"ဟို .. ဟိုလေ .."

ရုတ်တရက် မေးမယ့်စကားတွေ ဘယ်ရောက်ကုန်မှန်း မသိ ...၊ ဒါပေမယ့် ကိုယ်က ကိုယ့်ဒုက္ခနဲ့ ကိုယ်ပဲ .. သူ ဘယ်လိုလူဖြစ်ဖြစ် ကိုယ်နဲ့ မဆိုင် ...၊

"ရှင် တက္ကစီ ငှားမလို့လား ဟင် .."



www.burmeseclassic.com

www.burmeseclassic.com



သူ့နားကို ခပ်သွက်သွက်လေး လျှောက်သွားလိုက်မိကာ ...

"ဟို တက္ကစီက ရှင့်ကို စောင့်နေတာလား .."

"မဟုတ်ဘူး .."

စကားသံက အက်ရှရှနှင့် နားယောင်လို့လည်း မဆိုး ..၊

အလွှာ သူ့ဆီးရောက်အောင် သွားပြီး ရဲရဲတင်းတင်းပဲ မော့ကြည့်လိုက်မိကာ ...

"ဒါဆိုရင်လည်း ဟိုမှာ တက္ကစီ ရပ်ထားတာ ကျွန်မကို တစ်ချက်လောက် မေးပေးပါလားရှင် .. ကျွန်မ .."

"အဲဒါတွေက အော်ဒါ လာစောင့်နေတာ .. သွားခေါ်လို့ မရဘူး .."

"ဟင်!..."

"ဒီကနေ လမ်းမမှာ ထွက်စောင့်မှ ရမယ် .. မင်း လိုက်ချင် လိုက်ခဲ့လေ .."

"ဟင်!... ဘယ်ကိုလဲ .."

သူက ဘာမှပြန်မဖြေတော့ဘဲ စိတ်မရှည်သလို ဘစ်ချက်ကြည့်ပြီး လှည့်ထွက်သွား၏။

အလွှာ ဒီတိုင်းလေး ကျန်ခဲ့ပြီးမှ ပြေးလိုက်ရပြန်ကာ ...

"နေပါဦး .. ရှင်လည်း လမ်းမ သွားမှာလား .. ကျွန်မက မသိလို့ပါ .."

အလွှာ ပြေးလိုက်ရသမျှ ကိုင်ထားရသည့် ခြင်းထဲက ပြုတ်နေသော စတီးချိုင့်တွေက သံစုံမြည်နေလေသည်။ လူချင်းနီးသွားတော့ ထိုသူက အသံတွေ မြည်နေတာကို ပြန်ငဲ့ကြည့်၏။

ဒီတစ်ခါ နံ့သည် စော်သည် ပြောမည့်အပြင် နားငြီးသည့်ပုဒ်မဝါ အတပ်ခံရတော့မှာမို့ သူ ငဲ့ကြည့်လိုက်တာနှင့် အလွှာ က ခြင်း တစ်ခြင်းလုံးကို ဖိပိုက်ထားလိုက်၏။





ကိုယ့်လက်ထဲက အရုပ်ကို လာလုမှာစိုးသည့် ကလေးလိုမျိုး ..၊ ပြီးမှ ကိုယ့်ဘာသာ မလုံမလဲ ဖြစ်သွားမိရင်း ...

"ဟို .. ဟို .. အဲ့ဒါကလေ .."

"မင်းက အဲဒီထဲမှာ ဘာဝင်လုပ်တာလဲ .."

"ကျွန်မ .."

ဖြေမလို့ ပြင်ပြီးမှ သူ့ကို အံ့သြသလို မော့ကြည့်မိ၏။

"ရှင် .. ကျွန်မ ဖြစ်နေတာကို သိတယ် ဟုတ်လား .."

သူက အလွှာ ကို စောင့်သလို ခြေလှမ်းစိပ်လိုက်ပေမယ့် မေးတိုင်းလည်း မဖြေ ..၊

သူမကတော့ ဒီလူကို လူကောင်းတစ်ယောက်လို့ ကိုယ့်ဘာသာ သတ်မှတ်ထားလိုက်တာမို့ ဘယ်လိုပုံစံ အထာကြီး လုပ်နေပါစေ စိတ်မဆိုးနိုင် ..၊

သူက ပြန်မဖြေ ..၊ ထပ်မမေးပေမယ့် ကိုယ်ပဲ ခေါင်းလေးညိတ်တာ ...

"ကျွန်မ ညီမလေးကို လိုက်ခေါ်တာပါ .. ကျွန်မကိုက မှားတာပါရှင် .. သူ့မှာ သူငယ်ချင်းတွေ ရှိပါတယ် .. အုပ်စုနဲ့ သွားလာကြတဲ့ သူကို တစ်ယောက်တည်းသမားက လိုက်ပူနေမိတာ .. ပြီးတော့ .."

သူမ အသံလေးက အားနည်း ဖျော့ကျသွားကာ ...

"အဲ့ဒီလို တကောက်ကောက် လိုက်နေတာကို သူ မကြိုက်ဘူး.."

"သူ့ကို ထိန်းဖို့ မင်းပဲ ရှိတာလား .."

မိဘတွေကို မေးသည့် မေးခွန်းမှန်း နားလည်လိုက်ကာ ...

"အိမ်မှာ မကျန်းမာတဲ့ အဒေါ်တစ်ယောက် ရှိတယ် .. ဒါပေမယ့် ကျွန်မတို့မှာ ပြေးကြည့်မှ ဆွေးသားရင်းချာဆိုလို့ ဒီညီအစ်မနှစ်ယောက်ပဲ ရှိတာပါ ..၊ ဒါနဲ့ ရှင်က ဒီနေရာနဲ့ ရင်းနှီးသလား ဟင် .."

သူမရဲ့မေးခွန်းကို သူက မဖြေပါ ..၊ လမ်းမပေါ်ရောက်လာသည်



www.burmeseclassic.com

www.burmeseclassic.com



နှင့် တက္ကစီ တန်းစော့သည်မို့ တားလိုက်ကာ ...

"ကိုယ်ပါ လိုက်လို့ ရမလား .."

"ဟင် .. အို .. ရပါတယ် .. ဒါပေမယ့် ကျွန်မအိမ်ကို အရင်ပို့ပေးပါနော် .."

ဒါလည်း ဘာမှ ပြန်မဖြေဘဲ တက္ကစီပေါ် အသံတိတ် ဝင်ထိုင်သည်။ ညဘက်ကြီး တက္ကစီတွေက ဈေးကြီးသည်။

ဒါနဲ့တောင် ဘာမှ ဈေးမမေးဘဲ ဝင်ထိုင်၏။ အလွှာ နောက်က လိုက်ဝင်လိုက်ရပေမယ့် ရင်ထဲမှာ အောင့်သက်သက်နှင့် ..၊

ဒီတက္ကစီခ တစ်ယောက်တစ်ဝက်ဆိုရင်တောင် အနည်းဆုံး သုံးလေးထောင်အထက်မှာပဲ ရှိလိမ့်မည်။ ဒီကြားထဲ သူက ဒီနားတင် ဘညာတွေပြောပြီး သူ့ဘာသာ ဈေးဖြတ်ပေးသွားလျှင် ရှိတာလေး တော့ ကုန်ပါပြီ ..။

ဒီလူ အဲဒီလို ကတ်ဖိုးကတ်ဖဲ့တော့ မလုပ်တန်ရာပါ ..၊

ကိုယ့်အတွေးနဲ့ ကိုယ် သူ့မျက်နှာကို မသိမသာ ခိုးပြီး အကဲခတ်လိုက်မိ၏။

သို့သော် လမ်းပေါ်က မီးရောင်တစ်ချက် အဖြတ်မှာ ထူနက်သော မျက်တောင်တိုစိပ်စိပ်တို့ကို သေချာကြီး မြင်လိုက်ရသဖြင့် ကမန်း ကတန်း မျက်နှာလွှဲရသည်။

သူ့ကို ချောလွန်းလို့များ ခိုးကြည့်တယ်ထင်ရင် ဒုက္ခ ..၊

ငွေပြီးရင် ငွေ ပွတ်ချာ ရေတွက်နေရသည့် ကိုယ့်ဒုက္ခလောက ဘာကိုမှ အရေးမထားနိုင်သည့် ဘဝအကြောင်းတွေ ဒီလိုလူတွေက နိုင်မလား ..၊

မျက်နှာ ငုံ့လိုက်မိစဉ် ကိုယ်ပွေ့ထားခဲ့သည့် ဆွဲခြင်းနဲ့ ချိုင့်တွေ သတိရသွားပြန်သည်။ ထိုစဉ် ကားက ဘရိတ် ဆောင့်အုပ်လိုက်သဖြင့်

"ဒုန်း .. ဂလွမ် .."





"အို .. ဖြစ်ပြန်ပြီ .."

ရှေ့က ကူရှင်ကို ခေါင်းနဲ့ ပစ်တိုက်မိကာ ခြင်းနဲ့ ချိုင့်တွေက ခြေထောက်ကြားထဲ ခုန်ဆင်းကုန်ကြ၏။

ခုနလည်း ဒီလို ဂလုံ ဂလွမ်တွေကြောင့် သူ လှည့်ကြည့်ပြီးပြီ ..၊ အလွှာ သူ့ကို မကြည့်ရဲတော့ဘဲ ကိုယ့်ပစ္စည်းလေးတွေကို ကုန်း ကုန်းကွကွ ပြန်လိုက်စုမိသည်။

"ဟာ!... ဘာနံ့ကြီးလဲ .."

ဒရိုင်ဘာဆီကနေ အလွှာ မကြားချင်ဆုံး ညည်းညူသံ ထွက်လာ ၏၊ ထို့ပြင် ...

"ညီလေး .. ဆောတံခါး ဖွင့်လိုက်ပါလား .. အဲကွန်း ပိတ်လိုက် ယ် .. အနံ့ပြယ်သွားအောင် ခဏပေါ့ .."

"ရတယ် .. မပိတ်နဲ့ .."

သူ့အသံက ပြတ်တောက်နေပေမယ့် အာဏာရှင် ဆန်၏။ ဒရိုင် ဘာထံမှ အသံထွက်မလာတော့ပေ ..၊

ချိုင့်နှစ်ဆင့်ခွဲစလုံး ခြင်းထဲ ပြန်စုထည့်မိပေမယ့် အပေါ် ဆွဲမတင် တော့ဘဲ အလွှာ ကိုယ့်ဘာသာ အဖွန်ဘက်ကို ပိုကပ်ထိုင်လိုက်၏။

ခုလောက်ဆို ဒီခြင်းတွေ ချိုင့်တွေကနေ ထိကပ်ပေကျံနေသမျှ ကိုယ်က ထွက်နေမယ့် အနံ့အသက်ကလည်း ကောင်းနိုင်ဖွယ် မရှိ..၊

"ဟို .. ဒီက အစ်ကို့ကို အားနာပါတယ် .. ဆောရီးပါ နော် .. ချိုင့်က ယေနေပေမယ့် ဆေးဖို့လည်း မလွယ်ဘူးလေ .. လွှင့်ပစ်ခဲ့ဖို့က လည်း ကျွန်မ မပစ်နိုင်လို့ပါ .."

သူ့မျက်နှာ ဒီဘက်ကို ငဲ့ရုံလေး စောင်းကြည့်လာ၏။ ပြီးမှ ...

"မင်းညီမနောက်ကို ထမင်းချိုင့်နဲ့ လိုက်နေရတာလား .."

"အို .. မဟုတ်ပါဘူး .. ထမင်းထည့်ဖြစ်တာက တစ်ခါတလေ ပါ .. ဟို အပြင်မှာ အထည်အပ်ရမှာတွေ .. ဈေးဝယ်ဖို့တွေနဲ့ အိမ်က



www.burmeseclassic.com

www.burmeseclassic.com



ဆောဆောထွက်လာရတဲ့အခါ အဆာပြေ စားဖို့ ထည့်လာရတာမျိုး...
အခင်း ပါပါ မပါပါ အမြဲတမ်း ပွဲဖြစ်နေတာကျတော့ ..."

ပြောပြနေရင်း ကလပ်ထဲမှာ ဖိတ်စင်ကျန်ရစ်သည့် ပုစွန်ဆီ... နှမြောတသစွာ မြင်ယောင်ရင်း ...

"အထည်တွေက ညနေတိုင်းလိုလို သွင်းဖို့ရှိနေတာလေ .. ဖြစ်... တိုင်း မနက်ဖြန့်အတွက် ဟင်းစားဝယ်ရတယ် .. ညီမလေးကို ဝင်ကြို... မိုးချုပ်တတ်တော့ ဟင်းထုပ်ကြီး ဒီတိုင်း မထားချင်လို့ ချိုင့်ထဲ ထည့်... ထားတာ.. ကျွန်မ ဈေးထဲက အကျန်တွေ ကျုံးလာတာ မဟုတ်ပါဘူး..."

သူမအဖြစ်ကို ဒီလူ မြင်ပြီးသားပဲ နေမှာပါ .. ပြောကြတာတွေ... လည်း ကြားပြီး ဖြစ်လိမ့်မည်။

ထို့ကြောင့် ကုန်စင်အောင်ပဲ ပြောပြလိုက်မိ၏။

ကားထဲမှာ ယောကျ်ားသားနှစ်ယောက်နဲ့ အချိန်မတော် ရှိနေ... မယ့် ဒီလူ့လေသံဟန်ပန်ကို ကြည့်ပြီး အကြွင်းမဲ့ ယုံကြည်လိုက်မိသည်... စိတ်က ဘယ်လို ဖြစ်တည်လာမှန်း မသိ ...၊

ထို့အတူ ကိုယ့်အကြောင်းတွေကိုပါ ပေါ့ပါးစွာ ပြောပြနေမိသည်...

"မင်းညီမက ညအထိ ဘာလုပ်တာလဲ .."

"ရှင်!..."

ရုတ်တရက် မေးလာသဖြင့် အံ့သြသွားမိ၏။ သူ ဖျတ်ခ... ကောက်မေးလိုက်တိုင်း ညီမလေးအကြောင်းချည်းပဲမို့ ကလပ်ထဲ... ဘာဘာ နဲ့ သူမ ဆွဲလွဲပြောရင်း အဆင်မပြေဖြစ်နေကြတာတွေထိ ဒီ... မြင်ခဲ့သလား ...၊

ဘာဘာ့ ကို အစတည်းက သိနေပြီး ခုမှ သူ့အစ်မမှန်း သိ... ကိုယ့်ဆီမှာ စုံစမ်းနေတာလား ...၊ ခဏအတွင်းမှာ အတွေးတွေနဲ့ ... သွားခဲ့၏။

"ဆောရီး .. ကိုယ် မေးတာ ဘောင်ကျော်သွားပြီ .."





"ဟင့်အင်း .. မကျော်ပါဘူး ရပါတယ် .. ကျွန်မကလည်း ပြော...တာပဲဟာ .."

ဒီလူ ဇရုတ်ကျချင်တာ မဟုတ်ဘူးလို့ စိတ်က ချက်ချင်း ယုံကြည်...ပြန်၏။ ထို့ကြောင့် ...

"ညီမလေးက .. ညီမလေးက .. ဟို .."

စားသောက်ဆိုင်မှာ သီချင်းဆိုတယ်လို့ မပြောချင် ...၊ ဒါပေမယ့် ...ပြီးသည့်လူဆိုရင်လည်း လိမ်ညာသလို ဖြစ်သွားရင် မကောင်း...၊

"ညီမလေးက အရမ်းလှတာ .. သူ့ကို တခြား ပင်ပန်းတာ ဘာ...မှုလည်း မလုပ်စေချင်တော့လေ .. အဲ့ဒါနဲ့ .."

စကား မဆက်နိုင်သေးခင် သူက ဖျတ်ခနဲ ငဲ့ကြည့်၏။ အလွှာ...လေး ကျုံ့သွားကာ ...

"သီချင်းဆိုတာလေ .. သူတို့ဆိုတဲ့ ဆိုင်က အကြီးကြီးပဲ .. လုံခြုံ...ည်း ကောင်းတယ် .."

"ဒါဆို သူ့ကို မင်းကိုယ်တိုင်က သီချင်းဆိုခိုင်းခဲ့တာပေါ့ .."

"မဟုတ်ပါဘူး .. အဲ .. ဟုတ်တယ် .."

...ခနိုင်လို့ ကြည့်နေရတာပါလို့ ဘယ်လိုလုပ် ပြောရက်ပါ့မလဲ ...၊ ...ညာနေရသည့်အဖြစ်ကြီးကို ကြွကြွခံ တည်ဆောက်နေရင်း ...

"သူက လှလည်း အရမ်းလှတာ .. အသံလည်း ကောင်းတယ်.."

"ဒါပေမယ့် မင်း ခိုင်းလို့ သူ မပျော်ဘဲ လုပ်နေရတာပေါ့ .."

"သူ ပျော်ပါတယ် .. ဒါပေမယ့် မပျော်ဘူး .. အဲ မပျော်ပေမယ့်...နော် .. အိမ်မှာ သူ့ဝင်ငွေလေးလည်း ရှိချင်မှာပေါ့ .."

အလွှာ မျက်နှာလေး မဲ့သွားကာ မသိမသာ လည်ပင်းပွတ်နေ...။ သူမ လုပ်နေတာကို ဘယ်သူမှ မမြင်ဘူး ထင်ပေမယ့် အလင်း...င်တွေ တရှုပ်ရှုပ် ဖြတ်ပြေးနေတာကို မေ့လျော့နေပုံ ရသည်။

စိုက်ကြည့်နေသည့် မျက်လုံးတွေက ရှေ့ပြန်လှည့်သွားပြီး ...



www.burmeseclassic.com

www.burmeseclassic.com



ခမ်းထောင့်မှာ ပြုံးရိပ်ထင်၏။

"ဒီမှာ ကားဆရာ .. မြေနီကုန်းမီးပွိုင့်ထိ ဘယ်လောက်လဲဟင်.."

သူမ မေးသံကြောင့် ကားသမားက နောက်ကို ကျောကပ်၍ မျက်နှာငဲ့ကာ ...

"မြေနီကုန်း ဘယ်ထိလဲ .."

"ဩော် .. မီးပွိုင့်မှာပဲ ဆင်းမှာ .. ဘယ်လောက်လဲလို့ .."

"ရှင်းရှင်းပြောရရင် နေ့ဆိုရင်တော့ .."

"ကဲပါရှင် .. ရှင်းရှင်း ပြောမယ်ဆိုလည်း စကားပလ္လင်တွေ မခံဘဲ ပြောစမ်းပါ .. အခု ဘယ်လောက်လဲ .."

"ဟုတ်ပြီများ .. ကဲ .. ရှစ်ထောင်ပဲပေး .."

"ဘုရား!... ဘုရား .."

အလွှာ ဘယ်လိုမှ မျှိုသိပ်မထားနိုင်တော့ဘဲ ဘုရားတမိလေသည်။ စိတ်ဆင်းရဲရ သက်သာအောင် မဖြစ်နိုင်တဲ့ ဈေးကို တိုးမွှား တွက်ထားတာတောင် ဒီလောက်တော့ မထင်ခဲ့ပေ ..။

"အချိန်ကိုလည်း ကြည့်ဦးလေဗျာ .. ဆယ်နာရီခွဲနေပြီ .."

"ဒါပေမယ့် သုံးလေးထောင်ပဲ ရှိတဲ့လမ်းကိုရှင် .."

"ဒါက ညလေ .."

"ဒါပေမယ့် .."

သူမ ကားသမားကို ပြောမနေတော့ဘဲ သူ့ကို သတိရကာ ပြော လက်စကို ရပ်ပစ်လိုက်ပြီး ...

"ရှင်က ကျွန်မ ဆင်းမယ့်နေရာထက် ကျော်မယ်မို့လား .."

"ကျော်တော့ .."

"မဟုတ်ဘူးလေ .. ကျွန်မကို ဦးစားပေးပြီး တမင် လိုက်လာရတာ မဟုတ်ဘူးဆိုရင်တော့ ရှင် ပိုခံသင့်တာပေါ့ .."

"ဟာ .. ငါ့ညီတို့က အတူတူ ဆင်းမှာ မဟုတ်ဘူးလား .."





ကားသမား ပျာယိပျာယာ လှည့်မေးလိုက်တော့ နှစ်ယောက်စလုံး တိတ်ကျသွားလျှင် ...

"ဒါဆိုရင်တော့ ဒီဈေးနဲ့ မရဘူး .."

"ခင်ဗျားကို ခေါ်လာတည်းက ဘယ်နေရာ ဘယ်ဈေးလဲလို့ မေးခဲ့သလား .."

"ဟုတ်ပါတယ် .. ဒါပေမယ့် .."

"ရပြီ .. ခင်ဗျား သူ့ကို အိမ်ရှေ့ထိ လိုက်ပို့ပေးရမယ် .. ပြီးရင် ကျွန်တော့်ကို ပြန်ပို့ .. ခင်ဗျား ပါးစပ်ပိတ်ထားပေးရင် ကျေးဇူးတင်ခပါ ထပ်ရမယ် .."

ဒီလိုကျတော့လည်း ကိုယ်ကချည်းပဲ ပြုံးပြနေသလို ဖြစ်သွားတော့ ခါးလေးတောင့်၍ ငြင်းခုံဖို့ အသင့်ရှိနေသည့် အလွှာ ကိုယ်လေး ငြိမ်သာ ပြန်လျော့ကျ၏။

ဘယ်သူမှ သတိမထားမိခင် ကိုယ့်ရဲ့ လောဘ မောဟတွေကို တိတ်တိတ်လေး ပြန်ဖြေ၍ ...

"ရပါတယ် .. မီးပွိုင့်မှာပဲ ကျွန်မကို ချပေးခဲ့ပါ .."

ပြောရင်း ပိုက်ဆံအိတ်လေးဖွင့်၍ ငွေလေးထောင် ထုတ်ကာ ...

"ကားဆရာ .. ရော့ .. ကျွန်မအတွက် လေးထောင် .."

ယူရမှာလား ..။ မယူရဘူးလား ကားသမားက သူ့ကို လှည့်ကြည့်၏။

သူက အသံတိတ်နေသဖြင့် ...

"နေပေ့စေတော့လေ .. သူနဲ့ ရှင်းရမှာလို့ ပြောပြီးပြီပဲ .."

"အို .. ကျွန်မတို့က နှစ်ယောက် စပ်ငှားထားကြတာ .. ဘာဖြစ်လို့ အလကားစီးရမှာလဲ ..။ ရော့ .. ကျွန်မအတွက် .."

ဂိယာတံရဲ့ ဘေးမှာပဲ ဒီတိုင်း ချထားပေးလိုက်ကာ မီးပွိုင့်ဆီကို လှမ်းလာသည်နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"ရပြီ .. ရပ်တော့ .."

သူမ ခြင်းလေးကို ဒီတစ်ခါ လွတ်မကျအောင် သေချာ စုစည်းကောက်ယူပြီး ဆင်းလိုက်ကာ ...

"ရှင့်ကို ကျေးဇူးတင်ပါတယ် .."

ပြောပြီး လှည့်ထွက်လိုက်လျှင် ...

"အရမ်းမှောင်နေပြီ .. မင်း အဆင်ပြေမလား .."

"ရတယ် .. ကိုယ့်နေရာ ရောက်နေပြီ .. သွားရဲတယ် .."

နှုတ်ဆက်ဖို့လည်း ပြန်စောင့်မနေတော့ဘဲ သူမ လှည့်ထွက်သွားခဲ့လျှင် ...

"အပုန်း .. တော်တော် ရယ်ရတယ် .. ကားခကို ကက်သတ်ဆစ်ပြီး ဆတ်ဆတ်ထိလည်း မခံဘူး ..၊ ကားပေါ်မှာ သူ့အသံချည်းပဲ.."

"အခု ခင်ဗျားအသံကို ပိတ်ပေးရင်လည်း ကျေးဇူးတင်ခ ထပ်ရဦးမယ် .. အိုခေ .."

ကားသမား အသံ တိခနဲ တိတ်လေသည်။

အရာရာအတွက် အရေးကြီးဆုံးက ငွေ ..၊





အခန်း (၆)

"လူတွေက ငွေစကားပြောရင် မကြိုက်ဘူး ..ဘာဖြစ်ဖြစ် ငွေပဲအရေးကြီးတာ .. ငွေရှိမှ ဖြစ်တာ .. အဲဒီငွေက ကိုယ့်ဆီမလာရင် ကိုယ်က ငွေရှိတဲ့နောက် လိုက်ရမှာပဲ .."

"အေး .. လိုက်လေ ..ငွေကို ဘယ်လိုဏ်ခေါင်းမှာ သွားဖောက်ယူမလဲ .. တွင်းတူးပြီး လှေကားထောင် ဆင်းမှာလား .."

ပြောနေရင်း ပြောရခက်လာတော့ အလွှာ့ စကားသံလေးတွေပါ ဒေါပါလာ၏။

"နင် ရှေ့ကသွားရင် နောက်ကနေ ငါ အိတ်တွေ လွယ်ပြီး လိုက်ပေးမယ် .."

"မလိုအပ်ဆုံးက အဲ့ဒါပဲ .."

"ဟုတ်တယ် .. ဘယ်လိုအပ်မလဲ ဘာဘာ .. ငွေကို တွင်းတူးယူလို့မှ မရတာ .."

"ဘယ်လိုနည်းနဲ့ ရသလဲဆိုတာရော.. ဘာဘာ သိသလို မမ သိ



www.burmeseclassic.com

www.burmeseclassic.com



လို့လား ..”

“သိတယ် .. ငါက သိတယ် .. သိလို့ စိတ်ပူပြီး တကောက်ကောက် လိုက်နေရတာ ..”

“ဟွန်း ..”

“ဘာဘာ ..”

အလွှာ က ဘာဘာ့ လက်မောင်းလေးတစ်ဖက်ကို ဆုပ်ကိုင်ပြီး မျက်နှာချင်းဆိုင် လှည့်လိုက်၏။

“သူများဆီက တစ်ခုခုလိုချင်ရင် ကိုယ့်ဆီက တစ်ခုခုကို ပြန်ပေးရတယ်ဆိုတာ နားလည်ရဲ့လား ..”

“တော်ပါ မမရာ ..”

ကမ္ဘာ က ကိုင်ထားသည့်လက်ကို ဖယ်ချလိုက်ကာ ...

“နောက်ထပ် စာအုပ်ကြီး ဖွင့်ပြီး ဆုံးမစကားတွေ ပွားဦးမလို့လား .. သိတယ် .. ကြားဖူး သိဖူးပြီးသားတွေ .. မမ ပြည့်ပြည့်စုံစုံ မသိသေးရင်တောင် ဖြည့်ပြီး ရွတ်ပြလိုက်ဦးမယ် .. မကောင်းတာလုပ်ရင် မကောင်းတဲ့ပြစ်ဒဏ် ခံရမှာလေ .. ဒါပေမယ့် ကမ္ဘာပေါ်မှာ လူဆိုးနဲ့ လူကောင်း ဘယ်ဟာက ပိုများသလဲ .. အဲဒါရော လူတွေ တရားမသိလို့ ဆိုးနေကြတာလား ..”

စကားတတ်လွန်းသည့် နှုတ်ခမ်းပါးတို့က အလွှာ ဘယ်လိုမှ ပြောဖို့ တိုးမပေါက်နိုင် ...၊

“မမက အကြီးပေမယ့် အသက်ချင်းလည်း သိပ်မကွာကြပါဘူး.. နေရာတကာ အမေတစ်ယောက်လို မေတ္တာတွေ မနိုင်မနင်း ထုတ်ပြချင်မနေပါနဲ့ ..”

“ဘာဘာ .. နင် စော်ကားလှချေလား ..”

“စော်ကားမိမှာစိုးလို့ မမကို ဘာဘာ သွားလေးရာ မလိုက်ပါနဲ့.. နေရာတကာ မပါပါနဲ့လို့ ပြောနေခဲ့တာပဲ ..”





“ငါတို့မှာ ညီအစ်မ နှစ်ယောက်တည်း ရှိတာ ဘာဘာ ..”

“အမေ မွေးတုန်းက တစ်ယောက်စီ မွေးခဲ့တာပဲ .. မမ တစ်ယောက်တည်း မွေးပြီး ဘာဘာ့ ကို မမွေးခဲ့ရင် မမမှာ နှစ်ယောက် ရှိနေနိုင်ပါ့မလား ..”

ပြတင်းပေါက်က ခပ်ကြမ်းကြမ်း ဝင်လာသည့်လေက ကမ္ဘာ ရဲ့ ဆံပင်တွေကို မျက်နှာတစ်ခြမ်းလုံး အုပ်ကွယ်သွားအောင် ဆွဲယမ်းသွားခဲ့၏။

ကမ္ဘာ က အလွှာ့ ကို အကြည့်မပျက်ဘဲ မျက်နှာပေါ်က ဆံပင်တွေကို အေးဆေးစွာ ဖယ်ချကာ ...

“ဘာဘာ ငွေလိုချင်တယ်.. ချမ်းသာချင်တယ် .. လူမစွမ်း နတ်‘မ’ ဆိုပေမယ့် နတ်‘မ’ပါစေဆိုပြီး အိပ်ပျက်ခံ ဆုတောင်းမနေနိုင်ဘူး ..”

“အဲ့ဒါနဲ့ပဲ မင်းစက်အာဏာ ကို တာ့ဂတ်ထားလိုက်ရောလား ..”

“ဟုတ်တယ် .. သူ့ထက် ချမ်းသာတာတောင် သူ့လောက် မချမ်းသာနိုင်ဘူး .. အရမ်းချောတယ် .. တည်တယ် .. မိန်းမတိုင်း .. လူတိုင်း မက်မောလောက်တဲ့ ချမ်းသာမှု သူ့မှာ ရှိတယ် ..”

“တကယ် မချမ်းသာဘဲနဲ့ အဲဒီလို နာမည်ကြီးအောင် နေပြနေတာဆိုရင်ရော ဘာဘာ .. လူလိမ်တွေက ပိုပြီး ဟန်ဆောင်ကောင်းတယ်..”

“သူ့လိုလူက လိမ်ချင်တယ်ဆိုရင်လည်း ကျေကျေနပ်နပ်ဘဲ အလိမ်ခံလိုက်မယ် ..”

“ဘာ!... ဘာပြောတယ် ..”

“မမ သူ့ကို နာမည်ပဲ သိခွင့်ရလိုက်တာ ကံဆိုးတာပဲ .. သူ ဘယ်လောက်ထိ ဆွဲဆောင်မှုရှိတဲ့ယောကျ်ားလဲ မမ မသိပါဘူး ..”

“တော်စမ်း ဘာဘာ ..”

ဘာကြောင့်မှန်း မသိဘဲ ဒီလိုစကားလုံးတွေကို ကြားနေရတာနဲ့ တင် နားရှက်နေမိသည်။ အိမ်ထဲမှာ ဒေါ်လေးလည်း ရှိနေသည်။



www.burmeseclassic.com

www.burmeseclassic.com



နေမကောင်းလို့ မှိန်းနေပေမယ့် ခုလောက်ဆို ဒီစကားတွေကို ကြားပြီး စိတ်လက်ညစ်ညူးစွာ ငုတ်တုတ် ထထိုင်နေလောက်ပြီ ထင်သည်။

"အဲဒီလူက မိန်းမ လေးယောက် ရပြီးသား .."

"လက်ထပ်ဖူးတာပါ .. ဘာ လေးယောက်လဲ .. လေးယောက်ဖြစ်ဖြစ် .. တကျိပ်ဖြစ်နေနေ .. အဲဒါ သူ့အရည်အချင်းပဲ .."

ကြည့်စမ်း ..။

"ဘာမဟုတ်တဲ့ ယောကျ်ားတွေတောင် ဟောတစ်ယောက် ဟောတစ်ယောက် တွဲနေကြတာ .."

"ဘာဘာ .. နင် ငါ့ကို အစ်မတစ်ယောက်ရယ်လို့ နည်းနည်းလောက်ပဲ လေးစားသမှု ထားပေးပါ .. ငါ ပြောတာကို .."

"မပြောဘဲနေရင် လေးစားပေးမယ် .. ဘာဘာ ပြောသလို အေးအေးနေဦးမယ်ဆိုရင် ဘာဘာ ရှာလို့ရသမျှ မမကို အပ်မယ် .. အခု ဘာဘာ တစ်ည တစ်ည ရတဲ့ဝင်ငွေက .."

"မလိုဘူး .. ငါ လိုချင်တာ ငါ့ရင်ခွင်နဲ့ အနီးဆုံးမှာ အေးချမ်းစွာ ရှိနေမယ့် ငါ့ညီမလေးပဲ .. ငွေ မဟုတ်ဘူး .."

ကမ္ဘာ က စိတ်ပျက်သွားသလို ခေါင်းခါပစ်သည်။

"ချစ်တာ မေတ္တာတွေနဲ့ ဘဝကို ကဗျာတစ်ပုဒ်လို ချရေးဖို့ မကြိုးစားစမ်းပါနဲ့ မမရယ် .. မမနဲ့ ဘာဘာ အသည်းပေါက်အောင် ချစ်နေကြတာနဲ့တင် ဘဝကြီးက ပြည့်စုံချမ်းသာသွားမှာ မဟုတ်ဘူး .. လူကြီးတွေ ပြောသံ ကြားဖူးတယ် .. မိန်းမတို့ရဲ့ဥစ္စာမနေဆိုတာ အလှတရားပဲတဲ့ .. ဘာဘာ တို့ကို ချောလိုက်တာ လှလိုက်တာလို့ လူတိုင်း ပြောနေကြပြီး ဘာဖြစ်လို့ ဆင်းရဲနေတာလဲ .. ဘာဘာ ဆင်းရဲတာကို မုန်းတယ် .."

"သူဌေးတွေကို မော့မကြည့်နဲ့ ဘာဘာ .. ငါတို့ဘဝနဲ့ ငါတို့





ပတ်ဝန်းကျင်မှာ ကိုယ့်အိမ်ရာနဲ့ ကိုယ့်ပညာနဲ့ .. ငါတို့ ဘယ်လောက်ထိ ဆင်းရဲနိမ့်ကျနေလို့လဲ .."

"ဒါတွေကို ပြည့်စုံလှပြီလို့ ထင်နေတည်းက မမက ဒီလောက်နဲ့ပဲ ကျေနပ်နေတာကိုး .."

ဘာဘာ က ခေါင်းတခါခါနှင့် ဘာတွေကို စိတ်ပျက် ရှုံ့မဲ့နေမှန်းမသိ ..။

အိမ်နေရင်း ပခုံးချိုတ် လက်တစ်လုံး ကြိုးပျော့ ဖဲသားအကျီအနီရောင်လေးက တင်အောက်ထိပဲ ရှိကာ ဖွေးနုသော ပေါင်တံသွယ်သွယ်နှင့် ကိုယ်လုံးအလှကို ထင်းရှင်းစွာ ပြထားသလိုပင် ..။

ကမ္ဘာ က အိမ်မှာ ဒီပုံစံနဲ့ပဲ နေတာဖြစ်ကာ သတင်းစာ ထွက်ကောက်ရင်လည်း ဒီတိုင်း ..၊ ဈေးသည်လာလို့ လမ်းပေါ်ထိ တစ်ခုခု ထွက်ဝယ်ရင်လည်း ဒီပုံစံနဲ့ပဲ ဖြစ်လေသည်။

တစ်ခါတစ်ခါ မုန့်တီသွားသောက်ဦးမယ်ဆိုပြီး ပိုက်ဆံအိတ်လေးတစ်လုံး ကိုင်၍ လမ်းထိပ်ထိ ထွက်သွားရင်လည်း အပေါ်ထပ်လေးတော့ ဝတ်သွားပါဦးဆိုပြီး ကိုယ့်ဘာသာ အကျီပြေးဝင်ယူ .. သူမကို ကိုယ်တိုင် ဝတ်ပေးတော့မလိုဖြစ်မှ အလွှာ လက်ထဲက စိတ်မရှည်စွာ ဆွဲယူဝတ်ဆင်တတ်၏။

ဒါပေမယ့် သူမ၏ ကျစ်လျစ်သွယ်လျသော ကိုယ်လုံးအလှနှင့် ခပ်တွန့်တွန့် ပခုံးအောက် ဆံပင်ရဲရဲက ဖြူနုသော သူမပုံစံလေးနှင့် ဘယ်လောက် ရိုင်းအောင် ဝတ်သွားသွား လှနေသည်သာ ..၊

"ရွှေမှုန်စားပြီး လှနေသလား ခင် .."လို့ ချာတိတ်လေးတွေ သီချင်းအော်ဆိုပြီး သမင်လည်ပြန် ကြည့်သွားကြတာလည်း ကမ္ဘာ ရာဇဝင်ပဲ ဖြစ်၏။

ဒါပေမယ့် ထိုအလှတရားတို့အပေါ်မှာ သူမကတော့ အလွဲမာနတို့နှင့် ...



www.burmeseclassic.com

www.burmeseclassic.com



"နေပါဦး မမ.. မမကို ကိုမင်းစက် အကြောင်း ဘယ်သူ သတင်း ပေးထားတာလဲ .."

ခုမှ မေးဖို့ သတိရလာတာ ဖြစ်သည်။ မမ ပါးစပ်ထဲမှာ မင်းစက် အာဏာ နာမည် ပါလာပေမယ့် မမက ကိုယ့်နောက် လျှောက်လိုက်နေ တာမို့ ဒါကို သိထားတဲ့အဖြစ်က အမှတ်တမဲ့ ..၊

သို့သော် မင်းစက်အာဏာ နဲ့ သူမ တွေ့ဂုတာ ဘယ်နှစ်ကြိမ် ရှိသေးလို့လဲ ..၊ ပြီးတော့ ကိုယ့်ကို ချဉ်းကပ်ဖို့ ကြိုးစားနေကြတဲ့ ယောကျ်ားတွေ တစ်ပုံတစ်ပင် ရှိပေမယ့် သူ့ကိုတော့ ကိုယ့်ဘာသာ ချဉ်းကပ်ဖို့ ကြိုးစားနေရတာပါ ..။

တွေ့လိုက်ပြီဆို သွားလာရင်း ခဏတစ်ဖြုတ် ..၊

ကိုယ့်အတွက် သူ့ဘက်က အချိန်ပေးပြီး ရင်းနှီးခင်မင်တဲ့အထိ နေရာမရသေးတာလည်း ကိုယ့်အခြေအနေ ကိုယ် သိသည်။ မမ ဘယ် လိုသိသွားတာလဲ ..၊ ဒါ မမဘာသာ သိသွားတာ ဖြစ်နိုင်ရဲ့လား ..၊

"မဖြစ်နိုင်ပါဘူး .."

ကိုယ့်အတွေးကို ကိုယ့်ဘာသာ ခေါင်းခါ ပယ်ချကာ ...

"ပြောလေ မမ .. သူ မိန်းမလေးယောက် ယူခဲ့ဖူးတာတွေ .. မကောင်းသတင်းတွေ မမကို ဘယ်သူ ပြောတာလဲ .."

"ပြောပြတဲ့လူ ရှိလို့ပေါ့ .."

အောင်ကောင်း နဲ့ တစ်ခါတလေမှ ဆုံဖြစ်ကြတာမို့ ကမ္ဘာ အောင် ကောင်း ကိုတော့ တွက်မိပုံ မပေါ်ပေ ..၊ သူမကလည်း ဘယ်သူပါလို့ နာမည်ထုတ်ပြောပြီး တစ်ဖက်က စေတနာနဲ့လူကို မစော်ကားနိုင် ..၊

ဒါပေမယ့် လိမ်ညာခြင်းမှာ သူက မကျွမ်းကျင် ..၊

"ငါ နင့်ကို စိတ်ပူပြီး တစ်ယောက်တည်း ဗျာများနေတာ နင် သိပါတယ် .. နင်နဲ့ ပတ်သက်တာတွေ ငါ သိထားတာ ဘာဆန်းလို့ လဲ .."





"ဆန်းနေလို့ပေါ့ .. ကိုမင်းစက် က သူလိုကိုယ်လိုယောကျ်ားမျိုး မဟုတ်ဘူး .."

"ဘာလဲ .. ချူပေါက်နေလို့လား .."

"ချူပေါက်တာက သတင်းထူးအဖြစ် အင်တာနက်မှာ ပါလာ လည်း အလွန်ဆုံး ခေတ်စားရင် တစ်ပတ်ပေါ့ .. ကိုမင်းစက် က အဲ့ဒါ တွေထက် ထူးခြားတယ် .. စိတ်ဝင်စားဖို့ ကောင်းတယ် .. လှျို့ဝှက် သလောက် သူ့ကို တစ်ခါကြည့်ပြီး စကားပြောခဲ့ပြီးရင် မျက်လုံးထဲ ကနေ ရင်ထဲထိ ငြိပါလာတာ .."

"အဲ့ဒါ နင်ပဲ ဖြစ်နေတာ ဘာဘာ .. ကိုယ်ထင်ရင် ခုတင် ရှေ့နန်း တဲ့ .. နင့်အတွက် အရမ်းအန္တရာယ်ကြီးလို့ ငါ ပြောနေတာ .. သူ ဒီလောက် ချောပြီး ချမ်းသာတာမှန်ရင်လည်း နင်က စားသောက်ဆိုင် က .."

"တော်ပါတော့ .."

ဒီလောက်ထိ အော်ဟစ်ပစ်လိုက်မည် မထင်သောကြောင့် အလွှာ ထိတ်လန့်သလို ဖြစ်သွား၏။ ပြီးတော့ တအံ့တသြ ငေးကြည့်ကာ ...

"ဘာဘာ .."

"မပြောနဲ့တော့ မမ .. ဘာဘာ စားသောက်ဆိုင်မှာ သီချင်းဆိုတာ ဒီ့ထက်မြင့်တဲ့ ဘဝတစ်ခုကို လိုချင်လို့ .."

"ဒီ့ထက်မြင့်တဲ့ ဘဝ .."

"ဟုတ်တယ် .. ငွေကို ရေလို သုံးနိုင်တယ်.. ဒီ အနုပ်စုပ် ဂုတ်စုတ် ပတ်ဝန်းကျင်က လွတ်ပြီး လူကုံထံဆိုတဲ့ အသိုင်းအဝိုင်းတွေနဲ့ ထိတွေ့ ဆက်ဆံရတယ် .. အဲဒီလို လောဘတွေတက်ပြီး ကြိုးစားခဲ့တာလည်း ဘာဘာ မှားချင် မှားမယ် .. ဒါပေမယ့် အဲ့ဒါ မမတို့ကြောင့်ပဲ .."

"ဘယ်လို!..."

"မိဘရဲ့ မပြည့်စုံ ချို့တဲ့မှုတွေကြောင့် သားသမီးတွေက ကိုယ့်အား



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ကိုးရတာ .. မမက ခါးချိုအောင် စက်ချုပ်ရတယ် .. ဘာဘာ က ကိုယ်ကျွမ်းကျင်သလို လုပ်ရှားတယ် .. မမက အကြီးဖြစ်နေတဲ့အတွက် မိဘကိုယ်စား ဘာဘာ့ ကို ချုပ်ကိုင်ခွင့် ရှိပေမယ့် ..”

ကမ္ဘာ က အစ်မဖြစ်သူကို သနားသလိုလိုနှင့် အထင်မြင်သေးသည့် အကြည့်တို့သာ ဖြစ်လျက် ...

“မမကိုယ်တိုင် ဘာမှမှ မရှိတာ .. ခုလောလောဆယ် မမ ဘာဘာ့ လိုတောင်မှ သိန်းချီ ကိုင်ဖူးရဲ့လား ..”

ခပ်ရဲရဲမေးပုံက ကြီးတဲ့လူကို မေးဆတ်၍ ရိုင်းစိုင်းစွာ ကြည့်ခြင်း ဖြင့် ...

“အဲ့ဒါ စားသောက်ဆိုင်မှာ သီချင်းဆိုတဲ့ မြေကမ္ဘာ ပဲ .. အဲဒါကို ဘယ်သူတွေ ဘာပြောပြော ကိုယ့်ဘဝအတွက် တန်းဝင်တဲ့ ပတ်ဝန်း ကျင်တစ်ခုရဖို့ ဒီတိုင်းပဲ ရှေ့ဆက်မယ် .. နောက်ထပ် ပိုမြင့်တဲ့ တန်း တစ်ခုကို တက်နိုင်ဖို့ မတွေ့မချင်း သီချင်းဆိုမယ် ..”

“အဲ့ဒီလို ရိုင်းစိုင်းရဲတဲ့အတွက် နင် သိပ်တော်ပါတယ် ..”

“ကြီးတဲ့လူကို ပြန်ခံပြောလိုက်ရင် ရိုင်းတယ် ဖြစ်သွားတာပဲ .. ဘာဖြစ်ဖြစ် ဘာဘာ ဂရုမစိုက်ပါဘူး .. မမကို တစ်ခုပဲ ပြောမယ် .. ဘာဘာ မမ စကားကို နားထောင်စေချင်ရင် မမ ကိုယ့်ကိုယ်ကိုယ် ချမ်းသာအောင် ကြိုးစား ..၊ အများကြီး မဟုတ်ပါဘူး .. ဘာဘာ အထင် ကြီးလောက်ရုံပဲ ..”

“ဒါဆို နင်က အခု ငါ့စကားကို နားမထောင်နိုင်ဘူးပေါ့ ..”

“မမကို ထပ်စော်ကားနေရမှာစိုးလို့ မဖြေချင်တော့ဘူး ..”

“အောင်မယ်လေး .. ဒီလောက်ထိ စော်ကားပြီးမှ ထပ်မစော်ကား ချင်လို့တဲ့ ..”

ဒေါ်လေးအသံကို ကြားလိုက်တာနှင့် ကမ္ဘာ့ နှုတ်ခမ်းလေး တွန့်မဲ့ သွား၏။ မကြာခင် ဒေါ်မာလာ က အတွင်းခန်းထဲကနေ ခပ်လှုပ်လှုပ်





ထွက်လာကာ ...

“ညည်း တော်တော်ကို မိုက်ရိုင်းနေတာပဲ ဘာဘာ ရယ် .. ဟင်.. အသက် တစ်နှစ်ကြီးလာတိုင်း ရင့်ကျက်တည်ငြိမ်လာရမယ့် အသိ အရားတွေက ညည်းကျတော့ မဟုတ်ပါလား .. အသက်ကြီးလာလေ.. မိုက်ရိုင်းလာလေ ..”

“ငယ်တုန်းက ဘာမှ မသိဘူးလေ .. များများ သိလာတဲ့ သဘော တွေပါ ..”

“ဘာ!... ဘာပြောတယ် ..”

“လူတွေကလည်း ကိုယ့်ထက် ပိုသိရင် လက်မခံချင်ကြဘူး ..”

ကြည့်စမ်းပါဦး ..၊

ဒေါ်မာလာ အားနည်းနေပေမယ့် လက်သီးဆုပ် အံကြိတ်နိုင်သေး သည်မို့ ကမ္ဘာ့ ကို ကြည့်ရင်း မချင့်မရဲ ဒေါသတွေနဲ့သာ ..၊

“ပိုတတ်လာတယ်ဆိုတာ ပိုသိလာတဲ့သဘောတွေပဲ .. ဟွန်း .. မိဘတွေကအစ အသိပညာတွေ .. အတတ်ပညာတွေ တတ်စေချင် တယ် .. ရှိစေချင်တယ်ဆိုပြီး တတ်သိနားလည်လာတော့လည်း ‘ခွာရာ တိုင်းလာကြတယ်’ .. ‘မိုက်ရိုင်းလာကြတယ်’ .. အမျိုးမျိုးသော နည်း တွေနဲ့ ကဲ့ရဲ့ပြန်ရော ..”

“ဘာဘာ .. ညည်းက မိဘတွေကိုပါ ခြုံငုံပြီး စော်ကားနေတယ်.. ဟုတ်လား .. မကြားဝံ့ မနာသာအေ .. ညည်း ခုနေ အပြင်မထွက်လိုက် ပါနဲ့ .. မိုးကြိုးပစ် ခံရပါ့မယ် ..”

“ဟား .. ဟား .. ဟား .. ဟား ...”

သူမက ဟားတိုက်ရယ်၏။

“ဒေါ်လေးနဲ့ မမတို့ပဲ အယူလွဲနေတာပါ .. ဘာဘာ အမှန်တရား တွေ ပြောနေတာ သိကြားမင်းက သိတယ် .. ဘယ်တော့မှ မိုးကြိုး မပစ်ဘူး ..”



www.burmeseclassic.com

www.burmeseclassic.com



"အကုသိုလ်ကြီးလွန်းတဲ့လူတွေသာ သံသရာပါကြတာ ဘာဘာ… အဲ့ဒါကို သတိထားဦး …"

"ဒေါ်လေးက ဘာဘာ့ ကို ကျိန်စာတိုက်နေတာလား …"

"ကျိန်စာဆိုရင်ရော ညည်းက ကြောက်မှာမို့လို့လား … တရား မသိ… ဘုရား မရှိ … ညည်းအစား ငါ ရင်လေးပါဘိအေ …"

"သြော် … အင်း … ရင်လေးပေးတာ ကျေးဇူးပဲ …"

ဘာဘာ က မျက်နှာလေး မော့၍ အထဲကို လှမ်းဝင်သွား၏။ အလွှာ စက်ခုံရဲ့ ဘေးမှာပဲ ငုတ်တုတ်ထိုင်ကျသွားကာ မျက်ရည်စက် တွေ ပိုးပိုးပေါက်ပေါက် ကျလာကြ၏။

ဒေါ်မာလာ သက်ပြင်းချလိုက်ရင်း ငေးကြည့်နေခဲ့သည်။ ဒီ မိန်းကလေးနှစ်ယောက်ကို မွေးလာတည်းက အစ်မဖြစ်သူက ပြောခဲ့ ဖူးသည်။ အလွှာ့ ကို ကိုယ်ဝန်မရှိခင်ကတော့ စပယ်ပန်းသည်ကြီးထ ပန်းတွေက တစ်ဖက် … ကလေးလေး တစ်ဖက်နှင့် ကလေးကို သူ့ လက်ထဲ ဝင်ထည့်သွားသည် တဲ့ …။

အငယ်မကို ကိုယ်ဝန်ရှိတုန်းကတော့ ကောက်ရိုးလှည်းကြီးပေါ် ကနေ ပန်းသီးတွေက တစ်ထုပ် … အနီးထုပ်လေးက တစ်ထုပ် လာပေး သွားသည်လို့ အိပ်မက်မက်ခဲ့၏။

ကလေးနှစ်ယောက်၏ လောကထဲကို စတင် ဝင်ရောက်ပုံတွေက ဤသို့ ကွာခြားနေခဲ့လျက် …၊ အလွှာ့ ကို မွေးခဲ့တာနဲ့ ကမ္ဘာ့ ကို ရလာပြီး စီးပွားရေး ပြေလည်လာပုံတွေလည်း ကွာ၏။

"ကောက်ရိုးလှည်းပေါ်က ပေးခဲ့တာဆိုတော့ သမီးငယ်အတွက် ကျွန်မတို့ စိတ်တော့ ရှုပ်ရမှာပဲ နော် …"

"မဆိုင်ပါဘူးကွာ … ပန်းသီးဆိုတာ သူဌေးစားတဲ့ အစာပါ… မင်း ပန်းသီးတွေလည်း ရလိုက်တယ်မို့လား … အခု ငါ့သမီးက အကျိုးပေးနေ တာပဲ … ကလေးတွေကို ဟိုပြောဒီပြော မပြောပါနဲ့"





လင်မယား စကားပြောတိုင်း ဒီအကြောင်း ပါတတ်ကာ ညီအစ်မ နှင်း စကားပြောပြီဆိုလည်း အစ်မက ခဏ ခဏ ညည်း၏။

"အငယ်မက အရမ်းဆိုးတာပဲ မာလာ ရယ် … ဖအေကလည်း အရမ်း အလိုလိုက်တယ် … အစ်မကိုများ ခံပြော … ခံသတ်နဲ့ ဘယ်သူ့ ကိုမှ မကြောက်တော့ဘူး …" ဆိုတာမျိုး …၊

ခုချိန်မှာတော့ ဒါတွေကို မှန်လိုက်လေခြင်းလို့ မြည်တမ်းနေရ သလို ကိုယ်တစ်ယောက်တည်း …၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၇)

"အမြဲတမ်း မြင်လိုက်ရရင် တစ်ယောက်တည်းပဲ နော် .."

နောက်မှီမှာ ပခုံးကပ်ပြီး လက်တစ်ဖက် ဆန့်တင်ကာ စီးကရက်သောက်နေရင်း သူက လှည့်ကြည့်သည်။ ပြီးတော့ မျက်နှာမူထားရာအတိုင်း ပြန်လှည့်သွားပြီး စီးကရက်သောက် မပျက် ..၊

ကမ္ဘာ ကလည်း ဒီတိုင်းပဲ လက်ပိုက်လေး ရပ်နေပြီး သူ ဖိတ်ခေါ်တာကို မျှော်လင့်နေခဲ့၏။ သူမ ပတ်လျှောက်လာတည်းက ခုံတန်းမှာနေရာလွတ်နေသည့် တစ်ဖက်ခြမ်းကနေဖြစ်ကာ ဝင်ထိုင်လိုက်ရုံပဲ ဖြစ်ပေမယ့် ...

"မင်းကရော ဒီနေ့ သီချင်းဆိုဖို့ မရှိဘူးလား .."

ပြန်လှည့်မကြည့်ဘဲ မေးသည်။ ပြီးမှ စီးကရက်ကို ခုံတန်းနဲ့ ဖိချေပစ်၍ ကိုယ်ကို တည့်တည့် ပြုပြင်ထိုင်၏။

"ထိုင်လေ .. ကိုယ် ခေါ်တာကို စောင့်နေတာလား .."

"အဟွန်း .."





ကမ္ဘာ က ဆံပင်လေးတစ်ဖက် သိမ်းညှပ်ပြီးမှ ဝင်ထိုင်လိုက်ကာ...

"ဟုတ်တော့ ဟုတ်တယ် .. ဒါပေမယ့် ဟိုတစ်ခါလို ရှင် ထထွက်သွားမှာ စိုးလို့ပါ .."

"ဘယ်တစ်ခါလဲ .."

"ကလပ်ထဲမှာလေ .. ဟိုမှာက လူတွေ အများကြီးပဲ .. ဒီမှာ ရှင်ထွက်ရင် .."

သူမက ပန်းခြံထဲကို ဝေ့ကြည့်တော့ သူက ပြုံးကာ ...

"လူနည်းတော့ မင်း အရှက်ကွဲရ သက်သာတာပေါ့ .."

"ဟင့်အင်း .. ဘယ်ဟုတ်မလဲ ..၊ ရှိနေကြတဲ့လူချင်းမှ မတူတာ.. ဟိုမှာ ဘယ်သူတွေက ဘယ်လိုတွဲတွဲ ကွဲကွဲ သတိထားနေကြတာ ဟုတ်ဘူးလေ .. ပြီးတော့ အဲဒီတုန်းက ဘာဘာ က ကိုမင်း ရှိမယ်ထင်လို့ အရဲစွန့်ပြီး ဝင်လိုက်လာတာ .."

"တစ်ခါမှ မသွားခဲ့ဖူးဘူးလို့ ပြောတာလား .."

"ဟုတ်တယ် .. ဘာဘာ သီချင်းဆိုပေမယ့် အဲလောက်ထိတော့ နေ့စပ်သေးပါဘူး .. ကိုမင်း က မယုံလို့လား .."

"ယုံသင့်လား .. မယုံသင့်ဘူးလား စဉ်းစားဖို့ထိ ကိုယ်တို့အတွက် ဆိုသေးဘူးလေ .. မင်း တစ်ထိုင်တည်း ပြောနေတာတွေ ရှေ့နောက်ညီညီပဲ တွေးကြည့်တာ .."

သူက မျက်တောင်ဖျားတို့ စင်းကြည့်ရင်း နှုတ်ခမ်းတွန့်ရုံ ပြုံးသည်။ ပြီးတော့ ရှေ့ပြန်လှည့်သွားရင်း ...

"ဆောရီး .. ကိုယ်က ညာတာကို သိပ်မကြိုက်ဘူး .."

"ဘာဘာ ညာနေတာ မဟုတ်ဘူး .. တကယ်ပြောတာ .. နိုက်ကလပ်ထဲကို ရောက်တော့ ရောက်ဖူးပေမယ့် .."

"ရပြီ .."

သူ ပြန်ငဲ့ကြည့်ပြီး ပိတ်ပြောလိုက်တာနှင့် ကမ္ဘာ အသံလေး ပြတ်



www.burmeseclassic.com

www.burmeseclassic.com



တောက်သွား၏။

"မင်း ဖြေရှင်းဖို့ မလိုပါဘူး .. လူတိုင်းမှာ ကိုယ့်အကြောင်းနဲ့ ကိုယ်ပဲ .. ဘာအကြောင်းနဲ့ပဲ ရောက်နေနေ .. လိုရင်းက ရောက်ဖူးခြင်း မရောက်ဖူးခြင်းပဲ .."

ကမ္ဘာ က မျက်နှာလေး ပြန်မော့၍ ပြုံးကာ ...

"အဲဒီတုန်းက ကိုမင်း အထဲကနေ ထွက်လာတော့ အရမ်း ဝမ်းသာသွားတာ .. အပွန်း .. တစ်ယောက်တည်း ထွက်လာတာ မြင်ရ လေ .."

"နှစ်ယောက် ထွက်လာကြတဲ့လူတွေ ရှိဖူးတယ်ပေါ့ .."

ကမ္ဘာ့ မျက်နှာလေး ပျက်သွားသည်။ သူမကို ဒီလို မိန်းကလေး ဟုတ်မဟုတ် ယုံညှိပတ် အစ်ထုတ်နေတာလား ..၊

နိုက်ကလပ်လို နေရာမျိုးမှာ ဘာတွေ ရှိတတ်တယ် .. ဘာတွေ ဖြစ်ကြတယ်ဆိုတာ လူကြီးကလေးကအစ ကြားဖူးနားဝတော့ ရှိထား ကြတာပဲ ..။

"ဘာပဲဖြစ်ဖြစ် အဲ့ဒီမှာ ဘာဘာ မြင်သမျှတော့ စုံတွဲတွေချည်း လေ .."

"ဒါပေမယ့် အကြောင်းတစ်ခုခုနဲ့ ယောင်တောင်ပေါင်တော ရောက်လာတဲ့လူမျိုးတွေလည်း ရှိတာပဲကွ .. အဲဒီညက မိန်းကလေးတစ် ယောက် မြင်လိုက်သေးတယ် .."

"ဟင်!..."

"နောက်က လှမ်းမြင်လိုက်တာပါ .. သူများတွေ ပြောနေကြတာ တော့ နိုက်ကလပ်ထဲမှာ လူလာရှာတာဆိုလား .."

"ဘာလူလဲ ဟင် .. ဘယ်သူ့ကိုတဲ့လဲ .."

စကားတွေပါ ထစ်ငေါ့ကုန်လျက် ကမ္ဘာ အလောတကြီး မေး သည်။ မင်းစက် မျက်နှာက အေးဆေး တည်ငြိမ်နေကာ ...





"ကိုယ် မသိဘူး .. အဲ့ဒီမှာ မင်းလည်း ရှိနေတာပဲမို့လား .. မသိ လိုက်ဘူးလား .."

"ဟင့်အင်း .."

ကမ္ဘာ မျက်နှာလွှဲပစ်ရင်း ခေါင်းခါသည်။

"ကိုယ်လည်း လာရှာတာပဲလေ .. ဒါပေမယ့် မတွေ့လို့ ပြန်ထွက် သာတာ .."

"ဟုတ်လား .. ဘာဘာ က ဘာဘာ နဲ့ စကားမပြောချင်လို့ အထဲ ထဝင်သွားတယ် မှတ်နေတာ .. ပြီးတော့ ပြန်ထွက်လာတာ မြင် လိုက်တယ် .. နှုတ်ဆက်ဦးမလို့ဟာ .."

မမ ရောက်လာပြီး သာသနာဖျက် ဝင်လုပ်သွားတာကို မပြောမိ အောင် နေလိုက်ရပေမယ့် နှုတ်ခမ်းကတော့ စိတ်ပျက်စွာ မဲ့သွားခဲ့သည်။

"ကိုယ် မင်းကို ပြန်ရှာပါသေးတယ် မတွေ့တော့လို့ .."

"ဟုတ်လား .. ကိုမင်း တန်းပြန်သွားတာလားဟင် .."

သူက ခေါင်းခါလိုက်ပြီး ...

"ဘားရှေ့မှာ ထိုင်နေသေးတယ် .."

"ဟင်!..."

ဖြစ်ရလေလို့ စိတ်ထဲမှာ ညည်းတွားရင်း မချင့်မရဲ ဖြစ်သွားမိ သည်။ မမကြောင့်သာ စိတ်အနှောင့်အယှက် မဖြစ်ရဘူးဆိုလျှင် အဲ့ဒီည တည်းက မင်းစက်အာဏာ ဆိုသည့် ယောကျ်ားနဲ့ သူမ တော်တော် ခရီးရောက်အောင် ရင်းနှီးတွယ်တာသွားနိုင်၏။

ခုတော့ သူမမှာ မမ အုန်းခနဲ ခွမ်းခနဲ လဲပြို ပေါက်ကွဲကုန်ပြီ ဆိုတာ ကြားတာနှင့် မင်းစက်အာဏာ ကိုလည်း မရှာနိုင်တော့ဘဲ အမြန်ဆုံး လစ်ထွက်လာခဲ့ရသည့်အဖြစ် ..၊

ထိုစဉ် မင်းစက်အာဏာ က ပြောလက်စတို့ကို ဖြတ်၍ ...

"ကိုယ့်ဆီလာတယ်ဆိုတော့ ကိစ္စတစ်ခုခု ရှိလို့လား .."



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

"အဲ့ဒီညကလေ .."

"အဲ့ဒီညကို ထားခဲ့ပြီး အခု လာတဲ့ကိစ္စကို မေးပါလား .."

"ကိုယ်ကတော့ အဲဒီညကိုပဲ စိတ်ဝင်စားတာ .. မင်းက ကိုယ့်ဆီ လာတယ် .. ကိုယ်က တစ်ယောက်ယောက်နောက်ကို လိုက်နေခဲ့ တယ် .. မင်းနဲ့ ကိုယ် နှစ်ခါ ဆုံတယ် .. နှစ်ခါစလုံး လွဲသွားတယ် .. အဲဒါတွေက စိတ်ဝင်စားဖို့ ကောင်းတယ် .."

"လွဲတာတွေကို ကိုမင်း စိတ်ဝင်စားတယ်ပေါ့ .."

သွားတွေပေါ်အောင် ပြုံးတာ မမြင်ဖူးခဲ့သည့်မျက်နှာက ပြုံးမှန်း သိသာအောင် ပြုံးလိုက်တာလေးနဲ့တင် ကမ္ဘာ မျက်ဝန်းတွေ ထိုနှုတ် ခမ်းဆီက မခွာနိုင် ...၊

ပိရိနီမြန်းသည့် နှုတ်ခမ်းအစုံနှင့် ရှိန်းမြဝင်းစိုနေသော ပါးသိုင်းမွေး ရာထင်နေသည့် မေးရိုးတစ်လျှောက်ကို တစ်မေ့တစ်မော ငေးနေရင်း ထူနက်၍ မျက်ဝန်းအိမ်တို့ ရှေ့လျားတိုင်း သိသာအောင် လှသော မျက် တောင်ဖျားတို့ဆီ နောက်ထပ် ကြည့်မိပြန်သည်။

ပြီးတော့ သူ ဝတ်ထားတာက ကုတ်နှင့် ဘောင်းဘီကအစ အတွင်းအင်္ကျီထိ အနက်ရောင် ဖြစ်သည်။

ဒါပေမယ့် ကုတ်အင်္ကျီက လက်ရှည်လည်း မဟုတ် ...၊ အတိုလည်း မဟုတ်ဘဲ ကော်လံတွေနဲ့ အင်္ကျီလက်ဝတွေက ရှပ်အင်္ကျီအနီရဲရဲ တစ် ထပ် ခံထားသလိုမျိုး အနားရစ်လေးတွေ ပေါ်နေ၏။

"ကိုမင်း ကို တစ်ခုလောက် မေးလို့ ရမလားဟင် .."

တိတ်ဆိတ်သွားခြင်းကို မနှစ်မြို့စွာ ဖြိုခွင်းလိုက်မိသည်။ သူက မကြည့်ဘဲ ခေါင်းညိတ်၍ ...

"မေးကြည့်လေ .."

"ကိုမင်း မှာ မိန်းကလေးတွေ အများကြီး ရှိနေမှာပေါ့နော် .."





"မင်းလိုမျိုးလား .."

"ဟင့်အင်း .. ဘာဘာ က ဘာမှ မဟုတ်သေးတာ .. ကိုမင်း ကို ဒီ့ထက် ရင်းနှီးခွင့်ရတဲ့ မိန်းကလေးတွေကို မေးတာ .. ဒါမှမဟုတ် ကိုမင်း က ချစ်ခဲ့ဖူးတဲ့ တစ်ယောက်ယောက် .."

"တစ်ယောက်မှ မရှိဘူး .."

"မရှိသေးတာ .. ဒါမှမဟုတ် မရှိခဲ့တာမျိုး ကာလတစ်ခုခု ထည့် ပြောပါလား .."

"အဲဒီလို မေးခွန်းမျိုးကို ထည့်စဉ်းစားကြည့်ဖို့ ကိုယ် စိတ်မဝင် စားဘူး .. စိတ်ထဲရှိတဲ့အတိုင်း ပြောရင်လည်း ကြားလို့ မကောင်းမှာ သေချာတယ် .. မင်းရဲ့မေးခွန်းကို အမှိုက်ပုံးထဲ ထည့်ထားလိုက်တော့.."

"မဟုတ်ဘူးလေ .. ကိုမင်း က သူများကြားလို့ကောင်းအောင် ပြေပြေပြစ်ပြစ် ပြောဖို့ မကြိုးစားတတ်တဲ့လူဆိုတာ ဘာဘာ က နား လည်ပါတယ် .. ကိုမင်း ဘာပြောပြော စိတ်မဆိုးတတ်အောင်လည်း လေ့ကျင့်ထားပြီးသား .."

သူက စီးကရက် နောက်တစ်လိပ် ထုတ်ရင်း ဖျတ်ခနဲ ငဲ့ကြည့် သည်။

"မင်း ကိုယ့်ကို ဘယ်တုန်းတည်းက သိနေခဲ့တာလဲ .."

"ကိုမင်း က သတိမထားမိခင် ဟိုအစောကြီးတည်းက .."

သူက စီးကရက်ကို ဒီတိုင်းကိုင်ထားရင်း မျက်နှာတစ်ဖက်လွှဲပစ် ၏။ နောက်မကျတကျကနေ မြင်နေရသည့် သူ့ရဲ့ မေးရိုးတစ်ဖက် တင်းခနဲ လှုပ်ခတ်သွားပုံအရ ကျေနပ်စွာ ပြုံးလိုက်တာ မဟုတ်မှန်း သူမ သိလိုက်သည်။

ဒါဆို အံကြိတ်လိုက်တာလား ...၊ ဒီမေးခွန်းက ဘယ်လိုမှ သဘော မကျတာကို တွေးမိပြီး ပြန်ဖျက်လိုက်သည်။

"ကိုမင်း က ဘယ်လိုပဲ လျှို့ဝှက်စွာ သွားလာနေနိုင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



ဘယ်မှာရောက်နေနေ ကိုမင်း ရဲ့ စတိုင်လ်က ထင်းနေတာပဲလေ ..”

“ဒါဆို ကိုယ့်ကို မြင်လိုက်လို့ သိတာပေါ့ ..”

“ဟင့်အင်း .. မင်းစက်အာဏာ ဆိုတဲ့ နာမည်က အရင် ဘာဘာ့ နားထဲ ရောက်လာတာ .. အရမ်း ဂရိတ်(ဒ်)ကျတဲ့ နာမည်ပဲလေ .. ပြီးတော့ ဘာဘာ က အဲ့ဒီလို ကိုယ့်ကိုယ်ကိုယ် ကွန်ဖီးဒန့် ရှိတဲ့လူကို ကြိုက်တယ် ..”

သူ့အကြည့်တစ်ချက် ဘာဘာ့ ဆီ ရောက်လာပြန်သည်။ စကားတွေ ဘယ်လောက်ပဲ ပြောရဲနေပေမယ့် ထိုမျက်လုံးတွေကို ကမ္ဘာ ကြာကြာ ရင်မဆိုင်ရဲပေ ...।

ဖျတ်ခနဲ မျက်လွှာချ ပြုံးမိရင်း ...

“ကိုမင်း အကြောင်းတွေ ရသမျှ မကောင်းတာ ဘာမှမပါဘူး.. အားလုံးက ရိုမက်တစ်ဆန်ဆန်တွေချည်းပဲ .. ဘာဘာ ကလည်း အဲဒါမျိုးတွေဆို သိပ်စိတ်ဝင်စားတာ .. တစ်ခုပဲ ရှိတယ် ..”

သူမက အားနာသလိုလေး ပြုံးကာ ...

“အဲဒီအကြောင်းတွေထဲမှာ ကိုမင်း လက်ထပ်ခဲ့ဖူးတာ ပါတယ်..”

သူက စိုက်ကြည့်နေသည့် မျက်ဝန်းတို့ကို မရှေ့လျားသလို ထိုစကားကြောင့် ဘာမှ ပြောင်းလဲလှုပ်ရှားသွားတာမျိုးလည်း မဖြစ် ...।

“ပြီးတော့ တစ်ယောက်တည်း မကဘူး တဲ့ ..”

“လေးယောက် ..”

“ဟင်!...”

သွေးအေးလွန်းသည့်အပြုံးနှင့် မျက်ဝန်းတို့ကို ငေးကြောင်ကြည့်မိ၏။ သူကပဲ ကမ္ဘာ ကို မေးဆတ်၍ ...

“ဆက်ပြော ..”

ကမ္ဘာ မျက်နှာငယ်လေးနှင့် ခေါင်းခါသည်။ ထိုမျက်နှာလေးကို မင်းစက်အာဏာ က ခပ်မဲ့မဲ့ ကြည့်၍ ...





“ပြောပါ .. ဘာလဲ မပြောချင်တော့တာလား .. ကိုယ့်ကို အားနာလို့လား ..”

“ဟင်!...”

“အားနာဖို့ မလိုဘူးလို့ ပြောနေတာ ..”

“ပြောဖို့ အားနာရလောက်အောင် နောက်ထပ်အကြောင်းတွေ ထပ်ရှိသေးတာလားဟင် ..”

“ရှိတယ် ..”

“ဒါဆိုလည်း ထားလိုက်ပါတော့ .. ဘာဘာ့ အတွက် ဒါတွေ မလိုပါဘူး ..”

“ဘာတွေ လိုတာလဲ ..”

မျက်လုံးချင်း ဆုံသွားကြသည်။ ညနေခင်း၏ အရောင်အဆင်းက ခပ်မှိုင်းမှိုင်းပေမယ့် သူ့မျက်နှာက ရှင်းသန့် ရှောမွေ့နေသည်။ ကမ္ဘာ ရဲ့ ရီဝေရွှန်းလဲ့သော မျက်ဝန်းတွေက ထိုမျက်နှာဆီမှာ ရူးနှစ် ငေးမောနေခဲ့ပြီး ...

“ဘာဘာ ရှင့်ကို ခုလိုမျိုး ထိုင်ငေးနေချင်တယ် ..”

“ဒါပဲလား ..”

“အင်း .. ပိုတော့ ပိုချင်တာပေါ့ .. ဒါပေမယ့် ကိုမင်း ရဲ့ လှုပ်ရှားမှုကင်းတဲ့ မျက်ဝန်းတွေက တော်ရုံနဲ့တော့ ယိမ်းနွဲ့လွယ်မှာ မဟုတ်ဘူးဆိုတာ ဘာဘာ သိနေသလိုပဲ ..”

“အဲဒါ မင်း ပြောရမယ့်စကားတွေ မဟုတ်ဘူးလေ ..”

“ဘာဖြစ်လဲ ကိုမင်း .. မုန်းတဲ့စကားကိုတော့ ဘယ်ဘက်ကဖြစ်ဖြစ် ပြောခွင့်ရှိတယ် .. ချစ်တဲ့စကားကျမှ မိန်းကလေးက မစရဘူးဆိုတာ ဘာဘာ လက်မခံဘူး ..”

“ဒါဆို အခု မင်း ကိုယ့်ကို ပြောပြီးပြီလို့ သတ်မှတ်ရတော့မလား..”

www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ က ရယ်လိုက်သည်။ ပြီးတော့ သူ့ မျက်နှာလွှဲသွားမှ မျက်နှာလေး ငုံ၍ ရယ်မိရင်း ...

"ကိုမင်း ကရော ဘာဘာ့ ကို စိတ်ဝင်စားလို့လား .."

"မဝင်စားပါဘူးလို့ ပြောဖို့တော့ ရှိတယ် .. ဒါပေမယ့် မင်းမှာလည်း စိတ်ဝင်စားဖို့ ကောင်းတာတွေလည်း ရှိတော့ .."

"ရှုပ်ကုန်ပြီ .."

"ဟွန်း .."

သူက ပြုံးလိုက်ပြီး စီးကရက် မီးညှိသည်။

"အခြားလူတွေ ကိုယ့်အပေါ် အမြင်ရှင်းဖို့က အရေးမပါပါဘူး.. ကိုယ်လည်း လူတွေကို စိတ်မဝင်စားဘူး .. ဒါပေမယ့် .."

"ဟင် .. ဒါပေမယ့် ဘာဖြစ်လဲ .."

"ကိုယ့်ကို စိတ်ဝင်စားပြီး ကိုယ့်နား ရောက်လာတဲ့ မိန်းကလေးတွေကို စိတ်ဝင်စားတယ် .."

"ဘယ်လို!..."

"အခု မင်းလို မိန်းကလေးမျိုး .."

"လုပ်ပါ.. နည်းနည်းလေးတော့ ရှင်းပြပါ ကိုမင်း ရယ် .. ဘာဘာ ဘာမှမသိတော့ဘူးလို့ ပြောရတော့မလို ဖြစ်နေပြီ.. ကိုမင်း ရဲ့ကာရိုက်တာ က အဲ့ဒါမျိုး မဟုတ်ဘူး .."

"ဘယ်လိုမျိုးနဲ့ တူလို့လဲ .."

"ကိုမင်း က မိန်းကလေးနဲ့ ရှုပ်ရှုပ်ပွေပွေ နေတတ်တာမှ မဟုတ်ဘဲ .."

"မင်းက ကိုယ့်အကြောင်း ဘယ်လောက်သိထားလို့လဲ ဘာဘာ.."

"သိထားတာတွေ မေးတော့ ကိုမင်း ဝန်ခံနေတာပဲ .. တကယ် ပွေရှုပ်ချင်တဲ့ယောကျ်ားက မိန်းကလေးတစ်ယောက် နောက်ပြန်ဆုတ်သွားစေမယ့်ကိစ္စမျိုးကို ဝန်ခံရဲမှာ မဟုတ်ဘူး .."





"အခု မင်း နောက်ပြန်ဆုတ်သွားလို့လား .."

"ဒါက .."

"ကိုယ့်လိုလူအတွက် မရနိုင်တာ ဘာမှမရှိဘူး .."

"ဟို .. မိန်းမ လေးယောက်နဲ့ လက်ထပ်ခဲ့တယ်ဆိုတာကရော.. ဘာဖြစ်လို့ လေးယောက် ဖြစ်သွားခဲ့တာလဲ ..၊ တစ်ပြိုင်နက် ယူလိုက်တာတော့ မဟုတ်ဘူးမို့လား .."

"ဟွန်း .."

သူက လှိုင်းတွန့်ရေးရေးနှင့် ကုပ်ပေါ်ထိ ခွေထောက်ရှည်ကျနေသော ဆံပင်တွေကို နဖူးကနေ ထိုးသိပ်တင်၍ မျက်နှာမော့သည်။ မျက်ဝန်းတို့သည် မိုးကောင်းကင်ဆီ ငေးနေလျက် ...

"ဘယ်လိုပဲ ယူခဲ့ .. ယူခဲ့ .. သူတို့လေးယောက်စလုံး သေသွားပြီဆိုတာပဲ မင်း သိထားရင် ရပြီ .."

"ဟင်!... ဘာ .. ဘယ်လို ကိုမင်း .."

တကယ်ကို ထိတ်လန့်သွားတာဖြစ်ကာ မမ ပြောတာကိုလည်း သတိရမိ၏။ ဒါဆို မမလည်း ဒီထိ သိထားခဲ့တယ်ပေါ့ ..။

သူမကတော့ ဘာလို့ မသိခဲ့ရတာလဲ ..၊ ဒီသတင်းကို မယုံလို့ မမကို ပြီးဆုံးအောင် ပြောခွင့်မပေးခဲ့တာလား ..၊ မမကပဲ ဒီထိ သိမထားခဲ့လို့ ဒါပဲ ပြောခဲ့တာလား ..။

သူ့ကိုကြည့်၍ တအံ့တသြတွေ ဖြစ်နေခဲ့မိသည်။ မင်းစက်အာဏာ က အတိတ်ဆီ စိတ်ကိုကျောင်းရင်း ပစ္စုပ္ပန်မှာ ခြေတစ်လှမ်း ချန်၍...

"ကိုယ်နဲ့ လက်ထပ်တာနဲ့ သူတို့ သေမိန့်ကျသလိုပဲ .. ဒါပေမယ့် သူတို့ကလည်း ဂရုမစိုက်ဘူး .. ကိုယ်ကလည်း နောက်မဆုတ်ဘူး .."

"ဒါ .. ဒါဆို .. ကိုမင်း က အဲဒီ လေးယောက်စလုံးကို ချစ်ခဲ့တာပေါ့ နော် .."

"ဟွန်း .."



www.burmeseclassic.com

www.burmeseclassic.com



မေးခွန်းတစ်ခု သက်ရောက်သွားတိုင်း သူ့ တုံ့ပြန်တာက မဲ့ပြုံးတစ်ချက်သာ ဖြစ်လျက် .. နောက်ဆက်တွဲအဖြေက ပျောက်ဆုံးသွားတတ်၏။

"ပြီးသွားခဲ့တာတွေက အရေးမပါပါဘူးကွာ .. အခု မင်းရဲ့ ခြေလှမ်းတွေကို မင်း စီရင်ခွင့် ရှိသေးတယ် .."

"ကိုမင်း က ဘာဘာ့ ကို မတွဲချင်လို့လား ဟင် .."

"ကမ္ဘာ .."

"ဟင် .."

"မိန်းကလေးတွေ ဖြစ်ချင့်တာ .. သိချင်တာတွေ ကိုယ် စိတ်မဝင်စားဘူး .. အဲ့ဒါကြောင့် မိန်းကလေးတစ်ယောက်ကို စိတ်ချမ်းသာစေမယ့် စကားတွေ ကိုယ် ပြောမှာ မဟုတ်ဘူးဆိုတာလည်း သေချာတယ်.. ဒါဆို မင်းတို့ ဘယ်လိုအဓိပ္ပာယ် ဖွင့်ကြမလဲတော့ မသိဘူး .. ထပ်ပြောချင်တာက ကိုယ်နဲ့ လက်ထပ်ရင် မင်းအတွက် ကောင်းဖို့ အလားအလာ မရှိဘူးဆိုတာ .."

"ဘယ်လို .. ကိုမင်း ဘာပြောလိုက်တာလဲ .. လက်ထပ်ရင် ဟုတ်လား .. ကိုမင်း က ဘာဘာ့ ကို အဲဒီလောက်ထိ ထည့်သွင်း စဉ်းစားထားတာလား .."

ဝင်းလက် ရွှင်မြူးသွားသည့် မျက်နှာလေးနှင့် ဟန်မဆောင်နိုင်စွာ မေးသည်။ ပြီးတော့ တစ်ခုခုကို သတိရသွားတာမျိုး ခပ်ငိုင်ငိုင်လေး ဖြစ်သွားကာ ...

"ကိုမင်း က စကားအဖြစ် ပြောလိုက်တာမို့လား ဟင် .."

"တကယ်ဆိုရင်ရော .. မင်း ကိုယ့်ကို လက်ထပ်ရဲလို့လား .."

"ကိုမင်း ရယ် .. တစ်နေကုန် ထမင်းမစားဘဲ ထိုင်ကြည့်နေရင်း ခွေကျသွားရင်တောင် နောင်တရချင်စရာ မရှိတဲ့ ကိုမင်း လိုလူနဲ့ ဘာဘာ က ဘာကို စဉ်းစားရမှာလဲ .. လက်တွဲကြဖို့ဆိုတာ ချစ်တဲ့





လူတိုင်းရဲ့ စွန့်စားဖို့ ဝန်မလေးတဲ့အရာပါ .. ဒါပေမယ့် ကိုမင်း ဘက်က ဘာဘာ့ ကို စိတ်ဝင်စားတာလေး တစ်ချက်တလေ ရှိခဲ့ရင်တော့ အတိုင်းထက် အလွန်ပေါ့ .."

"ဒါပေမယ့် ကိုယ် မင်းကို လက်ထပ်မယ်ဆိုရင် မင်း လက်ခံမယ် မို့လား .."

ကမ္ဘာ က ခေါင်းလည်း ညိတ်သည်။ ပြီးတော့ ကလေးတစ်ယောက် ရွှင်လန်းတက်ကြွနေတာမျိုး မင်းစက်အာဏာ ၏ဘက်ကို ကိုယ်လေး ရွှေ့ထိုင်ပြီး မျက်နှာကို အနီးကပ် မော့ကြည့်၏။

"ကိုမင်း က မေးခွန်းတွေကို သိပ်မဖြေချင်ပေမယ့် နည်းနည်းတော့ ရှုပ်နေတယ် သိလား .. ဟိုလေ .. ကိုမင်း ဒီလောက်ထိ ပြည့်စုံနေတာ ဘာဘာ့ ထက် သာတဲ့ မိန်းကလေးတွေ အများရှိမှာပါ ..၊ ပြီးတော့ ဘာဘာ့ ကို ကိုမင်း စိတ်ဝင်စားမှုလည်း မရှိဘဲနဲ့ .."

"မင်းကိုယ်မင်း သိပ်လှတဲ့ မိန်းကလေးဆိုတာကို ယုံကြည်မှု မရှိဘူးလား .."

"ကိုမင်း ရှေ့မှာတော့ အဲဒီလို ယုံကြည်မှုတွေက လျော့ရိလျော့ရဲပဲဆလ .. ဘာဖြစ်လို့လဲဆိုတော့ ကိုကိုက ရွှေမင်းသား .. ကျွန်မက စင်ဒရဲလား .."

"ဒါပေမယ့် ညားသွားကြတယ်မို့လား .."

"ဒါပေမယ့် မယုံနိုင်အောင် ဖြစ်နေတာ ဘယ်လိုလုပ်ရမလဲ .. ဘာဘာ က ကိုမင်း ကို တကောက်ကောက် လိုက်ငေးနေရမယ့် အခြေအနေမျိုးမှာပဲ ဘယ်လောက်ထိ ဆွေးရဦးမလဲလို့ တွေးနေမိတာ .."

"ဘာပဲဖြစ်ဖြစ် မင်း ဖြစ်ချင်တာကို ဖြစ်အောင် လုပ်မှာပဲမို့လား.."

"ဟင်!..."

"ကိုယ့်ကောင်မလေး ဖြစ်ဖို့ .."

"ဟုတ်တယ်.. ဒါပေမယ့် လက်ထပ်ဖို့ထိ တစ်ခါတည်း ပြောထား



www.burmeseclassic.com

www.burmeseclassic.com



ခံလိုက်ရတော့ ဘယ်လိုမှ မယုံနိုင်အောင်ပဲ .. ဘာဘာ က မလိမ္မာတဲ့ မိန်းကလေးပါ .. ဒါကြောင့်ပဲ ကိုမင်း ကို မြင်တည်းက ရူးသွပ်ခဲ့ရတာလေ .. ရှင်းရှင်းဝန်ခံရရင် လက်ထပ်ခွင့်ရဖို့ထိလည်း မမျှော်လင့်ရဲခဲ့ဘူး .."

"ကိုယ် ချမ်းသာလို့ မင်း တွဲချင်တာလား .."

"အထင်ကြီးခဲ့တာ အဲ့ဒါကြောင့် မှန်ပါတယ်.. ဒါပေမယ့် ဘာဘာ က စိတ်အလိုကိုပဲ လိုက်တာ.. တွေးတာတွေ သိပ်ဝါသနာမပါဘူး .."

"အကယ်၍ မင်းကို ကျောရရုံကြံပြီး ထားခဲ့မယ်ဆိုရင်တောင် ကိုယ်က ချမ်းသာတော့ မင်း မနစ်နာနိုင်ဘူးလို့ တွက်မိတာမျိုး ရှိခဲ့လား .."

"မရှိခဲ့ပါဘူး .. ဘာဘာ က စိတ်အလိုကိုပဲ လိုက်တာပါဆို .. ကိုယ်ထင်ရာ လုပ်ပြီးရင် .. အဲ .. ဘယ်လို ပြောရမလဲ .. ကိုယ်ထင်ရာ လုပ်ခွင့်ရနေတာကို ကျေနပ်တယ် .. ကိုမင်း ကို အရမ်းချောလို့ ရင်ခုန်မိတယ် .. ချမ်းသာတယ်ဆိုတာကတော့ မက်မောဖွယ်တစ်ခုလောက်ပါပဲ .. ကိုမင်း လိုလူနဲ့ တွဲနေတာနဲ့တင် ဘာဘာ့ ပတ်ဝန်းကျင်မှာ ဘာဘာ မော်နိုင်သွားပြီ .."

"ကြိုက်တယ် .. မင်း အဲဒီလို မိန်းကလေးမို့လည်း ကိုယ် စိတ်ဝင်စားခဲ့တာ .."

"ဒါနဲ့ စိတ်မဝင်စားဘူး ဆို .."

"ကိုယ့်ရှေ့ကို ရောက်လာရင်တော့ စိတ်ဝင်စားဖွယ် ရှိမရှိ ကိုယ် စဉ်းစားပါတယ် .. ဒီတော့ မင်း အခု ကိုယ်နဲ့ တွဲခြင်းအားဖြင့် ဘာလိုချင်သလဲ .."

"ဟွန်း .. မေးပုံကလည်း .."

ကမ္ဘာ နှုတ်ခမ်းလေး မဲ့သွားသည်။

"မိန်းမတစ်ယောက်အတွက် ယောကျ်ားလေးတွေက သူတို့ ပိုင်





ဆိုင်သမျှထဲက ပုံချ ပွန်းပွဲခံကြတာ သဘာဝပဲလေ .."

"ဒါပေမယ့် ဘာဘာ တို့ တွေးကြတာကတော့ သဘာဝလွန်ပဲလေ ကိုမင်း ရဲ့ .. ကိုမင်း က ရွေးချယ်တဲ့သူ .. ဘာဘာ က ကိုမင်း ရှေ့မှာ ရွေးချယ်ခံရဖို့ ဒူးထောက် မျှော်လင့်ရတဲ့သူ .."

"အဲဒီလူတွေ ကျေနပ် လက်ခံကြဖို့ပဲ လိုတာပါ .."

"အိုခေ .. ဒါဆို .."

သူမက လက်ဝါးချင်း ရိုက်ဖို့ လက်တစ်ဖက် ဖြန့်ထောင်သည်။ သူ အလိုက်သင့် ပေးရမှာက ညာဘက်လက် ..၊ ဒါပေမယ့် ...

"အိုခေ .."

စီးကရက် ညှပ်ထားတာကို ထောင်ပြပြီး သူ မျက်နှာလွှဲ၏။ ကမ္ဘာ့ မျက်နှာလေး တည်တည်လေး ဖြစ်သွားသည်။

ဒါက ဘာလဲ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၈)

"အစောကြီး ပြန်ရောက်နေပြီး ဘာဖြစ်လို့ ဂနာမငြိမ် ဖြစ်နေရတာလဲ အလှာ .."

"ဒေါ်လေး .."

"အင်း .. မပြောနဲ့တော့ သိတယ် .. ညည်း အခု ပြန်ထွက်မယ် ဘာဘာ့ နောက်လိုက်မယ် .. ဒါပဲမို့လား .."

မီးရောင်အောက်မှာ အလှာ့ မျက်နှာလေးက ဗေဒါရောင်နုနု လက်ပြတ်ကိုယ်ကျပ်လေးနှင့် ဝင်းနေ၏။ စကက်အတိုအပြတ်တွေ မဝတ်တတ်ပေမယ့် စကက်ရှည်တွေတော့ ဝတ်ထားတာမို့ ကိုယ်လုံးရဲ့ အလှက ကပ်ကပ်ချပ်ချပ်လေးနှင့် သူ့နေရာနဲ့သူ ကောက်ကြောင်းလေး တွေက ထင်းနေ၏။

ကမ္ဘာ လို မြင်သူတကာ ငေးလောက်အောင် ဆွဲဆောင် ညှို့ယူနိုင် တဲ့အလှမျိုး မဟုတ်ပေမယ့် ကိုယ်လုံးသွယ်သွယ် အရပ်မြင့်မြင့်လေးနှင့် အလှာ လည်း လှတာပါပဲ ..။





ဆံပင်တွေ ခါးကျော်အောင် ရှည်သည်။ ခုံမြင့်ဖိနပ်လေးတွေ .. ခေါက်နိမ့် ဖိနပ်လေးတွေနှင့် သူမပုံစံက မရိုးလွန်း မဆန်းလွန်းထဲက ဖြစ်သည်။

ဒါတောင် ဒီလိုဝတ်ပါ .. ဒီလိုနေပါလို့ သူမ ပြောလွန်းလို့ပါ ..။ အမြဲရာထဲ လဲနေရတဲ့ လူမမာပေမယ့် ဒီကလေးနှစ်ယောက် အသွင် ကျော့ စရိုက်မတူ ပူးတွဲရှိနေတာကို စိတ်ချလက်ချ မျက်ကွယ်ရာမှာ ထားနိုင် ..။

စကားများ ပြိုင်ဆိုင်ပြောကြပြီဆို အလှာ က နိုင်အောင် ပြောနိုင် သော်လည်း အနိုင်မယူ ..။ မနိုင်လို့ အရှုံးပေးခဲ့ရရင်တောင် ဒေါသစိတ် တွေနဲ့ ခုခံ ကျုန်ရစ်ခဲ့သည်ဆိုတာ မရှိခဲ့ဘူးပေ ..။

ကမ္ဘာ ကတော့ စကား အနိုင်လုပြောရပြီဆို မနိုင်နိုင်အောင် ပြော သည်။ နိုင်ဖို့အတွက် မိုက်ရိုင်းတာတွေ ပြောရမလား .. ချက်ချင်း ဓားဆွဲ ထုတ်ဆွဲ ဖြစ်သွားနိုင်လောက်တဲ့ စကားလုံးမျိုးတွေနဲ့ ထိုးနှက်ရမလား..။

သူမရဲ့ ရလိုမှုတစ်ခုမှ လွဲ၍ အစ်မဆိုတာ မသိ ..။ အခေါ်ဖြစ်ဖြစ် အခိုက် ..။

သူမကိုယ်သူမ မိသားစုနဲ့မတူ တစ်မူ ထူးခြားစွာ အထက်တန်း ကျကျ မွေးဖွားကြီးပြင်းလာတဲ့သူလို့ ကိုယ့်ဘာသာ သတ်မှတ်ရင်း စိတ် ကြီးဝင်နေခဲ့၏။ ထို့ကြောင့် ...

"သူ့ကို ပြိုင်ဆိုင်နိုင်းနေတာ မဟုတ်ဘူး အလှာ .. သူမှ တစ်သွေး တစ်မွေး လှနေတာ မဟုတ်ဘူး .. သူ အဲ့ဒီလို လှနေလို့ ငါတို့က ပိုချစ်.. အလိုလိုက်နေကြတာလည်း မဟုတ်ဘူး .. ဒါကို သဘောပေါက်ဖို့ အတွက် ညည်းလည်း လှနေဖို့ လိုတယ် .."

ဒီစကားတွေ အမြဲတမ်း ပြောနေရသည်။ ဒါပေမယ့် အလှာ ထွက် သလိုက်တိုင်း ဒီထက် ပိုလာတယ်ဆိုတာ မရှိ ..။

"သမီး သွားပြီ ဒေါ်လေး .. ဟိုထိ လိုက်မသွားပါဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ဘဲနဲ့ ညည်းက ဘာသွားလုပ်မှာလဲ အလွှာ ရယ် .."

ခဏလေး တွေးငေးသွားမိတုန်း အလွှာ က အိမ်ရှေ့ဆင်းပြီး ဖိနပ်စီးနေပြီ ဖြစ်သည်။ ဒေါ်မာလာ ဖျိုးခနဲ ဖျတ်ခနဲလည်း ထွက်မလာနိုင်ညှ မိုးချုပ်နေပြီမို့ စိတ်လည်း ပူသွားမိကာ ...

"ခါတိုင်းက ကိုယ့်အလုပ်ကို ပြီးအောင်လုပ်ပြီး အပြန် သွားလှည့်ဝင်တာလေ .. သွားနေကျလမ်းကြောင်းလို ဖြစ်နေပြီ .. ခုက မိုးချုပ်မှ အိမ်က ပြန်ထွက်ပြီး .."

"ဒေါ်လေးကလည်း စိတ်ပူနေပြန်ပြီ .."

ဖိနပ်စီးပြီးမှ မသွားဖြစ်သေးဘဲ အဒေါ်ဖြစ်သူကို နှစ်သိမ့်နေရသေးသည်။ ဒေါ်လေးခမျာလည်း စိတ်သွားတိုင်း ကိုယ်မပါနိုင်ရှာ .. ဒါကြောင့် လူငယ်တွေက အလေးမထား ..၊ ဂရုမစိုက်ကြတော့ဘူးဆိုတာမျိုးလည်း မခံစားစေချင်ပါ ..။

"စိတ်ချပါ ဒေါ်လေးရဲ့ .. ဒီအချိန် အိမ်မှာ တစ်ယောက်တည်း ရှိမနေခဲ့ဖူးတော့ မနေတတ်လို့ပါ .."

"ပိုဆိုးပြီ အလွှာ ရယ် .. မနေတတ်တာနဲ့ပဲ လမ်းပေါ်မှာ အန္တရာယ် ဖြစ်နိုင်ရအောင် ညည်းကိုယ်ညည်း ယောကျ်ားလေးများ မှတ်နေလားဟင်.. ပြီးတော့ မိုးချုပ်နေပြီ .."

"ခုပဲ မိုးချုပ်တာ ဘာမှမဖြစ်ပါဘူး .. ဘာဘာ က ဆိုင်ကို သွားတာလည်း နှစ်ညရှိပြီတဲ့ .. သူ ဘာတွေလုပ်နေလဲ ဆိုတာ .."

"အခု လိုက်သွားတော့ရော ညည်း ဘာသိရမှာ မို့လို့လဲ .. ဆိုင်မှာတောင် မရှိဘူးဆိုမှတော့ ပိုဆိုးပြီ .."

"ဖုန်းကလည်း ကောင်းကောင်းခေါ်လို့ မရလို့ပါ .. ဒေါ်လေး စိတ်အေးအေး နေနော် .."

စိတ်အေးရလောက်အောင် ဘာမှ ပြောသွားတာလဲ မဟုတ်ဘဲ ဘာကို စိတ်အေးရမှာလဲ ...၊





အလွှာ ကလည်း ဒေါ်လေး တစ်စုံတစ်ရာ ထပ်မပြောရသေးခင် ထွက်လာခဲ့သည်မို့ အမှောင်ရိပ်ကို ရောက်တာနှင့် ခလုတ်များဆောင် တိုက်လေသည်။

လက်တစ်ဖက်မှာ ခါတ်မီးသေးသေးလေး ကိုင်ကာ ခြင်းကြားညပ်လာတာက ရှစ်လက်မလောက် ပိုက်ဆံအိတ်ပြားလေး ဖြစ်သည်။

အိတ်ထဲမှာ စိတ်ပုတီးလေးရယ် .. ပိုက်ဆံ အနည်းငယ်ရယ် .. ပြီးတော့ ကောင်းကောင်း မကောင်းကောင်း ထည့်ယူလာခဲ့သော ဖုန်းရယ် ..၊

"အ!..."

နောက်ထပ် ခလုတ်ထပ်တိုက်လိုက်သည့်အချိန်မှာ ဖိနပ်ရဲ့ အခြေမနေက စိုးရိမ်မှုတ်သို့ ရောက်လာ၏။ ထိုအခါ လူကြီး တားဆီးနေသည့်လမ်းကို ဖွတ်ထွက်လာခဲ့မိသဖြင့် မကောင်းတဲ့နိမိတ်ဆိုးများ ဖြစ်နေလေးလို့ တွေးမိလာ၏။

ညက နုပျိုလတ်ဆတ်နေပေမယ့် လူစည်တဲ့နေရာ ရောက်လိုက် .. လူပြတ်တဲ့နေရာကို ရောက်လိုက်နှင့် စိတ်ကို တစ်ခုတည်းမှာ စိုက်နှစ်ပြီး အေးချမ်းစွာ သွားနေလို့လည်း မရ ..၊

ခြေလှမ်းကို နောက်ပြန်လှည့်မကြည့်ဘဲ ဖုန်းကိုထုတ်၍ ကမ္ဘာကို ခေါ်ကြည့်မိသည်။ ဖုန်းခေါ်တိုင်းလည်း ဘယ်တုန်းကမှ ဂရုတစိုက် ကိုင်ခဲ့တာ မရှိဘဲ မခေါ်ဘဲလည်း ဘယ်လိုမှ မနေနိုင် ..၊

ဒီတစ်ခါတော့ ဖုန်းကလည်း သိပ်မကောင်းသဖြင့် ခေါ်နေလိုက် .. ပြတ်ကျသွားလိုက် ..၊ ထိုစဉ် ...

"ကရင် .. ကရင် .. ကရင် ..."

ဘဲလ်မြည်သံနှင့်အတူ ဆိုက်ကားတစ်စီးက တည့်တည့်ကြီး ဝင်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



အစကတည်းက လမ်းဆောမှာ ကပ်လျှောက်နေတာမို့ ရှောင်စရာ မရှိတော့ဘဲ ဘေးက ကျိုးပျက်နေသည့် ပလက်ဖောင်းပေါ် ကခနော် ကတန်း တက်လိုက်ရသည်။

"အယ်!..."

"ဒုတ် .."

လူက ဟန်ချက်ပျက်ကာ ဖုန်းပါ လွတ်ကျသွား၏။ အလွှာ ကြောင်ငေးမနေအားဘဲ ခတ်မီးထိုး ရှာကြည့်သည်။ ပြန်တွေ့ပေမယ့် ခဏခဏ ပြုတ်ကျနေရသည့်အဖြစ်ကြောင့် စခရင်နိလင်းလာအောင် တောင် ဘယ်လိုမှ လုပ်လို့ မရတော့ပေ ..။

"သွားပြီ .."

ဒီလမ်းကို ထွက်လာမိတာကိုက နိမိတ်မကောင်းခဲ့တာပါ .. ကလပ်ထဲမှာ ပြုတ်ကျ .. သံမံတလင်းပေါ် ပြုတ်ကျနှင့် ဒီဖုန်း ဘယ်လို လုပ် ကောင်းတော့မှာလဲ ..။

"ဘာရှာနေတာလဲ .."

ဟင်!...

ကိုယ့်သောကနဲ့ ကိုယ် ပတ်ဝန်းကျင်ကို မေ့နေခဲ့၏။ စကားသံ နှင့်အတူ စူးရှသည့် အရက်နံ့ရောသော ချွေးနံ့ကြီးကြောင့် လှည့်ကြည့် လိုက်မိသည်။

"ဟဲ .. ဟဲ .. ညီမလေး ဒုက္ခရောက်နေတာလားလို့ .."

"ဘာ!.."

"မှောင်မှောင်မည်းမည်းထဲမှာ ဘာစောင့်နေတာလဲ .. လူရှာနေ တာလား .."

မျက်နှာနား ကပ်မေးလိုက်တော့ အလွှာ နောက်ကို ကခနော် ကတန်း ဆုတ်လိုက်၏။ ထိုလူက ရှေ့ထပ်တိုးလိုက်သဖြင့် လူက ထိုင် သွားကာ ကိုယ့်ကို အုပ်ဖမ်းသလို ဖြစ်သွားလျှင် ...





"ဘာလုပ်တာလဲ .. ကဲဟာ .."

မျက်လုံးထဲမှာ ထိတ်လန့်ပြာဝေသွားကာ စိတ်ရှိလက်ရှိ တွန်းပစ် လိုက်မိ၏။ ပြီးတော့ ဖျတ်ခနဲ လှည့်ပြေးမိတာက လမ်းမကို လန့်လန့် ဖြတ်၍ ...

"ကျွိ .."

"အား!..."

အလွှာ မျက်လုံးထဲမှာ ကားမီးရောင်တစ်ချက်က စူးရှ ပြာဝေသွား ခနဲ့လျက် ..၊ နောက်ထပ် မှောင်အတိကျသွားခဲ့သည့်နောက် ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၉)

"အား!... နာလိုက်တာ .. ကျွတ် .. ကျွတ်!..."

မေးစင်းနေသည့် သူ့မျက်လုံးတွေ အသံကြောင့် ပွင့်သွားခဲ့၏။ ဒရင်းမ်ဘက်ခ်ပေါ်မှာ လှဲနေရင်းကနေ ငုတ်တုတ်ထိုင်လိုက်ပြီး လက်ကြားမှ မီးခိုးလွှန့်နေဆဲ စီးကရက်ကို တန်းနဲ့ ဖိချေပစ်လိုက်၏။

ထိုစဉ် ...

"ဟင် .. ကျွန်မ .. ကျွန်မ ဘယ်ကို ရောက်နေတာလဲ .."

"ဆေးရုံ .."

"ဆေး .. ရုံ .."

သူမက သံယောင်လိုက် ရွတ်ပြီး ခေါင်းက ပတ်တီးကို ပြန်စမ်းကြည့်၏။ သူမ ဘာဖြစ်ခဲ့သည်ကို ရုတ်တရက် စဉ်းစားမရသကဲ့သို့ အခြေအနေက အေးချမ်းစွာ ရှိနေခဲ့ပြီး ...

"ကား .. ကားတိုက်မိတာ .."

ချက်ချင်းကြီး မျက်လုံးအပြူးသားနှင့် ထဖြစ်လျက် ...





"ကျွန်မကို .."

"ဟုတ်တယ် .. ကိုယ့်ကားနဲ့ တိုက်မိတာ .."

"ရှင်!..."

သူ့ ထလျှောက်လာတော့လည်း သူမ ခုတင်ပေါ်ကနေ ပို၍ ပြူးပိုင်းနေသော မျက်ဝန်းတို့နှင့်

"ရှင် .. ရှင့်ကို ကျွန်မ သိတယ် .."

"သိတာပေါ့ .. မင်းနဲ့ ဆုံလိုက်ရတိုင်း အမှတ်တရတွေ ဖြစ်နေတာပဲ .."

သူက ကော်ဖီရောင်ကုတ်အင်္ကျီလက်ကို ထပ်၍ ခေါက်တင်ထားကာ နုံ့သာရောင် ရှပ်အင်္ကျီနဲ့ ခံထားသည်။ လေးထောင့်ဆန်ချင်သလိုလို .. ရှည်ချင်သလိုလိုနှင့် ရှင်းသန့်နေသည့် မျက်နှာပုံက လည်ပင်း မကတကထိ ခွေထောက်နေသော ဆံပင်တွေနဲ့ ပိုကြည့်ကောင်းသည်။

ဟိုတစ်ခါ ကလပ်ကအပြန် ညက ပို၍ နက်ရှိုင်းကာ ထိတ်လန့်နေခဲ့ရသဖြင့် သတိမထားမိသမျှ ဖွေးထိန်နေသော မီးရောင်အောက်မှာ သေချာကြီး မြင်ရမှ အလွှာ ပြောဖို့စကားတွေပါ ပျောက်ရှကုန်လေသည်။

ဒါပေမယ့် ခံစားချက်တို့က အဆိုးအကောင်းတွေကြားမှာ ခဏအတွင်းမှာပဲ တရှပ်ရှစ် ပြေးလွှား ပြောင်းလဲသွားခဲ့ပြီး ...

"ကျွန်မ ဘာဖြစ်သွားတာလဲဟင် .. ခေါင်းကွဲသွားတာလား .."

"ဟုတ်တယ်.. ကံကောင်းလို့ နောက်စိပွင့် မသေတာ .. လေးချက်တောင် ချုပ်ရတယ် .. ဒါပေမယ့် ကိုယ့်ကားနဲ့ တိုက်မိလို့ မဟုတ်ဘူး.. ကိုယ် အချိန်မီ ရပ်လိုက်နိုင်တယ် .. မင်းဘာသာ ထိတ်လန့်လာတဲ့ အရှိန်နဲ့ အသည်းအသန် ရှောင်ပြီး လဲတာ .."

"ရှင့်ကိုလည်း ဘယ်သူကမှ ရှင့်ကြောင့်ပါလို့ မပြောဘူး .. အား!..."



www.burmeseclassic.com

www.burmeseclassic.com



ဒေါသနဲ့ အော်ပြောမိပြီးမှ ခေါင်းက တဆစ်ဆစ် နာကျင်လာသဖြင့် မျက်နှာလေး မဲ့သွားသည်။ သို့သော် ခေါင်းကို ကိုင်၍ ညည်းညူခြင်း .. အံကြိတ်မျိုသိပ်လိုက်ခြင်းတို့ဖြင့် သူမ ချက်ချင်း မျက်နှာပြန်မော့ကာ ...

"ကျွန်မ ခြေထောက်တွေ ဘာဖြစ်သွားသလဲ .."

"ဘယ်သိမလဲ .. ဘယ်မှာ နာတာ ကျင်တာ မင်းခြေထောက်ကို မင်းပဲ သိမှာပေါ့ .."

"ရှင့်ကိုရော ဘယ်နားက နာမယ် ထင်လဲလို့ မေးနေလို့လား .. ကျွန်မကို ဆရာဝန် စမ်းသပ်တော့ ဘာပြောသလဲ လို့ .."

"မင်းကိုယ်မှာ သွေးထွက်တဲ့နေရာတွေ့မှ စမ်းကြည့်လို့ ရမှာလေ.. ကားပေါ် မွေ့တင်လာရတည်းက မင်း သတိမေ့နေတာ .. ခြေထောက်မှာ ဘာဖြစ်တယ် ဘယ်လိုလုပ် စမ်းသပ်မလဲ .."

ဘယ့်နယ်ကြောင့် ဒီလူ ဝကျကျ ပြန်ပြောနိုင်ဖို့ သူမ မေးခွန်းတွေ ထွင်ပေးနေမိတာလဲ ...၊

"ကျွန်မ အောက်ဆင်းမယ် .."

ခုတင်က ခြေထောက်ရှည်ကြီးတွေနဲ့ ဖြစ်ကာ ဆင်းမယ်ဆိုပေမယ့် ကြမ်းပြင်ကို မထိ ...၊

"လူနာခုတင်ကို ဒီလောက်တောင် အမြင့်ကြီး ထားရသလား .. ခြေထောက်ထိထားတဲ့လူဆိုတာ ကျိုးပါတယ်ဆိုမှ နှစ်ပိုင်း သုံးပိုင်း ထပ်ပြတ်သွားဦးမယ် .."

"နောက်တစ်ခါ ငါ့ကားရှေ့ မင်း ထပ်ပြေးလိုက်လေ .. ဆေးရုံမှာ ခုတင်နိမ့်နိမ့်တစ်လုံး ထားပေးဖို့ အော်ဒါ လှမ်းမှာထားပေးမယ် .."

သူက အနားရောက်လာပြီး ဘေးက ပလတ်စတစ်ခုံတစ်လုံးကို ခြေထောက်နဲ့ လှမ်းချိတ်ဆွဲသည်။ အလွှာ ခြေချလို့ရအောင် နေရာကျသွားမှ ...





"ရပြီ .."

သူမ ခုတင်ကို ပြန်အားပြုပြီး ဆင်းလိုက်သည်။

"အ!... ကျွတ် .. ကျွတ် .."

ကြမ်းပြင်မှာ ခြေစုံရပ်ပြီးမှ ခုံမှာ ဖင်ထိုင်လေး ပြန်ကျသွားပြီး ညည်း၏။

"ခြေထောက်က နာတာလား .."

"ဟုတ်တယ် .. ဘယ်ဘက်ခြေထောက်တစ်ချောင်းလုံးပဲ .. ပြီးတော့ ခါးကနေ ကျောထဲထိ .. အား!..."

သူ မျက်နှာပျက်သွားပြီး အလွှာ ကို သေချာ ငုံ့ကြည့်သည်။

"မတ်တတ် ပြန်ရပ်ပြီး လမ်းလျှောက်ကြည့်လေ .."

"အင်း .."

သူမ ခုတင်ကိုပဲ ပြန်ကိုင်သည်။ ဖြည်းဖြည်း ထရပ်ပြီး မတ်တတ် သေချာရပ်လိုက်တော့ တစ်ကိုယ်လုံး နာနေတာရော .. ခေါင်းတွေကပါ တရိပ်ရိပ် မူးဝေလာကာ ...

"အား!..."

"ဘာဖြစ်တာလဲ .."

"မူးတယ် .."

သူ့အသံ နီးကပ်လာတာနှင့် အလွှာ လက်က လူကို လာမကိုင်ဖို့ လွှဲခါ ကာကွယ်နေသဖြင့် ...

"လက်က ဘာဖြစ်တာလဲ .."

"ဘာမှ မဖြစ်ပါဘူး .. ရတယ် .."

မကိုင်နဲ့လို့ မပြောပေမယ့် သူက သဘောပေါက်သွားကာ ...

"မင်းကို ဘယ်သူက ထိချင် ကိုင်ချင်လွန်းလို့လဲ .. အေးအေးဆေး နေလိုက် .."

"မနေနိုင်ဘူး .. အကျင့်ပါနေတာ ဒီလက်က .. ရှင့်ဘာသာ



www.burmeseclassic.com

www.burmeseclassic.com



ဘယ်လိုလူဖြစ်ဖြစ် ကျွန်မက မိန်းကလေး ..."

"မိန်းကလေးလည်း ဝေဒနာ ခံစားနေရရင် ခံစားရသလို နေပေါ့ကွ .. မတွေ့ဖူးဘူး ..."

"မတွေ့ဖူးရင်လည်း ခု တွေ့ဖူးသွားပြီမို့လား .. ကျွန်မ ပိုက်ဆံအိတ် ပေးပါ .. အချိန်မလွန်ခင် ပြန်ရမှာ .."

"ဘာ!..."

သူမက ခေါင်းရင်းစားပွဲပေါ်မှာ ဒီတိုင်းလေး တင်ထားသည့် ပိုက်ဆံအိတ်ကို လှမ်းကြည့်ပြီး လက်ညှိုးထိုးပြကာ ...

"ပိုက်ဆံအိတ်လေး တစ်ချက်လောက် ယူပေးပါလို့ .."

"မင်း အဲဒီ ခြေသုံးလှမ်းလောက်ကိုတောင် သွားမယူနိုင်ဘဲနဲ့ .. ဘယ်လိုပြန်မှာလဲ .."

"ကိုယ့်ဘာသာ ဘယ်လိုပြန်ပြန်ပေါ့ .. ဆေးရုံမှာ လူနာလုပ်နေရအောင် ကျွန်မက ရောဂါသည်ကြီးမှ မဟုတ်တာ .. ခုလောက်ဆို ဒေါ်လေး စိတ်ပူနေလောက်ပြီ .."

"ဒီမှာ .. အခု ဘယ်အချိန် ရှိပြီလို့ မင်း ထင်လဲ .."

ဟင်!...

အချိန်ဆိုတာကို ခုမှ သတိရသွားသည်။ သူမ ကားတိုက်မိတဲ့ အချိန်က စောသေးပေမယ့် အချိန် ဘယ်လောက်ကြာအောင် သတိလစ်နေခဲ့သလဲ ..၊

"ဘယ်နှစ်နာရီ ရှိပြီလဲ ဟင် .."

"ဆယ့်တစ်နာရီ .."

"ဘာ!..."

ထိတ်လန့်သည့်စိတ်က တစ်ပိုင်း .. ဆောင့်အော်လိုက်မိသည့်အရှိန်နှင့် ခေါင်းက မိုက်ခနဲ ဖြစ်သွားသည်။ ထိုအခါ သူမ ကိုယ့်ကိုယ်ကိုယ် ဘာဖြစ်သွားမှန်း မသိလိုက်ဘဲ မွှေးပျံ့သော ကိုယ်နံ့တစ်ချက်က အသိ





တရားတို့ ပုတ်ခတ် နှိုးနေ၏။

"မှူးလိုက်တာ .."

"မင်း ခုတင်ပေါ်မှာ ပြန်လှဲနေမှ ဖြစ်မယ် .."

"ဟင်!..."

သူမ သူ့ရင်ခွင်ထဲမှာ မျက်နှာအပ်ပြီး ငိုက်ကျသွားခဲ့တာလား ..၊

"အို .. မဖြစ်ဘူး .."

သူက သူ့သဘောနဲ့သူ သူမကိုယ်ကို ပွေ့ယူလိုက်ပြီး ခုတင်ပေါ် ပြန်တင်၏။ အလွှာ က အတင်းရုန်းပြီး ပြန်လျောဆင်းသည်။

"မဖြစ်ဘူး .. ကျွန်မ ပြန်မှ ဖြစ်မှာ .. မဖြစ်လို့ပါရှင် .. ကျွန်မကို ပြန်ပို့ပေးပါ .."

"မင်းကို ကိုယ်ခန္ဓာ ထိခိုက်မှု ရှိမရှိ မနက်ကျမှ စစ်ဆေးရမယ်လို့ ပြောသွားတာ .. မင်း ခု ဆင်းသွားရင် ငါ ပြဿနာတက်သွားမှာပေါ့.."

"ဘာလို့ တက်ရမှာလဲ .. ကျွန်မ ကျေနပ်တဲ့အကြောင်း လက်မှတ်ထိုးသွားပေးမယ် .."

"လက်မှတ်ထိုးတိုင်း ဆင်းခွင့်ပြုမှာ မဟုတ်ဘူး .."

"ဒါဆိုလည်း ကျွန်မတို့ မိတ်ဆွေတွေလို့ပဲ .."

"မိတ်ဆွေဖြစ်ရအောင် မင်းနာမည် မေးတုန်းကတောင် ငါ ဖြေနိုင်ခဲ့တာ မဟုတ်ဘူး .."

"ကျွန်မက ရေအလွှာ .."

ရေအလွှာ ..၊

သူ မျက်မှောင်ကုတ်သွားရုံပေမယ့် ထိုနာမည်ကို စိတ်ထဲမှာ နောက်တစ်ခေါက် ရွတ်ကြည့်မိသေးသည်။ ဆန်းတော့ မဆန်းပေမယ့် သူမရဲ့ဘဝနဲ့ ဒီလောက် ကဗျာဆန်တဲ့နာမည် တွဲစပ်နေပုံက တစ်မျိုးတစ်မည်တော့ ဖြစ်နေသလိုပင် ..၊

"မင်းအိမ်ကို ဖုန်းဆက်လိုက်ရင်ရော .."



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မှာ ဖုန်း မရှိဘူး .."

"မင်း ဖုန်းကိုင်နေတာပဲ .."

"ဟုတ်တယ် .. ညီမလေးနဲ့ ကျွန်မမှာပဲ ဖုန်းရှိတာ .. အခု ကျွန်မ ဖုန်းလည်း ဘာမှ လုပ်မရတော့ဘူး .."

"မင်းညီမကို ဖုန်းဆက်ပေးမယ် .."

"ဟင်!..."

ဒီအချိန်ဆို ညီမလေး ပြန်ရောက်နေပါပြီ ..၊ သူမကို စိတ်ပူပြီး ပြန်ထွက်ရှာနေမလား .. ဒါမှမဟုတ် သူ့ဟာသူ ပြန်လာမှာပဲလို့ ယုံကြည်ပြီး အိပ်ရာဝင်သွားလို့ ဒေါ်လေး ဖင်မကျနိုင်အောင် စိုးရိမ်သောက များနေရပြီလား ..၊

အလွှာ ဆုံးဖြတ်ချက်ချကာ ကိုယ့်ဘာသာ ကြိတ်မှိတ်သွားရင်း ပိုက်ဆံအိတ်ကို ယူသည်။

"ကျွန်မ ပြန်မှ ဖြစ်မှာ .."



## အခန်း (၁၀)

"မင်း မူးနေသေးလား .."

"ရတယ် .."

"နောက်နေ့ ဆေးခန်းပြဖို့အတွက် .."

"ရပါတယ် .."

ရပါတယ်ချည်း ပြောနေပြီး သူမ ကူရှင်မှာ မှီရင်း မျက်လုံးမဖွင့်တော့ပေ ..၊ သူ ကားကို အရှိန်ထပ်လျှော့လိုက်ပြီး ...

"ခု ပြန်ရင် မင်းကို ဆူပူ ကြိမ်းမောင်းမယ့်လူ ရှိလား .."

သူမ မျက်တောင်ဖျားလေးတွေ လှုပ်ခတ်လာကာ ပြန်ဖြေတိုင်း မျက်လုံးဖွင့်ကြည့်တာမျိုး အသိအမှတ်ပြုဖို့တော့ ကြိုးစားသည်။ ဒါပေမယ့် မျက်လွှာတစ်ဝက်တောင် မပွင့်ဘဲ ပြန်ပြန် မှိတ်ကျသွားခဲ့လျက်..

"ဆူမယ့်လူ မရှိပါဘူး .. ဒါပေမယ့် ဒေါ်လေးက သိပ်မလွယ်ကူနိုင်တဲ့ ရောဂါသည်လေ .. သူ စိတ်ပူနေရမှာကို သနားတာ .."

ဖြေရင်း မျက်နှာလေး မဲ့သွားတတ်ကာ ခေါင်းကိုသည်း ကိုင်၏။

www.burmeseclassic.com

www.burmeseclassic.com



ဒါကို မြင်တိုင်း ကားကို အရှိန်ချနေမိကာ ညဥ့်နက်မှ စိတ်ပြေလက် ပျောက် ကားလျှောက်မောင်းနေတာမျိုး .. ဘီးလိမ့်ရုံသာသာပဲ ရှိတော့၏။

ဒါကို သူမကလည်း သတိထားမိပုံ မရှိပေ ..။

"ကျွန်မတို့မှာ ညီအစ်မ နှစ်ယောက်ပဲ ရှိတော့တာ .. ဒေါ်လေးရဲ့ စောင့်ရှောက်မှုရှိလို့သာ လုံခြုံခဲ့ရတာလေ .."

"မင်းညီမက ကလပ်မှာ ဘာလုပ်တာလဲ .."

"အို .. ကလပ် မဟုတ်ပါဘူး .. ရှင် ဘာတွေ ပြောနေတာလဲ .."

ဒါကျတော့ မျက်လုံးက ပြူးပြီ ထဖြစ်လာဖော် ရ၏။ ပြီးမှ ပြန်မှိန်းကျသွားကာ ...

"ရှင့်ကို အဲ့ဒါတွေ ပြောဖူးတာပဲဟာ .."

"ဒါကျတော့ မင်း မှတ်မိတယ်ပေါ့ .."

"မှတ်မိတယ် .."

ရွဲ့မေးတာကို ပြန်ဖြေပုံက ရွဲ့တာပဲလား .. ရွဲ့မှန်း မသိသေးဘူးလားလည်း မသိ ..။

"တစ်ခုလောက် မေးချင်တယ် .."

"မေးပေါ့ရှင် .. ဒီလောက်ထိ မေးနေပြီးမှ .."

"မင်း ဖြေချင်ရဲ့လားလို့ပါ .. ခေါင်းမူးတဲ့ပုံ ပေါက်နေလို့ .."

"မူးတယ် .. မျက်လုံး ဖွင့်ထားရင် အန်ချင်လာမှာ စိုးလို့ပါ .. အရမ်းဖြစ်နေတာ မဟုတ်ပါဘူး .."

သူမ မျက်လုံးတွေ မှိတ်သွားတိုင်း သူ လှည့်ကြည့်ဖြစ်ကာ လမ်းဘေးက အလင်းရောင်တွေ ဖြတ်တိုင်းလည်း ကြည့်မိလေသည်။

လူကို မြင်လိုက်တုန်းက တအံ့တသြ မော့ငေးနေသေးသည်။ ဒါပေမယ့် ပြီးတော့ ဘာမှ မဟုတ်တော့သလိုမျိုး .. ၊

"ရေအလွှာ .."





"ဟင်!..."

"အခု မင်း ငါ့ကားရှေ့ ရောက်လာရတဲ့ အကြောင်းရင်းက ဘာလဲ .."

"ဘာလဲ ဟင် .."

"ဒီည မင်းကို လမ်းပေါ်မှာ ထပ်တွေ့ရတာလည်း ဟိုတစ်ညက ...မျိုးပဲလေ .. မင်း လမ်းပေါ်ရောက်နေရတဲ့ အကြောင်းရင်းတွေကို ...းတာ .."

"ကိုယ့်အကြောင်းနဲ့ ကိုယ်ပါ .."

"မင်းက မေးဆိုလို့ ကိုယ် မေးတာနော် .. ကိုယ်က မေးရင် ...မှ ကြိုက်တာ .. စပ်စုတာကို ကိုယ်ကိုယ်တိုင်လည်း မကြိုက်ဘူး.. ...ပေမယ့် စပ်စုတယ်လို့ ကိုယ်တိုင် အထင်ခံရတာတော့ ဘယ်လိုနေ ...ဲ .."

အလွှာ့ မျက်ဝန်းလေးတွေ ပွင့်လာကာ သူ့ဘက်ကိုပါ စောင်းငဲ့ ...ည့်လာ၏။

"ရှင့်ကို ကျွန်မ စပ်စုတယ်လို့ ပြောမိလို့လား .."

"ကိုယ် မေးတာကို ပြီးစလွယ် ရောချလိုက်တော့ အဲလိုပုံစံ ပေါက် ...တယ် .."

"ဒါတော့ ရှင့်ဘာသာ ပိုင်းခြားခံစားနေတာပဲ .. အမေးရှိရင် ...ရှိတယ် ဆိုပေမယ့် မေးခွန်းတိုင်းမှာ အဖြေ ရှိမနေဘူးဆိုတာလည်း ...ည့်တွက်ဦးမှပေါ့ .. ညဘက် ကျွန်မ အပြင်ထွက်ရတဲ့အကြောင်း ...ာ ကြိုက်သလို ချဲ့ကားတွေးလို့ ရတယ် .. ကျွန်မဘက်မှာလည်း ...ကြောင်းတွေ အများကြီး ရှိနေနိုင်တယ် .. အဲဒါတွေကို .."

"မင်း မပြောလို့ ကိုယ်က မဟုတ်တာတွေ ချဲ့ကား တွေးနေရင် ... .."

"သူများအကြောင်း အချိန်ပို အလုပ်ရှုပ်ခံပြီး တွေးကို ...



www.burmeseclassic.com

www.burmeseclassic.com



ဆိုရင်တော့ မတတ်နိုင်ဘူး ..”

ဆေးပြောပြီး စိတ်ပျက်သလို ရှုံ့မဲ့ မျက်နှာလွှဲတာလေးကို သူ
ပြုံးလိုက်မိသည်။ ပြီးမှ ...

“မင်းအတွက် အန္တရာယ်များလို့ ပြောတာပါ ..”

သူမဆီက အသံတိတ်နေခဲ့၏။ ပြီးမှ မျက်လုံးတွေ ဖျတ်ခနဲ ရွှ
လာကာ ...

“ရှင့်ကားက နှေးလိုက်တာ .. ကျွန်မ နားချင်နေပြီ .. မြန်မြ
မောင်းပါ.. ပြီးတော့ အိမ်ရှေ့ထိ မပို့နဲ့ နော် .. လမ်းထိပ်မှာပဲ ရပ်ပေ

“မင်း ပစ်စလက်ခတ်ကြီး ကားတိုက်ခံထားရတာ ရေအလွှာ

“အလွှာ လို့ပဲ ခေါ်ပါ .. ကျွန်မ ရလို့ပဲ ဆေးရုံကတောင် ဆင်း
တာပဲရှင် .. ဖြည်းဖြည်း လျှောက်သွားရင် ဖြစ်ပါတယ် .. ရှင့်ကားကြီး
ဒီအချိန်ကျမှ ပြန်သွားရင် ပတ်ဝန်းကျင်က ကျွန်မကို ဘယ်လိုပြော
မလဲ ..”

“ဒီအချိန်ကြီး လမ်းပေါ်မှာ တစ်ခုခု မဖြစ်နိုင်ဘူးလို့ရော ဘယ်
အာမခံထားလို့လဲကွ .. မင်းပဲ ပြောတော့ ကိုယ့်အကြောင်းနဲ့ ကိုယ်

“ရှင် ကျွန်မကို ဘာဖြစ်လို့ ပြန်ပြန် မေးနေတာလဲ .. ကျွ
အရမ်းကို မူးမိုက် နာကျင်နေပြီ .. ကျေးဇူးပြုပြီး ကျွန်မ ပြောသ
လုပ်ပေးပါ .. တောင်းပန်ပါတယ် ..”

“ကိုယ်ကလည်း စကားများတတ်တဲ့လူ မဟုတ်ဘူး .. မင်း
လစ်သွားမှာစိုးလို့ စကားတွေ ပြောပေးနေတာ .. ဒါပေမယ့် မင်း
မလစ်လည်း ဒီတိုင်း ဆင်းလျှောက်သွားနိုင်မှာ မဟုတ်ဘူး ..
သေချာတယ် ..”

သူ ပြောတာ မှန်သည် ...၊ သူမ ဘယ်လောက် မူးဝေ ယိုင်နဲ့
ဆိုတာ ကိုယ့်ဘာသာ အသိဆုံး ...၊

ဒါပေမယ့် ...





“ဒုန်း ..”

“အ!...”

ကား တစ်ချက် ဆောင့်ခုန်သွားသည်နှင့် သူမကိုယ်လေး တုန်ခါ
သွား၏။ ပြီးတော့ ...

“ဟော့ .. အလွှာ .. ကျွတ်!...”

သွားပြီဆိုတာ သိလိုက်သည်။ သူမကိုယ်လေး တံခါးဘက်ကို
ခွေခေါက် ယိုင်ကျသွားသည်နှင့် သူ အချိန်မီ လှမ်းဆွဲလိုက်ရင်း ကားက
တုံ့ခနဲ ရပ်၏။

ည၏ ရင့်ကျက်လာခြင်းက သူတို့အဖြစ်ကို ဥပေက္ခာထားနေဆဲ
နှင့် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၁၁)

"မမအကွက် ဘာဝယ်လာပေးရမလဲ .."

ကမ္ဘာ မေးတာကို သူမ မဖြေနိုင် ...

ကိုယ် သိချင်တာတွေကို မေးချင်နေပေမယ့် တစ်နေ့လုံး မေးခွ မသာခဲ့ဘဲ ကိုယ့်ရှေ့ကို သေချာ ရောက်လာတော့ ကြက်သွေးရော အပြောင်သား ကိုယ်ကျပ်ဝတ်စုံလေးနှင့် အနက်ရောင် ပြောင်နေသည့ ဂျင်းကက်ခါးတိုလေး ဝတ်ထားသည်။

အပြင်ကိုသွားဖို့ ခြေတစ်လှမ်းချထားပြီးမှ ပြန်လှည့် နှုတ်ဆ တာမျိုး ...

"ညက ညည်း ပြန်ရောက်ခါနီးမှ သူ ပြန်လာတာ အလွှာ ညီအစ်မနှစ်ယောက်စလုံး ဘယ်မှာ ဘာတွေဖြစ်နေကြပြီမှန်း မသိ ဘာအကြောင်းမှ မကြားရဘဲ ငါ့မှာ ရဲ ပြေးတိုင်ရမလား .. လမ်း ထွက်ပြီး အော်ခေါ်ရမလား .. ဘာလုပ်ရမှန်း မသိဘဲ အရူးမကြီး ကူ တာပဲအေ .." တဲ့ ...



"ညည်းအစ်မ ညည်းကို လိုက်ရှာနေတာ ဖြစ်မှာ .. လုပ်ပါဦး .. တွေဘာတွေ ဆက်ကြည့်ပါဦးဆိုတော့ ဘာပြောတယ် မှတ်လဲ .. န်းက စုတ်နေပြီတဲ့ .. ခေါ်နေလည်း အပိုပဲတဲ့ .. သူလည်း အဆင် ဖြစ်လာတာ စိတ်ညစ်နေတယ် တဲ့ .."

ပြောပြရင်း ခေါ်လေး ငိုသံ ပါနေခဲ့၏။

"ညည်းကို ကောင်လေးတစ်ယောက် ပွေ့ခေါ်လာတော့ ငါဖြင့် တ်တုတ်ကြီးကနေ အသက်ထွက်သွားပြီပဲ ထင်တာ .. ကိုယ့်ကိုယ် ယ်တောင် မသိတော့ဘူးအေ .. အဲဒီလောက်ထိ လန့်ဖျပ်သွားတာ.." ...

ညက ထိတ်လန့်စရာတွေ ဖြစ်ခဲ့သည်။ သူမ ဖြစ်ပုံကလည်း ကံ ကောင်းလျှင် သေသွားနိုင်သေးသည်။ ဒါပေမယ့် ကမ္ဘာ က မနက် ည်း နေမြင့်မှ ထသည်။

ဆေးသောက်ပြီး ပြန်မှိန်းနေသည့် သူမကို ဆေးမှာ ခဏ လာရပ် ည့်သည်။ ပြီးတော့ သူမဘာသာ စားသောက်ပြီးစီးကာ ခြေသည်း က်သည်းပြင်ဆင်ပြီး ပြန်အိပ်သည်။

နီးလာတော့ သူမရှေ့ ရောက်လာတာ ဒီပုံစံအတိုင်းနှင့် ...

"ဟား .. ဘာကြည့်နေတာလဲ ..၊ အပြန် ဘာဝယ်လာရမလဲ .. းချင်လဲလို့ .. ဒါပေမယ့် ဒီည အိမ်ပြန်နောက်ကျမှာ နော် .."

"မနေ့ကလည်း နောက်ကျတာပဲ ဆို .."

"မမထက်တော့ အရင် ပြန်ရောက်တာပဲ .."

"ငါ ကားတိုက်ခံရလို့ ဆေးရုံရောက်နေတာ .."

"ဟုတ်တယ်လေ .. ဘာပဲဖြစ်ဖြစ် မမ လမ်းထွက်တာကိုး .. တ်ဘဲနေရင် ဘာဖြစ်မှာလဲ .."

"ဘာဘာ .. နင် ငါ နေမကောင်းတုန်းလေးတော့ အိမ်မှာပဲနေ း ညီမလေးရယ် .. ငါ နင့်အတွက် စိတ်မပူချင်လို့ပါ .."

www.burmeseclassic.com

www.burmeseclassic.com



"မပုဖို့ပဲ ပြောနေတာတွေ အပ်ကြောင်းထပ်နေပြီ မမရာ .. မေ ကြောင့် ဘာဘာ သီချင်းဆိုတာ လူသိကုန်တယ် ..၊ အိမ်ပြန်နောက်ကျ တာ စေတာတွေ လူ သတိထားမိတယ် ..၊ အခု မမပဲ ဖြစ်လာတာ - ဘာဘာ ဘာမှ မဖြစ်ဘူး .."

"ဖြစ်တာ မဖြစ်တာလည်း ညည်း ပြောတာပဲ ဘာဘာ .."

ဒေါ်မာလာ က အကြားမတော်လွန်းတာကြောင့် အခန်းပြင်ကနေ လှမ်းပြောတာဖြစ်ကာ ...

"ဒါပေမယ့် ဖြစ်နေတာကို ဖုံးဖိနေတာဖြစ်ဖြစ် .. ဘာမှ မဖြစ်ဘူး ဘဲ ဖြစ်ဖြစ်ပါ .. ကိုယ့်အစ်မ နေမကောင်းဖြစ်နေတုန်းတော့ ညည်း အေးဆေး နေသင့်တာပေါ့ .."

"မမ နေမကောင်းတာကို ဘာဘာ က ဘာလုပ်ပေးနိုင်မှာမို့လို့ လဲ .."

ကမ္ဘာ ကလည်း အခန်းပြင်ကို ရည်ရွယ်၍ ပြန်အော်ပြောကာ -

"သူ့ကို သူ့ဌေးကားနဲ့ တိုက်မိတာဆို .. သူဌေးက တာဝန်ယူ ပေါ့ .. ဒီက အမှုအခင်းမလုပ်ဘဲ နေနေတာကို သူ့ဘက်က ပိုပြီး တာဝန်ကျေရမှာ ဥစ္စာ .."

"တော်ပါတော့ ဘာဘာ ရယ် .. အဲ့ဒါကို ပုံကြီးချဲ့ ပြောမနေပါနဲ့ တော့ .. ကားတိုက်မိတယ်ဆိုပေမယ့် ကိုယ်ကပဲ သူ့ကားရှေ့ ပြေးဝင် သလို ဖြစ်သွားခဲ့တာ .."

"မမ အဲ့ဒါတွေ ခက်တာပဲ .. ဒီအမှု ဘယ်လောက် ကြီးသွားနိုင် သလဲဆိုတာ မမ ပါးစပ်ထဲမှာပဲ ရှိတယ် .. ဆေးဖိုးဝါးခတင်မကဘူး ဒီရောဂါ ရနေတဲ့အတွက် ပွန်းပဲ့ရတဲ့ ဝင်ငွေအတွက်ပါ တောင်း - ဟွန်း .. ဘာဘာ အဲ့ဒီလူကို မစောင့်နိုင်လို့ .. မဟုတ်ရင် ဒီက ပါးစပ် ပြောပြီးသားပဲ .."

"ဘာဘာ .."





စကားရောဖောရောနှင့် လှည့်ထွက်သွားကာမှ အလှ္ဘာ က အမိအရ ခေါ်ကာ ...

"နင် သီချင်းမဆိုတော့ဘူး မို့လား .."

"ဘယ်သူက ပြောတာလဲ .."

"ဘယ်သူပဲ ပြောပြောပါ .. နင် ငါတို့ ဆူလွန်းပြောလွန်းလို့ မလုပ် တာ မဟုတ်ဘူးဆိုတာလည်း သိတယ် .. ဘာပဲဖြစ်ဖြစ် သီချင်းမှ ဆိုတော့ဘဲနဲ့ ညည အပြင်ထွက်တာတွေ မလုပ်ပါနဲ့တော့ ညီမလေး ရယ် .."

"သီချင်းဆိုဖို့ဖြစ်ဖြစ် .. ဘာအတွက်ဖြစ်ဖြစ် ဘာဘာ အပြင်ထွက် ရမှာပဲ မမ .. အဲဒါ ဘာဘာ ငွေမကိုင်ရရင် မနေနိုင်ဘူး ..၊ မမ ဘတ်ကြား .. ခါးကြားမှာ လိပ်ကပ်ထားတဲ့ တစ်ရာတန် နှစ်ရာတန် ကြအတွန့်တွေကို လက်ဖြန့်တောင်းပြီး ဈေးသည်ရှေ့ရောက်မှ စုတ် နေတဲ့ အားစွန်းတွေကို လက်ဖဝါးနှစ်ဖက်နဲ့ ဖိကပ်သပ် .. ဗိုက်နဲ့ ပြီး ပြုပြင်သုံး .. အဲဒီဘဝကို စိတ်လည်းပျက်တယ် .. ပြန်လည်း မကြည့်ချင်ဘူး .."

သူမ ပြောနေသမျှကို ငေးကြည့်ရင်း အလှ္ဘာ မျက်ဝန်းမှာ မျက်ရည် တို့ ရစ်ဝိုင်းလာခဲ့၏။ ပြီးတော့ မျက်တောင်ဖျားတို့ ဖိသပ် ဖြိုမချရဘဲ ရည်တို့က သူ့အင်အားနဲ့သူ ပြိုဆင်းသွားခဲ့လေသည်။

ဟိုတစ်ချိန်တုန်းက ဒေါ်လေး ထမင်းဆိုင်မှာ အလုပ်လုပ်ခဲ့ရသည်။ ဘ္ဘာ ပါ လိုက်ကူတော့ အလှ္ဘာ အတွက်ပါ မုန့်ဖိုးရ၏။

ကျောင်းကပြန်တာနဲ့ အိမ်အလုပ်တွေကို ပြီးအောင်လုပ်ပြီး ထမင်း ဆိုင်ကို တန်းသွားသည်။ ပြန်လာတာနဲ့ ညီမလေး လက်ဝါးဖြန့်တတ် ကို အဆင်သင့် ထည့်ပေးလိုက်နိုင်ခြင်းက သူမအတွက် ပီတိဖြစ်ရ ခြင်းတစ်ခု ...၊

ဟိုတုန်းကတော့ ဒီရင်ဘတ်ထဲမှာ မရှိပါဘူးပြောလည်း ပေးနိုင်ခဲ့ဘဲ



www.burmeseclassic.com

www.burmeseclassic.com



သူမဘာသာ အတင်းနှိုက်သည်။ ရှက်တာနှင့် ယားတာတွေကြောင့် ရင်ဘတ်ကို ဖိပြီး အလွှာ က ရယ်၏။

ကမ္ဘာ က ရယ်နေလေ မယုံလေ ..၊

"မမ နော် .. ပိုက်ဆံရှိရဲ့သားနဲ့ .."

ဆိုပြီး ရှိတာ မရှိတာကို သေချာ မသိရမချင်း ခြေဆောင့် နှုတ်ခမ်း စူနေတတ်တဲ့သူ ..၊ ခုကျတော့ ဒီဘဝတွေကို ပြန်တောင် မျှော်မကြည့် ချင်ပါဘူးလို့ ဆိုနေခဲ့ပြီ ..၊

ဒါပေမယ့် ညီမလေးရဲ့စိတ်ကို သူမ နားလည်နိုင်ပါသည်။ ပူပန် နေရတာက ဒီည အပြင်ထွက်ဦးမယ့်အဖြစ်ကြောင့် ...

"သွားတော့မယ် .."

"နေပါဦး ညီမလေး ရယ် .. အခု မမမှာ ခါးကြားထဲ ထည့်သိပ် နေရတဲ့အခြေအနေမျိုး မဟုတ်တော့ပါဘူး .."

ကမ္ဘာ က မျက်နှာလေး ရှုံ့မဲ့နေကာ အပြင်ဘက်ကို မျက်နှာရော လူရော လှည့်နေလိုက်ပြီး လက်ပိုက်၏။

"မမ ပဲပြုတ်သုပ်နဲ့ ကန်စွန်းရွက်ကြော်နဲ့ပဲ စားနေတာကလည်း မစားနိုင်လို့ မဟုတ်ပါဘူး .. ညီမလေးအတွက် လိုအပ်လာရင် မ ထုတ်ပေးချင်လို့ စုဆောင်းနေတာပါ .. မမမှာ အတော်အသင့်တော့ စုဆောင်းမိနေပါပြီ ညီမလေးရယ် .. ငွေကိုပဲ အရမ်း လိုအပ်နေတယ် ထင်တာတွေ လျှော့ပြီး မမနားမှာ ခဏလောက် .."

"မနေနိုင်ပါဘူးဆိုမှ မမရာ .. မမရဲ့ နှစ်နဲ့ချီပြီး စုမှ ရလာတဲ့ အတော်အသင့် ငွေလောက်ကို ဘာဘာ မက်နေရင် မမနဲ့ ခုလို စကား တွေ ပြောနေဖို့တောင် မလိုဘူး .. တော်ပါတော့ သွားပြီ .."

အိမ်ပေါ်ကျမှ ဖိနပ်ချွတ်တတ်သည့်အကျင့်ကြောင့် ကမ္ဘာ ထွက် သွားပြီဆို ဒေါက်ဖိနပ်သံက ကြမ်းသည်။ ခြေသံပွပွ လျှောက်ပါလား ဆိုတော့ 'ဒီလိုအိမ်မျိုးမို့လို့ ဒီအသံ ထွက်တာ'လို့ ပြန်ပြောခဲ့၏။





ထို့ပြင် အပြင်က ပြန်လာပြီး ဖိနပ်ချွတ်ရင် ပြောသေးသည်။

"အိမ်နဲ့ ဖိနပ်က မတန်လိုက်တာ .." တဲ့ ..။

ပျောက်ကွယ်သွားသည့် ကမ္ဘာ့ ပုံရိပ်လေးက ဝေးဝါးသွားခဲ့လျက် မျက်ရည်စက်တို့ နွေးခနဲ လိမ့်ဆင်း၏။

လူက ခြေနှစ်ချောင်းပဲ ရှိတာ ငွေက ခြေလေးချောင်းနဲ့တဲ့ ..၊

ဒါ ဘယ်လိုပညာရှိက ဆိုမိန့်ခဲ့တဲ့ စကားမှန်းတော့ မသိပါ ..။

'အလိုကြီး အရှုံးနည်း'ဟူသော စကားအရ 'ငွေဆိုတာ လိုက်လေ ပြေးလေ ..'လို့ လူပြောသူပြောတွေ ရှိခဲ့တဲ့အတိုင်း ညီမလေးကို နားလည် စေချင်မိသည်။

'အရာရာကို လိုသလောက် ရနိုင်လို့လား .."



www.burmeseclassic.com

www.burmeseclassic.com


## အခန်း(၁၂)

တိုက်ကြီး၏ ခမ်းနားကြီးကျယ်မှုက ပြော၍ မကုန်နိုင်အောင်ပင် ...၊

အထူးသဖြင့် ဒီလို အဆင့်အတန်းမျိုးနဲ့ မနီးစပ်ခဲ့သည့် ကမ္ဘာ့အတွက် ဘယ်လိုမှ အံ့သြငေးမောခြင်း မဖြစ်မိအောင် ဟန်ဆောင်လို့ မရ ...၊

ဧည့်ခန်းမှာလည်း ဆိုဖာခုံကြီးတွေနဲ့ စားပွဲတစ်လုံးအပြင် ဘာမှ ပြည့်စုံမှု မရှိပါ ...၊ ဆယ့်နှစ်ပေကျယ်သည်ဆိုသော လှေကားကြီးက အိမ်တစ်ဆောင်လုံး၏ အပေါ်ထပ်ကို နှစ်ခြမ်းခွဲ၍ လှလှပပ ဆင်းထားသည်။

ဒါပေမယ့် သိုးမွေးကော်ဇော ဘာဆိုဘာမှ ခင်းကျင်း ပြင်ဆင်ထားတာ မဟုတ်သေ ...၊ ပြောရမည်ဆိုလျှင် တိုက်ကြီး နှစ်ထပ်စလုံးမှာ အိမ်ထောင်ပရိဘောဂ ဘာဆိုဘာမှ မရှိခဲ့ဘဲ ကြမ်းခင်းတွေကအစ နံရံမျက်နှာကြက်တွေအဆုံး ဖိတ်ဖိတ်လက်နေခြင်းပဲ ဖြစ်၏။





"ဒီမှာ အလုပ်သမားတွေလည်း မရှိဘဲနဲ့ ဒီလောက်တောင် ပြောင်လက်နေတာ အံ့သြစရာကြီးနော် .."

အပေါ်ထပ်ကို ရောက်သွားတော့ ကမ္ဘာ မျိုသိပ်မထားနိုင်ဘဲ ပြောလိုက်မိသည်။ သူက ရှေ့က ဝင်သွားရင်း အိပ်ခန်းကျယ်ကြီး တစ်ခုထဲကို ရောက်မှ ...

"ဒီအခန်းကိုလည်း ကိုယ် လာအိပ်ဖို့ ရှိမှ ဒီလို ပြင်ဆင်ခိုင်းတာလို့ မထင်ဘူးလား .."

အဖြူရောင် ဖွေးနေနေသည့် အိပ်ရာပြင်က မှန်တစ်ချပ်၏ မျက်နှာပြင်ကဲ့သို့ တင်းရင်း ပြောင်ချောနေ၏။ ဖုန်တင်နေတာမျိုး မဆိုထားနှင့် ကိုင်တွယ် ခင်းကျင်းထားတာနဲ့တောင် မတူ ...၊

ကမ္ဘာ ရှေ့တိုးသွားပြီး အိပ်ရာပေါ်ကို လက်နဲ့ ဖွဖွလေး ပွတ်သပ်ကာ ...

"ဒါကို ခုပဲ ပြင်ဆင်လိုက်တာလို့လည်း ထင်စရာ မရှိဘူး .. ကြိုပြီး ပြင်ဆင်ထားတာ .. အမြဲတမ်း ဒီတိုင်းထားတာ .. ဘာဖြစ်ဖြစ် ဘယ်ဟာမှလည်း မဖြစ်နိုင်ဘူး .."

"အဲဒီတော့ တွေးမနေဘဲ မင်း အေးဆေး ဒီမှာနေ .. ရော့ .. သော့ .."

"ဟင်!..."

သူမ အံ့သြသွားတာကို မင်းစက်အာဏာ က သတိထားမနေဘဲ နောက်ထပ် ရီမု(တ်)သေးသေးလေးတစ်ခု ထပ်ထုတ်ပေးကာ ...

"မင်း အောက်ထပ်ပြန်ဆင်းပြီး လျှောက်ကြည့်ချင်ရင်လည်း ဒီထဲမှာ အခန်းတွေ ဖွင့်လို့ရတဲ့ ခလုတ်တွေ ပါတယ် .. နံပါတ်ချင်း တိုက်ပြီး နှိပ်လိုက်ရုံပဲ .."

"အခန်းထဲမှာ ဘာတွေ ရှိလို့လဲဟင် .."

"ဘာမှမရှိဘူး .. မင်းများ စပ်စုချင်မလားလို့ပါ .."


www.burmeseclassic.com

www.burmeseclassic.com



"ကိုကို .."

"ပြော .."

"ဘာဘာ စပ်စုချင်ရင်လည်း ဒီအိမ်ကို မဟုတ်တာတော့ သေချာတယ် ..၊ ခုချိန်ထိ ကိုကို့အကြောင်းကိုတောင် ဘာမှ မမေးခဲ့သေးတာ.. ဘာကို ထပ်ပြီး စိတ်ဝင်စားစရာ လိုလို့လဲ .."

နေ့မှန်း ညမှန်း မသိအောင် မှေးထိန်နေသည့် မီးရောင်အောက်မှာ ကိုယ် ဘယ်လိုနေမှန်းတော့ မသိ ..၊ ဒါပေမယ့် မင်းစက်အာထာကတော့ အဖြူဆွတ်ဆွတ် ရှပ်အင်္ကျီလက်ရှည် ဘောင်းဘီရှည်အဖြူ ဆွတ်ဆွတ်နှင့် အသားဖြူနေတာကအစ အဖြူတွေထဲမှာ ဝင်းမွန်နေ၏။

သူက ထော်လော်ကန့်လန့် ဝတ်ထားပုံရှိနေပေမယ့် ဒါကိုက မဟာဆန်ပြီး ချောမွေ့နေတာ ဖြစ်၏။

"ကိုကို့ကို တစ်ခုပဲ မေးချင်တာ .."

"မင်းကို စပ်စုခွင့် ပေးထားတာ ဒီတစ်အိမ်လုံးကိုပဲ ကမ္ဘာ .. ကိုယ့်ကို မဟုတ်ဘူး .."

"ကိုကိုက တစ်ခုလေးတောင် ပြန်မဖြေချင်ဘူးလား .. အခု အိမ်ထဲကို အတူရောက်လာကြတဲ့အထိ မနေ့က ဘာဘာ ဘယ်လောက်ထိ ညဥ့်နက်အောင် စောင့်ခဲ့ရသလဲဆိုတာ ဘာဘာ မပြောခဲ့ဘူး .. အခု ကိုကိုက လိုက်ခဲ့ဆိုတာနဲ့ ကားပေါ် တန်းရောက်လာခဲ့တာရော .. ဘယ်ကိုသွားမှာလဲ .. ဘာပြောမလို့လဲ ဘာဘာ ကိုကို့ကို ဘာများ မေးခဲ့လို့လဲ .."

ကိုယ့်ကို ဒီထဲမှာ ထားရစ်ခဲ့ပြီး ပြန်ထွက်သွားတော့မလို ခြေလှမ်းပြင်နေသည့် မင်းစက်အာထာ က မျက်နှာကို ပြေပြစ်ဆုံး ပြုပြင် လျှော့ချထားဟန်နှင့် ခေါင်းညိတ်၏။

"ဟုတ်ပြီ .. ခု မင်း သိတာ မေး .. မေးခွန်းတိုင်းကိုတော့ ကိုယ် ဖြေချင်မှ ဖြေမှာ .."





ကမ္ဘာ ကျေနပ်သွားကာ သူ့နားကို ပြန်လျှောက်သွားမိပြီး ...

"ကိုကို စိတ်မဆိုးရဘူး နော် .."

"ဟွန်း .."

သူက ခပ်မဲ့မဲ့ ပြုံးလိုက်ပြီး စိုက်ကြည့်ကာ ...

"ဘာလဲ .. ဒီအိပ်ခန်းထဲကို မင်းလိုမျိုး မိန်းကလေး ဘယ်နှစ်ယောက်လောက် ခေါ်လာဖူးပြီလဲလို့ မေးမလို့လား .."

"ဟင့်အင်း .. ကိုကို့ကို ဘာဘာ က ဆိုးနွဲ့ခွင့် ရထားသေးတာမှ မဟုတ်ဘဲ .. အဲဒီလို မေးလိုက်ရင် ကိုကို အရမ်း စိတ်ဆိုးသွားမှာပေါ့.. တကယ်လို့ အဲဒါမျိုး ရှိခဲ့ရင်တောင် ဘာဘာ မေးချင်တာက အဲဒါ မဟုတ်ဘူး .."

"ဘယ်သူ့ကို ချစ်ခဲ့သလဲလို့ မေးလိုက်ရင်တော့ မင်း ပို စိတ်ဆင်းရဲသွားမှာပဲ .."

"ဟင်!.."

"မင်းကို ဘယ်လိုသဘောထားသလဲ ထပ်သိချင်ရင်တော့ မင်း ခုချက်ချင်း ပြန်ချင်သွားမှာ .."

မေးခွန်း နှစ်ရပ်စလုံးကို သူ ခန့်မှန်းလိုက်တာ ကွက်တိ ..၊

ကမ္ဘာ့ မျက်နှာလေး အုံ့ဩခြင်းတို့နှင့် ငေးခနဲ ဖြစ်သွားသည်။ ပြီးမှ တဖြည်းဖြည်း တွေဝေ ငိုင်ကျသွားခဲ့လျက် ...

"ဟုတ်တယ် .. ကိုကို ကမ္ဘာ့ ကို စိတ်မဝင်စားဘူးဆိုတာ သိရက်နဲ့ ဘာဘာ ဒါကို သိချင်စိတ် မဖြစ်သင့်ဘူး .."

"သိချင်စိတ် ရှိနေတာထက် မမေးသင့်တာကို မမေးတာ ကောင်းတယ် ကမ္ဘာ .. အချစ်ကို ငါ စိတ်မဝင်စားဘူးလို့ မင်းကို ပြောခဲ့ပါတယ် .. မင်း ကိုယ့်ကို ပထမဆုံး စားသောက်ဆိုင်မှာ ခြေထောက်တက်နင်းပြီး ရန်စလိုက်တည်းက မင်းကို စိတ်မဝင်စားဘူးလို့ ကိုယ် ဘာလိုင်းကြီး ပြောပစ်ခဲ့တာ .."



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ က မချိုပြုံးလေးနှင့် ခေါင်းညိတ်သည်။

"နောက်ထပ် ဘာဘာ က တကောက်ကောက် လိုက်ခဲ့မိတာပါ .."

"မင်းလို မိန်းကလေးမျိုးတွေ မင်းကျမှ တွေ့ဖူးတာ မဟုတ်ဘူး.."

"ဒါပေမယ့် ဘာဘာ ကျမှ ကိုကို ရွေးခဲ့တာပဲ .."

"မင်းကို ကိုယ် ရွေးခဲ့တာ မဟုတ်ပါဘူး .. မင်းကိုယ်တိုင် ရွေးတာပါ .."

"ဘယ်လို!..."

"မင်း ဟိုမှာ ထိုင်လိုက်ဦး .. မင်းနဲ့ ကိုယ် ဒါတွေကို ခဏလေး ပြောလို့ပြီးမှာ မဟုတ်ဘူး .."

သူမကို မွေ့ရာစပ်မှာ ထိုင်ဖို့ပြပြီး သူကတော့ အဝေးကြီးက ကွန်ပျူတာခုံရှေ့က ခုံတစ်လုံးကို ရှေ့နည်းနည်းထပ်တိုးပြီး သွားထိုင်သည်။

ကမ္ဘာ က မွေ့ရာကို ပြန်လှည့်ကြည့်ပြီး သွားမထိုင်ဘဲ သူ့လိုပဲ ခုံဆွဲယူပြီး နီးနီးလေးမှာ အတူတူ ထိုင်သည်။

သူက ကမ္ဘာ လုပ်တာကို ပြုံးအောင် ကြည့်နေပြီးမှ ...

"မိန်းကလေးတွေ .. ယောကျ်ားလေးတွေအပေါ်မှာ အခွင့်အရေးတွေ လိုချင်ကြတာ ကိုယ် စိတ်မရှည်ဘူး .. အဲ့ဒါကြောင့် ရည်းစားထားဖို့လည်း ဘယ်တုန်းကမှ စိတ်မဝင်စားခဲ့ဘူး .."

"ရည်းစားမထားဘဲ လက်ထပ်လိုက်တော့ရော အဲဒီမိန်းမရဲ့ လိုအပ်ချက်မှန်သမျှကို ကိုကို ဖြည့်ဆည်းပေးရမှာပဲ မဟုတ်ဘူးလား.."

"အခု မင်း ဘာလိုချင်သလဲ .."

ပြောပြီးတာနှင့် သူ ထသွားကာ နံရံက မီးလုံးနဲ့တူသော အစိမ်းရောင်ဘူလေးတစ်ခုကို ကိုင်လှည့်လိုက်၏။ ထိုအခါ နံရံထဲကနေ အံဆွဲသုံးဆင့် တရှပ်ရှပ် ထွက်လာကာ ...





"ဒီထဲမှာ မင်းစိတ်ကြိုက် နှိုက်ယူသုံးလို့ ရတယ် .."

အံဆွဲတွေကို မပိတ်ဘဲ ဒီတိုင်းထား၍ ပြန်လှည့်လာကာ ဘောင်းဘီအိတ်တွေထဲ လက်ထည့်ရင်း ...

"မင်း လိုအပ်သမျှ ဒြပ်ရှိ ဘာမဆို ငါဖြည့်ဆည်းပေးနိုင်တယ်.."

"ဒြပ်မဲ့ ဆိုရင်ရော .."

"မင်းကို ကိုယ် အဲဒီအဖြေ ပေးပြီးသားပဲ ကမ္ဘာ .. ကိုယ် လိုအပ်နေတာ အချစ်မဟုတ်တဲ့အတွက် ပေးတာ ယူတာလည်း စိတ်မဝင်စားဘူး .."

"ဒါဆိုရင်လည်း ကိုကို့အတွက် မိန်းမတွေ ပေါမှာပါ .."

"ကိုယ်က မိန်းမတွေနဲ့ ပျော်ပါးနေချင်တဲ့ပုံ ပေါက်နေသလား.."

"မပေါက်ပါဘူး .. ကိုကို့ကို ဘာဘာ နားမလည်တော့လို့ ဘယ်လိုမှ မထင်နိုင်တော့တာ .."

"မင်း ကိုယ့်ကိုပဲ နားလည်ချင်နေတဲ့စိတ်တွေ လျှော့လိုက်ပါ .. ဒါဆို အတိုက်အလျောက်တော့ အဆင်ပြေသွားလိမ့်မယ် .."

"ကိုကိုနဲ့ ဘာဘာက ကြင်ကြင်နာနာ ပေါင်းသင်းသွားချင်တာ.. ကိုကို ပြောသမျှက .."

"ဒါဆို မင်းစိတ်ကူးတွေကို ခုကစပြီး ပြန်ရုတ်သိမ်းသင့်တယ် ကမ္ဘာ .."

သူက ကားသော့ကို ဘောင်းဘီအိတ်ထဲက ထုတ်ယူလိုက်ပြီး အပေါ်မြှောက်လိုက်၏။ ပြီးမှ ပြန်ဖမ်းယူကာ သူမ မျက်နှာရှေ့မှာ အသံမြည်အောင် လှုပ်ခါပေးရင်း ...

"အခုရပ်ခဲ့တဲ့ ကားနောက်က ဂိုဒေါင်ထဲမှာ မာစ်ဒီဇ်(စ်)တစ်စီး ရှိသေးတယ် .. ဒီထဲမှာ ရောမဂဏန်း ရှစ်ပါတဲ့ သော့က အဲဒီကားသော့ .."

"ကိုကို .."



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ နေရာမှ ထရပ်လိုက်မိကာ …

"အရှုံးပေးပါတယ်ဆိုမှ ကိုကို ထပ်ပြီး အနိုင်ယူပြနေတာလား…"

"မင်းကို နိုင်လို့ ကိုယ့်မှာ ဘာတိုးပွားလာမှာမို့လဲ …"

"ဒါတော့ ကိုကိုပဲ သိမှာပေါ့ … ဘာဘာ က ကိုကို့ အချစ်ကို လိုချင်ပေမယ့် မမျှော်လင့်ပါဘူး …"

"ဒီတော့ …"

"ဘာဘာ က ချစ်နေရရင် ပြီးတာပဲ …"

"မင်းက ချစ်နေဖို့ဆိုတာလည်း အချစ်ခံရတဲ့လူတိုင်း လွတ်လပ်ဖိမ်ကျနေကြတာဆိုရင် ကောင်းတာပေါ့ …၊ ဒီမှာ ကမ္ဘာ …"

နှစ်ယောက်သည် ရင်ဘတ်ချင်း ထိကပ်မတတ် နီးစပ်သွားခဲ့ပြီး…

"ဘယ်မိန်းကလေး ကိုယ့်အပေါ်မှာ အညှာလွယ်တာ … အညှာခက်တာတွေ အဲဒါတွေက ကိုယ့်အတွက် ဘယ်ကမ္ဘာမှာမှ အရေးမပါဘူး… ကိုယ့်အတွက် လိုအပ်တာ ကိုယ့်ကို မက်မောနေတဲ့ မိန်းမတစ်ယောက်ပဲ …"

သူ့စကားသံတွေက ခံစားချက်တို့နဲ့ ရင့်သန်လာသည်။

"ဘယ်လိုသုံးသုံး မကုန်နိုင်အောင် ကိုယ် ချမ်းသာတယ် … အဲဒါတွေကို စိတ်ကြိုက် ပုံချပေးနိုင်တယ် … ကိုယ် ပေးနိုင်တာ အဲ့ဒါ …"

"ကိုကိုက မင်းသားတစ်ပါးလိုပဲ ချောပါသေးတယ် …"

"ဟား … ဟား … ဟား … ဟား …"

ဘာကို သဘောကျသွားတာလဲ …၊

ဒါကျမှ ရယ်ချလိုက်တာ မှန်ပေမယ့် ချောတယ်ပြောလို့ ကျေနပ်မြောက်တက်သွားသည့် ရွှင်မြူးခြင်းမျိုး မဟုတ်မှန်း စိတ်ထဲမှာ ခံစားမိနေ၏။ သူက ရယ်နေရင်း အေးစက်လာသည့်မျက်နှာနှင့် …

"အခု ကိုယ့်ဆီက မင်းလိုချင်တာ ဘာမှ မရမှန်း သိပြီ … မင်းကို ဒီခေါ်လာတာလည်း အဲ့ဒါတွေ ပြောဖြစ်ချင်လို့ပါ …"





"ပြောဖြစ်ချင်တယ်ဆိုတဲ့ ကိုကို့စကားက …"

"ဒီလိုမေးခွန်းမျိုး ကိုယ် ဘယ်တော့မှ စ မမေးဘူး …"

ပြောချလိုက်တာ ယတိပြတ် …၊

"ကိုယ့်ကို ပြန်ထောက်လာနိုင်တဲ့ မေးခွန်းမျိုးပေါ့ … အခု မင်းလို့ ကိုယ် ဖြေပြီးပြီ … မင်းနဲ့ ကိုယ် လက်မထပ်ဖြစ်ကြရင်လည်း မင်းကို ဒီထိ ခေါ်လာခဲ့တဲ့အတွက် ကိုယ် ဒီတိုင်း ပြန်မလွှတ်ပါဘူး…"

ပြောပြီး ဖွင့်လျက်သား … အံဆွဲတွေဆီ မျက်တောင်ဖျားတွေ စင်း၍ ပြန်ငဲ့ကြည့်ကာ …

"သုံးထပ်စလုံးမှာ ငွေ ရှိတယ် … ကြိုက်သလောက် ယူသွား …"

"ဘာဘာ ငွေသိပ်မက်နေရင် ကိုကို့လောက် မဟုတ်ပေမယ့် ဘာဘာ စိတ်ကြိုက် သုံးစွဲခွင့် ပေးလာမယ့် ယောကျ်ားတွေ အများကြီးပါ …"

"ဟွန်း …"

"ကိုကိုက အချစ်ခံရတာကိုတောင် မကြိုက်တဲ့သူဆိုတော့ ပိုပြီး စိတ်ဝင်စားဖို့ ကောင်းသွားပြီ …"

သူ ပြန်ငဲ့ကြည့်တော့ မျက်လုံးတွေ အားပြိုင် ဆုံစည်းနေကြရင်း…

"ဘာဘာ ကလည်း ဆင်းရဲလို့ အဆင်ပြေသလို ရှန်းကန် ရှာဖွေနေရပေမယ့် ကိုယ်ကျင့်သိက္ခာကို ပွန်းပဲ့မခံခဲ့တဲ့သူပါ … ကိုကို့ကိုတော့ အတ်လမ်းတွေ ရှိထားခဲ့တာကို သိပါတယ် … ဒါပေမယ့် ကိုကို ဘယ်လို လက်ထပ်ဖူးခဲ့တာတွေ … ဘယ်လို ယူဆချက်နဲ့ ရပ်တည်နေတာတွေက ခု ပိုပြီး စိတ်ဝင်စားစရာ ဖြစ်လာတာ …"

"မင်းလည်း စိတ်ဝင်စားဖို့ ကောင်းပါတယ် … မိန်းမတစ်ယောက် အပေါ်မှာ ငါ့ရဲ့ စိတ်ဝင်စားခြင်းက ငါ့ကို သူ ဘာကြောင့် လက်ခံခဲ့တာလဲဆိုတာပဲ … အဲဒါထက် မပိုဘူး …"

"ကိုကိုရယ် … ကိုကို မချမ်းသာရင်လည်း ကိုယ့်စရိတ် ကိုယ်စား



www.burmeseclassic.com

www.burmeseclassic.com



ပြီး ကိုကို့ ငြိငြင်တာ ခံနေရပါစေ .. အနားက မခွာဘဲ တစ်သက်လုံး ပေါင်းသွားမယ့် မိန်းမမျိုးတွေ မရှိဘဲ နေမလား .."

"ဘာပဲဖြစ်ဖြစ် ကိုယ့်ကို ရုပ်ချောတဲ့သတ္တဝါလို့ သတ်မှတ်ထားရယ် .. ချမ်းသာနေတာရယ် .. ဒါပဲ မဟုတ်ဘူးလား .."

"ဒါတွေထဲကနေ စစ်မှန်ဆုံး ချစ်ခြင်းမေတ္တာကိုမှ ကိုကိုက လိုချင်နေတာလား .. ဘယ်အရာဖြစ်ဖြစ် ကိုယ်က မပေးချင်ဘဲ သူ့ဆီကချည်းပဲ လိုချင်နေလို့တော့ မရဘူး ထင်တယ် .."

သူက ကမ္ဘာ ပြောနေတာကို စိုက်ကြည့်ပြီး ခေါင်းတညိတ်ညိတ်နှင့် ပြုံးသည်။

"ကိုယ် ဘာလိုချင်သလဲဆိုတာ မင်း နားမလည်သေးဘူး ကမ္ဘာ .. နားလည်ဖို့လည်း မလိုဘူး .. ကိုယ် လက်ထပ်ခဲ့ဖူးတယ် .. ကိုယ့်ကို လက်ထပ်ကြတဲ့ မိန်းကလေးတွေ သေကုန်ကြတယ် .. သေသွားတဲ့လူ ကျန်ခဲ့တဲ့လူ .. ဘယ်သူက သနားစရာကောင်းသလဲတော့ မသိဘူး .. ကိုယ့်ကို တချို့က သတိထားမိလာကြတယ် .. မိန်းမယူလို့ [illegible] ကောင်လို့ သတ်မှတ်ကြတာမျိုး ရှိသလို တချို့ကတော့ ကိုယ်ပဲ သတ်သလိုလိုပေါ့ .."

"အဲဒီလို ထင်စရာတွေ ရှိခဲ့လို့လား ဟင် .."

"ထင်စရာတွေ ဖြစ်ခဲ့ရင် ကိုယ် ဒီလိုနေခွင့် ရပါ့မလား .."

ကမ္ဘာ က သူ့မျက်နှာကို စိုက်ကြည့်ရင်း ခေါင်းညိတ်၏။

"အဓိပ္ပာယ် မရှိလိုက်တာ .."

"ဘာကိုလဲ .."

"ကိုကိုက ဘာလို့ သတ်ရမှာလဲ .."

"ဘယ်သူ ဘာထင်ထင် ကိုယ် ဂရုမစိုက်ပါဘူး .. အခု ကိုယ် အဲဒီဘောင်ကို ကျော်ချင်တယ် .. ရည်းစားထားဖို့ကို စိတ်မဝင်စားပေမယ့် လက်ထပ်ခြင်းကိုတော့ မဖြစ်မနေ လုပ်ရမှ ဖြစ်မယ် .."





"ကိုကိုက မသိစိတ်ကနေ လူတွေကို တိုက်ခိုက်နေတာပဲ .. လက်ထပ်ဖို့တစ်ခုအတွက်ပဲ မိန်းမတစ်ယောက်ကို လိုအပ်နေတာဆိုတာ အဲဒီ မိန်းကလေး ဘယ်လောက် အထီးကျန်ဆန်မလဲ .."

"အထီးကျန်ဆန်တာကို မကြောက်တဲ့မိန်းမမျိုး ကိုယ် အလိုရှိတယ် .."

"ဘယ်လို!..."

"မင်း နားမရှင်းရင် ဒါကို နောက်တစ်ခါ ထပ်ဆွေးနွေးကြတာပေါ့ .. အခု မင်း ဒီထဲမှာ အဆင်ပြေမလား .."

"ကိုကိုက ဘယ်ကိုလဲ .."

"ကိုယ် ဟိုဘက်အခန်းမှာ ရှိမယ် .. အလုပ်လုပ်စရာ ရှိသေးလို့.."

"ဘာဘာ နှစ်နာရီလောက်ပဲ အချိန်ရတာ ဒီထဲမှာ တစ်ယောက်တည်း ထိုင်ပြီး ဘာလုပ်ရမှာလဲ ကိုကို .."

"မင်းက ဒီရောက်ရင် ဘာလုပ်မယ် .. ဘာပြောမယ်ဆိုတာတွေ ရည်ရွယ်ထားတာ ရှိနေလို့လား .. ရှိရင် ပြောလေ .. မင်းနဲ့ကိုယ် ပတ်သက်မှု ရှိနေပြီပဲ .. မင်းကိစ္စ ဘာဖြစ်ဖြစ် ကိုယ် ရှင်းပေးမယ် .."

ကမ္ဘာ က ခေါင်းခါလိုက်ပြီး ခုံမှာ ပြန်ထိုင်၏။

"ကိုကို့ အယူအဆ ဆုံးဖြတ်ချက်တွေကို သိရကာမှတော့ ဘာဘာ ဘာပြောလို့ ရဦးမှာလဲ .."

"ဟုတ်တယ် .. ဒါပေမယ့် မင်း အခု ဆုံးဖြတ်လိုက်တာကို မေးတာမှ မဟုတ်တာ .. ဘာစိတ်ကူးခဲ့လဲ ဆိုတာပဲ .."

"ကိုကိုနဲ့ စကားတွေကို ပြောချင်တယ် .."

"ဒီအိပ်ခန်းထဲမှာ အဲလောက်ကြာကြာ မင်း ကိုယ့်ကို ယုံလား.."

"ကိုကို ရယ် .."

ကမ္ဘာ က နေရာမှ ပြန်ထကာ မွေ့ရာစွန်းမှာ ဖွဖွရွရွလေး ထပ်ပါးသွဲ့ ထိုင်၏။ ပြီးတော့ မွေ့ရာခင်းကို မြတ်နိုးယုယစရာ ပွတ်သပ်သဖွယ်



www.burmeseclassic.com

www.burmeseclassic.com



တယုတယ ပွတ်သပ်ရင်း ရယ်လျက် ...

"ရယ်စရာတွေ မေးနေပြန်ပြီ ကိုကို .. ကိုကို့ကို မြင်တည်းက ဘာဘာ့ ကမ္ဘာမှာ ကိုကိုမှတစ်ပါး အခြားမရှိဘဲ ခုဆို ပိုပြီးတော့တောင် ယုံကြည်နေသေးတယ် .. အဲဒီလို ပွင့်ပွင့်လင်းလင်း ပြောတဲ့အတွက် ကိုကို အထင်သေးမှာ မဟုတ်ဘူးဆိုတာလည်း ယုံသေးတာပဲ .."

"ကျေးဇူးပဲ .."

"ဒါပေမယ့် ဒီယုံကြည်မှုကို အလွဲသုံးစား မလုပ်ဘူးဆိုတဲ့ စည်းခြားမှုကြီးတော့ ကိုကို မထားပါနဲ့ .. ဘာဘာ ကလည်း ကိုကို နဲ့ ပတ်သက်သမျှ ဘာမဆို ကြည်ဖြူနိုင်တဲ့သူပါ .. ကိုကို အထင်သေးသေး မသေးသေး ထပ်ပြောချင်တာက ဘာဘာ ကိုကိုနဲ့ ဒီ့ထက် ရင်းနှီးချင်တယ် .."

"လက်ထပ်ကြမှာပဲ ကမ္ဘာ .. ကိုယ်တို့ လက်ထပ်တဲ့နေ့ကျရင် မင်း မမျှော်မှန်းခဲ့တာတွေ ကိုယ် အများကြီး ပုံပေးမယ် .. နောက်တစ်နေ့ မနက်ထိ မင်း ကိုယ့်ဆီမှာ ရှိနေခဲ့ရင်တော့ .."

"ကိုကို ကိုယ်တိုင်က ကိုကို့ကို လက်ထပ်မယ့်မိန်းကလေးဟာ သေမှာပဲလို့ ဥပဒ်ဒဏ် ဖြစ်နေတာလား ဟင် .. ဒါကြောင့် ဒါကို လွှဲရှောက်ချင်နေတာလား .."

"မင်း စိတ်ထဲမှာ ရှင်းစေချင်တာပါ .. ကိုယ်ကတော့ ကိုယ့်ရဲ့ သတို့သမီးဖြစ်လာမယ့် ဇနီးလောင်းအတွက် အင်တိုက်အားတိုက် ကြိုးဆိုမှာပဲ .. ကိုယ့်ရဲ့အနာဂတ်အတွက် ကိုယ့်ဆန္ဒနဲ့ အရာရာ ပြည့်ဝဖို့က ကိုယ့်ရဲ့သတို့သမီးဖြစ်လာမယ့်သူပဲ တတ်နိုင်မှာ ...၊

ကမ္ဘာ ကတော့ နားလည်သည့်အတိုင်းပဲ တွေးယူကာ မွေ့ရာထက်မှာ နွဲ့နွဲ့လေး လှဲနေလိုက်၏။ ပြီးတော့ မင်းစက်အာဏာ ကို ငေးစိုက်ကြည့်နေမိသည်။

သူ ဘယ်လိုလူစားပဲ ဖြစ်နေပါစေ သူ့ရဲ့ ဘယ်လက်မောင်းမှာ



ထောလေးဖြစ်ဖြစ် မှိန့်နေချင်မိ၏။

ထိုအခါ သူ့ဆီက အကြောင်းနာကို ရရှိနိုင်ဖို့သာ အမိကမှန်း တွေးနေမိခဲ့၏။

ဒီယောက်ျားဟာ တဏှာရာဂစိတ် နည်းပါးတဲ့သူဆိုတာတော့ သံသယဖြစ်ဖွယ် မရှိပါ ...၊ ဒါဆို ဂန်ဒူးတစ်ယောက် ဖြစ်နေသည်လား...၊

သူ နေထိုင်ပုံအရ ယောက်ျား မိန်းမ ဘယ်လိုလူမျိုးနဲ့မှ နီးစပ်ဆွေနေခဲ့ခြင်း မရှိတာ ထင်ရှားနေသည်ပဲ ...။

တစ်နေ့နေ့တော့ ချစ်လာမှာပါ ...၊

လက်ထပ်နိုင်ခဲ့ပြီးသည့် နောက်နေ့များမှာ သူနဲ့ ရင်းနှီးစွာ အတူနေခွင့်ဆိုတာ ရှိလာခဲ့ရင် ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၁၃)

"နာမည်လေး ရလာပြီဆိုရင် ကိုယ့်လက်ရာကို အဆက်မပြတ် ထည့်ပေးနေနိုင်မှ နေရာမပျောက်မှာပေါ့ ညီမရယ် .. ခုဆို ညီမရဲ့ ညဝတ်အင်္ကျီတွေက ဈေးသက်သက်သာသာနဲ့ ပုံဆန်းလို့ ဈေးကွက်မှာ တန်းတစ်ခု ရလာပြီ .."

ကြားနေရတာက အားတက်ဖွယ်ပေမယ့် နောက်ဆက်တွဲ ကြား... တော့မှာတွေကို သိနေသဖြင့် အလွှာ မျက်နှာလေး ပြုံးနေပုံက မ... မလည် ..။

"အရှိန်ကောင်းနေတဲ့အချိန်မှာ ကိုယ် နာမကျန်းဖြစ်တော့ ဒါကို ဘယ်လို ဆက်လည်ပတ်မလဲ .."

"အေးလေ အလွှာ ရယ် .. နင်ကလည်း လုပ်ငန်းကြီး မဟုတ်သေး ဆိုပြီး ကိုယ်တစ်ယောက်တည်းပဲ ဘယ်လိုလုပ် ရေရှည် လုပ်နိုင်မှာ .. အနည်းဆုံး အလုပ်သမ နှစ်ယောက်လောက်တော့ ခေါ်ထားပေါ့ .. အ... သိမ်ကြီးဈေးက ငါ့အစ်မဆိုင်ကလည်း နင့်ကို ကြိုငွေ လိုသလောက်





...ုတ်ထားပေးချင်တယ်တဲ့ .."

"ဟုတ်သားပဲ .. ညီမလည်း ငွေအလုံးလိုက် သုံးရတာပေါ့ .."

"မလုပ်ပါနဲ့ မမကျော့ ရယ် .. မနေ့ ပြောတာကိုလည်း သိပါ ...ယ် .. ဒါပေမယ့် ခုတောင် ကျွန်မ စက်မချုပ်နိုင်သေးဘူးလေ .. ...ကယ်လို့ သူများငွေတွေသာ ကြိုယူထားမိရင် ဘယ်လိုလုပ် အေးဆေး ...လို့ ရတော့မှာလဲ .."

"အဲ့ဒါကြောင့် ပြောချင်တာက အလုပ်သမ ငှားဖို့လေ ..၊ ပြီးတော့ ညဝတ်ဘောင်းဘီနဲ့ အင်္ကျီတွဲလျက်လေးတွေအတွက် ဘောင်းဘီစကို ...ွဲသားအပါးလေးတွေ ပြောင်းသုံးနေတာမို့လား .. အဲဒီလို ကပ်ကပ်ပေါ့ ...ါ့လေးတွေကို လူတွေ သိပ်ကြိုက်တာ .. ဆွဲသားတွေ လိုသလောက် ...ူထားလို့ရအောင် တို့ တာဝန်ယူတယ် .. ငွေရေးကြေးရေး ဘာမှ ...ူရဘူး .."

အထည်လေးရှိသလောက် သွားအပ်ပြီး ပြန်လာခဲ့တာမှာ နားတွေ ...ာ .. ခေါင်းတွေပါ ပူထူ ကျန်ရစ်၏။ ခြေထောက်ကို ထိန်းရင်း ...ပ်ဖြည်းဖြည်း သွားနေရသဖြင့် နေပူကို ဖြတ်တော့ အကြာကြီး အပူခံ ...ရသေးသည်။ စိတ်အိုက်လူအိုက်နှင့် ချွေးတွေနဲ့ စိုကပ်လာခဲ့သည်။

ပြီးတော့ ကိုင်ထားသည့် ခြင်းထဲမှာ ဆက်လက် စိတ္တဲပါနေသေး သည့် ပစ္စည်းတွေရဲ့ဝိတ်ကလည်း ဒီတိုင်းပဲရှိနေဆဲ ဖြစ်ကာ ...

"ဒီမှာ အစ်မ .. ကျွန်မ ဒါလေးတွေ တစ်ဝက်ဈေးနဲ့ ပြန်သွင်းချင် ...ို့ ယူပေးမလားဟင် .."

မေးပြီး သူမ ဆွဲထုတ် ဖြန့်ခင်းပေးလိုက်တာ အိုဗာတင်းနဲ့ မိုင်လို ...ာလစ် .. ကော်ဖီမှုန့်နှင့် တခြားသော လူမမာစာတွေအားလုံးက ...စ်ဝက်ဈေးနဲ့တော့ ဘယ်သူမှ မဝယ်ဘူး မငြင်းနိုင်လောက်အောင် ...တ်ဖိတ်လက်နေလေသည်။

ထို့ကြောင့် အားလုံးကို ပြန်ရောင်းပစ်လိုက်နိုင်၏။



www.burmeseclassic.com

www.burmeseclassic.com



စိတ်ထဲမှာတော့ ရှက်သလိုလို .. အားငယ်သလိုလိုပါ ..။

ဒါတွေကို သူမ ကားတိုက်ခံရပြီးတဲ့ နောက်မနက်မှာ ဟိုလူ ပို့နိုင်းလိုက်တာ ဖြစ်သည်။ ပြီးတော့ ဆရာဝန်တစ်ယောက်လည်း ပါလာကာ —

"ကျွန်တော့်ကို ဒီမှာ လူနာ မသက်သာမချင်း ဂရုစိုက် ကုသပေးဖို့ ပြောထားတာပါ ..၊ ဒါကြောင့် ကျွန်တော် လူနာ အဆင်ပြေမယ့်အချိန် တစ်ချိန်မှာ လာကြည့်ပေးပါ့မယ် .."

လို့ ဆရာဝန်က ပြောသဖြင့် မနက် ရှစ်နာရီဝန်းကျင်ကို ပုံမှန် ချိန်းထားခဲ့သည်။ သူ့ကိုတော့ အလွှာ နာမည်လည်း မသိ ..၊ လူကိုလည်း ထပ်မတွေ့ရတော့ပေ ..။

ကြားထဲမှာ တစ်ရက်ခြားပြီး ဒီမနက် ထပ်ပို့သွားတာလည်း တစ်ခု တစ်ပင်ကြီးပဲမို့ သူမ ဒါတွေကို ဈေးမှာပဲ ပြန်ရောင်းပစ်ဖို့ ဆုံးဖြတ်ခဲ့သည်။

ဒေါ်လေး သိရင် စိတ်မကောင်းဖြစ်မှာ သိထားသောကြောင့် ဈေးမှာ အလုပ်ကိစ္စပြောရင်း သွားမည်လို့ပဲ ပြောထားခဲ့တာကိုလည်း စိတ်ထဲမှာ မလုံ ..၊

တကယ်တမ်းကျတော့ 'ငါ့ကို ပေးထားပြီးသား ငါ့ဘာသာ ဘာလုပ်လုပ် ..' လို့ စိတ်တင်းထားပေမယ့် မသိစိတ်က လှုံ့ဆော်နေခဲ့တာ ဒါ မသမာမှုတစ်ခုလို ..၊

နှစ်ခါ ပို့ထားသည့် ပစ္စည်းတွေက မနည်းမနောမို့ တစ်ဝက်ဈေးနဲ့ ရောင်းလိုက်တာတောင် ပြန်ရသည့်ငွေက မနည်းပေ ..၊

သူမ လုပ်နေခဲ့တာ မှန်ရဲ့လား ..၊

ဈေးရှေ့ရောက်လာတော့လည်း စိတ်တွေက မွန်းကျပ်နေဆဲရှိကာ နာမကျန်းဖြစ်ထားသည့်အရှိန်နှင့် လူက ဟပ်ထိုးလဲချင်နေ၏။

"ဟိတ် .."

ရှေ့မှာ ဘွားခနဲ ပေါ်လာသည့် မျက်နှာက ပြုံးချိုနေကာ ...

"ဘာလဲ .. နေပူထဲမှာ လသာနေတယ် ထင်လို့လား .."





"အောင်ကောင်း .."

"ဟုတ်တယ် .. ငါ နင့်မြင်လို့ ကြေးအိုးဆိုင်ထဲကနေ ထွက်လိုက်တာလာ .."

"နင် မိုးကုတ်သွားတယ် ဆို .."

"ဟုတ်တယ်လေ .. လာ .. ဆိုင်ထဲကျမှ စကားပြောရအောင်.."

သူက မှန်တွေချည်း မျက်နှာစာ ကာထားသည့် ဆိုင်ထဲကို မေးဆတ်ပြ၍ အလွှာ လက်ထဲက ဆွဲထားသမျှကိုလည်း လက်ပြောင်းယူလိုက်၏။

"ငါ ပြန်နားချင်ပြီ အောင်ကောင်း ရယ် .. သိပ်နေမကောင်းလို့.."

"ဟုတ်လား .. နင့်မျက်နှာ နေပူထဲက လာရလို့ ပင်ပန်းနေတယ်ပဲ မှတ်တာ .. ဟုတ်ပါတယ် .. နေပူထဲက လာပြီး အအေးခန်းထဲ တန်းဝင်ရင်လည်း မကောင်းဘူး .. ဒါဆို ဟိုဘက်က စားသောက်ဆိုင်လေးမှာပဲ ထိုင်မယ်လေ .. လာပါဟာ .."

သူပဲ ရှေ့က ဦးဆောင်ဝင်သွားကာ ...

"ဟာ .. ဘာဖြစ်နေတာလဲ .. နောက်က ပါလာတယ် မှတ်လို့.."

အလွှာ ခြေထောက်တွေ မကောင်းသေးတာကို သူက ဘာမှမသိ..၊

စားပွဲပေါ်မှာ ခြင်းနဲ့ ပစ္စည်းတချို့ကို ချထားပြီး သေချာ ထိုင်ပြီးကာမှ အလွှာ နီးကပ်စွာ ပါမလာတော့ ပြန်ထမလို ဖင်ကြွ၏။

"နေပါဟာ .. ငါ့ခြေထောက်တွေ ကားတိုက်မိမလို ဖြစ်ထားလို့.."

"ဘာ!... နင် ဟုတ်လား .."

"ကားက မတိုက်မိပါဘူး .. ငါ့ဘာသာ လန့်ဖျပ်ပြေးရင်း ကားကို မြင်ပြီး လန့်သွားတာ .."

ထိုညကအဖြစ်ကို ပြောပြရင်း လူမမာစာတွေ ရောင်းချပြီး ပြန်လာတာကိုတော့ ပြောပြဖို့ အင်အားမဲ့၏။

ဒါကို တစ်ယောက်ယောက်ကို ပြောပြလိုက်ရင်တော့ ရင်ထဲမှာ



www.burmeseclassic.com

www.burmeseclassic.com



ပေါ်သွားမှာ သိပေမယ့် ...

"ဆရာဝန်က ဘာတဲ့လဲ ..၊ အဲ့ဒီလူက ကိုယ်တိုင်မလာဘဲ ဆရာဝန် လွှတ်ထားပေးရုံနဲ့ ပြီးရောလား .."

"မဟုတ်ပါဘူး .. ဒေါ်လေးကိုလည်း ငွေ သုံးသိန်း ပေးသွားတယ် .. လူမမာစာတွေလည်း ဝယ်ပို့နေတာပဲ .. သူက ငွေကုန်မှာ ကြောက်တဲ့လူတော့ မဟုတ်ပါဘူး .."

"ကြောက်ရင် သေပေါ့.. သူ့ကားနဲ့ တိုက်မိသည်ဖြစ်စေ .. မတိုက်မိသည်ဖြစ်စေ .. သူ့မှာ တာဝန် အစအဆုံးရှိတယ် .. ထောင်ပါ ချပစ်လို့ရတယ် .. နင် နားလည်လား.."

ဒေါသတွေ ထွက်နေသည့် မျက်နှာကို ကြည့်ကာ သူ့ချည်းပဲ ပြောနေသဖြင့် အလ္လာ စိတ်ညစ်လာမိ၏။

"အောင်ကောင်း ရယ် .. ငါ ပြောပါရစေဦး .. ဒုက္ခပေးသွားတာတော့ .."

"ပြော .. ပြော .. နင့်လို မိန်းကလေးကို ဒီလိုဒုက္ခပေးသွားတာတော့ ငါ တကယ်တင်းတယ် .."

"ဟဲ့ .. ငါ့ဘာသာ ကားရှေ့ ဖြတ်ပြေးတာပါ ဆိုမှ .."

"ဘာဖြစ်ဖြစ်ဟာ .. အခု နင့်အလုပ် ထိခိုက်ပြီမို့လား .."

"သူ ငွေတွေပေးထားတာပဲ .. ပြီးတော့ ငါလည်း .."

"ဘာလဲ .. ဆက်ပြောလေ .."

အောင်ကောင်း က စားစရာ လှမ်းမှာရင်း မေးခွန်းထုတ်၍ အလုပ်နှစ်ခု တစ်ပြိုင်တည်း လုပ်၏။

"ပြောလေ .. ဘာဖြစ်နေတာလဲ မျက်နှာက .. မျောက် ငါးပိကိုင်မိတာ ကျနေတာပဲ .."

"ဟုတ်လား .. ငါ အဲလောက် သိသာနေလို့လား .."

"အလ္လာ .. နင် ဘာဖြစ်နေတာလဲ .. မကောင်းမှု တစ်ခုခုများ





ကျူးလွန်ထားမိသလား .."

"အောင်မယ်လေး စုံထောက် ဗီသလိုက်တာ အောင်ကောင်း ရယ်.. မေးပုံက .."

"အဲ့ဒါကြီး ထည့်ထည့် မပြောစမ်းပါနဲ့ဟာ .. ခုလည်း မူဆယ်ကို ထပ်သွားရဦးမှာ .. အိမ်မကပ်ရတဲ့အလုပ်ကို ဝါသနာပါရလား ဆိုပြီး အိမ်ကလည်း ဘာမှ မလုပ်ခင်တည်းက ကွိုင်ပူနေတာ .."

"နင့်မှာ မိဘအုပ်ထိန်းသူတွေ ရှိလို့ နားပူခံရခွင့် ရှိတာပေါ့ဟာ.. ငါတို့ဆို ဆိုဆုံးမမယ့်လူ မရှိလို့ ဘယ်လောက် တမ်းတနေရသလဲ နင် သိလား .."

"သြော် .. နင် ပြောမှပဲ ဆူပါဦး .. ပြောပါဦးဆိုပြီး မေမေတို့ကို ဦးသုံးကြိမ် ပြေးချရတော့မယ် .."

"ဒါပေါ့ နင်က ကလေးဆိုးလို ဆိုးလို့ ရနေတာကိုး ..၊ ငါကတော့ ငါ့ညီမ ဆိုးနွဲ့လာဖို့အတွက် ခုမှ လူကြီးဖြစ်အောင် ကြိုးစားနေရတုန်း..၊ ညီမလေး တောင်းသမျှ ခေါင်းခါဖို့ မလိုအောင် ခုထိ ရုန်းကန်နေရတာ အမောတောင် မဖြေနိုင်ဘူး .."

"နင့်ညီမအကြောင်းတော့ ပြောမနေပါနဲ့တော့ဟာ .."

"မပြောလို့ မရဘူးဟ .. ငါ သူ့အတွက်ချည်းပဲ အချိန်တိုင်း တွေးနေရတာ .. ကိုယ့်ဝမ်းကိုယ်လည်း မသထားဘူး ..၊ ဘာအရေးကိုမှလည်း မငဲ့နိုင်ဘူး .. ငွေတွေကိုပဲ ပြူးပြဲ ကပ်ခွာနေရတာ .."

ပြောနေရင်း ခုထိ အိတ်ထဲ မရောက်သေးသည့် ပိုက်ဆံအလိပ်လိုက်လေးကို ကိုယ့်ဘာသာ လက်ဝါးဖြန့် ငုံ့ကြည့်မိ၏။

သူမ ဘာဖြစ်နေသလဲဆိုတာ မသိပေမယ့် ဖြူဖြူသွယ်သွယ် ဆံပင်ရှည်လေး တဝေ့ဝေ့နဲ့ မျက်နှာလေးကို အောင်ကောင်း က ကရုဏာနဲ့ ငေးရင်း သက်ပြင်းချသည်

"သူ တောင်းတိုင်း ပေးနိုင်အောင် နင်ချည်းပဲ တာဝန်ယူနေစရာ



www.burmeseclassic.com

www.burmeseclassic.com



မလိုပါဘူး အလွှာ ရယ် .. သူလည်း ကလေး မဟုတ်တော့ဘူး .. နောက်ပြီး အခု နင့်ကိုတောင် သူက ပြန်ထောက်ပံ့နိုင်သေးတယ် ..”

“နင်ပဲ ဒီအရွယ်တွေ ငွေမက်လာရင် ပျက်စီးတာပဲဆို ..”

“ဒါက သပ်သပ်လေ .. လူဆိုတာ ဆင်ခြင်နိုင်တဲ့အသိ ရှိတယ်.. မိန်းကလေးက ပိုရှိရမှာပေါ့ .. နင်က သူ့ကို အလုပ်မလုပ်စေချင်ဘူး.. နင်ကချည်းပဲ ပေးချင်တယ် ..”

“ဟုတ်တယ် .. ညီအစ်မနှစ်ယောက် ဒိုးတူပေါင်ဖက် ရှာဖို့က သူ ငွေလိုချင်တဲ့ပုံကို ငါ စိတ်မချဘူး .. အဲဒါကြောင့် ..”

“နင် တားတာရော ရလို့လား ..”

အလွှာ ခေါင်းမညိတ် ခေါင်းမခါနှင့် မျက်နှာလေး ငယ်သွားသည်။

“ငါ ပြောဖူးတဲ့ ဟိုကိစ္စရော သူ့ကို ပြောလိုက်သေးလား ..”

“ဟိုလူလား ..”

“အင်းလေ .. အဲ့ဒါကို နင့်ကို ပြောမိတာ ငါ မှားတယ် .. နင် သူ့ကို ပြောလိုက်တာနဲ့ နင်ပဲ စိတ်ဆင်းရဲရမှာ ..”

“ငါ ပြောပြီးပြီ ..”

“နောက် မတွေ့တော့ပါဘူးတဲ့လား ..”

ရွှဲ့မေးလိုက်မှန်း သိတော့ အလွှာ က မချိတရိလေး ပြုံးသည်။ ပြီးတော့ ခေါင်းကို ကိုင်၍ မျက်နှာမဲ့သွားကာ ...

“ခေါင်းကိုက်လာသလိုပဲ ..”

“ဒါဆို နင့်ကို ငါ ပြန်ပို့ပေးမယ်လေ .. ငါလည်း ဒီတစ်ခါ ခရီးထွက်ရရင် တော်တော်နဲ့ ပြန်လာနိုင်မှာ မဟုတ်ဘူး .. ဒါကြောင့် အိမ်နဲ့ ကွိုင်တက်နေတာ ..”

ပြောနေရင်း ရယ်ကာ ...

“မပြောချင်ပေမယ့် ပြောရဦးမယ် သိလား .. ငါ မိုးကောင်းကို ရောက်ရင်တော့ ဟိုပုဂ္ဂိုလ်ရဲ့ တတိယ မင်္ဂလာသတင်းကို သေချာကို





စုံစမ်းရမယ် ..”

“တတိယမင်္ဂလာ ဟုတ်လား ..”

“ဟုတ်တယ်လေ .. တတိယသတို့သမီးက မိုးကောင်းမှာ သေတာလေ .. ဒါတွေက ပြီးခဲ့ပေမယ့် ငါ့အတွေးထဲမှာတော့ မပြီးသေးဘူး ..”

“နင် သူ့ကို သေချာ မြင်ဖူးလား ..”

“မမြင်ဖူးပါဘူး .. သူ့ပုံကို မြင်ဖူးပေမယ့် သုံးချိုး တစ်ချိုးပုံပဲ .. ဒါပေမယ့် ဘယ်ရှုထောင့်ကဖြစ်ဖြစ် သူ့ပုံစံက စမတ်ကျတယ် .. ဖြောင့်တယ် .. သူ့အကြောင်းကို သူ ပြောပြတာကလွဲပြီး ဘာတစ်ခုမှ စုံစမ်းဖို့ မလွယ်တာက သူ အရမ်းချမ်းသာလို့ပဲ ..”

ချမ်းသာတာတွေ ကြားလိုက်ရတိုင်း ညီမလေးကို မြင်ယောင်မိသည်။ ပြီးတော့ စိတ်ဆင်းရဲခြင်းက ဒွန်တွဲပါ၏။

“နင့်ညီမ ဒီဘဲကို ဘယ်လိုတွေ့သွားလဲတော့ မသိဘူး .. ကပ်မိကြရင်တော့ ကော်ထက် ဆိုးမှာ သေချာတယ် .. သူတို့ တကယ် ငြိနေပြီဆိုရင် နင် ဘာမှ ကြိုးစားမနေနဲ့ .. တစ်ခုတော့ ပြောထား ..”

“ဟင်!...”

“သေတတ်တဲ့ပစ္စည်းမှန်း သိရင် မဆော့မိစေနဲ့လို့ .. သေမှာမှန်း သိရက်နဲ့ မကြောက်ရင် သွားပေ့စေပေါ့ ..”

“အောင်ကောင်း .. နင်က ဒီလူကို အဲဒီလိုလူလို့ သေချာ ပြောနေတာလား ..”

“လေးယောက်ကြီးတောင် သေသွားတာ မခိုင်မာသေးဘူးလား.. ဒီမိန်းမလေးယောက် သေပုံကို လူတိုင်း မဆက်စပ်မိကြသေးလို့ပါ .. မဟုတ်ရင် ငါ့လို သူတို့ တွေးကြမှာပဲ .. ဘာကြောင့် သေကြသည်ဖြစ်စေ သူနဲ့ ပတ်သက်တာပဲ .. ဒါ သတ်မှုလား .. သေမှုလားဆိုတာ ငါကတော့ စုံစမ်းမှာပဲ ..”

www.burmeseclassic.com

www.burmeseclassic.com



အလွှာ က ဆံပင်လေးသပ်ကာ မျက်နှာလည်း မကောင်းဘဲရှိလျက် ...

"ငါ နင့်ကို ကျေးဇူးတင်ပါတယ် အောင်ကောင်း ရယ် .. ဒါပေမယ့် ငါ့ကို အဲ့ဒီလူအကြောင်း မပြောပါနဲ့တော့ .. ဘာဘာ့ ကို စိတ်ပူရ.. ကိုယ်နဲ့ မဆိုင်တဲ့ဘက်ကို လှမ်းပူရနဲ့ ငါ ရူးချင်လာပြီ .."

"မရူးနဲ့ဦး .. နင် ကမ္ဘာ့ ကို ပေးဆပ်ဖို့ ဝဋ်ကြွေးက မကုန်သေးဘူး .. လာလေ .. ထ .. ငါ ပြန်လိုက်ပို့မယ် .. အဖေ့ဂျစ်ကားလေး ပါတယ် .. ဟိုဘက်ပါကင်မှာ ထားခဲ့တာ .."

"နေပါစေ .. ခု လောလောဆယ် ငါ လမ်းကို မလျှောက်ချင်သေးတာ .."

"ဘာ!..."

"ခြေထောက်လည်း နာနေတယ် .. ခေါင်းလည်း မကောင်းဘူး.. ငါ ခဏတော့ ငြိမ်ငြိမ်လေး နေမှ ဖြစ်မှာ .."

"ဒါဆိုလည်း ထိုင်လို့ကောင်းတဲ့ နေရာ သွားမယ်လေဟာ .. ငါက နင် နေမကောင်းတာ မသိလို့ ခေါ်လာတာပါ .."

"အေးပါ .. ရပါတယ် .."

"နေပါဦး .. နင်က ဒီလောက်ဖြစ်နေတာတောင် ဘာဖြစ်လို့ ဈေးထွက်လာရတာလဲ ..။ ညည စက် ထချုပ်နေတာလား .."

"ဘယ်လိုလုပ် ချုပ်နိုင်မှာလဲ အောင်ကောင်း ရယ် .. အဲဒါကြောင့် အလုပ်ပျက်နေရတာကို ဖောက်သည်ဆိုင်တွေကို လာပြောတာ .."

ပြီးတော့ ထွက်လာတဲ့ အဓိကအကြောင်းထဲမှာ မုန့်ဘူးတွေ ပြန်ရောင်းဖို့လည်း ပါတာကိုတော့ မပြောဖြစ်ပေ ..။

"ကဲ .. နင် သွားပါ .. ဒါတွေလည်း ငါပဲ ရှင်းလိုက်ပါ့မယ် .."

"အံမယ် .. ဘယ်သူက ထားခဲ့မယ် ပြောနေလို့လဲ .. ဒီမှာ အလွှာ.. နင့်ကို ငါ ရည်းစားစကား ပြောလိုက်မှာ စိုးလို့ တွင်တွင်နှင်နေတာ





လား .."

"ဘာ!..."

အံ့ဩသလို ဖြစ်သွားပြီးမှ အလွှာ က ပြုံးလိုက်ကာ ...

"ဘယ်တုန်းကမှ တွေးမကြည့်မိခဲ့ပါဘူး အောင်ကောင်း ရယ်.. နင်က အလုပ်နဲ့ အကိုင်နဲ့ အမြဲတမ်း ချက်ချင်း ထပြန် .. မထင်မှတ်ဘဲ ရောက်လာနဲ့ နင့်လောက် ဗျာများနေတာ နင်ပဲရှိတာ .."

"ဟုတ်တယ် .. အဲဒီ ဗျာများနေရခြင်းတွေထဲမှာ နင့်ကို ရည်းစားစကားပြောဖို့ .. လက်ထပ်ယူဖို့တွေလည်း ပါတယ် .."

"သေလိုက်ပါလား .."

"နင့်ကို လက်မထပ်ရသေးဘဲနဲ့ မသေပါဘူး .. ဒါပေမယ့် နင့်ညီမ ယောက်ျားရသွားမှ နင့်ကို စဉ်းစားမှာ .."

"သြော် .. ငါ ကံဆိုးသွားတာကိုး .."

"ဟုတ်တယ် .. နင့်ညီမနဲ့သာ ကိုယ့်ခယ်မအဖြစ် အတူတူနေရရင် .."

"ဘာဖြစ်လဲ .."

"ငါ့မိန်းမကို ဒီလောက်တောင် စိတ်ဆင်းရဲအောင် လုပ်နေလို့ကတော့ တစ်ခါတည်း ခြေထောက်နှစ်ချောင်းကနေ ကိုင်ပြီး စကြဝဠာ တံတိုင်းနဲ့ ပြေးဆောင့်သွားအောင် ကိုင်ပေါက်ပစ်လိုက်မှာ .."

ပြောနေတုန်း ဖုန်းလာတော့ အလွှာ က ရယ်လိုက်ကာ ...

"ကဲ .. အခု ငါ့ကို လိုက်ပို့ဖို့ အစီအစဉ်ဖျက်ပြီး မြန်မြန် လစ်လိုက်တော့ .. အစတည်းက ကိုယ့်ဘာသာ ပြန်ပါလို့ ပြောနေတာကို.."

"ကျွတ်!... ပြဿနာပဲဟာ .. အလုပ်ကဆရာ ခေါ်နေတာ .."

အောင်ကောင်း မသွားချင်ရှာပါ ..။ ဒါပေမယ့် ထွက်သွားတော့လည်း စားသောက်တာတွေ သူပဲ ရှင်းပြီး သေချာ တောင်းပန်သွားသည်။

အလွှာ ကတော့ ကိုယ့်သူငယ်ချင်းကို ဘယ်တုန်းကမှ စိတ်ကွက်



www.burmeseclassic.com

www.burmeseclassic.com



ခဲ့တာ မရှိခဲ့ဖူးပါ …၊ ဒါပေမယ့် သူ ပြန်သွားတာနှင့် စားပွဲပေါ် လက်ထောက်၍ မျက်နှာတင်ပြီး ခဏတော့ မှိန်းနေလိုက်ရသည်။

အိမ်မှာတုန်းက သူမမှာ အစီအစဉ်တွေနှင့် ကိုယ့်ကိုယ်ကိုယ် ဘယ်နေရာက နာနေသည်ဆိုတာလည်း မသိ…၊ ဒီခြေထောက်ကို အကြာကြီး အလုပ်လုပ်နိုင်းလို့ ကောင်းပါ့မလား တွေးမိရအောင်လည်း ခြေထောက်က သိသိသာသာ နာကျင်နေတာမျိုး မဖြစ်ခဲ့ဘဲ ခုကျမှ …၊

"ကိုယ် ထိုင်လို့ ရမလား …"

"ဟင်!…"

နာခေါင်းထဲ ဝင်လာသည့် ရေမွှေးနံ့ကို သူမ ချက်ချင်း သိလိုက်သည်။ မျက်လုံးတွေဖွင့်ကြည့်လိုက်တော့ စားပွဲပေါ်မှာ တင်လိုက်သည့် အိတ်ကြီးရယ် … သေးသွယ်ဖြူနုသည့် လက်တစ်ဖက်ရယ်က သူပဲဆိုတာကို ထပ်မံ အတည်ပြုပေးခဲ့ပြီး …

"ရှင် …"

"ဟုတ်တယ် …"

သူက အောင်ကောင်း ထိုင်ခဲ့သည့်ခုံကို ခြေထောက်နှင့် ချိတ်ဖယ်၍ နောက်တစ်လုံးကို ဒီအတိုင်းပဲ ချိတ်ယူပြီးမှ ထိုင်၏။

"မင်းကို အိပ်ရာထဲ လဲနေမှာပဲ ထင်တာ … ဈေးမှာ တွေ့တော့…"

"ကျွန်မ ကောင်းသွားပါပြီ …"

"ဒါဆိုလည်း ဒီလောက် ဆူညံ ရှုပ်ပွနေတဲ့ဆိုင်ထဲမှာ ခေါင်းငိုက်စိုက်ချပြီး ဘာလုပ်နေတာလဲ … ဆူညံသံတွေကို တရားမှတ်နေတာလား …"

"ဒါကတော့ လူကောင်း ပကတိကြီးမှ မဟုတ်သေးတာ… မထွက်မဖြစ်တဲ့ကိစ္စရှိလို့ ထွက်လာခဲ့ရတာကို …"

"ဟုတ်လား … ဘယ်ကိစ္စလဲ မသိရဘူးလား …"

အလွှာ မျက်နှာလေး တည်သွားတော့ သူကတော့ သူပဲ မေးခွင့်ရှိ





…တဲ့လူလိုလို … မျက်နှာမှာ အားနာတာ … စိုးရိမ်တာ ဘာမှဖြစ်သွားတဲ့ …လည်း မရှိ … စိတ်တွေအိုက်ပြီး မျက်နှာတွေ ပူထူ နေမရဖြစ်နေတာက …မပဲဖြစ်ကာ …

"အရေးကြီးတဲ့ ချုပ်ထည် လက်စတွေ အပြီးသတ်ပြီး လာပို့တာ… …"

"အင်း … ဒါဆို … အရေးကြီး လာပို့ရတဲ့ ပစ္စည်းတွေထဲမှာ လူမမာ…တွေလည်း ပါတယ်ထင်တယ် …၊ အိုဗာတင်းတို့ … မိုင်လို … ဟောလစ်…့ …"

သူ့ကို ဖျတ်ခနဲ မော့ကြည့်လိုက်သည်။ မျက်နှာသာမကဘဲ တစ်…ယ်လုံးကို ငရုတ်ရည်တွေထဲ ဆွဲနှစ်ခံလိုက်ရသလို ပူပြင်းနေခဲ့လျက်…

"ရှင်!…"

"ဒီမှာ … ကိုယ် ထပ်ဝယ်လာခဲ့တယ် …"

ကြည့်စမ်း …၊

သူက အိတ်ကြီးကို ကိုင်ပြပြီး ဆွဲခြင်းပါ ရွှေ့ပါလာအောင် အလွှာ…က်ကို တိုးပေးကာ …

"ချုပ်ထည် လက်စသတ်စရာက မရှိတော့ဘူးမို့လား … နောက်နေ့…င်း ဝင်ငွေမရှိမှာ စိုးလို့လေ … ဒီနေ့ ဝယ်လာတာ ပိုစုံတယ်ကွ …ီးတော့ …"

"ဒီမှာ …"

"ဟင် …"

ရက်စိတ်မွှန်ကာ မျက်နှာလေး နီရဲချိတ်လျက် အလွှာ သူ့ကို…ိုက်ကြည့်သည်။ ပြီးတော့ နှုတ်ခမ်းလေးကို ဖိကိုက်ထားရင်း ပင့်…တ်ရှိုက်၍ …

"အရသာခံပြီး ပြောမနေနဲ့ …၊ ရှင် ကျွန်မကို ပေးတာ ကျွန်မ…တွက် မလိုလို့ ပြန်ရောင်းပစ်တယ် … အဲဒါ ဘာဖြစ်သွားနိုင်လို့လဲ…"



www.burmeseclassic.com

www.burmeseclassic.com



"ဘာမှမဖြစ်လို့ မင်းကို ထပ်ဝယ်ပေးနေတာပေါ့ .. နောက် တိုင်း ရောင်းစရာရှိအောင် နေ့တိုင်း ဝယ်ပို့ပေးဦးမှာ .."

"မလိုတော့ဘူး .. ကျွန်မအတွက် ဆရာဝန်လည်း ထပ်မလွှတ် တော့ .. ရှင့်လူနာလို့လည်း သတ်မှတ်ဖို့ မလိုဘူး .."

အလွှာ က ပြောပြီး ဆွဲခြင်းကို ကိုင်လိုက်လျှင် သူက တစ် နှုတ်ခမ်းကနေ ဖိကိုင်ထားလိုက်ကာ ...

"မင်း ပြောချင်ရာပြောပြီး အဲ့လို ထသွားဖို့ မကြိုးစားနဲ့ .. ကို မင်းကို ဒီ့ထိလာပြီး ခနဲ့နေတာ မဟုတ်ဘူး .."

"မဟုတ်ဘူးဆိုရင်လည်း ကျေးဇူးတင်တယ် .. ထပ်ပြောမယ် ကျွန်မအတွက် ဘာမှမလိုဘူး .. ရောဂါတစ်ခုခုနဲ့ ပက်လက် ထကြွမရတဲ့ လူမမာ မဖြစ်မချင်း ကိုယ့်ဝမ်းစာ ကိုယ်ရှာရမှာ ကျွန် ဘာဝ .."

"ပက်လက် ခဏလေးနေဖို့အတွက် မင်းအိမ်ကို ငါ လူမမာ ပေးထားတယ် .. အဲဒါ ငါ့တာဝန်ရှိလို့ ပေးနေတာ .. မင်း ရအောင် စီစဉ်ထားတာ .."

"မလိုဘူးလို့ ကျွန်မ ပြောနေပြီလေ .."

"လိုတယ် .. မင်းကို နောက်နေ့ကစပြီး တစ်ပတ်တိတိ အပြင် မမြင်ချင်ဘူး .. အိမ်စရိတ် ဒီ့ထက် ပိုပေးမယ် .."

"ဘာပြောတယ် .."

အလွှာ့ မျက်ဝန်းလေးတွေ စူးရဲသွားသည်။ ဤမျှအထိ ချော တင့်တယ်နေသည့် ယောကျ်ားက သူမကိုမှ ဘာဖြစ်လို့ ကူညီချင် တာလဲ ...၊

ကိုယ်က မာတော့လည်း သူ့ဘက်က ပျော့ပျောင်းနေတာမဟုတ် ကိုယ် အော်တော့လည်း သူ ပြန်အော်သည်။ ဘာသဘောနဲ့ လူကို ပြီး တိုက်ခိုက်ချင်နေတာလဲ ...၊





ကူညီချင်နေတာလား ...၊ တစ်ခုခုကြောင့်လား ...။

"ကိုယ့်ကို စေ့စေ့ကြည့်ပြီး မင်း စိတ်ကူးယဉ်နေတာလား .."

"ဘာ!..."

"ဟွန်း .."

သူက ထူပိတ်နေသည့် မျက်တောင်တို့ကို အဖွင့်အပိတ်တိုင်းမှာ ဆွဲဆောင်မှုအပြည့်နှင့် တမင် လှုပ်ခတ်နေသလိုရှိကာ ...

"ကိုယ့်ကြောင့် မင်းရင်ထဲမှာ စိတ်ကူးတွေ ဖြစ်သွားရင် .."

"ရှင်လည်း အဲ့ဒါမျိုးတွေနဲ့ တော်တော် ကျေနပ်ပျော်ရွှင်နေတဲ့ပုံ ဲ .."

သူက ပခုံးတွန့်သည်။

"ရှင် သိပ်ကို ချောနေလည်း ရှင့်မျက်နှာ ကျွန်မ ခွာယူလို့ ရတာမှ ဟုတ်တာ .."

"နှစ်ဦးသဘောတူ ကြည်ဖြူမှုရှိရင်တော့ မင်းအတွက် ရင်ခုန်စရာ တွေ ဖြစ်ချင် ဖြစ်လာမှာပေါ့ .."

"ရှင် ကျွန်မကို ဘယ်လို မိန်းမစား ထင်နေသလဲ ဟင် .."

"ပိုက်ဆံရမယ်ဆိုရင် မသာပါးစပ်ထဲကဖြစ်ဖြစ် .. ပြန်နှိုက်ထုတ်ဖို့ နေ့မလေးတဲ့ မိန်းမမျိုးလို့ တွက်ထားတယ် .."

"ဟုတ်တယ် .. အဲဒီလို ပိုက်ဆံတွေကို မက်တယ် .. ရှင် သေရင် သည်း ပါးစပ်ထဲကို ပိုက်ဆံများများ မထည့်ဖို့ .. ကျန်ရစ်သူတွေကို မှာထား ...၊ မသာက ရှင်ဆိုရင်တော့ အေးဆေး နှိုက်မယူဘူး .. ဓားနဲ့ လှီးမယ် ...၊ ပလက်ယာနဲ့ သွားတွေကို နုတ်ပစ်ပြီးမှ ပိုက်ဆံကို ယူမယ် .."

"ဟား .. ဟား .. ဟား ..."

သူက မျက်နှာငုံ့ပြီး ခပ်ကြိတ်ကြိတ် ရယ်သည်။ ဒေါသမပြေသေး သည့် အလွှာ ကတော့ မျက်ခုံးလေးတွေ တွန့်ကုတ်ထားရင်း စိုက်ကြည့်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။

သူ့ကို မြင်လိုက်ရတိုင်း အနက်ရောင်ကိုပဲ သတိထားမိသည်။ ခုလည်း ဂျာကင်အနက်နှင့် အတွင်းခံ လည်ကပ် လည်ပိုင်းအနက်ကို ဝတ်ထားသည်။

မျက်နှာတည်တည်နဲ့ စကားပြောနေရင်ဖြစ်ဖြစ် .. ခနဲ့ပြုံးတွေနဲ့ ဖြစ်ဖြစ် .. ခုလို ရယ်လိုက်တာကအစ သူ့မျက်နှာမှာ ကြည့်ရဆိုးသွားေ တာ ဘာမှ မဖြစ်ပေ ..၊

ထိုပြင် ထူးခြားသည့်အသံကြောင့် ရယ်လိုက်တော့လည်း သာယာ နာပျော်ဖွယ်ပဲ ဖြစ်လေသည်။

ယောကျ်ားလေးတစ်ယောက် ရုပ်ချောတိုင်း လိုက်ငေးနေစရာ လား ..၊ ပြီးတော့ ကိုယ်က မိန်းကလေး ..။

ကိုယ့်ထက် အရာရာ မြင့်မားနေသည့် ယောကျ်ားတစ်ယောက်ကို ကြိတ်သဘောကျပြီး စိတ်ကူးယဉ်နေရလောက်အောင် သူမ ဘယ်တော့ မှ ရူးသွပ်မှာ မဟုတ်ပေ ..၊

သူ့မှာရှိနေသမျှ ကောင်းခြင်းအဖြာဖြာက ကိုယ်နဲ့ မသက်ဆိုင်ဟု သဘောထားလိုက်နိုင်တာနဲ့ အားလုံးက သူ့နေရာနဲ့သူ နေသားကျပြီး သား ..၊

"ရှင် .. ကျွန်မ ခြင်းကို လွှတ်လိုက်ပါ .."

"လွှတ်လိုက်ရင် မင်း ထသွားမှာပေါ့ .. ဒီမှာ ဒီအိတ်ကိုပါ မင်း သယ်ရမှာ .. တစ်ယောက်တည်း နိုင်မှာလား .."

"ရှင့်အိတ်ကို ဘယ်သူက လက်ခံပါ့မယ် ပြောနေလို့လဲ .."

"မင်း ရှေ့ကို ယူလာတည်းက မင်း လက်ခံမခံ မေးနေဖို့မှ မဟုတ် ဘဲ .."

"ကျွန်မအတွက် လူမမာစာတွေ မလိုဘူး ကို .."

"ဘာလဲ .. ကိုယ့်နာမည် မေးဖို့ သတိရသွားပြီလား .."





သူက စိုက်ကြည့်ပြီး ပြုံးကာ ...

"ကိုယ့်နာမည် ရေငွေ့ .."

"ဘာ!..."

အလွှာ ဘယ်လိုမှ မယုံနိုင် ဖြစ်သွားလျက် ...

"ဘယ်လို .. ရှင့်နာမည် .."

"ရေငွေ့လေ .. မကြားလိုက်ဘူးလား .. မင်းနဲ့ ရေချင်းတူနေလို့ အံ့သြသွားတာလား .. မင်းနာမည်ကြားတုန်းက ကိုယ်တောင် အံ့သြခဲ့ သေးတာ .. မင်း အံ့သြထိုက်ပါတယ် .."

သူ တကယ် ပြောနေမှန်း သိပေမယ့် အလွှာ မယုံနိုင်သေးပါ ..၊ ဒါပေမယ့် ဘာဆိုင်လို့လဲ ..၊

"မင်း ဒါတွေကို ယူရမယ် .. မင်း ပြန်ကောင်းနိုင်မယ်လို့ ပြောတဲ့ ဆရာဝန် သတ်မှတ်တဲ့ရက် မရောက်မချင်း ကိုယ့်ဘက်က ဝတ္တရားရှိ သမျှတွေကို ပေးမယ် .. ဆေးလည်း ကုရမယ် .."

"ရေငွေ့ .."

"ပြော .."

"ရှင် ကျွန်မကို ဘာထင်နေလဲ မသိပေမယ့် ရှင်ကတော့ ကိုယ့် ကိုယ်ကိုယ် တော်တော် အထင်ကြီးနေပုံပဲ .."

"ကိုယ့်ကိုယ်ကိုယ် အထင်သေးနေရင် ဘာသုံးစားလို့ ရမှာလဲကွ.. ဥပမာ ငါသာ အနှင်းခံမြက် .. ငါသာ အနမ်းခံပန်းဆိုတာမျိုး .. နှင်း ဘာရော အနမ်းခံရတာရော .. သူများအသုံးချ ခံရတာချည်းပဲ .. ဘာ ကောင်းလို့လဲ ..၊ ပန်းဆိုတာ ခူးယူပန်းဆင်သူ ရှိမှ .."

"အဲဒီတော့ ရှင်သာ ပန်းတစ်ပွင့်ဆိုရင် သူများခေါင်းပေါ် ကိုယ့် ဘာသာ ခုန်တက်မှာပဲလား .."

အံ့သြသလို ဖြစ်သွားပြီးမှ သူက လှို့ဝှက်စွာ ပြုံး၏။ ပြီးတော့...

"ပြောပြတာလေ .. ရိုးရိုးကျင့် မြင့်မြင့်ကြံ ဆိုတာမျိုးပေါ့ ..၊ ခု



www.burmeseclassic.com

www.burmeseclassic.com



ခေတ်မှာတော့ ရိုးရိုးကျင့်နေသရွေ့ မြင့်မြင့်ကြဲနိုင်ဖို့ မလွယ်ပါဘူး ... မင်းလည်း ကိုယ့်စိတ်ကို အောက်ဆုံးမှာ ချခင်းမထားပါနဲ့ ..."

"ပြောပါဦး .. ရှင် ဒီစကားတွေ ပြောဖို့ အစတည်းက ရှိထားသလိုပဲ .."

"ဟုတ်တယ် .. တစ်လောကလုံးကို မင်းပဲ လုပ်ကိုင် ရှာဖွေကျွေး နေရသလို .. မင်းပဲ ဖတ်ဖတ်မောနေတာ .."

ငေးသွားသည့် မျက်နှာလေးကို သူက စိုက်ကြည့်၏။

"မင်းနဲ့ပတ်သက်တာ တော်တော်များများကို မင်းကို လိုက်ပို့ခဲ့ရ တဲ့ အဲ့ဒီညမှာ ဒေါ်မာလာ ပြောပြတယ် .."

ဒေါ်လေးက ဘာတွေ ဒီလောက်ထိ ပြောပြလိုက်လို့လဲ ...၊

"လူတိုင်းရဲ့ဘဝတွေကို ကိုယ် စိတ်မဝင်စားပါဘူး .. မင်းကတော့ ကိုယ့်ရှေ့ရောက်လာတိုင်း စိတ်ဝင်စားဖွယ်တွေနဲ့လေ .."

ဖြူဖျော့ဖျော့ အလှ မျက်နှာလေးကို မျက်မှောင်ကုတ်ကြည့်ရင်း ထိုမျက်ခုံးတို့ ပြေကျသွားခဲ့ပြီး ...

"မင်းကို ကိုယ် ပြန်ပို့ပေးမယ် .."

"ရပါတယ် .. ကျွန်မ .."

"ဘာကိစ္စတွေ ရှိနေနေ မင်း မတတ်နိုင်တော့ဘူး ရေလှာ .. အရေ ပြန်ရင်းနဲ့ ဆေးခန်းဝင်ပြီး မင်း ကျန်းမာရေးကို စစ်မယ် .. နောက်ရေ တွေမှာ ဆရာဝန်စကားကို နားထောင်ရမယ် .. မင်းရဲ့ ကျန်းမာရေး စိတ်မချရသေးသရွေ့ ငါ့တာဝန် ဖြစ်နေတဲ့အတွက် မင်း ကြိုက်ကြိုက် မကြိုက်ကြိုက် ငါကတော့ ဝင်ပါနေရမှာပဲ .."

ပြောရင်းနဲ့ သူ့အိတ်ကို ဆွဲပြီး ထရပ်လိုက်သည်။ အလှာ ဘာမှ မပြောရသေးခင် သူပဲ ဦးဆောင်ပြီး ဆိုင်ထဲက ထွက်၏။

ဒေါသဖြစ်သွားပေမယ့် မလိုက်သွားဘဲ နေလည်း ပြန်လှည့်ခေါ်ဦး မှာပဲဆိုတာ အလိုလို သိနေ၏။





လိုက်သွားပြန်ရင်လည်း သူ့ကားကြီးနဲ့ သူမ ပါသွားတာ အသိတစ် ဆက်ယောက် တွေ့သွားရင် ဘယ်လိုလုပ်မလဲ ...၊

ထင်သည့်အတိုင်း သူ ပြန်လှည့်လာနေတာမြင်မှ အလှာ နေရာမှ ထရပ်မိ၏။ ထိုင်နေသည့် ခုံကြားထဲကထွက်ရင်း ခြေထောက်တွေကို ငြိန်းနေတာမြင်တော့ သူက ဒီမှာပဲရပ်နေဖို့ လက်ပြပြီး ကားကို ဆိုင် ဝင်ဝထိ ဘက်ခ်ဆုတ်လာ၏။

"တိ .."

ထိုအခါ မလွတ်လပ်သမျှ ဆိုင်ကယ်လ်တွေ .. စက်ဘီးတွေကို ဟွန်းတီး ဖယ်ခိုင်း၏။ မဖယ်မချင်း ဟွန်းတီးနေသဖြင့် ဆိုင်ထဲက စား သောက်နေသူတွေအားလုံး ခေါင်းထောင်ကုန်ကြ၏။

ပြီးတော့ ကိုယ့်စက်ဘီးလား .. ကိုယ့်ဆိုင်ကယ်လ်လားဆိုသည့် အမ်းမှုတွေနှင့် ပိုမို ရှုးစိုက်လာကြကာ ...

"ဒီလူ ဘယ်လိုလူလဲ .. ရှိသမျှလူတွေကို သူ ခိုင်းသမျှ လုပ်ရမယ် ထင်နေသလား .."

အမှတ်တမဲ့ ထွက်သွားလို့ရသည့်ကိစ္စက ကိုယ့်နားထိ ကားဆုတ် လာခဲ့ခြင်းကြောင့် သူမတို့ကား ပြန်ထွက်လာတော့ ရှင်လောင်းလှည့် အထက်တောင် စည်ကား သိုက်မြိုက်နေသေးသည်။

အလှာ ရှက်လွန်းလို့ မျက်နှာလွှဲထားတာကို တော်တော်နဲ့ ရှေ့ပြန် လှည့်ဖြစ် ...၊

"ရှေ့ရှေ့ .."

ကားမောင်းနေရင်း သူက လှည့်ကြည့်သည်။

"ကျွန်မက ရှင် မဟုတ်ဘူးဆိုတာ နည်းနည်း ထည့်တွေးစမ်း ပါ .."

"မင်းကိုရော မင်းနဲ့ ငါ နှစ်ကိုယ့်တစ်စိတ်ပါလို့ ပြောမိလို့လား.."

"မဟုတ်ဘူး .. ကျွန်မ ပြောချင်တာ အဲ့ဒါ မဟုတ်ဘူး.."



www.burmeseclassic.com

www.burmeseclassic.com



"မဟုတ်ရင် မပြောနဲ့တော့ .. မင်း ငါ့လုပ်ရပ်တွေကို စိတ်တိုင်းမကျစရာတွေ ရွေးထုတ်တွေးနေမယ့်အစား ငါ့အလုပ် ငါ လုပ်နေတယ်ဆိုတာ နားလည် .."

"ဒါဆို ကျွန်မက .."

"ငါ့ကားနဲ့ တိုက်မိတဲ့ လူနာ .. ဒါပဲ မင်းနဲ့ ငါ့ကြားမှာ အပေးအယူတွေ အသွားအပြန်တွေ မရှိဘူး .. မင်းက လူနာ .. ငါက ငါ့ဝတ္တရားနဲ့ပဲ .. အိုခေ .."

ဘယ်မှာ အိုခေစရာ ရှိလို့လဲ ..၊

ဒါပေမယ့် ဖုန်းသံကြောင့် သူ့ကို ဘာမှမပြောတော့ဘဲ မျက်နှာလွှဲနေလိုက်သည်။

ရေငွေ့ က ကားမောင်းနေရင်း ဖုန်းဖွင့်လိုက်ကာ ...

"ပြော .."

"ကိုကို ဘယ်မှာလဲ ဟင် .. ဘာဘာ ကိုကို့ ကို ပြောစရာရှိလို့.."

"ကိုယ် မအားဘူး .. မင်း ပြောချင်ရင် ခု ပြောလို့ ရတယ် .."

"ဟာ .. ဒီလိုကြီးတော့ မပြောချင်ပါဘူး .."

"ဒါဆို ကိုယ် ပြန်ခေါ်တာကို စောင့်လေ .. နောက်ဆို ကိုယ့်ဆီ ဖုန်းခေါ်တာတွေ မလုပ်ပါနဲ့ .. ဖုန်းသံကြောင့် စိတ်အနှောင့်အယှက်ဖြစ်ရတာ အဆိုးဆုံးပဲ .."

သူ ဖုန်းပိတ်ပစ်လိုက်တော့ ကြားနေရတာကို သက်ပြင်းချမိသည်။ ဒီလူ အခြောက်တိုက် ဘဝင်မြင့်လွန်းနေတာလား ..၊ ဘဝင်မြင့်နိုင်လို့ မြင့်တာဆိုရင်လည်း တစ်သက်လုံးက ဩဇာညောင်းလာခဲ့တဲ့လူပဲ ထင်သည်။

ကိုယ့်အပေါ်မှာတောင် မဆီမဆိုင် အမိန့်တွေ လာပေးလို့ ..၊

တရားကျဖို့တော့ ကောင်းသား ..၊

ရွှေသမင်စာပေ



## အခန်း (၁၄)

"ကိုကို အရမ်း ရက်စက်တာပဲ .."

"မင်း ကိုယ်နဲ့ လက်တွဲဖို့ ဆုံးဖြတ်ထားပြီးရင်တော့ ကိုယ် ရက်စက်တာတွေကို ခေါင်းထဲ မထားမှ ဖြစ်မယ် ဘာဘာ .."

"ဘာဘာ ကလည်း ပြောထားတာပဲလေ .. ကိုကို့ကို ဘာဘာက ချစ်တယ်ဆိုတာ .."

သူက စီးကရက်သောက်ရင်း ပြတင်းတံခါးဆီ လျှောက်သွားသည်။ ကမ္ဘာ က သူ့နောက် လျှောက်လိုက်လာကာ ...

"ကိုကို့ကို ဖုန်းဆက်ခွင့်တောင် မရှိဘူးဆိုတာမျိုးတော့ မရက်စက်ပါနဲ့ ကိုကိုရယ် .. တစ်နေရာမှာ ဘာဘာ တစ်ခုခု ဒုက္ခရောက်နေရင်ရော .. ကိုကို့ကို တမ်းတခွင့် မရှိတော့ဘူးလား .. ဖုန်းဆက်မခေါ်ရဘူးလား .."

"အဲဒီလို အခြေအနေမှာ ကိုယ် ရောက်မလာခဲ့ရင် မင်း ပိုပြီး စိတ်ဆင်းရဲသွားမှာပေါ့ .. ကိုယ်ကလည်း ပြောတိုင်း မယုံဘူး .. ကိုယ်

ရွှေသမင်စာပေ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်လိုက်ရင် လာမှ ကြိုက်ပေမယ့် သူများခေါ်တိုင်း ကိုယ် မသွားဘူး…"

ကမ္ဘာ က သိပြီးသားပါဆိုသည့် မျက်နှာလေးနှင့် ပြုံး၏။ သူမအတွက် စကားတွေက နာကျင်စရာ မဟုတ်တော့ဘဲ သူမရဲ့ချစ်သူ က ဒီလိုလူပါလားဆိုတာကိုပဲ ပီတိဖြစ်နိုင်အောင် ကြိုးစားထားခဲ့တာမျိုး …၊

"တစ်ခုပဲ ပြောပြပါ .. ဘာဘာ က ကိုကို့အတွက် သူများတွေထက် နည်းနည်းမှ မပိုဘူးလား ဟင် .."

"ခုထိတော့ ဒီတိုင်းပဲ .."

မေးလိုက်တိုင်း ပြန်ဖြေပုံက မညင်သာ …၊

ဘယ်လိုပဲ ကြိုးစားအားတင်းပေမယ့် သူ့ကို ပြတ်လည်း မပြတ်နိုင် …၊ ကျေနပ်ပေးဖို့ကလည်း ခဲယဉ်းလာခဲ့၏။ စွန့်လွှတ်လိုက်ဖို့ကျတော့ စားရမှာလည်း သဲနဲ့ရှပ်ရှပ် .. လွှင့်ပစ်ရမှာလည်း ဆီနဲ့ ဝင်းဝင်း…။

"ဒီထဲမှာ မင်းလိုချင်တဲ့ ငွေအမောင့် ရေးလိုက် .."

သူက ချက်လက်မှတ်တစ်စောင် ထုတ်ပေးကာ …

"ဒီအိမ်မှာ မင်းစိတ်ကြိုက် အချိန်မရွေး ဝင်ထွက်ဖို့ ဝကွက်အပ်ထားတယ် .. ဒီထဲမှာ မင်းအတွက် ငွေမပြတ် ထည့်ပေးထားတယ် .. ကိုယ် လုပ်ပေးနိုင်တာ အဲဒါတွေပဲ .. ကိုယ် မင်းကို တခြားသူတွေ မပေးနိုင်တဲ့ အခွင့်အရေးမျိုးတွေ ပေးထားတာ လောဘကြီးရင် အဆိပ်သင့်တတ်တယ် .."

"ဟုတ်ပါတယ် .."

ကမ္ဘာ က သူ ပေးတဲ့ ချက်လက်မှတ်ကို ယူလိုက်ပြီး …

"ထည့်ပေးထားတဲ့ငွေတွေ မလောက်လို့ ကိုကို ငြီးငြင်မှာ စိုးလို့ပါ .. အဲဒီလည်ဆွဲလေးကို ဘာဘာ အရမ်းကြိုက်လို့ ကိုကိုကိုယ်တိုင် လိုက်ဝယ်ပေးရင် ကောင်းမှာပဲလို့လည်း တွေးမိလို့ .."

"တစ်နေရာရာကို သွားဖို့ လိုအပ်လာရင် .. မင်း လိုချင်တာတွေ





ပူဆာဖို့ ဖြစ်လာရင် .. အဲဒီအချိန်တွေမှာ မင်း ငါ့ကို မတမ်းတပါနဲ့.."

"ကိုကို့စိတ်တိုင်းကျ နေတတ်အောင် ဘာဘာ ကြိုးစားမှာပါ .. ဒါပေမယ့် ဘာဘာ တို့ချင်း တစ်ခုခု လွဲနေသလို ခံစားရတယ် .."

"ဘာဖြစ်လို့လဲ .."

"ကိုကိုက မချစ်ဘူးဆိုတာလည်း ပြောခဲ့ပါတယ် .. ဘာဘာ ကိုကို့ဆီက ဂရုစိုက်မှု .. အလိုလိုက်မှုတွေကို မတောင်းဆိုဖို့လည်း ကိုကို ပြောခဲ့တယ် .. ဒါပေမယ့် ကိုကို လက်ထပ်နိုင်တယ်ဆိုတဲ့အဖြစ်ကိုတော့ ဆုံးရှုံးမခံချင်ဘူးမို့လား .."

"အဲဒီတော့ မင်း စိတ်ပျက်မသွားအောင် ကိုယ့်ဘက်က တစ်ခုခုနဲ့ ဆွဲဆောင်ထားဖို့ လိုတယ်လို့ ပြောချင်တာလား .."

သူ့ရဲ့ ပါးနပ်မှုကိုတော့ ဘာဘာ မအံ့သြဘဲ မနေနိုင်ပါ …၊ ထို့ပြင် အထင်ကြီး နှစ်သက်ခြင်းတို့ဖြင့် ထိုမျက်နှာကို ငေးကြည့်ကာ …

"ကိုကိုက အရမ်းကို အံ့သြဖို့ ကောင်းတာပဲ .."

အနားနား တိုးသွားကာ သူ့လက်မောင်းကို ဖွဖွလေး ဆုပ်ကိုင်မိ၏။ ထိုအခါ ကိုယ့်ဘက်က တစ်ဖက်သတ် ရူးသွပ်နေခဲ့ရသည့်စိတ်ကြောင့်လား .. မျှော်လင့် မက်မောနေခဲ့မိ၍လား မသိ …၊

သူ့ကို ထိကိုင်မိတာလေးနဲ့တောင် ရင်ထဲမှာ ဖျင်းခနဲ လှုပ်ခတ်သွားခဲ့သည်။ ပြီးတော့ ဒါကို သူမ မလိုလားစွာ ဖယ်ချပစ်လိုက်မှာပဲလို့ စိတ်က ခံစားမိနေတာလည်း ထူးဆန်းပါ၏။

ထို့ကြောင့် သူမ ကိုင်လိုက်သည့်လက်ကို သူ့မျက်လုံး ဖျတ်ခနဲ ရောက်သွားတာနှင့် လက်ကို ပြန်လွှတ်လိုက်မိကာ …

"ကိုကို ဒီလောက်ထိ ကင်းကင်းနေနိုင်တာ လေးစားပါတယ် .. အံ့လည်း အံ့သြတယ် …၊ ဒီနေရာထိ နေ့နေ့ညည အချိန်မရွေး အတူတူဆုံဖြစ်ခဲ့ကြတယ် .. ကိုကို ဘာဘာ့ ကို လက်ဖျားနဲ့တောင် မထိခဲ့ဘူး.. အဲ့ဒါက ကိုကို တမင် စောင့်ထိန်းနေတာ မဟုတ်မှန်းလည်း ဘာဘာ



www.burmeseclassic.com

www.burmeseclassic.com



သိတယ် ..."

"ကိုယ့်ကို ဓားလို့ရော မထင်ဘူးလား .."

"မထင်ပါဘူး .. ဒါကြောင့်လည်း ကိုကို အခု ဘယ်လိုနေနေ .. လက်ထပ်ပြီးကြတဲ့အခါ ကိုကို ကြင်နာတတ်လာမှာပဲလို့ ဘာဘာ ယုံကြည်နေတာပေါ့ .. ကိုကို့ရဲ့စိတ်တွေက ကိုကို လက်ထပ်နိုင်ဖို့ တစ်ခုတည်းမှာပဲ ရှိနေတာ .. လူပြောသူပြော ခံနေရတာတွေ .. ပြောတဲ့အတိုင်း ကိုကို အဖြစ်မခံနိုင်တာတွေ .. အဲဒါတွေနဲ့ပဲ မွန်းကျပ် လောင်မြိုက်နေခဲ့တာ .."

သူက တစ်ဖက်ကို လှော့ကျသွားရင်း ပြုံးသည်။ ထိုအပြုံးတွေကို ကမ္ဘာ က ဂရုစိုက်မနေပါ ...၊ မင်းစက်အာဏာ အပေါ် သူမ သုံးသပ်ထားခဲ့သမျှကို ကျကျနန ရှင်းပြနေ၏။

"အဲ့ဒါတွေ အားလုံးက လက်ထပ်ပွဲ ပြီးမြောက်အောင်မြင်သွားရင် ပြီးဆုံးသွားမှာပဲ .. ကျန်တဲ့အချိန်တွေမှာ ဘာဘာ့ အတွက် ကိုကို ဖြစ်လာမှာ သေချာတယ် .."

"မင်း ပြောသလို ဖြစ်လာပါစေလို့ပဲ ဆုတောင်းပါတယ် .."

"ကိုကို .."

သူက ဘဏ်စာအုပ်ကို အောက်ဆုံးအံဆွဲထဲ ထည့်ပိတ်ရင်း ပြန်လှည့်ကြည့်၏။

"ကိုကို့မိတ်ဆွေ အသိုင်းအဝိုင်းတွေရဲ့ ဘာပွဲညာပွဲတွေ တက်တဲ့အခါ ဘာဘာ့ ကို ခေါ်ဖို့ စိတ်ကူးမရှိဘူးလား ဟင် .."

"ကိုယ့်မှာ မိတ်ဆွေရော အသိုင်းအဝိုင်းရော ဘာမှမရှိဘူး .."

"ဘာဘာ ကတော့ ကိုကို့မှာ မရှိတာ ဘာမှမရှိဘူးလို့ ထင်တယ်.."

"ကိုယ့်မှာ ရှိနေတာတွေ မင်းမှာမှ မရှိဘဲ .. ကိုယ့်ကို ပြည့်စုံနေတဲ့ လူလို့ မင်း ထင်မှာပေါ့ .."

"ထားပါတော့လေ .. ဘာဘာ ကတော့ ကိုကို ဘာတွေ ဖြည့်





ဆည်းပေးနေနေ .. ကိုကို့ဆီက အကြင်နာကိုပဲ မရရအောင် ကြိုးစားမှာ .."

သူမ နောက်ထပ် အနားရောက်လာပြီး ကိုင်လိုက်တော့ ထိုလက်ကို မထိမိဘဲ သူက လွှဲရှောင်လိုက်၏။

ထိုလက်က ညာဘက်လက် ...၊

သူမ သတိထားမိတာ နှစ်ခါရှိပါပြီ ...၊ ဒီဘက်လက်နဲ့ ထိခတ်မိတာတွေ .. သူမ ဆွဲကိုင်ထားမိတာတွေ ရှိခဲ့ဖူးသည်။

မလိုလားရင်တောင်မှ သူ ရှောင်ဖယ်သွားတာပဲ ရှိသည်။ ဒီလိုမျိုး အန္တရာယ်တစ်ခုခုကို ရှောင်သလိုတော့ သိသာစွာ မဖြစ်ခဲ့ ...၊

"ဘာဖြစ်လို့လဲ ကိုကို .. ကိုကို့ ညာဘက်လက်ကို ဘုရားမှာ လှူထားလို့လား .."

စိတ်ထဲမှာ ခံပြင်းပေမယ့် ကမ္ဘာ က ရယ်ဟဟလေး ကြည့်၍ မေး၏။ မင်းစက်အာဏာ ကလည်း တည်ငြိမ်စွာ ပြန်ကြည့်ကာ ...

"အဲဒီအတိုင်းပဲ ဆိုပါတော့ .."

တုံးတိတိ ဖြေ၍ ...

"ကိုယ် ဖြစ်ချင်နေတာတစ်ခုကို ပြီးဆုံးအောင် မဆောင်ရွက်နိုင်သေးသရွေ့ ကိုယ့်စိတ်တွေ မပျံ့လွင့်ချင်ဘူး .."

ကမ္ဘာ သဘောကျသွားသည်။ သူမ ထင်ထားခဲ့တာ မှန်သွားပြီလို့လည်း တွေးလိုက်မိ၏။ မင်းစက်အာဏာ က ဒီလို မှားယွင်းမှုကို အထူးတလည် တိမ်းရှောင်နေခဲ့တာပဲ ...။

ဘာပဲဖြစ်ဖြစ် ရှောင်နေရမယ်ဆိုတည်းက မှားယွင်းမှုဆိုတာ ရှိနေနိုင်လို့ပေါ့ .. ဒါဆို သူ့ရင်ခုန်သံတွေကို သူမ မျှော်လင့်ခွင့် ရှိနေပါပြီ။

"ဘာဘာ ပြန်တော့မယ် .."

"ပြန်နှင့်လေ .."

ချိန်းလိုက်တိုင်း ဒီမှာ လာဆုံဖြစ်ကြပေမယ့် အတူတူ လာကြတာ



www.burmeseclassic.com

www.burmeseclassic.com



မရှိခဲ့သလို ဘယ်တော့မှလည်း အတူတူ မပြန်ခဲ့ပေ ..၊

ဒါကိုလည်း သူမ ခွင့်လွှတ်နေခဲ့ရ၏။

"ကိုကို့ကို ပြောဖို့ မေ့နေတာ .."

"ဘာလဲ .."

"အခု ဝယ်မယ့် လည်ဆွဲကို ကိုကို့ကို ဝတ်ပြချင်တယ် .. နေ့ဘတ် တစ်နေရာမှာ ဆုံရအောင်လည်း ဖုန်းဆက်တာ မကြိုက်ဘူးဆိုတော့ ခု တစ်ခါတည်း ချိန်းထားကြတာပါ .."

"မင်းကြိုက်ရင် ပြီးတာပဲ ကမ္ဘာ .. တစ်ခုပဲ ရှိတယ် .. မင်း ဖြုန်းသမျှ ကိုယ် တတ်နိုင်ပေမယ့် ကိုယ့်အန္တရာယ်ကိုလည်း ကြည့်ရှောင် .. ကိုယ် သုံးနိုင်လို့ သုံးတယ်ဆိုတာရဲ့နောက်မှာ ဘာကြောင့် သုံးနိုင်နေတာလဲဆိုတာတွေ ပါလာတတ်တယ် .."

"ဘာပဲပြောပြော ကိုကို .. ဘာဘာ နဲ့ ကိုကို လက်ထပ်လိုက်တာနဲ့ ဒီစကားသံတွေ တိတ်သွားမှာပါ .. ဘာဘာ့ အတွက် ကိုကို စိုးရိမ်တယ်ဆိုရင်တော့ တစ်ခုပဲ တောင်းဆိုချင်တယ် .."

"မင်းက ကလေးမှ မဟုတ်ဘဲ ကမ္ဘာ .. ဘာကို စိုးရိမ်ရမှာလဲ.."

"အဲဒီတော့ ဘာမှ မတောင်းဆိုနဲ့လို့ ပြောလိုက်တာလား .."

"ဟုတ်တယ် .."

ကမ္ဘာ မျက်နှာလေး တင်းသွားသည်။ ကိုယ့်ကိုယ်ကိုယ်လည်း ယုံကြည်ခြင်းမဲ့စွာ ပြန်ငုံ့ကြည့်မိလေသည်။

သူမရဲ့ မြင်သူတကာငေးတဲ့ အလှအပတွေက ဒီယောကျာ်းအပေါ်မှာတော့ ဘာမှ မစူးရောက်ခဲ့ဘူးလား ..၊

"မင်းမှာ အုပ်ထိန်းသူတွေ ရှိနေရင်တော့ သူတို့က စိုးရိမ်လိမ့်မယ် .."

သူ ဆက်ပြောမှ ကမ္ဘာ က မျက်မှောင်လေး ကုတ်၍ လှည့်ကြည့်ကာ ...





"ဘာဘာ့ အိမ်က ဆင်းရဲတယ်ဆိုပေမယ့် ကိုယ့်စီးပွားရေးနဲ့ ကိုယ် ရပ်တည်နိုင်ပါတယ်.. ဘာဘာ ထောက်ပံ့စရာ မလိုဘူး.. ဘာဘာ ဘာလုပ်လုပ် သံသယမျက်လုံးနဲ့ လိုက်ကြည့်မယ့်သူလည်း မရှိဘူး .."

"အဲဒါက ဘာကိုပြောတာလဲ ..၊ မင်းက မင်းနဲ့ ဘာမှ မသက်ဆိုင်တဲ့ အိမ်တစ်အိမ်မှာ ကိုယ့်ဝင်ငွေနဲ့ ကိုယ့်ဘာသာ ရပ်တည်နေတာမျိုးလား .."

"အဲလိုတော့ မဟုတ်ဘူးလေ .."

မေးပြီး သူက ထွက်သွားတော့ ကမ္ဘာ က နောက်က အတူလိုက်လျှောက်လာရင်း ...

"ဘာဘာ့ မှာ အဒေါ်လည်း ရှိတယ် .. အစ်မလည်း ရှိတယ် .. ဒါပေမယ့် သူတို့ နေပုံက ဘာဘာ လိုချင်တဲ့ လိုက်ဖ်စတိုင်လ်မျိုး မဟုတ်ဘူး .. ညီအစ်မပေမယ့် တူတာ ဘာမှမရှိဘူး .. ဒါကြောင့် ဘယ်တုန်းကမှလည်း တိုင်ပင်ရောနှောခဲ့တာ မရှိဘူး .. တစ်ခါတလေ ရန်တောင်ဖြစ်သေးတယ် .."

"မင်းကို ဘယ်သူကမှ ဂရုစိုက် ကြင်နာတာ မရှိဘူးပေါ့ .."

"ဟုတ်တယ် .. ဒေါ်လေးဆိုရင် ဘာဘာ နဲ့ တစ်စက်လေးမှကို မတည့်ဘူး .. အဲဒီလို မတူညီမှုတွေနဲ့ ဘယ်လိုလုပ် ရောနှောမလဲ .."

"မင်းအစ်မက မင်းကို မချစ်ဘူးပေါ့ .."

"ကိုကို ပြောသလိုပဲလေ .. အချစ်ခံရတိုင်း ကောင်းတာမှ မဟုတ်တာ .."

မင်းစက်အာဏာ နှုတ်ခမ်းမှာ မဲ့ပြုံးတစ်ချက် ဖြစ်ထွန်းသွားသည်။

"ဒါဆို သူကတော့ မင်းကို ချစ်တဲ့သဘောပေါ့ .."

"သူ ချစ်တာကို လူသိအောင် ပြချင်တာမျိုးပါ ..၊ ဘာပဲဖြစ်ဖြစ် သူ့ပုံစံနဲ့ ဘာဘာ က တခြားစီလေ .. သူ အဲဒီလို အပိုတွေ ပြပြလေ ဘာဘာ သိက္ခာကျလေပဲ .. ဝတ်နိုင်ရက်နဲ့ မဝတ်ဘူး .. စားနိုင်ပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



မစားဘူး .. ငွေရှာတာကို ဒီလိုနည်းနဲ့ ပေါလွင်စေချင်တာ ကောင်းလား ..”

ကမ္ဘာ့ စကားတွေက ဖုံးဖိထားချင်တာတွေရော .. မပြောချင်တာတွေရော အားလုံးက ခံစားချက်တွေအဖြစ် အင်အားကြီးကာ ဖုံးဖို့လည်းမေ့ .. မပြောချင်တာတွေလည်း ပါ ...၊

“ဘာဘာ ဖြစ်စေချင်တာက အိမ်မှာ အသင့်အတင့်တော့ ပြည့်စုံတာပဲ .. ဘာဘာ သီချင်းဆိုနေတာ ဝါသနာအရပဲ ဖြစ်ချင်တာ ...၊ ဒီအလုပ်က မကောင်းပေမယ့် မိမနိုင် ဖမနိုင်ပဲ ပြောပြော .. ဘာပြောပြော အိမ်ကို ထောက်ပံ့ဖို့ ငွေရှာတာ မဖြစ်ချင်ဘူး ..”

“မဖြစ်ချင်ဘူးဆိုတော့ .. မင်းက တကယ်တမ်း အိမ်အတွက် ကူညီဖို့ သီချင်းဆိုနေရတာလား ..”

“အဲလိုလည်း မဟုတ်ဘူး .. မဟုတ်ဘူးဆိုတာက လိုမှ မလိုတာ ကိုကိုရဲ့ ..”

“မလိုလို့ မင်း မှားမှာစိုးလို့ တားတာ ဖြစ်မှာပေါ့ ..”

“တားတာ ပါးစပ်က တားလေ .. ဟိုလိုက် ဒီလိုက် .. နိုက်ကလပ်ထဲထိ ပါလာတာ ကောင်းလား ...၊ သူ့လုပ်ရပ်တွေကြောင့် စုတ်ပြတ်နေတဲ့ သူနဲ့ ဘာဘာ့ ကို ယှဉ်ပြီး ဘာဘာ က ဆင်းရဲကျပ်တည်းလွန်းလို့ သီချင်းဆိုနေရရှာတာဆိုတဲ့ မျက်လုံးတွေနဲ့ အကြည့်ခံရတယ် .. ဆင်းရဲတဲ့မိန်းကလေးတွေကို ငွေနဲ့ ဖြားယောင်းဖျက်ဆီးဖို့ အသင့်စောင့်နေတဲ့ လူတွေ မျက်စိကျဖို့ ဖြစ်လာတယ် .. ဘယ်မှာလဲ သူပြောတဲ့ စေတနာ..”

“ဘယ်သူ ပြောတာလဲ ..”

“မမလေ .. ကိုယ့်ညီမကို ချစ်လို့မှ မဟုတ်ဘဲ .. စပ်စပ်စုစုနဲ့ လူ့အထင်ကြီးအောင် လုပ်ပြချင်တာ ..”

မင်းစက်အာယာ ခြေလှမ်းတွေ ရပ်တန့်သွားသည်။ အောက်ထပ် ဧည့်ခန်းကျယ်ကြီးယဲမှာပဲ မျက်နှာချင်းဆိုင် ပြန်ဖြစ်သွားခဲ့လျက် ...



“မင်းအစ်မ ပုံစံက ကြောင်တောင်တောင် ဂေါက်တောက်တောက် လား ..”

ကမ္ဘာ က ပခုံးလေး တွန့်၍ ...

“မသိဘူး .. အားလုံးကတော့ ဘာဘာ နဲ့ ညီအစ်မလို့ ပြောရင် ဘယ်နေရာမှာမှ မတူဘူး .. တခြားစီပဲတဲ့ ..”

“ဟုတ်တယ် ..”

လူကို စိုက်ကြည့်ပြီး ခေါင်းညိတ်ထောက်ခံတော့ ကမ္ဘာ ကျေနပ်သွားသည်။ ဒါပေမယ့် ...

“ဘာ ဟုတ်တာလဲ .. ကိုကိုက မြင်ဖူးလို့လား ..”

“မင်း ပြောသွားတာလေ .. ကလပ်ထဲထိ လိုက်လာတယ် ဆို..”

ကမ္ဘာ မျက်နှာပျက်သွား၏။

“ဆက်စပ် တွေးကြည့်တာပါ .. မင်းနဲ့ ကိုယ် လွဲတဲ့ညကမို့လား.. ကလပ်ထဲမှာ ဆွဲခြင်းတွေ .. ချိုင့်တွေ လွတ်ကျပြီး ဗရုတ်သုတ်ခ ဖြစ်သွားတဲ့ အမျိုးသမီး ..”

ကမ္ဘာ မျက်နှာ ဘယ်လိုမှ ဟန်ဆောင်လို့ မရတော့ပေ ...၊ သူမ ဒါကို ဘာဖြစ်လို့ ထည့်ပြောမိသွားမှန်း မသိ ...၊

ပြီးတော့ ထိုညကအကြောင်း ရှေ့မှာ ပြောဖြစ်ခဲ့သည် ...၊ အဲဒီတုန်းက သူမ ဘာတွေ ပြောထားမိခဲ့သလဲ ...၊

မိန်းကလေးတစ်ယောက်ကို ထူးထူးခြားခြား တွေ့လိုက်သည်လို့ သူ ပြောခဲ့တုန်းက သူမ မတွေ့ပါဘူးလို့ ပြောမိခဲ့သလား .. မပြောခဲ့ဘူးလား ...။

ဒါကို သေချာ သတိရပြီး သူ မေးတာလား ...၊ အမှတ်တမဲ့လား...။

ကမ္ဘာ မျက်လုံးတွေ ပြူးလျက် သူ့ကို သတိလက်လွတ် ငေးနေမိ၏။

“အဲဒီမိန်းကလေးက မင်းအစ်မပဲ ဖြစ်မယ် ထင်တယ် .. မင်း



www.burmeseclassic.com

www.burmeseclassic.com

ကတော့ ပြန်သွားပြီဆိုတော့ သူနဲ့ ဆုံလိုက်မှာ မဟုတ်ဘူး ..”

“ဟုတ်တယ် .. အဲ .. ဟုတ်လား .. ဘာဘာ မသိလိုက်ဘူး .. ကိုကိုကရော ဘာဖြစ်လို့ ဘာဘာ့ အစ်မလို့ ထင်လိုက်တာလဲ ..”

“မင်းပဲ မင်းပုံစံနဲ့ တခြားစီဆိုလို့လေ .. ဘာရယ် မဟုတ်ပါဘူး .. အဲဒီတစ်ယောက်ကို သတိရလိုက်လို့ ..”

“ကိုကိုကလည်း သူပဲ သေချာမမြင်လိုက်ဘူးဆိုပြီးတော့ .. သူများ စကားကို ထောက်ခံနေပြန်ပြီ ..”

“သေချာ မမြင်ပေမယ့် ယောက်ျားလေး,မျက်လုံးက စူးတယ်တွေ မင်းနဲ့ လုံးဝ မတူတာတော့ သေချာကြည့်ဖို့ မလိုဘဲနဲ့ သိတယ် .. ပြီးတော့ ဆံပင်ရှည်ရှည် ခပ်နွမ်းနွမ်းပုံစံလေ ..”

ကမ္ဘာ ဘုရား 'တ' ရင်း ပြန်လာခဲ့ရသည်။ ပြီးတော့ စကားမများ တတ်သည့် မင်းစက်အာဏာ ရဲ့မျက်လုံးတွေက ဒီစကားတွေ ပြောနေ တော့ တလက်လက် တောက်နေသလား မှတ်ရသည်။

မေးလိုက်တဲ့ မေးခွန်းတွေ ..၊ ပြန်ဖြေလိုက်တဲ့ ဖော်သာဆေသော စကားတွေ ..၊

ဒီအကြောင်းတွေကျမှ ဘာဖြစ်လို့ စိတ်ပါလက်ပါ ပြောနေခဲ့တာ လဲ ..၊

အတွေးမှန်သမျှဟာ မမ နေရာတကာ လိုက်နေတတ်တာတွေ ကြောင့်လို့ အဆုံးသတ်ခဲ့ပြီး ..၊





## အခန်း(၁၅)

“အဲ့ဒါ နှင့်အကြောင်းကို သူ စိတ်ဝင်စားတဲ့သဘောပေါ့ ကမ္ဘာ ရယ် ..”

“အေးလေ .. အားလုံးထဲမှာ မကောင်းတာက နှင့်အစ်မပဲ .. သူ ပါလာပြီဆို နှင်ကပဲ မကောင်း ဖြစ်ရတာ ..”

သူငယ်ချင်းတွေနဲ့ ပြောဖြစ်တယ်ဆို ကိုယ့်ဘဝရဲ့ လိုအပ်ချက်တွေ ကို အစီအရီ မြင်လာရတော့သည်။

ရွှပ်ရွှပ် တို့ .. တင်ဇာ တို့က ကိုယ့်အတွက် သူငယ်ချင်းကောင်း မဟုတ်မှန်းတော့ သိသည်။ ဒါပေမယ့် စားသောက်ဆိုင်မှာ သီချင်းဆို ခဲ့ဖူးတဲ့ လုပ်ဖော်ကိုင်ဖက်ချင်း ဖြစ်တိုင်း လူချင်းမတူဘူးဆိုတာကို ပြ ချင်သည်။

ဒါကြောင့် ကိုကိုနဲ့ လက်တွဲမိပြီဆိုတည်းက သူတို့ကို အကျန် ပြောပြခဲ့သည်။ ကိုကို့ကို လက်ဆွဲခေါ်မပြနိုင်ခဲ့ပေမယ့် ဘာဘာ့ မှာ သက်ဝတ်လက်စားတွေနဲ့ ပြိုးပြိုးပြက်ပြက် ဖြစ်လာတော့ သူတို့ ဖြုံနေ

www.burmeseclassic.com



ကြပါပြီ ...။

ကိုကို ဘယ်လောက်ချောတယ်ဆိုတာ သူတို့ မသိသေးတာပဲ ရှိသည်။ ဘယ်လောက် ချမ်းသာသလဲဆိုတာကိုတော့ ဘာဘာ ကို ကြည့်ပြီး အထင်မကြီးဘဲ မနေနိုင်အောင် ဖြစ်နေကြ၏။

"ရှင်းရှင်းပြောရရင် ငါတို့ သိပ်မယုံချင်သေးဘူး .. ဒါပေမယ့် နင့်ကိုယ်ပေါ်က စိန်တွေကို မြင်ရတာ ကြက်သီးတောင် ထတယ် - ငါတို့ကို နည်းနည်းလေးမှ အချက်မပြဘဲ အပိုင်သိမ်းသွားတာ နော် - မိတ်မဆက်ပေးရင်တော့ လုံးဝ မကျေနပ်ဘူး .."

"အေးလေ .. တရုတ်ကြီးက ငါတို့နဲ့ ပိုခင်တာပါ .. မင်းစက်အာဏာ ကို သူနဲ့ပတ်သက်ပြီး နင် တွေ့တာဆိုရင် ငါတို့ကျတော့ ဘာဖြစ်လို့ တရုတ်ကြီးက မချိတ်ပေးတာလဲ .."

"တကယ့် အမှန်အကန်ကျမှ ငါတို့ကို ထည့်မစဉ်းစားတာ တရုတ်ကြီးကို ငါ တကယ် တင်းတယ် .."

တင်ဇာ က စကားပြောကြမ်းသလောက် နဂိုတည်းက ကမ္ဘာ ကို ပြိုင်ဆိုင်ချင်စိတ် ရှိနေခဲ့တာ ဖြစ်သည်။ ကိုယ်နဲ့ လုံးဝ မတူ ကွဲပြားသွားလို့သာ ခင်မင်မပျက် ဆက်ခေါ်နေရပေမယ့် သူမ မျက်လုံးထဲမှာ မကျေနပ်မှုတွေ အပြည့်နှင့် ...။

ဒီနေရာမှာ ဘာဘာ ကိုယ့်အရည်အချင်းကို ကြိတ်၍ ကျေနပ်ရ မဆုံး ...။

တရုတ်ကြီး ကို သူမ သီးသန့် ခင်မင်ခွင့်ရအောင် တစ်ဖက်လှည့် ကြိုးစားခဲ့တာဟာ ဒီလူကြီးရဲ့ အသိုင်းအဝိုင်းကို မက်မောနေလို့ ဖြစ်သည်။

တရုတ်ကြီး က အပျော်ကြိုက်ပေမယ့် စည်းကမ်းရှိသည်။ သူနှင့် ပယ်မှာ ရှိတဲ့လူတွေကလည်း ဒိတ်ဒိတ်ကြဲတွေပဲ ဖြစ်၏။

အခု သူမရဲ့ လာဘ်မြင်မှုကြောင့် မင်းစက်အာဏာ နဲ့ ဆုံစည်းခွင့်





ခဲ့တာဖြစ်လျက် ...

"နင်တို့ ထင်သလောက်လည်း ငါ ကံမကောင်းသေးပါဘူးဟာ.."

တစ်ခုတလေလေးတော့ အမှန်အတိုင်း ဝန်ခံပြီး ဖြေသိမ့်ပေးဖို့ ဆုံးဖြတ်၍ ...

"သူက အရမ်းကျောတာဟ .. ငါ့ကို ဒါတွေ ထောက်ပံ့ထားပေမယ့် လက်ဖျားနဲ့ မထိဘူး ...၊ ငါ့စိတ်တိုင်းကျ ချော့မော့လိုက်လျောတာလည်း မရှိဘူး .."

"ယောကျ်ားတွေက အဲ့ဒီဘက်မှာ စိတ်သိပ်မသန်ရင် ခက်ထန်ကြတာ များတယ် တဲ့ .."

ရှပ်ရှပ် ကတော့ စိတ်ကောင်းလေး အနည်းငယ်ရှိနေသေးကာ ကြားဖူးတာလေးကို ပြောပြရှာ၏။

"နောက်ပြီး နင့်ကို လေ့လာချင်သေးတာလည်း ဖြစ်ချင် ဖြစ်မှာပေါ့ .."

"တော်ပါဟာ .. ဒီလောက် ပံ့ပေးထားပြီး ကင်းကင်းနေတဲ့ ယောကျ်ား မရှိပါဘူး .."

တင်ဇာ က ခေါင်းဖြီးနေရင်း မဲ့ရွဲ့ ကဲ့ရဲ့သည်။ ပြီးတော့ ဘီးကို ချပြီး ထိုင်လိုက်ကာ ...

"အဲ့ဒါ ကမ္ဘာ ညာပြောနေတာ ဖြစ်ရင် ဖြစ် .. မဟုတ်ရင်တော့ အဲ့ဒီလူ အခြောက်ကြီးပဲ .."

"သူ မခြောက်ပါဘူး .."

"ဟား .. ဟား .. ဟား ..."

'ပေါ်ပြီ' ဆိုသည့် အကြည့်တစ်ချက်နှင့် တင်ဇာ က ဟက်ဟက်ပက်ပက် ရယ်၏။ ကမ္ဘာ ကလည်း ဒါကို ဂရုမစိုက်ပါ ..။

ကိုယ်ယူမယ့်ယောကျ်ား မိန်းမရခဲ့တဲ့အကြောင်းကိုတော့ ဘယ်တော့မှ ပြောမှာ မဟုတ်သလို သူ့မှာ ဒီလို ခံစားချက်တွေ နှင့်နေလို့ဆို



www.burmeseclassic.com

www.burmeseclassic.com



တာမျိုးလည်း မပြောနိုင် ..၊

"နင် ဒီည သီချင်းဆိုပေးဦးမှာလား ဘာဘာ .."

"ဆိုမှာပေါ့ ..၊ ငါ ရောက်တိုင်း ဆိုတာပဲဟာ .."

ရှုပ်ရှုပ် ကို ပြန်ဖြေတော့ တင်ဇာ က ဘရက်ရှ်လေးနဲ့ ပါးပေါ် ပုတ်ရင်း ရယ်ကာ ...

"ကြည့်လုပ်ပါ ကမ္ဘာ ရယ် .. ကိုယ်ပေါ်က စိန်တွေ ပြုတ်ကျကုန်ပါ့မယ် .. ဒါပေမယ့် ဒါက စားသောက်ဆိုင်လေ .. လူကုံထံတွေရဲ့ပါတီ မဟုတ်တော့ နင့်စိန်တွေကို ဖန်စီတွေပဲ ထင်ကြမှာ .."

"ကောင်းတာပေါ့ .. အန္တရာယ်တောင် ကင်းသေးတယ် .."

"နင် ကြွားချင်ရင် နေရာမှားနေမှာ စိုးလို့ပါ .."

"မကြွားချင်ပါဘူး တင်ဇာ ရယ် .. မကိုင်ဖူး .. မသုံးဖူးတဲ့လူတွေသာ ကြွားတာပါ .. ငါက ကိုကို့ တိုက်ကြီးထဲမှာ ငွေကို စိတ်ကြိုက် အိတ်နှိုက်သုံးနေရတာ .. ကမ္ဘာ အစတည်းကလည်း ငွေကို ရေလိုသုံးနေခဲ့တာ နင်တို့ မသိတာ ကျနေတာပဲ .."

"သိပါတယ်ဟယ် .. ဒါပေမယ့် လူတစ်ယောက်ရဲ့ အဆင့်အတန်းကို သူ့တစ်ယောက်တည်းကိုပဲ ကြည့်ပြီး သုံးသပ်တာ မဟုတ်ဘူးနော်.."

မနာလိုခြင်းသည် ကြာလာလေ အရှုးရင့်လေ ဖြစ်ခဲ့လျက် - တင်ဇာ့ မျက်နှာက ညိုမှောင်နေ၏။

"နင် ဘယ်လောက် စိန်တွေနဲ့ ညွှတ်နေပေစေ နင့်အဒေါ်နဲ့ နင့်အစ်မ ဒီလောက် ဆင်းရဲစုတ်ပြတ်တာကို ဘယ်လို ဖုံးကွယ်မလဲ.."

"ဟုတ်တယ် ဘာဘာ .. နင့်လူက နင့်အကြောင်း နင့်စိတ်ဓာတ်ကို သေချာသိချင်လို့ အကဲခတ်နေတာဆိုရင် အဲဒါလည်း အရေးကြီးတယ် .."

"ငါ့အတွက် မလိုပါဘူး .. ငါ အစတည်းက မိသားစုနဲ့ ရောနှောခဲ့တာမှ မဟုတ်တာ .. သူ ငါ့ကို ယူမှာ .. ငါ့ကိုပဲ လိုအပ်ရမှာပေါ့ -



ငါ့မိသားစုကလည်း အရေးပါသေးတယ်ဆိုရင် အဲ့ဒီမိသားစုကို သူ သူမှာလားလို့ မေးလိုက်ရုံပဲ .."

"ဒါဆိုလည်း ကိုယ့်ကိုယ်ကိုယ် သိပ်ယုံကြည်မနေနဲ့ဦး .. သူ့အတွက် လိုက်ပွဲပါတာကို သဘောကျပြီး နင့်အစ်မကို သတိထားမိသွားဦးမယ် .. ငါတို့ ဘော့စ်က ဘာပြောလဲ သိလား .. အရပ် ပိုမြင့်တာရော.. ဆံပင်ရှည်ရှည် ကိုယ်လုံးသွယ်ပုံလေးရော အကြီးမလေးက ကမ္ဘာ ထက် ကြည့်ကောင်းတယ် တဲ့ .. သူလည်း ပြင်လိုက် ဆင်လိုက်ရင် ရုပ်လေး ထွက်လာမှာတဲ့ .."

ကမ္ဘာ မျက်နှာပျက်နေတာကို ကြည့်၍ တင်ဇာ က ပြောရင်း အားရကျေနပ်နေ၏။ ထိုစဉ် သီချင်းဆိုဖို့အလှည့် ရောက်လာသဖြင့် တင်ဇာ ထွက်သွား၏။

ရှုပ်ရှုပ် က သူမနား ကပ်လာကာ ...

"ဟုတ်တယ် ဘာဘာ .. အဲဒါ သတိထားသင့်တယ်နော် .. နင့်အစ်မကလည်း သိပ်တော့ မဆိုးဘူး .."

နှစ်ယောက်စလုံး အနားမှာ မရှိကြတော့ ကမ္ဘာ တစ်ယောက်တည်း အတွေးတို့နှင့် ကျန်ရစ်၏။

"သမီး .."

သန့်ရှင်းရေးလုပ်သည့် ဒေါ်ဝင်း က ခပ်ကုပ်ကုပ်လေး အနားမှာ လာရပ်ကာ ...

"အဒေါ်က စပ်စုတာတော့ မဟုတ်ပါဘူး သမီးရယ် .. ဒါပေမယ့် အမုန်းခံပြီး သတိပေးချင်လို့ပါ .. သားပြောတာကို မယုံပါနဲ့ .. သွေးပြောတာကိုပဲ ယုံပါ .. ကျေးဇူးကန်းမိတဲ့အပြစ်ကို ပေးဆပ်ရတာလောက် ဆိုးရွားတာ မရှိဘူး .."

ဒါပဲပြောပြီး ချက်ချင်း ထွက်သွား၏။

ဘယ်သူက ဘယ်သူ့ကို ကျေးဇူးကန်းနေလို့လဲ ...၊

www.burmeseclassic.com

www.burmeseclassic.com



လူတစ်ယောက်ဟာ လောကကြီးထဲကို တစ်ယောက်တည်း ဝင်လာခဲ့ရသလို .. ကိုယ့်ရဲ့တက်လမ်း ကိုယ်တိုင် ထွင်ရမည်။ ကိုယ့်လွတ်မြောက်ခွင့်အတွက် ကိုယ်တိုင် မကြိုးစားလို့ မဖြစ် ...၊

ခု သူမ ရည်ရွယ်ချက်တွေ ပန်းတိုင်ရောက်လုနီးနေခဲ့ပြီ ...၊ ဒါ ဘယ်သူ့အကူအညီ အထောက်အပံ့ ပါခဲ့လို့လဲ ...၊

လောကမှာ အဓိကက လူလူချင်း နိုင်နင်း အုပ်စိုးနိုင်ဖို့အတွက် ငွေရှိမှ ...၊



## အခန်း(၁၆)

"ဟော .. လူလေး လာလေ .."

ဒေါ်မာလာ အထိုင်အထ မပေ့ါပါးပေမယ့် မင်းစက်အာဏာ ကို မြင်လိုက်တာနှင့် ညှို့ဝတ်ကျေ ပျူငှာဖို့ ကြိုးစား၏။

"ရပါတယ် .. ထိုင်ပါ အန်တီ .. ကျွန်တော် ခဏပဲ .."

"သမီးက အလုပ်တွေ ရှုပ်နေလို့ ခုနကမှ ရေးချိုးပြီးတာလေ .. အဲဒါ ထမင်းစားဖို့ လုပ်နေလေရဲ့ .."

ပြောနေရင်း အလွှာ အပြင်ထွက်လာ၏။

"ဟင်!..."

သူမ သိတာက ရေမွှေး ...၊

"ရှင် ရောက်နေတယ် .."

နယ်ဖတ်ရင်း ကိုင်ထွက်လာသည့် ထမင်းပန်းကန်နှင့် ပါးစပ်ထဲမှာလည်း ဝါးမျိုလက်စတွေ ရှိနေကာ သူမ ပြန်လှည့်ဝင်သွားဖို့အခက် .. ဆက်ထွက်လာရ အခက် ...၊

www.burmeseclassic.com

www.burmeseclassic.com



သူမ ပုံစံလေးကို ကြည့်ပြီး ရေငွေ့ က ပြုံးသည်။ ဖြူဝင်းသည့် မျက်နှာလေးမှာ သနပ်ခါးရေကျဲလေးနှင့် ပါးနှစ်ဖက်မှာ ပါးကွက်လေး တွေက ရေးရေးရိပ်ရိပ် ...၊

ထမင်းဝါးနေသည့် ပါးတစ်ဖက်မှာ ပါးကွက်လေးကပါ ဖောင်း တက်နေရှာ၏။

"ခဏလေး .."

"ဘာလုပ်မလို့လဲ .. ထမင်းစားနေတာကို သွားပြန်ထားမလို့ လား .."

နောက်ပြန်လှည့်ပြီးမှ တုံ့ခနဲ ဖြစ်၏။ ရေငွေ့ က ခုထိ မထိုင်ရ သေးသဖြင့် ရှေ့ကို နှစ်လှမ်းလောက် တိုးလျှောက်သွားကာ ...

"လာပါ .. စကားပြောရအောင် .."

"လာလိုက်ပါ သမီးရယ် .. စားလက်စကြီး ဖြတ်ထားလိုက်ရင် ဘယ်လိုလုပ် ပြန်စားလို့ ရတော့မှာလဲ .. အိမ်ရှေ့မှာ ခေါ်လေး သွား ထိုင်နေပါ့မယ် .."

စက်ဆိုင်လေးက အိမ်ရှေ့မျက်နှာစာမှာပါ ..၊ ခါတိုင်းလည်း ခေါ်လေးက သူ နေထိုင်ကောင်းနေတိုင်း အလွှာ ထမင်းစားနေပြီဆို ဆိုင်ထိုင်ပေးနေကျ ..၊

"ရှင် .. ဒါတွေ ယူလာပြန်ပြီလား .."

စားပွဲပေါ်မှာ တင်ထားသည့် အိတ်နှစ်လုံးကို လှမ်းကြည့်၍ အလွှာ က ထမင်းစားရင်းလည်း နှုတ်ခမ်းမဲ့လေသည်။

"ဘာဖြစ်လို့လဲ ..၊ မင်း မစားရင်လည်း ပြန်ရောင်းစားလို့ ရတာ ပဲ .."

စားပွဲမှာ ထိုင်တာ အကောင်းပေမယ့် ပန်းကန်ကို ချတာက မညင်သာနိုင် ..၊

"ရှင် .. အဲဒီကိစ္စမှာ တော်တော် မကျေမနပ် ဖြစ်ခဲ့ပုံပဲ .."



"မဖြစ်ပါဘူး .. မင်းက ဆေးဖိုးဝါးခ မယူဘူးဆိုတော့ ပေးလို့ ရတာတွေပဲ ပေးရတာလေ .."

"အခု ဘာမှ ပေးဖို့ မလိုတော့ဘူး .. ကျွန်မ ထမင်း တစ်ခါစားရင် နှစ်ပန်းကန် ကုန်တယ် .."

"ဟုတ်လား .. မင်း မစားမှန်း သိနေတာပဲကွာ .. ကိုယ် ပြန်သွား တာနဲ့ သွားရောင်းစားပေါ့ .."

အလွှာ က ထမင်းစားတာ နည်းနည်း .. ဖိသိပ်နယ်နေတာက များများဖြစ်နေကာ ချဉ်ဟင်းဆမ်းထားသည့် ထမင်းက ဘာပုံစံ ဖြစ်နေ မှန်း မသိ ..၊

"ထမင်းတွေချည်း ဖိနယ်မနေနဲ့ .. မင့်ထမင်းတွေ ထမနဲ့ ဖြစ် ကုန်ပြီ .."

"ဟုတ်တယ် .. တစ်ယောက်ယောက်ကို ထုချင် ထောင်းချင်နေ တော့ ထမင်းက ဒဏ်ခံနေရတာ .."

"ကိုယ့်ကိုလား .."

"ရေငွေ့ .."

"ဆို .."

"ရှင့်ပစ္စည်းတွေကို ပြန်ယူသွား .. နောက်လည်း ဘာမှ လာမပေး နဲ့ .."

"ကိုယ်က အန်တီ့အတွက် လာပေးတာပါ .."

"ဟင် .."

ပြောပုံက မျက်နှာက မချိုမချဉ် ..၊ ပန်းရောင်လည်ကပ် ဆွယ်တာ ပေါ်မှာ ဂျာကင်အနက်နဲ့ပေမယ့် ပန်းရောင်ဟပ်နေသည့် မျက်နှာက ပိုပြီး ရှင်းသန့်နေသည်။

အဲဒီမျက်နှာကို ချောလိုက်တာဆိုသည့်စိတ်နဲ့ မကြည့်မိအောင် ဘယ်လိုပဲ ဥပေက္ခာထားထား တစ်ချက်တလေမှာတော့ ရင်တုန်ပန်း

www.burmeseclassic.com

www.burmeseclassic.com



တုန် ဖြစ်ရလေသည်။

"အား!..."

ထမင်း အနယ်ကောင်းမှုကြောင့် စူးရှသွား၏။ သူမ သိလိုက်သည်က ချဉ်ဟင်းထဲက ငါးရိုး စူးမိပြီ ...။

"အ .."

"ဘာဖြစ်သွားတာလဲ .."

"ဘာမှ မဖြစ်ဘူး .."

ပန်းကန်ကိုင်ပြီး နောက်ဖေး ပြန်ဝင်လာခဲ့သည်။ ပြီးတော့ ဆောင်မှာ လက်ဆေးချကာ နာကျင်နေသည့် လက်ခလယ်ချောင်းလေးထိပ်ကို သေချာ ကြည့်မိ၏။

ငါးရိုးစူးမိတဲ့နေရာကို ထိမိတိုင်း အသည်းခိုက်အောင် နာသည်။ ဒါပေမယ့် ကြည့်တော့ ဘာမှမတွေ့ ...။

"အား!..."

ထပ်ထပ် စမ်းကြည့်လေ နာလေ ...။

"သေပါပြီ .. အဲလောက်တောင် မကြည့်ဘဲနဲ့ နင်းကန်နယ်တာ.. သေပေါ့ .."

"လက် ဘာဖြစ်သွားလို့လဲ .."

ဟင်!...

နောက်က စကားသံကြောင့် လန့်ဖျပ်လိုက်တာ ဖားလျားဖြန့်ချထားသည့် ဆံပင်တွေပါ ဝေ့ခနဲ ခါထွက်သွားခဲ့၏။

"ရှင် ဒီထဲထိ ဘာလို့ ဝင်လာတာလဲ .."

"မင်း တစ်ခုခု ဖြစ်သွားတယ်မို့လား .."

သူက တံခါးဝမှာ ရပ်ရင်း အလွှာ ဖိဆုပ်ထားသည့် လက်ကို မေးဆတ်၍ ...

"ဟင်းထဲက တစ်ခုခု စူးသွားတာလား .."



"ဘာဖြစ်ဖြစ် ရှင် ထွက်သွားပါ .."

"သွားမယ် .. မင်းလက်ကို ပြောင်အောင် ဆေးပြီး မင်းလည်း ထွက်လာခဲ့ .."

"ထွက်လို့မရဘူး .. ငါးရိုးစူးနေတာ ရှာလို့ကို မရဘူး .."

သူက အမိန့်တစ်ရပ် ထုတ်ကာ ထွက်သွားမလို့ ကျောခိုင်းပြီးမှ...

"ဘာဖြစ်ဖြစ် .. မင်း ရှာလို့ မရတာကို ကိုယ် ရှာရင် ရနိုင်တာပဲ.. မင်း ထွက်မလာရင် ကိုယ် ဝင်လာမှာ .."

အလွှာ လက်ကို ဆပ်ပြာနဲ့ အထပ်ထပ် ဆေးနေရသည်။ ဒီလူက စိတ်မထင်လျှင် ဆေးခန်းထိ ဆွဲခေါ်သွားမလား မသိ ...။

ဘာမှ မဆီမဆိုင် ရပ်တည်ကြီးနဲ့ ဝင်ရောက် စွက်ဖက်ခဲ့တာတွေ များပြီ ...။

"ဒီမှာ .. ကျွန်မ ဘာမှမဖြစ်တော့ဘူး .. အပြင်မှာ အလုပ်လည်း ရှိသေးတယ် .."

"ကိုယ့်ကို နှင်တာလား .."

"ဟုတ်တယ် .. ကျွန်မမှာ ညှိသည်ကို လက်ခံ စကားပြောဖို့ အချိန်မရှိဘူး .."

"မင်းဆီမှာ ဧည့်သည် လာလုပ်ပြီး အချိန်ဖြုန်းဖို့လည်း ကိုယ့်မှာ အချိန်တွေ ပေါမနေဘူး ရေလွှာ .."

"ဒါဆိုလည်း ပြန်ပေါ့ရှင် .."

သူမ ထွက်လာခဲ့ပေမယ့် ဒေါသကိုတော့ ဆက်လက် ဖုံးဖိဖို့ စိတ်မကူးတော့ပေ ...။ ဒီလူနဲ့ သူမ ကြာကြာ မပတ်သက်ချင် ...။

ဘယ်လိုလူမှန်း မသိ ...၊ ဘယ်ကမှန်း မသိ ...၊ ဘာကြောင့် စွပ်ဖက် ပါဝင်ချင်နေတယ်ဆိုတာလည်း မသိရဘဲ ...

"ကျွန်မလည်း နေကောင်းနေပါပြီ .. ရှင့်ကားနဲ့ တိုက်မိတာဖြစ်ဖြစ် .. ဘယ်သူ့ကားအောက်မှာပဲ ပိပြားကြေမွနေစေ .. ကျွန်မဘက်က

www.burmeseclassic.com



ဘယ်သူ့ကိုမှ ပြဿနာမရှာဘူး .. ဒုက္ခပေးဖို့လည်း မရည်ရွယ်ဘူး .. အဲဒီတော့ ရှင် စိတ်အေးလက်အေး နေလို့ ရပြီ .."

"ဒါကတော့ လူမတတ်ပေမယ့် လက်ဖက်ထုပ်တတ်တယ်ဆိုတာမျိုး .. မင်း အဲဒီလို ပြဿနာရှာပြီး ငွေညှစ်ရလောက်အောင် အဖြစ်မရှိမှန်း ကိုယ် အစတည်းက သိပါတယ် .."

ကြည့်စမ်း ..၊ ပြောချလိုက်တာ လူကို အဖြစ်မရှိဘူး တဲ့ ..၊

"ဒါပေမယ့် မင်းသူငယ်ချင်း ကောင်လေးကတောင် ဒါ ဘယ်လောက်ထိ ကြီးကျယ်တဲ့ ပြဿနာလဲဆိုတာ ပြောသွားသေးတာပဲ .."

အောင်ကောင်း ပြောသွားတာတွေ ပါလား ..၊ ဒါဆို ..၊

"ဆေးစကားတွေနဲ့ မင်း စိတ်ပြောင်းသွားရင် ဘယ်လိုလုပ်မလဲ.. ဘာပဲဖြစ်ဖြစ် ကိုယ့်ဘက်က ရေဆုံးရေဖျား တာဝန်ကျေရမှ ဖြစ်မယ်.."

"ရှင့်ရှေ့မှာ ကျွန်မက လူမမာနဲ့ တူနေလို့လား .."

"ဖြစ်ပြီး တစ်ရက်ကျော်လေးနဲ့တောင် မင်း ဈေးရောက်နေသေးတာပဲ .."

"ရေငွေ့ .. ရှင် .. ရှင် ကျွန်မနောက်ကို လိုက်ကြည့်နေတာတော့ မဟုတ်ပါဘူး နော် .."

"မင်း အဲလို ထင်သွားတာလား .."

အလ္လာ က ဒါလည်း မဖြစ်နိုင်ပါဘူးလို့ ကိုယ့်ဘာသာ တွေးမိလိုက်တာမျိုး ..၊ ကျွတ်ခနဲ ခေါင်းခါ၍ ...

"ဟုတ်ပါတယ် .. အဲဒါ မဖြစ်နိုင်ပါဘူး .. ဒါပေမယ့် ရှင် အောင်ကောင်း ပြောတာကို ဘာလို့ သိနေတာလဲ .. ကျွန်မ .. ကျွန်မ ဓာတ်စာတွေ ပြန်စောင်းခဲ့တာကို သိနေတာကရော .."

"မင်းကို ငါ ပြောပြီးသားပဲ ရေလ္လာ .. မင်းကပဲ ငါ့ရှေ့ ရောက်ရောက်လာတာ .."

"ဒီလောက်တောင်မှ .."





အလ္လာ မချင့်မရဲ ရေရွတ်နေတာလေးကို ကြည့်၍ သူ မသိမသာ ပြုံးမိသည်။ ပြီးတော့ သူမ ရေစိုနေသည့်လက်ကို မျက်လုံးတစ်ချက်ဝေ့ရင်း စားပွဲပေါ်မှာရှိသည့် စာအုပ်ကို ယူ၍ ...

"ကဲ .. ထိုင်ပါ .. ကိုယ်က .."

"အား!..."

လက်ဖျားကို စာအုပ်နဲ့ လှမ်းရိုက်လိုက်တာနှင့် အလ္လာ ဆတ်ဆတ်ခါ ဖြစ်သွား၏။ ပြီးတော့ ကိုယ့်လက်ကို ပြန်၍ ချုပ်ကိုင်ထားရင်း ...

"ရှင် တမင် ရိုက်လိုက်တာလား ရေငွေ့ .."

"ဟုတ်တယ် .. မင်း!ပဲ ဘာမှ မဖြစ်တော့ဘူးဆို .."

"ကျွန်မဘာသာ ဖြစ်ဖြစ် .. မဖြစ်ဖြစ် ရှင်နဲ့ .."

"ဆိုင်ချင်လို့ .."

"အို .. ဘာလုပ်တာလဲ .."

အလ္လာ့ လက်လေးကို သူ ဆုပ်ကိုင်လိုက်ကာ အပြင်ကို တစ်ခါတည်း ခေါ်ထုတ်ခဲ့ရင်း ...

"အန်တီ .. သူ့ကို ဆေးခန်းပြဖို့ ခေါ်သွားမယ် နော် .."

"ဟော .. ဘာဖြစ် .."

ခေါ်မှာလာ ဆုံးအောင် မမေးတော့ဘဲ ခေါင်းပဲ ညိတ်ပြလိုက်မိသည်။ ဒီကောင်လေး အိမ်ကို လာတာက ပိုးကြေးပန်းကြေးနဲ့ ခေါင်းလျှိုဝင်လာတာမျိုးလည်း မဟုတ်ပါ ..။

တည်ကြည်သည့်မျက်နှာက အကဲဖမ်းဖို့ ခက်သလောက် သူ့အမူအရာတွေကလည်း ကလက်တက်တက် ဆန်တာ ဘယ်နေရာမှမရှိ .. ဒါပေမယ့် ...၊

ခုကျမှ တစ်ခုကိုတော့ သတိထားလိုက်မိသည်။ အလ္လာ့ ကို ဒီကောင်လေး စိတ်ဝင်စားနေတာ ဖြစ်နိုင်၏။

သူ့အကြောင်းကို အခြေအမြစ် ဘာမှ မသိရပေမယ့် နိမ့်ကျတဲ့



www.burmeseclassic.com

www.burmeseclassic.com



အဆင့်အတန်းမျိုးထဲကတော့ မဖြစ်နိုင်ပေ ..။

အလုပ်ရယ် .. လူရယ် .. လောကအပေါင်း ဖိစီးနေရရှာသည့် သမီးလေး ..။

သူမအတွက် ပြည့်စုံကောင်းမွန်တဲ့ ဖူးစာရှင်တစ်ယောက် အလိုလို နီးစပ်ရောက်ရှိလာခဲ့တယ်ဆိုရင်လည်း ကျေနပ် ဝမ်းမြောက်စရာပါ ..။

သမီးလေး ကံကောင်းပါစေ ..။





အခန်း (၁၇)

"တွေ့ပြီ .. တွေ့ပြီ .. ငါးရိုးက ဒွဲ(တည့်)စိုက်နေတာ .. နည်းနည်း တော့ နာမယ် .."

"ဟင်!..."

အလွှာ မျက်နှာလေး ဆီးသီးလောက် ငယ်ကျသွားသလိုပင် ..။

"အဲ့လောက်တောင်လား ဟင် .. လက်ကို ခွဲထုတ်မှာလား .."

"လိုအပ်ရင် ခွဲလိုက်ပါ ဆရာ .. ဒီအရိုး ထွက်သွားဖို့ပဲ လိုတာ.."

"ရေငွေ့ .."

တမင် ချောက်တွန်းနေတာမှန်း သိသာနေသော မျက်နှာက လှည့် ကြည့်တော့ ခပ်တည်တည် ..။

"ငါးရိုးလေး ထွင်မှာကို ခွဲထုတ်စရာလား .. ရှင့်လက် ဖြစ်မှ ခွဲ.."

"ကိုယ့်လက်မှာ ငါးရိုးစူးစရာ အကြောင်းမရှိဘူး .. ငါးလည်း မကြိုက်ဘူး .. ထမင်းကိုလည်း ဇွန်းခက်ရင်းနဲ့ပဲ စားတာ .. ပြီးတော့.."

သူက အရွတ်ဆန်ချင်သည့်မျက်နှာနှင့် ကြည့်၍ ...



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါမျိုးက ဘမင်းစားရင်း စားတဲ့အလုပ် မလုပ်ဘဲ တခြားသူ တစ်ယောက်ယောက်ကို လှမ်းပြီး အကုသိုလ်များနေလို့ ဖြစ်တာမျိုး-"

"ရှင် နော် .. ရှင် .."

"မင်း ကိုယ့်ကို တွက်ကပ်နေလို့ ပြောပြတာ .."

သူမတို့ဖြစ်နေကြတာကို ဆရာဝန်က နားလည်စွာ ပြုံးနေလျက်-

"ကဲပါ ညီမရယ် .. အစ မဆွဲမိခင် ခဏတော့ အောင့်ခံထားပေါ့- ဒဲ့စိုက်ပြီး နစ်နေတော့ အစ သေချာဆွဲမိမှ ရမှာ .."

"ဟုတ် .. မှုတ်ကဲ့ ဆရာ .."

"အဲ့ဒါ ပြောတာလေ .. မင်း ဘယ်လောက်တောင် ပစ်စလက်ခတ် ဖိဆုပ်ပစ်လိုက်လဲ တွေးကြည့် .. စားစရာကို ရန်သူလိုမျိုး .."

"ဟုတ်တယ် .. အဲ့ဒါ ရှင် ထိုင်နေလို့ ဖြစ်မှာ .."

"သိတယ် .."

"သိရင်လည်း .. အား!..."

လက်တစ်ဖက်မှာ ပြင်းရှစွာ နာကျင်သွားသဖြင့် လက်တစ်ဖက်နဲ့ ပုတ်ထုတ်ဖို့ ယောင်ရမ်း ကာလိုက်မိလျှင် ရေငွေ့ က သူမထက် မြန် သည်။

ထိုလက်လေးကို ဖျတ်ခနဲ ဖမ်းဆွဲထားလိုက်ကာ ...

"ဆရာ .. ညှာမနေနဲ့ .. သေချာ ကိုင်ပါ .."

သူ ပြောသမျှကို ပြန်လည်း မပြောနိုင်ခဲ့ဘဲ အပြင်ထွက်လာကာမှ လူတွေမမြင်ခင် ကိုယ့်မျက်ရည်ကို သုတ်ပစ်ရကာ ...

"ကျွန်မဘာသာ ပြန်တော့မယ် .."

"မင်းကို ဘယ်သူ ခေါ်လာတာလဲ .."

"ရှင် တာဝန်ယူပြီး အိမ်တိုင်ရာရောက် ပို့ပေးရအောင် ကျွန်မက မူကြိုကျောင်းသူလေး မဟုတ်ဘူး .."

"ကဲ .. လာကွာ .. မင်း တော်တော်ရစ်တဲ့ မိန်းကလေး .."





"ရေငွေ့ .. ရှင် .."

ကားထဲ ရောက်တဲ့အထိ သူပဲ သေချာ ထည့်ပိတ်ပစ်ကာ ဟိုဘက် က ဝင်ထိုင်ပြီးမှ ...

"ငါးရိုးစူးတာလေးကို ဆေးခန်း လာပြရတယ်လို့ မင်း ပြောဦး မလား .."

"ဟုတ်တယ်လေ .. ကိုယ်ခံရတာ ကိုယ်ပဲ သိတာ .. လူကြားလို့ ကောင်း ဖြစ်သွားတာတော့ သေချာပဲ .."

"ကိုယ့်ဘာသာ ဝေဒနာ ခံစားနေရတာကို အသေခံပြီး လူကြား ကောင်းအောင် နေချင်တာလား .. အဲ့ဒီလက်ကို မင်းဘာသာ ဘယ်လို ဆွဲထုတ်မလဲ ..၊ ဒီတိုင်း ဟိုက ဖိ .. ဒီက ဖိနဲ့ ယောင်ကား နီရဲလာမယ်.. ကြာခင် အနာဖြစ်ပြီး အရင်းက ကပ်ဖြတ်ရတဲ့ဘဝ ရောက်သွားမယ်.. နားလည်ရဲ့လား .."

သူမ တကယ်တော့ တမင်ပြောနေမိတာပါ ..၊ ဒီငါးရိုးကို ကိုယ့် ဘာသာ ထွင်ထုတ်ဖို့ ကြိုးစားရင်း သူမ တစ်ယောက်ကည်းဆို သူ ပြောတာထက် အဖြစ်ဆိုးသွားနိုင်၏။

"ရှင့်ကို ကျေးဇူးတင်ပါတယ် .."

"တော်သေးတာပေါ့ .."

"တကယ်တော့ .. ကျွန်မ .."

ပတ်တီးစည်းထားရသည့် လက်ချောင်းလေးကို တစ်ဖက်နဲ့ ပြန် ဆုပ်ထားရင်း ငုံ့ကြည့်မိကာ ...

"ကျွန်မ ဘာသာ လည်ပတ် ရှန်းကန်နေရတဲ့ နေ့စဉ် နာရီတွေကို ခံနိုင်ခဲ့မခံနိုင်တာရယ် .. ရှင်က ဟိုဝင်ပါ ဒီဝင်ပါ လုပ်နေတယ်လို့ထင်ပြီး ကျွန်မ စိတ်ကျဉ်းကျပ်ရတာတွေကြောင့် .."

စိတ်ထဲရှိတဲ့အတိုင်း ဝန်ခံ တောင်းပန်နေမိတုန်း သူ့မျက်နှာက ပြုံးကြောင့် ပြောလက်စနှင့် ရပ်ပစ်မိရသည့်အဖြစ် ...၊

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မ ညာနေတယ် ထင်လို့လား .."

"ကိုယ် ဘယ်လိုထင်ထင် မင်း ပြောစရာရှိတာကို ပြီးအောင်ပြော လေ.. တစ်ခုခုကို လုပ်ပြီဆိုရင် သူများဘက်ကို လှမ်းမကြည့်နဲ့ .. ကို ဆန္ဒ အောင်မြင်ပြီးမြောက်ဖို့ထက် အဓိကကျတာ ဘာမှ မရှိဘူး .."

ပြောသည့်စကားသံသာမက ယုံကြည်မှုအပြည့်နှင့်ဖြစ်ကာ ကြည်သော မျက်နှာက ပြုံးနေတုန်းကနဲ့ တခြားစီ ..။

"ကိုယ် အလုပ်တစ်ခု လုပ်တော့မယ်ဆို ကိုယ့်ကိုယ်ကိုယ် အ မေးတယ် .."

သူက ကားမောင်းရင်း လှည့်ကြည့်ကာ ...

"ကိုယ့်အတွက် ဘာ လိုအပ်ဆုံးလဲဆိုတာ .."

"ရှင်ကတော့ ဟုတ်မှာပေါ့ .. ကျွန်မတို့ဘဝတွေကိုလည်း ကြည့်ဦးလေ .."

"ဘဝတွေ ကွာဟချက် ဖြစ်လာကြတာလည်း ခံယူချက် ကြောင့်ပဲ .. မင်း ပျော့ညံ့နေတာကို ကိုယ် မကြိုက်ဘူး .."

"ရှင့်ကိုလည်း ကြိုက်ပါ .. ချစ်ပါလို့ ဘယ်သူကမှ မနိုင်းပါဘူး ဒီစကားပြောရင် ဒီအကြောင်းကိုပဲ ပြောပါ .."

"မင်းအကြောင်းပဲ ပြောနေတာလေ .. ငါ့ရင်ထဲက ချစ် ကြိုက်မယ့်ကိစ္စ ဖြစ်လာရင်လည်း ဘယ်သူတားတား ဂရုမစိုက်ဘူး သူများနိုင်းတိုင်း လိုက်ချစ်ကြည့်ဖို့ဆို အဝေးကြီးပဲ ..။ ဒီမှာ ရေငွေ ငါ မင်းနားကို ရောက်ရောက်နေခဲ့တာ သွားရင်းလာရင်း ခြေဦးလှည့် လာရုံလို့ မင်း ထင်လား .."

"ဟင်!..."

"ငါ့ခေါင်းထဲမှာ ထည့်ရပြီဆိုရင် အချိန်ပို အလုပ်ရှုပ်ခံရမှာ ဘာမှ မပါဘူး .. ငါ လှုပ်ရှားသမျှ ငါ့အတွက် လိုအပ်လို့ပဲ .."

"ဘာပြောတယ် ရေငွေ .. ကျွန်မက .. ကျွန်မက ရှင့်အတွ





အပ်ချက်တစ်ခု .. ဟုတ်လား .."

"အကြမ်းဖျင်းဆိုရင်တော့ ဟုတ်တယ် .."

"ရှင်းရှင်းပြောစမ်းပါရှင် .. ရှင့်မှာ ဘာအကြံအစည်တွေနဲ့လဲ ..။ န်မလို မိန်းမတစ်ယောက်ဆီက .."

"ကိုယ် ဘာလိုချင်တယ်လို့ ထင်လဲ .."

မျက်လုံးချင်း ဆုံသွားသည်နှင့် ကားက လမ်းဘေးကို ထိုးကပ်ပြီး သွား၏။ အလှာ မျက်နှာလွှဲပစ်လိုက်ကာ ...

"ရှင် လိုချင်တာ ဘာဖြစ်ဖြစ် ကျွန်မ ဘာမှ ပေးနိုင်မှာ မဟုတ်ဘူး တာ သေချာပြီးသား .. ကားပြန်မောင်းပါရှင် .."

သူမ ပြောပြီး ရှေ့ကို လှမ်းကြည့်လိုက်မိလျှင် ...

"ဟင်!... ဘာဘာ .."

ကမ္ဘာ တစ်ယောက်တည်း လမ်းသွယ်တစ်ခုထဲက လျှောက်လာ ကာ တက္ကစီဘစ်စီးကို လှမ်းတား၏။ တက္ကစီက မရပ်ဘဲ လက်ခါပြ သွားတာ မြင်ကာ ...

"ရေငွေ့ .. အဲဒါ ကျွန်မညီမ ကမ္ဘာ .."

သူက လှမ်းကြည့်ပြီးမှ သူမဘက် ပြန်လှည့်၍ ...

"အဲဒီတော့ ဘာဖြစ်လဲ .."

"သူ ကားတားနေတာ မရဘူး .. ကျွန်မတို့နဲ့ ခေါ်ခဲ့လို့ ရမလား ှင် .."

"မရဘူး .."

ပြောလိုက်ကာမှပဲ ကားကို ချက်ချင်း မောင်းထွက်ခဲ့၏။ ကိုယ့် ညီမရဲ့ ဘေးလေးကနေ ကပ်ဖြတ်လာခဲ့ရသဖြင့် လည်ပင်းလိမ်အောင် လိုက်ကြည့်ရင်း ရေငွေ့ဘက်ကို လှည့်လာတော့ ဒေါသတွေနှင့် ...

"ရှင် သိပ်ကြီးကျယ်ပါလား ရေငွေ့ .. အဲဒီလို ဘာကိုမှ ဂရုစိုက် ဲ နေစမ်းပါ .. ရှင် သေရင်တောင် လိုက်ပို့မယ့်လူ ရှိမှာ မဟုတ်ဘူး.."

www.burmeseclassic.com

www.burmeseclassic.com



"သေရင် လိုက်ပို့မယ့်လူ ရှိဖို့အတွက်နဲ့တော့ ချိုသာ ပျူငှာနေဖို့ မလိုပါဘူးကွာ .. စေတနာမရှိတဲ့လူ သေတာပဆုံပြီး အဲဒီလူသေကောင်ကို ပုပ်ဖော်နေအောင် ဘယ်သူမှ မထားဘူး .. ကိုယ့်အတွက် ပူမနေနဲ့.."

"ဟုတ်တယ် .. ပူလွန်းလို့ ပြောနေရတာ .."

သူမက အကြိတ်ပြောရင်း မျက်နှာ တစ်ဖက်လွှဲထား၏။ ပြီးတော့ ဘက်ခ်မှန်ကို ကြည့်နေဆဲမို့ ...

"မင်း လက်ညှိုးထိုးတဲ့လူတိုင်းကို ခေါ်တင်ပြီး လိုက်ပို့ပေးနေရအောင် ကိုယ်က ကားတစ်စီးနဲ့ လမ်းပေါ်ထွက်ပြီး ပရဟိတ လုပ်နေတာမှ မဟုတ်တဲ့ .."

"ရှေ့ ... ကြီး မပြောစမ်းပါနဲ့ .. ဘာဘာ က ကျွန်မ ညီမလေးပါ .. ကျွန်မနဲ့ အတူတူ ပြန်ခေါ်သွားရုံပဲ .."

"ဘယ်သူက မင်းနဲ့ ပြန်လိုက်မယ် ပြောနေလို့လဲ .. တဟ္တစ်ပုံးပြီး သူ့လက်နဲ့ လမ်းပြောနေတာ ပြည်လမ်းဘက်ကို .."

သူ ပြောလိုက်ကာမှ သတိရသည်။

ဒါကို သူမလည်း မြင်လိုက်တာပဲ .. ဒါပေမယ့် တစ်ချက်လေးပဲ လှမ်းကြည့်လိုက်ပုံ့သူက ဒါကို သတိထားနိုင်ခဲ့ပြီး သူမကတော့ ..

"ရှင့်မှာ အဲဒီလို အရည်အချင်းလည်း ရှိတယ် နော် .."

"ဘာလဲ .."

"မျက်စိလျင်တာလေ .."

"ဒီလိုပဲ ကိုယ့်မှာ မရှိတာ သူများမှာရှိရင် အထင်ကြီးကြတာပဲ.."

"ဟုတ်ပါတယ် .. ကျွန်မက မျက်စိမွဲ နားမွဲပါ .."

"မင်းကို ကဲ့ရဲ့နေတာ မဟုတ်ဘူး .. ဆင်းရဲချမ်းသာဆိုတာ ကံကို ... ရှောင်လွှဲပြောလို့ ရတယ် .. တော်တော်ဖျင်းတယ်ဆိုတာကျတော့ ကိုယ့်ရဲ့ စိတ်နဲ့ပဲဆိုင်တာ .. ဆင်းရဲရတဲ့ကြားထဲ ညံ့ဖျင်းနေရင် ဘာသွားသုံးစားမှာလဲ .."





"ကျေးဇူးတင်ပါတယ် .. ရှင်နဲ့ တွေ့မှပဲ ကျွန်မလည်း ကိုယ့်ကိုယ်ကိုယ် နေရာတကျ သိတော့တယ် .."

အလွှာ က ရွှဲ့သည်။ သူက ကားမောင်းရင်း မျက်ခုံးတွေ တွန့်ထားလျက်နှင့် ပြန်ငဲ့ကြည့်၏။

"မင်း ကိုယ့် ... ကို မသိသေးပါဘူး .."

"ဘာလို့ မသိရမှာလဲ .. ဆင်းရဲညံ့ဖျင်းပြီး သုံးစားမရတဲ့လူစားက ကျွန်မပဲ .."

"အဲ့ဒါ မင်းရဲ့နေရာမှန် မဟုတ်သေးဘူးဆိုတာကျတော့ သိရဲ့လား .."

"ဟင်!... ဘယ်လို .."

သူက ပြန်မဖြေဘဲ အိမ်ရှေ့ရောက်လာတော့ ကားရပ်လိုက်ကာ...

"ကိုယ် မစောင့်တော့ဘူး .."

သူ့ဆီက ကိုယ် မေးထားတာကိုလည်း မသိရသေး ..၊

ပြီးတော့ သူနဲ့ကိုယ် မိတ်ဆွေတွေလည်း မဟုတ် ..၊ ဟုတ်လည်း မဟုတ်ချင်ပါ ..။

ဒါပေမယ့် ဒီနေ့လို အခြေအနေမျိုး နောက်ထပ် တိုက်ဆိုင်စွာ ရှိလာခဲ့လျှင် ဒီလိုပဲ ဟိုမရောက် ဒီမရောက် အခြေအနေမျိုးနဲ့ ပြောဆိုငြင်းခုံဖြစ်ကြလိမ့်ဦးမည်။

ဒါကို သူမ ပြောချင်သေးသည်။ ဘာမှမှ ရှေ့ဆက် ပတ်သက်ဖို့ မရှိကြတာ ..၊

"ဟော့ .. ဆင်းလေ .. ဘာလဲ .. တစ်ခါတည်း လိုက်တော့မလို့လား .."

"အို မဟုတ်ပါဘူး .. မလုပ်နဲ့ .."

သူ ဂီယာပေါ် လက်တင်လိုက်တာနှင့် အလွှာ ပျာပျာသလဲ ဆင်းမိသော စိတ်လည်း တိုသွား၏။

www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ကျွန်မ ပြောစရာ ရှိနေသေးလို့ စဉ်းစားနေတာ .."

"ရှင်နဲ့ကျွန်မ ရှေ့ဆက် ပတ်သက်စရာ မရှိတော့ဘူးလို့ ပြောပြီး နောက်ထပ် ကိုယ် မလာတော့အောင် မို့လား .."

ဟင်!...

မျက်နှာကို တည့်တည့်ကြည့်ပြောလိုက်တော့ ကိုယ်ကလည်း ဒါပဲ ပြောမှာပေမယ့် အားနာသွားမိသည်။

ပြီးတော့ သူနဲ့ပတ်သက်ပြီး ကိုယ်ချည်းပဲ ပြောလာခဲ့တာ သူနဲ့ မပတ်သက်ချင်တဲ့ အကြောင်းတွေ ...၊

"ကျွန်မ တကယ်တော့ မပြောချင်ပါဘူး .. ဒါပေမယ့် ကျွန်မတို့မှာ ညီမလေးနဲ့ ပတ်သက်ပြီးတော့လည်း .."

လူပြောသူပြောတွေ ခံနေရတာကို ဆက်မပြောချင် ...၊

"ကျွန်မတို့က မိန်းမသားတွေချည်း နေရတာလေ .. ရှင်းရှင်းပြောရရင် ရှင် ဒီလောက်ထိ ဝင်ထွက်နေတာနဲ့တင် ကျွန်မတို့မှာ .."

"ဆက်ပြောပါ .. ဘာဖြစ်လဲ .."

"ရှင် ကျွန်မကို ဘုဘောက်စကားပြောဖို့ မစဉ်းစားပါနဲ့ .."

"မစဉ်းစားပါဘူး .. မင်း ပြောချင်တာကုန်မှ ကိုယ်သွားလို့ ရမှာလေ .. အဲဒါကြောင့် ပြောခိုင်းနေတာ .. ဒါပေမယ့် တစ်ခုတော့ ရှိတယ် ဒီနေ့ တစ်ပတ်ပြည့်သွားပြီပေမယ့် တစ်ပတ်ပြည့်တဲ့နေ့မှာ မင်းနဲ့ကိုယ် ရင်းနှီးခွင့် ရသွားခဲ့တယ် .. အဲဒီတော့ .."

"ဘာကို ရင်းနှီးတာလဲ .. ရှင်နဲ့ ကျွန်မ ခင်မင်ရင်းနှီးတဲ့ မိတ်ဆွေ ဘယ်တုန်းကမှ မဟုတ်ခဲ့ဘူး .."

"မင်းကို မိတ်ဆွေအဖြစ် လက်ခံဖို့ရော ကိုယ် ပြောခဲ့ဖူးလို့လား.."

ဒီလူဟာ သူပြောချင်တာကို ပြီးဆုံးအောင် ပြောသည်။ လုပ်ချင်တာကို ဖွတ်ရအောင် လုပ်သွားတတ်၏။

ပြီးတော့ သူ ပြောသမျှ လုပ်သမျှ ဘယ်တော့မှ မမှား ...၊



သူ့ကိုယ်သူလောက် ဘယ်သူ့ကိုမှ မယုံကြည်တတ်တဲ့လူ ...၊ ဒါပေမယ့် သူ ဘယ်လိုလူလဲဆိုတာတော့ သူမ ခုချိန်ထိ မသိခဲ့သေးပါ ...၊

"ဒီမှာ ရေလှ္ဘာ .. မင်းဆီကို ကိုယ် ရောက်လာတာ မလာတာတွေမှာ ထိန်းချုပ်နေတာ မပါဘူး .. ကြိုးစားလုပ်ယူရတာမျိုးလည်း မဟုတ်ဘူး .. ကိုယ် ပြောဖူးသားပဲ .. ကိုယ့်အတွက် အဓိကက ကိုယ် ဘာလိုအပ်သလဲ ဆိုတာပဲ ...၊ ကိုယ့်ဆန္ဒက အလိုအလျောက် တောင်းဆိုလာတဲ့အတိုင်းပဲ ကိုယ် လုပ်တာ .. အခု ကိုယ် သွားနေတဲ့ ခြေလှမ်းကို ဘယ်သူ တားဆီးလို့မှ မရဘူး .."

"ရှင် ကျွန်မကို စိန်ခေါ်နေတာလား ...၊ ဘယ်လိုစကားတွေ ပြောနေတာလဲ ရှေ့ရွှေ .. ဒါမှမဟုတ် ကျွန်မအပေါ် မကျေနပ်တာ တစ်ခုခုများ ရှိနေခဲ့ဖူးလို့လား .."

"ဟွန်း .."

သူက စတီယာရင်ပေါ်မှာ လက်တင်ပြီး မဲ့သည်။ ပြီးမှ ငုံကြည့်၍ ...

"ပြောပါဦး .. ဘယ်လို မကျေနပ်တာမျိုး ဖြစ်နိုင်သလဲ .."

အလှ္ဘာ က သူ့မျက်နှာကို စူးစူးစိုက်စိုက် စိုက်ကြည့်သည်။ သူ့ကို ငေးမောကြည့်ခဲ့ဖူးသမျှ မျက်လုံးဝိုင်းလေးတွေထဲမှာ ရန်လိုသော .. အံ့ဩသော .. ပြီးတော့ ယခုကဲ့သို့ စိတ်တို၍ သံသယများစွာ ပါဝင်နေသော မျက်လုံးတွေနဲ့ပဲ ကြည့်နေတတ်တာ ရေအလှ္ဘာ ဆိုသော သူမသာ ရှိလေသည်။

နဖူးပြင်၏ အလယ်မကျတကျမှ နှစ်ဖက်ခွဲသွားသော ဆံပင်တွေက ဆံမြိတ်တို မရှိ ...၊ စတက်ပ်ဖြတ်မထားဘဲ ရှေ့ပိုင်းမှာ ရင်ညွန့်အောက် မကျတကျထိ တိုက်ရိုက်အရှည် ဖြစ်သည်။

ကျောပြင်မှာတော့ ညိုမှောင်ခက်ဖြာသော ဆံနွယ်တို့က အုပ်အုပ်ဝဲဝဲ ဖြာဆင်းနေတာ တင်ပေါ် မရောက်တရောက်ထိ မှ၊

www.burmeseclassic.com



ပြီးတော့ မျက်ခုံးလေးတွေ တန်းနေပေမယ့် မထူမပါး ခပ်ဖျော့ဖျော့လေးပဲ ဖြစ်သည်။ ဖြူဝင်းသည့်မျက်နှာလေးသည် တစ်ခါတစ်ရံ သနပ်ခါးပျက်လက်စလေးတွေနှင့် ပါးပြင်လေးတွေ ပြောင်တင်းနေတတ်ကာ တစ်ခါတစ်ရံ သနပ်ခါး တစ်စက်မှ မရှိတော့ဘဲ ဝင်းညက်မွန်နုနေ၏။

သူ့ဘေးကို အလှအပတွေ အမျိုးမျိုးနှင့် ရောက်လာတတ်သမျှ သူမ မျက်နှာလေးက စိုက်ကြည့်မိတိုင်း သူ့အတွက် ထူးခြားနေသည်။

ထို့ပြင် ဆင်းရဲခြင်းကို မရှက်မကြောက် ပြေးလွှားရုန်းကန်ရင်း မိသားစုအတွက် ပေးဆပ်နေရခြင်းမှာလည်း ကျေနပ်နေရှာသည့် သူမ..။

"ပြောလေ ရေလွှာ .. မင်းနဲ့ကိုယ် ပြောဖြစ်တဲ့ စကားတွေထဲမှာ မင်းကို မကျေနပ်ဖြစ်နေနိုင်တဲ့ စကား အသွားအလာမျိုး ပါသွားခဲ့လို့လား .."

သူမ မျက်ဝန်းလေးတွေ ရှုပ်ထွေးမှုတွေနဲ့ လုံးထွေး ရုပ်သိမ်းသွားခဲ့ပြီး ...

"ကျွန်မ .. ကျွန်မက နုံနုံအအ မိန်းမပါ .. ကျွန်မ ဘာပြောပြော သူများလှောင်ရယ်စရာတွေ ပါနေဦးမှာပဲ .. ရှိပါစေတော့ .."

"သူများဆိုတာ ကိုယ့်ကို ပြောတာလား .."

"ဟုတ်တယ် .. ရှင့်လိုလူကို မရေမရာစကားနဲ့ မစွပ်စွဲရဲပါဘူး.."

ဒါပဲပြောပြီး အလွှာ ကားထဲက ထွက်လိုက်သည်။ ကားရပ်ပြီးတော်တော်နဲ့ ဆင်းမလာသဖြင့် တံခါးဝထိ ထွက်ကြည့်နေသည့် ဒေါ်မာလာ က အလွှာ့ လက်က ပတ်တီးကို ကြည့်လိုက် .. နောက်ကို လှမ်းကြည့်လိုက်နှင့် ...

"ဘာဖြစ်လာတာလဲ အလွှာ .."

"လက်မှာ ငါးရိုးစူးနေတာ နုတ်မရလို့ ဆေးခန်းသွားလိုက်တာပါ .. ဒေါ်လေး ဆိုင်ခဏ ကြည့်ထားလိုက်ဦး နော် .."



ပြောခဲ့ပြီး အထဲ တန်းဝင်လာခဲ့ကာ ဆရာဝန်ပေးလိုက်သည့် သောက်ဆေးထုပ်လေးကို စားပွဲပေါ်တင်ပြီး ပြန်အလှည့် ...

"ဟင်!..."

ခြံရှေ့မှာ သူ့ကား ခုထိ ရှိနေသေးသည်။ ဒီလူ ဘာလုပ်နေတာလဲ..၊

ဘေးအကွယ်ကနေ အိမ်ရှေ့တံခါးထိ ပြန်သွားကာ ခန်းဆီးစကို အသာလေး ဖယ်ပြီး ချောင်းကြည့်လိုက်မိ၏။

သူမ ကြည့်နေကာမှ ကားက ဘက်ခ်ပြန်ဆုတ်ပြီး ဖြည်းလေးစွာ ဘီးလိမ့်ထွက်သွား၏။

"သမီး .."

"ရှင်!..."

ရှေ့မှာ ဒေါ်မာလာ ဘွားခနဲ ပေါ်လာသဖြင့် ချောင်းကြည့်နေရင်း လန့်ဖျပ်သွားသည်။

"သမီးတို့ တစ်ခုခု ဖြစ်လာကြတာလား .."

"မဖြစ်ပါဘူး ဒေါ်လေး ရယ် .. သူက ကူညီနေတဲ့ဟာ .. ဘာဖြစ်စရာ ရှိလို့လဲ .."

"မဟုတ်ဘူးလေ .. သမီးကိုများ စိတ်ဆိုးစရာ တစ်ခုခု ပြောလိုက်လို့လားလို့ .."

အလွှာ့ မျက်နှာလေးက တစ်ခုခုကို နာကျင်ခံစားသွားရပုံ ရှိကာ တော်တော်နဲ့ ပြန်မဖြေခဲ့ပေ ..၊

ပြီးမှ အထဲ လှည့်ဝင်သွားရင်း ...

"သူကတော့ ခင်မင် ချစ်စရာစကား ဘယ်တုန်းကမှ မပြောခဲ့တဲ့သူပါ .."

"ဘာ!..."

"ပြောလိုက်ရင် သူများ ဘာဖြစ်နေနေ.. ဘယ်လိုခံစားသွားသွား.."

"ဟုတ်ရဲ့လား သမီးရယ်.. သူ့ပုံစံကတော့ သမီးကို မိတ်ဝင်စား.."



www.burmeseclassic.com

www.burmeseclassic.com



"တော်ပါ ဒေါ်လေးရယ် .. မတန်မရာစကား ပြောရလားဆိုပြီး လက်ညှိုးထိုး ရယ်သွားပါ့မယ် .. အဲဒီလူက သူ ပြောစရာရှိရင် ဘယ် မျက်နှာကိုမှ မကြည့်ဘူး .. ကျွန်မကို ဘာပြောတယ် မှတ်လဲ .."

"အင်း .. ဘာတဲ့လဲ .."

"တစ်လောကလုံးကို ကိုယ်တစ်ယောက်တည်း ရှာဖွေကျွေးနေရ သလို ဖက်ဖက်မောနေတာ တဲ့ .."

"ဟုတ်လား .."

"ပြီးတော့ .. အလှ ဘယ်မှာမှ အဖြစ်မရှိဘူး တဲ့ .."

"ဟော!..."

"နေရာတကာ ကူညီသလိုလိုနဲ့ ဝင်ပါနေတာ လူကို အဲလို ပြော ချင်လို့ .."

ဝမ်းနည်းသံလေးနဲ့ ပြောပြီး အခန်းထဲ ဝင်သွားတော့ ဒေါ်မာလာ အံ့သြ ကျန်ရစ်၏။

ပြီးတော့မှ သက်ပြင်းရှည်ကြီး ချလိုက်ရင်း မျက်နှာမှာ ပြုံးယောင် သမ်းလာလျက် ...

"ညည်းကိုက 'အ'လွန်းတာ အလှ ရယ် .. ပြောသွားတာ နည်း သေးတယ် .."



## အခန်း (၁၈)

"မန္တလေးမှာ လက်ထပ်မယ် ဟုတ်လား ..၊ ရန်ကုန်မှာ ဘာဖြစ်လို့ လဲ ကိုကို .."

"မင်းက စားသောက်ဆိုင်မှာ သီချင်းဆိုထားတယ် .. ပြီးတော့ အရမ်း ပေါ်ပြူလာဖြစ်လွန်းတယ် .. ကိုယ့်ဘက်က သတို့သမီးအဖြစ် ရွေးချယ်လိုက်နိုင်ပေမယ့် ဒီလိုမိန်းကလေးမို့ ဒီကောင် ရတာပါ ဆိုတာ မျိုး မဖြစ်ချင်ဘူး .."

"ဘာဘာ သီချင်းဆိုခဲ့ပေမယ့် .."

"မင်း ဘာဖြစ်ခဲ့ ဖြစ်ခဲ့ ဘယ်သူမှ မသိဘူး .. ကိုယ် လက်ထပ် လိုက်တယ်ဆိုရင်တော့ မင်းကို လူတွေ သိကုန်ကြမှာပဲ .."

"ဒါဆို ကိုကိုက ဘာဘာ့ ရဲ့ဘဝကို လက်မခံနိုင်တာပဲ .."

"အဲဒီတော့ မင်း စိတ်ထဲမှာ ဘာဖြစ်သွားသလဲ .."

သူ ဒီလိုပဲ အမြဲတမ်း စိန်ခေါ်နေကျပါ .. ရင်ထဲမှာ အမြဲတမ်း နာကျင် ကျန်ရစ်ရတာတွေလည်း များပြီထင်၏။ ဒါပေမယ့် သူမ စိတ်

www.burmeseclassic.com



မဆိုးနိုင်ခဲ့ ...၊ ညည့တွေမှာ ပိုချောနေတတ်သော မီးရောင်အောက်က မျက်နှာကို ကမ္ဘာ ငေးနေမိသည်။ ပြီးတော့ မွေ့ရာထက်မှာ ခြေဆင်းလေး ထိုင်နေရင်းကနေ ဖင်ရွှေ့တိုးသွားကာ ...

"ဒီမှာ ခဏ ထိုင်ပါဦး ကိုကို ..."

သူ့လက်ကို လှမ်းဆွဲလိုက်တော့ လက်ကိုရှောင်လိုက်ပြီးမှ တင်ပါးလွှဲ ဝင်ထိုင်၏။ အမှတ်တမဲ့တွေမှာ သူ ရှောင်ပစ်လိုက်တာတွေက အမှတ်တရ ဖြစ်နေပြီပေမယ့် သူ့ရဲ့ညာလက်ကို ကမ္ဘာ ကလည်း တမင်တကာ ထိကိုင်ဖို့ ကြိုးစားခဲ့တာ မဟုတ်ပါ ...။

သူ ထိုင်လိုက်တော့ နောက်ကနေ ခါးကို သိမ်းပိုက်ဖက်ထားမိကာ ...

"ဘာဘာ တို့ ရန်ကုန်မှာပဲ မင်္ဂလာဆောင်လို့ မရဘူးလား ကိုကို..."

"မရဘူး .. ဟိုမှာ ကိုယ် အားလုံး စီစဥ်ထားပြီးပြီ .."

"ဘာဘာ က ဒီမှာရှိတဲ့ ဘာဘာ့ ကို အထင်မြင်သေးခဲ့ကြတဲ့ လူတွေအပေါ် ကိုကို့ကို လက်တွဲပြီး ကြွားချင်တာ .."

"နောက်တော့လည်း ကြွားလို့ ရတာပဲ .."

"ကိုကို ဒီဘက် လှည့်ပါလား ဟင် .."

စီးကရက် မီးညှိဖို့လုပ်ရင်း မညှိဖြစ်သေးဘဲ သူ့ကျောပြင်မှာ ဖက်တွယ်မှီနွဲ့နေသည့် သူမကို နောက်ပြန် ငဲ့ကြည့်၏။ ပြီးတော့ ဘာမှ မပြောဘဲ ချောက်ခနဲ မီးခြစ်လိုက်လျှင် ...

"ကိုကို့ .. ကိုကို့မျက်လုံးထဲမှာ ဘာဘာ က ဆွဲဆောင်မှု မရှိဘူးလား ဟင် .."

"မင်း လှပါတယ် .."

"ကိုကိုက ဘာဘာ့ ကို နည်းနည်းလေးမှ ရင်မခုန်ဘူး နော် .."

"မင်းကို ပြောပြီးသားပဲ ကမ္ဘာ .. အဲ့ဒါတွေထက် စိတ်ဝင်စားရမှာတွေ ကိုယ့်မှာ အများကြီး ရှိတယ် .."





"ဘာဘာ တို့ လက်ထပ်ပြီးရင်ရော .."

"ဘာဖြစ်လဲ .."

"ဘာဘာ့ ကို ဒီလိုပဲ ပစ်ထားမှာလား .."

"လက်မှ မထပ်ရသေးတာကွာ .."

စီးကရက် တစ်ရှိုက်နှင့် ယူ ငဲ့ကြည့်လိုက်တော့ ဘာဘာ သူ့ဆီက ရလိုက်တဲ့ စီးကရက်နံ့နဲ့ လေငွေ့နွေးကို ရင်ခုန်သွားမိသည်။

"ကိုကို့ကို ချစ်တယ် .."

ပြောပြီး သူ့ကို တိုး၍ ဖက်ကာ ကျောပြင်မှာ မျက်နှာကပ်ရင်း နမ်းလိုက်မိသည်။ ပြီးတော့ ဒီလောက်နဲ့တော့ မကျေနပ်နိုင်ဘဲ သူ့ရင်ခွင်ထဲ တိုးဝင်ခွင့်ရအောင် ရှေ့ကို တိုးသွားမိလျက် ...

"ဘာဘာ့ ကို ကြည့်ပါဦး ကိုကို .. ဘာဘာ မလှဘူးလား ဟင်.."

"မင်းရဲ့အလှအပတွေကို ကိုယ်က လက်မထပ်ရသေးဘဲ စားသုံးလိုက်မိမှာ မင်း မကြောက်ဘူးလား .."

"ဟင့်အင်း .. ဘာဘာ ကိုကို့ကို ချစ်တယ် .."

"မင်းကို ကိုယ် မချစ်ဘူးလို့ ပြောခဲ့ပြီးပြီ .. ဒီအချိန်မှာ မင်းကို ဖျက်ဆီးပြီး လက်မထပ်ဘဲ ထားခဲ့ရင် ဘယ်သူ နစ်နာမလဲ .."

"အဟွန်း .."

"ကိုယ် မင်းကို ကြည့်ပြီး ဖောက်ပြန်မလာအောင် မင်းဘက်ကပဲ ထိန်းသိမ်းရမှာ .."

"ကိုကို ရယ် .."

ဘာဘာ က မချိတရိလေး ပြုံးကာ သူ့ရင်ခွင်ထဲ တိုးဝင်လိုက်၏။ မင်းစက်အာဏာ က သူမလက်မောင်းလေးကနေ ပိုင်နိုင်စွာ ကိုင်ပြီး ရင်ခွင်ထဲက ပြန်ဆွဲထုတ်ကာ ...

"မင်း မူးနေရင် နားလိုက်တော့ ကမ္ဘာ .."

"ဟုတ်တယ် .. ဘာဘာ မသောက်တတ်ဘဲနဲ့ သောက်လာတာ.."



www.burmeseclassic.com

www.burmeseclassic.com



မှုးချင်လို့ သိလား ..”

“ဘာဖြစ်လို့လဲ ..”

“ကိုကို့ကို မကျေနပ်လို့ပေါ့ .. ဘာဘာ့ ကို ကိုကို ကျောပါ .. ကြိုက်သလို စီးကျောလို့ ရတယ် .. မချစ်ဘဲနဲ့ လက်ထပ်မှာရော .. လက်ထပ်နိုင်တဲ့လူ ဖြစ်ချင်တာ တစ်ခုတည်းနဲ့ အသုံးချမှာရော .. အဲ့ဒါ တွေ အကုန်လုံး ဘာဘာ သည်းခံနိုင်တယ် .. ပြီးတော့ ကိုကို ပုံချပေး ထားတဲ့ စည်းစိမ်ရတနာ ရွှေငွေတွေ .. အဲဒါတွေကြောင့်လည်း ပျော် တယ် .. ဒါပေမယ့် ကိုကို .. ကမ္ဘာကြီးက အချစ်ရှိမှ သာယာတာ ..”

“အခု မင်း မသာယာဘူးပေါ့ ..”

ဘာဘာ က မှုးဝေဝေဖြစ်နေသော မျက်နှာနီနီလေးနှင့် သူ့ဘေးမှာ ဒူးထောက်ကြည့်နေ၏။ ပြီးတော့ မပြောမဆို ပခုံးကို ဖက်ပြီး ပါးပြင်ကို နမ်းသည်။

“ကိုကို့ဆီက အဲဒီလို အကြင်နာတွေကို လိုချင်တယ် .. ဘာဘာ့ မှာ မပြည့်စုံတာ အဲ့ဒါတစ်ခုပဲ သိလား ..၊ လက်ထပ်ကြဖို့လည်း သေချာ ဆုံးဖြတ်ပြီးကြပြီလေ .. ဘာဘာ က ဘာကို စိုးရိမ်နေရမှာလဲ ..၊ ကိုကို့ ရင်ခွင်ထဲမှာသာ မှေးစက်ခွင့်ရမယ်ဆိုရင် ဘာဘာ အားလုံးကို စွန့်ရဲ တယ် ..”

“အားလုံးဆိုတာ ဘာတွေလဲ ..”

“ဘာဖြစ်ဖြစ် အားလုံးပဲ ကိုကို .. ကိုကို ဒီည ဘာဘာ့ ကို ဥပေက္ခာထားဦးမယ်ဆိုရင်တော့ ကိုကို့ကို ယောကျ်ား ဟုတ်ရဲ့လားလို့ ဘာဘာ တွေးမိသွားနိုင်တယ် ..”

သူ ပြုံးလိုက်ပြီး စီးကရက် မီးခိုးတွေကို လှလှပပလေး မှုတ်ထုတ်သည်။ ဘာဘာ က မော့ငေးနေရင်း သူ့မေးဖျားကို နမ်းမလို့ ထပ်ကပ် လာတော့ တွန်းဖယ်လိုက်ပြီး နေရာမှ ထရပ်ကာ ...

“မင်း လျှောက်မတွေးအောင် ငါဘက်က သက်သေမပြနိုင်ဘူး





ကမ္ဘာ .. အဲဒီအတွက် ဆောရီးပဲ ..”

ပြန်ငုံ့ကြည့်ရင်း တစ်ခွန်းချင်း ပြောနေသော သူ့မျက်လုံးတွေက နူးရဲ လက်တောက်နေသည်။ ပြီးတော့ မလွှဲဖယ်ခဲ့ဘဲ အတန်ကြာ ဒီတိုင်း ရပ်ကြည့်နေခဲ့ပြီး ...

“မင်း ကိုယ်နဲ့ လက်မထပ်ခင်အချိန်ထိ စဉ်းစားခွင့် ရှိတယ် .. ဘယ်အချိန်မှာ နုတ်ထွက်သွားသွား .. မင်းကို ဖြုန်းတီးသုံးစွဲခွင့် ပေးထား ခဲ့တဲ့ ငွေကြေး ပစ္စည်းတွေနဲ့ ပတ်သက်ပြီး ဘာမှ ထည့်သွင်းစဉ်းစားဖို့ မလိုဘူး ..၊ တရားဝင် လွှဲပြောင်းပေးမယ့် ငါ့ရဲ့ဇနီးအဖြစ် ပိုင်ဆိုင်ခွင့် တွေကတော့ လက်ထပ်ပြီးတဲ့ နောက်နေ့မှာ ရမယ် ..”

“လက်မထပ်ဘဲနဲ့ ဘာဘာ က ကိုကို ချပေးသမျှကို ထင်တိုင်း သုံးဖြုန်းပစ်ခဲ့ရင်ရော ..”

“မေးဖော်ရတဲ့အတွက် ကျေးဇူးပဲ .. ဒါပေမယ့် မင်းလို မမေးဘဲ မင်းထက်သုံးတဲ့ မိန်းမတွေကိုတောင် ကိုယ် တစ်ခွန်းမှ မတားခဲ့ဘူး.. မင်း စိတ်ချမ်းသာသလို နေပါ .. ပြဿနာ မရှိဘူး ..”

“ဟာ!... ကိုကိုရာ .. အရမ်း ရက်စက်တာပဲ .. အဟွန်း ..”

အိပ်ရာခင်းပေါ်မှာ ပုံပုံလေး ခွေချလိုက်လျှင် ခပ်တွန့်တွန့် ကောက်ကွေ့နေသည့် ဆံနွယ်တွေက ဖြူနုသည့် မွေ့ရာထက်မှာ ဖြန့် ခင်းလိုက်သလို ဖြစ်သွား၏။

ပြီးတော့ စောင်းလျက်လေးကနေ မွေ့ရာကို လက်ဖဝါးလေး တွေနဲ့ ပွတ်သပ် ဖဲ့ယမ်းရင်း ...

“ဘာဘာ ကိုကို့ အကြင်နာကိုပဲ လိုချင်တာပါ .. ကိုကိုနဲ့ပဲ နေ ချင်တာ သိလား .. ကိုကိုကသာ ကြင်နာမယ်ဆိုရင်လေ ကိုကို့ရဲ့ အနမ်း လေးတစ်ချက်က ဘာဘာ့ ဘဝလောက် တန်ဖိုးကြီးသွားမှာ ..”

သူမကို ငုံ့မိုးစိုက်ကြည့်ရင်း မင်းစက်အာဏာ က အခန်းပြင်ကို လျှောက်ထွက်သွားသည်။ ပြီးတော့ ဖုန်းပြောရင်း ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ ခိုင်းသမျှ တစ်သွေမတိမ်း လုပ်ထား .."

".. .. .. .."

"အေး .. ကျွဲကြီးကိုတော့ အနက်အတိုင်းပဲ ထားလိုက် .. လန်ချာခါနဲ့ မာစီးဒီးကို ချိန်းလိုက်လေ .. မဟုတ်ဘူး .. ရုပ်ပြောင်းတွေ မလုပ်ဘူး .. ဒီတိုင်းပဲ ထား ..၊ ရှေ့နေက ဖုန်းဆက်ရင် ငါနဲ့ ပြန်ချိတ်ပေး.."

"ကိုကို .."

သူ ဖုန်းပြောနေတုန်း ကမ္ဘာ ခပ်နွဲ့နွဲ့လေး လျှောက်လာကာ နောက်ကနေ သူ့ခါးကို သိမ်းကျုံးဖက်ထားလိုက်၏။

"ကိုကို ပြန်ထွက်သွားဦးမလို့လား .. မရဘူး .. ဒီတစ်ခါ အတူတူ ပြန်လိုက်မှာပဲ .. ဘာဘာ ကိုကိုနဲ့ အတူတူ သွားမယ် .. အတူတူ နေမယ် .. ကိုကိုနဲ့ပဲ နေချင်တယ် .. ဒီတစ်ခါ ခွဲထုတ်မထားခဲ့နဲ့ နော် .."

"ကမ္ဘာ .."

"ဘာဘာ လို့ပဲ ခေါ်ကွာ .."

"ဒီမှာ ဟော့ .. လွှတ်စမ်း မင်းလက်တွေ .."

ခါးက လက်ကို အတင်းဖြည်ချပစ်ကာ မျက်နှာချင်းဆိုင် လှည့်ပေးလိုက်ပြီး ...

"မင်း ဒါတွေ ပြောချင်လို့ သောက်စားလာတာ .. ဟုတ်လား.."

"ဟုတ်တယ် .. ကိုကို့ကို ဧး လို့ မထင်ချင်လို့ .. ကိုကိုကလည်း ဒီလောက်တော့ စိတ်ခိုင်မှာ မဟုတ်ဘူး ထင်လို့လေ .."

"အဲဒီတော့ မင်း ဒီည မပြန်ဘဲ ကိုယ်နဲ့ ဒီမှာ နေမယ်ပေါ့ .."

"အင်း .."

သူမရဲ့ မျက်တောင်ဖျားတွေ မှေးစင်းနေသည့် မျက်နှာလေးကို စူးစိုက်ကြည့်ကာ ...

"ကမ္ဘာ .. မင်းရဲ့မျက်နှာမှာ ငါ့ရဲ့ အချစ် အမုန်း နှစ်ရပ်စလုံး ပေါ်နေတယ် .. အဲ့ဒါကြောင့် မင်းနဲ့ ပတ်သက်ပြီး ငါ တစ်ချက်တော့





တွေဝေနေမိတာ .."

"ဟင် .. ကိုကို ဘာတွေ ပြောနေတာလဲ .."

"ငါ့ဘဝမှာ မုန်းတီးစက်ဆုပ်စရာ အကောင်းဆုံးက ဘာလဲ သိလား .."

"ဟင့်အင်း .. မသိဘူး .."

"အဲဒီလို ရမ္မက်စိတ်တွေ ဝေနေတဲ့ မျက်နှာမျိုး .."

"ကိုကို နော် .. ဘာဘာ ကိုကို့ ကို ချစ်လို့ .."

"ဟော့ .."

သူ့ကို ထိကိုင်သမျှ ဖယ်ချနေမိရင်း သူမကိုယ်လေး ပက်ခနဲ လန်ကျသွားတော့ လက်တစ်ဖက်ကနေ ပြန်ဆွဲထားမိကာ ...

"မင်း အိပ်ချင်တယ်မို့လား .. လာ .."

"အ!.."

မိန်းမငယ်လေးရယ်လို့ မညှာတာဘဲ သူ ဒီတိုင်း ဆွဲခေါ်လာခဲ့သည်။ ပြီးတော့ မွေ့ရာပေါ်ကို တွန်းလှဲပေးလိုက်ကာ ...

"အခု အိပ်လို့ ရပြီ .."

"ကိုကိုကရော .."

"မင်းအိမ်က ဖုန်းလာရင် ကိုင်ပေးဖို့ ထိုင်စောင့်နေမယ် .."

"ဟာ .. ခေါက်ထားလိုက်စမ်းပါ ကိုကို ရာ .. ဘာဘာ ကြောက်ရမယ့်လူ မရှိပါဘူး .."

"မင်းကို တကောက်ကောက် လိုက်ထိန်းနေတဲ့ မင်းရဲ့အစ်မ ဆိုတာရော .."

"အခု သူ့ကို မျက်ခြည်ဖြတ်ထားပြီးပြီ .. ဘာဘာ ဘယ်သွားတယ်ဆိုတာ မသိဘဲနဲ့ သူ ဘယ်လိုလုပ် လိုက်မှာလဲ .."

"အဲဒီလို အထိန်းအကွပ်မဲ့နေတာ မင်း ဂုဏ်ယူလား .."

"လွတ်လပ်တာပါ ကိုကိုရဲ့ .. အရမ်း ဘောင်ခတ် ချုပ်ချယ်ထား



www.burmeseclassic.com

www.burmeseclassic.com



ရင် ရှန်းကန် ဖောက်ထွက်ကြတာပဲဆိုတာ လူကြီးတွေက နားမလည်
ကြဘူး .. ဖိအားများလွန်းရင် တွန်းကန်မှုဆိုတာ ရှိလာမှာပဲလေ .. အဲဒီ
လုပ်ပြနိုင်တာကိုပဲ ဘာဘာ က ကျေနပ်တာ .."

"ဒါဆို မင်းကို မေးချင်တယ် .. မင်းရဲ့ ပြင်းထန်ဆုံး ရည်ရွယ်ချ
က ဘာလဲ .."

"ဘာဘာ ချမ်းသာချင်တယ် .."

BURMESE CLASSIC

"အခု မင်း လိုချင်တာ .. ဖြစ်ချင်တာတွေ ကိုယ် ချပေးထားပေ
အဲ့ဒီဆန္ဒ ပြီးမသွားဘူးလား .."

"လိုချင်တာတွေ့ရပေမယ့် ဖြစ်ချင်တာတွေ ဘယ်မှာ ဖြစ်ရလို့လဲ
ကိုကို .."

မွေ့ရာပေါ်မှာ ပစ်ချလိုက်တဲ့အတိုင်း ပက်လက်လေးကနေ သူ
စကားတွေ အဆက်မပြတ် ပြောနေ၏။ မျက်ခွံ လေး၍ မျက်ကြောင်
နေသည်။ စကားသံတွေကလည်း မှုမမှန် ..။

ဒါပေမယ့် သူမ သတိလက်လွတ် မူးနေတဲ့အထိ မဆိုးသေးမှ
မင်းစက်အာဏာ က သိနေသည်။ သူမရဲ့ နှုတ်ဖျားက ထွက်ကျလာသ
စကားလုံးတိုင်းက သူ့မျက်နှာကို တစ်စုံတစ်ရာနဲ့ ပစ်ပေါက် ရန်စေ
သကဲ့သို့ တစ်စစ နီရဲ တင်းမာလာသော မျက်နှာတစ်ပြင်လုံးက ကျွ
မျက်နှာလေးထက်မှာ ..။

"ထိုင်ပါ ကိုကိုရဲ့ .. မတ်တတ်ကြီး ရပ်ပြီး ဘာကြည့်နေတာလဲ
ဘာဘာ ကိုကို့ကို အတင်းမချစ်ခိုင်းပါဘူး .. အခု ကိုကို မေးနေတာ
ကိုပဲ ဘာဘာ ဖြေနေတာပါ .."

သူက ခါးထောက်လိုက်ပြီး ခေါင်းညိတ်၏။

"ဟုတ်ပြီ .. ဆက်ပြော .."

"ကိုကိုက ပြန်မေးလေ .."

"မင်း ဖြစ်ချင်တာတွေ မင်း ပြောနေတာလေ .."





"ဟုတ်တယ် .. ဘာဘာ က ကိုကိုနဲ့လက်တွဲပြီး မိုးအဆုံး မြေ
ဆုံး လျှောက်ချင်တာ .. ကိုကို့ရင်ခွင်ထဲမှာ ပျော်ချင်တာ ..။ ကိုကို
ယ် .. ကိုကို ရက်စက်သမျှ သည်းခံဖို့ဆိုတာလည်း ကောင်းကွက်တစ်
ကွက်တော့ ရှိထားမှပေါ့ .. အခု ကိုကို စီးကျောသမျှ ခံနိုင်ရည်ရှိဖို့
ဘာဘာ က ဘယ်လိုအင်အား မွေးရမှာလဲ .."

"တွေးကြည့်ပေါ့ .. မင်းကို လက်မထပ်ခင်ထိ စဉ်းစားဖို့ ခွင့်ပေး
ထားတာပဲ .. မင်းကို ငါ ပေးထားသမျှ ငွေကြေးချမ်းသာတွေကို မင်း
ကြိုက်တာ လုပ် .. ထင်သလို သုံး .. မင်းရဲ့ အိမ်ကို ပံ့ပိုးချင်သေး
လည်း .."

"ဟင့်အင်း .. အိမ်အကြောင်း ထည့်မပြောကြေး ကိုကို ရာ ..
စိတ်ပျက်လွန်းလို့ပါ .."

"ဘာကြောင့်လဲ .. ဘယ်သူ့ကို စိတ်ပျက်တာလဲ .."

"မသိဘူး .. ဒါပေမယ့် သူတို့ကို မြင်တိုင်း စိတ်မချမ်းသာဘူး.."

"မင်းအစ်မကို မင်း နည်းနည်းမှ သံယောဇဉ်မရှိဘူးလား ကမ္ဘာ.."

"ရှိတာပေါ့ ကိုကို .. မမကို ဘာဘာ ချစ်တာပေါ့ .. ဒါပေမယ့်.."

ကမ္ဘာ က ခပ်ချဉ်ချဉ် မဲ့ပြုံးလေးနှင့် နဖူးကို လှန်၍ ဆံပင်တွေထဲ
က်ထည့်ဖွနေရင်း ...

"ဘာဘာ နဲ့ လုံးဝ ဆန့်ကျင်တဲ့ ဒီဖိုင်းနဲ့ ဘာဘာ့ နောက်က
ကောက်ကောက် လိုက်နေတာကို မုန်းတယ် .. သူ အရမ်း နုံအပြနေ
ဘာဘာ က မိန်းမဆိုးလေး ဖြစ်သွားရတယ် .. အဲ့ဒါတွေကို .."

"သူက တမင် လိုက်လုပ်နေတာလား .."

"မသိဘူး .. ဒါပေမယ့် ရှက်အောင် ပြောလည်း မရှက်ဘူး ..
အောင် ပြောလည်း မနာဘူး .. ဘာဘာ့ သူငယ်ချင်းတွေက ပြောကြ
ယ် .. ဘယ်ညီအစ်မမှ ဒီအရွယ်ချင်း ဒီလောက် သည်းမခံဘူးတဲ့ ..။
အစ်မ သိပ်လည်တာတဲ့ .. ဟွန်း သူတို့ ပြောကြသလိုပဲလေ .. အချိန်



www.burmeseclassic.com

www.burmeseclassic.com



တန်တော့ သူက နာမည်ကောင်းရပြီး ဘာဘာ က နာမည်ပျက်တယ် ဒေါ်လေးကအစ မမကို သနားတယ် တဲ့ …၊ ဘာဘာ့ ကိုတော့ မိမနိုင် ဖမနိုင် တဲ့’ …”

“အဲဒါတွေကြောင့် မင်း အိမ်ပြန်မအိပ်ဘဲ နေခဲ့ဖူးသလား …”

“ဟင်!… ဟင့်အင်း … ဘာဘာ အဲ့လိုတော့ မနေခဲ့ဖူးပါဘူး … နေလို့လည်း မရဘူး …”

“ဘာဖြစ်လို့လဲ …”

“ဘာဘာ ဆယ့်နှာရီကျော်လောက်ထိမှ အိမ်ပြန်မရောက်ရင် မေ က လမ်းပေါ် ထွက်လိုက်ရှာတာကိုး … သူ့ကို ပကြောက်ပေမယ့် သူ့ ကြောင့် လူ့သိပြီး ပတ်ဝန်းကျင် ကဲ့ရဲ့မှာစိုးတော့ ပြန်ရတာပေါ့ …”

“ဒါဆို အခု … ရှစ်နာရီ ခွဲနေပြီ … ထ … ပြန်မယ် …”

“ဟာ … ကိုကိုကလည်း ဒီည …”

“မအိပ်ရဘူး …”

“ကိုကို နော် …”

သူမကို မွေ့ရာပေါ်က ဆွဲထူလိုက်ပေမယ့် အလိုက်သင့် ပါမလာ ဘဲ ပြန်ရုန်းပြီး ဘုန်းခနဲ ပြန်လှဲချ၏။

“မပြန်တော့လည်း ဘာဖြစ်လဲ … ခိုးရာလိုက်ပြေးသွားပြီ ထင်တော့ ပိုတောင် ကောင်းသေးတယ် …”

“မင်းကို ငါ ခိုးမပြေးဘူး ကမ္ဘာ … ငါအတွက် အလိုအပ်ဆုံးက မင်္ဂလာဦးညပဲ … အဲဒီညကို ဖြတ်သန်းဖို့က ငါ့ရဲ့ အနာဂတ် … ငါ့ရည် ရွယ်ချက် … ဆန္ဒအားလုံးကလည်း အဲဒီညပဲ …”

“ကဗျာဆန်လိုက်တာ ကိုကိုရာ … ဒါဆိုလည်း ကိုကို မခိုးရင် ခနလေ … ဒီညတော့ ဘာဘာ ဒီမှာပဲ …”

“မအိပ်ရဘူး … ထ …”

သူမကို ကားပေါ်ရောက်အောင် ဆွဲထူ ဖေးမခေါ်ခဲ့ရင်း ခြံထဲက





င်းထွက်ခဲ့ကာ …

“ဒီမှာ ကမ္ဘာ … နောက်တစ်ခါ မင်း မူးပြီး ဒီကို ရောက်လာခဲ့ရင် ဒီ မက်ဆေ့ချ်ပို့ပြီး မခေါ်နဲ့ … မင်းရဲ့မက်ဆေ့ချ်ကြောင့် ငါ လာတာ ဆမယ့် မင်းနဲ့ငါ စကားပြောချင်တာ … အိပ်ရာဝင်ဖို့ မဟုတ်ဘူး…”

“ဒါဆိုလည်း နေ့ တစ်နေ့လုံး အချိန်တွေ ရှိတာပဲ ကိုကို … ကိုကို နေ့ဘက်ကျတော့ ဖုန်းဆက်တာတောင် မကြိုက်ဘဲနဲ့ ဘယ်လိုမှ ည်း ဆက်သွယ် မရ …၊ တွေ့လည်း မတွေ့ … ညဆိုတာက …”

“မင်း တစ်သက်လုံး ညဘက်မှာပဲ အလုပ်လုပ်လာတာမို့လား …”

“ဘာ … ကိုကို နော် …”

ရန်တွေ့တာတောင် မျက်ကြောတွေ စင်းနေပြီမို့ လေသံ မမာနိုင်…၊ ကူရှင်မှာ လျော့ရိလျော့ရဲ မှီရင်း ပြောချင်ရာတွေ ပြောနေ၏။

“ဘာဘာ ကိုယ့်ကိုယ်ကိုယ် ထိန်းသိမ်းလာခဲ့တာ သိလား … ကိုကို့ ကျမှ …”

“မင်း ကြည်ဖြူချင်နေပေမယ့် ငါ့အတွက် မလိုဘူး … အခု မင်း မ စိတ်မပူရအောင် အိမ်နားထိ ငါ ပြန်ပို့ပေးမယ် …”

“ဟင် … ကိုကို လိုက်ပို့မယ် …”

ကမ္ဘာ မျက်လုံးများပင် ကျယ်လေသည်။ ထို့ပြင် ကိုကို့ကားပေါ် သူမ ပါလာခဲ့ရသည့်အဖြစ်ကိုပါ သတိထားမိသွားကာ …

“ကိုကိုကိုယ်တိုင် ပြန်ပို့ပေးမှာပေါ့ … အံ့ဩစရာကြီး … ဒါ … ဆို … ဓာပါသေးတယ် ကိုကိုရဲ့ … ဘာဘာ သီချင်းဆိုခဲ့ဖူးတဲ့ဆိုင်မှာ ဘာ နဲ့ ကိုကို …”

“မင်းကို အိမ်က စိတ်ပူနေမှာစိုးလို့ ခေါ်လာတာ … ဘယ်ကိုမှ ဖို့ စိတ်မကူးနဲ့ …”

“ကိုကို့ …”

ဘာဘာ က လှဲနေရာကနေ ငုတ်တုတ် မတ်မတ်ထိုင်ဖို့ ကြိုးစား

www.burmeseclassic.com

www.burmeseclassic.com



ရင်း ...

"ကိုကိုက ဘာဖြစ်လို့ ဘာဘာ့ ထက် ဘာဘာ့ အိမ်ကိုပဲ စိတ်ဝင်စားနေရတာလဲ .. အိမ်က စိတ်ပူတာကို ဘာဘာ ရင်ဆိုင်ရမှာ ...၊ မမ ဘာပြောပြော .."

မမကို ပါးစပ်ထဲ ထည့်ပြောမိကာမှ တစ်ခုခုကို တွေးမိသွား၏။ လက်ညှိုးလေး တန်းလန်းနှင့် ကမ္ဘာ မျက်တောင် နှစ်ချက်လောက် ခတ်၏။ ပြီးမှ သူ့ကို ဖျတ်ခနဲ လှည့်ကြည့်၍ ...

"ကိုကို မမကို မြင်ဖူးလား .."

"ဘာလုပ်မလို့လဲ .."

"ကိုကိုက မမအကြောင်း ပြောတိုင်း စိတ်ဝင်စားတယ်လေ - အဲ့ဒါ .. အဲ့ဒါ မမကိုများ မြင်ဖူးထားလို့လား .."

"မြင်ဖူးတော့ ဘာဖြစ်သွားနိုင်လို့လဲ .. မြင်မြင်ချင်း မူးမိုက် ရူးသွပ်လောက်အောင် လှနေလို့လား .."

"အဟွန်း .. ဟွန်း .."

ထိုအခါကျမှ ကမ္ဘာ က သွားတန်းလေးတွေ ပေါ်အောင် ရယ်ကာ လက်ဝါးခါပြ၏။

"လုံးဝ မဟုတ်ဘူး .. လုံးဝ မလှဘူး .. အဟွန်း .. ဒါပေမယ့် ကိုကိုက ပုံတုံးတုံးကိုများ သဘောကျသွားသလားလို့ .."

နှုတ်ခမ်းတို့ကို ဖိစေ့ထားရင်း သူ့မျက်နှာမှာ ပြုံးယောင်သမ်း၏။ စိတ်ထဲမှာ ပြောနေတာတွေကတော့ အများကြီးပါ ..။

သူ့ကြောင့် မင်း ချမ်းသာရာရဖို့ ရှိနေသေးတာ သိရင်တော့ မင်း သူ့ကို ကျေးဇူးတင်တတ်လာမှာပဲ ကမ္ဘာ ..၊





အခန်း(၁၉)

ဘုရားမှာ အေးချမ်းတဲ့နေရာလေး ရွေးပြီး တရားထိုင်နေမိသည်။ ဒါပေမယ့် စိတ်တွေက စုစည်းနိုင်ခြင်း ကင်းမဲ့နေကြ၏။

ခုတစ်လော ညီမလေး ညဥ့်နက်မှ ပြန်လာတတ်တာကို စိတ်ဆက်သွားလိုက် .. လက်က လှုပ်လိုက်တိုင်း နာနေတာကို သတိထားမိနေလိုက် ..။

အဆိုးဆုံးက သူမ အဖျားဝင်နေသဖြင့် အလုပ်ကောင်းကောင်း လုပ်နိုင်ခြင်း ..၊

"ဖုန်းကလည်း ခေါ်လိုက်ရင် စက်ပိတ်ထားတယ်ချည်းပဲ အလွှာရယ် .. အထည်တွေ ပြတ်နေပြီလေ .. တစ်နေ့ သုံးလေးစုံလောက်နဲ့ ဘယ်လိုလုပ် ဖြစ်မှာလဲ .."

အထည်ဆိုင်က မိတ်ဆွေတွေ အိမ်ထိ လိုက်လာကြတဲ့ပုံရိပ်တွေ.. ညည်းညူနေကြတဲ့ စကားသံတွေ ..၊ အားလုံးသော စိတ်ညစ်စရာ အပေါင်း ခညောင်းလျက် .. တရားထိုင်နေခြင်းက စိတ်ညစ်စရာတွေ



www.burmeseclassic.com

www.burmeseclassic.com



ထိုင်စဉ်းစားနေတာနဲ့ တူနေပြီလား ...၊

မဟုတ်ဘူး ...၊ စိတ်ကို ပြန်စုစည်းစမ်း ...၊

နှာသီးဝလေးကိုပဲ ကြည့်နေ ... ဟုတ်ပြီ ...၊ ထွက်တယ် .. ဝင်တယ်...၊ ထွက်တယ် .. ဝင်တယ် ...၊ ငါဟာ အေးချမ်းစိမ်းစိုနေတဲ့ လှပတဲ့ တောအုပ်လေးထဲမှာ အေးအေးချမ်းချမ်း ထိုင်နေတယ် .. ငါ့မှာ ဒေါသ လောဘတွေ မရှိဘူး .. မရှိတော့ဘူး ...၊ ဘယ်သူ့အတွက်မှလည်း ပူပင်သောက မရှိတော့ဘူး .. ငါ့ တစ်ယောက်တည်း အေးချမ်းစွာ ရှိနေပြီ...။

အလွှာ အရာအားလုံးကို မေ့လျော့သွားခဲ့၏။ ထိုအချိန်မှာ မိုးဖွဲလေးတွေ ကျလာကြသည်။ သူမ ဒါကိုလည်း မသိ ...၊

မိုးရွာနေသည့်အသံ ဆူညံလာကာ သူမကိုယ်မှာ ရေစက်တို့ ရိုက်ပုတ်ဖန်များလာခဲ့ရင်း စိုရွှဲလာမှ ...၊

"ဟင်!..."

သူမ မျက်လုံးတွေ ဖွင့်လိုက်တော့ ဘေးမှာ ခြေဖျားထောက်ထိုင်ရင်း ထီးမိုးပေးနေသူကို မယုံနိုင် ...၊

"ရေငွေ့ .."

"ဟုတ်တယ် .. မင်းကို ကိုယ် ခွဲမွေ့သွားမလို့ပဲ .. တော်ကြာ သာသနာ့ဖျက် ဖြစ်မှာစိုးလို့ .."

မိုးတွေက မှောင်နေကာ သည်းသည်းမည်းမည်းတော့ မဟုတ်ပေမယ့် သည်းတော့ သည်းနေပြီ ဖြစ်သည်။

သူ ထီးမိုးပေးထားတာတောင် ကျောက်ပြားတွေကနေ ပြန်ခုန်တက်သည့် ရေစက်တွေနှင့် ဘေးက စင်တာတွေကြောင့် သူမကိုယ်မှာ စိုရွှဲနေလေသည်။

"ထလို့ ရရဲ့လား .."

"အင်း .. ခြေထောက်တွေ ကျင်နေတယ် .. ခဏလေး နော် .."

မတ်တတ်ရပ်ပြီး ခြေမလှမ်းဘဲ ခဏ နေရသေးသည်။ ထိုစဉ် မိုး



တွေ သည်းမည်း အော်ချလာ၏။

"ထီးက သေးတယ်ကွ .. မင်း စိုကုန်မှာပဲ .. ခဏလောက် နားမလား .."

"မနားတော့ဘူး .. အိမ်ပဲ ပြန်တော့မယ် .."

ကိုယ်တစ်ပိုင်းမှာ ရေထဲမှာ နစ်လာသလို ဖြစ်နေသဖြင့် နဂိုတည်းက အဖျားဝင်နေသည့်အရှိန်ကြောင့် ကိုယ့်ကိုယ်ကိုယ် သိနေသည်။

"ရှင်လည်း စိုနေပြီ .. ပြန်တော့လေ .."

"မင်းက မစိုလို့လား .."

"ကျွန်မက အိမ်တန်းပြန်မှာ ၊ ရှင်က သွားလာဖို့တွေ ရှိဦးမှာပေါ့ .."

"ဟုတ်တယ်.. မင်းကို လာခေါ်တာ.. ဘုရားသွားတယ် ပြောလို့.."

"ဟင် .. ဒေါ်လေးနဲ့ တွေ့လိုက်လို့လား .."

"အင်း .. ကိုယ် ရောက်သွားတော့ သူ အိမ်တံခါးပိတ်ပြီး အပြင်ထွက်လာတာ .."

ဒေါ်လေးမျာ တရားစခန်းဝင်တာတောင် တူမတွေကို နောက်ဆံတင်းနေရသဖြင့် ညညတော့ အိမ်ပြန်အိပ်ပေးရှာ၏။

ဒါတောင် ဒေါ်လေး မရှိတော့ သူမ တော်တော် အားငယ်ခဲ့ရတာပါ ...၊ ဘုရား တရားအလုပ်လေးတော့ လုပ်ပါရစေလို့ တောင်းဆိုလွန်းသဖြင့် ခေါင်းညိတ်ပေးခဲ့ရတာ ဖြစ်သည်။

"ဒေါ်လေးက အိပ်ဧုထဲ လဲနေတဲ့အချိန်တွေက များတော့ .. သူ ထူထူထောင်ထောင် ရှိနေတုန်းလေး တရားစခန်း ဝင်ပါရစေ ဆိုလို့လေ .."

"ကောင်းပါတယ် .. နောက်ဆိုလည်း မင်း ကိုယ့်ဘာသာ နေရတော့မှာပဲ .."

"ဟင်!..."

www.burmeseclassic.com



သူက ပူးကပ် ထိုးဆောင်းပေးရင်း မျက်နှာငုံ့၍ ...

"သူလည်း တစ်နေ့ ခွဲသွားမှာပဲ .. မင်းလည်း အိမ်ထောင်ကျ
ရင်လေ .."

"ကျွန်မ ညီမလေး ရှိပါသေးတယ် .. တစ်ယောက်တည်း မဟုတ်
ပါဘူး .."

"သူက အခု ဘယ်မှာလဲ .."

မနက်စာ စားပြီးတာနဲ့ ထွက်သွားတတ်ပြီး တစ်ခါတလေ တစ်နေ
ကုန် ပြန်မလာဘဲ ညဥ့်နက်မှ ပြန်လာတဲ့ရက်တွေလည်း များခဲ့ပါပြီ...၊

ညီမလေးကို သူမ မအုပ်ချုပ်နိုင်ခဲ့ပေ ...၊ ထိုစိတ်ကြောင့် သူမ
ကိုယ့်ကိုယ်ကိုယ် ခွင့်မလွှတ်နိုင် ...။

"ဘာဖြစ်သွားတာလဲ ရေလွှာ .."

"ဟင့်အင်း မဖြစ်ပါဘူး .."

"ဆောရီးကွာ .. မင်းညီမအကြောင်း မေးမိတိုင်း မင်း ခံစားရတာ
ကိုယ် သတိထားမိပါတယ် .. ဆောရီးပါ .."

"မဟုတ်ပါဘူး .. ရပါတယ် .."

"မိုး အရမ်းပက်နေတယ် .. ဒီဘက်တိုး .."

"စိုနေပြီပဲဟာ .. ရပါတယ် .."

"စိုနေပြီပေမယ့် အပေါ်ပိုင်းတော့ သက်သာတာပေါ့ကွ .."

"အို!..."

ဇရပ်ဆောင်တစ်ဆောင်၏ အတက်အဆင်းခေါင်းမိုးရိပ်မှာ ခဏ
နိုဖို့ ပခုံးကနေ ဆွဲဖက်ကာ အရိပ်ထဲဝင်လိုက်သဖြင့် အလွှာ လန့်ဖျပ်
သွားသည်။ ပြီးတော့ သူက ဘာမှ မဟုတ်သလို လွှတ်လိုက်ကာ ...

"သူများထီးတွေနဲ့ ငြိ .. မိုးက ပက်နဲ့ သွားလို့လာလို့လည်း
မကောင်းဘူး .. ခဏပဲ .."

သူ့ရင်ခွင်ထဲမှာ ထိကပ်နေရတာကို အလွှာ မလိုချင်ပါ ...၊ ထို့ပြင်





ဘုရားရင်ပြင်ပေါ်မှာ ကိုယ်နဲ့ သိကြတဲ့လူတွေလည်း ရှိနေနိုင်သေးသည်။

"ဘာတွေ တွေးနေတာလဲ .. ရပြီ .. လာ .."

ထီးတစ်ဖက်နဲ့ လက်ကို လာကိုင်တော့ အလွှာ ရုန်းပစ်လိုက်ကာ...

"ရှင့်ဘာသာ သွားတော့ .. ကျွန်မ ဓာတ်လှေကားက ဆင်းတော့
မယ် .."

"ဓာတ်လှေကားက ပိတ်ထားတယ် .."

သူ တကယ်ပြောနေတာလားလို့ ပြန်ကြည့်မိသေးသည်။ ဓာတ်
လှေကားက အချိန်နဲ့ ဖွင့်တာလား ...၊ ပျက်နေလို့ ပိတ်တာလား .. ဒါ
လည်း သူမ သေချာ မသိပေ ...၊

ဓာတ်လှေကားဘက်မှာ ကိုယ်ပိုင်ကားတွေနဲ့ တက္ကစီတွေပဲ ရှိ
သည်။ ဘတ်စ်ကားစီးပြီး ဘုရားကို ရောက်လာတဲ့ လူတန်းစာတွေ
အတွက် ဓာတ်လှေကားစီးဖို့က အဆင်မပြေ ...၊

ထို့ကြောင့် ဓာတ်လှေကား ဖွင့်ခြင်း ပိတ်ခြင်းတွေ သဘာဝကျ
သလား .. မကျဘူးလားတွေ သူမ မသိပေ ...၊

"ရေငွေ့ .."

"အင်း .. ဘယ်လိုနည်းနဲ့ ပြန်ခိုင်းမလို့လဲ .."

"မဟုတ်ပါဘူး .."

မိုးသံတွေက ရှိနေသေးသဖြင့် စကားပြောလို့က မကောင်း ...၊
စကားလုံး မသဲကွဲတိုင်း သူ့မျက်နှာက ငုံ့လာတတ်သလို ကိုယ်ကလည်း
မော့ပြောရသည်။

ဒီပုံစံ ဖြစ်နေတာကြီးကို စိတ်ထဲမှာ ကျဉ်းကျပ်နေကာ ...

"ရေငွေ့ သိလား .."

"မသိဘူးလေ .. မင်း ဘာမှမှ မပြောသေးတာ .."

"ဟုတ်တယ် .. ဒီက ပြောမလို့ .."

သူက ရယ်သည်။ ပြီးတော့ နှုတ်ခမ်းစူမလိုလေး ဖြစ်သွားသည့်



www.burmeseclassic.com

www.burmeseclassic.com



သူမ မျက်နှာလေးကို စူးစိုက်ကြည့်ရင်း ...

"ပြောလေကွာ .."

"ကျွန်မ ဘုရားမှာ တရားလာထိုင်ရတဲ့အထိ ဖြစ်ရတာ ဘာဖြစ်လို့လဲ သိလား .."

"သိတယ်လေ .. တစ်လောကလုံးရဲ့ ပူပင်သောကတွေ မင်းခေါင်းပေါ်မှာ ရွက်ထားတာပဲ .. လူတွေ တရားရိပ်ကို ပြေးနိုဖို့ သတိရလာရင် သောက ဖိစီးလာလို့ပဲ .."

"ဟုတ်တယ် .. ရှင်က အားလုံးကို ကြိုသိနေတာပဲ နော် .."

"ရှိသေးတယ် .. အခု မင်းရဲ့သောကတွေထဲမှာ ကိုယ်နဲ့အတူ သွားလာမနေချင်တာတွေ ပါတယ်လို့ ပြောမယ် .. နောက် လာမပတ်သက်ပါနဲ့လို့ ပြောတော့မယ် .. အဲ့ဒါ ခုပဲ မင်း ပြောတော့မှာ .."

အလွှာ သူ့မျက်နှာကို အံ့ဩသည့်မျက်ဝန်းလေးတွေနှင့် မော့ကြည့်၏။ သူက တမင် ကင်းထားသည့်မျက်နှာနှင့် ...

"ဒါပေမယ့် ကိုယ်ကလည်း မရမက ပတ်သက်ဖို့ ဆုံးဖြတ်ထားတယ် .."

"ဘာ!..."

"သွားမယ် .."

အလွှာ ဘာမှ ထပ်မေးချိန် မရလိုက်ဘဲ သူ ဆွဲခေါ်သွားတဲ့အတိုင်း ပါသွားခဲ့လေသည်။ ရုန်းကြည့်ပေမယ့် မြဲမြဲစွာ ဖိဆုပ်ကိုင်ထားသည့် သူ့လက်တစ်ဖက်က လွတ်မြောက်နိုင်ဖွယ် မမြင်သည်မို့ ...

ဒါပေမယ့် သူမတို့ကို မြင်လိုက်သည့် တင်ဇာ နဲ့ ရှုပ်ရှုပ် တို့က အလှမ်းဝေးသည့်နေရာကနေ တအံ့တဩ ..၊

"ဟယ်!... ဟိုမှာ .. ဟိုမှာ တွေ့လား .."

"အေးဟဲ့ .. ဟုတ်တယ် .. အဲ့ဒါ ကမ္ဘာ့ အစ်မပဲ .."

"ဟုတ်သမှ လွဲစရာအကြောင်းကို မရှိဘူး .. အရပ်မြင့်မြင့် ..





ဆံပင်ရှည်ရှည်နဲ့ ဖတ်သီဖတ်သီ ပြေးလွှားနေရတဲ့ စတိုင်လ်မျိုး သူ့မှာပဲ ရှိတာ .."

"မှ ပြေးတာကတော့ အမှီသဟဲနဲ့ ပါလား .. အံ့ဩစရာပဲ နော်.."

ပိုပြီး အံ့ဩနေသူက ရှုပ်ရှုပ် ပဲ ဖြစ်၏။

"ဘေးကတစ်ယောက်က ဖြောင့်လှချေလား .."

"သေချာ မမြင်ဘဲနဲ့တောင် သိသာနေတာ နော် .. ဝတ်စားထားပုံကလည်း တကယ့် ဂရိတ်မှန်း သိသာတယ် .."

"ငါဖြင့် မယုံနိုင်သေးဘူး နော် .. ငါတို့ လိုက်ချောင်းကြည့်ရင် ကောင်းမလား .."

"အဲဒီအကြံ အစတည်းက ပေါ်ပါလား .. မိုးက ရွာနေတော့ လူတွေက စုရုံး စုရုံးနဲ့ လုပ်မနေနဲ့တော့ ..၊ နေဦး ငါ ဟိုမိန်းမဆီ ဖုန်းဆက်ဦးမယ် .."

"ဘာလုပ်မလို့လဲ .."

"သူ့အစ်မ သူ့ကိုကျော်ပြီး ကြိတ်ပုန်းခုတ်နေတာ လေ .."

"ဘာဆိုင်လို့လဲဟာ .. ဒါ ဟုတ်ချင်မှလည်း ဟုတ်မှာပါ .. ဟုတ်တယ်ဆိုရင်လည်း ကြက်ကန်း ဆန်အိုးတိုးတာမျိုး နေမှာပါ .."

"အင်း .. ဟုတ်မှာပါ .. ကြက်ကန်းမို့လို့ နော် .. တိုးလိုက်တဲ့ ဆန်အိုးကြီးက ဗိုလ်ခြေတစ်သောင်းစာ ထားတဲ့ ဆန်အိုးကြီးလား မသိဘူး .. ရှယ်ပဲ .."

ဖုန်းကိုင်ရင်း ပြောရင်းနှင့် စကားပြောပြီးတော့ ရယ်နေသေးသည်။

"မှတ်ထား .. ညီမကို လိုက်လိုက်ချုပ်ချယ်နေတာ သူ့ဟာသူ အကွက်ရှေ့နေတာမှန်း ဟိုတစ်ယောက် သိသွားပြီ .."

"နင်က ဘယ်သူ့ဘက်ကလဲ .."

"ဘယ်သူ့ဘက်ကမှ မဟုတ်ဘူး .. အစက ကမ္ဘာ့ကို ကြည့်မရ



www.burmeseclassic.com

www.burmeseclassic.com



တာ .. အခု သူ့အစ်မကို ပိုဆိုးတယ် .. အဲ့ဒါပေါ့ 'အုံ့ပုန်းထတော့ ပြည်ကြွတယ်' ဆိုတော့ .."

"ဟား .. ဟား .. မနာလိုစိတ် .. မနာလိုစိတ် .."

"အေးပါ .. နင်ကတော့ စောဘနာ့ရှင်လေးပေါ့ .."

"အဟွန်း .. ငါလည်း ပြောမလို့ပါ .. ဒါပေမယ့် အစတည်းက ငါ ပြောဖူးတယ်လေ .. သူ့အစ်မ ရေအလှ ကလည်း ခေတ်ရဲ့ရုပ်မှ မဟုတ်တာ .."

"တော်စမ်းပါ .."

တင်ဇာ တို့က သူများကောင်းကြောင်းဆို မကြားချင် ..၊ ဖုန်းကို ထောင်ကြည့်ပြီးမှ ကျေနပ်နေကာ နှုတ်မှလည်း တီးတိုး ရေရွတ်၏။

"နောက်ဆို ဒါမျိုးတွေ့ရင် မရရအောင် လိုက်ချောင်းမယ် .. လုံးဝ အလွတ်မပေးဘူး .."





အခန်း(၂၀)

"ဟတ်ချိုး .."

အလှာ နှာချေလိုက်သဖြင့် ဖုန်းခေါ်နေရင်း သူက လှည့်ကြည့်သည်။ အလှာ ဘာမှမဖြစ်ဘူးဆိုပြီး လက်ခါပြလိုက်ကာ ...

"ဟ .. ဟတ်ချိုး .."

အင်္ကျီလဲနေတုန်းက မချောဘဲ အပြင်ထွက်လာမှ ...

"ဟတ်ချိုး .. ဆောရီး နော် .. ဆောရီး .."

"ရပါတယ် အစ်မ .. ရတယ် .. မိုးမိလာလို့ ထင်တယ် .."

"ဟုတ်တယ် .."

နှာချေလွန်းသဖြင့် မျက်စပ်လေးတွေ နီရဲကာ မျက်ရည်တွေပါ ဝဲ၏။ ပြီးတော့ မျက်နှာလေးတစ်ပြင်လုံး နီရဲနေကာ ...

"ဒါ ဘယ်လောက်လဲ ဟင် .."

"စကက်နဲ့ အင်္ကျီက နှစ်သောင်းသုံးထောင်.. ဖိနပ်ပါသေးလား.."

"ဟင့်အင်း .. အဲဒါ တို့ဟာ မဟုတ်ဘူး .."

www.burmeseclassic.com



"ဟော့ .. အဲ့ဒါ ပါတယ်လေ .."

သူ ဖုန်းပြောရင်း လှမ်းအော်တော့ ကောင်မလေးတွေ သူ့ကို လှည့်ကြည့်ကြတာ တအံ့တဩ ..၊

ရေချေ့ မျက်လုံးကလည်း အလိုမကျမှုတွေနှင့် ရှိလျက် .. ဖုန်းပြောနေသည့် စကားသံတွေကပါ မာနေ၏။

"ဟုတ်တယ် .. အားလုံးပေါင်း လေးလုံး ရှိတယ် .. အဲဒီထဲမှာ လုံးချင်းကတော့ မော်ဘီခြပဲ .. မင်း စိတ်ဝင်စားတာတွေ လိုက်ကြည့်ပြီးရင် ကိုယ့်ကို မက်ဆေ့ချ်ပို့နေဖို့ မလိုဘူး .. ဟိုအိမ်မှာ ပြန်နားပြီး စောင့်နေ .."

သူ ပြောပြီး ဒီဘက်လှည့်လိုက်တာနှင့် အလွှာ က အိတ်လေး လျက် သူ့ဆီး ရောက်နေပြီဖြစ်ကာ ...

"ရှင် ပြီးရင် သွားမယ်လေ .."

"ဖိနပ်က ဘာလို့ မစီးတာလဲ .."

"ဒီမှာ စီးထားတာပဲလေ .."

"မင်းဖိနပ်က ရေနစ်နေပြီလေ .. ဒါကို ပြန်ခြောက်ဖို့က လန့် မှာ .. အခု အဲ့ရကွန်းနဲ့ တွေ့ရင် မင်း ကြွက်တက်လိမ့်မယ် .."

"ရ .. ဟုတ်ချိုး .."

နာခေါင်းကို ပိတ်ရင်း မျက်နှာလွှဲလိုက်သဖြင့် လူက စိုက် ဖြစ်သွားသည်။

"ချွတ်လေ .. ခု ချွတ်ပြီး လဲစီးလိုက် .."

ဖိနပ်ကို အိတ်ထဲက သူပဲ ဆွဲထုတ်ပြီး ခြေထောက်နားမှာ ချ သည်။ မိတ်ကပ်ရောင်နဲ့ ဆင်စွယ်ရောင်စပ်ကျားလေးဖြစ်ကာ နှုတ် လေးပေမယ့် သိပ်လည်း မမြင့် ..၊

စီးလိုက်တော့လည်း အနေတော်ပဲ ဖြစ်၏။ ဒီဖိနပ်ကို သူ ရွေး တင်ပေးထားလိုက်တာ အလွှာ လုံးဝ မသိလိုက်ပေ ..၊ မိုးရေတွေ စိုရွှဲ





ကြသဖြင့် အနီးဆုံးမှာ ရှိနေသော စတိုးဆိုင်ကြီးတစ်ဆိုင်မှာ အင်္ကျီဝင်ဝယ်ဖို့ သူပဲ အကြံပေးပြီး ဦးဆောင်ခဲ့သည်။

ရှော့ပင်းမောတွေမှာလို အဝတ်လဲခန်း ရှိမနေသဖြင့် အလွှာ အင်္ကျီ တစ်ခါတည်းလဲဖို့ သူပဲ တောင်းဆိုခဲ့တာ ဖြစ်သည်။

"ဒီဖိနပ်လေးတစ်ရန်ကို နှစ်သောင်းနီးပါး ပေးခဲ့ရတယ် .. ရှင် ဘာလုပ်လိုက်မှန်းကို မသိတော့ဘူး .."

"မင်း စီးဖို့ ဝယ်လိုက်တာလေ .. နှစ်သောင်းဖြစ်တော့ ဘာဖြစ်လဲ.. အင်္ကျီဖိုးတွေ ဖိနပ်ဖိုးတွေနဲ့ ပိုက်ဆံတွေ ကုန်သွားတာ ဒီမှာ အိတ်ထဲမှာ ပိုက်ဆံလေးရာပဲ ကျန်တော့တယ် .."

"ကျန်သေးလား.. ဒါဆို လေးရာတန် တစ်ခုခု ဝင်ဝယ်ရအောင်.."

ကားမောင်းနေရင်း တကယ် လှည့်ပတ်ကြည့်ပြီး ရှာနေတော့ အလွှာ က မျက်စောင်းရှယ်ကာ ...

"ကျွန်မကို ရှင် တမင် ချွန်တွန်းလုပ်နေတာမို့လား .."

"ဟင် .. ဘာကို ချွန်တွန်းလဲ .."

"ဒီလောက်တောင် ကုပ်ကပ်စုနေရလား ဆိုပြီး .."

"စုတာ ကောင်းတဲ့အလုပ်ပဲကွ .. ကိုယ်က ချွန်တွန်း လုပ်စရာ ဘား .. မင်းကိုယ်မင်း မလုံမလဲ ဖြစ်နေတာပါ .."

ပြောနေရင်း ကားရပ်လိုက်ကာ ...

"ဒီ .. ဒီ ..."

မှန်ချပြီး လမ်းဘေးက ပန်းသည်ကို လှမ်းခေါ်ကာ ...

"ပန်း လေးရာဖိုး ပေး .."

"ဒါ အကုန်လုံး ယူလိုက်ပါ အစ်ကိုရာ .. ငါးရာပဲ ပေး .."

"မလိုချင်ဘူး .. လေးရာဖိုးပဲ .."

တစ်ရာပဲ လျှော့တာကို ဈေးသည်က ပန်းတွေအများကြီး နှင့်ယူ ထားလိုက်သဖြင့် အလွှာ မျက်လုံးပြူးပျော်က ...



www.burmeseclassic.com

www.burmeseclassic.com



"နေဦး .. နေဦး .. အဲဒါတွေ အကုန်လုံးပေး .. ငါးရာပေးမယ်"

ငါးရာပြည့်အောင် ငါးဆယ်တန်လေးတွေ .. နှစ်ဆယ်တန် တစ် ဆယ်တန်လေးတွေ စုဆောင်း ထုတ်ယူရာကာ ...

"အင့် .. ငါးရာ .."

"ဟား .. ဟား .. ဟား .. ဟား ..."

ပန်းသည်ကို ပိုက်ဆံပေးရင်း ပန်းတွေ ယူနေတာကြည့်ကာ ရေငွေ့က ဟက်ဟက်ပက်ပက် ရယ်၏။

"ရှင်က ဘာရယ်တာလဲ .. ကျွန်မ အိတ်ထဲမှာ နှစ်ဆယ်တန် တစ်ရွက် ကျန်သေးတယ် .. စဉ်းစားဦး .. ဘာဝယ်ဦးမလဲ .."

"ဟုတ်လား .."

ကျန်နေသေးတာကိုပဲ အလွန်အမင်း အံ့သြသွားပုံရှိကာ ...

"ဒါပေမယ့် နှစ်ဆယ်နဲ့ ဘာတွေရသေးလဲ စဉ်းစားရတာ ပို... တယ် .. ထားလိုက်ပါတော့ .. အိတ်စောင့် ကျန်တာပေါ့ .."

"ရေငွေ့ .."

"ဟင် ..."

"ရှင် ကျွန်မကို ဒီတစ်ခါ လက်ဆွဲခေါ်သွားတိုင်း လူလည်ကျ... ရပြီ မထင်နဲ့ .. ကျွန်မပိုက်ဆံကို ကျွန်မက ကိုယ့်ဗိုက်ကိုတောင် သ... တာ မဟုတ်ဘူး .."

"ခုလည်း မင်းဆီက ကိုယ် တောင်းစားနေလို့လား .. အိမ်ပြန်ဖို့... ဝေးသေးတယ် .. မိုးရွာနေရင် ကားထဲမှာ အဲရ်ကွန်း မဖွင့်လို့ မရ... မင်း တစ်ကိုယ်လုံး ရေတွေ ဒီလောက်စိုနေတာ .. ခုပဲ ဟတ်ချိုး ဖြစ်... ပြီ .."

"ရှင့်ကားနဲ့ လိုက်ဖို့လည်း ဘယ်တုန်းကမှ စိတ်မကူးဘူး .. ... ကားရပ်တော့ ရပြီ .."

"ဟား .. ဘယ်လိုဖြစ်တာလဲ .. ပိုက်ဆံတွေ ကုန်သွားလို့ မ...



...ား .. ကိုယ့်ကျန်းမာရေးအတွက် ကုန်တာပဲကွာ .. ပြီးတော့ .."

သူက ကားမောင်းနေရင်း ပြန်ငဲ့ကြည့်ကာ ...

"မင်းနဲ့ ပန်းရောင်လေး အရမ်းလိုက်တာ .. ဖျားချင်သလိုလိုဖြစ်ပြီး ...ိုယ့်ကို စိတ်တိုနေတဲ့ မျက်နှာနီနီလေးနဲ့ .."

"ရေငွေ့ .. ရှင် .. ဟတ်ချိုး .."

မျက်နှာ ငုံ့လိုက်မှ နှာချေခြင်းကြောင့် ခေါင်းပါ ကိုက်သွားကာ...

"ကျွန်မက ညီမလေးကို လူကြီးလုပ်ပြီး ဆုံးမနေရတာ .."

"အဲဒီတော့ ဘာဖြစ်လို့လဲ .."

"သူ့ကိုတော့ ဆုံးမနေပြီး ကျွန်မက ယောကျ်ားတစ်ယောက်နဲ့ ...ို ကားကြီးပေါ်မှာ .."

"ဘာဖြစ်လဲ ရေလွှာ .. သူတိုင်းမှာ မထင်မှတ်တဲ့ အကျိုး ...ကြောင်းမျိုး တစ်ခါတလေ ရှိတတ်တာပဲ .."

"အိမ်မှာ ရှင် ဝင်ထွက်နေတာ တစ်ခါတလေမှ မဟုတ်တော့ ... .."

"အဲဒါလည်း ခဏ ခဏ ဝင်ထွက်နေရမယ့်ကိစ္စ ရှိနေလို့လေ .. ...ယ့်ကားနဲ့ တိုက်ခံရတဲ့လူနာ ဖြစ်ခဲ့တယ် .. အဲဒါကို ပျောက်ကင်း...င် ကိုယ် ဂရုစိုက်ပေးနေတုန်း မင်းလက်မှာ ငါးရိုးစူးပြီး ဖျားမလို ...လို ထပ်ဖြစ်တယ် .. ဒီနေ့က .."

"တော်ပါတော့ရှင် .."

"တော်ပြီ .. မင်းလည်း မပြောနဲ့ .."

"မပြောလို့ မရဘူး ရေငွေ့ .. အခု ကျွန်မ ရှင်နဲ့အတူ မပြန်နိုင် ... .. အိမ်မှာ ညီမလေး ရောက်နေရင် .."

"မင်းညီမ ဒီတစ်နေကုန် လုံးဝ ပြန်လာမှာ မဟုတ်ဘူး .."

"ဘယ်လို!..."

"ဩော် .. မင်းပဲ ပြောတာလေ .. သူ အိမ်မကပ်ဘူးဆို .. ခုမှ



www.burmeseclassic.com

www.burmeseclassic.com



နေ့လယ်တောင် မဟုတ်သေးဘူး .. ချက်ချင်း အိမ်ပြန်လှည့်
အကြောင်း ရှိပါ့မလား .."

"ဒါက ပြောလို့ ရမလား .."

"ရတယ်ကွာ .. လျှောက်ပူမနေစမ်းပါနဲ့ .. မိုးက မတိတ်
ကြားထဲ အနားမှာ ပေါက်ပေါက်ဖောက်မနေနဲ့ .. ကားမောင်းတဲ့လူ
အာရုံနှောက်အောင် မလုပ်ရဘူးတဲ့ .. မင်း မကြားဖူးဘူးလား .."

သူက ပြော့ရင်း ကားကို အတော် ဂရုစိုက်၍ မောင်းနေရသ
ရေ့ကို လည်ပင်းတော့ဘာတွေ ရှည်ပြီး ကြည့်နေသဖြင့် အလွှာ ပါး
လေး ပိတ်သွားသည်။

ရေငွေ့ က ပြုံးလိုက်ပြီး ကားကို အိမ်အရောက် အေးအေး
မောင်းနှင်ရင်း ...



အခန်း(၂၁)

"ဟင့်အင်း .. မတွေ့ချင်ဘူး .. ဘာမှလည်း မဖြစ်ဘူး .. ဘယ်သူမှ
မလာနဲ့လို့ ပြောလိုက်ပါ ဒေါ်လေး .."

"သမီးရယ် .. မနေ့တည်းက ဖုန်းတွေ ဆက် .. လူလာတော့လည်း
အတွေ့မခံဘဲ .."

"အဲဒီဖုန်းကို ဒေါ်လေး ဘာဖြစ်လို့ ယူထားလိုက်တာလဲ .. အခု
တစ်ခါတည်း ပြန်ပေးလိုက်ပါ .. အဟင့် .."

"သမီး .. သမီး ဘာဖြစ်လို့ .."

"ဟင့်အင်း .. အဲဒီလူကို ပြန်လွှတ်ပေးပါ .."

အိပ်ရာထဲမှာ မျက်နှာမှောက်ချပြီး ရှိုက်ကြီးတငင် ငိုချလိုက်တော့
ဒေါ်မာလာ စိုးရိမ်တကြီး ဖြစ်သွား၏။

ဘာဖြစ်နိုင်မလဲလို့ ပြေးလွှား စဉ်းစားတော့ ဖြစ်နိုင်ချေတစ်ခုရဲ့
ရှိတာမို့ ...၊

"သမီး .. သမီး .. ဒီမှာ ဒေါ်လေးကို ကြည့်စမ်း .. ရေငွေ့ က



www.burmeseclassic.com

www.burmeseclassic.com



သမီးကို ချစ်ရေးဆိုထားလို့လား .. ဘာတွေ လွှန်လွှန်ကျူးကျူး ပြောခဲ့လို့လဲ ..”

“မပြောပါနဲ့ .. တော်ပါတော့ ဒေါ်လေးရယ် .. ဘာမှလည်း မမေးပါနဲ့ ..”

“အလွှာ ရယ် .. ကျုပ် ခုပဲ ရိပ်သာကို သွားတော့မှာ .. ဆိုင်လည်း မဖွင့်ရသေးဘူး .. ညည်းတစ်ယောက်တည်း အိမ်တံခါးပိတ်ပြီး ဒီတိုင်း ငိုနေတော့မှာလား .. ကိုယ်တွေကလည်း ပူနေသေးတယ် ..”

“ကိုယ်ပူတာ မဟုတ်ဘူး ဒေါ်လေး .. တစ်ကိုယ်လုံး သောကတွေ ပြည့်ပြီး အရည်ပျော်ကျတော့မှာ .. လောကမှာ အလွှာ ဆိုတဲ့ မိန်းမလောက် ကံဆိုးတာ မရှိတော့ဘူး ..”

ပြောရင်း ငိုရင်းနှင့် တိတ်မယ့်ပုံလည်း မပေါ်ပါလား ..၊

ဒေါ်မာလာ ခုတင်ဘေးမှာ ငုတ်တုတ်ထိုင်ရင်း အပြင်ထွက်ပြီး ရေငွေ့ကိုလည်း ဘာပြောရမှန်း မသိ ..၊ ဒီမှာလည်း ဘာမေးမေး မရ..

“အလွှာ .. သမီးရယ်.. ညည်းညီမ ညက ပြန်မအိပ်လို့လား ဟင်..”

အလွှာ က ဘာမှ ပြန်မပြောဘဲ ငိုပဲ ငိုနေသဖြင့် ဖြစ်နိုင်ချေကို အထပ်ထပ် ရှာတွေးရင်း ...

“ဘာဘာ ခြေလှမ်းတွေ ပိုပိုကျဲလာတည်းက ဒေါ်လေး ပြောနေသားပဲ .. အဝတ်အစားတွေ ပိုဝတ်လာတယ် .. လက်ဝတ်လက်စားတွေက အတုတွေလို့ သူ ပြောပေမယ့် အတုမှန်း အစစ်မှန်း ခွဲရလွယ်လောက်အောင် အရောင်အဆင်းချင်းက ကွာခြားနေတာ .. သူ့မှာ အားကိုးရှိနေပြီဆိုတာ အသိသာကြီး ..”

ဒီသောကတွေလည်း ဖိစီးနေတာမို့ အလွှာ့ ရှိုက်သံတွေက အင်အားကောင်းနေဆဲ ..၊

“သူ့ကို ဂုဏ်သိက္ခာနဲ့ ကျက်သရေရှိရှိ နေစေချင်ပေမယ့် သူက ဒီလိုနေရဖို့အတွက် ဘာကိုမှ ဂရုမစိုက်တော့ဘူးလေ .. အဲဒီတော့ ဘာ





ဖြစ်လို့ ကိုယ့်ကိုယ်ကိုယ် စိတ်ဆင်းရဲခံနေရမှာလဲ .. ဒေါ်လေး သေချာ ပြောနိုင်တာက သူ အခြေအနေတစ်ခုခုမှာ ကောင်းစားနေတယ်ဆိုတာပဲ .. ပြောသွားတာတွေကို ညည်း ပြန်စဉ်းစားကြည့်လေ .. သူ့တိုက်ခေါ်ကို ခေါ်တင်ဖို့အတွက် ကျုပ်တို့ကိုတောင် ထိုက်တန်တဲ့ပုံစံတွေ ပြောင်းပေးရဦးမယ်ဆိုပဲ ..”

ဒေါ်လေးက ထင်ရာတွေးပြီး သူမ စိတ်ကျေနပ်အောင် ကြံဖန်နှစ်သိမ့်နေရှာတာပါ .. ဒါပေမယ့် သူမမှာ ဖိစီးနေတဲ့ သောကတွေအတွက် ဖြေဖျောက်နိုင်မယ့်ဆေး မရှိတော့ဘူးဆိုတာ ကိုယ့်ကိုယ်ကိုယ် အသိဆုံး ..၊

“ဒေါ်လေး သူ့ကို နှင်လွှတ်ပြီး ရိပ်သာကို စိတ်ဖြောင့်ဖြောင့် သွားပါ .. တအောင့်ကြာရင် ဆေးသောက်ပြီး ခဏ မှိန်းလိုက်မယ် .. သက်သာတာနဲ့ ဆိုင်ထဖွင့်မှာပါ ..”

“အို .. ဆိုင်ဖွင့်ဖို့က အရေးမကြီးပါဘူး .. ညည်း တစ်ယောက်တည်း ငိုနေမှာပဲ စိုးတာ .. ဒါဆို ဒေါ်လေး သွားတော့မယ် .. အိုဗာတင်းလေးနဲ့ ဆေးတော့ ဝင်အောင် သောက်လိုက်နော် သမီး ..”

“ဟုတ် ..”

ဒေါ်မာလာ အပြင်ထွက်ခါနီးမှ ရေငွေ့ ထိုင်စောင့်နေတာကို သတိရကာ ခြေလှမ်းတုံ့သွား၏။

“ဒေါ်လေး သူ့ကို အားနာမနေပါနဲ့ .. ဘာမှလည်း ချော့ခံစကားပြောမနေနဲ့ .. ပြန်သာ လွှတ်လိုက်ပါ .. ပြီးရင် အထဲမှာ လူမရှိတဲ့ပုံနဲ့ အပြင်ကနေ သော့ခတ်ခဲ့ နော် ..”

သူမတို့မှာ သော့ပိုတွေ ရှိကြသဖြင့် အပြင်ချော့သည် လာမှာစိုးတဲ့ အခါ ဒီလို လုပ်နေကျ ..၊

“အေးပါ .. ဒေါ်လေး သူ့ကို နားလည်အောင် ပြောပြီး ပြန်လွှတ်လိုက်ပါ့မယ် ..”



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်မာလာ ထွက်သွားတာနှင့် အလွှာ ခေါင်းအုံးပေါ်မှာပဲ မျက်နှာမှောက်ချပြီး ငိုသည်။ ထိုစဉ် မိုးသက်လေမြူးကာ ပြတင်းတံခါးတစ်ချပ်က ဂျိမ်းခနဲ ဆောင့်ပိတ်သွား၏။

အချိန်အခါမဟုတ်ဘဲ မုန်တိုင်းကြောင့် အုံ့ပျက်နေသည့် မိုးကရွာလျှင် ရွာ .. မရွာတော့လည်း အုံ့မှိုင်းနေခဲ့၏။ မိုးသံတွေကို သူမ မကြားချင်ပေ ...။

မိုး သဲသဲမဲမဲ ရွာနေသည့်အချိန်ဟာ သူမအတွက် ကံဆိုးမိုးမှောင်ကျခြင်းသာ ဖြစ်လျက် ...

"လူယုတ်မာ .."

အသား ဆတ်ဆတ်တုန်ကာ အိပ်ရာထဲကနေ ဆတ်ခနဲ ခေါင်းထောင်မိ၏။ ပြီးတော့ ငုတ်တုတ်လေး ထထိုင်ရင်း ...

'လူသားစားဖူးတဲ့ကျား စည်းကျော်ဝင်လာမှာပဲ' တဲ့ ...။

ဒီလူယုတ်မာ ဒီတိုင်း တရစ်ဝဲဝဲ လာလုပ်နေရင် သူမ ဘယ်လိုတားဆီးမလဲ ...။

ပါးပြင်ထက်က မျက်ရည်တွေကို ကုန်စင်အောင် ပွတ်သုတ်ပစ်ကာ ခုတင်ပေါ်က ဆင်းသည်။ ပြီးတော့ ဗီရိုကိုဖွင့်၍ အဝတ်အစားတချို့ကို ဆွဲထုတ်ပြီး ခုတင်ပေါ် ပစ်တင်၏။

အံဆွဲထဲက လိုအပ်တာလေးတွေပါ ဆွဲထုတ် စုဆောင်းကာ ဗီရိုပေါ်က ခရီးဆောင်သေတ္တာလေးကို မမှီတမီ ဆွဲချရင်း ...

"တောက်!..."

ဒေါသနှင့် စိတ်မရှည်ခြင်းက ကိုယ့်ကိုယ်ကိုယ်တောင် တက်ခေါက်မိကာ ခွေးခြေပုလေး ယူချပြီး ထိုပေါ် မတ်တတ်ရပ်လိုက်ရ၏။

"ဘာဖြစ်နေရတာလဲ .. ကဲဟာ .."

ထစ်နေတာကို စိတ်မရှည်စွာ ဆောင့်ဆွဲလိုက်စဉ် သေတ္တာမှာ ဘီးတွေ ပါလာတာကို မေ့သွားသဖြင့် ...





"အား!..."

"ဘုန်း .."

"ဒုန်း .."

သေတ္တာက ဘီးနဲ့လိမ့်ပြီး အရှိန်နဲ့ ထွက်ကျလာကာ ဘယ်လိုမှ မထိန်းလိုက်နိုင်ခင် သေတ္တာနောက်သို့ လူပါ ပက်လက်လန်ကျလေသည်။ သို့သော် ...

"ဟင်!..."

သူမ ထိတ်လန့်သွားပေမယ့် ကြမ်းပြင်ပေါ်ကို ပစ်စလက်ခတ်ကျမသွားခဲ့ဘဲ ရင်ခွင်တစ်ခုထဲမှာ ဖြစ်လျက် ...

"ရှင် .. ရှင် ဘာလို့ ဝင်လာတာလဲ .. ဖယ် နော် .. လွှတ် .."

"မင်း ဘာလုပ်မလို့လဲ ရေလွှာ .. ကိုယ်နဲ့ဝေးအောင် ထွက်ပြေးမလို့လား .."

"ရေငွေ့ .. ရှင့်ပါးစပ်ကို ပိတ်ပြီး ခုလွှတ် .."

သူ ပွေ့ထားသည့်လက်ပေါ်မှာ သူမက အရုပ်တစ်ရုပ်လား ...၊ ဒါမှမဟုတ် ပုခက်ထဲက ကလေးငယ်လေးလား ...၊

ဘယ်လို တွန်းထိုး ရုန်းဖယ်ထားပေမယ့် လွတ်မြောက်ခြင်းလည်း မရှိ ...၊ သူကလည်း ဒီတိုင်းပဲ ပွေ့ထားလျက်နှင့် ...

"မင်း အဲလိုလုပ်လို့ မရဘူး .. မင်းကို ကိုယ် စော်ကားခဲ့မိတယ်.. အဲ့ဒီအတွက် မင်း ကြိုက်တဲ့အပြစ် ပေးလိုက် .. အဲဒီအတွက် ကိုယ်လာခဲ့တာ .."

သူက ပြောလို့ပြီးမှ အလွှာ့ ကိုယ်လေးကို အသာချပေးကာ ...

"မင်း ဘာလုပ်ချင်သလဲ .. ရော့ .."

သူ့အိတ်ထဲက ခလုတ်နှိပ် ဓားလေးတစ်ချောင်းကို ထုတ်ယူပြီး အလွှာ့ လက်ထဲ ထည့်သည်။

"မင်း မထိုးရဲဘူးထင်လို့ ပေးတာ မဟုတ်ဘူး .. ထိုးပြီးရင်လည်း



www.burmeseclassic.com

www.burmeseclassic.com



မင်းအပြစ် မဖြစ်စေရဘူး .. လုပ်ပါ ..”

အလွှာ အံကြိတ်ပြီး ကြည့်နေတော့ သူကပဲ အလွှာ့ လက်ဖေါ်က ထပ်ကိုင်ကာ ခလုတ်နှိပ်လိုက်၏။

ဓားလေးက လက်ခနဲ ဝင်းပြောင်ထွက်လာပြီး ...

“လုပ်လိုက်တော့ .. ကိုယ်ကလည်း လူကောင်း မဟုတ်ပါဘူး .. သေသင့်နေတဲ့လူပါ .. လုပ် ..”

သူက စိုက်ကြည့်နေပြီးမှ ကျောလေးရပ်လိုက်သည်။ အလွှာ နှုတ်ခမ်းသားလေးတွေ ဆတ်ဆတ်တုန်လာအောင် အံကြိတ်ရင်း မျက်ရည်တွေ ပိုးပိုးပေါက်ပေါက် ကျလာကြ၏။

ပြီးတော့ ဓားကို လွှတ်ချပစ်ကာ ခရီးဆောင်သေတ္တာကို သွားကောက်ယူသည်။ အိပ်ရာပေါ် တင်၍ ဖွင့်လိုက်ပြီး အဝတ်စားတွေကို ဖြစ်သလို ထိုးသိပ် ထည့်နေဆဲ ...

“မင်းကို အဲလိုလုပ်ခွင့် မပြုဘူးလို့ ကိုယ် ပြောပြီးသား ..”

“ဖယ် .. လွှတ် ..”

သူ ရောက်လာပြီး လက်ကို ထိကိုင်လိုက်တာနှင့် ဒေါသတွေ ရှူးခနဲ ဆောင့်တက်ကုန်လျက် ...

“လူယုတ်မာ .. ကဲ ..”

“ဖြန်း .. ဖြန်း ...”

ပါးကို ဘယ်ပြန်ညာပြန် ရိုက်ချပစ်လိုက်သည်။ ပြီးတော့ မကျေနပ်သေးဘဲ ရေမွှေး ရဲ့ရင်ဘတ်ကို စိတ်ရှိလက်ရှိ ထုနှက် ရိုက်ပုတ်၍ တွန်းလွှတ်၏။

“သွား .. ခု ထွက်သွား ..”

ဆံပင်ရှည်တွေ ဖွားလျားဝဲဖြာလျက် မျက်ရည်တွေ စိုလူးနေရင်း အတင်းအော်ထုတ်နေသဖြင့် အလွှာ့ ပုံစံလေးက အရူးမလေးနဲ့ တူနေလေသည်။





ပြီးတော့ ကြမ်းပေါ်မှာ ကျနေသည့် ဓားကို လှည့်ကောက်လိုက်တာ ဆံပင်တွေက ပဝါလို ဝဲခနဲ ဖြာထွက်သွား၏။

“ရှင် မသွားရင် ကျွန်မ ကိုယ့်ကိုယ်ကိုယ် ထိုးချလိုက်မှာ နော်..”

“မလုပ်နဲ့ ..”

“သွား .. ခု ထွက်သွား .. နောက်လည်း ဘယ်တော့မှ မလာနဲ့..”

အလွှာ ကိုယ့်လည်ပင်းကို ဓားထောက်၍ အော်ထုတ်၏။ ရေမွှေ့ မျက်နှာ အပျက်ကြီးပျက်နေလျက် လက်ကာ တားနေရင်း ...

“အဲဒါ တကယ့်ဓားမှ မဟုတ်တာ .. မင်း ထိုးချလိုက်လည်း ကွေးကောက်သွားမှာ .. မသေနိုင်ဘူး ..”

ဟင် ...

အလွှာ ကြောင်တောင်တောင်လေး ဖြစ်သွားကာ ဓားကို ပြန်ကြည့်မိစဉ် သူ ဖျတ်ခနဲ အနားရောက်လာပြီး ...

“အား!...”

သူမ အညာမိသွားခဲ့မှန်း ဓားလွတ်ကျအောင် လက်ကို ဖျစ်ညှစ်ပစ်လိုက်ခြင်း ခံရမှ ...၊

“ရှင် .. ဟင့်အင်း .. လွှတ် ..”

ရေမွှေ့ သူမ တစ်ကိုယ်လုံးကို သိမ်းကျုံး ဖက်ထားကာ ...

“မင်းကို ကိုယ် ချစ်လို့ မှားသွားတာပါ .. ကိုယ် စော်ကားချင်လို့ မဟုတ်ပါဘူး .. အဲဒါကို ယုံပါ အလွှာ ရယ် .. ကိုယ့်ကို ခွင့်လွှတ်ပေးပါ ..”

“ရှင့်ကို မုန်းတယ် .. အရမ်း မုန်းတယ် သိလား .. လူယုတ်မာ..”

အတင်းအကျပ် ဖက်ထားသဖြင့် ဘယ်လိုမှ ရုန်းမရတော့ဘဲ အလွှာ သူ့ရင်ခွင်ထဲမှာပဲ ရှိုက်ငိုမိလေသည်။

“ရှင် ကျွန်မကို သတ်သွားပါ .. ကျွန်မ ပျောညံ့သွားခဲ့တာ .. မိုက်တာ ...၊ ကျွန်မ သေချင်တယ် သိလား ..”

www.burmeseclassic.com

www.burmeseclassic.com



သူ အလွှာ မျက်နှာလေးကို မရမက မော့ယူလိုက်ပြီး ...

"မင်း ဘာမှမဖြစ်ရဘူး အလွှာ .. ကိုယ့်အတွက် မင်းရှိမှ ဖြစ်မှာ.."

အနမ်းတို့သည် မိုးသည်းသည်းမှာ သူ ဖွတ်အတင်း ခြွေခဲ့သော အနမ်းများအတိုင်း ...၊





အခန်း(၂၂)

"နှင့်အစ်မ လိုက်လာတယ် ကမ္ဘာ .."

"ဘာ!..."

"နှင့်အစ်မကလည်း အနံ့ခံကောင်းတယ် နော် .. ဒီညပဲ နင် သီချင်းလာဆိုတယ် .. ဒီည အမိအရ လိုက်လာတာပဲ .."

ကမ္ဘာ တက်ခေါက်လိုက်မိသည်။

အဲဒီလို တကောက်ကောက် လိုက်လာစေချင်တာက တစ်ယောက် ...၊ လိုက်လာတော့ တစ်ယောက် ...၊

ဝတ်ထားသည့် ကိုယ်ကျပ်အနီရဲရဲဝတ်စုံနှင့် နှုတ်ခမ်းရဲရဲတောက်တောက်က ပြောင်လက်နေတာချင်းလည်း တူ၏။

ဒေါသတွေ ထပ်ဖွက်လိုက်တော့ ကမ္ဘာ့ မျက်နှာလေးက ဒေါသကြောင့် ရှုပ်ဆိုးမသွားဘဲ အလှတွေတောင် ပိုတိုးနေသေးသည်။

ပြီးတော့ စိတ်တိုတိုနှင့် လည်ပင်းက ပန်းကုံးတွေကို ဆွဲလွဲဖြုတ်ပစ်လိုက်လျှင် အနီရဲရဲ ခရစ္စတယ်လ်ကြိုးရှည် နှစ်ထပ်က ဝတ်စုံနှင့်

www.burmeseclassic.com



အကောင်းဆုံးဖက်ရှင် ဖြစ်နေ၏။

"ဘာတွေ ဖြစ်နေတာလဲ ကမ္ဘာ .. ငါတို့တောင် မျက်စိလည်နေပြီ.. နောက်ထပ် မော်ဘီမှာ ခြံကြီးတောင် ထပ်ဝယ်ထားတယ်ဆိုပြီးတော့.."

"ခြံ မဟုတ်ပါဘူး .. နှစ်ထပ်တိုက်ကြီးပါ ပါတယ် .. ဟုတ်တယ် နော် ဘာဘာ .."

တင်ဇာ ပြောတာကို ရှပ်ရှပ် က ထောက်ပံ့ပေးနေကာ ...

"ဒီအခြေအနေထိ မြောက်နေကာမှ ဒီဆိုင်ထဲကို ဘာဖြစ်လို့ ပြန် ခုန်ချလာရတာလဲ .."

"နင်တို့ မသိပါဘူး .. သူ့ကို ပြောလိုက် .. ငါ ပြန်သွားပြီလို့ .."

ကမ္ဘာ က ဆုရသည့် ပိုက်ဆံတွေကိုပါ ရင်ဘတ်က ဖြုတ်ကာ ပန်းကုံးတွေနဲ့ လုံးထွေး ချုပစ်ခဲ့ပြီး လက်ကိုင်အိတ်ကို ကောက်ကိုင်၏။

ပိုက်ဆံတွေက နည်းတာ မဟုတ် ...၊

သူမ ထွက်သွားတာနှင့် ရှပ်ရှပ် တို့ မျက်လုံးတွေ ဝင်းဝင်းလက် လက် ဖြစ်ကုန်လေသည်။

"တစ်ခုခုတော့ ဖြစ်နေပြီ .."

နောက်က ပြောသံသဲ့သဲ့ကို ကြားပေမယ့် ကမ္ဘာ ရဲ့ ဒေါက်ဖိနပ်နှင့် ခြေသံက ပိုပြင်းသည်။ ခြေလှမ်းကျဲတို့က လမ်းမပေါ်ကို ဒီတိုင်း ဆက် သွား၏။

"ဟေး .. နေဦးလေ .. တူတူ ပြန်မယ်ဆိုပြီးတော့ .."

"ဟော့ကောင် နေဦးလေ .. ငါ ပြန်ယူဦးမယ် .."

"ဖြည်းဖြည်း မောင်းခဲ့ကွာ .."

နောက်ကလိုက်လာသည့် ခြေသံ ကြားတော့ ကမ္ဘာ ကိုယ့်အရှိန် ကို ပြန်လျှော့ပြီး စောင့်လိုက်၏။

လမ်းမပေါ်မှာ အချိန်က ည ကိုးနာရီ ...၊

"ဘာဘာ .."



"စိုးထက် .."

"ဟင် .. ပြောလေ .. ကိုယ် ဘာလုပ်ပေးရမလဲ .."

သူမ ခြေလှမ်းနှေးလိုက်တော့ စိုးထက် က ပခုံးချင်း ယှဉ်လျက် ပါလာပြီး ...

"ဟော့ .. ပြောလေ .."

"ယူက တို့ အသုံးချနေတာ သိရက်နဲ့ ဘာလို့ ဆက်လိုက်လာတာ လဲ .."

"အဟွန်း .. ဟွန်း .. ဒါများ ဘာဘာ ရယ် .. ဆက်လိုက်လာမှ တော့ ဆက်ပြီး အသုံးချခွင့် ပြုချင်လို့ပေါ့ .."

ကမ္ဘာ ခြေလှမ်းတွေ ပို၍ နှေးသွားရင်း တစ်လှမ်းချင်း ဖြစ်သွား ခဲ့လျက် ...

"တို့က ပိုင်သူရှိပြီးသား .."

"လက်ထပ်ရသေးတာမှ မဟုတ်တာကွာ .. ဒီလို ကာရိုက်တာတွေ ကို တို့ချင်း နားလည်လို့ ရပါတယ် .."

"မဟုတ်ဘူး စိုးထက် .. သူက မချစ်ပေမယ့် တို့က ချစ်တယ်.."

ညမှောင်မှောင်မှာ လမ်းပေါ်မှာ အတူတူ လျှောက်ကြရင်း စိုးထက် က ပခုံးတွန့်ပြီး မဲ့၏။ ကမ္ဘာ ဘာတွေပြောပြော သူ့ အပြုံးမပျက်နိုင်..၊

"တို့ ရင်ဖွင့်ချင်တယ် .. သူ .. သူ တို့ကို မကြင်နာတာတွေလေ.."

"ဘယ်ကောင်လဲ .. မင်းလို မိန်းကလေးကိုမှ မကြင်နာတတ်ရင် ဒီကောင် ဂန့်ဒူးပဲ .."

"ဟွန်း .. အရမ်းကို စိတ်ဓာတ်မာကျောပြီး ယောကျ်ားပီသတဲ့လူ ပါ .."

"မင်း မနပ်သေးလို့ပါ ဘာဘာ ရယ် .. အဲဒီလိုပုံစံတွေကမှ ဘာကယ့်ဂေးတွေ .."

မဟုတ်ဘူး ...၊

www.burmeseclassic.com

www.burmeseclassic.com



ကိုယ့်အပြစ်ကို ကိုယ်သာ အသိဆုံးပါ ..၊ မသိတဲ့လူတွေကတော့ ဒီကောင်မလေး စပွန်ဆာရှာပြီး ပျက်စီးနေပြီလို့ ထင်ကြလိမ့်မည်။

တကယ်တော့ ဟိုက်ဘော့စ်နဲ့ ငြိပြီး အဆင်ပြေနေပြီပေါ့ ..၊

သူမရဲ့ တကယ့်အဖြစ်က ဘာလဲ ..၊ ငြိချင်လို့တောင် မငြိ - ထိစေချင်လို့လည်း သူက မထိခဲ့ပေ ..။

ခုဆို လက်ထပ်ဖို့ရက်ကလည်း သတ်မှတ်ခဲ့ပြီးပြီ .. လိုအပ်တာလေး ဝယ်ခြမ်းကြဖို့တောင်မှ ခေါ်ခွင့်လည်း မရှိ .. မျှော်ခွင့်လည်း မရှိ-

ဒါကြောင့် သူ့အကြိုက် .. သူ့တစ်သြဇာအောက်မှာ ငြိမ်ဝပ်ပိပြားနေခြင်းကနေ ဖွဲ့ထွက်ကြည့်လိုက်ဖို့ ဆုံးဖြတ်ခဲ့သည်။

သီချင်းလည်း ဆိုပြီးပြီ .. ထင်သလို နေဖို့လည်း ဆုံးဖြတ်ထားခဲ့၏။ ချစ်တဲ့စိတ်ဆိုတာ သဝန်တိုစိတ်ကနေ ပေါ်ထွက်လာတာတွေလည်း ရှိသည်လို့ မျှော်လင့်၍ ...

"ဘာဘာ .. အခု ဘယ်သွားမှာလဲ .. အဲဒီဘဲက နောက်တစ်ယောက်နဲ့ ငြိနေလို့လား .."

"ဟင့်အင်း .. မသိဘူး .."

"ဒါတော့ မင်းက 'အ'တာပဲကွ .."

"ဟုတ်တယ် .. 'အ'တယ် .. တို့က သူ ငြိငြင်မှာ ကြောက်တာကိုး .."

"အခု မကြောက်နဲ့တော့ ကိုယ် ဘာကူညီရမလဲ ပြော .. သူ့ဆီ ပြန်ပို့ပေးပါလို့ မပြောရင် ပြီးရောကွာ .."

"ဘာ!..."

"ဟုတ်တယ်လေ .. ကိုယ်က ကောက်ရိုးပုံစောင့်တဲ့သတ္တဝါတော့ ဘယ်အဖြစ်ခံနိုင်မလဲ ..၊ ဥပမာ မင်းအတွက် လစ်လပ် ပူလောင်နေတဲ့ ဟာကွက်လေးကို နွေးထွေးမှုအပြည့်နဲ့ ကူညီ ဖြည့်ဆည်းပေးရမှာမျိုး-

"မလိုဘူး စိုးထက် .."





သူ့ကို လှည့်ပြောလိုက်စဉ် ခပ်ဖြည်းဖြည်း လိမ့်လာသည့် ကားမီးရောင်ကို မြင်လိုက်ရ၏။ မီးရောင်အောက်ကအဖြတ်မှာ ခရောင်းနက်ကားအဖြူရောင်ကို မြင်လိုက်သဖြင့် သူ့ကား မဟုတ်ဘူးဆိုတာတော့ သိသည်။

ကိုယ် ဘယ်မှာရှိမည်ဆိုတာကို တမင်ရှုပြီး သတိပေးထားပေမယ့် သူ လိုက်လာဖို့ကလည်း မသေချာ ..၊ ထို့ပြင် သူ ဘယ်ကားနဲ့ သွားနေကျဆိုတာလည်း မရှိ ..။

တစ်ခါနဲ့ တစ်ခါ မြင်လိုက်ရတိုင်း ရိုးအီသွားသည် မရှိသော အမျိုးမျိုးသော ကားတွေကြောင့် နေ့အခါမှာ သူ ဘယ်လိုသွားလာနေတယ်ဆိုတာလည်း မဖမ်းနိုင် ..၊

အထူးသဖြင့် ခုတစ်လောမှာ သူမကိုယ်တိုင် အလုပ်တွေ များနေခဲ့တာမို့ နေ့ဘက်မှာ မဆုံဖြစ်ခဲ့ပေ ..။

"ဘယ်မှာ စောင့်နေ .. ဘယ်အိမ် .. ဘယ်ခြံကို သွားကြည့် .. ဘယ်ပစ္စည်း မှာထားတာ သွားယူ .." စသဖြင့်သော သူ့ထံမှ စေခိုင်းချက်များက မရိုးအီနိုင် ..၊

အဘယ်ကြောင့်ဆိုလျှင် ကိုယ့်အတွက် ပိုင်ဆိုင်ခွင့်တွေ ပုံချပေးနေသဖြင့် ဘယ်လိုပဲ ပြေးလွှားနေရပါစေ .. သူမ မမောနိုင် ..။

ဒါပေမယ့် တစ်ရက်ပြီးတစ်ရက် သူမ တကယ် လိုအပ်နေတာကို ဖြည့်ဆည်းမယ့်သူ မရှိရခြင်းဟာ ..၊

"ကားပေါ်တက်ရအောင် .."

"အို .. မတက်ချင်ပါဘူး .."

သူမ အတွေးတွေက စိုးထက် က လက်ကို ဆွဲကိုင်လိုက်တာနှင့် အားလုံး ပျောက်လွင့်ကုန်၏။ ကားမီးရောင်နောက်ခံနှင့် သူမနဲ့ စိုးထက်ပုံက ဗီဒီယိုနိုက်ဆင်း ရိုက်နေသည်လို့တောင် ထင်ကြလိမ့်ဦးမည်။

"လာပါကွာ .. မင်း လိုအပ်နေတာ ကိုယ် သိပါတယ် .. မင်း



www.burmeseclassic.com

www.burmeseclassic.com



လုံးဝ ပျော်စေရပါ့မယ် ..”

“ဟာ .. ဖယ်စမ်းပါ ..”

“မရဘူးကွာ .. ဒီထိ မီးစိမ်းပြထားပြီးမှ မင်း မကြောင်စမ်းပါနဲ့ ..”

“စိုးထက် .. နင် နော် ..”

ထိုမြင်ကွင်းကို လှမ်းမြင်လိုက်တာနှင့် အလွှာ မျက်လုံးတွေဝ ပြာသွားသည်။ ကားမီးရောင်ရှေ့မှာ ဘာဘာ ကို လူဆိုးကောင် အတင်း ဆွဲနေပြီ ..၊

နောက်ကလိုက်နေတဲ့ ကားပေါ် ဆွဲဘင်ဖို့ ကြိုးစားနေမှန်းလည်း သိကာ ...

“ဘာဘာ .. ဘာဘာ ညီမလေး .. မမ လာပြီ ..”

ကိုယ် ကူညီနိုင်ပါ့မလားဆိုတာလည်း မသိ ..၊ စိုးရိမ်သည့်အောနှင့် အတင်းပြေးလိုက်သည်။ ကမ္ဘာ သူမကို လှမ်းမြင်လိုက်ပေမယ့် ကားပေါ် က ဆင်းလာသည့်တစ်ယောက်ကပါ ဝိုင်းဆွဲသဖြင့် ကားပေါ် ပါသွား ခဲ့ရပြီး ...

“ဘာဘာ .. ဟဲ့ .. ငါ့ညီမကို ခု ပြန်လွှတ် .. ပြန်ချခဲ့စမ်း ..”

ကားကို မမိတမိ လှမ်းဆွဲမိလျှင် မရအရ ဆွဲမိဖို့ ကြိုးစားရင်း –

“ရှူး ..”

“အား!...”

ကား၏ နောက်ခန်းတံခါးကို အမိအရ ကိုင်မိကာမှ ကားက ဆောင့်ထွက်သွားသဖြင့် လူကို တုပ်ဆွဲလိုက်သလို ဖြစ်သွားကာ ...

“အား!... ဘာဘာ ..”

လမ်းပေါ်ကို ဘိုင်းခနဲ ပစ်လဲကျန်ရစ်၏။ တစ်ကိုယ်လုံး ကိုင်ရိုက် ခံရသလို မူးနောက် နာကျင်သွားသဖြင့် ကားကို လှမ်းကြည့်ရင်း ပြန် ကျိုးထဖို့ ကြိုးစားပေမယ့် ...

“ကျွိ ..”



အရှိန်နှင့် မောင်းချလာသည့် ကားသည် သူမဆီးမှာ တုံ့ရပ်သွား သာ ...

“ရေလွှာ ..”

မင်းစက်အာထာ ကမန်းကတန်း ဆင်းကာ သူမကို ဆွဲပွေ့ လိုက်၏။

“ရေလွှာ ..”

“ရေ .. ရေငွေ့ .. ဟိုမှာ ကားအဖြူလေးနဲ့ ညီမလေး ပါသွားပြီ .. လုပ်ပါဦး .. လိုက်ပေးပါ ..”

“မင်းညီမ ဒီလိုပဲ သွားလာနေကျ ..၊ သူ့ဟာသူ ကိစ္စရှိလို့ လိုက် သွားတာ နေမှာပေါ့ ..”

“မဟုတ်ဘူး.. သူ့ကို အတင်းဆွဲတင်သွားတာ .. သွားပါ .. လိုက် ကယ်ပေးပါ ..”

“ဘာလို့ ရှန်းနေတာလဲ ရေလွှာ .. ဟိုမှာ သူ့ကောင်တွေနဲ့ ပါသွား တာ .. ကိုယ်က မင်းကို ဒီမှာ တစ်ယောက်တည်း ထားခဲ့ရမှာလား..”

ကားထဲမှာ သူမကို သေချာထည့်ပြီး သူ ဝင်ထိုင်လိုက်လျှင် အလွှာ မှာ ခွေခွေလေး မှိန်နေရင်း မျက်ရည်ပေါက်တွေ ကျနေလျက် ...

“ရှင် .. ရှင် မြင်လိုက်ပဲလျက်သားနဲ့ ..”

ရက်စက်လိုက်တာလို့ မပြောနိုင်တော့ဘဲ သူမ ခေါင်းလေး စိုက် ကျသွား၏။

အရာရာသည် ည၏ သဘောအတိုင်း ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၃)

"ဂျိမ်း .."

လူတစ်ကိုယ်လုံး မွေ့ရာထက်ကို ဟပ်ထိုး မှောက်လဲသွားပြီး တံခါးဆောင့်ပိတ်သံကြောင့် နောက်ပြန်ကြည့်ရင်း ဖျတ်ခနဲ ပက်လက်ပြန်လှန်သည်။

ပြီးတော့ ခပ်ဖြည်းဖြည်း ကိုယ်ကို မတ်၍ မွေ့ရာစပ်မှာပဲ ငုတ်တုတ်လေးဖြစ်ကာ ...

"ကိုကိုက ဒီလိုဖြစ်တာကို စောင့်ပြီး အပြစ်ဟာင်းချင်တာလား .."

"ဘာ!..."

"ဘာဘာ့ ကို သဝန်တိုနေတာလား .."

"တောက်!..."

"ဖြန်း .."

ကမ္ဘာ့ မျက်နှာလေး လည်ထွက်သွားကာ ပါးတစ်ခြမ်းလုံးမှာ ဆံပင်တွေ အုပ်ကွယ်သွား၏။



"မင်းလိုမိန်းမကို ငါ လိုက်သဝန်တိုနေရင် တစ်သက်လုံး ထောင်ထဲက ထွက်ရမှာ မဟုတ်ဘူး .. ရွှေပန်းမှန်း ငရဲပန်းမှန်း မသိ .. ထင်သလို သွား .. ထင်သလို နေ .."

"ကိုကို ဘာဘာ့ ကို အဲ့လောက် မပြောနဲ့ .."

ခံပြင်းနာကျင်သည့်စိတ်နှင့် သူ ရင်ဘတ်ကို ပြေးထုမိသည်။ ခင်းစက်အာဏာ က သူမ ပခုံးလေးနှစ်ဖက်ကို ဆီးဖမ်းကာ နောက်ဆုတ်တွန်းလာပြီး မွေ့ရာနားကျမှ ဆောင့်တွန်းချလိုက်၏။

"အား!..."

မွေ့ရာပေါ်ကိုပေမယ့် ပစ်စလက်ခတ်ကျတော့ နာကျင်သွား၏။ ပြီးမှ မွေ့ရာစပ်မှာ ခြေတစ်ဖက်တင်၍ ... ထောက်ကာ ...

"မင်းကို ငါ လက်ဖျားနဲ့ မထိခဲ့ ... ခင်း အခု ယောကျ်ားတစ်ယောက်နဲ့ ညားနေတာပဲ ကမ္ဘာ .."

ကမ္ဘာ က လက်ပြန်ထောက်လျက်လေးနှင့် ရူးရူးရဲရဲ ပြန်ကြည့်နေ၏။

"ခုလည်း မင်းကို ငါ ယောကျ်ားသုံးယောက် ရှိနေတဲ့ ကားပေါ်က ပြန်ဆွဲချခဲ့ရတယ် .."

"ဘာဘာ .. သူတို့နဲ့ ဘာမှ မဖြစ်ဘူး .."

"ဟွန်း .."

"အစတည်းက ခင်ခင်မင်မင် ရှိခဲ့လို့ တမင် အကူအညီတောင်းထားတာ .."

"ဘာပြောတယ် .. အကူအညီ တောင်းတယ် .. ဟုတ်လား .."

"ဟုတ်တယ် .. အစက ကိုကို့ကို ဖုန်းဆက်ပြီးမှ သူတို့နဲ့ မြင်ရင် သဝန်တိုသွားစေချင်လို့ .."

"သြော် .."

"နောက်ကျတော့ မမ တကောက်ကောက် လိုက်လာ... ဖြ..."

www.burmeseclassic.com



လို့ ..”

“ဘာ!... မင်း ဘာပြောလိုက်တယ် ကမ္ဘာ ..”

မင်းစက်အာဏာ မျက်နှာက မီးပွားကျသွားသော ကောက်ရိုး[illegible]ပေါ် လေတိုက်လိုက်သကဲ့သို့ ဒေါသမီးက ဟုန်းခနဲ ထတောက်၏။

“သူ့အကြောင်း ဘာဘာ ပဲ သိတယ် .. သူ ဘာဘာ့ ကို အသုံးချပြီး[illegible] နာမည်ကောင်းယူနေတာတွေ များပြီ .. အဲ့ဒါကြောင့် တမင်လုပ်တာ ..”

“မင်း! ...”

“ဒါမှ နောက်ထပ် မလိုက်ရဲမှာလေ .. မမှတ်သေးဘူးဆိုရင်လည်း ထပ်လုပ်ဦးမှာ ..”

“တိတ်စမ်း ..”

သူ ကမ္ဘာ့ ပခုံးတစ်ဖက်ကို ဆွဲဆောင့်ခါပစ်ကာ ...

“တောက်!...”

“ကိုကိုက ဘာဖြစ်တာလဲ ..”

လူတစ်ကိုယ်လုံးကို ထင်သလို ရိုက်ပုတ်နေသဖြင့် ကမ္ဘာ အသား ဆတ်ဆတ်တုန်လျက် ...

“ဘာဘာ တို့ ညီအစ်မကိစ္စ ကိုကိုနဲ့ ဘာဆိုင်လို့လဲ ..”

“မဆိုင်ဘူး .. ဟုတ်တယ် .. ဒါပေမယ့် မင်း ကိုယ့်အစ်မရင်[illegible] တောင် အကောင်းမမြင်ဘဲနဲ့ .. အခု ..”

သူ ဆက်ပြောမည့်စကားတွေကို အချိန်မီ ရပ်တန့်ပစ်ကာ စကား လုံး ပြန်ရွေးရတော့သည်။

ပြီးတော့ မီးဝင်းဝင်းတောက်နေသည့် ကမ္ဘာ မျက်ဝန်းတွေကြောင့် သူ မျက်နှာလွှဲပစ်လိုက်ရင်း မျက်လုံးတွေ မှိတ်၏။

ဒေါသကို သေချာ စီစဉ် သိမ်းဆည်းနိုင်ပြီးမှ ...

“မင်းကို ငါ ဘယ်လို ယုံရမလဲ .. ငါ မင်းကို လက်မထပ်နိုင်သေး တဲ့ကာလမှာ မင်းကို ဘယ်လို ယုံကြည်ထားရမှာလဲ .. မင်းပဲ ပြောစမ်း





ပါ ..”

“ကိုကို ဘာဘာ့ နားမှာ နေလေ ..”

“မင်းက နီးစပ်ရာမှာ ပျော်ချင်တာမျိုးလား ..”

“ကိုကိုနဲ့ပဲ ပျော်ချင်တာ ကိုကို .. အချစ်ဆိုတာလည်း မီးဝေးတဲ့ ချိတ်လိုပဲ ..”

“ငါက မင်းနားမှာ နေမပေးနိုင်သေးရင်ရော ..”

“ကိုကို သွားလေရာ ဘာဘာ လိုက်ချင်တယ် ..”

“အဲ့ဒါလည်း လုံးဝ မရဘူးဆိုရင် ဘာလုပ်မလဲ ..”

ပါးပြင်တစ်ဖက် ညိုရဲတက်လာသော မျက်နှာလေးက ကျားနာမလေးကဲ့သို့ ရှုးရှူးရဲရဲ အံကြိတ်နေလျက် ...

“ဘာမှ မလုပ်နိုင်ပါဘူး .. ဘာဘာ က ကိုကို့ကိုမှ မလွန်ဆန်နိုင်တာ .. ဒါပေမယ့် ကိုကို ဘာတွေလုပ်နေလဲဆိုတာ ဘာဘာ သိချင်တယ် .. လိုအပ်ရင် ဖုန်းပြောချင်တယ် .. ပြီးတော့ ကိုကို စီးနေတဲ့ကားတွေ ဘယ်နှစ်စီး ရှိသလဲ .. ဘယ်လိုကားမျိုးတွေလဲ .. အဲဒါလည်း သိချင်တယ် ..”

“တစ်ခုမှ မရဘူး ကမ္ဘာ .. မင်းကို မေးနေတာ မင်းရဲ့လောဘ အတောသတ်ပါ့မလားဆိုတာ သိချင်လို့ ..”

မျက်ဝန်းနှစ်စုံ ပြင်းထန်စွာ ဆုံစည်းမိကြလျက် ...

“မင်းကို ငါ ရက်စက်တယ်ထင်ရင် မင်း ငါနဲ့ပတ်သက်တဲ့ ပတ်ဝန်းကျင်အားလုံးကနေ ထွက်သွားနိုင်တယ် .. မင်း ရှိနေတဲ့နေရာကို ငါ လိုက်လာမှာ မဟုတ်သလို မင်းလည်း ငါ့ဆီ လာဖို့ မလိုတော့ဘူး..”

“ကိုကိုက ဘာဘာ့ ကို ပစ္စည်းမက်တယ်ဆိုပြီး ကိုကို ပေးထားတဲ့ အဆောင်အယောင်တွေနဲ့ ခြိမ်းခြောက်တာလား ..”

“သိပ်မှန်တာပေါ့ .. မင်း ဂရုမစိုက်လို့ ဒါတွေကို စွန့်ခွာသွားခဲ့ရင် ဂရုစိုက်တဲ့ နောက်တစ်ယောက် ပေါ်လာမှာပဲ .. ငါ့အတွက်က သတို့



www.burmeseclassic.com

www.burmeseclassic.com



သမီး မရှားပါဘူး .. မင်းလိုပဲ အသေခံ မက်မောတဲ့ မိန်းမမျိုးတွေ ..”

“ဟွန်း .. ပြောရင်းနဲ့ နားလည်လာပါပြီ .. ကိုကိုက လက်ထပ်ဖို့ ဖနီးကောင်း ရှာတာမှ မဟုတ်ဘဲ .. သတို့သမီး ဘယ်သူလုပ်မလဲဆိုပြီး ကံစမ်းမဲ ထည့်ရှာနေတာ ..”

“မင်း အစတည်းက သဘောပေါက်သင့်တာ ..”

နာကျင်နေသည့် ပါးကို စမ်းကိုင်ရင်း ပွယောင်းနေသည့် ဆံပင်တွေကိုပါ ဖြစ်သလို ဖိသပ်ချပစ်ကာ ...

“ကိုကို့ကိုပဲ ဘာဘာ တစ်ခုလောက် ပြန်မေးချင်ပါတယ် .. အခု ဘာသာ့ ကို စိုးထက် တို့ ကားပေါ်မှာ တွေ့လိုက်တဲ့အတွက် လက်မထပ်ချင်တော့တာလား ..”

“မင်းကို လက်မထပ်ဘူးလို့ ငါ မပြောခဲ့သေးဘူး ..”

“ဒါပေမယ့် ကိုကို လက်ထပ်ဖို့ရက်တွေ ဟိုရွှေ့ .. ဒီရွှေ့ ဖြစ်နေတာက ဘာဖြစ်လို့လဲ ..၊ လက်ထပ်ပြီးကျရင်တော့ ကိုကိုနဲ့ ရင်းနှီးခွင့်ရမှာပဲလို့ မျှော်လင့်နေရတဲ့ ဘာဘာ့ အတွက် ပန်းတိုင်က ဘယ်မှာလဲ..”

သူမ မျက်နှာကို စူးစိုက်ကြည့်နေသည့် မင်းစက်အာဏာ မျက်ဝန်းတွေမှာ စူးရဲအေးစက်သောအကြည့်တို့ဖြင့် ဖိတ်ဖိတ်လက်သွားသည်။

ပြီးတော့ နှုတ်ခမ်းတွေ စေ့ထားလျက်နှင့် ရယ်မြူးရိပ်သမ်းသော အကြည့်တို့ဖြင့် ...

“ငါ တွေ့ဝေနေခဲ့တာ ကမ္ဘာ .. ဘယ်တော့မှ မတွေ့ဝေခဲ့တဲ့ ငါ့ ဆုံးဖြတ်ချက်တွေ မင်းနဲ့ကျမှ တွေ့ဝေနေခဲ့တာ ..”

ကိုယ့်ခံစားချက်တွေနဲ့ တစ်ခွန်းချင်း အေးစက်စွာ ပြောနေပြီး...

“ခု မင်းကို ငါ လက်ထပ်ဖို့ သေချာပေါက် ဆုံးဖြတ်တယ် .. သေချာတဲ့ရက်ကို သတ်မှတ်မယ် .. မင်းက ငါ့ရဲ့ ပဋ္ဌမမြောက် သတို့သမီး ..”





## အခန်း (၂၄)

ဘားမှာ ဒီတိုင်းလာထိုင်ပြီး ငုတ်တုတ်ထိုင်ကြည့်နေသည်။ ညောင်းလာရင် ကုလားထိုင်မှာ ကျောကပ်မှီပြီး ခဏ လက်ပိုက်သည်။

ပြီးတော့ စီးကရက် ထသောက်သည်။ ပြီးတော့ စက်ချုပ်နေသည့် ဘားမှာ ခဏ လာရပ်ပြီး ငုံ့ကြည့်သည်။ နောက်တော့ ပြန်ထိုင်ခြင်းသို့ ရောက်လေရာ ...

“ရှင် ဘာမှ မစားသောက်ရသေးဘူးမို့လား ..”

“အလုပ် လုပ်နေရပေမယ့် စိတ်က သူ့ဆီကိုပဲ ရောက်နေကာ ဘယ်လိုမှ ဆက်နေလို့ မရမှ တိတ်ဆိတ်ခြင်းကို သူမကပဲ စတင် ဖြိုခွင်းမိ၏။

သူက စီးကရက်သောက်လက်စကို နှုတ်ခမ်းက ဖယ်ပြီး ခေါင်းဆတ်သည်။

“ရှင့်ကို ပြောနေတာ ..”

“ဘာလဲ ပြန်ပြော ..”

www.burmeseclassic.com

www.burmeseclassic.com



တမင် လုပ်နေမှန်း သိပေမယ့် အလွှာ မျက်စောင်းထိုးမိတော့မလို ဖြစ်ပြီးမှ ...

"ကျွန်မက ဆန်ပြုတ်ပဲ သောက်တာ .. ရှင့်အတွက် ညှော်ခံကျွေးမွေးဖို့ ဘာမှ မရှိဘူး .."

"အဲဒီတော့ ကိုယ့်ကို အပြင်ထွက်စားဖို့ ပြောနေတာလား .."

ရယ်တော့မလို တည့်မှာတင်းမှာလိုလို မျက်နှာကို အလွှာ မျက်မှောင်ကုတ်လေးနဲ့ ကြည့်၏။ သူက စိုက်ကြည့်နေပြီးမှ ခပ်ယဲ့ယဲ့ပြုံး၍...

"ကိုယ် ဒီကိုရောက်ရင် ဘယ်ကိုမှ ပြန်မထွက်တတ်မှန်း သိလို့ ချက်ပြုတ်ထားတာတွေ ဒီတိုင်းထားတော့မှာလား .. ရပါတယ် .. ကိုယ့်ဘာသာ ဝင်ပြီး ခူးခပ်စားရလောက်အောင် ကိုယ် မျက်နှာမပြောင်ပါဘူး .. ထမင်းဆာနေလည်း မင်းမျက်နှာ ထိုင်ကြည့်နေရင် ဖြစ်တယ်.."

အပြောနဲ့ညီအောင် လုပ်ဖို့ တိုသွားသည့် စီးကရက်ကို ဖိချေပစ်သည်။ ပြီးတော့ နောက်တစ်လိပ် ထုတ်၏။

"တော်တော့ .. ထပ်မညှိနဲ့တော့ .. အဲဒီအနံ့တွေနဲ့ တစ်အိမ်လုံး လှိုင်နေတာပဲ .."

ပြောပြီး စက်ခုံကနေ ထလာခဲ့တော့လည်း သူ ချက်ချင်း ထလိုက်လာ၏။ ပြီးတော့ နောက်က ကပ်လျှောက်နေရင်း ...

"ချဉ်ဟင်းလေး ဘာလေး မချက်ဘူးလား .."

"မချက်ဘူး .."

"မင်းက တကယ် ဆန်ပြုတ်သောက်နေရတုန်းလား .."

"ဟုတ်တယ် .. ရှင် ဘာမှမပြောဘဲ စားပွဲမှာ သွားထိုင်နေပါလား.. ကျွန်မ ခူးခပ်ပြင်ပေးရတာ အနှောင့်အယှက် ဖြစ်လို့ပါ .."

"ဘာဖြစ်လို့လဲ .. ကိုယ်လည်း တစ်မနက်လုံး ဒီတိုင်း ငုတ်တုတ်ထိုင်နေရတာပဲ .. မင်းရဲ့ စက်ချုပ်သံကို နားမှာ ပျားသကာလို ချိုပြီးတော့ .."





အလွှာ ပြန်လှည့်သွားမှ သူက အနားကပ်လိုက်ကာ ...

"နေမကောင်းဘူးလားဆိုတော့ နဖူးလေး စမ်းကြည့်လို့ ရမလား.."

ပြောပြီး ကျောထက်မှာ ပြန့်ဝဲကျနေသည့် ဆံနွယ်ရှည်တို့ကို တယုတယ ပွတ်သပ် ကိုင်တွယ်၍ ...

"မိန်းမတစ်ယောက်ကို ကိုယ် တစ်ခါမှ စေ့စေ့စပ်စပ် ထိုင်မကြည့်ခဲ့ဖူးဘူး .. ဒီဆံပင်တွေ ဖြန့်ချပြီး မင်း စက်ချုပ်နေတာ အရမ်းလှတာပဲ ရေလွှာ .."

သူ ရှေ့ထပ်တိုးလိုက်တော့ အလွှာ က ဘေးတိုက်နေရာ ရွှေ့နေလိုက်၏။ သူက အလွှာ့ လက်ဖဝါးတစ်ဖက်ကို ဆုပ်ကိုင်လိုက်လျှင်...

"ရေငွေ့ .."

သူမ ဆောင့်ခါရုန်းပစ်ရင်း မျက်နှာချင်းဆိုင် လှည့်လာကာ ...

"ရှင် .. ကျွန်မနဲ့ ဝေးဝေးနေပါ .. ကျွန်မ .."

"ဘာဖြစ်လို့ နေရမှာလဲ .. မင်း နှင်လွှတ်လို့ မရအောင် ကိုယ် လူယုတ်မာဖြစ်ခဲ့ပြီး မင်းကို .."

"ဟင့်အင်း .. မပြောနဲ့ .."

"မပြောလို့ မရဘူး .."

"ရှင် .. ရှင် လွှတ် .."

"ရေလွှာ .."

သူ ရေလွှာ့ ပခုံးလေးကို ဖက်၍ ရင်ခွင်ထဲမှာ ပွေ့ပိုက်ထားမိကာ...

"ကိုယ့်ကို ဘယ်လောက်ထိ စိမ်းကားနေမှာလဲ ရေလွှာ .. နေ့စဉ် မင်းကို လူနာလာမေးသလို လာကြည့်ပြီး ပြန်သွားရတယ် .. တကယ်ဆို ကိုယ်တို့က တစိမ်းတွေ မဟုတ်တော့ဘူး .."

ဒါပေမယ့် မှားယွင်းခဲ့ကြပြီးမှ ကိုယ် လက်ထပ်ပါ့မယ် .. လာတောင်းပါ့မယ်လို့ သူ ပြောခဲ့ဖူးသလား ..၊ သူ့ကို လမ်းပေါ်မှာ ဆုံခဲ့သည်။ ကားနဲ့ ရောက်လာပြီး ကားနဲ့ ပြန်သွားသည်။ ဘယ်ကမှန်း မသိ..၊

www.burmeseclassic.com



ဘယ်လိုလူလဲ မခွဲခြားနိုင် ...၊

သူမ ဘဝက ဘာလဲ ...၊ ဒီအဖြစ်ဆိုးကို သူမ ဘယ်လို ရင်ဆိုင်ကျော်ဖြတ်ရမလဲ ...၊

လူကို ရှန်းမရအောင် ဖက်ထားပေမယ့် မျက်ရည်တို့ကိုတော့ သူ ချုပ်ထားလို့ မရပေ ...၊ ရင်ခွင်မှာ မျက်နှာအပ်ရင်း မျက်ရည်တို့က တာတာမံကျိုးသကဲ့သို့ ငိုချလိုက်မိရင်း ...

"ရှင်နဲ့ ကျွန်မ ဘာမှ မဆိုင်ပါဘူး .. ဘာမှ ပတ်သက်ဖို့ မရှိကြတဲ့ တစိမ်းတွေပါ .."

"ရေလွှာ .."

သူ ရေလွှာ့ မျက်နှာလေးကို မော့ယူကာ မျက်ရည်တွေကို တယုတယ သုတ်ပေးသည်။

"ကိုယ်တို့ ခုပဲ လက်မှတ်သွားထိုးကြမယ် .."

"ဘာ!..."

"လောလောဆယ် စာချုပ်မှာ လက်မှတ်ထိုးပြီး လက်ထပ်ထားမယ် .. နောက်မှ .."

"ရှင် .. ရှင် ဘာပြောလိုက်တယ် ရေငွေ့ .."

"ကိုယ် ပြောချင်တာက .."

"မလိုဘူး .. ကျွန်မဘဝ ဖျက်ဆီးခံလိုက်ရတယ်ဆိုတာ အိပ်မက်ပါ .. အဲ့ဒါကို ရှင် စိတ်အနှောင့်အယှက်ဖြစ်ဖို့ မလိုဘူး ...၊ ကျွန်မက ကိုယ့်အိမ်ပေါ်ထိ လာစော်ကားတာကို အညှာလွယ်လွယ်နဲ့ .."

"ရေလွှာ .. မင်း တော်တော့ .."

"ဘာလို့ တော်ရမှာလဲ .. ဖယ် .. ရှင် ကျွန်မကို မကိုင်နဲ့ .."

သူ လက်ပြင်လိုက်တိုင်း နောက်ဆုတ်ပစ်မိကာ ...

"ကျွန်မကို ရှင် လက်ထပ်စာချုပ် တစ်စောင်နဲ့ .."

"မဟုတ်ဘူးလို့ မင်းကို ကိုယ် ပြောနေတယ် .. မင်း စကားတွေကို





တိတ်စမ်း .."

ခက်ထန်လာခဲ့ရသည့် ကာလတာရှည်ခြင်း၏ ကူးစက်ပုံကြောင့် ဒေါသဖြစ်လာသည်နှင့် အလွှာ့ ပခုံးလေးတစ်ဖက်ကို ခပ်ဖိဖိ ဆုပ်ညှစ်ပင်ရင်း ...

"ကိုယ် မင်းကို .."

"ဟင့်အင်း .. ဟင့်အင်း .. ရှင့်ကို မုန်းတယ် .. ဖယ် .. လွှတ်နော်.."

ပခုံးမှာ ကိုင်ထားသည့်လက်ကို ဘယ်လိုမှ ဖယ်ချ ရှန်းလို့မရလျှင် သူ့ရင်ဘတ်ကိုပဲ လက်သီးဆုပ်တို့နှင့် ထုရိုက်နေရင်း ...

"လွှတ်ပါ .. ကျွန်မကို ချမ်းသာပေးပါ .. ကျွန်မကို လွှတ်မြောက်ခွင့် ပေးပါ .. ရှိခိုးပါမယ် .."

"ကျွတ်!..."

သူမကို လွှတ်ပေးလိုက်ရင်း စိတ်ထဲမှာ ပူလောင် ကျပ်ခဲနေသမျှ နေရာမှာပဲ နဖူးသပ်လိုက် .. တက်ခေါက်မိလိုက်နှင့် ဆောက်တည်ရာ မရနိုင် ...၊

သူ ဘယ်လို ရှင်းပြရမလဲ ...၊ သူမအတွက် သူ အရာအားလုံး ပေးနိုင်သည်။ ဒါပေမယ့် သူ မတတ်နိုင်တာကိုဘဲ သူမက ပူဆာရင်း ခြေဆင်းငိုနေခဲ့ပြီ ...၊

"ရေလွှာ .."

အလွှာ က ငိုနေရင်းကနေ မျက်နှာလွှဲပစ်၏။

"ကိုယ် စိတ်တိုသွားမိတဲ့အတွက် တောင်းပန်ပါတယ် .. အဲဒါက လည်း မင်းက ကိုယ် အရမ်းတန်ဖိုးထားရတဲ့ မိန်းမ ဖြစ်နေတဲ့အတွက် မဟုတ်တာတွေကို ကိုယ် မကြားချင်လို့ပါ .."

သူ အလွှာ့ ဘေးမှာ ပခုံးချင်း ထိကပ်ရပ်လိုက်ရင်း ...

"ကိုယ့်မှာ အိမ်ထောင်လည်း မရှိဘူး .. ချစ်သူလည်း မရှိခဲ့ဖူးဘူး .. မင်းကို တခမ်းတနား လက်မထပ်ရဲလောက်စရာလည်း ဘာအရှုပ်



www.burmeseclassic.com

www.burmeseclassic.com



အရှင်းမှ မရှိဘူး ရေလွှာ .. အဲ့ဒါ ကိုယ် ညာနေတာ မဟုတ်ဘူး ..”

သူ အလွှာ့ ပခုံးလေးကို ဖွဖွလေး လှမ်းဖက်လိုက်တော့ သူမက ဖယ်ချပစ်၏။ ထို့ကြောင့် ခါးလေးကို ဆွဲယူကာ ရင်ခွင်ထဲ ထည့်ပိုက်ထားမိရင်း ...

“မင်းကို ကိုယ် သိပ်ချစ်တယ် ရေလွှာ .. တစ်နေ့နေ့မှာ ကိုယ် မင်းကို ဘယ်လောက်ထိ မြတ်နိုး တန်ဖိုးထားတယဆိုတာ မင်း သိမှာပါ ..”

သူ အလွှာ့ မျက်နှာလေးကို မော့ယူကာ နဖူးပြင်နဲ့ နားသယ်စပ်ဆံစလေးကို တိုးတိုက် နမ်းရှိုက်နေရင်း ...

“ကိုယ့်ဘဝမှာ ကိုယ့်ရဲ့စိတ် ကိုယ့်ရဲ့ဘဝ တစ်ခုလုံးကို မိန်းမတစ်ယောက်လက်ထဲ ပုံချ အပ်နှံခွင့်ရဖို့ ဒီလောက်ထိ ဒူးထောက် ခယရလိမ့်မယ်လို့ စိတ်ကူးထဲမှာတောင် မကြည့်ဖူးဘူး .. ဒီစကားတွေကို ကိုယ် ဘယ်လိုလူလဲဆိုတာ မင်း သိလာတဲ့ တစ်နေ့ကျရင် ယုံကြည်သွားမှာပါ.. ပြီးတော့ ကိုယ့်ကို အထင်မလွဲဘဲ ကာလတစ်ခုထိတော့ သည်းခံပေးပါ .. နော် .. ကိုယ့်ကို ကြည့်ကွာ ..”

အလွှာ့ မျက်တောင်ဖျားလေးတွေ တဖြည်းဖြည်း ပင့်ကြည့်လာတော့ သူ ငုံ့မိုးငေးရင်း ထိုမျက်တောင်ဖျားလေးတွေကို နမ်းသည်။

သူ့အနမ်းကြောင့် မျက်တောင်ဖျားတို့မှာ စိုသည့် မျက်ရည်စတို့ ခြောက်သွေ့စေခဲ့လျက် ...

“နောက်ဆို ကိုယ်တို့ ရန်မဖြစ်ကြေး နော် ..”

အလွှာ က ဘာမှမပြောဘဲ မျက်နှာလွှဲဖို့ ပြင်လျှင် ..၊ သူမ မျက်နှာလေးကို လက်ဖဝါးနှစ်ဖက်ထဲမှာ တယုတယ ပင့်မော့စေခဲ့လျက် ...

“ကိုယ့်ကို စိတ်ဆိုးမပြေသေးဘူးလား ..”

သူမ ခေါင်းတွင်တွင်ခါရင်း ...

“မဟုတ်ဘူး .. ဒါပေမယ့် .. ဒါပေမယ့် .. ကျွန်မကိုယ် ကျွန်မ



ငြင်မလွှတ်နိုင်ဘူး ..”

မျက်ရည်စတို့ ဝေ့သီလာပြန်ကာ ...

“ကျွန်မ ရှင့်ကို ဘာဖြစ်လို့ ယှော့ညှို့ခဲ့တာလဲ ..၊ ကျွန်မက သိကွာမဲ့တဲ့ ..”

“တော်ပါတော့ကွာ ..”

“ဟင့်အင်း ..”

“မင်း ယှော့ညှို့တာ မဟုတ်ပါဘူး .. ကိုယ် အတင်း အနိုင်ယူခဲ့တာပါ ..၊ ပြီးတော့ မင်း ကိုယ့်ကို ချစ်နေတာ ..”

ထိတ်လန့် ဗျာများသွားသည့် မျက်ဝန်းလေးတွေက သနားစဖွယ် မျက်နှာကို ငေးနေလျက် ...

“ဟုတ်တယ် .. ရှင်က ..”

“ဘာကြောင့်မှ ကိုယ့်ကိုယ်ကိုယ် အပြစ်မတင်ပါနဲ့ .. ကိုယ်ကတော့ ဘယ်တုန်းကမှ ပြောင်းလဲမယ်လို့ မထင်ခဲ့တဲ့ ကိုယ့်ရဲ့ စိတ်တွေပြောင်းလဲသွားခဲ့တဲ့အတွက် နောင်တ မရဘူး .. ကိုယ့်ကို ပြောင်းလဲစေခဲ့တဲ့ မိန်းကလေးက မင်း ဖြစ်နေတဲ့အတွက် ပိုပြီး ကျေနပ်တယ် ..”

ပြောနေရင်း သူမ ပါးပြင်ထက်ကို လိမ့်ဆင်းလာသည့် မျက်ရည်ကြောင်းလေးကို လက်မနဲ့ ဖွဖွလေး ပွတ်ချ ဖျက်ရင်း ထိုပါးပြင်လေးကို နမ်းမိသည်။ ပြီးတော့ ...

“မင်းက ကိုယ့်အတွက် အရမ်းထူးခြားတဲ့ မိန်းကလေးပဲ ရေလွှာ.. လှတဲ့ မင်းရဲ့ဆံပင်တွေရယ် .. ဘာမှ ပြင်ဆင် ထင်ရှားနေတာတဲ့ ဖြူဖျော့ဖျော့လေးနဲ့ ချစ်စရာကောင်းတဲ့ ဟန်ပန်အမူအရာတွေရယ် .. မင်းကို စိုက်ကြည့်မိတိုင်း ကိုယ့်ရင်ခုန်သံတွေ ကိုယ်ကြားလာရတယ် ..”

အနမ်းတို့သည် အပြန်အလှန် နွေးထွေးမှုများနှင့် ရှိခဲ့လျက် ...

“ကိုယ့်ကို လက်ထပ်ခွင့် ပြုမယ်မို့လား ဟင် ..”

www.burmeseclassic.com

www.burmeseclassic.com



သူမ လက်ဖဝါးလေးတစ်ဖက်ကို ဆွဲယူလိုက်ပြီး သူ့မေးခွန်းအဆုံးမှာ အဖြူရောင် လက်စွပ်လေးတစ်ကွင်းက ပြိုးပြက်လက်နေလျက် ...

"မလုပ်ရဘူး .."

အလွှာ ထိတ်လန့်သလို ဖြစ်သွားပြီး ပြန်ချွတ်ပစ်ဖို့ လုပ်လျှင် သူက ထိုလက်ချောင်းလေးတွေကိုပဲ ထွေးဆုပ်ထားလိုက်ပြီး ...

"ဘယ်တော့မှ မချွတ်ရဘူး .. ဒါ ကိုယ်တို့ရဲ့ ဘဝနှစ်ခု ပေါင်းစပ်ထားတဲ့ အဓိပ္ပာယ်လည်း ဖြစ်တယ် .. ပြီးတော့ မင်းသာ ကိုယ့်ဘဝကို လွှမ်းမိုးပိုင်ဆိုင်နိုင်မယ့်သူဆိုတာ ဒါက သက်သေ .."

သူမ ဇာတ်လမ်းတွေထဲမှာ မြင်ဖူးသော လက်ထပ်လက်စွပ်တွေနဲ့ နည်းနည်းမှ မတူ ...၊

ဖိတ်ဖိတ်လက်နေသည့် စိန်ပွင့်ကိုးပွင့်က ကြည့်လိုက်တာနှင့် ကိုးပွင့်မှန်း သိသာစေအောင် ကြွားရွှားပေါ်လွင်နေပြီး ထူခဲ မှောင်လဲ့နေသော ပလက်တီနမ်နှင့် လွန်မင်းစွာ ကြည့်ကောင်းနေ၏။

ရှေးဆန်သလို ပြူးတူးပြဲတဲနိုင်ပေမယ့် ဖွေးဖြာနေသော လက်စွပ်၏ ထည်ဝါမှုက မြင်တဲ့လူတိုင်းကို ဆွဲဆောင်နိုင်စွမ်း ရှိနေ၏။

"ရေငွေ့ .. ဒါကြီး ကျွန်မက ဘာလုပ်ရမှာလဲ .. ဟင့်အင်း .. ကျွန်မ လိပ်ပြာသန့်သန့်နဲ့ နေချင်တယ် .. မလိုချင်ဘူး .."

"ဘာကို လိပ်ပြာမသန့်တာလဲ ရေလွှာ .. ဒါ ခိုးရာပါပစ္စည်းလည်း မဟုတ်ဘူး .."

ပြောပြီး အလွှာ့ လက်ဖဝါးလေးကို ဖြန့်၍ လက်စွပ်ရဲ့ အတွင်းတွင်းကို ပြကာ ...

"ဒီလက်စွပ်က ကိုယ့်ဘိုးဘိုးက ဘွားဘွားကို ပေးခဲ့တာ .. ဘွားဘွားကနေ မေမေ့လက်ထဲ ရောက်လာခဲ့တာ .. ဘွားဘွားတို့ လက်ထက်ထိ ဒီလက်စွပ်ရဲ့ ဂုဏ်ကျက်သရေက ထည်ဝါခဲ့တာပါ .. အစဉ်အဆက် လက်ဆင့်ကမ်းလာခဲ့တဲ့ မင်္ဂလာလက်စွပ်ပေါ့ .. ဒီထဲမှာ





ကိုယ်တို့ ဘိုးဘွားပိုင် အမှတ်အသားပါတယ် .."

သူက အလွှာ့ လက်ဖဝါးလေးကို ပြန်၍ ထွေးဆုပ်ထားလိုက်ပြီး ...ခုံးလေးကို ဖက်၍ ...

"ကိုယ့်အဖေလက်ထက်မှာ မေမေ့ကို ဖေဖေ ပေးခဲ့တဲ့ လက်ထပ် ...က်စွပ်ကိုတော့ .."

သူ့စကား ခဏရပ်သွားပြီး အလွှာ့ ကို ခုံတစ်လုံးမှာ ထိုင်စေသည်။ ...းမှ သူက စားပွဲစွန်းမှာ ခပ်နွဲ့နွဲ့ မှီ၍ လက်ပိုက်ကာ ...

"ကိုယ် မင်းကို အားလုံးတော့ လျှို့ဝှက်မထားချင်ပါဘူး .. ကိုယ့် ...ဖေက .."

မြောတော့ ပြောနိုင်ပေမယ့် သူ တော်တော် အားယူ ကြိုးစားနေခဲ့ ...ပြီး ...

"ဖေဖေက အိမ်ထောင်ရေး ဖောက်ပြန်ခဲ့တယ် .."

"ဟင်!..."

"ကိုယ့်အဖေ ဒီလိုမျိုးမို့လို့ ကိုယ့်ကို မင်း လန့်သွားမှာပဲ .. ဒါပေ...ယ် မိဘတွေရဲ့ မညီညွတ် မမျှတတဲ့ အိမ်ထောင်ရေးတိုက်ပွဲတွေကြောင့် ...ယ့်ရင်ထဲမှာ ဒဏ်ရာတွေ ဖြစ်လာခဲ့တယ် .. အဲ့ဒီဒဏ်ရာက .."

သူ ဆက်မပြောတော့ဘဲ ဆောင်းဘီခါးစပ်မှာ လက်တစ်ဖက် ...ာရင်း ခပ်လှုပ်လှုပ် လျှောက်သွား၏။ ပြတင်းတံခါးနားကျမှ အပြင် ...က်ကို ငေးနေရင်း ...

"မှားပြီးမှ ရမယ်ရှာတာလား .. တကယ်ပဲ ဒီအကြောင်းကြောင့် ...ခဲ့တာလား .. အဲဒါ ကိုယ် မသိဘူး .. ဒါပေမယ့် အိမ်ထောင်ရေး ...ကွဲစေချင်တဲ့ မေမေက သစ္စာစောင့်ခဲ့ပြီး မေမေ့ကို သိပ်ချစ်ပါတယ် ...တဲ့ ဖေဖေက မေမေ့ကို မကျေနပ်ချက်ရှိတဲ့ ပုဒ်မတပ်ပြီး ဖောက်ပြန် ...ယ် .."

သူက ဟွန့်ခနဲ မဲ့လိုက်ပြီးမှ ဒီဘက်ကို ပြန်လှည့်ကြည့်ကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဒီအကြောင်းတွေကို ပြန်ပြောပြခဲ့တာ ကိုယ့်သက်တမ်းတ
လျှောက်မှာ မင်းတစ်ယောက်ပဲ ရှိသေးတယ် ရေလ္ဘာ .. ကိုယ် မင်း
ရင်းနှီးခဲ့တယ် .. မင်းနဲ့ ပတ်သက်ချင်နေမိတယ် .. ပြီးတော့ မင်းကို
မြတ်နိုးလာခဲ့တယ် .. အခု ကိုယ်နဲ့ ပတ်သက်တာတွေကို တချို့တ
ကလွဲပြီး မင်းကို ပြောပြချင်နေတယ် .. အဲဒါ အချစ်တွေပဲ .."

သူ အနားပြန်ရောက်လာပြီး အလ္ဘာ့ မေးဖျားလေးကို မော့ယူလို
သည်။ ပြီးတော့ ပခုံးလေးနှစ်ဖက်ကနေ 'မ'ထူ၍ မတ်တတ်လေး
စေကာ ...

"ကိုယ့်အချစ်တွေကို အဲ့လောက် သက်သေပြနေတာတောင် မ
ကိုယ့်ကို ခွင့်မလွှတ်နိုင်သေးဘူးလား .."

အလ္ဘာ က သူ့မျက်နှာကို ငေးကြည့်နေရင်း ဖျတ်ခနဲ မျက်လွှာ
ပစ်၏။

"ကိုယ် မင်းကို ပိုင်ပိုင်နိုင်နိုင် ကြင်နာခွင့် လိုချင်တယ် .. မ
ကြည်ကြည်ဖြူဖြူ လိုက်လျောလာဖို့ .. ကိုယ့်ကို နှစ်သက် မြတ်နိုး
ဖို့အထိ ကိုယ် ကြိုးစားချင်တယ် .. ဒါပေမယ့် ကိုယ် တစ်ခု
ကြိုပြောပါရစေ .. တစ်နေ့နေ့မှာ မင်း ကိုယ့်ကို မုန်းတီးဖို့ အကြေ
တစ်ခုခု ရှိလာတဲ့အခါ .."

အလ္ဘာ မျက်ဝန်းလေး လက်ခနဲ ပြန်တက်လာ၏။ ပြီး
ပါးပြင်မှာ ထိကပ်ထားသည့် သူ့လက်ကို ဖယ်ချပစ်ကာ ...

"အဲဒီအကြောင်းတစ်ခုခုကို ခု တစ်ခါတည်း ကြေညာလို့ ရ
ရေဇွေ့ .. ခုဆိုရင် .. ကျွန်မ ခံနိုင်ရည် ရှိနေနိုင်သေးတယ် .."

"မဟုတ်ဘူး .."

သူ အလ္ဘာ့ ကိုယ်လေးကို သိမ်းပိုက် ဖက်ထားလိုက်ကာ ...

"မင်း ထင်တဲ့ အကြောင်းအရာမျိုးနဲ့ မဟုတ်ဘူး ရေလ္ဘာ
ကိုယ်လည်း မင်းကို ကြိုမပြောနိုင်တဲ့ အကြောင်းတစ်ခုခု .."



"ဟင့်အင်း .. အဲ့ဒါတွေ နားမလည်ဘူး .."

"မင်းကို သိပ်ချစ်တယ် .."

သူမ ဘာမှ မေးခွင့်မရတော့အောင် နွေးနွေးစိပ်စိပ် ဖြာဆင်းလာ
သော အနမ်းတို့သည် ...

သကြိန်ကြိုမိုးလိုလား ... ဒါမှမဟုတ် ...

အလွမ်းအကြိုမိုးနဲ့ တူနေသည်လား ...

ရင်ခုန်သံတို့သည် ဆူညံ ရိုက်ပုတ်နေကြပေမယ့် အနာတရနှင့်
ဝေးလံပြီပြီ ...



www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၅)

"တစ်ရက်တည်းပဲကွာ .. ဘာဖြစ်လို့လဲ .."

"ပါင့်အင်း .. မလိုက်ချင်ဘူး .."

"ဟုတ်သားပဲ သမီးရယ် .. သမီး ကျန်းမာရေးမကောင်းခဲ့တ… ကလည်း စိတ်ရောလူရော ပင်ပန်းရတယ် .. ခုလည်း နေသာကော… လာတယ် တစ်ချက်မှကို မနားရသေးဘူး .. တစ်ရက် နှစ်ရက်လော… အနားယူရင်းနဲ့ပေါ့ .."

ဘယ်သူ ဘာပြောပြော အလွှာ က အင်္ကျီလက်ချုပ်လိုက်နေ… လှည့်လည်း မကြည့် .. ခေါင်းလည်း မညိတ် ..၊

"ဆင်းရဲသားတွေမှာ ပင်ပန်းလို့ အနားယူရတယ်ဆိုတာ မ… ဘူး ဒေါ်လေးရယ် .. ဆင်းရဲ ပင်ပန်းခြင်းက ဒွန်တွဲနေတာပဲ .. … ဒီအချိန်လေးကိုပဲ စောင့်နေခဲ့ရတာ .. ဖောက်သည်တွေလည်း စိတ်… လက်ရှည် စောင့်ရကျိုးနပ်စေချင်တယ် .."

"ကိုယ် စောင့်နေခဲ့တာ ကျတော့ရော .."

ဒေါ်မာလာ က နှစ်ယောက်မျက်နှာတွေကို အကဲခတ်…





နောက်ဖေးခန်းထဲ ထဝင်သွားလေသည်။ ရေွှေ့ က အလွှာ့ ဘေးကို ထပ်တိုးထိုင်ကာ သူမနောက်မှာ လက်ဆန့်တင်လိုက်ပြီး ...

"ပြောလေ အလွှာ .."

"ဟိုဘက်တိုးနေပါ ရေွှေ့ ရယ် .. အပြင်က လူဝင်လာရင် မြင်သွားပါ့မယ် .."

"ကိုယ်တို့က သူစိမ်းတွေမှ မဟုတ်တာ .."

"ရပ်ကွက်ထဲမှာ လူသိရှင်ကြား ဈေးစပ်ထားတာ မဟုတ်ရင် လူစိမ်းပဲ .. တောင်းရမ်းလက်ထပ်တာ မဟုတ်ဘဲနဲ့လည်း ဒီလူနှစ်ယောက်ကို လင်မယားလို့ ဘယ်သူမှ သတ်မှတ်မှာ မဟုတ်ဘူး .."

"ဒါကြောင့် ကိုယ် အနားကပ်မှာစိုးလို့ မင်း ရှောင်နေတာလား.."

အလွှာ က အင်္ကျီချုပ်နေသည့် လက်တို့ကို ရပ်တန့်ပစ်လိုက်ပြီး လှည့်ကြည့်ကာ ...

"အခု ရှင် ဝင်ထွက်သွားလာနေတာပဲ .. ကျွန်မ ဘာပြောလို့လဲ.."

"ဟုတ်ပါတယ် .. ဒါပေမယ့် .."

"ဟန်းနီးမွန်းပုံစံဖြစ်ဖြစ် .. သွားစရာရှိလို့ဖြစ်ဖြစ် ကျွန်မ ရှင်နဲ့ နှစ်ယောက်တည်း ခရီးသွားဖို့က မဖြစ်နိုင်ဘူး ရေွှေ့ .. ကျွန်မ အဲ့ဒီလို ဘယ်လိုမှစိတ်ကူးလို့ မရဘူး .. ကျွန်မဘဝ ဘာတွေဖြစ်ခဲ့သလဲ .. အခု ဘယ်လိုနေရမလဲဆိုတာတွေ ခေါင်းထဲမှာ ရှုပ်နေတုန်းပဲ .. ကျွန်မကို နားလည်ပေးပါ .."

"ကိုယ် နားလည်ပေးပါတယ် .. ဒါပေမယ့် ကိုယ်တို့ လက်ထပ်ပြီးပြီပဲကွာ .. ကိုယ့်ကို မင်း ယုံကြည်တယ်ဆိုရင် .."

"အဲဒါ ယုံတာနဲ့ မဆိုင်ဘူး ထင်တယ် .."

"ဘယ်လို!..."

"ရှင်နဲ့ ကျွန်မ ရှင် ပြောသလို ပတ်သက်ထားတယ်ဆိုတာ အိပ်မက်လိုပဲ .."

"မင်း ကိုယ့်ကိုမှ မရင်းနှီးဘဲ ရေလွှာ .. ကိုယ်က ရင်းနှီးခွင့်ရဖို့



www.burmeseclassic.com

www.burmeseclassic.com



ကြိုးစားပေမယ့် မင်းက ရှောင်နေတာ .."

"ကျွန်မကတော့ ရင်းနှီးကျွမ်းဝင် ချစ်ခင်ခြင်းတွေပဲ သဘာဝကျတယ်လို့ ထင်တာ .. ကျွန်မတို့က မရင်းနှီးကြသေးဘဲ .."

"တော်ပါတော့ကွာ .. ကိုယ် မင်းကို ခရီးထွက်ဖို့ မခေါ်တော့ပါဘူး .. တော်ကြာ ကိုယ့်စကား မှားသွားလို့ ဒီလို အနားကပ်ထိုင်ခွင့်လေးပါ မရတော့ဘဲ ဖြစ်သွားပါ့မယ် .. ဆောရီး .."

ဆောရီး ဆိုပေမယ့် အနားကပ်တိုးပြီး နားသယ်စပ်ဆံစလေးကို ကပ်နမ်းလိုက်၏။

"ကိုယ် ဒီနေ့ အလုပ်ကိစ္စ ရှိသေးလို့ သွားတော့မယ်နော် .. ညကျရင် ကိုယ် ဖုန်းဆက်မယ် .."

"အင်း .."

"ရေလွှာ .. ကိုယ့်ကို တစ်ခုတော့ လိုက်လျောပါကွာ .. လက်စွပ်ကို ချွတ်မထားပါနဲ့ .. ကိုယ် မင်းကို အဲဒီလက်စွပ်လေးနဲ့ မြင်ရမှ ကိုယ့်ဇနီးလေးဆိုတဲ့အသိနဲ့ ရင်ခုန်ရတာ .. မင်း ခေါင်းခါသမျှ ကိုယ် ဘာမှ ဇွတ်တောင်းမယူပါဘူး .. ဒါပေမယ့် .."

"အင်း .."

"ကိုယ့်ကိုကြည့်ပြီး ကတိပေး .."

"အို .. အဲလို မလုပ်ပါနဲ့ဆို .."

"မလုပ်စေချင်ရင်လည်း လှည့်လေကွာ .. အသည်းယားအောင် ဘာလို့ လုပ်နေတာလဲ .."

စိတ်မထင်ရင် မထင်သလို ဆွဲဖက်ပစ်တတ်သဖြင့် အလွှာ မျက်နှာလေး စူပုတ်ပုတ်လေး ဖြစ်နေကာ ...

"အင်းပါလို့ ဆိုနေမှ .."

"ဘာကို အင်းတာလဲ .."

"ရှင် ပြောတာကိုပေါ့ .."

"ဒါဆို အထဲသွားမယ် .."





"အို .. ရေငွေ့ .. ဘာလုပ်တာလဲ .."

"မသိဘူးလေ .. ကိုယ် မင်းကို ပြောထားတာတွေက အများကြီးဆိုတော့ တစ်ခုခုကို 'အင်း' လိုက်တာလားလို့ .."

"သွားပါ .."

ပါးပြင်လေးတွေ နီမြန်းနေကာ ခါးမှာ ဖက်ထားသည့် သူ့လက်ကို ဖယ်ချပစ်၏။ ပြီးတော့ မျက်လွှာချ၍ ပြုံးနေတာလေးကို သူ ငေးကြည့်မိရင်း ...

"ကိုယ် မင်းနဲ့သာ အတူတူနေရရင် အရမ်းပျော်မှာပဲ .."

နားနားကပ်၍ မချင့်မရဲ ပြောမိသည်။ တကယ်တမ်းကျတော့ သူ့မှာ ရည်ရွယ်ချက်တွေ ဆုံးဖြတ်ထားပြီးသားတွေ အနာဂတ်မှာ တန်းစီစောင့်ကြိုနေကြလျက် ...

ဒီထဲမှာ 'အချစ်ကို ပိုင်ဆိုင်ရယူခြင်းဖြင့် သာယာသည့် အိမ်ထောင်ရေးကို တည်ဆောက်မည်' ဆိုတာ မပါခဲ့ ...၊

ခုချိန်ထိ ရေလွှာ ရဲ့အချစ်နဲ့ ဘဝကို ပိုင်ဆိုင်ဖို့သာ သူ့ဆန္ဒတွေ ဖိစီးနေခဲ့ပေမယ့် သူ တကယ်လုပ်နေရသည်က သူမနဲ့ ဘယ်လိုမှ မနီးစပ်နိုင်သော ...၊

"ရှင် .. ထမင်းစားပြီးမှ ပြန်လေ .."

"ဟင်!..."

စိတ်က ဖျတ်ခနဲ ပူလောင်အငွေ့ပျံသွားခဲ့သဖြင့် သူမစကားကြောင့် သတိပြန်ဝင်လာကာ ...

"ကိုယ် မစားတော့ဘူး .."

ပြောရင်း နာရီကြည့်ကာ ...

"သွားဖို့က နောက်တောင် ကျနေပြီ .."

သူ နေရာမှ ထရပ်ကာ ဖုန်းပြောရင်း ဘေးက ပြတင်းတံခါးဆီ လျှောက်သွား၏။ ထိုစဉ် ဒေါ်မာလာ လည်း ပြန်ထွက်လာသဖြင့် ...

"အန်တီ ခြံနောက်ဖေးပြင်ဖို့ကိစ္စ နေ့လယ် အလုပ်သမားနှစ်



www.burmeseclassic.com

www.burmeseclassic.com



ယောက် လာလိမ့်မယ်နော် .. မီးဖိုခန်းထဲမှာ ပြင်ဖို့ရှိတာတွေပါ ပြောထားတယ် .. သူတို့က စိတ်ချရပါတယ် .. ရေပိုက်ကိစ္စတွေဘာတွေလည်း အားလုံး ရတယ် .. လိုအပ်တာ အကုန်နိုင်း .."

"ဟုတ်လား .. အဆင်ပြေတာပေါ့ကွယ် .. အဲ့ဒီနောက်ဖေးခြံ ပျက်နေတော့ တရားစခန်းဝင်နေတုန်းတည်းက အိမ်ပြန် မိုးချုပ်နေရင် ကလေးတွေကို စိတ်ပူနေရတယ် .."

"သူတို့ကို အကုန်ပြင်နိုင်းလို့ ရတယ် .."

ပြောပြီး အလွှာ ကို လှည့်ကြည့်ကာ ...

"အန်တီတို့ ဘာမှ ထွက်မလုပ်ကြနဲ့ .."

အန်တီတို့လို့ ခေါင်းစဉ်တပ်ပေမယ့် အလွှာ ကို မလုပ်စေချင်တာ မှန်း ဒေါ်မာလာ က သိတော့ ပြုံး၏။

"အေးပါ .. အလွှာ ကိုလည်း မလုပ်ခိုင်းပါဘူး .. စကေ့ မနေ့တုန်းက အလွှာ နောက်ဖေး ထွက်သွားပြီး ခြံပျက်တဲ့နေရာမှာ ပစ္စည်းဟောင်းတွေနဲ့ စုထပ် ကာနေတာ ငါ့တူ မြင်သွားတာ ထင်တယ် .."

"မဟုတ်ဘူး .. သူ တစ်ခုခု လုပ်ရင် ထိခိုက်တတ်လို့ပါ .. ဘာဖြစ်ဖြစ် မိန်းမသားတွေ ဒါတွေလုပ်တာ ကြည့်လို့လည်း မကောင်းပါဘူး.."

"သူများကြည့်အောင် လုပ်နေတာမှ မဟုတ်ဘဲ .. ကိုယ့်အိမ် ပျက်စီးတာ ကိုယ် မလုပ်ရင် ဘယ်သူလုပ်မှာလဲ .."

"စွာလိုက်တာကွာ .."

အလွှာ မတ်တတ်ထရပ်ရင်း လှည့်မကြည့်ဘဲ ပြောတော့ ရေငွေ့ က သူမခေါင်းလေးကို လှမ်းထုလိုက်ပြီး ...

"ဟုတ်တယ် .. အခု ကိုယ့်အိမ်ဖြစ်သွားပြီဆိုတော့ ဘာဖြစ်ဖြစ် ကိုယ်ပဲ လုပ်မယ် .. အိုခေ .."

သူပဲ အိုခေဆိုပြီး သူပဲ အလွှာ လက်လေးကို ဆွဲကာ ...

"ကိုယ့်ကို လိုက်ပို့ .."

ထုံးစံအတိုင်း ဖိနပ်ချွတ်လေးနားမှာပဲ သူ ကိုင်ထားသည့်လက်ကို





အလွှာ က ဖြုတ်ချပစ်ကာ ...

"ရှင် နောက်ထပ် နှစ်နာရီလောက် ပိုနေရင် ကောင်းမှာပဲ .."

"ဟင် .. ဘာဖြစ်လို့လဲ .."

"ညီမလေးသတင်း ကြားထားလို့ .."

သူမက သတိမထားမိလိုက်ပေမယ့် ရေငွေ့ မျက်နှာ ကွက်ခနဲ ပျက်သွားသည်။

"ဘာကြားလို့လဲ .."

"သူ မော်ဘီမှာလို့ ကြားတယ် .. ရှင်နဲ့ ကျွန်မ လက်မှတ်ထိုးထားကြတယ်လေ .. ရပ်ကွက်ရုံးမှာလည်း လူကြီးတွေကို ညှိခံကျွေးမွေးထားကြတယ် .. အဲဒါတွေ ဖြစ်မြောက်သွားတဲ့ကာလမှာ ညီမလေး အိမ်ကို တစ်ခါမှ ပြန်မလာတော့ဘူး .."

"ယောက်ျားရသွားတာ နေမှာပေါ့ကွာ .. ကိုယ် လိုက်ကယ်ရတဲ့ ညကတောင် အဲ့ဒီချာတိတ်တွေက သူ့ရဲ့ .."

"ညီမလေးက အစတည်းက သူငယ်ချင်းအပေါင်းအသင်း များတာပါ .."

"ဟုတ်ပါတယ် .. ကိုယ် ဘာပြောရသေးလို့လဲ .."

သူ့ညီမအကြောင်း သူမ ပြောနေရင် အကောင်း ...၊ တခြား နည်းနည်းလေး ဝင်ပြောလိုက်တာနဲ့ ရေလွှာ မျက်စိမျက်နှာပျက် ... တတ်တာလည်း ရေငွေ့ နားလည်နေပါပြီ ...၊

"ပြောလေ .."

"သူများ ဘာမှမပြောရသေးဘူး .. ကိုက ကဲ့ရဲ့ဖို့ပဲ .."

"ဘာ .. ဘယ်လို .. ကိုယ့်ကို ဘယ်လို ခေါ်လိုက်တာလဲ .."

"မခေါ်မိပါဘူး .."

"မရဘူး ကိုယ် ကြားလိုက်တယ် .. ပြန်ခေါ် .."

ကားနားရောက်မှ လက်လှမ်းကိုင်လိုက်မှာ စိုးကာ အလွှာ က မျက်စောင်းလေး ရွယ်လျက် ...



www.burmeseclassic.com

www.burmeseclassic.com



"ရှင့်ကို ရေငွေ့လို့ ခေါ်နေရတာ ရိုင်းသလိုကြီး ခံစားမိနေလို့..."

"မှန်တာပေါ့ .."

"ဒါပေမယ့် ရေငွေ့ ဆိုတာ ဘယ်အလုံးကိုမှလည်း အဖျားဆွတ် ခေါ်လို့ မကောင်းဘူး .."

"ဒါဆို ဘယ်အလုံးကိုမှ မခေါ်တော့ဘူးပေါ့ .."

"ဟာ .. ကို နော် .."

"အဟွန်း .. မင်းပဲ အရင်ပြောတာလေ .."

ခပ်ကြိတ်ကြိတ်ရယ်ရင်း နဖူးလေးကို ထုသည်။ ပြီးတော့ သူမနား ကပ်၍ လက်ဖဝါးလေးကို ဆုပ်ကိုင်ထားလိုက်ပြီး ...

"ကိုယ် အရေးကြီးနေလို့ စောင့်လို့ မရဘူး .. ဒါပေမယ့် မင်းလည်း လိုက်မရှာပါနဲ့ .. မနက်ဖြန် သူ ဘယ်မှာရှိတာ အတိအကျ သိရအောင် ကိုယ် စုံစမ်းခဲ့မယ် .."

"အဲ့ဒါ စောစောတည်းက ကို လုပ်ပေးရမှာ .."

"လုပ်သင့်မှန်း သိပေမယ့် ကိုယ်က မင်းကိုပဲ စိတ်ဝင်စားနေတာ ကို .."

"ကို့ကို စိတ်ဝင်စားခိုင်းနေတာမှ မဟုတ်ဘဲ .."

"ဝင်စားခိုင်းတိုင်းလည်း ဝင်စားလို့ မရဘူး မိန်းမရဲ့ .. အခု ကိုယ့်ကောင်မလေး အပြင်ထွက်ပြီး တလည်လည် ရှာနေရမှာ စိတ်မချလို့.."

သူ ပြန်လာခဲ့ရပေမယ့် စိတ်ထဲမှာ တင်းကျပ်နေလေသည်။

သူမကြောင့် ရေအလှာ ဆိုသည့် မိန်းကလေး ဒုက္ခတွေ့ရပေါင်းတွေ များခဲ့ပြီ ..။





## အခန်း (၂၆)

"မမလေး .. မမလေး ညှော်သည်ရောက်ပါပြီ .."

လှေကားမြင့်ကြီးရဲ့အောက်ကနေ လက်နှစ်ဖက်ကို ထပ်ဆုပ်ထားရင်း တလေးတစား လှမ်းအော်ပြောသည်။

ပြီးတော့ ဒီတိုင်းရပ်နေရကာ ကမ္ဘာ ဆင်းလာပြီး ..

"သွားတော့ .."

ဆိုသည့် အမိန့်တစ်ရပ် ရမှ ခေါင်းလေးငုံ့၍ လှည့်ထွက်သွားရလေသည်။ ကြီးမားထည်ဝါလှသောတိုက်ကြီး၏ အဆင်အပြင် အခမ်းအနားနှင့် အလုပ်သမားတွေ သူ့နေရာနဲ့သူ ရှိနေကြပုံကို တအံ့တဩ လိုက်ကြည့်ရင်း အလှာ မျက်တောင်ခတ်ဖို့တောင် မေ့၏။

ဒါပေမယ့် ကမ္ဘာ တစ်လှမ်းချင်းဆင်းလာသည့် ပုံရိပ်လေးကိုမြင်လိုက်တော့ ဝမ်းသာအားရ ဖြစ်သွားမိကာ ...

"ညီမလေး .. ဘာဘာ .. နင် ..."

"ထိုင်နေလေ .. ဘာဖြစ်လို့ မမြင်ဖူးသလို လျှောက်ကြည့်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ ..''

ရှင်မြူးနေသည့် အလွှာ မျက်နှာလေး ပျက်သွား၏။ ရွှေအိုရောင် ဝတ်စုံ ပြောင်ပြောင်အိအိလေးနှင့် တစ်ကိုယ်လုံးမှာလည်း လက်ဝတ်လက်စားတွေ ညွတ်ကျမတတ်ပါ ..။

ဒါပေမယ့် မျက်နှာလေးပေါ်က ပြောင်းလဲသွားခြင်းတွေလောက်တော့ အံ့သြဖို့မကောင်း ..၊

''အိမ်မှာ အိမ်ဖော်တွေ အများကြီးပဲ .. မမက မမြင်ဖူး .. မကိုင်ဖူးတာတွေထဲ ရောက်လာသလို ပတ်ချာလည်အောင် ဝေနေတော့ မမရဲ့ ညီမဆိုတဲ့ ဘာဘာ က မျက်နှာ ဘယ်သွားထားရမလဲ ..''

ပြောချလိုက်တဲ့စကားလုံးက တစ်ခွန်းထက်တစ်ခွန်း ပို၍သာ ရင့်သီးလာခဲ့လျက် ...

''ဘာဘာ တောင် တမင်ပြန်မလာဘဲနေတာ .. မမက ဒီထိ ရှာကြံပြီး ဘာလာလုပ်တာလဲ ..''

''ဘာဘာ .. နင် ကိုယ့်အစ်မကို ဒီလို မျက်နှာထားနဲ့ ဆက်ဆံတာကျတော့ နင့်အိမ်အကူတွေရှေ့မှာ ဂုဏ်ရှိနေတယ် ထင်လို့လား ..''

''ကျွတ်!...''

ကမ္ဘာ က ဆိုဖာမှာ ဝင်ထိုင်လိုက်ပြီး အဖက်မတန်သလို ရှုံ့မဲ့နေ၏။

''ဟွဲ့ ..''

ဒေါ်သ က ဟိုဒီပြေးလွှားပြီး မောင်းမဲဖို့နေရာရှာတော့ ကြမ်းတိုက်နေသော တစ်ယောက်နှင့် ခြံထဲမှာ ဘုရားပန်းခူးပြီး ပြန်တက်လာသည့် တစ်ယောက်ထံ ကူးစက်၍ ...

''ဘာလုပ်နေတာလဲ .. ဧည့်သည်နဲ့စကားပြောရင် အနားမှာ မနေရဘူးဆိုတာ နားမလည်ဘူးလား .. သွားကြစမ်း ..''

အလွှာ မျက်လုံးပြူးသွားသည် ..၊ တစ်ယောက်က ခေါင်းငုံ့ထွက်သွားပေမယ့် တစ်ယောက်ကတော့ မျက်လုံးထောင့်ကပ်ကြည့်ပြီး မကျေ





နပ်ပုံနှင့် ...

''ငါ ပြောလိုက်မိတာ မှားတယ် ဘာဘာ .. မပြောဘဲနေတာကမှ ကောင်းဦးမယ်.. နင် အော်ထုတ်လိုက်တာ အိမ်မွေးတိရစ္ဆာန်တွေ မဟုတ်ဘူး .. လူတွေ ..''

''လူတွေမို့လို့ အလိုက်ကမ်းဆိုး မသိတာကို သိအောင်ပြောပေးလိုက်တာလေ .. သူတို့ကို ပိုက်ဆံပေးခိုင်းထားတာ ..၊ မကျေနပ်ရင် သွားပေါ့ .. ငွေပေးရင် တန်းစီပြီး ပါးရိုက်လို့ရတယ် ..''

''ဘာဘာ .. အလုပ်သမား ဆိုတာလည်း ...''

''မပြောနဲ့တော့ .. မမဆီက တစ်သက်လုံး ကြားလာခဲ့ရတဲ့စကားတွေ နားတွေလည်း ထူနေပြီ၊ အခု ဘာလာလုပ်တာလဲ ..၊ မမ တကောက်ကောက်လိုက်ပြီး နွားကျောင်းသလို လိုက်ကျောင်းခံနေရတဲ့ဘဝက လွတ်ချင်ခဲ့တာ .. ခုထိ လွတ်မြောက်ခွင့် မရသေးပါလား ..''

ကြည့်စမ်း ..၊

မျက်နှာလည်း ပူထူသွားသည် ..၊ ရှက်လည်း ရှက်လာမိပါ၏။ ဟိုတုန်းက ငါ့ညီမ အမိုက်လေးပဲဆိုပြီး ဘာပြောပြော ဇွဲမယူရက်ခဲ့ပေ..၊

ဒါပေမယ့် ခုချိန်မှာတော့ ရှက်ရွံ့နာကျင်လာခဲ့၏။

မဟုတ်ဘူး ..၊ ဟိုတုန်းကရော ခုရော ငါ့ညီမလေးပဲ ..၊

အလွှာ ကိုယ့်စိတ်ကို ဖြေသိမ့်လိုက်သည်။

''နင်မကြိုက်တဲ့ စကားတွေ ငါ မပြောတော့ဘူး ဘာဘာ .. နင် ငါ့ကို ဒီ့ထက် မဆော်ကားနဲ့ ..၊ ငါ အခုလာခဲ့တာ နင့်ကို အရမ်းစိတ်ပူနေလို့ .. ပြီးတော့ ငါလည်း လက်ထပ်တော့မှာ ..''

''အိမ်စုတ်ပေါ်ကနေ အိမ်ကောင်းကောင်းလေးပေါ်တောင် တင်မပေးနိုင်တဲ့ သူဌေးလိုလို .. ကြမ်းပိုးလိုလိုလူနဲ့လား ..''

''ဘာ!...''

''အိမ်ကို ပြန်မလာပေမယ့် ဘာဘာ သိပါတယ် .. အဲသည်ဆိုင်



www.burmeseclassic.com

www.burmeseclassic.com



ဖောက်သည်တွေတောင် လျော့ချပြီး မမ သက်သက်သာသာ လုပ်နေနိုင်ပြီဆိုတာ .."

"အဲဒါက ငါ့ကျန်းမာရေးကြောင့်ပါ .. နင် ဘာဖြစ်လို့ ထင်ရာတွေ ပြောနေတာလဲ .."

"ဘာဘာ က သိနေတာတွေ ပြောတာ .. မမကသာ သူ့ရွှေးထင်ပြီး အမှီလွဲနေတာ .. အဲဒါပေါ့ ခိုးချင်လိုက်တာလည်း ပျောလို့ .. လက်နေးတာလည်း ချာလို့ ဆိုတာလေ ..၊ မရဲတရဲနဲ့လုပ်တော့ ဖြစ်တာပေါ့ .."

"ဘာတွေလျှောက်ပြောနေတာလဲ ဘာဘာ .. ကိုယ်ချစ်လို့ လက်ထပ်ဖို့ရွေးချယ်တာ ..၊ သူ့ရွှေးလိုချင်လို့ ရာယူတာမှမဟုတ်ဘဲ .. စကားကို လူကြားမကောင်းအောင် ဘာဘာ ရယ် .."

"ကြားကောင်းအောင် ပြောရင်တော့ ဘုရားရှိခိုးတာ ကျယ်ရင်တောင် နားငြီးလို့ ကဲ့ရဲ့မယ့်သူ ရှိနေဦးမှာပဲ ..၊ ဘယ်သူ ကြားကောင်းအောင် ပြောနေရမှာလဲ ..၊ မမက ကန်စွန်းရွက်ကြော်နဲ့ စားနေရတဲ့ဘဝကနေ ကြက်တောင်ပံလေးနဲ့ ငြိမ့်နေနိုင်ပြီဆိုပြီး ကျေနပ်နေတာကိုး.. အဲဒီလူက မမကို တိတ်တိတ်ပုန်း .."

"တော်စမ်း .."

"ဟွန်း .."

"နင် အဲဒီလို ပါးစပ်စည်း လက်စည်း မစောင့်တဲ့အတွက် ငါ ပြောပြချင်တာတွေလည်း ဘာမှမပြောတော့ဘူး .."

"ဒါတော့ မမသဘောပဲလေ .."

"အေး .. ဒါပေမယ့် နင့်ကိုတော့ မေးဖို့ရှိတယ် .. နင် အခု လက်ထပ်ပြီးပြီလား ..၊ ဘယ်သူနဲ့လဲ .."

လျှောင်ပြုံးနှင့် ကြည်လင်နေသည့် ကမ္ဘာ မျက်နှာ ကွက်ခနဲပျက်၏။

"ငါ့ကိုကျတော့ ပြောပြီး နင် ဘာဖြစ်နေသလဲဆိုတာ ငါ့ကို ပွင့်ပွင့်လင်းလင်း ပြောပြစမ်းပါ .. နင် ဒီအခြေအနေကိုရောက်အောင် ဘယ်



လို ဖန်တီးလိုက်တာလဲ ..၊ ချစ်သူချင်းညားတာမျိုး မဟုတ်ဘူးဆိုတာ ငါ သိတယ် ဘာဘာ .. နင့်မှာ ချစ်သူမှ မရှိတာ .."

"ဘာလဲ .. မမက ဘာဘာ သူများယောက်ျားနဲ့ ငြိစွန်းနေတယ် မှတ်လို့လား .."

"စိုးရိမ်လို့ မေးနေတာ .. ဒေါ်လေး ငါတို့ကို မကြာခဏ ဆုံးမခဲ့တယ်လေ .. 'သူများလင်ဘား၊ ဘာသာခြားနဲ့ ဓာတ်တူသားလည်း မစားနဲ့'တဲ့ .."

"ဟွန်း .. ဒေါ်လေး ဆုံးမတာကို နားထောင်တာတော့ မဟုတ်ဘူး မမ .. ဒါပေမယ့် အဲဒါမျိုး ဘာဘာ မလုပ်ဘူး .."

အလွှာ ကျေနပ်သွားကာ ခေါင်းတဆတ်ဆတ် ညိတ်မိ၏။ ပြီးတော့ ခတ်ပုံတွေ ဘာတွေများ ချိတ်ထားသလားလို့ တွေးမိပြီး နံရံတွေကို သတိတရ လှည့်ကြည့်မိပြန်သည်။

"ဘာဘာ .. နင် .. နင် သဘောကျနေတဲ့ မင်းစက်အာဏာ နဲ့လားဟင် .."

ကမ္ဘာ နဲ့ မျက်လုံးချင်းဆုံသွားကြ၏။ အလွှာ က သူမ ပြောလာမှာကို စူးစိုက်ငေးနေရင်း ...

"နင် မကြိုက်တာ ငါ မပြောပါဘူး .. တားဆီးရမယ့်အချိန်လည်း မဟုတ်တော့ဘူးဆိုတာ သိပါတယ် .. ခုလိုမျိုး နင့်ဘဝလေး ပြည့်စုံနေပြီဆိုတော့ နင်ချစ်တဲ့လူနဲ့ ပေါင်းရတာမျိုးလည်း ငါ ဖြစ်စေချင်တယ်..၊ ပြောစမ်းပါ .. နင် သူနဲ့ လက်ထပ်လိုက်တာမို့လား .."

မမ မျက်နှာကို ငေးကာ သူမ အထင်လွဲခဲ့သမျှအတွက် ရှက်ရွံ့စိတ်လေးတော့ ဝင်လာမိ၏။

သူငယ်ချင်းတွေ .. ပတ်ဝန်းကျင်တွေရဲ့ သွေးထိုးစကားကြောင့် မမကို သူမ အထင်လွဲမိ .. မုန်းတီးမိနှင့် ..၊

"ဘာဘာ ပြောလေ .. အခု သူနဲ့ မဟုတ်ဘူးလား .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .. ဘာဘာ တို့ လက်ထပ်ပြီးပြီ .."

အလွှာ မျက်နှာမှာ ခုမှ ပေါ့ပါးသွားရသည့် သက်ပြင်းရှည်ကြီးနှင့် အတူ ကြည်လင်သွားခဲ့ပြီး ...

"တော်ပါသေးရဲ့ ညီမလေးရယ် .. ငါက နင့်ကို အန္တရာယ်ဖြစ်မှာပဲ စိုးရိမ်နေတာ ...၊ နင့်ကို တခမ်းတနား လက်မထပ်ခဲ့တာလည်း သူ နင့်ကို ဟိုမိန်းမတွေလို အဖြစ်မခံနိုင်လို့ဖြစ်မှာ.. ဒါဆို သူ နင့်ကို တကယ် ချစ်တာ သေချာပါတယ် .."

"မမက ဘာဘာ လက်ထပ်ပွဲ မလုပ်ရသေးဘူးဆိုတာ ဘာလို့ သိတာလဲ .."

"ငါတို့ ဘာမှမကြားမိလို့ပေါ့ .. အထူးသဖြင့် မင်းစက်အာဏာ ဆိုတဲ့လူ လက်ထပ်ပွဲလုပ်တော့မယ်ဆိုရင် ပိုတောင် လူသိရှင်ကြား ဖြစ် သွားဦးမယ် ...၊ ဘာပဲဖြစ်ဖြစ် သူ ဒီပုံစံနဲ့ လက်ထပ်ထားတာကလည်း နင့်ကို မထိခိုက်အောင်လို့ နေမှာပါ .. ငါ ဝမ်းသာပါတယ် .."

စကားပြောရင်း ကြီးကျယ်ခမ်းနားသည့်တိုက်ကြီးကိုလည်း ကြည့် မိသည်။ အောင်ကောင်း ပြောသလို ဒီလူ တကယ်ကို ချမ်းသာတယ်ဆို တာတော့ သူမ ယုံကြည်သွားပါပြီ ...။

ညီမလေး ကံကောင်းလိုက်တာလို့ ကျေနပ်မိသည့်စိတ်က ရောက် လာတုန်းက မချေမင် ပြောခဲ့တာတွေကိုပါ မေ့သွားခဲ့လေသည်။

"အခု သူ ရှိသလား .."

"မရှိဘူး .."

"အေးလေ .. နင် သူနဲ့ လာလည်ပါဦး .."

"မလာချင်ပါဘူး .."

"ဘာဖြစ်လို့လဲ ...၊ နင်က ကိုယ့်ကိုယ်ကိုယ် ချမ်းသာပါတယ်လို့ ပြောထားလို့လား .."

ဒါကျတော့ ကမ္ဘာ မှာ ပြောစရာစကားတွေ အဆင်သင့် ...၊





"မမကိုမြင်ပြီး ညီအစ်မချင်းက တခြားစီပါလားဆိုတဲ့ စကားမျိုး ...က်လျှောက် နားထောင်ပြီး ခံစားလာခဲ့ရတာ .. ကိုယ့်ယောက်ျား ...ပ်က ပြောလာရင်တော့ ခံနိုင်မှာမဟုတ်ဘူး .."

အလွှာ အံ့သြသွားသည်။ ဒီလိုစကားတွေ ပြောခဲ့ဖူးတာ ညီမလေး ...ခံစားချက်တွေနဲ့ ရှိနေခဲ့တာ သူမ ဘာမှမရိပ်မိခဲ့ပါလား ...။

ကမ္ဘာ ကတော့ ပြောစရာရှိပြီဆို ဘယ်သူ့မျက်နှာမှ မကြည့်တတ် ...ကျင့်အတိုင်း ...

"ဆံပင်ရှည်လို့ ပုံစံကွဲတာမျိုးကို ပြောကြတာမဟုတ်ဘူး.. အားလုံး ...မတူတာကို ပြောကြတာ .. အဲဒါ မမက ဘာဘာ ရှိတဲ့ နေရာ ...ကို ရောက်လာပြီး ယှဉ်ပြနေလို့လေ .."

"မဟုတ်တာ ဘာဘာ ရယ် .. နင် ငါ့ကို အထင်လွဲ အပြစ်မြင်နေခဲ့ ...တွေက မနည်းမနောပါလား ဟင် .. အဲဒါတွေကြောင့် နင် ငါ့ကို ...ပြောတိုင်း မချေမင်တွေပဲ ပြန်ခံပြောနေခဲ့တာပေါ့ .."

"အစစ်ပေါ့ .. အဲဒါကြောင့် မိသားဖသားပီပီ စေ့စပ်ဖို့ တောင်း ...တွေလည်း ဘာဘာ လုပ်မှာ မဟုတ်ဘူး ...၊ အဲဒီရပ်ကွက် အဲဒီ ...တ်စုတ်လေးကိုလည်း ပြန်မလာချင်ဘူး .. ဖေါ်လေးကို အဲဒီအတိုင်း ...ပြောလိုက်ပါ .."

"ဒါ .. ဒါဆို ငါက သတိရရင်တောင် နင့်ဆီကို လာလည်ခွင့် ...ဘူးပေါ့ .. ငါက အဲဒီလောက်ထိ ရှုံ့စရာကောင်းတဲ့မိန်းမမျိုး .. ဟုတ်လား .."

"မဟုတ်ဘူးလေ .. ရှိခဲ့တာတွေကိုပဲ ပြောပြတာပါ ...၊ ခုတော့ ...ည်း လက်ထပ်ပြီးပြီပဲ .. မမ လာချင်ရင် ကိုယ့်လူကို ပါအောင် .."

...ညီအစ်မချင်း အိမ်လာလို့မရအောင် ဒီလောက်ထိ ကြီးမားတဲ့ အဖု ...တွေ ရှိခဲ့တာလား ...၊ အလွှာ ဘယ်လိုမှ မယုံနိုင် ...၊



www.burmeseclassic.com

www.burmeseclassic.com



ကမ္ဘာ ကလည်း သူမပါးစပ်က ပြောချလိုက်တဲ့စကားတွေဟာ ရင်ထဲက လာတာလား .. ခေါင်းထဲက စကားတွေလားဆိုတာ သူ ကိုယ်တိုင် မသိတော့ပါ ..။

အလွှာ ကို သူမ အစတည်းက တခြားညီအစ်မတွေလို ချစ်ချစ် ခင် မရှိတာ အမှန်ပင် ..။ ပြီးတော့ ငယ်စဉ်တည်းက မမကပဲ လိမ္မာသည် မမပဲ တော်သည် ဆိုတာတွေ ကြားနေခဲ့ရသည့် ရင်ထဲမှာ သဝန်တိုစိတ် တွေနဲ့သာ ပြည့်နှက်ခဲ့သည်။

မမကိုမွေးတော့ ရတနာထုပ်လေး လာဘ်ကောင်လေးတဲ့ ..။ သူမ ကျတော့ ကောက်ရိုးထုပ် အမှိုက်ထုပ်လေးလို့ ဆိုသေးသည်။

မိဘတွေကတော့ ချစ်စနိုး စနောက်ကြသည်လို့ ဆိုကြသည် ခံစားရသည့် အသည်းနုနုမှာ ကြမ်းရှသောဒဏ်ရာ ထင်ကျန်ရစ် ဘယ်သူမှမသိ ..။

ညီအစ်မနှစ်ယောက်တည်း လောကအလယ်မှာ ကျန်ရစ်ခဲ့ တောင် မမကို သူမ တခြားညီအစ်မတွေလို ရင်းနှီးချစ်ခင်ခြင်း နည်း ခဲ့သည်အထိ ..။

"ဒါဆို ငါ ပြန်တော့မယ် .. နင် ငါ့ကို လာတာမကြိုက်ရင်လည်း နင် လာခဲ့ဦးလေ .. မလာချင်ဘူးလို့ ပြောပြီးပြီပေမယ့် ငါတို့က သားအရင်းတွေပဲ ဘာဘာ ရယ် .. တစ်သက်လုံး ပြတ်တောက်သွား ဖို့တော့ မလွယ်ပါဘူး .."

လှည့်ကြည့်လိုက်တော့ မမ မျက်ဝန်းမှာ မျက်ရည်တွေနဲ့ ..

သူမ ပြောလိုက်တဲ့စကားက ဒီလောက်တောင် ထိနိုက်သွား တာလား ..။

ကိုယ့်ကိုယ်ကိုယ်တော့ အမြဲတမ်း ဒီစကားမျိုးတွေ ပြောနေ ထင်ခဲ့တာပါ ..။

"နေဦးလေ .. တစ်ခုခု စားသွားဦး .."



ကမ္ဘာ က အထဲကို လှမ်းခေါ်ဖို့ ပြင်လိုက်လျှင် ..

"နေပါစေ .. ငါ ပြန်တော့မယ် .."

"မမ နေပါဦး .."

သူမလေး စိတ်မကောင်းဖြစ်သွားပြီး တားဆီးနေသည်လို့ထင်လိုက် ...လည်း တကယ်တမ်းက မဟုတ်ခဲ့ဘဲ ..

"မမလက်စွပ်က လှလိုက်တာ .. ခဏချွတ်ပြ .."

လက်ကိုကြည့်နေပုံလေးက မက်မက်မောမော ..။

အလွှာ က လက်စွပ်ကိုချွတ်ပြီး ဖြန့်ထားသည့်လက်ဖဝါးလေးထဲ ...ည့်ပေးလိုက်လျှင် ...

"ဟင်!..."

လက်စွပ်ကို သေချာကြည့်မိတာနှင့် ကမ္ဘာ မျက်နှာတစ်ပြင်လုံး ...ပြခြင်းတို့ မဖုံးနိုင် မဖိနိုင် ကြီးစိုးသွားခဲ့ပြီး ...

"စိန်တွေ ကိုးလုံးတောင် .. ကြည့်စမ်း.. ကောင်းလိုက်တဲ့စိန်တွေ..။ ...နည်းမှာ မဟုတ်ဘူး .. မမကို ဟိုပုဂ္ဂိုလ်ကြီး ဝယ်ပေးတာလား.."

"အင်း .. ဆိုပါတော့ .."

"ဒါဆို ပိုက်ဆံလိုလို့ ပြန်ရောင်းလိုက်တယ် ပြောလိုက် မမရာ.. ...က်စွပ်လေး ဘာဘာ ကြိုက်တယ် .. ပြန်ဝယ်မယ် .."

"ဟင်!..."

"အမလေး စိုးရိမ်သွားတဲ့ပုံနဲ့ .. ဘာဘာ က စိန်တွေဝတ်နေတာ ...ကို ခန့်မှန်းတတ်ပါတယ် မမရဲ့ .. မမပစ္စည်း ဘယ်လောက်တန် ...ေ သိလို့လား .."

အလွှာ က မချိပြုံးလေးနှင့် ခေါင်းခါသည်။

"သိပါဘူး .. သိသိ မသိသိလည်း မသိချင်ပါဘူး ..။ ဒီလက်စွပ် ...ယ်လ်စိမ်လေးပဲဖြစ်ဖြစ် သူ့တန်ဖိုးနဲ့သူ ရှိထားပြီးသားပဲ"

ကမ္ဘာ က မျက်မှောင်လေးကုတ်၍ နားထောင်နေကာ ...

www.burmeseclassic.com

www.burmeseclassic.com



"မမက ဒီလူကြီးပေးတာကို တော်တော်မက်မောတဲ့ပုံပဲ.. ဘာလဲ အဲဒီလူကို ချစ်နေတာလား ..၊ မမကို ဘာဘာ က အားကိုးရှာလို့ တယ်ပဲ ထင်တာ .."

"ငါ အားကိုးရှာချင်ရင် နင့်အတွက် အများကြီး ပုံချပေးချင်တဲ့ စိတ်တွေနဲ့ သောကရောက်ခံနေပါ့မလား .."

"ဒါကတော့ အားကိုးချင်တိုင်းလည်း အားကိုးထိုက်တဲ့သူ ကိုယ့်နားရောက်လာတာမှ မဟုတ်ဘဲ .. ဒါပေမယ့် ဒီလက်စွပ်လော ဝယ်ပေးနိုင်တယ်ဆိုတော့ မမလူက မဆိုးပါဘူး ..၊ ကဲပါ .. ဘာ တန်ဖိုးဖြတ်တော့မယ်နော် .. ခုချက်ချင်း ပေးလိုက်မှာ .."

"နေဦး ဘာဘာ .. အဲဒါ ရောင်းပစ်လို့ရတဲ့ပစ္စည်း မဟုတ်ဘူး"

"ဘာဖြစ်လို့လဲ ..၊ မမလူကြီးက ခိုးလာတာတော့ မဟုတ် မို့လား.."

တစ်ဖက်သားကို ပုတ်ခတ်ချိုးနှိမ်တဲ့စကားတွေ အလွယ်တကူ ပြောထွက်လွန်းသဖြင့် ဘာဘာ ကို ဘယ်လိုဆက်ဆံရမှန်း မသိတော့ အောင် အလွှာ စိတ်ညစ်သွားမိ၏။

"မဟုတ်ဘူး .. အဲဒါက လက်ထပ်လက်စွပ်မို့လို့ .."

"ဘာ!..."

ကမ္ဘာ မျက်နှာက ဖြတ်ရိုက်ခံလိုက်ရသလို နီရဲတင်းမာသွား

"ဒါ .. ဒါ လက်ထပ်လက်စွပ်နဲ့လည်း မတူဘဲနဲ့ .."

"မတူပေမယ့် သူ အဲဒီအတွက် ပေးခဲ့တာ .."

ကမ္ဘာ ကိုယ့်လက်ချောင်းလေးတွေကို ပြန်ငုံ့ကြည့်မိသည်.. ယားဆန်ဆန် စိန်လုံးလေးမြှုပ်ထားသော လက်ထပ်လက်စွပ်လေး ပါသည်။

ဒါပေမယ့် သူ ပေးခဲ့တာတော့ မဟုတ် ..၊

မိမိဘာသာ စိတ်ကူးယဉ် တည်ဆောက်နေရသည့် လက်



အတွက် ပြည့်စုံဖို့ လိုအပ်သောပစ္စည်းတစ်ခု အဖြစ်သာ ..၊

"ဘာဘာ နင် ဝတ်ချင်ရင် ဝတ်ထားလိုက်လေ .. နင်လုပ်ပြီးမှ ငါ့ကို ပြန်ပေးပေါ့ .."

ကိုယ့်ညီမ စိတ်ဆင်းရဲသွားတော့လည်း အလွှာ မနေနိုင် ..၊

ပြောခဲ့ပြီး နေရာမှ ထရပ်လိုက်လျှင် ...

"ဒါကိုအကြောင်းပြပြီး ဖုန်းတွေဆက်လိုက် .. ခဏခဏရောက် လာလိုက်တော့ မလုပ်နဲ့နော် .."

အလွှာ ပြန်လှည့်မကြည့်တော့ဘဲ ထပြန်လာခဲ့လေသည်။ မျက်ဝန်း မှာ ဝေ့သီနေသည့် မျက်ရည်စတို့က စိုစိုစွတ်စွတ်ဖြစ်လာလိုက် .. လျှော့ ကျ အားနည်းသွားလိုက် ..၊

ကိုယ့်ညီမလေးမို့ ဖြေသိမ့်လိုက်ရခြင်းနှင့် နင့်သီးသွားသည့်အခါ မှာ ပြုံအုံဆဲဆဲထိ အားကောင်းလာခဲ့ခြင်းမှာ သူမ လမ်းပေါ်ရောက်လာ တော့ လွတ်လပ်စွာ ပြိုဆင်းလာခဲ့ကြ၏။

မငိုနဲ့ .. လမ်းပေါ်မှာ မငိုရဘူး အလွှာ ..၊

ခြေလှမ်းတွေကို တုံ့နှေးပစ်ကာ မျက်နှာငုံ့ပစ်မိသည်၊ ပတ်ဝန်းကျင် မှာ သွားလာနေကြသည့်လူနှင့် ပတ်ဝန်းကျင် လှုပ်ရှားမှု မှန်သမျှတို့ကို သူမ ဘာမှမသိတော့ဘဲ မိမိရဲ့ ခြေဦးထိပ်မြင်ကွင်းလေးကိုပဲ ရှုးစိုက် လျှောက်လှမ်းနေမိသည်။

ဒါတောင် မြေပြင်သည် ဝေဝါးသွားလိုက်.. ကြည်လင်သွားလိုက် ..၊

"ရေလွှာ .."

အသံနှင့်အတူ လက်ကို ဆုပ်ကိုင်ခံလိုက်ရမှ လန့်သွား၏။ လှည့် ကြည့်လိုက်တော့ ရေငွေ့ ..၊

အနက်ရောင်ကိုယ်ကျပ်ပေါ်မှာ ဂျက်ကက်အနက်နှင့် မျက်မှန် နက်ကို တပ်ထားသည်။

ဒါပေမယ့် ဝင်းမှုန်နေသည့်မျက်မှန်နဲ့ မျက်နှာက ခပ်ဝါးဝါး ခပ်

www.burmeseclassic.com

www.burmeseclassic.com



ပြားပြား ...၊

သူ့ကိုမော့ကြည့်လိုက်ပြီးမှ သတိရကာ မျက်နှာကို ငုံ့ပစ်မိသည်။ ပြီးတော့ မျက်ရည်တွေကို သုတ်၍ ...

"ရှင် ဒီနားရောက်နေတာလား .."

"ဟုတ်တယ် ...၊ လာ .. ကားပေါ်တက် .."

အလွှာ့ လက်လေးကို ဆွဲလာခဲ့ပြီး ကားထဲထည့်ကာ ...

"မင်းကို ကိုယ် ပြောသားပဲ ရေလွှာ .. မင်းညီမ .. ကျွတ်!..."

"ကျွန်မ ဘာမှမဖြစ်ဘူး .."

ဘာမှမဖြစ်သလို မော့လိုက်ပေမယ့် မျက်တောင်ဖျားတို့မှာ မျက်ရည်တွေ စိုလူးနေဆဲနှင့် ...

"ရှင် ကားပေါ်မတက်တော့ဘူးလား .."

"မင်းမျက်ရည်တွေကို အရင်သုတ်လိုက် .. အဲဒီမျက်နှာကို မြင်နေရရင် ကိုယ် ကားမောင်းလို့ရမှာ မဟုတ်ဘူး .."

သောမှာ လက်တင်ရပ်နေရင်း တင်းနေသည့်မျက်နှာက မျက်မှန်တပ်ထားတာတောင် သိသာနေသည်။ အလွှာ ကလည်း တစ်ရှူးလေးနဲ့ သေချာ သုတ်ပစ်ရှာသည်။ ပြီးမှ ...

"အကြီးနဲ့အငယ် ဆိုတာ ဒီလိုပဲ ကို .. ပြီးတော့ ဘာဘာ က ဟိုတုန်းတည်းက ဆိုးနေကျ .."

"တော်ပါကွာ .."

အလွှာ့ လက်လေးကို အထဲ ထပ်တွန်းပြီးမှ တံခါးပိတ်ပေးလိုက်၏။ ပြီးတော့ ဟိုဘက်က သွားဝင်ထိုင်ကာ ...

"နောက်ထပ် ကိုယ့်ကို အသိမပေးဘဲ မင်း မသွားရဘူး .."

"ဒါနဲ့ ကို ပြောတော့ ခရီးသွားဖို့ကိစ္စနဲ့ ဒီနေ့ မအားဘူးဆို .."

"မင်းကို စိတ်မချလို့ အားလိုက်ရတာလေ .. ခု ထင်တဲ့အတိုင်းပဲ မင်း ..."





"တော်ပါတော့ ကို .. ဘာမှမဖြစ်ပါဘူးလို့ ပြောပြီးပြီပဲ ...၊ ပြီးတော့ ကျွန်မတို့ညီအစ်မချင်း ကိစ္စတွေကို .."

"ကိုယ်က မိန်းမလိုမိန်းမရ ဝင်ပါနေတယ်လို့ ပြောမလို့လား.."

"မပြောပါဘူး .. ကို ကျွန်မကို စိုးရိမ်လို့ပြောတာ သိတယ် .. အဲဒီလိုပဲ ကျွန်မညီမကြောင့် ကျွန်မ ဘယ်လောက်ခံစားနေရပါစေ နှိပ်စက်လိုက်တာလို့ ကျွန်မ ဘယ်တော့မှ ထင်မှာမဟုတ်ဘူး .."

"အိုခေလေ .. အဲဒါကို အခု ထားလိုက်တော့ .."

ပြောပြီးတာနှင့် ကားကို ပြန်ဝိုက်ထွက်လိုက်တာ ရှောခနဲ ...၊

အတည့်မောင်းလာသည့်ကားတွေ ကတိုက်ကရိုက် ထိုးရပ်ကုန်လျက် ဟွန်းသံတွေပါ ဆူညံသွား၏။

"ဖြည်းဖြည်းမောင်းပါ ကို .. ဘာဖြစ်နေတာလဲ .."

သူက မျက်မှန်ကို အသာပင့်တင်ရင်း လှည့်မကြည့်ဘဲ ...

"ဘာမှမဖြစ်ဘူး .."

"ညီမလေးက မိုက်တဲ့အရွယ်ပါ ကို .. သူ့အတွက် ကာကွယ်ပြောရင်း ကို့ကို စော်ကားမိသလို ဖြစ်သွားရင် ဆောရီးပါ .."

"မင်းနဲ့ သူ အသက် ဘယ်လောက်ကွာလို့လဲ .."

"သိပ်မကွာပေမယ့် သူက အငယ်ဆုံး .."

သူက ရှေ့ကိုကြည့်ရင်း ပြုံးသလို မဲ့သလိုနှင့် ခေါင်းညိတ်၏။ ထိုမျက်နှာကို အလွှာ က စေ့စေ့ကြည့်၍ ...

"ကို ဒေါသဖြစ်နေတာ တစ်ခုခုကြောင့်လားဟင် .. အပြင်မှာ အဆင်မပြေတာ တစ်ခုခု ..."

"ကိုယ့်အတွက် အဆင်မပြေခြင်းတွေကို စတင် ရင်ဆိုင်လာရတာ မင်းနဲ့တွေ့မှပဲ ရေလွှာ .. ကိုယ့်ဘဝမှာ လိုချင်ရင်လည်း မရတာ မရှိခဲ့ဘူး ...၊ လုပ်ကြည့်တယ်.. ပျက်သွားတယ်ဆိုတာလည်း မရှိဘူး.. တကယ်ဖြစ်အောင် တကယ်လုပ်နိုင်ခဲ့တာချည်းပဲ .."



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်မကျမှ အဆင်မပြေခဲ့တယ် ဆိုတာက ..."

"မင်းကို ရယူနိုင်ဖို့ ကိုယ် ကြိုးစားခဲ့ရတာလေ ..၊ ခု ကိုယ်ဖြစ်နေရတဲ့ဒေါသတွေက မင်းရဲ့မျက်ရည်ကြောင့်ဆိုတာ မင်းက ပိုတယ် ထင်နေတာလား .."

သူ့ဒေါသတွေကို ကြည့်နေပြီး အလွှာ ဘာမှမပြောနိုင် ..၊

"ကိုယ့်ကို ဘယ်သူနားလည်လည် မလည်လည် ကိုယ် ဂရုမစိုက်ဘူး ..၊ မင်း နားမလည်ရင်လည်း ရတယ် ..၊ မင်းကမှ ကိုယ့်ကို မချစ်တာ .."

"တော်ပါတော့ ကို .. ကျွန်မ ပြောခဲ့တာတွေက ကို့ကို ဒီလောက် ထိနိုက်သွားစေမယ်လို့ မထင်ခဲ့လို့ပါ .."

"ကိုယ်ကတော့ လိုတယ် .. မင်းကို နားလည်လွန်းလို့ စိတ်မချတာ .. ကျွတ်!.. တော်ပြီကွာ ..၊ ကြာရင် ကိုယ့်ဒေါသတွေကို မင်းပဲ အထင်လွဲတော့မှာ .. ထားလိုက်တော့ .."

ထားလိုက်တော့ဆိုပေမယ့် ကားကတော့ လမ်းပေါ်မှာ ရမ်းကားစွာ ပြေးနေဆဲပါ ..၊ ဒါကို ပြေပျောက်သွားဖို့အတွက် အလွှာ တစ်ခုခုကို စဉ်းစားမိကာ ...

"ကို့ကို တစ်ခုလောက် မေးချင်တယ် .."

စကားစလိုက်ပေမယ့် သူက တုံ့ပြန်မယ့်ပုံမရှိသောကြောင့် အလွှာ ဆက်မပြောဘဲ နေလိုက်လျှင် ...

"ဘာလဲ မေးလေ .."

ရေငွေ့ က ကားမောင်းနေရင်း လှည့်ကြည့်ကာ ...

"စကားအေးအေးဆေးဆေးပြောရအောင် တစ်နေရာ ဝင်နေလိုက်မလား"

"ဟင့်အင်း .. တော်ကြာ မိုးချုပ်သွားလိမ့်မယ် .. ဘာမှလည်း အရေးမကြီးပါဘူး ..၊ အစတုန်းကတော့ အရမ်းစိုးရိမ်နေရတဲ့ကိစ္စလေ..၊ ခုတော့ သူနဲ့ပဲ လက်ထပ်လိုက်တော့မယ်ဆိုတော့ .."





"မင်းညီမနဲ့ မင်းစက်အာဏာ လား .."

"ဟင်!... ညီမလေးနဲ့လက်ထပ်ဟဲ့လူကို ကို သိနေတယ် .."

"ယောကျ်ားလေးပဲကွ .."

"ဒါဆို သူ့အကြောင်းကိုရော သိလား ဟင် .."

"သူ့အကြောင်း သိချင်ရင် မင်းညီမကို မေးကြည့်ပေါ့၊ သူ ဘာမှ မပြောလိုက်ဘူးလား .."

"ညီမလေး လား .."

အလွှာ မျက်နှာပျက်ကာ ရုတ်တရက် မဖြေဘဲ ဖြစ်သွားလျှင် ရေငွေ့ က မှန်ထဲကနေ လှမ်းကြည့်ကာ ...

"သေချာတာတစ်ခုက အဲဒီလိုလူတစ်ယောက်က မင်းညီမကို မြတ်နိုးစုံမက်နေဖို့ မလွယ်ဘူး .."

"မြတ်နိုးလို့ပဲ အခု ..."

"ပြောပါကွာ .. အခု ဘာတွေဖြစ်နေလို့လဲ ..၊ မင်းညီမကို ချမ်းချမ်းသာသာ ထားနိုင်လို့လား .."

"ကို!..."

အလွှာ က ဒေါသနဲ့မဟုတ်ပေမယ့် အံ့သြ၍ မျက်ခုံးတန်းလေးတွေ တွန့်ကုတ်နေကာ ...

"ကို .. သူ့ကို ယောကျ်ားချင်း မနာလိုစိတ် ဖြစ်နေတာများလား.."

"ဟွန်း .."

ရေငွေ့ က ကားမောင်းနေရင်း ပခုံးတွန့်ရယ်သည်။ ပြီးမှ မှန်ထဲကနေ လှမ်းကြည့်ကာ ...

"မေးခွန်းတစ်ခုကို အဲဒီလောက် သွယ်ဝိုက်မေးမနေပါနဲ့ကွာ .. ဘယ်လိုဖြေရမှန်းတောင် မသိတော့ဘူး .."

"ဖြေတတ်သလိုပဲ ဖြေပါ .. မင်းစက်အာဏာ အကြောင်း ရှင် ဒီလောက်ထိ ပြောနိုင်နေတယ် ..၊ ညီမလေး နေတဲ့နေရာကိုလည်း သိရက်



www.burmeseclassic.com

www.burmeseclassic.com



နဲ့ ကျွန်မ အတင်းမေးမှ ပြောတယ် ..”

“အဲဒီလို ကိုယ်က မနာလိုမိတယ်ဆိုရင် မင်းက ကိုယ့်ကို အထင်သေးချင်လို့လား ..”

“တွေ့လား .. မေးရင် မေးတာကို အရင်ဖြေပါဦး ..၊ ကို့ကို စကားပြောနေရတာ ကိုယ့်စကားကို အစပျောက်မသွားအောင် မနည်းဖမ်းနေရတယ် ..”

“ဟုတ်တယ်လေ .. ဒီလူက အရမ်းချောတယ်လို့ ကိုယ် ကြားထားတာကိုး .. ပြီးတော့ မင်းညီမတို့ ဒီလိုထားတဲ့ယောကျ်ားပါလားဆိုပြီး..”

“ရေစွေ့ .. ရှင် တော်တော့ ..”

“လန့်သွားတာပဲကွာ ..”

အလွှာ အော်လိုက်လို့ လန့်သွားသလို ပခုံးတွန့်ပစ်ရင်း လှည့်ကြည့်သည်။ အလွှာ ကတော့ သူ ကြည့်ပုံ လှုပ်ရှားပုံတွေက လူကို အထင်မြင်သေးစွာ စော်ကားနေသည်လို့ ခံစားမိနေကာ ...

“ရှင် လူကို ဒီလောက်ထိ အထင်သေးတယ် ဟုတ်လား .. ကျွန်မတို့ညီအစ်မက အဲဒီလို ယောကျ်ားတွေကိုမှ ..”

“ဟာ .. မဟုတ်ဘူး ..၊ ရေလွှာ မင်း ဘာဖြစ်တာလဲ ..”

“ဘာမှမဖြစ်ဘူး .. ကျွန်မကိုယ်ကျွန်မ နားလည်သွားတာ ..”

သူမ၏ရှိုက်သံတွေ ကြီးစိုးသွားခဲ့သည့် ကားသည် လမ်းနှင့်အလှမ်းဝေးသောတစ်နေရာသို့ ထိုးဆင်းရပ်သွားခဲ့လျက် ...

“ရေလွှာ .. ကိုယ် တောင်းပန်တယ်ကွာ .. မင်း ကိုယ့်ကို တည့်တည့်ကြည့်ပြီး မေးလိုက်တာလေးကို အသည်းယားသွားလို့ ‘စ’လိုက်တာပါ ..”

လက်လေးကို လှမ်းဆွဲတော့လည်း ဖယ်ချပစ်ကာ အလွှာ က တံခါးဘက် ထပ်ကပ်ပြီး ငိုသည်။

ထိုအခါ သိပ်မကြာခင်မှာ သူမဘေးကို သူ ရောက်သွားခဲ့ရပြီး...





“ဟိုဘက် တိုး ..”

“အို .. ဘာလုပ်တာလဲ ..၊ ထိုင်စရာ မရှိဘဲနဲ့ ..”

“ရှိတယ်ကွာ .. တိုး ..”

သူ အလွှာ့ ဘေးကို အတင်းပူးကပ်ထိုင်ကာ ငိုရှိုက်နေသည့်မျက်နှာလေးကို မော့ယူ၍ ...

“ရှင် နော် ..”

“မင်းကို ဘာမှမလုပ်ဘူး .. မျက်ရည်သုတ်ပေးမလို့ ..”

“လုပ်လုပ် မလုပ်လုပ် သူများတွေ တစ်မျိုးထင်ကုန်မှာပေါ့ .. ထွက်စမ်းပါ ..”

တွန်းချမလို့လုပ်တာတောင် သူက ဂရုမစိုက်ဘဲ အတင်းဖက်ထားကာ ...

“ဒီမှာ အလွှာ .. မင်း ကိုယ့်ကိုကြည့်စမ်းပါ .. မင်း ကို ဒီလောက်ထိ တန်ဖိုးထားနေတဲ့မျက်နှာကြီးကို ဘာဖြစ်လို့ ဒီလိုပဲ ခဏခဏ စွပ်စွဲနေရတာလဲ ပြော ..”

“ကျွန်မ အဲလောက် လူကဲခတ် မတော်ဘူး ကို .. ကျွန်မ သိတာ ကျွန်မ နေနေရတဲ့ ကျွန်မရဲ့ဘဝပဲ ..”

“နေဦး .. မင်းကို ကိုယ်က ...”

“ဟင့်အင်း .. အဲဒါတွေ မပြောချင်တော့ဘူး ..၊ ကျွန်မကို ပြန်ပို့ပေးပါ ..”

“မင်း ဒီတိုင်းပြန်သွားပြီး ကိုယ့်ကိုတော့ ပုဒ်မတွေ ထပ်တပ်တယ် ..၊ ထပ်မုန်းဦးမယ် .. ပိုဝေးအောင်နေမယ် .. ဒါတွေပဲ လာမှာမို့လား ..”

“ကျွန်မ ဘာမှမလုပ်နိုင်ဘူး ရေစွေ့ .. ရှင် လိုချင်တာ ရှင်အားလုံးရတယ် ..၊ ကျွန်မကတော့ ...”

“ကျွတ် .. ကို ချစ်လို့ ‘စ’မိတာကိုကွာ ..”



www.burmeseclassic.com

www.burmeseclassic.com



"မစနဲ့ ရေငွေ့ .. ဒါ စနောက်စရာ မဟုတ်ဘူး ..၊ ရှင့်ကို ယောကျ်ားချင်း မနာလိုနေတာလားလို့ ကျွန်မ မေးတာက မနာလိုစရာ မလိုဘူးဆိုတဲ့စကား ပြောချင်လို့ .. သူ့လူနဲ့ နှိုင်းမလို့မဟုတ်ဘူး .. မိန်းမတစ်ယောက်က ယောကျ်ားတစ်ယောက်ကို လိုအပ်တာမှာ အဲဒီယောကျ်ားချောတာ ထောတာတွေ ဘယ်လောက်ပါလဲပဲ ကြည့်တယ်လို့ ရှင် ထင်ရင် မှားပြီ .."

"ဒါဆို ဘာကျန်သေးလဲ ပြောစမ်းပါ .. မှန်တာက ဘာလဲ .."

အလွှာ မျက်ဝန်းလေးတွေ လက်ခနဲ ပင့်တက်လာတော့ သူက လက်ကာလိုက်၍ ...

"ကိုယ် မင်းရဲ့အမုန်းခံပြီး အတိုက်အခံ ငြင်းခုံချင်လို့ မဟုတ်ဘူး..၊ ဒါပေမယ့် မင်း သိရင် မင်းကိုယ်မင်းပဲ သိလိမ့်မယ် .. ယောကျ်ားတွေ သိတာက မိန်းမတွေအများကြီးအကြောင်း .. အဲဒါကို မင်း လက်ခံလား .."

အလွှာ မျက်နှာလေး ပြန်လှည့်ပစ်တော့ မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့နေခဲ့လျှင် ရေငွေ့ က မျက်နှာလှည့်သွားတဲ့ဘက်ကို လိုက်ငုံ့ကြည့်ကာ ...

"ကိုယ်ပြောတာ မမှားဘူးမို့လား ရေလွှာ .. ကိုယ် မင်းကို ယုံကြည်တယ် .. မြတ်နိုးတယ် .. အထင်သေးဖို့မပြောနဲ့ သူများ အထင်မြင်သေးပြီး စောင်းကြည့်တာတောင် မခံနိုင်ဘူး .."

သူ အလွှာ လက်ဖဝါးလေးကို ထပ်ဆုပ်ထားလိုက်ပြီး မျက်ရည်တွေ လိမ့်ဆင်းလာတာကို သုတ်ပေးသည်။

"မိန်းကလေးတွေကသာ ယောကျ်ားလေးတစ်ယောက်ကို စိတ်ကူးရင် အသိုင်းအဝိုင်း အဆင့်အတန်းနဲ့ တိုင်းတာကြတာ ..၊ ယောကျ်ားလေးတွေက အဲလိုမဟုတ်ဘူး .. သူချစ်တဲ့မိန်းကလေးကိုပဲ ကြည့်တယ်.. အဲဒီမိန်းကလေးဘက်က ရစ်တည်ကြတယ် ..၊ ကိုယ်က ယောကျ်ား





လေးတွေဘက်က ပြောနေတာ မဟုတ်ဘူးနော် .. ဒါ အားလုံးတော့ မှန်ချင်မှ မှန်မယ် .. ကိုယ့်စိတ်ကတော့ ဒီတိုင်းပဲ .."

သူက စိတ်မောသည့်ပုံနှင့် သက်ပြင်းချသည်။ ပြီးမှ ...

"မင်းကို ကိုယ် ဘာနဲ့မှ မရောနှောဘဲ သီးသီးသန့်သန့်ချစ်ခဲ့တာ ရေလွှာ .. မင်းရဲ့အကြည့် .. မင်းရဲ့အမူအရာ .. အပြောအဆိုလေးတွေကို ကိုယ် အရမ်းမြတ်နိုးခဲ့ရတာ .."

သူမရဲ့ဆံပင်တွေကို ဘွရှင်နဲ့ ကျောပြင်ကြားကနေ သူ အသာလေးဆွဲထုတ်ပြီး ရင်ဘတ်လေးပေါ် တင်ပေးသည်၊ ပြီးတော့ နမ်းမလို့ ငုံ့လိုက်ပြီးမှ နောက်ပြန်ဆုတ်၍ ...

"ကိုယ့်ကို စိတ်မဆိုးတော့ဘူးမို့လား .."

"ရှင့်ကို အစတည်းက စိတ်မဆိုးပါဘူး .."

"ဟာ .. အဲလိုတော့ မလုပ်နဲ့ကွာ ..၊ ခုနက အရမ်းစိတ်ဆိုးနေတယ် .. ခု ပြေသွားပြီ ..၊ ဟုတ်တယ်မို့လား .."

အလွှာ က ပါးပြင်လေးနား ကပ်နေသည့် သူ့မျက်နှာကို တစ်ဖက်လှည့်သွားအောင် တွန်းပစ်လိုက်ပြီး ပြုံးသည်။ ရေငွေ့ က ရယ်နေ၏။

"သွားတော့လေ .."

"ဘယ်ကိုလဲ .."

"ကားပြန်မောင်း .."

"ကိုယ့်ကို ချစ်လား .."

"ဘာဆိုင်လို့လဲ .."

"ဆိုင်လိုက်ပါကွာ .. ဒီလောက် ချော့နေတာကို .."

"ရေငွေ့ .."

"အဲလိုခေါ်ရင် နောက် မထူးဘူး .."

အလွှာ က ရယ်လိုက်ရင်း သူ့လက်ပေါ်က ထပ်အုပ်ကိုင်ထား...

"မင်းစက်အာဏာ အကြောင်း ထပ်သိထားတာ ရှိသေးလား



www.burmeseclassic.com

www.burmeseclassic.com



ဟင်..."

"လာပြန်ပြီကွာ .. ကျွတ်!..."

"မဟုတ်ပါဘူး .. ဒီတစ်ခါ စကားမများတော့ဘူးလို့ ကတိပေးတယ် .. ပြောပြပါ .."

"ဘာလုပ်ဖို့လဲ .. သူတို့ လက်ထပ်ပြီးပြီမို့လား ..၊ ကိုယ်လည်း ဒီလောက် မသိပါဘူး .."

"လက်ထပ်ပြီးပေမယ့် ညီမလေးက မိုက်ရူးရဲလုပ်ခဲ့တာ ကို.. ဒီလူ့အကြောင်း ဘာမှမသိဘူး .. သိလို့ ပြောတာကိုလည်း ..."

"ဘယ်သူက သိထားတာလဲ .."

"သူငယ်ချင်းတစ်ယောက်က ကျွန်မကို ပြောဖူးတယ် .. ဒီလူက လေးခါ လက်ထပ်ပြီးပြီတဲ့ .. သူ့ရဲ့သတို့သမီးတွေလည်း မင်္ဂလာဦးညမှာပဲ အကြောင်းအမျိုးမျိုးနဲ့ သေကုန်ကြတာတဲ့ .. အဲဒါတွေက တကယ်ဟုတ်သလား ဟင် .."

"အခု မင်းညီမ မသေသေးဘူးမို့လား .."

"ကို ရယ် .. ပြောလိုက်တာ မဦးမချွတ် .."

"မဟုတ်ဘူးလေ .. ကောလဟာလတွေမှန်း သိရင်လည်း ဘာလို့ စိတ်ပူနေရတာလဲ ..၊ သူတောင် မကြောက်တဲ့ဟာ .."

"မကြောက်တာက ကျွန်မကလည်း သေချာမပြောပြတတ်ဘူး..၊ သူကလည်း အရမ်းချမ်းသာချင်တာ .. ကျွန်မ စိတ်ပူတာက သူ လက်ထပ်ပြီးပြီဆိုတာ ဟုတ်မှဟုတ်ရဲ့လားလို့ .."

"မင်း မေးမကြည့်ခဲ့ဘူးလား .."

"အဲဒီလိုမေးလိုက်ရင် ညီမလေး စိတ်က ..."

ကိုယ့်ကိုပဲ စွပ်စွဲစရာစကားတွေ တိုးပွားလာမှာကြောင့်ဆိုတာ မပြောချင် ..၊

"စိတ်အေးအေးထားပါကွာ .. သူ အေးချမ်းနေလို့ မင်းနဲ့ မတည့်



တာပါ .."

"ဘာ!..."

"ခလုတ်ထိမှ အမိ 'တ' တယ်ဆိုတဲ့စကား ရှိတယ်လေ .. မင်းတို့ ဒါ ညီအစ်မနှစ်ယောက်ပဲ ရှိတာမို့လား .. သူ ဒုက္ခရောက်ပြီဆိုရင်တော့ ခင်းဆီ ပြေးလာမှာပါ .."

"ပြေးလာချိန် မရကာမှ ကျွန်မကို သတိရရင်ရော ..."

အလွှာ မျက်နှာလေးပေါ်က အားငယ်ထိတ်လန့်ခြင်းကို စိုက်ကြည့်ပြီးမှ မျက်နှာလွှဲပစ်ကာ ...

"မင်း ခုတည်းက သူ့ရဲ့အလိုအပ်ဆုံးလူဖြစ်ဖို့ ကြိုးစားထားပေါ့.."

"အလိုအပ်ဆုံး လူ .."

"ဟုတ်တယ် .. မင်းက သူ့အတွက် လိုအပ်နေမှ မင်းကို သတိရမှာ .."

"ဒါက ဘယ်လိုလုပ် ဖြစ်နိုင်မှာလဲ ကိုရယ်.. ကိုယ့်ချစ်သူကို မိဘမောင်ဘွားထက်တောင် ချစ်ကြသေးတာ .. ညီမလေးက အစတည်းက မ်ကိုခင်တာ မဟုတ်ဘူး .."

"အဲဒီတော့ မဖြစ်နိုင်တာကို မင်း ဘာဖြစ်လို့ စိတ်ဆင်းရဲခံနေမှာလဲ ရှေ့ရွှာ .. ထားလိုက်ပါကွာ .."

ထားလိုက်ပါဆိုတာ ပြောသလောက် လွယ်ရင်လည်း ကောင်းသား..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၂၇)

"ကိုကို ဖုန်းပြောနေတာ ဒီည ပြီးဦးမှာလား ဟင် .."

တစ်နေရာပြီး တစ်နေရာ သူကချည်းခေါ်နေကာ ဟိုလို ခိုင်း .. ဒီလို ခိုင်း ..။

ဖုန်းပြောနေကာမှပဲ သူ့မှာ တပည့်တပန်းတွေ ဒီလောက်ပေါများနေသလားဆိုတာ သိရတော့သည် ..။ ဒီမှာတော့ ဘယ်လုပ်ငန်းမှာမှလည်း ထိုင်တာ မမြင် ..။

ဘယ်သူနဲ့မှ စကားပြောတာလည်း မတွေ့ .. ဒါပေမယ့် ဒီညလောက် စကားတွေ အများကြီးပြောနေတာမျိုးလည်း မရှိခဲ့ဘူးထင်၏။

လက်တစ်ဖက်မှာ ဝိုင် နှင့် လက်တစ်ဖက်မှာ ဖုန်း ..။

သူ့ပုံစံကို ဘေးကနေ မတ်တတ်လေးရပ်ကြည့်ရင်း လက်ပိုက်ပြီး မှီနေလိုက် ..။ ခြေလှမ်း နှစ်လှမ်း သုံးလှမ်း လျှောက်လိုက် .. သူ့ဘေး… ငြီးငွေ့ခြင်းကို အမျိုးမျိုး ဖြေဖျောက်နေရကာ သူက ဝိုင်ကိုမော့လိုက်… ထပ်ခေါ်လိုက် .. ပြောနေလိုက် ..။





"အိုခေ .. အရင်တိုင်းပဲ .."

"... ... ... ..."

"ဒါတော့ မင်းတာဝန်ပဲလေ .. ငါ့အပိုင်းက ငါပြောသလို အားလုံး…င်း ဖြစ်မနေရင် ဘာလုပ်မလဲ ဆိုတာပဲ .."

သူ ဖုန်းပြောပြီးတာနှင့် ကမ္ဘာ့ ဘက်ကို ဖျတ်ခနဲ လှည့်၏။

"ဖုန်းပြောနေရင် ဝေးဝေးနေရတယ်ဆိုတာ မင်း နားမလည်ဘူး…ား ကမ္ဘာ .."

"ကိုကိုကလည်း တစ်နာရီ ရှိနေပြီလေ .."

"မင်းနဲ့ ကိုယ့်ရဲ့ လက်ထပ်ပွဲအတွက် လုပ်နေတာ .. မင်းပဲ ခမ်း…းချင်တယ် .. ကြွားချင်ပါတယ်ဆို .. ကိုယ် လုပ်နေတာ အဲဒီအတွက်…ဲ .."

"ဟင်!..."

ကမ္ဘာ က ရန်တွေ့မလို့ တာစူထားပြီးမှ အားနာသွားသည့်မျက်နှာ…လေးနှင့် ...

"ဘာဘာ သိပါတယ် .. ဒါပေမယ့် ကိုကို ဖုန်းပြောပြီးတာနဲ့ ဘာဘာ့…ို ပြန်တော့လို့ ပြောမှာလေ .. ဘာဘာ က ကိုကို့ကို တစ်ညနေလုံး …ီမှာ လာစောင့်နေရတာ .."

"ဘာလုပ်မလို့လဲ .."

"တွေ့ချင်လို့ပေါ့ ကိုကိုရယ် .. ကမ္ဘာ မှာ ကိုကို့တစ်မျက်နှာ…ည်း ရှိတာလေ .."

"မင်းအစ်မနဲ့ အဒေါ်ဆိုတာ ရှိတယ်မို့လား .. ဘာလို့ သွားမလည်…ာလဲ .."

ကိုကို လိုက်လာမှာစိုးလို့လို့ ပြောချင်လိုက်တာ လျှာယားနေသည်။ …တို နှမ်းပါတယ်၊ ပွမ်းပါတယ် ဘယ်လိုပဲပြောကြပါစေ ယော… …းတွေနဲ့ ပတ်သက်လာတိုင်း သဝန်တိုစိတ်ကတော့ …



www.burmeseclassic.com

www.burmeseclassic.com



အမြဲတမ်း ကိန်းအောင်းနေခဲ့သည်။

ကိုယ့်ကို မြင်သူတိုင်း ငေးအောင် လှပါသည်လို့ ပြောနေသံ
အမြဲကြားနေရပေမယ့်လည်း မမကို တချို့ယောကျ်ားတွေ ရ
ကြည့်ကြတာ မြင်တိုင်း ယောကျ်ားလေးတွေ အထင်ကြီး မက်မော
ကြတာ ဘယ်လိုပုံစံမျိုးလဲဆိုသော အတွေးက ကိုယ့်ကိုယ်ကိုယ်
ကြည့်မှု ကင်းမဲ့စေခဲ့၏။

ခုချိန်မှာ ပိုဆိုးတာက ကိုကိုက ကိုယ့်အပေါ် ကြင်နာသေး
မဟုတ် …၊ ရှင်းရှင်းတွေးရပါလျှင် သူ လက်ထပ်လို့ရသည်ဆို
အဖြစ်ကို လိုချင်သောကြောင့် သူမကို သက်သေပြချက်တစ်ရပ်အ
အသုံးချနေတာကိုလည်း မသိလို့ မဟုတ်ပါ …။

သူမကိုက ကိုကို့ကို မက်မောနေခဲ့မိသည် …၊ ကိုကို့ဆီးမှာ
လေးပဲ နေရနေရ … ကိုကို ငုံကြည့်တာ …၊ ကိုကို့ခါးကို ဖက်ထားရ
ပြီးတော့ ကိုကို့လက်မောင်းကို မှီနွဲ့နေခွင့်ရတာတွေ … ဒါတွေကို
မခံနိုင်ဘဲ ရူးသွပ်ခဲ့တာ ဖြစ်၏။

ပြီးတော့ ကိုကို့လောက် ချောပြီး ကိုကို့လို ချမ်းသာသည့် ယော
မျိုး ဘယ်မှာ ထပ်ရှိနိုင်မှာလဲ …၊

"ဟိတ် … ဘာတွေ တွေးနေတာလဲ …၊ ရော့ …"

"အါ…"

တွေးငေးနေတုန်း မည်းခနဲ ပျံလွှင့်လာသည့်အရာကို သေချာ
လိုက်နိုင် …၊

"နာလိုက်တာ ကိုကိုရယ် … အရမ်းပစ်လိုက်တာပဲ …"

ရင်ခွင်ထဲရောက်လာသည့် ခရီးဆောင်အိတ်ကို ငုံ့ကြည့်ရင်း
ဘတ်လေးကိုဖိ၍ ရှုံ့မဲ့ပြောသည်။ မင်းစက်အာဏာ က ခပ်
စောင်းကနေ ပြန်ငဲ့ကြည့်ကာ …

"မင်းက အဲလောက်တောင် ငေးနေတာလား … ဆောရီး …"



သူကိုယ်တိုင်လည်း ဝိုင်တွေမော့နေတာ များပြီမို့ ငုံ့လိုက်တာနှင့်
ခနဲ … နည်းနည်းယိုင်လိုက်တာနှင့် ပက်ခနဲ ဖြစ်နေပြီ …။

"အဲဒီအိတ်နဲ့ ဆန့်သလောက်ပဲ ယူ … မနက်ဖြန် မင်း ခရီးထွက်ရ
… "

"ကိုကိုကရော …"

"မလိုက်နိုင်သေးဘူး …"

"လက်ထပ်ဖို့ရက်လည်း မသတ်မှတ်ရသေးဘဲနဲ့ ဘာဘာ က ဟို
မှာ တစ်ယောက်တည်း သွားနေရမှာလား …"

"မင်း ဒီက မင်းနဲ့ ရင်းနှီးပြီးသား အိမ်အကူတစ်ယောက် ခေါ်
သွား … ဟိုမှာလည်း အလုပ်သမားတွေရှိတယ် …၊ မင်း ကြိုက်သလို
နိုင်းလို့ ရတယ် …"

"ကိုကိုရယ် … ဒီက အိမ်အကူတွေ ဘာဘာနဲ့ တည့်တယ်လို့
ဘယ်သူပြောသလဲ …၊ လူတွေများတိုင်း ခိုင်းလို့ကောင်းတာမှ မဟုတ်
ဘာ … အဲဒါကြောင့် ကိုကို့ကို ရန်ကုန်မှာပဲ …"

"နေရာသတ်မှတ်ချက်က အရေးကြီးတယ် ကမ္ဘာ … ဒါကို မင်း
ဆုံးဖြတ်လို့ မရဘူး … ပြီးတော့ မင်းလည်း မင်းကိုယ်မင်း တစ်ကောင်
ကြွက်လို နေတာ … ကိုယ်လည်း အတူတူပဲ …၊ ဘယ်မှာဖြစ်ဖြစ် မထူးခြား
ပါဘူး …"

"ဒီမှာကျတော့ ဘာဘာ့ သူငယ်ချင်း မိတ်ဆွေတွေ …"

"ဘာတွေလဲ …၊ ကိုယ်တို့ပွဲမှာ မင်းဆိုင်က ကောင်မလေးတွေ
သာဆိုပေးကြမှာလား … ဟွန်း …"

သူက မှေးစင်းနေသည့် မျက်တောင်ဖျားတွေနှင့် ငဲ့ကြည့်ပြီး မဲ့
လိုက်တော့ ကမ္ဘာ မျက်နှာလေး ရဲသွားသည်။ ဒါက သူမရဲ့ဘဝပဲ …
ဒီလူတွေကို ပြောလိုက်တာနဲ့ ကိုယ့်ကို ပြောတာနဲ့ ဘာထူးလို့လဲ…၊

"ကိုကိုက ဘာဘာ့ ကို လှောင်တာလား … ကိုကို ပြောတော့



www.burmeseclassic.com

www.burmeseclassic.com



ပကာသန အဆင့်အတန်း ဘာမှမလိုဘူး ဆို .."

"ကိုယ်က မလိုဘူးလေ .. လိုနေတာက မင်း မဟုတ်ဘူးလား ..၊ မင်း ဒီလူတွေရှေ့မှာပဲ ဂုဏ်ယူချင်တာ .. ဒီလက်ထပ်ပွဲကို သူတို့မြင်အောင် ပြချင်တာ .."

"ဒါကတော့ မိန်းမသဘာဝပဲကို .."

"အဲဒါတွေကို ကိုယ်က လုံးဝ စိတ်မဝင်စားတဲ့ကောင် ဖြစ်နေတယ် .. အိုခေ .."

အမိန့်တစ်ခုအတွက် အနားသတ်မျဉ်းသားလိုက်တိုင်း 'အိုခေ' ဆိုသော လက်ညှိုးထိုးလိုက်ခြင်းမှာပဲ အားလုံး တည်စေ၏။

ဒါပေမယ့် ဒီနေ့တော့ ...

"မင်း .. မင်း လက်က .."

လွဲသွားပြီးသည့်မျက်နှာက ဖျတ်ခနဲ ပြန်လှည့်လာကာ ...

"မင်းလက်က လက်စွပ် ပြစမ်း .."

တစ်လုမ်းတည်းနဲ့ ခုန်လွှားရောက်လာသကဲ့သို့ ကမ္ဘာ လက်လေးတစ်ဖက်ကို ဆုပ်ကိုင်လိုက်၏။ ပြီးတော့ မျက်လုံးတွေကျဉ်းမြောင်းသွားတဲ့အထိ စူးစိုက်ကြည့်ကာ ...

"ဒါ ဘယ်သူပေးတာလဲ .."

"ဘာဘာ ဝယ်တာ .."

"မလိမ်နဲ့ ကမ္ဘာ .. မျက်နှာတည့်တည့်ကြည့်ပြီး လိမ်ရဲတာ သတ္တိမဟုတ်ဘူး .."

ကမ္ဘာ က မျက်တောင်ဖျားလေးတွေ စိုက်ချပစ်လိုက်ပြီး မျက်နှာခပ်လွှဲလွှဲနှင့် ...

"မမ လက်စွပ်ပါ .. သူ့လူက လက်ထပ်လက်စွပ် ပေးထားတာတဲ့ .."

"ဒါကို မင်း ယူဝတ်ထားတယ်ပေါ့ .. မင်း မရှက်ဘူးလား ကမ္ဘာ



တခြားယောကျ်ားက သူ့ချစ်သူကို ပေးထားတာ မင်းမို့လို့ .."

"အို .. ကိုကို .. ကိုကို ဘာလုပ်တာလဲ .."

"မင်း ဝတ်ထားတာ ကိုယ် မကြိုက်ဘူး .."

ရင်ထဲမှာတော့ သိမ့်ခနဲ နွေးသွားခဲ့သည် ..၊ သူများပေးတဲ့လက်စွပ်ကို ဝတ်ထားတော့လည်း မကြိုက် ..၊ သူကကျတော့ အလိုက်တသိ ပေးခဲ့လို့လား ..၊

"ဒါ တန်ဖိုးသေးသေးကွေးကွေး မဟုတ်ဘူး .. ပြီးတော့..."

"ဒီထက်တန်တာ မင်း ပြန်ဝယ်လိုက် .. သူများပစ္စည်းကို မင်းလက်ထဲမှာ မြင်ရတာ ငါ အဆင်မပြေဘူး .."

ပြောပြီး လက်စွပ်ကို အင်္ကျီအိတ်ထဲ ထည့်လိုက်သည် ..၊ ပြီးတော့ လူက ယိုင်နဲ့နဲ့လှမ်းသွားရင်း ...

"မင်း ပြန်တော့ .. မနက်ဖြန် ခရီးသွားရမယ် ..၊ ဟိုရောက်ရင် မင်း ဘာမှ ပူစရာ မလိုဘူး .. အိုခေ .."

မအိုခေဘူး ကိုကို .. ကိုကို အိုခေသွားခဲ့တိုင်းမှာ ဘာဘာ့ အတွက်တော့ ငရဲပဲ ...၊

www.burmeseclassic.com

www.burmeseclassic.com



အခန်း (၂၈)

"ခင်ချို့ချစ် ဟုတ်လား .. သိတယ် .. နင့်ကို ငါ သိတာပေါ့ – နင့်လို ယုတ်ညံ့တဲ့မိန်းမမျိုးက ငါ့အိမ်ကြမ်းခင်းကို နင်းရဲသလား – သွား .. ခု ထွက်သွား .. နင် မသွားဘူးလား .."

"ဒေါင် .."

"ဝုန်း .."

"အောင်မာ .. ညည်းက ငါ့ကိုလား ..၊ ငါက ကိုလင်းအာဏာ ရဲ့ တရားဝင်မိန်းမ ဟဲ့ .. နင်နဲ့ ငါ ဘာမှမကွာဘူး .. ဒါပေမယ့် ချ နင့်လင်က နင့်ကို အလိုမရှိတော့လို့ ငါ့ကို လာသတ်ခိုင်းတာ ..၊ နင့်ကို သတ်ပစ်မယ် .."

"ဘာ!... နင် .. နင်နော် .. ရှေ့မတိုးနဲ့ ထွက်သွား .."

"ဆုတ်လေ .. ထပ်ဆုတ် .. နောက်မှာ ဆုတ်စရာရှိသေးလား – ဟား .. ဟား .. ဟား .. ဒီမှာတွေ့လား .. အဲဒါ နင့်လင် အလုပ်ခိုင်းတာ– ရှိသမျှအမွေတွေကို နင့်သားကို အားလုံးလွှဲပစ်လိုက်ပြီဆိုတော့ နင့်ကို





စိတ်နာလို့တဲ့ .. ဟား .. ဟား .. ဟား ..."

"သွား .. ထွက်သွားစမ်း .."

"ဒုန်း .."

"အား!..."

"အမေ!.. မေမေ .."

မေမေ့ အော်သံကြောင့် သူ အိပြင်ဘက်ကနေ တံခါးကို ထုနှက်နေမိသည်။ အထဲက အသံဗလံတွေ တိခနဲ တိတ်ကျသွားကာ တံခါးလော့ချလိုက်သံကိုပါ ကြားလိုက်ရ၏။ ဟိုမိန်းမကြီး အထဲကနေ တံခါးပိတ်ပစ်လိုက်ပြီမှန်း သိလိုက်ကာ အခန်းထဲကို ဝင်နိုင်သော တခြားတံခါးတစ်ခုကိုလည်း သိထားသဖြင့် ချက်ချင်း လှည့်ပြေးခဲ့၏။

သူ အခန်းထဲကိုရောက်လျှင် မေမေက လဲပြိုနေသောစားပွဲနဲ့ ကုလားထိုင်တွေ ကွန်ပျူတာစက်ပစ္စည်းကြားမှာ ခွေခေါက်ပုံကျနေ၏။

ပြီးတော့ ရင်ဝမှာ မောင်းချမားလေးက တစ်ဆုံးနစ်ဝင်နေကာ...

"တောက်!... မိန်းမယုတ်ကြီး .."

အဖြစ်တွေက မြန်ဆန်လွန်းကာ သူ့လက်ထဲမှာ သံတုတ် တစ်ချောင်းက ဘယ်လိုရောက်ရှိသွားခဲ့မှန်း မသိဘဲ မီးခံသေတ္တာရှေ့ကနေ သူ့ကိုမြင်လိုက်သဖြင့် ပြူးပြဲထွက်လာသည့် မြမြမင်း သည် ...

"ဒုတ် .. ဒုတ် .."

"အား!... အောင်မယ်လေး .."

ခြေထောက်ကိုတစ်ချက် ခေါင်းကိုတစ်ချက် ရိုက်ချလိုက်တာ ကိုယ့်လက်မှန်းလည်း ကိုယ်မသိ ..၊ သူသိတဲ့အချိန်မှာ မေမေက သူ့ရင်ခွင်မှာ ဒူးတုပ်လဲကျသွားခဲ့လျက် သူ့လက်ထဲကတုတ်က မေမေ့လက်ထဲမှာ...

"သား .. သားလေး .. ဟို .. ဟို .. တံခါးက ပြန်ထွက် .. အခန်းထဲမှာ .. အိပ်.. အိပ်နေသလို ..."

www.burmeseclassic.com



သားဓောကြောင့် ဒီနေရာထိ လှူးလဲထလာခဲ့သော မေမေသည် သူ့ခြေရင်းမှာပဲ အသက်ထွက်သွားခဲ့တာလည်း ကြောင်ငေးကြည့်နေခဲ့မိ၏။

"သား .. ဟာ!..."

ဖေဖေ ရောက်လာချိန်မှာ အခြေအနေအားလုံးကို ဖေဖေက အကောင်းဆုံးဖန်တီးပစ်လိုက်သဖြင့် မိန်းမသားချင်း ပြဿနာတက်ပြီး သတ်ဖြတ်ကြသည့်အမှုအဖြစ် အဆုံးသတ်သွားခဲ့၏။

"ဖေဖေ့ကို ခွင့်လွှတ်ပါ သားရယ် .. ဖေဖေ နောက်ကို ဒီလိုအမှားမျိုး ထပ်မဖြစ်စေရဘူး ..၊ ငါ့သားအတွက် ဖေဖေ့ဘက်က အစ်ကိုအစ်မ လူပျို အပျိုကြီးတွေကပါ သူတို့တူလေးအတွက် ရှိသမျှ ဘိုးဘွားအမွေတွေ စုပုံပေးကြဦးမှာ .. ဖေဖေ့မှာ ရှိသမျှတွေရော ဖေဖေ့ကိုယ်ပေါ်က အဝတ်အစားတွေကလွဲရင် ငါ့သားနာမည်နဲ့ ဖေဖေ အကုန်လုံး လွှဲပေးမယ်၊ ငွေရှိလို့ ပျက်စီးတဲ့အဖြစ်မျိုး ဖေဖေ ထပ်အရောက်မခံတော့ဘူး..၊ ပြီးတော့လေ .. ငွေမက်တဲ့မိန်းမတွေရဲ့လောဘတွေကို ဖေဖေ ကြောက်သွားပြီ .."

မျက်ရည်တွေတွေကျပြီး ဖေဖေ သူ့ပခုံးကို ဖက်ထားခဲ့သည်။ သူ ငြိမ်သက်နေခဲ့တာကတော့ ဖေဖေ့နောင်တတွေကို နားလည်ခွင့်လွှတ်ပေးခဲ့တာ မဟုတ်မှန်း သူ့ကိုယ်သူ သိပါသည်။

ဖေဖေက မေမေ့ကို သတ်ခိုင်းခဲ့သည်ဆိုသော ဟိုမိန်းမကြီးရဲ့စကားကကို သူ့နားထဲမှာ စွဲနေခဲ့ပြီမို့ ...

"ဖေဖေ မေမေ့ကို သတ်တာ .."

"မဟုတ်ဘူး .. လုံးဝမဟုတ်ဘူး သား ..၊ ဖေဖေ ဒီမိန်းမတွေကို အရေးပေးခဲ့မိတာ ဝန်ခံပါတယ် .. မင်းအမေကို ရွဲ့ပြီး ရှုပ်ယှက်ခဲ့ပြစ်ရင်းနဲ့ ဖေဖေ ရှိန်းမထွက်နိုင်ခဲ့ဘူး ..၊ ဒါပေမယ့် ဖေဖေ မင်းအမေကို သိပ်ချစ်ခဲ့တာပါ .."



ဘယ်လောက်ငိုပြနေနေ သူ့နှလုံးသားက အေးစက်မှုဟာ ကျောက်ဖျာကြီးလို ဖြစ်သွားခဲ့တာ သေချာလေသည်။ တခဏ် မာကျောခြင်းလား..၊ ထာဝရ ဒီတိုင်းရှိသွားမှာလား ဆိုတာတော့ မသိ ..၊

"ဖေဖေ့ကို ဒီတစ်ခါပဲ အခွင့်အရေးပေးပါ သားရယ် နော် .. သား ညီမလေး လူ့ဘဝမရောက်ခင် သေသွားရတဲ့အဖြစ်အတွက်ရော သားမေမေအတွက်ပါ ဖေဖေ သား ကျေနပ်အောင် အတိုးချပြီး ပေးဆပ်သွားပါ့မယ် ..၊ သားက အဖေ မတော်ချင်တော့ဘူးဆိုရင်တောင် သားရဲ့ဘေးမှာ ဘာပိုင်ဆိုင်မှုမှ မရှိတော့တဲ့ဘဝနဲ့ လူယုံအဖြစ် နေသွားပါမယ် .."

ဖေဖေ ကတိတွေ အထပ်ထပ်ပေးကာ အမှုကိစ္စတွေ ပြီးဆုံးသွားတာနှင့် ချက်ချင်းပြောင်းရွှေ့ဖို့ လုပ်သည်။

"ဘာဖြစ်လို့လဲ .. သား မပြောင်းဘူး ..၊ မေမေ သေခဲ့တဲ့နေရာမှာပဲ သား နေမယ် .."

"မနေရဘူး သား .. သားအတွက် အန္တရာယ်က ရှိသေးတယ် ..၊ မင်းအမေနဲ့ ဖေဖေ့ဘက်က နှစ်ဖက်ဘိုးဘွားတွေ ချမ်းသာသမျှ မင်းရသွားပြီဆိုတာ သိထားကြတဲ့လူတွေက ဒါကို လက်လွှတ်မှာ မဟုတ်ဘူး .."

ဘိုးဘွားပိုင်ဆိုပြီး ဒီလို လုယူတိုင်း ရသလား ..၊

မရရင် သတ်မှာပဲဆိုရင်ရော လူသတ်တယ်ဆိုတာ လွယ်သလား..၊

သူ့ရဲ့အတွေးနုနုမှာ ဤသို့ဖြစ်ဖူးသည် ..၊ ဒါပေမယ့် လူတစ်ယောက်လုံးကို တစ်ချက်တည်း ရိုက်သတ်ပစ်ခဲ့ဖူးသော လက်က ထစ်ခနဲဆို တွေဝေမှု ကင်းမဲ့နေခဲ့လျက် ...

"ဟော့ ဘာလုပ်တာလဲ .."

လေဆိပ်ကိုဆင်းသည့်လမ်းမှာ ကားမီးရောင်ရှေ့ကို ဝင်လာသည့် လူနှစ်ယောက်က တစ်ယောက်က မိန်းမ၊ တစ်ယောက်က ယောကျ်ား..၊

www.burmeseclassic.com

www.burmeseclassic.com



"ကိုကိုလင်း ရယ် .. ခဏတော့ ဆင်းပါဦး .."

"မလိုဘူး ..၊ မင်းနဲ့ ငါလည်း ဘာမှပတ်သက်ဖို့ မရှိဘူး ..၊ ရှေ့က ဖယ်နော် .."

"မဖယ်ဘူး လင်းအာဏာ.. မင်း ဆင်းလာခဲ့ ..၊ ဒီလိုနည်းနဲ့ ရှောင်ထွက်သွားရင် သက်ထား ကို မင်း ဘယ်လိုလုပ်မှာလဲ .."

"ထား ကတော့ လိုချင်သလောက် မရရင် ခုတစ်ခါတည်း လိုက်မှာပဲ .. သူဌေး ဦးလင်းအာဏာ နဲ့ နာမည်ကြီးပြီး ဒီလောက်နဲ့တော့ မကျေနပ်နိုင်ဘူး .."

ဆေးမှာ ဂျစ်ကားခပ်ရှစ်ရှတ်တစ်စီး ရှိနေကာ ကားထဲမှာ လူတွေထပ်ရှိနေသေးတာလား .. မရှိဘူးလား မသေချာ ..၊

"သား ကားထဲမှာပဲ နေနော် .. ဖေဖေတို့ဘာသာ ရှင်းမယ် ..၊ ဘာဖြစ်ဖြစ် ထွက်မလာခဲ့နဲ့ .."

သေချာမှာပြီးမှ ကားထဲက ထွက်သွား၏။ ဒါပေမယ့် အမျိုးသမီးက ဖေဖေ့ကို ဆောင့်တွန်းလိုက်သည် ..၊ နောက်လူက ဖမ်းချုပ်ထား၏။

ဖေဖေက မခံဘဲ သတ်ပုတ်ပွဲတွေ ထဖြစ်ကုန်လျှင် ...

"ဝူး .."

စက်နှိုးလိုက်သံနှင့် ကားမီးရောင်က သတ်ပုတ်နေသည့်လူတွေဆီ ဖွေးခနဲ ဝင်းထိန်သွား၏။

ဖေဖေ ဘယ်မှာလဲ ..၊

ဖေဖေ့ကိုဖယ်ပြီး ကျန်တဲ့လူတွေချည်း ပစ်မှတ်ထဲဝင်အောင် ဘယ်လိုလုပ်မလဲ ..၊ နှာကျင်နေသည့်နှလုံးသားက မုန်းတီးရွံရှာခြင်းများနှင့် သူ့စိတ်တွေ အေးစက်ခက်ထန်နေခဲ့ပြီ ဖြစ်သည်။

ကားထဲကနေ ပစ်မှတ်တွေကို ကျကျနန ချိန်ပြီးမှာ ...

"ဝေါ .."

"ဒုန်း .."



"အား!..."

ပတ်ဝန်းကျင်မှာ ဆူညံမှုတွေ ပွက်လောရိုက်သွားကာ ခဏအတွင်းမှာ ပြန်လည် တိတ်ကျသွားခဲ့၏။

"ငါ့သား မင်း ဘာမှမသိဘူး .. ဒီကားပေါ်မှာလည်း ပါမလာခဲ့ဘူးနော် .. သွား လွတ်အောင် ဝေးဝေးနေ .. ငါ့သားအတွက် ဖေဖေ ပေးဆပ်ခွင့်ရပြီ .. မင်းအမေအတွက် မင်းလည်း ကလဲ့စားချေလိုက်ရတာပေါ့.."

ဖေဖေ့ရဲ့ နောက်ဆုံး ပွေ့ဖက်နှုတ်ဆက်ခြင်းပဲ ဖြစ်သည်။

လူသုံးယောက်ကို ကားနဲ့တိုက်သတ်မှုဖြင့် ဖေဖေ ထောင်ကျသွားခဲ့ပြီးသည့်နောက် ..၊

"မင်းအဖေ ဆုံးသွားပြီ .."

ရှေ့နေကြီးသုံးဦး စာရွက်စာတမ်းများနှင့် သူ့ထံ ရောက်လာခဲ့ပြီး..၊

www.burmeseclassic.com



အခန်း (၂၉)

"တောက်!..."

ကိုယ့်အသံ ကိုယ်ကြားလိုက်ပြီးမှ အိပ်ပျော်နေရင်း တက်ခေါက်မိမှန်း သိသည်။

ပြီးတော့ သူ့တစ်ကိုယ်လုံး မောဟိုက်သလိုဖြစ်နေလျက် ချွေးတွေပါ စိုနေ၏။ မျက်လုံးဖွင့်လိုက်တော့ အပြာရောင်မီးအားဖျော့ဖျော့နှင့် သူ့ဘေးမှာ လဲလျောင်းနေသည့် ပုံရိပ်တစ်ခု ...၊

"ဟင် .. ကမ္ဘာ .. မင်း ဒီမှာ အိပ်နေတာလား .."

"ဟင် .. ဘာလဲ ကိုကိုရာ .."

"ဟော့ .. ထစမ်း .."

ကမ္ဘာ က သူ ဆွဲထူတဲ့အတိုင်း လေးလေးကန်ကန် ပါလာပေမယ့် အိပ်ရာထဲပဲ ပြန်လှဲချဖို့ လုပ်နေကာ ...

"အိပ်ချင်လို့ပါ ကိုကို ရာ .."

"မင်းကို ငါ ပြန်နိုင်းထားတယ်လေ .. မရဘူး .. ဟိတ် .. ထစမ်း"





"အား .. ကိုကို့ .."

"ထ .. မင်း ဒီအိမ်မှာ အိပ်ရတဲ့အကြောင်းကို ဖြေစမ်း .."

"အား .."

ညတုန်းက သူမှာ အပေါ်ထပ်အင်္ကျီ ရှိသည်၊ ခုတော့ အပေါ်ထပ်အင်္ကျီက ကြမ်းပေါ်မှာ ရောက်နေ၏။ ပြီးတော့ သူမပုံစံသည် ...၊

"ဘာတွေ ဒေါသထွက်နေတာလဲ ကိုကိုရယ် .. ဘာဘာ တို့ လင်မယားတွေပဲ .."

"ဘာ!... မင်း ဘာပြောတယ် .."

"ကိုကို သူများကို ထပ်မကိုင်နဲ့နော် .. နာနေပြီ .."

မွေ့ရာပေါ်ကို နောက်ဆုတ်လေး ပြန်ထိုင်ချလိုက်ကာ ကမ္ဘာ က ပြန်အော်သည်။

"မင်း ဝိုင်တွေ သောက်ထားသလား .."

"ဟုတ်တယ် .. ကိုကို မူးနေတာ အရမ်းကြည့်လို့ကောင်းတာပဲ..၊ အဲဒါနဲ့ .. အဲဒါနဲ့ ဘာဘာ လည်း ကိုကိုနဲ့ အတူတူ အိပ်မယ်ဆိုပြီး.."

"မင်း သောက်နေကျမို့လား .."

"နည်းနည်းပါးပါးပါ .."

"ဟွန်း .."

ကျန်တဲ့ဝိုင်အင်အားကို သူ သိသည် ...၊ တစ်စက်မှ မကျန်တော့အောင် သောက်ထားပြီးမှ ဒီပုံစံနဲ့ ပြန်နိုးလာတယ်ဆိုတာ မဖြစ်နိုင် ...၊

သူ အိပ်ပျော်သွားတာ တစ်နာရီတောင် မပြည့်တတ်သေး ...၊

"ကိုကိုက ဘာလို့ မဲ့ပြုံးပြုံးနေတာလဲ ...၊ ဘာဘာ ခုလို တစ်ခါမှ မသောက်ဖူးဘူး .. ပြီးတော့ ကိုကို ဆူမှာကိုသိလို့ ရဲဆေးတင်ထားတာ.."

"ဘာ!..."

"ကိုကိုနဲ့ တစ်အိပ်ရာတည်းမှာ အတူတူ အိပ်ချင်တယ် ကိုကို..၊ လက်မထပ်ရသေးဘူးဆိုပြီး ကိုကိုက စောင့်ထိန်းနေတာပါ .. တကယ်



www.burmeseclassic.com

www.burmeseclassic.com



တော့ ကိုကိုနဲ့ ဘာဘာ ကင်းတာ မကင်းတာ ခုချိန်မှာ ဘာမှအရေးမပါတော့ဘူး .. ဘာဘာ က ကိုကို့ကောင်မလေး ဖြစ်နေပြီးသား ..''

ပြောပြီး လက်ကို လှမ်းဆွဲသည် ..၊ သူ့လက်ကို လွှဲပစ်လိုက်ရင်း တစ်ဆက်တည်း ပစ်ကျသွားသည့် လက်ပြန်ရိုက်ချက်က ဖြောင်းခနဲ ..၊

''အား!...''

ကမ္ဘာ မေ့ရာပေါ် စိုက်ကျသွား၏။

မိန်းမတွေရဲ့ စက်ဆုပ်ဖွယ်ရာအထွေထွေကို ခုလေးတင်ပဲ အတိတ်ကို တစ်ခေါက်ပြန်လျှောက်ရင်း နားနဲ့ဆတ်ဆတ် ကြားခဲ့ရသည်။

ကမ္ဘာ ဆိုသည့် မိန်းမတစ်ယောက်က သူ့အိပ်ရာပေါ်မှာ သူ့လက်ကို ဆွဲထားခြင်းဖြင့် ..၊

''ဆောရီးပဲ ကမ္ဘာ .. မင်းအမြင်မှာတော့ ငါ ဒီလောက်ဖြစ်သွားတယ်ဆိုပြီး အံ့ဩမှာပဲ ..၊ ဒါပေမယ့် ငါ့ရှေ့မှာ ဒီလိုအမူအကျင့်မျိုးတွေ မင်း မပြမိစေနဲ့ .. အဲဒါမျိုးတွေကို ငါ မသနားတတ်ဘူး ..''

ပြောပြီးတာနှင့် ချာခနဲ လှည့်ထွက်လာခဲ့သည်၊

မင်း မုန်းသွားရင်လည်း ငါနဲ့ ဝေးရာကို ထွက်သွားလိုက်တော့ ကမ္ဘာ ..၊

မင်းကို ငါ ခုထိ ဂရုမစိုက်ဘွာ ပစ်ထားခဲ့တာ သနားလို့ ..၊

မင်းအစ်မကြောင့် မင်းကို ငါ တွေ့ဝေနေသလားလို့ ..၊

ငါ့ရဲ့သတို့သမီးဖြစ်ဖို့အထိ မင်း တက်လာခဲ့ရင်တော့ .. ဖိုင်နယ်လ်မှာ တွေ့ဝေတယ်ဆိုတာ ငါ့ရာဇဝင်မှာ မရှိဘူး ..။





အခန်း(၃၀)

''ဖုန်းခေါ်တာ ခေါ်လို့လည်း မရဘူး ..''

''ညတိုင်း ဖုန်းဆက်နေကျမို့လား ..''

''မဆက်တာ သုံးညရှိပြီ ..''

ခေါ်မာလာ သက်ပြင်းချမိလေသည်။ အလွှာ မျက်နှာလေးလည်း ယ်နေကာ ခေါင်းလျှော်ပြီးစ ဆံပင်ရှည်တွေကို ရေစင်အောင်သုတ်ဖို့ င် သတိမရနိုင်ဘဲ ဆေးစစ်ချက်အဖြေကို မျက်လွှာလေးစင်းချထေးရင်း...

''ဒီလိုပဲ ဖြစ်နိုင်မယ်မှန်း သမီး အစတည်းက ကြိုတွက်ထားပြီးသားပါ ..၊ သူ့အတွက် ဒီအိမ်က တည်းခိုခန်းတစ်ခုထက် မပိုနိုင်သလို သမီးကိုက ကမ်းနားသစ်ပင်မှာ မှီတွယ်ခဲ့မိတာ ..''

''သြော်ကွယ် .. ဒီကောင်လေးက သမီး ပြောသလောက်လည်း ဟုတ်နိုင်ပါဘူး ..၊ လူတိုင်းမှာ လျှို့ဝှက်ချင်တာ တစ်မျိုးမျိုးတော့ ရှိနေတတ်တာပဲ ..''

''အဲဒီ လျှို့ဝှက်ချင်တာထဲမှာ သူ ဘယ်သူဘယ်ဝါဆိုတာကို ဘာမှ ပြောခဲ့တာ အဆိုးဆုံးပဲ ခေါ်လေး ..၊ ခုတော့ ...''



www.burmeseclassic.com

www.burmeseclassic.com



"သမီးရှယ်.. ခရီးသွားစရာ ရှိတယ်လို့ ပြောခဲ့တာပဲကွယ် .."

"ခရီးသွားစရာဆိုတာကို သွားပြီ .. မသွားသေးဘူးဆိုတာတောင် ဘာမှမသိရဘူးလေ ..၊ သူ ဒီလိုလုပ်သွားရင် သမီး သူများတွေထက် ပိုပြီး ခံစားရမယ်ဆိုတာ သူ သိတယ် .."

ဒေါ်မာလာ က ကုလားထိုင်မှာ ပုတီးစိပ်နေရင်း ပုတီးကို လက်ကောက်ဝတ်မှာ ရစ်ပတ်ထားလိုက်၍ ...

"ကဲပါ သမီးရယ် .. ရက်ပိုင်းလေးလောက်နဲ့ လူတစ်ယောက်ရဲ့ ဆုံးဖြတ်ချက်ကို သေချာခန့်မှန်းကြည့်လို့ မရသေးပါဘူး ..၊ ငါ့တူမမှာလည်း ညီမကို လှမ်းပူရ .. ကိုယ့်အတွက် ပူရနဲ့ အပူတုံးကလေးလည်း ဖြစ်နေပါပြီ ..၊ ကိုယ့်ကိုယ်ကိုယ် အေးချမ်းအောင် နေစမ်းပါကွယ်.."

"နေလို့ ဘယ်လိုလုပ်ရမှာလဲ ဒေါ်လေးရယ် .. သမီးမှာ အခု ကိုယ်ဝန်ရှိနေပြီလေ .."

မငိုမိအောင် ကြိုးစားနေရင်း မျက်ရည်က ကျချင်နေသည်။ တိတ်ဆိတ်စွာရှိနေသည့်ဖုန်းကို မျက်လုံးရောက်သွားတော့ ပိုဆိုးလေသည်။

"ကောင်းပါတယ်.. ဒါကို သူ မသိဘဲ ပျောက်သွားတာ ပိုကောင်းပါတယ်"

"ဘယ်လို!... ဘယ်လို .. ဖြစ်ရတယ် အလွှာ ရယ် .."

"ဟုတ်တယ် .. ဒီလိုလုပ်သွားဖို့ အကြံအစည်နဲ့လူက ကလေးရှိနေပြီဆိုတာကို ဘယ်လိုလုပ် ကြိုက်မှာလဲ ..၊ ဒီလကုန်တဲ့အထိမှ သူ မဆက်သွယ်တော့ရင် သမီးတို့ အိမ်ရောင်းပြီး ပြောင်းရအောင် နော် .."

ဒေါ်မာလာ ရင်နင့်သွားမိလေသည်။

ဒီလိုတော့ မလုပ်တန်ကောင်းပါဘူးလို့ ခုထိ ထင်နေမိတုန်းမယ့် ပြောစရာစကားလည်း မရှိတော့ပေ ..။

ငွေတွေ ရလို့သုံးနေနိုင်သည့် လူချောလူလှ ဒီကောင်လေးဟာ မြာပွေတယ်ဆိုတာလည်း ဖြစ်နိုင်သလို ဒီလိုပဲ မိုက်ရိုင်းစော်ကားတတ်တဲ့လူတစ်ယောက် ဖြစ်နေသည်ဆိုရင်လည်း ငြင်းစရာစကား မရှိ –





"ဟင်း ..."

လောကီအပူတွေကို ငြိမ်းသတ်ဖို့ ဘယ်လိုပဲကြိုးစားဆဲမယ့် မလွယ်ပါလား ..၊

သက်ပြင်းရှည်ကြီးချရင်း အလွှာ ထိုင်နေသည့်နားကို ဖြည်းလေးစွာ လျှောက်သွားမိကာ ...

"သမီး စိတ်အရမ်းညစ်နေရင် ကားသွားမောင်းကြည့်ပါလား ..၊ နေ့ခင်းဆို ဒီလမ်းကြောတွေက ရှင်းပါတယ် .."

"ဒေါ်လေးရယ် .."

"ဒီလိုလေ .. သမီးကို ကားမောင်းသင်ပေးထားတာပဲ .. ၊ ကားလည်း ထားခဲ့တယ် .."

"သမီးတစ်ယောက်တည်း မမောင်းရဲသေးပါဘူး ဒေါ်လေးရယ်.. ဒါတော့ ကားက ထားခဲ့တာ မဟုတ်ဘူး .. သူ ခရီးမသွားခင်တည်းကမှာ ဒီကား သောင်တင်နေတာ .."

"အင်း .. ကားတွေ ဘယ်နှစ်စီးတောင် ထည့်လဲ မောင်းနေသလဲ မသိဘူး .. တစ်စီးကျန်ခဲ့ပြီး နောက်ထပ်တစ်စီး ပါပါလာတော့ ဒါကို ဂရုစိုက်သယ်ချိန် မရှိတော့ဘူး ..၊ ငါ့သမီးက ဒါနဲ့တောင် သူ ဘယ်လိုလူမျိုးဆိုတာ နည်းနည်းပါးပါး မစပ်စုနိုင်ဘူးလား .."

"သေချာကြီး မဟုတ်ပေမယ့် သမီး မေးပါတယ် .. ဒါပေမယ့် ဘာမှမပြောဘူး .. သမီးနဲ့သူ တွေ့ဖြစ်တိုင်း စကားပြောလည်း သိပ်အဆင်မပြေတော့ ပြောဖြစ်ကြသေး၍ အဲဒီအကြောင်း မဟုတ်ဘူးပဲ ဖြစ်တာ .."

"အေးလေ .. အပြောင်းအလဲတွေကလည်း မြန်လိုက်တာ ..၊ ဒါပေမယ့် သမီးရယ် .. သမီး အညာလွှယ်ခဲ့တာမျိုးပဲ တွေးမနေပါနဲ့ .. သူကို သမီးကို ကြိုးစား ရယူသွားတာမျိုးပါ .. အဲဒါကို ဒေါ်လေး သိတယ် .."

အလွှာ ခေါင်းလေးခါ၍ ကြွေလုလုမျက်ရည်ကို လက်နှိုက်လေးနဲ့



www.burmeseclassic.com

www.burmeseclassic.com



ကပ်သုတ်လိုက်မိသည်။

"ဘာဖြစ်ဖြစ် လူတွင်ပါလို့ နွားကျားဆွဲတာပါ၊ သမီးလည်း –"

သူမ ဘာဖြစ်သွားခဲ့မှန်း ကိုယ့်ကိုယ်ကိုယ်လည်း နားမလည်ခဲ့ပါ– မျိုသိပ်ရလွန်းသည့်ခံစားချက်တွေက တအားမှိုက်ငိုပစ်လိုက်ဖို့ တိုက်တွန်းနေကြ၏။ ထို့ကြောင့် အံကြိတ်ထိန်းနေရင်း ...

"သမီး ဘယ်လဲ .."

"ဒေါ်လေး ပြောသလို ကားလှျောက်မောင်းကြည့်မလို့ပါ .."

"ဟင် .. ချက်ချင်းကြီးပါလား .. သိပ်မကျွမ်းကျင်သေးရင်လည်း–"

"ဒီနားတစ်ဝိုက်လေးတင်ပါ .."

ဒေါ်လေးရှေ့မှာ မငိုချင်လို့ဆိုတာ ဒေါ်လေးလည်း ရိပ်မိနေမှာပါ–

"နေဦး သမီး.. ကားသော့က ချိတ်ထားတာမကောင်းလို့ ဒေါ်လေး သိမ်းထားတာ .."

"ဟုတ် .. သမီးဘာသာ သွားယူလိုက်မယ် .."

ဒေါ်မာလာ ထိုင်မလို ထမလိုပုံစံနှင့် နီမြန်းနေသည့်မျက်နှာလေး ကို လိုက်ကြည့်ရင်း ကျန်ရစ်၏။ ဒေါ်လေး အိပ်ခန်းထဲ ရောက်သည့်နှင့် မျက်ရည်စက်တို့ လိမ့်ဆင်းကျလာကာ ဗီရိုအံဆွဲကိုဖွင့်တော့ မျက်လုံး တွေက ဝေဝါးနေ၏။

မျက်ရည်စက်တို့ကို မျက်တောင်တို့နှင့် ဖယ်ရှားကာ ကားသော့ ရှာရင်း ဘဏ်စာအုပ်လေး ထွက်လာ၏။

လုံလုံခြုံခြုံ ပြန်ထည့်သိမ်းဖို့ ကိုင်လိုက်ပြီးမှ ဖွင့်ကြည့်လိုက်မိလျှင်–

"ဟင် .."

ငွေတွေ မနည်းပါလား ..၊

ဘယ်လိုမှ မယုံနိုင်ဘဲ ကိုယ့်မျက်လုံးကို ထပ်ပွတ်ကြည့်မိရင်–

"ဒေါ်လေး ရေ .. ဒေါ်လေး .."

"ဟင် .. ဘာဖြစ်လို့လဲ သမီး .."

အလွှာ အပြင်ကို ခပ်သုတ်သုတ် ထွက်လာကာ ...



"သမီးတို့ အကောင့်(ထ်)ထဲမှာ ငွေတွေ အများကြီးပါလား .."

ဒေါ်မာလာ မျက်နှာပျက်သွားကာ ...

"ဟုတ်တယ် သမီး .."

သက်ပြင်းချရင်း မျက်နှာလွှဲ၍ ...

"ရေငွေ့ ထည့်ပေးထားတာ .."

"သိတယ် .. မြင်လိုက်တည်းက သမီး သိပါတယ် ..၊ ဘာဖြစ်လို့ ဒါတွေ လက်ခံလိုက်တာလဲ ဒေါ်လေးရယ် .. ခုတော့ သမီးဘဝကို သူ့ဘာ ဒါတွေပေးပြီး နင်းချေသွားတာမျိုး ..."

"သမီး .."

"ဟင့်အင်း .."

ဘာမှမကြားချင်တော့သလို ခေါင်းခါရင်း စာအုပ်ကိုပစ်ချ၍ ဖုန်းဆို ကောက်ယူလိုက်သည် ..၊ ပြီးတော့ အိမ်ရှေ့ကို အပြေးတစ်ပိုင်း ထွက်လာခဲ့၏။

"သမီး .. သမီး ကားအရမ်းမမောင်းနဲ့ နော် .. ဒေါ်လေးကို မကျေနပ်ရင် ကြိုက်သလို ပြောသွားပါကွယ် .."

အလွှာ ခြေလှမ်း တုံ့ခနဲ ဖြစ်သွားသည်။ ပြီးတော့ ပြန်လှည့်ကြည့်တာ ...

"ခဏထိုင်ရုံပဲ ဒေါ်လေး .. သမီး ဘယ်မှမသွားဘူး .."

ဒေါ်လေးကိုတော့ စိတ်မဆင်းရဲစေချင်ပါ ..၊ သူမ ကားသော့လည်း ယူမလာခဲ့သည်မို့ ဒီတိုင်းပဲ ရှေ့တံခါးဖွင့်ထိုင်ပြီး အားပါးတရ ငိုချလိုက်မိသည်။

ဒေါ်လေး မသိလို့ပါ ..၊ သူမ သူ့ကိုလွမ်းစိတ်တွေ ဖြစ်လာတိုင်း ဒီထဲမှာ ထိုင်နေကျ ..၊

ကားထဲမှာ သူ့ရဲ့အငွေ့အသက်တွေ ရှိသည် ..၊ သူ့ရဲ့ အမွှေးရနံ့ ကားသံတွေကအစ အမြဲနွေးထွေးနေတာမို့ ဒီကားလေး ပြန်မသိမ်း သွားတာကိုပဲ ကျေးဇူးတင်မိသလိုလို ..၊



www.burmeseclassic.com

www.burmeseclassic.com



ခုတော့ လွမ်းလို့မဟုတ်ဘဲ နာကျင်မှုတွေကို အပြီးသတ် ဖြန်ဖြ
နှုတ်ဆက်ဖို့သာ ဖြစ်လာခဲ့လျက် ...

"ရှင် အထင်သေးမယ်ဆိုလည်း သေးလောက်ပါတယ် ရေ
ရယ် .. ကျွန်မတို့ညီအစ်မရဲ့အဖြစ်တွေကိုက ရှင့်အမြင်မှာ ဘာတစ်
အထင်ကြီးလောက်ဖွယ် မရှိခဲ့တော့ ရှင် ဒီလိုလုပ်သွားတာ အပြစ်မတေ
ပါဘူး .."

ကိုယ့်ကိုယ်ကိုယ် ပုံချတွေးရင်း ဖြေသိမ့်နေမိပေမယ့် မလွယ်
ကူရှင်မှာမို့၍ မော့ငေးနေရင်း မျက်ရည်တို့ကို လွတ်လပ်စွာ စီးမျော
ပေးထားလိုက်သည်။ စက္ကန့်တွေကို မိနစ်စားသွားခဲ့ပေမယ့် အချိန်
ကို သူမ သတိမထားမိခဲ့ပေ ...။

ထိုစဉ် မျက်နှာအငှ့်မှာ မောင်းသူနေရာမှ ဆိုဖာကြားထဲက
အစွန်းထွက်နေသော တစ်စုံတစ်ရာကို လှမ်းမြင်လိုက်သဖြင့် သေ
ကြည့်မိသည်။

ဆိုဖာနဲ့ ဆိုဖာစွပ်ရဲ့ကြားမှာ ထည့်ထားတာမို့ အသာလေး လှမ်း
လိုက်တာနှင့် ပါလာ၏။

ပလတ်စတစ်အပျော့လေးတွေ အထပ်လိုက်ဖြစ်နေကာ အထဲ
စက္ကူပျော့နဲ့ ရှိနေသည့်ဓာတ်ပုံတွေ ...။

အလွှာ ကမန်းကတန်း လှန်လှောကြည့်မိလျှင် ...

"ဘုရား!... ဘုရား ..."

လူသေပုံတွေ ပါလား ...။

ခေါင်းထဲမှာ ဒိုင်းခနဲ ပစ်ဆောင့်၏။ ပစ္စုပ္ပန်ခံစားချက် အားလုံး
သည် သွေးသံရဲရဲနှင့် ပြူးပြဲနေသော လူသေမျက်နှာတွေမှာပဲ စု
ပျောက်ကွယ်လျက် ...

"ဒါ ဘာတွေလဲ ဩ၊ ဒီမိန်းမ လေးယောက်က ..."

တအံ့တသြကြည့်နေမိရင်း မိန်းမလေးယောက်စလုံးကိုယ်ပေါ်
သတို့သမီးဝတ်စုံတွေကို သတိထားလိုက်မိသည်။



ပထမဆုံး သတို့သမီးသည် ကားတစ်စီးပေါ်မှာ မှန်တွဲစအမှုန့်အမွှား
တို့နှင့်ရောထွေးကာ သေးတိုက် နီးနီးကပ်ကပ်လေးတနေ ရိုက်ယူထား
တဲ့ပုံ ဖြစ်သည်။

ခေါင်းတဲခါးကြားမှာ တိုယ်က တစ်ဆစ်ချိုး ခံထားရသလို အောက်
ပိုင်းက ထိုင်နေလျက်နှင့် အပေါ်ပိုင်းကတော့ တံခါးဘက်ခြမ်းမှာ ပုံကျ
ညပ်နေ၏။

ကော့ထင်းနေသည့်နဖူးတံနှင့် မျက်တောင်တုမိုက်သိပ်နေအောင်
တပ်ထားသော မျက်လုံးပြူးက သွေးခဲတွေ ရဲတောက်နေသည့်ကြားမှာ
မှေးစေပင် မကြည့်ရဲ ...။

ထိုပုံကို နံပါတ်တစ်လို့ တပ်ထားကာ နေ့စွဲက ခြောက်ရက်
ခြောက်လ နှစ်ထောင့်တစ်ဆယ်ပြည့်နှစ် ဖြစ်၏။

နံပါတ်တစ်ကို မြင်လိုက်သဖြင့် နံပါတ်နှစ်ပုံကို သေချာထပ်ကြည့်
မိလျှင် မင်္ဂလာဝတ်စုံအဖြူက အနီရောင်ဖြစ်အောင် သွေးချင်းချင်းနီနေ
ကာ ဧရန်တာပုံနေရာမှာ ကွေးကွေးလေးလဲ ကျနေတာဖြစ်၏။ ဗိုက်ကို
လက်ကကိုင်ထားတာဖြစ်ကာ ဓားလား၊ သေနတ်ဒဏ်ရာလား သေချာ
စွာ မမြင်ရ ...။

ဒီပုံကို .. ရက်စွဲ ခြောက်ရက် ခြောက်လ နှစ်ထောင့်တစ်ဆယ့်တစ်
ခုနှစ် ဟု ရေးမှတ်ထားသည်။

နောက်ထပ် နံပါတ်သုံးသည် လှေကားခြေရင်းမှာဖြစ်ကာ မင်္ဂလာ
ဝတ်စုံအဖြူရောင်က အရောင်မပျက်သော်လည်း လှေကား အောက်ဆုံး
ထစ်ကနေ ပြန့်စီးနေသောသွေးတို့က သူမကိုအောက်မှာ ဓာတ်ဓောင်း
ထားသလိုပင် ...။

ထို့ပြင် သူမ ခါးဆက်ပြုတ်သွားပုံပေါ်ကာ ခေါင်းပိုင်းက လှေကား
အောက်ဆုံးထစ်မှာ ဂငယ်ပုံ ပြန်ကွေးလျက် ခန္ဓာကိုယ်အောက်ပိုင်းမှာ
ပြန်ကပ်နေ၏။

ဘုရား!...



www.burmeseclassic.com

www.burmeseclassic.com



ကြောက်သည့်အရာကို ပို၍ကြည့်ချင်၏။ ကြောက်ပေမယ့် သေချာကြည့်မိကာ ရင်တွေ တလှပ်လှပ်တုန်လာသည်။ ခြေဖျားလက်ဖျားတွေလည်း အေးစက်လာ၏။

ဒီပုံ၏ရက်စွဲကို လှန်မကြည့်ဘဲ စိတ်က သိနေ၏။ ခြောက်ရက်ခြောက်လ နှစ်ထောင့်တစ်ဆယ့်နှစ်ခုနှစ်သာ ဖြစ်ရမည်။

ကြည့်လိုက်တော့လည်း ဒီတိုင်းပင် ...။

စတုတ္ထမြောက်ပုံသည် သတို့သမီးကလည်း တော်တော်လှတာလည်း ပေါ်လွင်နေတာ ပေါ်တီကိုအောက်မှာ ဖြစ်မည်။

ဘေးမှာ ကားတွေရပ်ထားတာဖြစ်ကာ သူမက အိမ်တံခါးလှေကားထစ်တွေပေါ်မှာ ကန့်လန့်ဖြတ် လှဲ့နေ၏။

ရုတ်တရက်ကြည့်မိလျှင် အိမ်ပေါ်ကို လေးဖက်တွားတက်နေတာမျိုး ...။

တစ်ကိုယ်လုံး တစောင်းဖြစ်ကာ လက်မောင်းတစ်ဖက်ပေါ်မှာ မျက်နှာအပ်ပြီး လည်နေ၏။ ပြီးတော့ လည်ပင်းမှာ စူးနစ်နေသော ပုလင်းခေါင်းက အထဲကို ဘယ်လောက်ထိ စိုက်ဝင်နေလဲဆိုတာ မသိ ...။

သွေးတွေကတော့ မြင်လို့မကောင်းအောင် လှေကား တစ်ထစ်ချင်းကနေ စီးကျနေကာ ...

ဒါက ခြောက်ရက် ခြောက်လ နှစ်ထောင့်တစ်ဆယ့်သုံးခုနှစ် ...

ဒီပုံတွေ .. ဒီပုံတွေ ဒီကားထဲကို ဘယ်လိုရောက်နေတာလဲ ... ရေငွေ့က ဘာဖြစ်လို့ သိမ်းထားတာလဲ ...။

"ဒီဘဲက ရုပ်တော်ဘော်ဖြောင့်တယ် .. ခန့်မှန်းလို့ မရလောက်အောင် ချမ်းသာတယ် .."

"သူက ဘယ်မိန်းကလေးကိုမှ ဂရုမစိုက်ဘူး .. မိန်းကလေးတွေက သူ့ကို မက်မောပြီး ချဉ်းကပ်ကြတာချည်းပဲ .."

အောင်ကောင်း ပြောပြဖူးတာတွေ အစီအရီ ပြန်ပေါ်လာသည်။

"မိန်းမတွေ သေနေတာကို သူက သဘောကျနေတာရော မဖြစ်





နိုင်ဘူးလား .."

"တရားခံလို့ မထင်အောင် သူက အကွက်ရွှေ့ကောင်းနေတာကိုး .."

"နှင့်ညီမက ပဥ္စမမြောက် သတို့သမီးလား.. ဆဌမမြောက်လား.."

အားလုံးကို စဉ်းစားရင်း ရင်ခုန်သံတွေ ကြမ်းတမ်းလာခဲ့၏။ ဒီပုံတွေ သူ့လက်ထဲ ဘာလို့ရောက်နေတာလဲ ...၊ သူက စုံထောက်လား...၊

ဒါမှမဟုတ် ဒီမိန်းကလေးတွေထဲက တစ်ယောက်ယောက်နဲ့ ပတ်သက်တဲ့လူလား ...၊

ဒါတွေမှ မဟုတ်ဘူးဆိုရင် သူက မင်းစက်အာဏာ လား ...၊

မဖြစ်နိုင်ဘူး ...၊ ဒါ လုံးဝ မဖြစ်နိုင်ဘူး ...၊

ဓာတ်ပုံတွေ လက်ထဲကနေလျှောကျကုန်၏။

"သူက သေလောက်အောင် ချောနေလို့လား" လို့ မေးခဲ့တုန်းက...

"ဟုတ်တယ်" တဲ့ ...၊

ရေငွေ့ကို သူမ ပထမဆုံးမြင်လိုက်ရတုန်းက ငေးငိုင်သွားခဲ့သည်။ နောက်ထပ်တွေ့တော့လည်း ငေးမိမှာစိုးလို့ မသက်ဆိုင်ခြင်းတရားတွေနဲ့ ကိုယ့်ကိုယ်ကိုယ် ဖိနှိမ်ခဲ့ရသည်။

ဒါဆို သူက မင်းစက်အာဏာ ဖြစ်နိုင်ပြီလား ...၊

မဟုတ်ပါဘူး ...၊ မင်းစက်အာဏာ က သူ့ထက် အများကြီး ပိုချောရမှာ ...၊ သူက မင်းစက်အာဏာ ဆိုရင်ရော ညီမလေးနဲ့ တွေ့နေတဲ့လူက ဘယ်သူလဲ ...၊

ယောက်ျားတစ်ယောက်တည်း ညီအစ်မနှစ်ယောက်စလုံးကို တစ်ပြိုင်တည်း ....၊

"တိန် .. တိန် .. တီ .. တီ .. တိန် .."

ဖုန်းမြည်သံက လူကို တုန်ခနဲ ဖြစ်သွားစေကာ ဘယ်သူဆိုတာလည်း မကြည့်မိဘဲ လောလောဆယ် အားကိုးရလိုက်သလို ချက်ချင်းကောက်ဖွင့်လိုက်မိသည်။



www.burmeseclassic.com

www.burmeseclassic.com



"တော်သေးတာပေါ့ဟာ .. ခုတစ်လော ဖုန်းလိုင်းတွေ မကောင်းလို့ ဝင်ပါ့မလားဆိုပြီး ဘုရားတရင်း ခေါ်ရတာ .. နင် ညကဖုန်းပိတ်ထားသလား အလွှာ .."

"ဟုတ်အင်း .."

ဒီအချိန်မှာ ဖုန်းဆက်တာက အောင်ကောင်းဖြစ်နေသဖြင့် ထိတ်လန့်စိတ်က မပြေ ..။

"အဲဒါ ပြောတာပဲ .. ငါခေါ်တာ စက်ပိတ်ထားတယ်ချည်း ဖြေနေတာ .. ခု တန်းဝင်သွားလို့ တော်သေးတာပေါ့ ..၊ အလွှာ .. နင် နေကောင်းရဲ့လား .."

"အင်း .. ဘာ .. ဘာဖြစ်လို့လဲ ဟင် .."

"နင့်အသံ တစ်မျိုးဖြစ်နေသလားလို့ပါ .. ငါ အခု မှုဆယ်တက်မှာဟ .."

"ဟုတ်လား .. နင် ဘာပြောစရာရှိလို့လဲ ဟင် .."

"ဘာလဲ .. ၊ နင် မှန်းချိန်းထားတာ ရှိလို့လား .."

"မရှိပါဘူး ..၊ ဟို .. နင်က တစ်ခါတလေမှ ဖုန်းခေါ်တတ်တော့ ထူးဆန်းနေလို့ .."

"ဟုတ်တယ် .. အခု ငါ လျှောက်ပတ်နေတာဟ .. အလုပ်ကိစ္စလည်း ပါတဲ့အခါ ပါတယ် .. ၊ ငါ့စိတ်ထဲရှိတာတွေ လုပ်ချင်တာလည်း ပါတယ်.. ငါ ဖြီးခဲ့တဲ့ ဖရိုင်းဒေးတုန်းက ကော့သောင်း ရောက်ခဲ့တယ်.။ အဲဒီမှာ ဘာသိခဲ့ရလဲ သိလား .."

ရင်ထဲမှာ ဒိန်းခနဲ မြည်သွားပေမယ့် ဘာမှ ပြန်မဖြေလိုက်မိဘူးထင်သည်။

"အလွှာ .. နင် နားထောင်နေတာလား .."

"အင်း .."

"မင်းစက်အာထာ ရဲ့ ဒုတိယမြောက်သတို့သမီး သေခဲ့တဲ့ "ရွှေကာရံ"ဆိုတဲ့ စံအိမ်ကြီးက အဲဒီမှာဟ .."



"ဟင်!..."

"ခမ်းနားဆန်းပြားလိုက်တာဟာ ဘယ်ခေတ် ဘယ်နိုင်ငံက ဒီနိုင်းမှန်းကို မခန့်မှန်းနိုင်ဘူး .. အရမ်းအကြီးကြီး မဟုတ်ဘဲနဲ့ ခေတ်မီနေတာ .."

"အဲဒါ ဘာဖြစ်လို့လဲ ဟင် .. နင် ဘာတွေ သိခဲ့သေးလဲ .."

"ဒုတိယမြောက်သတို့သမီးကို သတ်တဲ့ တရားခံအဖြစ် အဲဒီမိန်းမရဲ့ ရည်းစားဟောင်းက အဖမ်းခံရတယ်လေ .. ငါက ရည်းစားဟောင်းရဲ့အစ်ကိုနဲ့ တွေ့ခဲ့တာ ..၊ အခု သူက စားသောက်ဆိုင် ဖွင့်ထားတာလေ .. အစက ဆိုင်သေးသေးလေးတဲ့ .. ခုဆို မိုတယ်လ်တောင် ဖြစ်နေပြီ ..၊ သူက သူ့ညီ ဘယ်လောက်ထိ အစအနောက်သန်ပြီး ပျော်တတ်တဲ့လူဖြစ်ကြောင်း ပြောပြတယ် .. သူလည်း သူ့ညီ သတ်တယ်ဆိုတာကို မယုံဘူး .."

"ဒါပေမယ့် သက်သေမရှိဘူး မို့လား .."

"သူလည်း ငါ့လိုပဲဟ .. သူ့ညီနဲ့ပတ်သက်ပြီး သတိထားရင်းကနေ မိန်းမလေးပျောက်ပြည့်သွားတော့ မသင်္ကာပြီး စုံစမ်းသေးတယ်.. ဒါပေမယ့် ရဲတောင်မှ ခြေရာခံလို့ မရဘဲ လက်လျှော့ခဲ့ရတာတွေလေ .."

"ပြီးတော့ရော .."

"နင်ပဲ စဉ်းစားကြည့်လေ .. ကားအက်ဆီးဒင့်ဖြစ်တော့လည်း သူပါ ပါတယ် ..၊ သတို့သမီးက ပွဲချင်းပြီး သေတယ် .. သူက ဆေးရုံတင်နိုင်ခဲ့တယ်"

ဟင်!...

အလွှာ ဓာတ်ပုံကို သတိရလိုက်သည် ..၊ ဖုန်းတစ်ဖက်နှင့် ကမန်းကတန်း ပြန်ကောက်ကြည့်လိုက်တော့ ကားထဲက အလောင်းအေးမှာ ဘယ်သူမှ မရှိသည့်ပြင် ဓာတ်ပုံက မောင်းသူဘက်ကနေ ခိန်းကပ်ရိုက်ထားတာ ဖြစ်သည်။

ဒါဟာ မှုခင်းမှတ်တမ်းပုံ မဖြစ်နိုင်ဘူးဆိုတာ စိတ်က အလိုလို

www.burmeseclassic.com

www.burmeseclassic.com



သိနေသည်။ ဤသို့သေရခြင်းကို ကျေနပ်အားရစွာ ရိုက်ယူထားတာပဲ ဖြစ်၏။

"အလွှာ .."

"ဟင် .."

"ဩော် .. နင်ကလည်း တိတ်လိုက်တာဟာ .. ပြောရတာ စိုစို ပြည်ပြည့်ရှိအောင် မော်လိုလေးတော့ လိုက်ဦးမှပေါ့ .."

"ငါလည်း ဟိုဟိုဒီဒီ တွေးမိသွားလို့ပါ .."

"ဟုတ်တယ် .. အဲ့ဒါ တွေးစရာပဲ ..၊ ရည်းစားဟောင်းကလည်း သူသတ်တာ မဟုတ်ဘူးချည်းပဲ ပြောနေတာတဲ့ .. ဒါပေမယ့် ဓားမှာ သူ့လက်ဗွေရာ ရှိနေတယ် ..၊ မင်းစက်အာဏာ က အိမ်မှာရှိမနေဘူး.."

"ဟင် .. မင်္ဂလာဦးည ဒီလိုညဥ့်နက်ကြီးမှာတောင် မရှိဘူးလား.."

"ဒါက ဖြစ်နိုင်တယ်လေ .. သူ့ပွဲတွေက ခုနစ်နာရီကနေ ဆယ်နာရီ ထိ လုပ်တာဆိုတော့ ညှေ့ခံပွဲပြီးတာနဲ့ ဘတ်ချလာနိုက်လုပ်မှာ ဘာမှာနဲ့ အဲဒီအချိန် အပြင်မှာ ဖြစ်နေနိုင်တာပေါ့ .."

"ဒါဆို နင်က ဘာဖြစ်လို့ သူ့ကို ထင်နေတာလဲ .."

"ထင်နေတာကတော့ အမိုင်အမာပဲ အလွှာ .. ဘာကြောင့်ဆိုတာ လည်း မသိဘူး ..၊ မသတ်ဘူးလို့ ငြင်းနေတဲ့လူကို ယုံတာလား .. ဒါမှ မဟုတ် သူ့ အကွက်ရွှေ့ကောင်းနေတာကို အထင်ကြီးနေမိတာလားပဲ.."

"နောက်ရော .."

"လေယာဉ်ပေါ်က ပြုတ်ကျတာလေ .. အဲဒီမှာရှိနေတဲ့ အလုပ်သမား တွေကတော့ ပြောတာပဲ .. ယောက်ျားက အပေါ်တက်မလာဘဲ ညှေ့ခန်း မှာပဲ အရက်သောက်နေတာတဲ့ ..၊ သူကလည်း အပေါ်ထပ်မှာ အပြိုင် သောက်နေတယ်တဲ့ .. ဝတ်စုံလဲဖို့ သူတို့ သွားပြောတာတောင် အော် ထုတ်တယ်တဲ့ .."

"ဒါဆို မင်းစက်အာဏာ ရှိနေတယ်ပေါ့ .."

"ရှိတယ်.. အောက်ထပ်က ဘားထဲမှာ တစ်ယောက်တည်း သောက်





နေတာတဲ့ .. သူ့ဟာသူ ကြိုက်လို့ယူထားပြီး ဒီမိန်းမကို စိတ်ပျက်နေ သလိုမျိုး ဘာလို့ ထိုင်သောက်နေတာလဲ ..၊ ကဲ .."

"အဲဒီအမျိုးသမီးကလည်း မိန်းကလေးမတန်မယ့် ဘာလို့ သောက် ရတာလဲ .."

"မသိဘူး .. လေယာဉ်ပေါ်ကနေ သူ့ဟာသူ မူးပြီး ခေါင်းစိုက်ကျ သေသွားတယ် .. ဒါဆို လုံးဝ ဘာမှ သံသယဖြစ်ဖွယ် မရှိဘူးနော် .. ဒါပေမယ့် သေတဲ့အချိန်က ဆယ့်နှစ်နာရီ ကွက်တိပဲ .."

"အောင်ကောင်း .. နင် အဲဒါတွေပဲ သေချာ လိုက်စုံစမ်းနေတယ် ဟုတ်လား .."

"အများကြီး ထပ်ရှိသေးတယ် အလွှာ.. စိတ်နိုင်နိုင်နဲ့ နားထောင်.. ငါက တစ်ခါတည်း လိုရင်းကို ပြောချလိုက်ရင် ဟိုတစ်ခါကလို ငါ့ကို မယုံမကြည်တွေ ပြန်မေးမှာစိုးလို့ တစ်ဆင့်ချင်း ပြောနေတာ .."

စိတ်နိုင်နိုင်နဲ့ နားထောင်ဆိုတာ ဘာလဲ ..၊

အဖြစ်အပျက်တွေမှာ ဝင်စားသွားခဲ့သည့်စိတ်က အန္တရာယ်ဆိုတာ မှာ တဒိတ်ဒိတ် ဆောင့်ခုန်လာပြန်၏။

"နောက်ဆုံးသေတဲ့ တစ်ယောက်ကလည်း သူ့ရည်းစားဟောင်း ရောက်လာပြီး ပြဿနာရှာလို့ပဲ .. တချို့ကတော့ ယောက်ျားဟောင်းလို့ လည်း ပြောတယ် ..၊ နင် စဉ်းစားကြည့်ဟာ .. ဒီလောက်ချမ်းသာတဲ့ ခြံဝင်းထဲကို အချိန်မတော်ဝင်သွားတယ်ဆိုတာ ဝင်နိုင်လို့ ဝင်တာပေါ့..၊ ပြီးတော့ သူ လုပ်သွားသမျှ သူ့လို့ ထင်စရာ ဘာသဲလွန်စမှ ရှာမတွေ့ အောင် လုံးဝ ပိရိတာ နော် .."

"အဲဒီမှာရော သူ ရှိလား .."

"အဲဒါ မသိဘူး .. ငါ အရေးကြီးဆုံး သိနေတာက သူ့ရဲ့ဘဝ အကြောင်းပဲ ..၊ ဒါပေမယ့် သိပ်တော့မစုံဘူး .. ဒီလူ ဘယ်ကလာဆိုတာ သေချာမသိရပေမယ့် သူ ကိုင် [illegible]သမျှ ရတနာပစ္စည်းတွေနဲ့ သူ့အိမ် မှာ ထားသမျှ ပရိဘောဂတွေရဲ့ မိသားစုပိုင်တံဆိပ်ကိုကြည့်ရင် သေချာ



www.burmeseclassic.com

www.burmeseclassic.com



စုံစမ်းဖို့ကာ သိပ်မခက်လောက်ဘူး .."

"ဘယ်လို အောင်ကောင်း .. သူက အိမ်ထောင်ပရိဘောဂတွေမှာ တောင် .."

"ဟုတ်တယ် .. မျိုးရိုးမြင့်တာတော့ လုံးဝ မှန်တယ် ..၊ ဒါကြောင့် သူ ဘယ်လောက်ချမ်းသာတယ်ဆိုတာ ခန့်မှန်းလို့မရသလို သူ ဘာ အလုပ် လုပ်သလဲဆိုတာလည်း ဘယ်သူမှ သံသယမဝင်ဘူးလေ ..၊ သူ ပိုင်ဆိုင်သုံးစွဲသမျှက ဘိုးဘွားပိုင်ပစ္စည်းတွေဆိုတာ သက်သေရှိနေတာ ကိုး .. နင့်ကို ငါပြောသားပဲ .. ဒီကိစ္စကို သေချာ မသိရမချင်း ငါ ကောင်းကောင်း နေလို့ရမှာ မဟုတ်ဘူးဆိုတာ .."

"နင် တော်တော်လည်း သိနေပါပြီဟာ .."

"ဟုတ်တယ် .. ငါသိသလောက် ပြောရရင် ဒီလူက ဆိုက်ကိုပဲဟ၊ သူ့မှာ နာကြည်းစရာ အတိတ်ဆိုးတစ်ခုခု ရှိခဲ့မယ်လို့ ငါ လုံးဝထင်တယ်.. ဒီလူသတ်မှုတွေက သူ့လက်ချက်မှန်ရင် သူ့နောက်ကြောင်းက အစပြုခဲ့ တာ သေချာတယ် ..၊ နောက်တစ်ခုက ..."

"နေပါဦး .. နေပါဦး အောင်ကောင်း ရယ် .. မဖြစ်နိုင်ပါဘူး ဟာ .."

"ဘာ!..."

အောင်ကောင်း အသံကလည်း တအံ့တသြ ..၊

"ခုထိ နင်က ငါ့ကို မယုံသေးဘူး ဟုတ်လား .. ငါ ဒီလောက် ပြောပြနိုင်တာတောင်မှ နည်းနည်းလေးတောင် ယုံကြည်စိတ် မဖြစ်ဘူး လား .."

"မဟုတ်ပါဘူး .."

သူမ အသံတွေ တုန်နေပါပြီ ..၊ ဘာကြောင့်ဆိုတာလည်း မရေရာ ဘဲ ...

"လူတစ်ယောက်က နာကြည်းချက်ရှိနေခဲ့ရင်တောင် မိန်းကလေး တစ်ယောက်ကို ဒီလို သွေးအေးအေးနဲ့ သတ်ဖို့က..."





"တစ်ယောက် မဟုတ်ဘူး လေးယောက် .. သွေးအေးအေးနဲ့ သတ်ချင်နေလောက်အောင် သူ နာကျင်ခဲ့တာက ဆိုးဝါးနေရင် မဖြစ်နိုင် ဘူးလား .. ဒါမှမဟုတ် ယဉ်ယဉ်လေးနဲ့ ရှုံးနေတာဆိုရင်ရော .."

"သူ မရှုံးပါဘူး .."

"ဘာပြောလိုက်တယ် .."

ဟင်!...

လွှတ်ခနဲ ဘာပြောမိလိုက်မှန်း မသိ ..၊

"အလွှာ .."

"ဟင် .."

"နင် ယုံတာ မယုံတာ ငါ မပြောတော့ဘူး .. အခု ဒီလူ နောက် ဆပ် လက်ထပ်ဖို့ စီစဉ်နေပြီ .."

"ဘာ!..."

"ဟုတ်တယ် .. ပြင်ဦးလွင်က ခြံကြီးပဲ ..၊ သူပိုင်တဲ့ ခြံတွေက အရမ်း သိသာတယ်ဟ .. ဒါပါနဲ့ဆို ငါးနေရာမြောက်ပေါ့ ..၊ ခတ်ပုံ တွေထဲမှာ ငါ မြင်ဖူးတဲ့ တခြားခြံတွေရောပဲ ပုံစံတစ်မျိုးစီမှမယ့် အရမ်း လှတာချင်းက တစ်ဦးတည်းပိုင်ဆိုတာကို ခံစားလို့ရတယ် .."

"အောင်ကောင်း ပြင်ဦးလွင် ကို နင်ကိုယ်တိုင် ရောက်ခဲ့တာလား တင် .. နင် မြင်ခဲ့တာလား .."

"ဩော် .. ကဲ ... မန္တလေး ရောက်နေပါတယ်ဆိုမှ ပြင်ဦးလွင်က အကြောင်း ပြောတာကို ငါက တစ်ဆင့်စကားနဲ့ ပြောစရာလား .. ၊ ပြီးတော့ နင့်ညီမနဲ့ဆိုပြီး ချက်ချင်းကို ပြေးစပ်စုလိုက်တာ .."

"မဟုတ်ဘူး မို့လား .."

"မသိခဲ့ဘူး ..."

"ဟင်!..."

"ဒါပေမယ့် မင်းစက်အာဏာ ပဲဆိုတာ သေချာတယ်.. သူက လက်ထပ်ပွဲလုပ်တိုင်း အတိအလင်း ကြေညာဖိတ်ခေါ်ပြီးမှ လုပ်တာ..၊



www.burmeseclassic.com

www.burmeseclassic.com



ဖိတ်စာဝေတာတွေ နှစ်ဖက်အသိုင်းအဝိုင်းတွေ ဘယ်သူ ဘယ်လိုဆိုတာ မသိလိုက်ကြပေမယ့် ပွဲလုပ်ပြီဆို လူကုံထံတွေချည်းပဲ စိုစိုပြည်ပြည်ဖဲ တဲ့ ..."

"ဒါဆို ..."

"ပြီးတော့ သူ့စံအိမ်နာမည်တိုင်းရဲ့ ရှေ့မှာ ဒီဒီ ဆိုတဲ့ အင်္ဂလိပ် စာလုံးကို ရှေ့စာလုံးက ဒီအကြီးနဲ့ နောက်စာလုံးက အငယ်နဲ့ ရေး တယ် .. အဲဒါ ဘာအဓိပ္ပာယ် ဖြစ်မလဲ .."

စိတ်ထဲမှာ ထင်တာရှိလိုက်ပေမယ့် မပြောဖြစ်ခဲ့ ..။

"ဒီလူက စိတ္တဇလူသတ်သမားပဲ အလွှာ .. လုံးဝ သေချာတယ်..။ အခု လက်ထပ်မှာက မြန်မာမဟုတ်ဘူးလို့လည်း ကြားတယ် ..။ သူ လက်ထပ်မယ်ဆိုမှ စံအိမ်နာမည် လာချိတ်သွားတာ .. အစက အဲဒီ တိုက်ကြီးက နာမည် မတပ်ထားဘူးတဲ့ .."

"ဘယ်သူပြောတာလဲ ဟင် .."

"အဲဒီလူကို ငါ နောက်ကနေ မြင်လိုက်တာနဲ့ သူ့နောက်လိုက်ရင်း ပြင်ဦးလွင်ထိ ရောက်သွားတာ .."

"နင်ပြောတော့ သူ့ကို မသိဘူးဆို .."

"ဒါပေမယ့် ငါ သတိထားမိခဲ့တဲ့အနေအထားမျိုးနဲ့ပဲ သူ့နောက် ပိုင်းကနေ မြင်လိုက်တာ .. လူတူ သိပ်မရှိနိုင်တဲ့ပုံစံမျိုးပါဆိုမှ နင် မယုံဘူးလား ..။ သူ့ကို ဘယ်ရှုထောင့်ကမြင်မြင် သတိထားမကြည့်မိတဲ့ လူ သိပ်ရှိမှာ မဟုတ်ဘူး .. အရပ်အမောင်း လမ်းလျှောက်ပုံရော မျက်နှာ ကျပုံရော ဆံပင်သိမ်းထားတာက အစပေါ့ .."

"ဆံပင်က ဘယ်လိုလဲ ဟင် .."

"သူလိုငါလိုပဲ .. သူ့ရုပ်က လန်းတော့ ထူးခြားသွားတာပေါ့ ..။ အလွှာ ခုချိန်ထိ နင့်ညီမနဲ့ အဲဒီတစ်ယောက် အခြေအနေကို ငါ့ကို မပြောဘူး နော် .."

"ဟင် .. ဘာပို့လဲ အောင်ကောင်း၊ သူတို့ ..."





"အေးပါ .. ဘာမှမဟုတ်ရင် ပြီးတာပဲ ..။ ငါ ဟိုမှာ စုံစမ်းခဲ့တာ သူ မဟုတ်နိုင်ဘူးဆိုတော့ ပဋ္ဌမမြောက်အတွက်တော့ စိတ်ပူစရာ ဘူးပေါ့ .. ဒါပေမယ့် နောက်မပတ်သက်ဖို့ ဆုံးမထားဦး ..။ ငါ တော့ ပြင်ဦးလွင်မှာ သွားနေချင်စိတ် ပေါက်နေပြီ .. မင်္ဂလာပွဲကို တွေ့ ဖမ်းချင်လို့ .."

ပြောပြီး သူ့ဟာသူ သဘောကျသလို ရယ်ကာ ...

"ငါ့ဆရာရဲ့မိန်းမကလည်း ကင်ဆာရောဂါနဲ့ အခြေအနေမကောင်း ဖြစ်နေတာဟ .. အရေးကောင်းမှ ဒိန်းနောင်းဖျက်မှာ စိုးရတယ်..။ ကိစ္စ စိတ်ဝင်စားတာကိုပဲ ဆရာတို့က ကြိုက်တာမဟုတ်ဘူး ..။ လျှောက်လုပ်တယ် ထင်နေတာ .."

"ရဲတွေကရော သူ့ကို သံသယရှိဖွယ်လူအဖြစ် မင်္ဂလာပွဲကို ဂရု ကြည့်မနေဘူးလား .."

"သြော် .. သံသယရှိဖွယ်တွေသာ သူတို့ တွေးမိကြရင် ဒီအမှုက ပြီပေါ့ဟာ .. မင်းစက်အာဏာ က ကြိုတင်စီစဉ်မှု ကောင်းတယ်..။ တော့ ပျောက်ဖျက်တာ ပိုင်တယ် .. အမှုတစ်ခုက သေချာတာရှိပေ သည်း သက်သေ ဆုပ်ဖမ်းမရရင် ဘာမှမတတ်နိုင်ဘူးလေ .."

နားထောင်ရင်း တံတွေးသာမျိုချနေမိကာ အောင်ကောင်း ကို သင့်တဲ့အကြောင်းတွေက လည်ချောင်းဝမှာပဲ တစ်နေကြသည်။

"အလွှာ .. ဒီနေ့ ဘာနေ့လဲ သိလား .."

"ဒီနေ့ .."

"ဟုတ်တယ် .. စတုတ္ထမြောက်သတို့သမီး သေတာ ခြောက်ရက် လပိုင်း နှစ်ထောင့်ဆယ့်သုံး လေ .."

မဟုတ်ဘူး .. နှစ်တိုင်း ခြောက်လပိုင်း ခြောက်ရက်နေ့တွေမှာပဲ..။ ဖုန်းက လက်ထဲကနေ လျှောခနဲ ပြုတ်ကျ၏။

တမန်းကတန်း ပြန်ဖမ်းကာ နားထောင်ကြည့်လိုက်တော့ ဖုန်းလိုင်း ပြတ်တောက်သွားပြီဖြစ်၏။ ချက်ချင်း ပြန်ခေါ်သော်လည်း ...



www.burmeseclassic.com

www.burmeseclassic.com



"လူကြီးမင်းခေါ်ဆိုသော တယ်လီဖုန်းမှာ ဆက်သွယ်မှုပြင်ပ –"

အစအဆုံး နားမထောင်နိုင်တော့ဘဲ ပြန်ပိတ်ပြီး ပြန်ခေါ်မိသည် သုံးခါအထိခေါ်တာ မရသဖြင့် လက်ထပ်ပွဲက ဘယ်နေ့လဲလို့ မက်ဆေ့ ပို့ပြီး မေးလိုက်မိ၏။

ဒါပေမယ့် မက်ဆေ့ချ်ကလည်း မရောက်ဖူးဘဲ ဖြစ်နေ၏။

သူမ ဘာလုပ်ရမလဲ ..၊

ဒီနေ့ ခြောက်လပိုင်း ခြောက်ရက် ..၊

ညီမလေးကတော့ သူတို့လက်ထပ်ပွဲ မလုပ်တော့ဘူးလို့ ပြော သည်ပဲ ..၊ ဒါဆို လက်ထပ်မှာက နောက်တစ်ယောက်နဲ့လား ..၊

ဒီကား ပိုင်ရှင်ကရော ..၊

ရေငွေ့ ..၊

သူကရော မင်းစက်အာဏာ ဖြစ်နိုင်တဲ့လူလား ..၊ ဘာတွေလဲ –

ဘုရား!... ဘုရား ...

လက်ဖဝါးတွေပါ ဆုပ်ကွေးမရလောက်အောင် ခွန်အားမဲ့သွား ၏။ ပြီးတော့ ကူရှင်မှာမှီကာ အသက်ဝဝရှူနေရသည်။

အသက်ရှူရပ်မတတ် ထိတ်လန့်စရာတွေက စုပြုံဖြစ်နိုင်နေပေ မယ့် သူမ ဘာကိုမှ အစအဆုံးမတွေးရဲဘဲ သွက်သွက်ခါရှူးမတတ် ဖြစ် လာခဲ့၏။

ဖုန်းပြန်ကိုင်ကာ ကမ္ဘာ့ ဆီကို ခေါ်မိ၏။ သို့သော် ...

"မဟုတ်ဘူး .. ဘာဘာ က ရန်ကုန်အိမ်မှာ .. ပြင်ဦးလွင်မှာ မဟုတ်ဘူး .. မဟုတ်ပါစေနဲ့ .."

"ဟလို .."

ကမ္ဘာ ဖုန်းကိုင်လိုက်သည်နှင့် တစ်ခုခုထူးခြားနေပြီ ဆိုသည့် အသံ က ရင်ထဲမှာ ဒိန်းခနဲမြည်သွား၏။

"ဟလို .. ပြောလေ မမရာ .. ကျွတ်!..."

"ဘာဘာ .. နင် ခု ဘယ်မှာလဲ .."





"ပြင်ဦးလွင်မှာ .."

"အောင်မယ်လေး!..."

ဖုန်း အလွယ်တကူ ကိုင်လိုက်တည်းက မလွယ်တာကို ကြိုတင် ဆမိပေမယ့် တကယ်တမ်း ကြားလိုက်ရတော့ လူကို ဆောင့်တွန်း လိုက်ရသလိုပင် ..၊

"အဲဒါ ဘာဖြစ်သွားတာလဲ .."

"ဘာဘာ .. နင် .. နင် ခု ပြန်ခဲ့ .."

ကိုယ့်ဘာသာ သိနေကာ ချောက်ချားသွားသည့်စိတ်နှင့် ပြောမိ တာလည်း အဆက်အစပ်မဲ့သွား၏။

ကမ္ဘာ့ ထံမှ ထုံးစံအတိုင်း စိတ်ပျက်သံလေး ထွက်လျက် ...

"မမလည်း ခုထိ လက်မလျှော့သေးဘူး နော် .. ဘာလဲ .. မမ လက်စွပ် ယူပြေးပြီ ထင်လို့လား .."

"အို .. မဟုတ်ဘူး .."

"မမလက်စွပ်ကို မြင်တာနဲ့ ကိုကိုက ဆတ်ဆတ်ခါ ချွတ်ယူသွား တယ် သိလား .. သူ ဆင်တာ မဟုတ်ဘဲနဲ့ သူများပစ္စည်း ဝတ်ထားတာ ကြိုက်ဘူးတဲ့ ..၊ ဘာဘာ ကသာ ညီအစ်မချင်းမို့ အရှက်မရှိ ယူထား လိုက်တာ .. ကိုကိုက မမဟာထက် ဆယ်ဆသာတာကို ဝယ်ပေးနိုင်ပါ တယ် .. ပူမနေပါနဲ့ .."

"ဘာဘာ.. ငါ ပြောပါရစေဦး ..၊ နင် အခု အဲဒီကိုရောက်နေတာ က သူနဲ့ .."

"ကိုကို့အကြောင်းဆို ပိုဆိုးပြီ မမရာ.. မမကိုလည်း ဒီထက် မမိုက် ချင်ဘူး .. အဲဒါကြောင့် မမနဲ့ ကိုကို့ကို ပေးမတွေ့မိခဲ့တာ သိလား..၊ ပြောရရင် မကောင်းဘူး .. မမ တားဆီးနေတာက အိုဗာဖြစ်နေပြီ ..၊ တော်ပြီ .. တော်ပြီ ..၊ ဘာဘာ ကိုကို ထွက်လာရင် ရေသွားကူးမလို့ ပဲ .."

"ဘ..ဘာ .. ဘာဘာ နေပါဦး .."



www.burmeseclassic.com

www.burmeseclassic.com



စကားတွေ ထစ်ငေါ့မှားယွင်းနေကာ မကြည်ဖြူစွာနားထောင်နေသည့် သူမကို ဘာကို အရင်မေးရမှန်းမသိ ဖြစ်နေရာ ...

"ဒါပဲမို့လား .. နောက်ထပ်မဆက်နဲ့ ... လုံးဝ ကိုင်မှာ မဟုတ်ဘူးဒါပဲ .."

"ဘာဘာ .. ဘာဘာ .. ညီမလေး .."

တစ်ခါပြီးတစ်ခါ ခေါ်ရင်းအသံတွေ တုန်လာကာ သူမမှာသာ မျက်ရည်တွေ ကျလာခဲ့လျက် ...

"လူကြီးမင်း ခေါ်ဆိုသောတယ်လီဖုန်းမှာ စက်ပိတ်ထားပါတယ်ရှင် .."



## အခန်း (၃၁)

"မောင်ကောင်း .. ငါ့ညီမလည်း ပြင်ဦးလွင် ရောက်နေတယ်... [illegible]င်းစက်အာဏာ ရဲ့ သတို့သမီးကို စုံစမ်းပေးစမ်းပါ .. ငါ အခု ပြင်ဦးလွင်ကို လိုက်တော့မယ် .."

လူကိုမစောင့်သည့် အချိန်ဆိုသော ယန္တရားကြီးက ဒီတစ်ခါ ပို၍မြန်မြန်ဆန်ဆန် လည်ပတ်နေသလိုရှိကာ ပြင်ဦးလွင်ကိုသွားဖို့ ခရီးအတွက် အလွှာ ကမောက်ကမများစွာကို ပြေးလွှားကျော်ဖြတ်နေရ၏။

ပို့လိုက်တဲ့မက်ဆေ့ချ်ကို အောင်ကောင်း ရပါစေလို့ ဆုတောင်းရင်း လေဆိပ်ကို ရောက်လာခဲ့ရတဲ့အထိ အဆင်ပြေ ချောမောတာ တစ်ခုမှ မရှိခဲ့ ...

သူမနဲ့ ဆန့်ကျင်ဘက် ပျော်ရွှင်မှုများနှင့် ကမ္ဘာ ကတော့ သူမအတွက် ပူပင်သောက ဟူသမျှက ဘာမှမဟုတ်သလို ... အားလုံးအပေါ်မှာ ညီဇာသြောင်း၍ ကျေနပ်အားရဖွယ်ဘဝသစ်တစ်ခုကို ပိုင်ဆိုင်နေရပြီဖြစ်လျက် ...

www.burmeseclassic.com

www.burmeseclassic.com



"ငါ ဒီလက်ကိုင်ပန်းမျိုး မကိုင်ဘူး ..၊ ဘယ်မှာလဲ ငါ မှာထား ပန်းက ..."

"မမရယ် .. ပုလဲသီးလေးတွေ သိပ်မထောင်တာပဲ ရှိတာ လေးလည်း ..."

"တိတ်စမ်း .."

ပန်းတွေကို တွေ့ရာ လွှဲပေါက်ပစ်လိုက်ကာ ...

"နှစ်နာရီလောက် အချိန်ရသေးတယ်၊ သွား .. ငါပြောတဲ့ ဒီ အတိုင်း ရအောင် လုပ်ခဲ့ .."

"ညီမရယ် .. မင်္ဂလာပွဲချိန်က လိုသေးပေမယ့် ပန်းအင် သိပ်မလွယ်ဘူး .."

"ဘာ!..."

မင်းကြိုက်သလို ခိုင်း ဆိုပြီး ထားပေးထားတဲ့လူက ကိုယ့်ကို ညီ ခေါ်ပြီး စကားကြီး စကားကျယ် ..၊

"ဒီမှာ နှင့်အလုပ်က ငါခိုင်းတာ လုပ်ဖို့ ..၊ သွား .. ငါ ပြောသ လုပ်လာခဲ့ .."

အမျိုးသမီး မျက်နှာ မသိမသာကင်းသွားတာကို စူးစူးရဲရဲကြည့် လိုက်သည် ..၊ ပြီးတော့ နေရာမှ ဆတ်ခနဲ ထရပ်ကာ ...

"ပြောနေတာ နားလေးနေလား .."

"မလေးပါဘူး .. နားကြားများ မှားသွားလားလို့ပါ .. ငါ့အသ က သုံးဆယ့်ငါးနှစ် ရှိပြီ ..၊ မင်းနဲ့ဆို .."

"အသက်ငါးဆယ်ပဲရှိရှိ အိမ်ဖော်ဆိုတာ အိမ်ဖော်လို နေရမယ် နင်က ငါ့ကို မမလေးလို့ပဲ ခေါ်ရမှာ .. အဲဒါကို ခုကစပြီး မှတ်သွား"

မျက်လွှာချသွားတဲ့အထိ စိုက်ကြည့်နေလိုက်တော့ သူမ ခေါင်း ညိတ်ပြီး လှည့်ထွက်သွားသည်။

"ကျွန်တဲ့လူတွေလည်း ကြားတယ်နော် .. အသက်ကိုကြည့်ဖို့ မလိုဘူး .. ဘုန်းရိပ်ကံရိပ်ကို ကြည့် ..၊ ရှေးခေတ်ကဆို ကျွန်တွေ



ခေါင်းပြူနေပေမဲ့ အရှင်သခင်ကို ဘုရားထူးနေရတာ .."

ပြောပြီး နောက်ကို ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ ကြမ်းတိုက် ခင်း မှဲ့ရွဲ့နေသည့်မိန်းကလေးကို မြင်လိုက်ကာ ...

"ဟဲ့ .. နင် ဒီကို လာစမ်း .."

"ရှင်!..."

မမြင်ဖူးထင်ပြီး လုပ်ချင်သလို လုပ်နေတာမို့ လူမိသွားတော့ သူမ မျက်လုံးပြူးသွားသည်၊ ဒါပေမယ့် သူမနဲ့ ကမ္ဘာ ရှုံ့ဟတ္တလောက်ပဲရှိတာ ပါ ..၊ သို့သော် ...

"ဖြန်း .."

"အား!..."

"ဟဲ့ .. ဟဲ့ ..."

"ယော့ .. မင်း!...."

ထမင်းချက်ဒေါ်ကြီးနှင့် ကားရေဆေးနေသည့်လူက ပြေးလွှား ရောက်လာကာ ...

"ညည်း မောက်မာလှချေလား .. ဟင် .."

"တော်တော်ဂုဏ်မောက်တဲ့ မိန်းမ .. အဲဒါ ငါ့သမီး .."

"အံမာ .. ဒရိုင်ဘာက လူပါးဝလို့ .. နင်တွေ .. ငါတွေနဲ့ .."

"သား .. မင်း သွားတော့ .. သွား .."

"သော် .. ရှင်တို့က သက်စသတ်တော့ မြေးသားတစ်စုကိုး ..၊ ဟွန်း .. မိသားစုလိုက်မကလို့ လူမျိုးစုတစ်စုလုံး တပ်နဲ့ချီလာလည်း ရမစိုက်ဘူး .. နင်တို့ကို ငါ့သဘောနဲ့ငါ ဖြုတ်ပစ်လို့ရတယ် ..၊ နား လည်လား"

ဒေါ်ကြီးကလည်း ဒေါသထန်နေသည့်မျက်နှာနှင့် မြေးမကို ဖက် ထားလျက် ...

"ဖြုတ်ပစ်ဖို့ မလိုပါဘူးအေ .. ကျုပ်တို့ကလည်း ဒီမင်္ဂလာ ပွဲပြီး တာနဲ့ သွားမှာပါ .."

www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးက တစ်ခွန်းချင်းပြောကာ မျက်ရည်ဝဲနေတာကို မသိ ဘဲ အံကြိတ်၏။ ပြီးတော့ လှည့်ထွက်သွားလေသည်။

ထိုပြဿနာကြောင့် ပွဲထွက်ချိန်နီးတဲ့အထိ ကမ္ဘာ့ မျက်နှာလေး မကြည် ..၊

ဒီအိမ်မှာ ပြဿနာရှိရှိ မရှိရှိ ခိုင်းမယ်ဆို အနားမှာ ဘယ်သူ သလဲ ..၊

ပြောတော့ 'မင်းကြိုက်သလို ခိုင်း' တဲ့ ..၊

ရုပ်တွေကို ကြည့်ပါဦး ..၊

"တောက်!..."

"အို .. သတို့သမီးက စူစူပုတ်ပုတ်ကြီး မနေရဘူးလေ ..၊ ဘာဖြစ် လို့လဲ .. သတို့သား မလာသေးလို့လား .."

"ဟုတ်တယ် .. အကုန်လုံးပဲ .."

မိတ်ကပ်ပြင်ပေးနေသည့် မာမီကြီးက ခပ်ရင့်ရင့်ပေမယ့် မျက်နှာ ချိုသလောက် သဘောလည်း ကောင်း၏။ ကမ္ဘာ့ လည်တုံလေးတွေ တယုတယ ပြင်ဆင်ပေးနေရင်း နဖူးလေးကိုပါ သပ်ပေးကာ ...

"မင်းမင်း လို သူဌေးလေးကို ယူထားမှတော့ 'မောင့်ဆိုးမျိုး ခံနိုင်သူ ကျွန်မဖြင့် ရှိမည်မထင်' ဆိုတာလို ဘာဖြစ်ဖြစ် သည်းခံရမှာ ကလေးရယ် .. မင်းမင်းလေး က အရမ်းချော အရမ်းဖြောင့် .. စိတ်ရင်း လည်း ကောင်းတယ် ..၊ ချမ်းသာလိုက်တာလည်း ဟောဒီမှာ ကြည့် ဦး .. သူ့ သတို့သမီးလေးကို ဆင်ထားတာ စိန်ဘယက်နဲ့ လည်တုံက ထောင်ကျော် တန်နေပြီ နော် .."

"ဟင် .. တကယ် .."

ကိုယ့်လည်ပင်းကို ကိုင်ကြည့်ရင်း သောကတွေ အကုန်လုံး မေ့သွားခဲ့သည်။

"ခေါင်းမှာ ခြောက်သွားတန်းစိန်ဘီးနဲ့ ဆံထိုးကိုလည်း ကြည့် ဦး ..၊ နောက်ထပ်တန်ဖိုးတွေ ထပ်ရွတ်ပြရရင် သတို့သမီးလေး မူးမိုက်





လဲသွားတော့မှာပဲ .."

"မာမီ .."

"ရှင့် .."

"မာမီတို့က လက်ဝတ်လက်စားအတုတွေပဲ ကိုင်နေတယ် မှတ် တာ .."

"အိုကွယ် .."

"ဆောရီးနော် .. အများနဲ့အလုပ်လုပ်နေတာဆိုတော့ အားလုံးက ဒီလိုပဲလေ ..မာမီက စိန်တန်ဖိုးတွေ ကွက်တိပြောနိုင်လို့ အံ့ဩလို့ပါ.."

"ရုပ်ကွက်ပေါက်စလေးတွေမှာ လိုက်ပြင်ပေးနေတဲ့ မိတ်ကပ် ဆရာမမ မဟုတ်တာ မီးလေးရဲ့ .. မင်းမင်းလေး တို့လို တကယ့်ဒိတ် ဒိတ်ကြဲတွေရဲ့ပွဲတွေမှာပဲ အလှဆင်ပေးနေတာ ..၊ ကိုယ်သာ မပိုင်ပေမယ့် အားလုံး မကိုင်ဘူးတာ မရှိဘူးလေ .."

"ဩော် .."

ကမ္ဘာ့ ရင်ထဲမှာ နလုံးပီတိ ဖွမ်းဆီထိသလိုပင် ..၊

"မာမီ ကိုကို့ကို သိနေတာပေါ့ နော် .."

"သိတာပေါ့ .. သူ့ရဲ့သတို့သမီးတစ်ယောက်ကို တစ်ခါပြင်ပေး ခဲ့ရဖူးတယ်လေ ..၊ ဆောရီး .. မာမီက သိခဲ့တာကို ပြောချင်လို့ .."

"ရပါတယ် .. ကိုကို လက်ထပ်ခဲ့တာရော .. သတို့သမီးတွေ သေခဲ့တာတွေရော .. ဘာဘာ သိပြီးသားပါ .."

"အယူမသည်းပါနဲ့ မီးလေးရယ် .. ကြောက်လည်း မကြောက်ပါ နဲ့ ..၊ မင်းသမီးနဲ့မထိုက်တန်လို့ အနားကပ်မိတာနဲ့ ကိုယ်တွေယားပြီး ထွက်ပြေးနေရတဲ့ ရှေးရာဇဝင်လေး သိတယ်မို့လား ..၊ မာမီကတော့ သိပ်မသိပါဘူး .. ဒါပေမယ့် အဲဒီမင်းသမီးကို ဆူးချုံဝိုင်းနေတဲ့ သစ်ပင် ပေါ်ကနေ ရှင်ဘုရင်က တော်ကောက်သွားတော့ မိဖုရား ဖြစ်သွားတယ် လေ ..၊ ကဲ .."

"ဆူးချုံဝိုင်းနေတဲ့သစ်ပင်ပေါ် မင်းသမီးက ဘာလုပ်နေတာ



www.burmeseclassic.com

www.burmeseclassic.com



လဲ ..”

“ဩော် .. သူတက်နေတာ ဘယ်ဟုတ်ပါ့မလဲ ..၊ မတန်မရာယူခဲ့တဲ့ ငမိုက်သားက သူ့ကိုယ်တွေ ယားတော့ မပေါင်းချင်တော့ဘူးလေ..၊ အဲဒါကြောင့် မင်းသမီး သူ့နောက်မလိုက်နိုင်အောင် ဥာဏ်ဆင်ပြီး ထားခဲ့တာ ..”

“ဩော် .. အဲလိုလား ..”

“မောင်ပေါက်ကျိုင်းရာဇဝင်လည်း ဒီလိုပဲ .. မိဖုရားနဲ့ လက်ဆက်ဖို့ ရောက်လာတဲ့ မင်းလောင်းမှန်သမျှကို နဂါးက ပေါက်သတ်တာလေ ..”

“ဘာဖြစ်လို့လဲ ..”

“မိဖုရားရဲ့ချစ်သူလေ .. မိဖုရားကို တခြားလူနဲ့ လက်မထပ်စေချင်လို့ပေါ့ .. ဒါပေမယ့် မောင်ပေါက်ကျိုင်းနဲ့တွေ့တော့ နဂါးလည်း သေရရှာတာပဲ ..၊ မိဖုရားလက်ကိုဆွဲပြီး မောင်ပေါက်ကျိုင်း ပဲ မင်း ဖြစ်သွားတာ ..”

“မာမီက ဘာဘာ အဲဒီလို ကံကောင်းမယ် ထင်လို့လားဟင် ..”

“ကံကောင်းမှာပါကွယ် .. မီးလေးနဲ့ မင်းမင်း က အရမ်း လိုက်ဖက်ညီတဲ့ စုံတွဲလေးပဲ ..”

“ရှေ့က ဒေါက်တာမေသာယာ ဆိုရင် သူ့ထက်တောင် ချောသေးတယ်ဗျ ..”

“ဟင်!...”

အခန်းထဲ ဝင်လာပြီး လက်ကိုင်ပန်း လာထားသည့် လူရှယ်တစ်ယောက်က ရယ်မလို မဲ့မလိုမျက်နှာနှင့် ဒီဘက်ကိုလည်း မကြည့်ဘဲ ပြန်ထွက်သွားရင်း ...

“နာမည်ချင်းသာ ဆင်ဆင်တူတာ .. မေသာယာ က ပိုတောင်လှသေးတယ် .. သေတာပဲ ..”

“လျှောက်ပြောမနေစမ်းပါနဲ့ သီဟ ရယ် .. နင် ပါးရိုက်ခံရဦး



မယ် .. လာခဲ့ ..”

တားဆီးသည့်လူက တမင်ကြားအောင် အခန်းထဲကို ခေါင်းထည့်ပြောနေသလား မှတ်ရသည်။

“ဒီလောက်ချောပြီး ချမ်းသာတဲ့လူကို အလိုရမှက်ကြီးတဲ့ မိန်းမတွေ အသေခံပြီး လိုက်မှာပဲ ..”

“တောက်!...”

“ဟဲ့ .. ဟဲ့ .. မီးလေး ..”

မှန်တင်ခုံရှေ့ကနေ ဝုန်းခနဲ ထရပ်ကာ ကမ္ဘာ အတင်းထွက်ရိုက်ဖို့လုပ်၏။ မာမီက ဆွဲထားကာ ...

“ဒေါသကို ထိန်း .. အလုတွေ ပျက်ကုန်လိမ့်မယ် ..၊ သူတို့က မကျေနပ်တိုင်း ပြောကြမှာပဲကွယ် .. ပြန်ထိုင်ပါ ..၊ မင်္ဂလာပွဲပြီးတော့ ဘယ်မျက်နှာမှ မမြင်ချင် ဖြုတ်ပစ်လိုက်ပေါ့ ..”

ပြောလို့မှ မဆုံးသေးဘဲ အသံတစ်သံက ထပ်ဝင်လာပြန်၏။

“မောင်ပေါက်ကျိုင်း တော့ ဖြစ်မှာမဟုတ်ဘူး .. နဂါးပေါက်ခံရလို့ သေတဲ့ မသာတွေထဲ ပါဖို့တော့ သေချာတယ် ..”

“မာမီ .. မာမီ ကြားလား ..၊ ဖယ်ပါ .. အဲဒီပါးစပ်တွေ ဘာဘာ သွားပိတ်မယ် ..”

“မလုပ်ရဘူး .. မင်းမင်း သိရင် အရမ်းစိတ်ဆိုးလိမ့်မယ် ..၊ အလုပ်သမားတွေနဲ့ ဖက်မဖြစ်ရဘူးလေ .. အင်း .. မီးလေးက သူတို့ကိုမှတည့်အောင် မပေါင်းခဲ့တာ ..”

“ဘယ်လိုလုပ် ပေါင်းရမှာလဲ မာမီ .. မာမီ မသိပါဘူး ..၊ သူတို့ကိုက လူကို ပြန်ခိုင်းချင်ကြတာ .. ကိုယ့်ကိုယ်ကိုယ် ကျေးကျွန်ဆိုတာ နားမလည်တဲ့ဟာတွေ ..”

“အဲဒါတွေလေ.. ကျေးကျွန် မပြောနဲ့ .. ခုခေတ်မှာ အိမ်ဖော်လို့တောင် မပြောကြတော့ဘူး .. အိမ်အကူလို့ ပြောတယ် .. မိသားစုတွေ ပါပဲလို့ သဘောထားတယ် ..၊ ကိုယ်က ပိုက်ဆံပေးခိုင်းပေမယ့် သူတို့က

www.burmeseclassic.com

www.burmeseclassic.com



စေတနာထားမှ မီးလေး အကျိုးရှိမှာပေါ့ .. ဟုတ်ဘူးလားလို့ ..”

“အို .. မာမီပြောတာ မဟုတ်သေးပါဘူး .. ဒီလောက် ဖိနှိပ်ထားတာတောင် လူကို ခွနင်းချင်တာ ..၊ သူတို့ကိုသာ တည့်အောင်ပေါင်းကြည့်ပါလား ..”

“ကဲ .. ဟုတ်ပါပြီ .. မပြောတော့ဘူးနော် .. လောလောဆယ်တော့ ဒီကနေ ဘယ်မှမထနဲ့ ..၊ မာမီ လက်ရာလေးတွေ ပျက်ကုန်ပါ့မယ်..”

မာမီက ရှေ့ကကြည့် နောက်ကကြည့်နှင့် ခဏလေးဆိုပြီး အပြင်ထွက်သွားသည်။

သတို့သမီးဝတ်စုံကို အနီရောင်ကြိုက်ပေမယ့် မကောင်းပါဘူးလို့ ပြန်တွေးပြီး ပန်းသွေးရောင်ကို ရွေးခဲ့သည်။

လိုက်ဖက်တဲ့ လည်ဆွဲရတနာလေးတွေ ဝတ်ပါလားဆိုတော့လည်း စိန်တွေကိုပဲ ဝတ်ချင်ခဲ့၏။ သူမ ဘာလုပ်လုပ် ခေါင်းလည်း မခါ ..၊ အကြံဉာဏ်လည်း မရ ..၊

မင်းစက်အာဏာ ဘာတစ်ခွန်းမှ ဝင်မပြောလေ ကမ္ဘာ က ထင်သလို လုပ်လေ ..၊

ကိုယ့်ပုံစံကို မှန်ထဲပြန်ကြည့်ရင်း ကျေနပ်နေတာက တစ်ဖက်..၊ ကိုကိုနဲ့တကွသော ဒီအိမ်ကလူတွေကို ဒေါသထွက်နေရတာက တစ်မျိုး..၊

ခြံထဲမှာ စည်ကားစိုပြည်နေပြီဆိုတာ အသံတွေကြားနေရတည်းက သိနေသည်။ ကိုကိုက ဘယ်မှာမှန်း မသိ ..၊ ကိုယ့်ဘေးမှာ ကိုယ့်ဘက်ကလူလည်း မရှိ .. သူ့ဘက်က အရင်းအချာ အစွန်အဖျားဆိုတာလည်း ဘာမှ မပါ ..။

“မမေကမ္ဘာ ပွဲထွက်ချိန် ရောက်ပြီတဲ့ ..”

နောက်ကခေါ်သံကြောင့် ဖျတ်ခနဲ လှည့်ကြည့်လိုက်တော့ ခေါင်းမှာ ရှိသမျှ ပန်းခိုင်တွေ .. ဆံထိုးတွေ ပြိုးပြိုးပြက်ပြက် ခါသွားသည်။

“ကိုကိုက ဘယ်မှာလဲ ..”

“စောင့်နေတယ် ..”





သူ့ဒေါသအတိုင်း ပြန်ဖြေသံကလည်း မာကျောတာ မဟုတ်ပေမယ့် နူးညံ့ပျော့ပျောင်းမှုမပါ ..၊ ပြီးတော့ လှစ်ခနဲ ပြန်ပျောက်သွားသည်။

ကိုကို လာပြီး လက်ချင်းချိတ်ရမှာ မဟုတ်ဘူးလား ..၊ သူမက လာခေါ်တဲ့သူမရှိဘဲ ဒီတိုင်း ထွက်သွားရမှာလား ..၊

မာမီလည်း ဘယ်ရောက်သွားသည် မသိ ..၊

ကိုယ့်အဖြစ်ကို ဘာမှန်းမသိအောင် ခံစားမိရင်း ငိုချင်လာ၏။ ပြီးတော့ လက်ချောင်းတွေအပြည့် ‘လက်မ’ပါမကျန် အပြည့်ရှိနေသော လက်စွပ်တွေနဲ့ လက်ကိုင်ပန်းကို ကိုယ့်ဘာသာ သွားကောက်ရသည်။

ထိုအခါ မမကို ဖျတ်ခနဲ သတိရ၏။

မမသာရှိနေလျှင် ဒီအချိန်မှာ သူမရဲ့ဒေါသတွေ မိုက်ရိုင်းမှုတွေ အားလုံးကို ဥပေက္ခာထားပြီး ပျာပျာသလဲ ပြေးလွှားယုယနေမှာ သေချာ၏။

ကွယ်ရာမှာသာ အံကြိတ် မျက်ရည်ကျရင် ကျမည် ..၊ သူမအတွက် မမ ဒီလိုနေရာမှာ ဘယ်လိုနည်းနဲ့မှ ဥပေက္ခာထားမှာ မဟုတ်..၊

မမကိုသတိရတော့ မျက်ရည်က အိခနဲ ဝေ့၏။

မမကို သူမ ဘာဖြစ်လို့ မလာစေချင်ခဲ့တာလဲ ..၊ ဘာကြောင့်လဲ..၊

မျက်တော င်တွေခတ်ပစ်ရင်း မျက်ရည်မကျအောင် ကြိုးစားနေရသည်။

ဆေးနေလို့ သတိရနေတာပါ ..၊ မမ ရှိနေရင်လည်း သူမ ကြည်ဖြူနိုင်မှာ မဟုတ် ..၊

ကောင်းပါတယ် .. ဘယ်သူမှမရှိတော့ ကိုယ့်အားကိုယ်ကိုးပေါ့..၊

သူမ လက်ကိုင်ပန်းတစ်ဖက်နှင့် ခြုံထားသည့်ပဝါကို သေသပ်အောင် အသာလေး ပြုပြင်၍ ရဲဝံ့စွာ လှမ်းထွက်ခဲ့သည်။

သူမ ညှော်ခန်းကို ဖြတ်သန်းစဉ်မှာ နှင်းဆီပွင့်ဖတ်လေးတွေ အပေါ်ကနေ တလွှားလွှား ကြွေဆင်းလာကြ၏။



www.burmeseclassic.com

ခြေလှမ်းတုံ့သွားကာ မော့ကြည့်လိုက်မိလျှင် အပေါ်ထပ် ဂယ်ဝုံဝရန်တာကြီးမှာ အပျိုရုံမိန်းကလေးတွေ အများကြီးရှိနေကာ သူမတို့က ဖလားတွေပိုက်ထားလျက် ပွင့်ဖတ်တွေကို ကြဲချပေးလိုက်တာ ဖြစ်၏။

ပြီးတော့ ရှေ့ကနေ မင်းစက်အာဏာ ဝင်လာတာ ကော်ဖီရောင်အနောက်တိုင်းဝတ်စုံနှင့် ...၊

ထိုအချိန်မှာ ပွဲထွက်သီချင်းနှင့် ဂီတသံက အားလုံးသော ခြောက်သွေ့ခြင်းတို့ကို စိုပြည်သွားစေသဖြင့် ကမ္ဘာ မျက်နှာလေးမှာ ကျေနပ်သောအပြုံးတို့ ဖြစ်လာခဲ့၏။

သူမသည် လက်ဗတ်ရတနာတွေကို ဝတ်ချင်တာမို့ မြန်မာဝတ်စုံနဲ့ပဲဖြစ်ကာ မင်းစက်အာဏာက အနောက်တိုင်းဝတ်စုံနှင့် ...၊

လိုက်ဖက်မညီစွာ တွဲဖက်ခဲ့သော်လည်း နှစ်ယောက်စလုံး၊ ဒီအားလုံးပဲ ငေးကြည့်နေကြလေသည်။ ဒီဧည့်ခံပွဲထဲမှာ လူတွေပြည့်နေကာ ဒီလောက်ခမ်းနားနေအောင် ကိုကို ဘယ်လိုစီစဉ်လိုက်မှန်း မသိ...၊

လိုအပ်သော အစစအရာရာကို သုံးရက်ဆိုသော အချိန်အတွင်းမှာ ဘယ်လိုပြီးမြောက်စေခဲ့သလဲ ...၊ ဒါတွေကို ဘာမှစိတ်မဝင်စားတော့ဘဲ ကမ္ဘာ ကိုကို့လက်ကို ချိတ်၍ ပျော်သွားခဲ့၏။

သို့သော် ...

ဧည့်ပရိသတ်ရှေ့ကအဖြတ်မှာ ခပ်သဲ့သဲ့ကြားလိုက်ရသည့်စကားသံက ...

"လာပြန်ပြီပေါ့ .. ပဉ္စမမြောက် သတို့သမီး .."





အခန်း (၃၂)

အိပ်ခန်းထဲမှာ အဝတ်တွေလဲဖို့ ဝင်လာမိတာ နှစ်ခါ ...၊

နှစ်ခါစလုံး မလဲဖြစ်ခဲ့ဘဲ တခမ်းတနား ပြင်ဆင်ထားသည့် နှစ်ယောက်အိပ်မွေ့ရာကြီးနဲ့ ကျယ်ပြောထည်ဝါနေသော အိပ်ခန်းကြီးထဲ လှည့်ပတ်ငေးရင်း ရင်တွေ ခုန်ရင်း ပြန်ထွက်လာဖြစ်၏။

နောက်ထပ်တစ်ခါ ဝင်ဖြစ်တော့ မွေ့ရာထက်မှာ မရဲတရဲလေး ငုံ့ကြည့်မိ၏။ ပြီးတော့ လည်ဆွဲရတနာတွေ .. အဝတ်အစား ပြင်ဆင်ထားတာတွေ အလှမပျက်အောင် ဖွဖွရွရွလေး လဲလှယ်လိုက်မိသည်။

သူမ သူ့ဧည့်ဖြစ်ခဲ့ပြီ ...၊

ချောမောခန့်ညားရှိ သူမတူအောင် ချမ်းသာပေါလွင်သည့် ယောက်ျား၏ တရားဝင်ဇနီး ...၊

သူမက မဟေသီ ...၊

ကြည်နူးဝမ်းသာခြင်းဖြင့် လှိုက်လှဲစွာ ပြုံးမိသည်။ ပြီးတော့ ပက်လက်လေးလှန်လိုက်ပြီး တစ်ဖက်က သူအိပ်မယ့်နေရာကို ဖွဖွလေး

www.burmeseclassic.com



လျှောက်ထွက်ကြည့်မိသည်။

ထို့ပြင် မျက်ဝန်းတွေကို မှေးစဉ်းထားရင်း သူ ပြောလာမည့် ခွန်းချိုစကား ...၊ သူ ခြွေရွှမည့်အနမ်းများနဲ့ မင်္ဂလာဦးည ရင်ခုန်သံတွေကို ကြိုတင် စိတ်ကူးယဉ်နေမိရင် ရင်ထဲမှာ တသိမ့်သိမ့် ...၊

ထိုစဉ် ...

"ဒင် .. ဒေါင် .. ဒင် .. ဒေါင် .."

ညဥ့်၏တိတ်ဆိတ်ခြင်းမှာ နာရီသံကြီးကြောင့် တစ်ကိုယ်လုံး ဆတ်ခနဲ တုန်သွားကာ မျက်လုံးတွေပါ လန့်ဖျပ် ဖွင့်သွားခဲ့၏။

ထိုအခါကျမှ အဝင်ဝ အတွင်းဘက်က နံရံမြှုပ်နာရီကို သတိထားမိသွားသည်။

ဒီအခန်းကို မင်္ဂလာခန်း ဝင်ခါနီးမှ ဖွင့်ခဲ့တာမို့ ခုမှ မြင်ပေမယ့် ဒီနာရီသံကိုတော့ ညဦးတည်းက ကြားရဘာ ဖြစ်သည်။

ခုခေတ်မှာ သာယာတဲ့ ဘယ်လိုအသံမဆို ထည့်လို့ရတာကို ဘာဖြစ်လို့ ရှေးဟောင်းနာရီသံကြီးနဲ့ ချောက်ချားဖွယ် ဖန်တီးခဲ့တာလဲ ...၊

ပြီးတော့ နာရီကို နံရံထဲမှာ မြှုပ်၍ ပန်းချီကားချပ်လို လုပ်ထားတာ ဖြစ်ကာ နာရီသံ မြည်မှ အဏုမြူတွေနဲ့ ထလင်းလာတာမျိုး ...၊

ခြောက်လပိုင်း .. ခြောက်ရက်ည .. ဆယ်နာရီ ...၊

အိပ်ရာထဲက လှမ်းမြင်ရတဲ့အရာက တီဗွီဘာညာ မဟုတ်ဘဲ နာရီကြီးဖြစ်နေသဖြင့် စိတ်အနှောင့်အယှက်ကြီးစွာ ဖြစ်ရကာ ငုတ်တုတ်လေး ထထိုင်မိ၏။

"မင်္ဂလာခန်းဝင်ပြီးရင် အမှတ်တရဓာတ်ပုံတွေ ရိုက်မယ် .. အဝတ်အစား မလဲနဲ့ဦး .." တဲ့ ...၊

ဒီက ဘယ်အချိန်ထိ စောင့်နေရမှာလဲ ...၊

နာရီ၏ ဆယ်ချက်တီတိ ရိုက်ပုတ်သံကြီးက နားထဲမှာ စွဲနေခဲ့လျက် ... မှန်တင်ခုံရှေ့မှာ သွားထိုင်မိ၏။





ပြီးတော့ လည်ပင်းနဲ့ ခြေ .. လက် .. ခေါင်းမှာ ပြည့်သိပ်နေသော စိန်တွေကို ထိုင်ငေးရင်း နှုတ်ခမ်းမှာ ပြုံးယောင်သမ်း၏။

ကိုကို မမှာခဲ့ရင်လည်း သူမ ဒီပုံစံလေးနဲ့ပဲ အကြာကြီး နေမိဦးမှာပါ ...၊

ဘဝမှာ လိုချင်တာတွေ ရနေခဲ့ပြီမို့ နောက်ထပ် ထင်တိုင်းကြံဖို့ အံလေးကြိတ်၍ စိန်ခေါ်သလို ပြုံးမိ၏။

ကမ္ဘာ ဆိုတဲ့မိန်းမ .. ပျက်စီးမှာပဲ ...၊

အဲဒီကောင်မလေး မိုက်ရိုင်းတာ အရမ်း ...၊

ရုပ်ချေလေးလှလို့ မောက်မာနေတာ ခွေးကျကျကျမှာ မြင်ယောင်သေးတယ် ...၊

စားသောက်ဆိုင်မှာ သီချင်းဆိုပြီး ဘယ်သူ့ဒွေး ပိုချမ်းသာသလဲ ပြည်းစမ်းနေတာ ...၊ သူ့ကိုယ်သူ ဘဝပျက်နေတာ မသိဘူး ...၊

စသဖြင့်သော ကဲ့ရဲ့ ဝေဖန်သံတွေကို တန်းစီတွေးပြီး အားခဲထားလိုက်၏။

နေနှင့်ဦး တွေ့မယ် ...၊

ကိုကိုနဲ့လည်း လက်ချင်းချိတ်ပြီး တွဲပြမယ် .. နောက်ထပ်လည်း ထင်ရာ လုပ်ဦးမှာ ...၊

မေကမ္ဘာ ဆိုတဲ့ မိန်းမကို ကြင်နာရကောင်းမှန်း မသိတဲ့ ကိုကို...၊

ရှင့်ကိုလည်း ပညာတွေပေးဖို့ ရှိသေးတယ် ကိုကို .. ရှင် ဘယ်လောက်ပဲ ချောနေနေ .. အချစ်ဆိုတာ လက်သာရာမှာ ပျော်တာ ...၊

ရှင် ပေးနိုင်တာကို ယူမယ် .. ရှင် မပေးနိုင်တာကို ကမ္ဘာ့ အတွက် ပေးမယ့်လူတွေ ဘယ်လောက်ရှိသလဲဆိုတာလည်း ရှင် သိစေရမယ်...၊

နေရာမှ ထကာ အခန်းထဲ ပြန်ထွက်လာခဲ့မိသည်။

"ဟဲ့ .. လာစမ်း .."

ဒီကောင်မလေး သူမ ပါးရိုက်ထားသဖြင့် ခပ်ရှောင်ရှောင် လာ



www.burmeseclassic.com

www.burmeseclassic.com



တာကို မကြိုက် ...၊

"ဘာခိုင်းမလို့လဲ မေ .. ဒေါ်ကြီး လုပ်ပေးမယ် .."

"မလိုဘူး .. သူ့ကိုပဲ ခေါ်တာ .. ရှင် သွားတော့ .."

ဒေါ်ကြီးမျက်နှာက မတည်မတင်ရှိနေကာ မြေးဖြစ်သူကို အားပေးသလို ကြည့်သွားသေးသည်။

"ငါ တစ်ခုခု စားချင်တယ် .. ဟင်းငါးမျိုးနဲ့ လက်သုပ်သုံးမျိုး သွားလုပ်ထား .."

"ရှင်!..."

"ဘာ ရှင်တာလဲ .."

"မမ .. ဟို .."

"မရှည်နဲ့ .. အားလုံး ရနေပေ့စေ .. ခု သွားလုပ် .."

ဒီလောက် ရှောင်ချင်တဲ့ ကောင်မ ...၊

တမင်နှိုင်းတာ ...၊ ဆတ်ဆတ်ခါဖြစ်နေတဲ့ လူတွေရှေ့မှာ ထပ်ရိုက်ချင်လို့ ...၊

ညနေက မင်္ဂလာပွဲမစခင် စောင်းချိတ်ပြောကြတာ သင်းတို့အုပ်စုပဲလို့ တပ်အပ်သိနေသည်။ ပြောတဲ့ပါးစပ်တွေကတောင် ပြောရဲသေးတာ ဒီကလက်ကို ဘာကို အရိပ်သုံးပါး ရှေးနေရမှာလဲ ...၊

တွေ့မယ် ...၊

ခြံထဲကို ဆင်းလာခဲ့တော့ အားလုံး သိမ်းလက်စတွေနဲ့ပေမယ့် ကိုယ့်အလုပ်ကို ကိုယ် လုပ်နေကြတာမို့ ဆူဆူညံညံ မရှိကြပေ ...၊

ကိုကို ဘယ်ရောက်သွားလဲ ...၊

လိုက်ကြည့်တော့ အထူးမိတ်ဆွေဆိုသော ယောကျ်ားငါးယောက်နဲ့ ဝိုင်းဖွဲ့ထားသည့် ဆောင်အစွန်စားပွဲမှာလည်း ကိုကို မရှိ ...၊

ယိုင်နဲ့နဲ့ ထိုလူတွေလည်း ပြန်ကြဖို့ တစ်ယောက်နဲ့တစ်ယောက် နှုတ်ဆက်နေကြတာ မြင်နေရသည်။





သူတို့ ကိုကို မရှိတာကိုလည်း မရှာ ...၊

နှုတ်ဆက်ဖို့လည်း မကြိုးစားဘဲ ဒီတိုင်း ပြန်သွားကြမှာလား ...၊

ညစာခံပွဲက ပြီးနေပါပြီ ...၊ သူတို့ စားပွဲတစ်ဝိုင်းတည်းပဲ ရှိနေတာမို့ သူတို့ ပြန်ရင်လည်း ကိုကို ပါသွားဦးမှာပဲလို့ သူမက တွက်နေမိတာဖြစ်၏။

စိတ်က တွေးရင်း မီးရောင်စူးရောက်နေသမျှ ဟိုဒီ လှည့်ပတ်ကြည့်ရင်း သူမ မှောင်ရိပ်ထဲထိ ရောက်လာခဲ့၏။ ထိုအခါ ...

"ဟင်!..."

ဒါက ကားပါကင် လား ...၊

သူမ ဒီရောက်မှ ဒီဘက်ကို တစ်ခါမှ မလာခဲ့ဖူးတာလည်း မဟုတ်...၊

ဒါပေမယ့် ဒီနားမှာ ခုလို အမိုးရိပ်နှင့် မီးတွေလင်းနေသော ကားဆေးစီးလောက်လည်း ရှိနေသောနေရာအဖြစ် မြင်ကွင်းက ဆန်းနေသည်။ ခုမှ မြင်ဖူးသလို အံ့သြနေ၏။

"ဟိုတယ်လ်မှာ အဆင်ပြေရဲ့လား .."

"... ... ... ..."

"အေး .. ဒီကို လုံးဝ ရောက်မလာစေနဲ့ .. ပိုးဖြူစုံတွဲကို သေချာစောင့်ကြည့်ဖို့ ပြောထား .."

"... ... ... ..."

"အဲ့ဒါ မင်း ကိုယ့်အစီအစဉ်နဲ့ လုပ်လေ .. သူ့ကို မှဲ့တစ်ပေါက်မှ မွန်းစေနဲ့ .. မခြိမ်းခြောက်နဲ့ ...၊ အားလုံး အေးအေး အဆင်ပြေသွားတာပဲ ကြားချင်တယ် .."

"... ... ... ..."

"ငါ ဘာဆက်လုပ်မလဲ မင်း သိတယ် နော် .."

"... ... ... ..."

"အိုခေ .."



www.burmeseclassic.com

www.burmeseclassic.com



သူ ဖုန်းပြောနေတာကို နောက်ကျောကနေ ကြည့်ရင်း ပုန်းကွယ်နေလိုက်ရမလား ..၊ ဒီတိုင်း နေလိုက်ရမလား ..၊

ပြောသမျှကို ဒီတိုင်း ရပ်နားထောင်နေပြီးမှ နှုတ်ဆက်ရင်း သူ ကြိုက်ပါ့မလား ..၊

ရုတ်တရက် ကမ္ဘာ ရင်ခုန်သံတွေနဲ့ လုံးထွေး ပူပန်နေမိစဉ် –

"မင်း ဒီထိ ဘာဆင်းလုပ်တာလ .."

"ဟင်!..."

သူက ပြည့်မကြည့်ဘဲ မေးသည်။ မေးပြီးတော့လည်း လှည့်မကြည့် ..၊

"ငါ သွားစရာ ရှိသေးတယ် .. မင်း ပြန်တက်တော့ .."

ရုတ်တရက် လူမိသွားလို့ လန့်သွားပြီးမှ မကျေမနပ် ဖြစ်မိကာ

"ကိုကိုက ဘယ်သူနဲ့ သွားတွေ့မှာလဲ .."

မင်းစက်အာဏာ က ဖျတ်ခနဲ လှည့်လာ၏။ မီးရောင်လင်း ပေမယ့် ဘေးကကား၏ အရိပ် .. နောက်ကျနေသော မီးရောင်နှင့် သူ့ မျက်နှာက အမှောင်ဖြစ်နေသည်။

"မင်္ဂလာဦးညမှာ ယောကျ်ားလေးတွေ ခြေထောက်ကို ဘာ သတို့သမီးမှ ချုပ်ထားလို့ မရဘူး .. ပျော်စရာတွေ ရှိတယ် .. ရှင်း ကွေ ရှိတယ် .. အားလုံးပြီးမှ မင်းအလှည့် .."

"ပျော်စရာတွေကို ဘာဘာ နားလည်ပါတယ် .. ရှင်းရဖို့တွေ ဘာတွေလဲ .. အဲ့ဒါမျိုးတော့ တစ်ခါမှ မကြားခဲ့ဖူးဘူး ကိုကို .."

သူက ဖုန်းကို အိတ်ထဲပြန်ထည့်လိုက်ရင်း မျက်နှာမလွှဲဘဲ နေ

"မင်းအရင် သတို့သမီးတွေတုန်းက ဘယ်လို သေဆုံးကုန် သလဲ မင်း သိလား .."

"မသိဘူး .. သိလည်း မယ်ချင်ပါဘူး .. အဲ့ဒါတွေကို ဘာ သိဘူးလို့ ကြေပြီးပြီဲ ကိုယ်ချစ်တဲ့လူကို ပိုင်ဆိုင်ရဖို့အတွက် မ



ဘာတွေကို ကြောက်ပြီး ဘာဘာ ဘယ်တော့မှ နောက်မဆုတ်ဘူး .."

"နားယောင်လို့တော့ ကောင်းတယ် .. ဒါပေမယ့် မင်း အခု ချင်တာတွေ အရမ်းများနေလို့ ပြန်ပေးရမှာကို ဂရုမစိုက်ချင်တာ လိမ့်မယ် .."

"ဘာကြောင့်ဖြစ်ဖြစ်လေ.. ဘာဘာ့ တောင် ဂရုမစိုက်တာ .. ကိုကို .."

"မင်းအတွက် မဟုတ်ဘူး .."

"ဘယ်လို!..."

"ငါ့အတွက် လိုအပ်လို့ လုပ်နေတာ .."

"ကိုကို .. ကိုကို ဘာဘာ့ ကို နည်းနည်းလောက် ကြင်ကြင်နာနာ ဆက်ဆံပေးဖို့ စဉ်းစားမိရဲ့လား ဟင် .."

"လောလောဆယ် မင်း အထဲဝင်နေလိုက် ကမ္ဘာ .. အဲဒါတွေ စားဖို့ အချိန်မရှိဘူး .."

"အခု ကိုကို့အချိန်တွေကို ဘာဘာ့ ကို ပေးရတော့မှာလေ .. ဘာ က အိပ်ခန်းထဲမှာ တစ်ယောက်တည်း .."

"မကြာခင် ကိုယ် ပြန်လာမယ် .."

ပြောပြီး သူ ရှေ့ထိ လျှောက်လာသည်။ ပြီးတော့ သူမရှေ့မှာ ခြေစုံ ရပ်လိုက်ပြီး စူးစိုက်ကြည့်ကာ ...

"ယူ အိုခေ .."

"မခေဘူး .. ဘာဘာ အဆင်ပြေပြေ မပြေပြေ ကိုကို သွားမှာပဲမို့ .."

"သတ်(ထ်) ရိုက်(ထ်) .."

ကမ္ဘာ သူ့ကို ခပ်စူးစူး ပြန်ကြည့်ပြီး လှည့်ထွက်လာခဲ့သည်။ တော့ ထွက်လာခဲ့ပြီးမှ ပြန်လှည့်ကြည့်ကာ ...

"ကိုကို သွားတွေ့မှာ မိန်းကလေးမို့လား .."

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် .."

"ကိုကို ဘာကိုမှ ဂရုမစိုက်တတ်ဘဲနဲ့ ခုမှ ဖုံးကွယ်မနေပါနဲ့ - အဲ့ဒါ ဘယ်သူလဲ .. ဘာဘာ့ ကို မပြောရဲဘူးလား .."

မင်းစက်အာဏာ က ကားနောက်ဖုံးကို ဖွင့်၍ တစ်ခုခု လုပ်နေရင်း ...

"ပြောလိုက်ရင် မင်းလည်း သူ့ကို သိချင် သိနေမှာ .. ဒါပေမယ့် ခု ပြောဖို့ မဖြစ်သေးဘူး .. ဘာဖြစ်ဖြစ် မင်း သိရမှာပါ .. နာရီပိုင်းလေးပဲ .."

နာရီပိုင်းလေးပဲဆိုတာက ခုပဲ ပြန်ခေါ်သွားမှာလား ..၊

ဘယ်သူပဲ ..၊

ကိုကို့မှာ မယားကြီး ရှိနေခဲ့တာလား .. ဒါမှမဟုတ် ..၊

"ကိုကို .."

မင်းစက်အာဏာ က ကားကို ပါကင်ထဲက မထုတ်ဘဲ ဦးတည်ထားတဲ့အတိုင်း မောင်းထွက်သွား၏။

ဘယ်ကိုလဲ ..၊ ဒီခြံကြီးထဲကို ဝင်ဖို့ထွက်ဖို့ တံခါးတွေ ဘယ်နှပေါက်တောင် ရှိနေလို့လဲ ..၊

ဘာမှမသိရဘဲ သူမ ကျန်ခဲ့လေသည်။



အခန်း (၃၃)

"ညီမ .. ညလယ်စာ ထွက်စားတာလား .."

"ဟင်!..."

ထွက်လာမိတိုင်း ဆုံနေသဖြင့် ကိုယ့်ကိုများ စောင့်ကြည့်နေသလား ထင်လာမိ၏။ လောဆိပ်က ထွက်လာပြီး ပြင်ဦးလွင်တက်ဖို့ ကားရှာနေစဉ်းက အတူတူ ဆုံမိခဲ့ကြသည်။

ဒီတုန်းက တစ်ခရီးတည်း သွားမည့်လူတွေမှန်း မသိကြသေးပေ..၊ တောင်တက်ရင်း ကားပျက်တော့မှ သူမမှာ တစ်ယောက်တည်း အချိန်ကုန်နေပြီမို့ ဒုက္ခရောက်သွား၏။

ထိုပြင် ကားပေါ်မှာ ယောကျ်ားတွေချည်း ဖြစ်နေလျှက် လင်မယားစုံလို့ ဖြူဖြူ ဆိုသော သူမတို့အတွဲပဲ ပါ၏။

"ဒုက္ခပါပဲ ကိုစိုး ရယ် .. မနက်ဖြန် မင်္ဂလာပွဲ လုလုပပလေး ဖြစ်ရမလား မှတ်ပါတယ် .. ကားက ဟိုတယ်လ်ကို အချိန်နောက်မှ ဝင်ရင် ခရီးပန်းပြီး ဒီမျက်နှာတော့ သွားပါပြီ .."

www.burmeseclassic.com

www.burmeseclassic.com



မဖြူ က စတင် ညည်းတွား၏။ ထို့ကြောင့် စိတ်ဝင်စားသွားပြီး မိန်းမချင်း ခင်အောင် ပြောဆို ပေါင်းသင်းရင်း မေးကြည့်ခဲ့မိသည်။

"ဟုတ်တယ်လေ .. မင်းစက်အာဏာ .. အစ်မတို့က ရင်းနှီးနေတော့ စက်လို့ ခေါ်တယ် .."

"သူ ဒီည ဧည့်ခံပွဲ မဟုတ်ဘူးလား ဟင် .."

"မဟုတ်ပါဘူး ညီမရယ် .. သူလည်း ယကြာတွေ ချေ .. ရက်စွဲတွေ ပြောင်းနဲ့ လျှောက်လုပ်နေတာပဲ ..၊ အစ်မတို့တောင် ဒီနေ့ လုပ်ဖြစ်မယ် ထင်တာ .. တော်သေးတယ် .. မအားတာနဲ့ ဒီနေ့ဆိုရင် အမီလာနိုင်မှာ မဟုတ်ဘူး .."

"သေချာရဲ့လား အစ်မရယ် .. ကျွန်မ ဒီနေ့လို့ သေချာ သိထားတာ .."

"ဒါဆိုရင်တော့ စက် ရဲ့ မင်္ဂလာကိစ္စတချို့ကို ညီမလေး သိနေတာ ထင်တယ် .. သူလည်း အဲဒါတွေ မဖြစ်ချင်လို့ ပြောင်းလဲနေတာ ဖြစ်မှာပေါ့ ..၊ ဒီည အချိန်လည်း မရှိတော့ဘူး .. အစ်မတို့နဲ့ ဟိုတယ်လ်မှာပဲ တည်းလိုက်ပါလား .."

"ဟင် .."

"ဒီမှာ ဟိုတယ်ကောင်းကောင်း အများကြီး မရှိဘူးလေ .. ရှိတဲ့ ဟိုတယ်လ်တွေမှာလည်း စက် ရဲ့ မင်္ဂလာပွဲလာတဲ့ ဧည့်သည်တွေနဲ့ပဲ ပြည့်နေမှာ .. တို့နဲ့ လိုက်တည်းမှ အခန်း အဆင်ပြေမှာနော် .."

ဤသို့သော စကားတွေ ပြောဖြစ်ကြရင်း သူမ ဟိုတယ်လ်မှာ ညအိပ်ဖို့ ဆုံးဖြတ်ရခြင်း ဖြစ်သည်။ ဟိုတယ်လ်ကို ဝင်သွားတည်းက..

"ဘယ်အခန်းလဲရှင့် .. နာမည်လေး တဆိတ်လောက် ပြောပါ.."

လို့ မေးခြင်းသည် ကြိုတင်ယူမထားတဲ့လူ အခန်းမရနိုင်ဘူးဆိုတာကို သက်သေထူလိုက်သလိုပင် ..၊

ထို့ကြောင့် အခြေအနေအပေါ်မှာ သူမ လက်တလော စိတ်အေး





သွားပြီး တည်းခိုခဲ့သည်။

နာရီတွေကို ကြည့်မိတိုင်း ရင်ခုန်သံတွေ မငြိမ်မသက် ဖြစ်လာတာက ည၏သက်တမ်း ရင့်လာလေ ပိုဆိုးလာလေမို့ ...

"ညီမ .."

"ရှင် .."

"ဘာတွေ စဉ်းစားပြီး လျှောက်နေတာလဲ ..၊ အဲ့ဒီဘက် ဝရန်တာက အရမ်းမှောင်တာ .. တစ်ယောက်တည်း သွားထိုင်မလို့လား .."

ဟင်!...

သူမ ကယောင်ကတမ်းတွေ ဖြစ်နေမိပြီလား ..၊

ည ဆယ်နာရီဆိုတာ ကြည့်လိုက်မိတည်းက မငြိမ်သက်ခဲ့တဲ့ စိတ် ..၊

"မမဖြူ .."

သူမကို လိုက်သတိပေးပြီး ပြန်လှည့်သွားမလို့ ကျောခိုင်းပြီးမှ မဖြူ က လှည့်ကြည့်၏။

"ဘာလဲ ညီမ .. မေးလေ .. ဗိုက်ဆာလို့လား ..၊ ခုနက မေးတော့ မပြောဘူး .."

"မဟုတ်ပါဘူး .. ဟိုဂလေ .."

မဖြူ က သူမဘက်ကို ပြန်လှည့်လာကာ ...

"ပြောလေ .. ညီမ ဘာအခက်အခဲ ရှိလို့လဲ ..၊ မိန်းကလေးတစ်ယောက်တည်းဆိုတော့ အစ်မ ကိုယ်ချင်းစာပါတယ် .."

"ဒီဟိုတယ်လ်က ဧည့်သည်တွေအားလုံး မင်းစက်အာဏာ ရဲ့ လက်ထပ်ပွဲကို တက်ကြမှာပေါ့ နော် .."

"ဟုတ်တယ် .. တခြားဟိုတယ်လ်တွေမှာရောပဲ .. ညီမက ဘယ်လို့လား .."

"မဟုတ်ပါဘူး .."



www.burmeseclassic.com

www.burmeseclassic.com



"ဒါမှမဟုတ်ရင် စက် နဲ့များ တစ်ခုခု .."

"ဘာမှ မဟုတ်ပါဘူး .. သူက အဲ့ဒီလောက်တောင် အရှိန်အဝါ ရှိတယ်ဆိုတာ အံ့ဩလို့ .."

"သြော် .."

မဖြူ က သဘောကျသလို ပြုံးကာ ...

"စက် က သူ အရင် လက်ထပ်ဖူးတဲ့ပွဲဘွဲ့တုန်းကလည်း ဒီလိုပဲ..၊ သူ့ဧည့်သည်တွေအတွက် ဟိုတယ်တွေကို ငါးရက် တစ်ပတ် ချုပ်ပစ်လိုက်တာ .. ချမ်းသာတာကိုး ညီမရဲ့ ..၊ ပြီးတော့ သူ့မှာ နောက်က ချုပ်ကိုင်ကွပ်ကဲမယ့် အကြီးအကဲဆိုတာလည်း မရှိဘူးလေ .. တစ်ဦး တည်းသော သူဌေးသားတစ်ကောင်ကြွက်ဆိုတော့ လိုချင်တဲ့မိန်းကလေး တွေလည်း ဝိုင်းဝိုင်းလည်ပဲ .."

"ဒါပေမယ့် လက်ထပ်ပြီးတာနဲ့ .."

"ဒါကတော့ ရေစက်မဆုံထိုက်တဲ့သူတွေမို့လို့ နေမှာပါ ..၊ ပြီး တော့ နောက်ပိုင်းမှာ သူ့စိတ်ခံစားချက်တွေက သူဟာ လက်ထပ်လို့ မရနိုင်တဲ့ ယောက်ျားဆိုတာကို နာကျင်လာတာမျိုး ဖြစ်လာခဲ့တာ .. ချစ်သူကြင်ဖက် ရွေးတာမျိုး မဟုတ်တော့ဘဲ သူ လက်ထပ်နိုင်တယ် ဆိုတဲ့ အဖြစ်တစ်ခုကိုပဲ အလိုရှိလာတယ်.. လူတွေက သူ့ကို မိန်းကလေး တွေအပေါ်မှာ ပြောဆိုဆက်ဆံပုံ ကြောတယ်လို့ ထင်ကြတယ် .. တကယ်တော့ သူမှ မချစ်ဘဲ နော် .."

"အဲဒါကတော့ သူ အသုံးချဖို့အတွက်နဲ့ မိန်းကလေးတွေက နစ်နာတာပေါ့ .."

"နစ်နာတယ် မထင်လို့ သူ့နာမည် ဘယ်လောက်ပျက်နေနေ မိန်းမ မရှားတာပေါ့ ညီမရယ် .."

အလွှာ ဒီယောက်နဲ့ပဲ ကိုယ့်အခန်းထဲ ပြန်ရောက်လာခဲ့ရသည်။ ဒီ့ထက် မေးနေမိလျှင် ကိုယ်နဲ့ ဘယ်လိုပတ်သက်တာတွေ .. မကျေနပ်





တဲ့ ကိုယ့်ရဲ့ခံစားချက်တွေပါ ပွင့်ထွက်လာနိုင်တာမို့ မျိုသိပ်ခဲ့ခြင်း ဖြစ် သည်။

ဒါပေမယ့် မွေ့ရာထက်မှာ လှဲလိုက်ပြီးမှ မျက်လုံးတွေကို ဘယ်လို မှ မှိတ်လို့ မရ ...၊

ဘယ်လိုမှ ခေါ်တာ မရခဲ့သော အောင်ကောင်း ဆီကိုတော့ ဖုန်းက ဝင်သွားတာမို့ ကပျာကယာ ကျူးထရင်း ...

"အောင်ကောင်း .."

"... ... ... ..."

"ဟလို .. အောင်ကောင်း .. ဂါရယ် .. အလွှာ ပါ .. ကြားရလား.."

စကားပြောရင်း ပြတ်ကျသွားမှာစိုးကာ အခန်းပြင်ကို ထွက်လာခဲ့ ၏။ သူများတွေ အိပ်ချိန်ဘာညာကို ဂရုမစိုက်နိုင်ဘဲ ဖုန်းနဲ့ နှုတ်ခမ်း ကပ်၍ လက်ဖဝါးလေးနဲ့ပါ ကပ်ထားမိလျက် ...

"အောင်ကောင်း .. အေး .. ကြားရပြီလား .. နင် မူဆယ်မှာလား ဟင် .."

"... ... ... ..."

"ဟုတ်လား .. မန္တလေးကို နင် တစ်ရက်လောက် စောပြန်ခဲ့ပါလား ဟယ် .. ငါ အခု ပြင်ဦးလွင်မှာ .."

မှောင်သည်ဆိုသော ဝရန်တာဘက်ကိုပဲ ထွက်လာခဲ့မိကာ အသံ ကို ထိန်၍ နှိမ့်ချပြီး ...

"မနက်ဖြန်ဖြစ်ဖြစ်ပေါ့ .. ငါ အရမ်း အရေးကြီးနေလို့ပါ .."

"ငါ့ညီမလေးက ပြင်ဦးလွင် ရောက်နေတယ်ဟ .. နင် ပြောတဲ့ သတင်းတွေ ကြားပြီး ငါ စိတ်ပူလွန်းလို့ ချက်ချင်း ထလိုက်လာတာ.."

"... ... ... ..."

"ငါ နင့်ကို ပြောမလို့ပါ .. ဒါပေမယ့် သူတို့က လက်ထပ်ပြီးလို့ အိမ်ထောင်တစ်ခု အကျအန ထူထောင်နေထိုင်နေကြပြီဆိုတော့ ပြီး



www.burmeseclassic.com

www.burmeseclassic.com



သွားပြီလို့ပဲ တွေးမိတယ် .. အရင်က လက်ထပ်ပွဲမှာ သေခဲ့ကြပေမယ့် အခု လက်ထပ်ပွဲ တခမ်းတနား မလုပ်ခဲ့ဘူးဆိုတော့ သူ့ကျမှ မင်းစက်အာဏာ က ချစ်ပြီး သေမှာစိုးလို့ ..''

"... ... ... ..."

"ဘာရယ်တာလဲ အောင်ကောင်း ရယ် .. ငါ့မှာ စိုးရိမ်လို့ အသက်ထွက်မတတ်ဘဲ .. ဘာပဲဖြစ်ဖြစ် အခု လက်ထပ်ပွဲမှာ ..''

ငါ့ညီမလေးနဲ့ ဟုတ်သလား .. မဟုတ်ဘူးလား မဖြူ ကို မေးလို့ရတာပဲ ..၊

ဖုန်းပြောရင်း အလ္လာ ကျောက်ရုပ်လေးဖြစ်သွား၏။ အောင်ကောင်း ပြောနေတာတွေကို မကြားတော့ဘဲ သူမ အချိန်တွေ ဖြုန်းနေခဲ့မိတာကို နောင်တရမိသည်။

သတို့သမီးမှာမည် မေးလိုက်တာနဲ့ အဖြေက ရှင်းနေပြီကို ..၊ သူမ ဘာလို့ မမေးမိတာလဲ ..။

"အောင်ကောင်း .. ဆောရီးဟာ .. ငါ ဖုန်းချမယ်နော် .. ခဏလေး ..''

ညဖြစ်ဖြစ် .. သန်းခေါင်ဖြစ်ဖြစ် မတတ်နိုင် ..၊

မဖြူ ကို သွားနှိုးပြီး မေးဖို့အပြင် သူမအတွက် ဒီည အိပ်ပျော်မယ့် ဖြေဆေးက မရှိတော့ပေ ..၊ အကယ်၍ ညီမလေးနဲ့ လက်ထပ်ပွဲမှာ မဟုတ်ဘူးဆိုရင်လည်း မင်းစက်အာဏာ ဘယ်မိန်းမတွေနဲ့ လက်ထပ်နေပါစေ .. ညီမလေးကို သူမ မတားဆီးတော့ပါ ..။

ကာယကံရှင်ကိုယ်တိုင်က စီနီယာတွေထဲမှာ တန်းစီချင်ပါသည်ဆိုမှတော့ သူမ ဥပေက္ခာထားလိုက်ပါတော့မည်။

လောလောဆယ် အဓိကအရေးကြီးဆုံးက ဒီလက်ထပ်ပွဲရဲ့ သတို့သမီးက ညီမလေး မဖြစ်ရေး ..၊

ထို့ပြင် မင်္ဂလာပွဲ ဒီည မဟုတ်ဘူးဆိုတာကို လက်ခံထားပြီးနေ





ကာမှ နာရီတွေကိုပဲ ကြည့်မိနေကာ စိုးရိမ်စိတ်တွေနဲ့ ဒုက္ခရောက်နေရသည်။

ဒီသောကတွေကို မခံစားချင်တော့ပေ ..၊

ဖုန်းကို တစ်ဖက်က ကိုင်ရင်း .. မဖြူ ပြောသည့် အခန်းတံခါးကို ခေါက်လိုက်လျှင် ...

"အထဲက ဖွင့်မှာ မဟုတ်ဘူး .. လူမှ မရှိတာ ..''

ဟင်!...

ဒီအသံ ..၊

အလ္လာ ကိုယ်လေး မတ်ခနဲ ဖြစ်သွားသည်။ လှည့်ကြည့်လိုက်တော့ သူမနောက်မှာ ရေငွေ့ သို့မဟုတ် မင်းစက်အာဏာ ဖြစ်ဖွယ်ရှိသော...

"ရှင် ..''

"ကိုယ်နဲ့ စကားပြောချင်တယ် မို့လား ..''

သူက အခန်းတံခါးကို ကိုင်ထားသည့် သော့နဲ့ လှည့်ဖွင့်လိုက်ပြီး ကြောင်ငေးကြည့်နေသော အလ္လာ့ လက်လေးကို ဆွဲ၍ အခန်းထဲ ဝင်လိုက်၏။

ပြီးတော့ တံခါးပြန်ပိတ်၍ ...

"ပြောလို့ ရပြီ ..''

အလ္လာ က သူ့ပုံစံကို စေ့စေ့စပ်စပ်ကြည့်၍ မြောက်မြားစွာသော ဓမ္မခွန်းတို့ကို ဘာက စရမှန်း မသိ ဖြစ်နေသည်။

နက်မှောင်သော အင်္ကျီဆောင်းဘီတို့နှင့် အမြဲတမ်း ချောမွေ့ရှင်းသန့်နေသည့်မျက်နှာက ဒီည သတို့သား ဖြစ်ခဲ့သလား .. မဖြစ်ခဲ့ဘူးလား ဆိုတာ ခွဲခြားဖို့ ခက်၏။

"ရှင်က ရေငွေ့ လား .. မင်းစက်အာဏာ လား ..''

"မင်းရဲ့ ရေငွေ့ ပါ ..''

"မင်းစက်အာဏာ ဆိုတာက ..''



www.burmeseclassic.com

www.burmeseclassic.com



"မင်းညီမအတွက် .."

"ရေငွေ့ .."

ဒေါသသည် လစ်မစ်မပါဘဲ သူ့ရင်ဘတ်ကို စိတ်ရှိလက်ရှိ ဆောင့်တွန်းပစ်မိကာ ...

"ရှင့်ကို ကျွန်မ မထင်ခဲ့ဘူး .. အခု ကျွန်မရှေ့ကို ရောက်လာတဲ့အထိ မဖြစ်နိုင်ပါဘူးလို့ မျက်စိမှိတ် တွေးနေမိတုန်း .."

တစ်လမ်းလုံး မျိုသိပ်ခဲ့ရတဲ့ စိတ်လှုပ်ရှား ကြေကွဲခြင်းတွေက ရင်နဲ့ မဆံ့ပေ ..။

မျက်ရည်တို့က အဆက်အပေါက်လေးတွေ မဟုတ်ဘဲ ရေလျှံသလို ပြိုဆင်းလာခဲ့လျက် ...

"ရှင်!... ရှင် .. ကျွန်မတို့ ညီအစ်မနှစ်ယောက်စလုံးကို အရူးလုပ်ခဲ့တာ .. လူရှုပ်လူပွေ .. လူယုတ်မာ .. ကဲ .. ဟယ် ..."

ပါးတစ်ဖက်ကို စိတ်ရှိလက်ရှိ လွှဲရိုက်မိ၏။ သူက မျက်နှာ စောင်းထွက်သွားပေမယ့် တောင့်မတ်စွာ ရပ်နေခဲ့လျက် ..၊ အလွှာ က မကျေနပ်နိုင် ..၊

နောက်ထပ် ပါးတစ်ဖက်ကို ထပ်ရိုက်ပစ်လိုက်ပြီး စားပွဲပေါ်မှာ ရှိနေသည့် ဓာတ်ဘူးကို ပြေးယူသည်။ ဓာတ်ဘူးသည် ပလပ်ခေါင်းတန်းလန်းနှင့် သူမလက်ထဲမှာ ပါလာပြီး ဝှီခနဲ မြောက်တက်ကာ မင်းစက်အာဏာ ၏မျက်နှာဆီ ပြေးဝင်၏။

သူက အသာလေး ဖမ်းယူလိုက်ပြီး မွေ့ရာပေါ် ပစ်တင်လိုက်သည်။

"မင်း အပြစ်ပေးတာကို ကိုယ် ခံချင်ပါတယ် .. ဒါပေမယ့် အခု ကိုယ့်မှာ လုပ်စရာ ရှိသေးတယ် .."

နာရီ ကြည့်လိုက်တော့ အလွှာ အသက်ရှူရပ်မတတ် ဖြစ်သွားသည်။

"ဘာ .. ဘာပြောလိုက်တာလဲ .. ရှင် .."





"ကိုယ် သွားမယ် .. မင်း ဒီထဲကနေ ဆယ့်နှစ်နာရီ မကျော်မချင်း မထွက်ရဘူး .."

"ဘာပြောတယ် .. မင်းစက်အာဏာ .. ရှင် .. ခု ရပ် .."

အလွှာ သူ့လက်ကို ပြေးဆွဲပြီး မျက်နှာချင်းဆိုင် အတင်းပြန်လှည့်၍ ...

"ရှင် .. ရှင် .. ဒီည လက်ထပ်လိုက်တယ် .."

"ဟုတ်တယ် .. ဒါ မိန်းမယုတ်တွေကို သေမိန့်ပေးတဲ့ ညပဲ.."

ဘုရား!... ဘုရား ...

အလွှာ မျက်လုံးတွေ ပြာခနဲ ဖြစ်သွားသည်။ မျက်တောင်တွေ အတင်းခတ်နေရင်း စိတ်ကို ချုပ်တီး၍ ...

"သေမိန့်ပေးရအောင် ရှင့်ကိုယ်ရှင် ဘာထင်နေလို့လဲ .. ကျွန်မညီမကို မိန်းမယုတ်လို့ စွပ်စွဲပြီး ရှင် ကိုယ်ပိုင်ပြဋ္ဌာန်းထားတဲ့ ဥပဒေတွေနဲ့လား .."

"ဟုတ်တယ် .."

"ဟုတ်တယ်ဆိုရင် ကျွန်မလည်း အတူတူပဲ .. ရှင့်ကို ဘာမသိညာမသိနဲ့ ကြိုက်ခဲ့တယ် .. ပုံအပ်ခဲ့တယ် .. အခု ကျွန်မမှာ .."

သူ့မျက်ခုံးတွေ တွန့်ကုတ်သွားမှ ကိုယ့်စကားကို ပြန်ထိန်း၍ ...

"ကျွန်မကို သတ်ပါ .. ညီအစ်မချင်း အတူတူပဲ မင်းစက်အာဏာ.. ဒီစိတ် .. ဒီအကျင့်ပဲ .."

သူက မျက်လုံးတွေ ကျဉ်းမြောင်းသွားတဲ့အထိ မျက်မှောင်ကုတ်နှင့် ကြည့်၏။ အလွှာ သူ့ရဲ့ ကုတ်အင်္ကျီရင်ဘတ်စတွေကို ဆုပ်ဆွဲ၍ အတင်း လှုပ်ခါ တွန်းထိုးရင်း ...

"ကျွန်မမှာလည်း အပြစ်ရှိတယ် .. ကိုယ့်ညီမနဲ့ ကြိုက်နေတဲ့ ယောက်ျားနဲ့ ငြိစွန်းခဲ့တာလေ .. ကျွန်မကိုပဲ သတ်ပါ .."

"မင်းက ငါ သိပ်ချစ်တဲ့ မိန်းမပဲ ရေလွှာ .. ဒါပေမယ့် မင်းညီမ



www.burmeseclassic.com

www.burmeseclassic.com



ကတော့ ငါ သိပ်မုန်းတဲ့ မိန်းမမျိုး .. မင်းကိုယ်မှာ မှဲ့တစ်ပေါက် မစွန်းထင်းအောင် ငါ စောင့်ရှောက်မယ် .. ဒါပေမယ့် ဒီည မင်းညီမကို ငါ သတ်မှာ .."

"ရေငွေ့ .."

အလွှာ ပတ်ဝန်းကျင်ကို မေ့ကာ သူ့ရင်ဘတ်ကို တအား ရိုက်ပစ်လိုက်၏။

"ရှင် ရူးနေလား .. ရှင် ရူးသွားပြီလား ရေငွေ့ .. ဟင် .. ကျွန်မကို ရှင် ဘယ်လောက်ပဲ ချီးမြှင့်မြှောက်စားနေပါစေ .. ကျွန်မညီမကို သတ်ထားခဲ့ရင် .. ရှင့်ကို ကျွန်မက ကျေးဇူးတင် ဝမ်းမြောက်နေမယ် ထင်လို့လား .."

"မင်း ကျေးဇူးတင်ခံဖို့ ငါ ကြိုးစားခဲ့တာ မဟုတ်ဘူး ရေလွှာ .. ငါ လုပ်ခဲ့သမျှ အရာရာဟာ ဦးနှောက်နဲ့ ရွေးချယ်ခဲ့တာ မဟုတ်ဘူး .. ငါ့စိတ်က နှိုင်းတဲ့အတိုင်းပဲ လုပ်လာခဲ့တာ .. စေလိုရာ စေနိုင်ဖို့အတွက် ငါ ချမ်းသာသမျှနဲ့ လမ်းခင်းခဲ့တယ် .. ဒီထဲမှာ အချစ်ခံရတာတွေ .. အမုန်းခံရမှာတွေ ငါ ဘာကိုမှာ ဂရုမစိုက်ဘူး .."

"ဒါဆို .. ကျွန်မကို ရှင် ပြောခဲ့သမျှ အညာတွေချည်းပဲပေါ့ .."

"မင်းနဲ့ ဆုံခဲ့တာက ရေငွေ့ ပါ .."

"ရှင် လျှောက်ပြောမနေနဲ့ .. ကျွန်မညီမကို သတ်ပစ်ဖို့ ကြိမ်းဝါးနေတဲ့အထိ ယုံကြည်နေရအောင် ကျွန်မက အရူး မဟုတ်ဘူး .."

"ဒါဆို ငါ ရူးခဲ့တာ သေချာသွားပြီ ရေလွှာ .. မင်းညီမ ငါ့ရဲ့ တာ့ဂတ်ထဲ ဝင်လာတည်း ၁ မင်းကို ငါ စတွေ့ခဲ့တာ ..၊ သူ့ကို ရွံရှာမုန်းတီးတဲ့စိတ်တွေ ဖြစ်နေပေမယ့် မင်းကို မြတ်မြတ်နိုးနိုး ချစ်လာခဲ့တယ် .. ဒါပေမယ့် အဲ့ဒါ ငါ ခံစားရတဲ့ ဖီလင်ပဲ .."

"လူသတ်တာကလည်း ရှင့်ရဲ့ ဖီလင်ကြောင့် ပေါ့ .."

"ဟုတ်တယ် .. ငွေမက်တဲ့ မိန်းမ .. ဘာဏ္ဍာရှုပ်ကတွေ လွန်ကဲပြီး





သိက္ခာမရှိအောင် ပျက်စီးနေတဲ့ မိန်းမ .."

"ဘာဘာ က အဲဒီလို မိန်းကလေးမျိုး မဟုတ်ဘူး .."

"သူ ဘယ်လိုမိန်းကလေးမျိုးလဲဆိုတာ မင်းထက် ငါ ပိုသိတယ် ဆိုရင် ဘာကြောင့် သိတာလဲ မင်း ထပ်မေးချင်သေးလား .."

အလွှာ မျက်ရည်တွေ ပြည့်သိပ်နေသည့် မျက်ဝန်းလေးတွေ သူ့မျက်နှာပေါ်မှာ စူးနစ် ငြိမ်သက်သွားခဲ့၏။

မင်းစက်အာဏာ က မျက်နှာ ခပ်လွှဲလွှဲနှင့် မှဲ့ကာ ...

"အဲဒီလို မိန်းမတွေကြောင့် ငါ့အမေ သေခဲ့ရတယ် .. ငါ့အဖေလည်း သေတယ် ..၊ သူများယောကျ်ားကို မရမက မြှူဆွယ်ပြီး သူ့မိန်းမကို ငါ့ အိမ်ပေါ်ထိ တက်သတ်တဲ့ မိန်းမယုတ်တွေ .."

အလွှာ သူ ပြောသမျှကို ကိုယ် နားမလည်သည့် ဘာသာစကား တစ်ခုကို ကြားနေရသလို ငေးကြောင် နားစိုက်နေမိ၏။

သူ့အကျီမှာ ဆုပ်ဆွဲထားမိဆဲ လက်တွေကို လွှတ်ဖို့ မေ့နေသလို ...လည်း ဒီတိုင်း ရပ်နေရင်း ...

"လူသတ်မယ် .. စည်းစိမ်ကို အပိုင်ချိုင်မယ် .. အားလုံး ဝိုင်း ...တ်မာကြတာ .. ငါက လောကထဲမှာ တစ်ကောင်ကြွက် ကျန်ခဲ့ရတယ် .."

"ရှင် .. အဲ့ဒီ နာကြည်းချက်တွေနဲ့ .."

"ဟုတ်တယ် .. နှစ်စဉ်နှစ်တိုင်း သတ်တယ် .. ငါ လိုက်ရှာတာ မဟုတ်ဘူး .. အဲ့ဒီနောက်ကို အနံ့ခံလိုက်နေတဲ့ မိန်းမတွေက သူ့အလိုလို ...ား ရောက်လာတာ .. ငါ ဘာကိုမှ မဖုံးကွယ်ဘူး .. အားလုံး ပြောပြတယ် .. ဒါပေမယ့် ငါနဲ့မှ ပျော်ချင်တယ် .. ငါ ပိုင်တာတွေကို ...ပါတယ်တဲ့ ..၊ ဟွန်း .. အဲဒါတွေက ငါ့အတွက် မစင်ပုံတွေပဲ .."

အလွှာ့ မျက်နှာလေး တရိပ်ရိပ် တင်းမာလာကာ ...

"ဟုတ်တယ် .. ရှင့်ခံစားချက် အဲ့ဒီလို ရှိခဲ့တာဆိုတော့ မိန်းမ



www.burmeseclassic.com

www.burmeseclassic.com



အားလုံးကို မုန်းတိုက်တယ် ထားလိုက် .. ကျွန်မလည်း အဲ့ဒီလို မိန်းမပဲ ... ရှင် ချောလို့ အရည်ပျော်ခဲ့ရတာ .. ရှင်ချမ်းသာလို့ ပုံအပ်ခဲ့တာ .. မုန်း... ချင်ရင်လည်း မျက်နှာမလိုက်စတမ်း မုန်းလိုက်စမ်းပါ .."

"အစက်အပြောက်ဆို မှဲ့တစ်လုံးတောင် မထင်ခဲ့တဲ့ ငါ့ပါး... မင်းပဲ အထပ်ထပ် ရိုက်ခဲ့တာ ရေလွှာ .. ဘယ်လို မသတ္တဝါမှ ခိုနား... မရှိခဲ့တဲ့ ငါ့ရဲ့ ရင်ခွင်မှာ မင်းကိုပဲ ငါ နေရာပေးခဲ့တာ .. ကိုယ် လုပ်ခဲ့တဲ့ လုပ်ရပ်အပေါ်မှာ ငါ ဘယ်တော့မှ နောင်တ မရတတ်ဘူး .."

"အို .. မသိဘူး .. ရှင် .. ဘာဘာ ကို မသတ်ရဘူး .. ရေငွေ့ ... ရှင် ကျွန်မကို သနားပါ .. ကျွန်မကို သတ်မပစ်ဘူးဆိုရင် ရှင် သူ့... ဘာမှ မလုပ်ပါနဲ့ .. ကောင်းပန်ပါတယ် .."

အတင်းဆွဲခါ ရိုက်ပုတ်နေသည့်ကြားကနေ နာရီ ငုံ့ကြည့်ပြန်၏ ... အလွှာ သူ့နာရီကို အထိတ်တလန့် ဖိအုပ်ကိုင်ထားလိုက်မိကာ ...

"မသွားရဘူး .. ရှင် မသတ်ရဘူး .. ရှင် ထွက်သွားမယ်ဆိုရင် ကျွန်မ လမ်းပေါ်မှာ လျှောက်အော်မှာ .."

"ဟွန်း .. ဒါမျိုးတွေကို ကြောက်နေရင် ငါ မင်းနဲ့ လာတွေ့ပါ့ မလား ..၊ ဒီမှာ ရေလွှာ .. အခု မင်း လေယာဉ်ပေါ်က ဆင်းလာတည်းက မင်းဘေးကို ရောက်လာတဲ့လူတွေ .. မင်းစီးလာတဲ့ ကား .. ဟော် ... ဟိုတယ်လ်မှာ မင်း တွေ့သမျှလူတွေ အားလုံးက ကိုယ့်လူတွေ .."

"ဘာ!..."

"မင်း လိုက်လာမှန်း သိလိုက်တည်းက မင်းရဲ့ဘေးမှာ သူတို့ ... ရှိစေခဲ့တာ .."

ဟင်!...

သူမ ကြောင်တက်တက်လေးဖြစ်ကာ ယုံလည်း မယုံ ..၊ ဒါ အ... ပဲဆိုတာလည်း တွေးမိနေ၏။ မဖြူ တို့ လင်မယားရဲ့ ရင်းနှီးဖော်ရွေ... သော အပြုံးတွေ ...၊





ပြီးတော့ ပြောသွားတာတွေ ...၊

"ဒါဆို .. သူတို့အားလုံးက ရှင် လူသတ်တာကို ဝိုင်းကူညီနေကြ... ...ပေါ့ .."

"ဘယ်သူမှ မသိဘူး .. သူတို့ သိတာက ကိုယ်က လက်ထပ်ခွင့် ...မှာ ကံခေနေတဲ့ကောင် .."

မင်းစက်အာဏာ က သူ နာရီပေါ်မှာ ဖိဆုပ်ထားဆဲ အလွှာ့ လက် ...ကို အသာလေး ဖြုတ်ချလိုက်ရင်း ...

"ကိုယ့်ကို ကူညီတာ ကိုယ့်ရဲ့ လူယုံနှစ်ယောက်ပဲ ရှိတယ် .."

ပြောပြီး တံခါးနားကို နောက်ပြန်ဆုတ်သွားကာ ...

"စိတ်မပူနဲ့ .. ဆယ့်နှစ်နာရီကျော်ရင် ကိုယ် ချောချောမောမော ...လာမယ် .."

"ဂျိမ်း .."

"ဟင့်အင်း .. ရေငွေ့ .. ရေငွေ့ .."

"ဒုန်း .."

"မင်းစက်အာဏာ .. ရှင် တံခါးဖွင့်ပေးနော် .."

သူမ ဘယ်လိုပဲ တံခါးကို ရိုက်ပုတ်ခေါ်ပေမယ့် မင်းစက်အာဏာ ...ထွက်သွားပြီဖြစ်ကာ ကားပေါ်တက်ကာမှ ဖုန်းထုတ်၍ ...

"အေး .. အစီအစဉ်တော့ ပြောင်းမယ်ထင်တယ် .. ဒါပေမယ့် ... ဒီကို အခု လာခဲ့ ..၊ ငါ ဖုန်းမဆက်မချင်း တံခါးဖွင့် .. ကြားတယ် ... .."

ကားလေးက ဟိုတယ်လ်ထဲကနေ ပြေးထွက်လာခဲ့ရင်း ညဉ့်နက် ... လမ်းပေါ်မှာ ...၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၄)

ဖုန်းလာသံ ကြားတော့ သူမ ထွက်လိုက်တာနှင့် ဒေါ်ကြီးက ကိုင်

နေပြီဖြစ်ကာ ...

"ဟလို .."

"... ... ... ..."

"ဟုတ်ပါတယ်ရှင့် .. ဒါပေမယ့် သူဌေး မရှိပါဘူးရှင် .. အပြ

ထွက်သွားတာ ပြန်မလာသေးပါဘူး .."

ဖုန်းကိုင်ရင်း အကျအန ပြန်ဖြေနေသည်။ ကမ္ဘာ ဒေါသငွေ

တစ်လုံးတစ်ဝ ဖြစ်လာလျက် ..။ တစ်ခုခု လုပ်မိတော့မလို့ ခြေလှမ်းပြ

လိုက်လျှင် ...

"ဟာ .. ဒီကောင် ခုထိ ပြန်မလာသေးဘူး .. လွန်တယ်ကွာ -

"ဟော့ .. ကောင်မလေး လာဦး .."

ညှော့ခန်းနားထိ ဝင်လာပြီး ဒေါ်ကြီးရဲ့ မြေးမကို လက်ယပ်ခေ

ကာ ...





"ညည်းတို့သူဌေးကို ပြောလိုက် .. ငါတို့ မစောင့်နိုင်လို့ လစ်ပြီ

လို့ .."

"ဟုတ် .."

"သူ ပြန်လာအောင် စောင့်ပါဦးဆိုပြီး .. ကြည့်ပါဦး .."

"အေးလေ .. ဆယ့်တစ်နာရီ ကျော်နေပြီ .. လာပါကွာ .. လစ်

မယ် .."

အချင်းချင်း ညှိနှိုင်းပြီး လှည့်ပြန်သွားကြသည်။ တံခါးက ဒီတိုင်း

ဟာလောဖွင့်နေလျက် ..။ ဝင်ချင်တဲ့လူက ဝင်.. ထွက်ချင်တိုင်း ထွက်...

ပြီးတော့ ဒီလူတွေ ကိုကို ထွက်မသွားခင်တည်းက စားပွဲကနေ

ပြန်ဖို့ ထနေကြတာ မဟုတ်ဘူးလား ..။

အိမ်မှာ အိမ်ရှင်မတစ်ယောက်လုံး ရှိနေသည်။ ခုပဲ လက်ထပ်

ထားတဲ့ သတို့သမီး ..။

ဒီလက်ထပ်ပွဲက ပြန်ဖို့အတွက် သတို့သား မရှိရင် သတို့သမီးကိုပဲ

နှုတ်ဆက်ရမှာ မဟုတ်ဘူးလား ..။

"ဒေါ်ကြီး .."

ဒီမိန်းမကြီး နာမည်ကိုက မကြီးလို့ ခေါ်သည်မို့ သူ့ကို ဒေါ်ကြီးပဲ

ခေါ်နေကြတာ ဖြစ်၏။ ဒေါ်ကြီးက ဖုန်းချပြီး လှည့်ကြည့်သည်။

"သြော် .. ဘာခိုင်းစရာ ရှိလို့လဲ .."

"သြော .. သြော .. တော်သေးတာပေါ့ .. ကိုယ့်အဆင့်ကို သိနေ

လို့ .."

ဒေါ်ကြီး မျက်နှာကလည်း တင်းနေကာ ...

"သိတယ် .. ညည်းလည်း ခုလောက်ဆို ကိုယ့်အခြေအနေကို

သိနေလောက်ရောပေါ့ .."

"ဘာ!... ပြောတယ် .."

"ဟွန်း .."



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ကြီးက ညိုစိမ့်စိမ့် ပါးရေတွန့်နေသော မျက်နှာကြီးကို တင်းသထက် တင်းထားကာ ...

"လက်ထပ်ယူလိုက်တိုင်း ကံကောင်းတာ မဟုတ်ဘူးဆိုတာ မိန်းမတိုင်းတော့ သိချင်မှ သိမှာပါ .. အဲဒီယောက်ျားက ကိုယ့်ကို ဂရုမစိုက်မှသာ ငါ ကံဆိုးလှချေရဲ့လားလို့ မှတ်ကြတာလေ .. အခု သတို့သမီးဝတ်စုံကြီးနဲ့ ညည်း ကျန်ခဲ့ရပြီမို့လား .. သူဌေးက သူချစ်တဲ့ မိန်းမနဲ့ သွားတွေ့နေပြီ .."

"ဘာ!..."

တစ်ကိုယ်လုံး ရှော့ခ်ရိုက် ခံလိုက်ရသလို တုန်ခါသွား၏။

"ရှင်!... ဘာပြောလိုက်တယ် .."

သူမ၏ သကို့သမီးဝတ်စုံနှင့်ပုံစံကို ဒေါ်ကြီးက လှောင်ရယ်စရာ တစ်ခုလို မဲ့ပြုံးနှင့်ကြည့်၍ ...

"ဒီအချိန်ထိ ပြန်ရောက်မလာတာတောင် မသိသေးဘူးပဲ .. ငါတို့ကလည်း ဖွင့်မပြောအပ်တဲ့စကားကို ပြောရတာ ဒါ ပထမဆုံးပါပဲ - ညည်းလို မောက်မာရိုင်းစိုင်းတဲ့ မိန်းမမျိုးကလည်း ညည်းပဲ ရှိတော့ - ပြောမနိုင်ရင် ဖက်ကိုက်ရတဲ့နည်းပဲ သုံးရတာပေါ့အေ .. ငါတို့ ညည်းရဲ့ အလောင်းကောက်ဖို့ ဆယ့်နှစ်နာရီကျော်အောင် စောင့်နေကြတာ .."

"တောက်!... ကျက်သရေယုတ်တဲ့ မိန်းမကြီး .."

"မေကမ္ဘာ .. မင်း ခု ရပ်လိုက်နော် .. ငါ့အမေကို ထိရဲ ထိကြည့် -"

ဒေါ်ကြီးရှေ့က သူ့သားက ဝင်ရပ်နေလိုက်သဖြင့် လက်ပြင်ပြီး ရှေ့တိုးလိုက်ပေမယ့် မရိုက်ဖြစ် ...၊

ဒီနေရာမှာ ငါ တစ်ယောက်တည်းဆိုတဲ့ အသိက ဝင်လာပြီး အံတကြိတ်ကြိတ်နှင့် ထိန်းချုပ်နေရကာ ...

"သွား .. ခု ထွက်သွားကြ .. ခုချက်ချင်း နင်တို့ကို ငါ ဖြင့်





တယ် .."

"မင်း ခန့်ထားတာမှ မဟုတ်တာ .. သူဌေးရဲ့အမိန့် ရမှ ငါတို့ သွားမှာ .."

"ဒီမှာ မယ်ယက္ခ .."

ဘီလူးမအဖြစ် ဒေါ်ကြီးက အားပါးတရ ဂုဏ်ပြု တင်စားကာ...

"သူ လက်မထပ်ဘဲ ပေါင်းရင်-သေချင်မှ သေမှာ .. ညည်းကို သူချစ်တဲ့ မိန်းမအတွက် ယကြာပေးချေဖို့ လက်ထပ်တာ နားလည်ရဲ့လား .. သိပ်ပြီး မာန်တက်မနေနဲ့ .. ညည်းက သေရမယ့် သတို့သမီး.."

ပြောနေရင်း နတ်ပူး စုန်းပူးသလို တုန်ယင်လာကာ ...

"သူဌေးရဲ့ အိမ်ထောင်ရေးကံမှာ ကျွန်းခံတာ မဟုတ်ဘူး .. ကျိန်စာ ပါလာတာ .. ဒီညမှာ ညည်း သေကို သေရမှာပဲ .."

"ပြောမနေနဲ့ အမေ .. ဒီမိန်းမ သိပ်မိုက်ရိုင်းတာ .. အမေ့ကို ထိလာရင် ကျွန်တော်လည်း သူ့ကို လည်ပင်းညှစ်သတ်မိမှာ .. သူဌေးရဲ့ ကိုနံ့ဘက ကျွန်တော့်ကျိန်စာ ဖြစ်လိမ့်မယ် .."

ဒေါ်ကြီးကတော့ သူ့သား ဆွဲခေါ်သွားတဲ့နောက်ကို ပါသွားရင်း လည်ပင်းလိမ်အောင် လှည့်ကြည့်၍ ...

"လေးယောက်ရှိပြီ ဆိုလားပဲ .. ကချင်မှလည်း ကမှာ .. ညည်းက ငါးယောက်မြောက် နော် .. မယုံမရှိနဲ့ .."

ကမ္ဘာ ဒီတစ်ခါ နှုတ်ပိတ်ကျန်ရစ်လေသည်။

ပြီးတော့ ကျိန်စာနဲ့ ညကို တွဲစပ်ခံစားမိလာ၏။ ပြီးတော့ ဒေါ်ကြီးရဲ့ မျက်နှာကြီး ...၊

"အဓိပ္ပာယ်မရှိတာတွေ လျှောက်ပြောသွားတာ .. တောက်!..."

အပေါ်ထပ်ကို ပြန်ပြေးတက်ခဲ့ရင်း ခေါင်းမှာ ထိုးစိုက်ထားသည့် ဆံထိုးတွေ ပြုတ်ကျ ကျန်ရစ်တာကိုလည်း မသိ ...၊ သူ့အခန်းထဲ ဝင်တာ မကြိုက်ခဲ့သော ကိုကို့အခန်းကိုပဲ ဦးတည်သွားမိကာ ...



www.burmeseclassic.com

www.burmeseclassic.com



"ဟင်!..."

သော့ခတ်ထားမည် ထင်ခဲ့ပေမယ့် တံခါးက စေ့ရုံပဲ စေ့ထား၏။ ကိုကို ရှိနေတာတောင် အထဲကနေ ပိတ်ထားတာပါ ..။

"လက်ထပ်ကြမှာ ဖြစ်ဖြစ် .. ဘာဖြစ်ဖြစ် ဒီအိမ်မှာက လူတွေရှေ့မှာ ကိုယ်တို့ ကိုယ့်စည်းကိုယ့်ကမ်းနဲ့ နေတယ်ဆိုတာ သိစေချင်တယ် .. မင်း ဒီထဲကို ဝင်မလာပါနဲ့" တဲ့ ..။

ကိုယ့်ကိုကျတော့ အမြဲတမ်း စည်းခြားနေခဲ့တဲ့ ကိုကို ..။

ဒီလိုကျိန်စာ ရှိနေတယ် .. ကိုကို တကယ် ယုံတယ်ဆိုရင်လည်း ဘယ်ယောကျ်ားမဆို အဲ့ခွင့်အရေးတစ်ခုကို လက်လွှတ်ခံကြမှာ မဟုတ်ပေ ..။

ပြီးတော့ သူနဲ့ လက်ထပ်ချင်လွန်းလို့ ယုန်က မတိုး .. ပိုက်က တိုးနေတဲ့ အဖြစ် ..။

ကိုကို ဒီလောက်တောင် ကင်းကင်းနေချင်တာ .. သူ့ချစ်သူတလွဲပြီး တခြားမိန်းမကို ရင်မခုန်နိုင်တာလား ..။

ငါ့ကိုတော့ သေခိုင်းပြီး ဟိုမိန်းမကိုတော့ ခုလို ပေါင်းနေမယ်ပေါ့ ..။

သင်း သေခိုင်းတိုင်း ငါက ဘာလို့ သေရမှာလဲ ..။

အချစ်၏ အမုန်းတရားတို့က ဆန့်ကျင်ဘက်အရပ်ကနေ အားပြင်းစွာ ပြေးဝင်လာကြသည်။ ကိုယ့်အတွက် အန္တရာယ်ထက် သဝန်တိုစိတ်ကြောင့် သွေးတို့ ပွက်ပွက်ဆူ၏။

"ဟင်!... ဒါ .. ဒါက .."

စာကြည့်စားပွဲပေါ်မှာ ဒီတိုင်းရှိနေတာက အနီရောင် ဒိုင်ယာရီ စာအုပ်လေးဖြစ်ကာ တစ်ဝက်တစ်ပြက် ထွက်ပေါ်နေသည့် ခါတ်ပုံသည် ..။

"မမ .."





စာအုပ်ကို လှန်လိုက်တော့ သူမဆီက ဖွတ်ပြန်ယူသွားသည့် စိန်ကိုးလုံးတန်းလက်စွပ်ကို တိတ်ပ်နဲ့ သေချာ ဖိကပ်ထားကာ ...

'ထာဝရ မင်းအတွက်ပဲ ရေလှ္ဘာ ..' တဲ့ ..။

"မမ .. မမ ငါ့ကို လုပ်ကြံတာ .. ဟိုတယ်လ်ကို ရောက်နေတယ်ဆိုတဲ့ မိန်းမက .."

ခါတ်ပုံကို တစ်စစီ ဆွဲဆုတ်ပစ်လိုက်ကာ ချာခနဲ အလှည့် ..။

"သွားတွေ့မလို့လား .."

"ရှင်!..."

ကိုကိုလို့ မခေါ်မိတော့အောင် စိတ်က နာကြည်းနေမိကာ ...

"ရှင်က လူယုတ်မာ .."

"ငါ လူကောင်းပါလို့ မင်းကို ပြောမိလို့လား .."

"ဒီလို ဖောက်ပြန်ပြီး ရွံစရာကောင်းမယ်မှန်း မသိခဲ့တာတော့ အမှန်ပဲ .."

"လူပြောသူပြောတွေ ကြားပြီး ထွက်ပြေးချင်စိတ် ပေါက်လာတာဆိုရင်လည်း ပွင့်ပွင့်လင်းလင်း ပြောသွားပါ .. ဒါပေမယ့် ကိုယ် ပြောခဲ့သလိုပဲ .. မင်း အခု ရထားသမျှတွေရော .. နောက်ထပ် မင်း ပိုင်ဆိုင်ခွင့် ရှိလာမယ့် ငါ ပိုင်သမျှတွေရော .. မနက်ဖြန်မနက်မှ မင်းရမှာ.."

"ဘာဘာ သေသွားရင်ရော .."

"ကြောက်ရင် မင်း ထွက်သွားလို့ ရတယ် .. မင်းကို ကိုယ် ဖမ်းထားတာမှ မဟုတ်တာ .."

"မဖမ်းပါဘူး .. ဘာဘာ ကလည်း ဒီလို အရှုံးပေးပြီး ထွက်သွားဖို့ ဘယ်တော့မှ စိတ်မကူးဘူး .. ရှင်တို့က ကျွန်မကို ကျိန်စာသင့်စေချင်ပေမယ့် ကျွန်မက ကျိန်စာသင့်တာကို ထိုင်စောင့်နေမှာ မဟုတ်ဘူး.."

ကမ္ဘာ က အံကြိတ်သံနှင့် ကြိမ်းဝါးကာ ...

"ရှင် သေစေချင်တဲ့မိန်းမက ရှင့်ရဲ့ဘဝကို ပိုင်စိုးမယ် .. ရှင်ချစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com



မိန်းမကိုတော့ ရှင်ကိုယ်တိုင် သတ်ပစ်ရမယ် ..."

"အင်း .. မဆိုးပါဘူး .. လုပ်ကြည့်လေ .."

မင်းစက်အာဏာ က တည်ငြိမ်သည့်မျက်နှာနှင့် ခေါင်းညိတ်၏။

"ဒါပေမယ့် မင်းတို့က ညီအစ်မ .. ငါက မင်းယောကျ်ား ဖြစ်နေတော့ လမ်းပေါ် ဓားဆွဲ တုတ်ဆွဲထွက်ကြရင် မကောင်းပါဘူး .. ဒီမှာပဲ ရှင်းကြတာပေါ့ .."

"ဘာလဲ .. ရှင် အဲ့ဒီလို ဖြစ်ချင်လို့ မမကို ခေါ်ထားလိုက်တာလား .."

"နိုး .. မင်းအစ်မ သူ့ဟာသူ လိုက်လာတာပါ .. ကိုယ်က သူ့ကို ရန်ကုန်နဲ့ ဒီ မပြောနဲ့ .. မြို့ထဲမှာ သွားလာနေတာတောင် စိတ်ချတာ မဟုတ်ဘူး .. ခေါ်စရာလား .."

ကမ္ဘာ မျက်နှာလေး နီရဲလာလိုက် .. ဖွေးဆုတ်ကျသွားလိုက်နှင့် မုန်းတီးနာကြည်းခြင်းက လူကိုတောင် အသိမဲ့သွားသလို ရှိခဲ့ပြီး ...

"ကောင်းပြီ .. ကျွန်မက ခေါ်ထုတ်ရင်ရော ရှင့် ဂျူနီယာက လိုက်လာရဲမှာလား .."

မင်းစက်အာဏာ မျက်နှာ ရဲခနဲ ဖြစ်သွားသည်။ ပြီးတော့ ဓားရောင်တွေ လက်လာသလို သူ့ မျက်လုံးတွေမှာ ရူးရဲ လက်တောက်လာခဲ့လျက် ...

"ဟုတ်တယ် .. သေချာပါတယ် .. မင်းက စီနီယာပဲ .."

ဘာကို ရည်ရွယ်လိုက်မှန်း မသိ ..၊ အကောင်းပြောလိုက်တာလား .. ရွဲ့တာလား ..၊

"ရော့ .."

သူက အိတ်ထဲက ဖုန်းတစ်လုံး ထုတ်၍ ဖွင့်လိုက်ပြီးမှ လှမ်းပေးကာ ...

"အဲဒီနံပါတ်ကို ခေါ်ပြီး ဟိုတယ်လ်မှာ ရေအလွှာ ကို သွားခေါ်လာ





ခဲ့လို့ ခိုင်းလိုက် .."

ကမ္ဘာ က ဖုန်းကို ယူပြီးမှ ...

"သူ့နဲ့ တစ်ခါတည်း ပြောလိုက်ရင် ပြီးတာပဲ မဟုတ်ဘူးလား .. ဘာဘာ က လာဆိုရင် သူ လာရမှာပေါ့ .."

"သူက လာမှာပါ .. ဒါပေမယ့် ငါ သိပ်တန်ဖိုးထား မြတ်နိုးတဲ့ မိန်းမကို မင်း ဒီလိုခေါ်ခွင့် မရှိဘူး ..၊ နောက်တစ်ခုက ညဉ့်နက်နေပြီ သူ လာဖို့ အဆင်မပြေဘူး .."

ထိုစဉ် ဖုန်းသံကြောင့် မင်းစက်အာဏာ က နောက်အိတ်တစ်ဖက် ထဲက ဖုန်းထုတ်၍ ကိုင်လိုက်၏။

"ပြော .."

"သူ တစ်ခုခုဖြစ်သွားပြီ ထင်ပြီး တံခါးဖွင့်လိုက်တာ ခေါင်းရိုက်ခံ ပြီး ပြေးထွက်သွားပြီ ဆရာ .. ကျ .. ကျွန်တော် မရ .. အား!..."

"ရတယ် .. မင်း အေးဆေး နားလိုက် .. လွှတ်ပေးလိုက်တော့.."

သူ ဖုန်းပြောနေတာကို နားထောင်ပေမယ့် ကမ္ဘာ ကလည်း သူ့ ဒေါသနဲ့ သူ ..၊

"ယော့ .. ခု သွားခေါ်ဆို ခေါ်လိုက် .. အနားမှာ နင်တို့သူဌေး ရှိတယ် .."

စိတ်တိုတိုနှင့် အော်ပစ်လိုက်ပြီးမှ တက်ခေါက်သည်။

ကြောင်သူတော်ယောင်ဆောင်တဲ့ အစ်မ ..၊ တွေ့ကြသေးတာပေါ့ ..၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း (၃၅)

စောင့်ရသည့်အလုပ်မှာ လက်သီးဆုပ်လိုက် အံကြိတ်လိုက်နှင့် သူမ ပူလောင် ဗျာများနေပေမယ့် မင်းစက်အာဏာ က ဖုန်းနှစ်လုံးနှင့် အလုပ်ရှုပ်နေ၏။

ညှော်ခန်းကို စီးမိုးမြင်နေရသည့် ဝရန်တာ တန်းပေါ်မှာ လက်တစ်ဖက်ထောက်၍ ဖုန်းပြောနေတာ သူမကို နည်းနည်းလေးမှ လှည့်မကြည့် …၊

လုပ်ထားစမ်း မင်းစက်အာဏာ …၊ ကျွန်မ ဘာတွေ ပြင်ဆင်ထားသလဲဆိုတာ ရှင် နည်းနည်းမှ စိတ်မဝင်စားနဲ့ …၊ ငဲ့စောင်းပြီးတော့လည်း မကြည့်နဲ့ .. အဲဒါ ကောင်းပါတယ် …။

လှေကားကြီးထိပ်ကနေ ခေါက်တုံ့ခေါက်ပြန် လျှောက်ရင်း မင်းစက်အာဏာ ကို ကြည့်၍ အံကြိတ်လိုက် …၊ အလွှာ ကို သတိရတိုင်း တက်ခေါက်မိလိုက် …၊

ညီအစ်မရင်းပေမယ့် သတိရနေကြပုံ စိတ်ဓာချင်းက မတူ …၊





ဟိုတယ်လ်ထဲက ပြေးထွက်လာရင်း ညဥ့်နက်နေပြီဖြစ်သည့် အမှောင်ထုကိုလည်း အလွှာ ကြောက်ရမှန်း မသိ …၊

ဒီကနေ နှစ်မိုင်ကျော်ကျော် သွားရသည်ဆိုလျှင် သူမ မီပါ့မလား…၊

နာရီဝက်လောက်အတွင်း အချိန်မီ ရောက်ပါ့မလား …၊

"တီ .."

မျက်လုံးထဲမှာ ကားမီးရောင် ဝင်းခနဲကြောင့် ကျိန်းစပ်သွားကာ လက်နဲ့ပါ ကာလိုက်မိ၏။ လမ်းကွေ့တစ်ခုကနေ ဘွားခနဲ ပေါ်လာသည့်ကားက သူမနဲ့ တည့်တည့်ကြီး ပြေးဝင်လာသလို ရှိကာ …

"အစ်မ .."

ကားပေါ်က လှမ်းခေါ်လိုက်သံကို ပီပီသသ ကြားလိုက်ရ၏။ အလွှာ ပြေးနှုန်းကို မရပ်ဘဲ အတင်း ဆက်ပြေးသည်

လူရမ်းကားတွေဆိုရင်လည်း ကိုယ့်ဘဝကို ဖျက်ဆီးခံရမှာထက် ကမ္ဘာ့ အသက်ကို ကယ်ဖို့အတွက်က ပိုအရေးကြီးနေတာမို့ အတတ်နိုင်ဆုံး လွတ်အောင် ပြေးရမည်။

မလွတ်တော့ဘူးဆိုရင်တော့ ထိုင်ရှိခိုးရပါစေ …၊

"တီ .."

နောက်ကို ပြန်လှည့်ပါလာမှန်း သိလိုက်လျှင် စိုးရိမ်စိတ်အပြင် ကြောက်တဲ့စိတ်က နှစ်ဆ တိုး၏။

ညဥ့်နက်နက် လမ်းမထက်မှာ ဖိနပ်ကလည်း တစ်ဖက်ပြီး တစ်ဖက် ပြုတ်ကျန်ရစ်၏။

ခြေဖဝါးနုနုသည် ကတ္တရာလမ်းပေါ်မှာ ကိုယ့်ခြေထောက်တွေ ပြေးနေမိသလား .. ရပ်တန့်နေပြီလား ထင်ရလောက်အောင် လွင့်မျော မတတ် ပြေးလွှားနေခဲ့၏။

ဝတ်ထားသည့် စကက်ရှည်က ဘယ်နှစ်ခြမ်း ကွဲထွက်ပြီး ခြေသလုံးအထက်ထိ လွင့်ပျံနေသည် မသိ …၊ ဆံပင်ရှည်တို့သည် ဝတ်၍



www.burmeseclassic.com

www.burmeseclassic.com



တစ်ချပ် လွင့်မျောနေသကဲ့သို့ ..။

"အစ်မ .. အစ်မကို လက်ထပ်တဲ့ခြံထိ လိုက်ပို့မလို့ပါ .. မပြေးပါနဲ့ .. ကားပေါ်တက်ပါ .."

သူတို့ကလည်း တတ်နိုင်သမျှ အော်ပြောၾ၏။ လူဆိုးတွေ လိုက်နေသည်ဆိုသည့်စိတ် တစ်ခုနှင့် မောဟိုက်ကာ ပြာဆေခြင်းကြောင့် အလွှာဘာကိုမှ မကြား ..။

"ကျွတ် .. အပြေးကတော့ သန်တယ်ကွာ .."

"ဆင်းဆွဲမယ်ကွာ .. ကြာတယ် .."

"အံမာ .. မထိနဲ့ဆို မထိနဲ့ .. မကြည့်နဲ့ဆို မျက်လုံးမှိတ်ထားဖို့ပြင် .. သူဌေးကို မင်း ဘာမှတ်နေလဲ .."

တစ်ယောက်က ဖုန်းထုတ်ခေါ်ရတော့သည်။

ဒီက ခေါ်သည်နှင့် မင်းစက်အာဏာ လက်ထဲ တန်းရောက်သွားတာ ...

"ဘာလဲ .."

"သူဌေး .. အရမ်းကို ပြေးနေတာ သူဌေးရာ .. လေတိုက်သွားတဲ့ စက္ကူစနောက် လိုက်နေရသလိုပဲ .. ကျွန်တော်တို့ ခေါ်တာ လုံးဝ လှည့်မကြည့်ဘူး .. ဘာဆက်လုပ်ရမလဲ .."

"မလိုက်နဲ့တော့ အရမ်းပြေးနေလိမ့်မယ် .. သူ ဒီမရောက်ခင် တခြားအန္တရာယ်တစ်ခုခု မကြုံအောင် လိုက်ကြည့်နေလိုက် .."

သူ စကားပြောနေတဲ့နားကို ကမ္ဘာ က ရောက်လာကာ ...

"ဘာလဲ .. သူမျှားလင်ကို အရှက်မရှိ လုပြီးမှ ခုတော့ ရင်မဆိုင်ရဲလို့ ပြေးပြီတဲ့လား .."

"ကမ္ဘာ မင်းပါးစပ် ပိတ်ထားစမ်း .."

"ဘာလို့ ပိတ်ရမှာလဲ .. သူ့လိုမိန်းမ သတ္တိမရှိဘူးဆိုတာ သိပြီးသား .. မြို့စိစိနဲ့ အဲသလိုလူတွေက ဘယ်တော့မှ ရှေ့မထွက်ရဲဘူး .."





ဘာဘာ တို့ကသာ .. ဟွန်း .. 'မီအေး အော်တော့ လူကြားတယ် .. အောက်က ကဏန်းညှပ်နေတာ လူမသိဘူး' ..။ ပြောတော့ ပြောတဲ့လူက မိုက်ရိုင်းသတဲ့ .."

"မင်း မိုက်ရိုင်းတာက ကဏန်းညှပ်နေလို့ဆိုရင်လည်း မင်းကြောင့် ညှပ်ရရှာတဲ့ ကဏန်းကိုပဲ သနားရမှာ ကမ္ဘာ .. မင်းလောက် အနေအထိုင်မတတ်တာ မင်းပဲ .."

"ရှင် ဘာဘာ့ ကို အထင်မြင်သေးစရာ ထပ်ရှာကြည့်လိုက်ဦး ကိုမင်းစက် .. ရှိလိမ့်ဦးမယ် .."

"ရှိတာပေါ့ .. ရှာဖို့ မလိုဘူး .. ပြောလို့ကို မကုန်နိုင်တာ ..။ ဒီမှာ ကမ္ဘာ .."

နှစ်ယောက် မျက်နှာချင်းဆိုင်မိကြတော့ စစ်ခင်းကြတော့မည့် ရန်ဘက်တွေလို ..။

"မင်းအစ်မက မင်းအတွက်နဲ့ .."

"မပြောနဲ့ .. အစ်မ မဟုတ်ဘူး .. သူ စိုးရိမ်ခဲ့တာတွေက ဟန်ဆောင်နေတာ .. သူ့မှာ သတ္တိမရှိဘူးလေ .. လူကုံထံကို လိုချင်လို့ လူကုံထံတွေ ဝိုင်းဝိုင်းလည်နေတဲ့ ဘာဘာ့ နားကို ချဉ်းကပ်နေတာ .. တကောက်ကောက် လိုက်ပြီး ကျားချောင်း ချောင်းနေတာ ..။ စိတ်ရှည်လက်ရှည် ဝဲပျံပြီး အစာကို ထိုးသုတ်ဖို့ စောင့်နေတဲ့ သိမ်းငှက်လိုမျိုး အကြံကြီးတာ .."

"တောက်!..."

"ဒါသ တော်တော်ထွက်သွားသလား .. ရှင်က လက်မြန်တဲ့လူ့ပဲ ရိုက်စမ်းပါ ကိုမင်းစက် ရဲ့ .."

"မရိုက်ဘူး .. ဒီလောက် အရေးကြီးတဲ့အချိန်မှာ မင်း ကိုယ်ပေါ်မှာ ငါ့ကြောင့် ထိခိုက်ဒဏ်ရာ မဖြစ်စေရဘူး.. မဖြစ်အောင်လည်း စောင့်ရှောက်ပေးနေတာ .."



www.burmeseclassic.com

www.burmeseclassic.com



ပြောပြီး နာရီကို ငုံ့ကြည့်သည်။ ကမ္ဘာ က မျက်ခုံးနှစ်ဖက် ဆတ်ခနဲ ပင့်၍ ...

"ဟား .. ဟား .. ဟား .. ဟား ... လူက ကျားကိုးစီး စားမကုန်ဘူး.. ကျွန်မ ကျိန်စာသင့် သေသွားမှာကို ကြောက်လန့်နေတာလား .. မဖြစ်နိုင်ပါဘူး .. ကျွန်မ သေရင် ရှင့်ရဲ့ရာဇဝင် နောက်ထပ် အစွန်းအထင်း ဖြစ်သွားမှာစိုးလို့ မို့လား .. ပူမနေစမ်းပါနဲ့ .. ဟောဒီ ပဉ္စမမြောက်မှာ သေရမှာက ရှင့်ရဲ့ သတို့သမီး မဟုတ်ဘူး .."

ရှုံးသွပ်နေသူကဲ့သို့ ကမ္ဘာ က မျက်နှာရှေ့ ထွက်လာအောင် မေးထိုး၍ မဲ့ရွဲ့ကာ ...

"ကျွန်မက မောင်ပေါက်ကျိုင်း လို နဂါးကို သတ်နိုင်ပြီး ထီးနန်းစိုးစံမယ့်မိန်းမ.. ကိုယ့်ကို ချစ်ချစ် မချစ်ချစ်ပေါ့.. ရှင်ကတောင် ကြေညာထားမှတော့ ကျွန်မကလည်း ကြေညာတယ် ..၊ ရှင် မသထာတဲ့စည်းစိမ်တွေကို သုံးဖြုန်းပြီး လောကစည်းစိမ်ကို တစ်ဝကြီး စိုးစံ ခံစားဦးမှာ.."

ထိုစဉ် နှစ်ယောက်စလုံး၏ မျက်လုံးတွေ လှေကားဆီကို ပြိုင်တူ ရောက်သွားကြ၏။

"ရေလှာ .."

"ဩော် .. လာရဲတာပဲ .. ဟွန်း .."

အလှူ့ ပုံစံလေးက ဆံပင်ရှည်တွေ မသေမသပ် .. ချွေးတွေ စိုနေလျက် ထဘီအနားစတွေမှာ စုတ်ပြဲရာတွေနှင့် ...

"ကျွတ်!..."

မင်းစက်အာဏာ မျက်နှာ တင်းမာသွားသည်။ ပြီးတော့ ကျွတ်ခနဲ မျက်နှာလွှဲကာ ရှုံ့မဲ့သွား၏။

"ဘယ်နောက်ဖေးပေါက်က ခိုးတက်လာတာလဲ.. ပုံစံက ချွေးပြေးဝက်ပြေး ပြေးလာရတဲ့ပုံပဲ .."

"ဘာ .. ဘာ .."





ကမ္ဘာ့ အပြောတွေ .. အကြည့်တွေကို အလှာ မသိ ..၊ ညီမကို အသက်ရှင်လျက် မြင်လိုက်ရခြင်းအပေါ်မှာ ဝမ်းသာလှိုက်လှဲမှုကြောင့် အတုန်ကယင်တွေ ဖြစ်လျက် ...

"လာ .. ဒီမှာ မနေနဲ့ .. မမနဲ့ ပြန်လိုက်ခဲ့ .."

"ဘာလုပ်တာလဲ .. ဖယ်စမ်းပါ .."

လက်ကို အပိုင်အနိုင် ပြေးဆွဲပေမယ့် ခါထုတ်ပစ်လိုက်ခြင်း ခံရသာ ...

"ဘာလဲ .. အခု ဆယ့်နှစ်နာရီ ထိုးသွားပြီလား .. ဒီကောင်မ သေမသေ အမောဆို့အောင် လာပြေးကြည့်ရတာလား .."

"နင် ဘာတွေ လျှောက်ပြောနေတာလဲ .."

ဒီထိ ပြောတာလည်း သူမ စိတ်ဆိုးဖို့ သတိမရ ..၊ အခြေအနေကိုလည်း ဂရုမစိုက်နိုင်ပေ ..၊ သူမ လွှန်ကဲစွာ စိုးရိမ်နေသည်က ဆယ့်နှစ်နာရီမကျော်ခင် ညီမလေးကို ဒီခြံဝင်းထဲက ခေါ်ထုတ်သွားနိုင်ဖို့ ..၊

ကြည့်ပါဦး .. ခုချိန်ထိ ညီမလေးကိုယ်ပေါ်မှာ သတို့သမီးဝတ်စုံနဲ့ ပါလား ..၊

ခေါင်းမှ ခြေဖျားထိ ဖိတ်ဖိတ်လက်နေသည်။ နဂိုတည်းက လှသည့် ညီမလေးက နတ်သမီးလေးလို လှနေလေသည်။

ဒါပေမယ့် ဒါတွေက တောင်စွယ် နေမကွယ်ခင် နောက်ဆုံးစားမှာတဲ့ ဘုရင့်ပွဲတော်အုပ်ပဲဆိုတာ ညီမလေး သိမှာ မဟုတ် ..၊

"ဒါတွေကို မက်မနေပါနဲ့ ညီမလေးရယ် .. လူတွေ ပြောနေကြတဲ့ အစွဲတွေ .. ကျိန်စာတွေက ဘာမှမဟုတ်ဘူး .. မိန်းကလေးတွေကို သူကိုယ်တိုင် သတ်နေတာ နင် သိရဲ့လား .. သူ နင့်ကို သတ်တော့မှာ.. သာပါ .. မမနဲ့ လိုက်ခဲ့နော် .."

"ဘာ!... ဘာပြောတယ် .."

ကမ္ဘာ က တအံ့တသြ လှမ်းကြည့်ပြီး မယုံနိုင်စွာ ..၊



www.burmeseclassic.com

www.burmeseclassic.com



"ရှင်က ဟုတ်လား .. ရှင်က သတ်မှာ .. ပြောပါဦး .. ဘာကြောင့်လဲ .."

မင်းစက်အာဏာ က သူမရှိရာကို လျှောက်လာကာ ...

"မင်း နားလည်အောင် ရှင်းပြရမယ့်အချိန် မဟုတ်တော့ဘူး မေကမ္ဘာ .."

သူက နာရီ ပင့်ကြည့်လိုက်ပြီး ...

"ခုမှ မင်း ထွက်ပြေးလို့လည်း မရတော့ဘူး .. ဒီအခြေအနေ မရောက်ခင်ထိ မင်းကို ငါ ထွက်သွားခွင့် ပေးထားခဲ့တယ် .. လွန်ခဲ့တဲ့ တစ်နာရီကျော်ကျော်လောက်ထိ မင်းရဲ့ လောဘတွေက အမှောင်ဖုံးနေတုန်း .."

သူ ရှေ့ကို တိုးလိုက်တိုင်း ကမ္ဘာ က နောက်ကို မသိမသာ ဆုတ်၏။ စောစောက ပြုံးရယ်စိန်ခေါ်နေတာတွေ မရှိတော့ဘဲ သူမ မျက်နှာမှာ တုန်လှုပ်ချောက်ချားခြင်းတွေ ဖြစ်လာလိုက် .. ဒေါသငွေ့တွေ ပြန်ဖြစ်သွားလိုက် ...၊

"ဘာလို့ လက်ကို ကွယ်ထားတာလဲ ...၊ မင်းလက်ထဲမှာ ဓားရှိတယ် မို့လား .. အဆင်သင့် ကိုင်ထား .. အခု ငါးမိနစ်အတွင်း မင်း သေရတော့မှာ .."

"ရေငွေ့ .."

နှစ်ယောက်ကြားမှာ အလွှာ ဘယ်သူ့ဘက်က ကာကွယ်ရမှန်း မသိ ...၊ လက်နက်မဲ့ ရှိနေသည့်ဘက်က လူသတ်သမား ဖြစ်နေကာ ညီမလေးက လက်နက်ရှိပေမယ့် သေမိန့်ချခံထားရတဲ့သူ ...၊

သူများကို သတ်မိရင်လည်း မကောင်း .. ကိုယ် သေရတော့မယ် ဆိုရင်လည်း ကူကယ်ရာ မရှိ ...၊

"ရှင် .. ရှင့်ကို ကျွန်မ အမျိုးမျိုး တောင်းပန်ထားတာ နော် - ရှေ့က မိန်းကလေးတွေကို ရှင် ပရိယာယ်အမျိုးမျိုးနဲ့ သူ့နည်း သူ့ဟန်နဲ့





သေကုန်အောင် လုပ်နိုင်ခဲ့ပေမယ့် အခု ကျွန်မ သက်သေရှိတယ် .. ရှင် ကျွန်မညီမကို လွှတ်ပေးပါ ...၊ မလွှတ်ရင်တော့ .."

"ဟား .. လုပ်စမ်းပါ .. မင်းအတွက် နောက်ထပ် သက်သေရအောင် ပြောပေးလိုက်ဦးမယ် .. ငါ့အမေကို သတ်တဲ့မိန်းမကို ငါကိုယ်တိုင် ငါ့လက်နဲ့ သတ်ခဲ့တာ ...၊ အဲဒီတုန်းက ငါ ဆယ့်သုံးနှစ်သားပဲ ရှိသေးတယ် .."

ဘုရား!... ဘုရား ...၊

တြိဂံပုံ နီးကပ်စွာ ရပ်နေမိကြသောကြောင့် သူ့စကားကို ကမ္ဘာကိုယ်တိုင် မယုံလို့ မရတော့အောင် အံ့ဩ ထိတ်လန့်လာခဲ့လျက် ...၊ ဓားကို ဖိဆုပ်ထားမိ၏။

"ငါ့အဖေကို သတ်ဖို့ ကြိုးစားကြတဲ့ လူတစ်စု .. အားလုံးကို ဓားနဲ့ လိုက်တိုက်ပြီး မျိုးတုံးပေးလိုက်တာလည်း ငါပဲ .. အဲဒီလူသတ်မှုနှစ်ခုက တစ်လနဲ့ ဆယ့်ကိုးရက်ပဲ ကွာတာ .."

အလွှာ နှုတ်ခမ်းလေး ဖွင့်ဟနေကာ ယောင်ရမ်းနောက်ဆုတ်မိ၏။

"နောက်ထပ် ခိုင်မာတာ ပြောပြမယ် .. မိန်းမ လေးယောက်စလုံးကို ငါ့လက်နဲ့ပဲ သတ်ခဲ့တာ .."

"ဘာ!..."

ထိတ်လန့်ရလွန်းကာ 'ဘာ!...'သံကလည်း ထိတ်ထိတ်ပျာပျာ ကျယ်ကျယ်လောင်လောင် မထွက်နိုင်တော့ဘဲ အလွှာ လက်ဖျားတွေ အေးစက်လာ၏။

ကမ္ဘာ့ မျက်နှာပြင်လေးမှာ ချွေးစတို့ ခိုသီးလာခဲ့လျက် ...၊ သူမ ဘယ်လိုမှ မထင်မှတ် မယုံကြည်နိုင်သော အဖြစ်အပျက် အကြောင်းအရာတွေကြောင့် ...

"လူယုတ်မာ .. ရှင်က လူသတ်သမား .."

လက်ညှိုးထိုး ပြောလိုက်ပေမယ့် လက်ညှိုးက ဆတ်ဆတ်တုန်နေ



www.burmeseclassic.com

www.burmeseclassic.com



ကာ စကားသံက မပီချင် ...၊

မင်းစက်အာဏာ က သူမကို အနည်းငယ်မျှ စောင်းမကြည့်ပေ။ အလွှာ မျက်နှာလေးကိုပဲ စူးစိုက်ကြည့်ကာ ...

"မင်းကို ငါ ချစ်လို့ မင်းညီမကို လက်လွှတ်ဖို့လည်း ကြိုးစားခဲ့တယ် .. ဒီနာရီထဲ ချည်းနှင်းဝင်ရောက်မလာခင်ထိ ပြန်ထွက်သွားဖို့ ငါ တံခါးဖွင့်ပေးထားခဲ့တာပဲ .."

"ခု ထွက်သွားခွင့်ပြုတော့ ဘာဖြစ်မှာလဲ ရှေ့ငွေ့ .. သေရမှာက အသက်တစ်ချောင်း .. ရှင် မသတ်လိုက်ရတဲ့အတွက် ဘာကို ဆုံးရှုံးစရာရှိလို့လဲ .."

"ငါ့အနာဂတ်လေ .. ငါ့ရဲ့အနာဂတ်က သွေးသား ဆာလောင်နေတဲ့ မိန်းမ .. စည်းစိမ်ချမ်းသာနောက်ကို အရူးအမူးလိုက်တဲ့ မိန်းမ - သူတို့တွေကို အပြစ်ပေးဖို့ .."

"ရှင် .. ရူးနေပြီ .."

"ဟုတ်တယ် .. မင်းညီမမို့ ငါ လက်ရှောင်ပေးနိုင်ပေမယ့် ငါ့ရဲ့ ဒီနေ့ ဆယ့်နှစ်နာရီကို လုံးဝ တိမ်းစောင်းမခံနိုင်ဘူး .."

"ဒင် .. ဒင် .. ဒင် .. ဒင် .. ဒင် ..."

နာရီသံ ...၊

အလွှာ တုန်ခနဲ ဖြစ်သွားကာ ကမ္ဘာ ကို ကြည့်လိုက်၏။ ကမ္ဘာက မင်းစက်အာဏာ ရဲ့ အကြည့်တွေ သူမဘက်ကို ရွေ့လျားလာတာ မပြီးဆုံးခင် ...၊

"ရှင်ပဲ သေရမှာ မင်းစက်အာဏာ .. ကဲ .. ဟာ ..."

"မလုပ်နဲ့!..."

"ဟော့ .."

"အား!..."

ကမူးရှူးထိုး ပြေးထိုးလိုက်သည့်ဓားကို မြင်သည်နှင့် အလွှာ က





မင်းစက်အာဏာ ကို ပြေးဖက်လိုက်ခြင်းသည် လျှပ်တစ်ပြက်အတွင်းမှာ ဖြစ်ကာ ...

"ရေလွှာ .."

အလွှာ သည် သူ့ရင်ခွင်ထဲမှာ ခွေခေါက်ကျသွားကာ ...

"ညီမလေးကို မ .. မသတ် .."

"ဟာကွာ .. တောက်!..."

"ဟင့်အင်း .."

အလွှာ ကိုယ်လေးကို ကြမ်းပေါ် ချထားလိုက်ကာ သူမ တားဆီးနေသည့်အသံကို ကျော်နိုင်း၍ ...

"မိန်းမယုတ် .."

"ဘုန်း .."

"အား!..."

"ဂုန်း .. ဒုန်း ..."

"ညီမလေး!..."

မင်းစက်အာဏာ အားကုန် ပတ်ကန်ထည့်လိုက်သည့်အရှိန်နောက်မှာ ထွက်ပြေးဖို့ လှေကားထိပ်ရောက်နေသော ကမ္ဘာ သည် ...၊

ခြောက်လ .. ခြောက်ရက် .. သောကြာနေ့ ည၌ ၁၂ နာရီ ၁၉ မိနစ် ...၊

www.burmeseclassic.com

www.burmeseclassic.com



## အခန်း(၃၆)

အသက်အန္တရာယ် ထိခိုက်လောက်အောင် မဆိုးရွားပေမယ့် ဒဏ်… က ပြင်းထန်တာမို့ အလွှာ ဆေးရုံပေါ်မှာ ဟိုဘက် ဒီဘက်တော… မလှုပ်နိုင်သေးပေ ..။

သို့သော် ဖြစ်ပျက်သမျှ သတင်းတွေကိုတော့ အားလုံး ကြား… ခဲ့ရ၏။

"ညီအစ်မချင်း ယောက်ျားလုကြတာ .." တဲ့ ..။

သတင်းခေါင်းစဉ်ကလည်း ရက်ဖွယ်လိလိပါ ..။

"ယောက်ျားနဲ့ဖောက်ပြန်တယ်ဆိုပြီး အစ်မကို သွားခေါ်ပြီး သ… ဖို့ ကြိုးစားတာလေ .."

"သူ့ဟာသူ လှေကားပေါ်က ပြုတ်ကျပြီး သူ့ခေါင်းက ဆံ… လည်ပင်းစိုက်သွားတာ .."

"မင်းစက်အာဏာ က မရှိဘူး .. သူလည်း မိန်းမတွေ ပြ… တက်တော့မှာ သိလို့ .. တားဆီးဖို့ ပြေးလွှား ကြိုးစားရင်းနဲ့ လွဲ…



…မှာ ..။ သူ မရှိတုန်း ညီအစ်မနှစ်ယောက်တည်း ဖြစ်ကုန်တာတဲ့ .. …မှာရှိတဲ့ အလုပ်သမားတွေ အကုန်လုံး မြင်တယ် .." တဲ့ ..။

သတင်းစကားတွေကို ကြားနေရကာ အသံတိတ် စီးကျသော …မျက်ရည်တို့က မျက်ဝန်းထောင့်ကနေ ဆံနွယ်တွေကြားသို့ အဆက် …မပြတ် လျှောဆင်းနေ၏။

ညီမလေး မရှိတော့ဘူး ..။

သူ တကယ် သတ်ပစ်ခဲ့တယ် ..။ ငါ့ကို ချစ်တယ်လို့ တတွတ် …တွတ်ပြောနေပြီး ငါ့ရှင်ကို ခွဲပစ်တဲ့သူ ..။

"ရေအလွှာ .."

သူနာပြုဆရာမလေးက အနားမှာ လိုအပ်တာတွေ ရှင်းလင်း လုပ် …ကိုင်ပေးရင်း ...

"ဆံပင်တွေ သေသေသပ်သပ်လေး ဖြီးရအောင် .. ခေါင်းလေး …နည်းပဲ ကြွပေး နော် .."

အလွှာ ခေါင်းခါလိုက်၏။

"မရှင်းပါနဲ့ .. ဒီဆံပင်တွေ ရှင်းသွားလည်း ကျွန်မဘဝရဲ့ ရှုပ်ထွေး …မှုတွေက ဒီတိုင်းပဲ ရှိနေမှာ .. မထူးပါဘူး .."

"ညီမရယ် .. ညီမတို့ ဖြစ်ခဲ့တာတွေက ဘယ်လိုစကားနဲ့ နှစ်သိမ့် …ရမှန်း မသိလောက်အောင် ဆိုးတာ မှန်ပါတယ် .. ဒါပေမယ့် မနေ့ …က အတိတ်လို့ ထားလိုက်ပါကွယ် .. ဒီနေ့ အဲ့ဒါတွေက မရှိတော့ဘူး … .. ညီမ အရမ်းပင်ပန်းနေပြီ .."

"ဟင့်အင်း .. ကျွန်မ ငိုနေရမှ သက်သာမှာ .."

"ငိုနေခဲ့တာ ကြာလှပြီလေ .. နော် .. တိတ်တော့ .. ညီမ အတင်း …လို့ တို့ သိထားသမျှ ကြားခဲ့သမျှတွေကိုလည်း ပြောပြပြီး… …တို့စကားကြောင့် ပိုပို စိတ်ဆင်းရဲနေရရင် နောက်ထပ် အဖြစ် …ကြောင်းတွေ တို့ ဘယ်လို ပြန်ပြောပြရမှာလဲ .."

www.burmeseclassic.com



အပြင်က အကြောင်းတွေက ညီမလေး တကယ် သေသွားပြီလား ဆိုတာပဲ သိချင်တာပါ ...၊

ဘယ်သူမှ မသိကြတဲ့ မင်းစက်အာဏာ ဆိုတဲ့ လူသတ်သမား အကြောင်းကိုတော့ သူမထက် ဘယ်သူ ပိုသိမှာလဲ ...၊

ဒါကို သူမ ဖော်ထုတ်ရတော့မည် ...၊

ညီမလေးအတွက် ...၊ ပြီးတော့ နောက်ထပ် သေရဖို့ ရှိနေသည့် မိန်းကလေးတွေအတွက် ...၊

ကိုယ့်စိတ်ကို အားတင်းကာ နှုတ်ခမ်းတို့ကို ဖိပိတ်၍ ပင့်သက်ရှိုက်မိ၏။

ထိုအခါ ညာဘက်ချိုင်းအစပ်က ဓားဒဏ်ရာကြောင့် အသက်ရှူ ရပ်သွားမတတ် နာကျင်သွား၏။

"ကျွတ်!... ကျွတ်!..."

"နာသွားလား .. ညီမ ဘာလုပ်လို့လဲ ပြောလေ .."

ခေါင်းခါဖို့လေးတောင် အတော်ကြီး အားယူနေရကာ မျာမျာ သလဲ လှုပ်ရှားလုပ်ကိုင်ပေးနေသည့် နှာ့စ်၏ အပေါ်ထပ်အင်္ကျီ အောက် ဖျားစလေးကို ဆုပ်ဆွဲထားလိုက်ပြီး ...

"ဆရာမနဲ့ စကားပြောချင်တယ် .."

"ဟင် .. တို့နဲ့လား .."

သူမ ခေါင်းညိတ်လိုက်တော့ နှာ့စ်က အံ့သြသွားပုံပေါ်ကာ ဆုပ် ကိုင်ထားသည့် လက်လေးကိုပါ ငုံ့ကြည့်ပြီး ပြုံးသည်။

"တို့ တစ်နေကုန် ရှိနေမှာပဲ ညီမရယ် .. အခု ညီမက စကားတွေ အများကြီး ပြောလို့ မကောင်းသေးဘူး .."

"ဟင့်အင်း .. ကျွန်မ ခုပဲ .."

"ဒါတောင် ဒဏ်ရာက ကိုယ်ခန္ဓာအပေါ်ပိုင်းမှာ ဖြစ်သွားလို့ရယ် ဗိုက်နားတစ်ဝိုက်ဆိုရင် ညီမ ဗိုက်ထဲက ကလေးလေးပါ ဒုက္ခရောက်မှာ -





ဟင်!...

တစ်ကိုယ်လုံးမှာ သွေးတို့ ဖျင်းခနဲ ပူနွေးသွား၏။

နှာ့စ်၏ အင်္ကျီစကို ဆုပ်ကိုင်ထားခဲ့သည့် လက်လေးပါ တဖြည်း ဖြည်း ပြေကျသွားခဲ့ပြီး ...

"သူ သိသွားပြီလား .."

"ကိုမင်းစက်အာဏာ လား .. သိတာပေါ့ .. သူဆို ညီမ သတိ မရမချင်း တစ်ချိန်လုံး ဒီထဲမှာ ဝင်လိုက်ထွက်လိုက်နဲ့ ဖုန်းတစ်လုံးနဲ့ ဆရာဝန်တွေ ရှိသမျှကို ခေါ် .. အို ယောက်ယက်ကို ခတ်နေတာပဲ .."

"အခု သူ့ကို ဖမ်းသွားကြပြီလား .."

နှာ့စ်က အသံထွက်အောင် ရယ်လိုက်ရင်း ...

"သူက ဘာဖြစ်လို့ အဖမ်းခံရမှာလဲ ညီမရဲ့ .. သေတဲ့လူက ကိုယ့် လက်နက်နဲ့ကိုယ် သေတာလေ .. ဩော် .. ဆောရီး နော် .."

အလွှာ့ မျက်ဝန်းမှာ မျက်ရည်တွေ ဝေ့လာတော့ နှာ့စ်က အားနာ ဟန်နှင့် အနားက ခွာသွား၏။

မျက်ရည်တို့ကို မျက်တောင်များတို့ဖြင့် ဖိသိပ်ချရင်း သူမ မျက် ဝန်းတွေ မှိတ်ထားလိုက်မိသည်။

ဧ သူ့ရဲ့ ရက်စက်မှုတွေကို ကုန်စင်အောင် ပြောပြဖို့ အားယူလိုက် တိုင်း နှုတ်က လေးကန်နေခဲ့သည်။ ခုကျတော့ ရင်သွေးဆိုသော အဆီး အတားတစ်ခု တိုးခဲ့ပြန်ပြီ ...၊

နှာခေါင်းထဲမှာ နှင်းဆီပန်းနံ့တွေ မွှေးပျံ့ ကြိုင်လှိုင်သွားသည်။ ပြီးတော့ သူမ ရင်းနှီးကျွမ်းဝင်နေခဲ့သော ကိုယ်သင်းနံ့ ...၊

မသိစိတ်က နှိုးဆော်ချက်ဖြင့် မျက်လုံးတွေ ဖွင့်ဖို့ ကြိုးစားလိုက် သေမယ့် ...

"အိပ်နေတာလား .."

မျက်နှာနား ကပ်ပြောလိုက်သည့် တိုးသဲ့သော [illegible]

www.burmeseclassic.com



နဖူးပြင်မှာ ခွေးခနဲ ဖြစ်သွားသည်။

မျက်လုံးတွေကို ဖွင့်လိုက်တော့ ဖြူလွသော ရှပ်အင်္ကျီအဖြူလက်ရှည် .. ဘောင်းဘီရှည်အဖြူနှင့် ခိုပြာရောင် မှောင်လဲ့နေသော မျက်မှန်ကို တပ်ထား၏။

ပြီးတော့ သူ့လက်ထဲမှာ အဖြူရောင်နှင်းဆီပန်းတို့သည် ပန်းနုရောင်သမ်းအောင် ထွေးပွေ့နေကြကာ ...

"နေကောင်းရဲ့လား .."

"ရှင် ထွက်သွားပါ .."

"မင်းအတွက် ကိုယ် ရှိနေမှ ဖြစ်မှာ ရေလှှာ .. ပြီးတော့ မင်းဗိုက်ထဲမှာ ကိုယ့်ရင်သွေးလေးနဲ့ .."

"ကျွန်မတို့ ညီအစ်မ .. အဖေရော အမေရော မရှိဘဲ ဒီအရွယ်ထိ ကြီးပြင်းလာခဲ့ကြတာ .."

"သူတို့က သေသွားကြတာလေ .. အခု မင်းရော ကိုယ်ရော ရှိသေးတယ် .. ဒီမှာ ရေလှှာ .. မင်း ဘယ်လောက် ထိခိုက်ကြေကွဲနေပါစေ .. ကိုယ့်ကိုယ်ကိုယ် သေကြောင်း မကြံပါနဲ့ .. ကိုယ့်ရင်သွေးကိုလည်း ဖျက်ဆီးပစ်ဖို့ မကြိုးစားနဲ့ .. မင်းဘဝအတွက် မင်းကို အမြဲတမ်း အမြင်စောင်း ဒုက္ခပေးနေတဲ့ ညီမတစ်ယောက် သေသွားခဲ့တဲ့အတွက် မင်း နောက်ထပ် အသက်တွေ ထပ်သတ်ပြီး ကြေကွဲပြမှာလား .."

"အဲ့ဒီ ညီမကို ရှင် သတ်ပစ်တာပဲ မင်းစက်အာဏာ .. ညီမနဲ့ လက်ထပ်ပြီးတဲ့ယောကျ်ားက အခု ကျွန်မသေးကို ပျော်ရွှင်ကျေနပ်စွာ ရောက်နေတယ် .. ကျွန်မကို လူတွေ ဘာပြောကြမလဲ .."

"တစ်ကမ္ဘာလုံး ကဲ့ရဲ့ပါစေ .. တစ်ယောက်မကျန် ရေသန့်ဘူးတွေ လိုက်ဝေပေးလိုက်မယ် .. မင်း ပူမနေနဲ့ .."

"ရှင် .. ရှင်ဟာ ကျွန်မတို့ ညီအစ်မအတွက် နတ်ဆိုးပဲ .."

"ယုတ်ညံ့တဲ့ မိန်းမတွေအတွက် ဟုတ်တယ် .. မင်းအတွက်



ကိုယ်က အိမ်ဦးနတ်ပါ .."

"ကျွန်မအတွက် မလိုဘူး ရေငွေ့ .. ကျွတ်!..."

သူမ ဒီနာမည်ကို ဖျောက်ဖျက်သင့်နေပါလျက်နှင့် ခေါ်မိနေတာကို ခွင့်မလွှတ်ချင် ...၊

"ကျွန်မကို လူတောထဲ ဟစ်သက်လုံး မတိုးရဲအောင် ရှင် မလုပ်ပါနဲ့ .. ခု ထွက်သွားလိုက်ပါ .."

"ဖအေမရှိဘဲ ကလေးမွေးဖို့ကျတော့ မင်းမှာ သတ္တိအပြည့်နဲ့လား .."

သူက ပန်းခြင်းတစ်ဖက်ကို ကိုင်ထားဆဲနှင့် ဘောင်းဘီအိတ်ထဲမှာ လက်တစ်ဖက် ထည့်လျက် ...

"ခုလည်း ဒီတိုင်းပဲ လူတွေ သိကုန်ပြီးပြီ .. မင်းနဲ့ ကိုယ့်မှာ ကလေးရှိနေပြီးမှ မင်းညီမ သဝန်တိုလို့ ဒီပြဿနာတွေ ဖြစ်ကြတယ်.. သူ့ဒေါသနဲ့ သူ သေသွားပြီး ကိုယ်တို့ ကျန်ခဲ့တယ် .. ကိုယ် မနှစ်သက်တဲ့မိန်းမ သေသွားပြီး နှစ်သက်တဲ့မိန်းမ ကျန်ခဲ့တာကို ကိုယ် ပေါင်းခွင့်မရှိဘူးလား .."

"ရှင့်ကို ဘယ်တော့မှ မပေါင်းဘူး မင်းစက်အာဏာ .."

"ကိုယ်ကလည်း မင်းနားကနေ တစ်ဖဝါးမှ ခွာမှာ မဟုတ်ဘူး ရေလှှာ .. အဲ့ဒါ သန္နိဋ္ဌာန် .."

အလှှာ က နှုတ်ခမ်းလေး ခပ်လွန့်လွန့် မဲ့လိုက်ရင်း မျက်နှာလွှဲ[illegible]၏။ ထိုအခါ စောင်းကျသွားသော မျက်ဝန်းဘက်ကို မျက်ရည်[illegible]ဆံစများထဲသို့ စီးဝင်ပြန်၏။

ပြီးတော့ နှုတ်ခမ်းလှုပ်ရုံ တိုးသဲ့သောအသံလေးနှင့် ...

"ရှင့်ကို ကျွန်မ အတန်တန် တောင်းပန်ခဲ့တယ် .. ရှင်ဟာ [illegible] နည်းလေးမှ အကြင်နာတရား မရှိတဲ့လူ .."

"ဘာလဲ .. ကိုယ့်ကို အကြင်နာတရား မရှိဘူး [illegible] လား .. ဒီဘက်လှည့် ပြောပါ .."

www.burmeseclassic.com



အလွှာ က တကယ်ပဲ လှည့်လာကာ ...

"ရှင့်ကို ကျွန်မ ဘယ်လောက် နာကြည်းနေမလဲလို့ နည်းနည်းလေးတောင် မတွေးမိဘူးဆိုရင် ရှင် ရေရွတ်နေတဲ့အချစ်တွေက ဈေးအမှိုက်ပုံထဲက ဘူးသီး .. ခရမ်းသီးပုပ်တွေပဲ ရေငွေ့ .."

သူ့မျက်နှာ တင်းသွားသည်။ မျက်လုံးချင်းဆုံပြီး အကြာကြီး ကြည့်နေပြီးမှ သက်ပြင်းတစ်ရှိုက်နဲ့အတူ သူ့မျက်နှာ ပြေကျသွားခဲ့ပြီး....

"နည်းနည်းလေး ဘယ်ကမလဲ ရေလွှာ .. အများကြီး တွေးမိတာပေါ့ .. ဒါပေမယ့် ကိုယ် လုပ်ခဲ့တဲ့အလုပ်တစ်ခုကို နောင်တရတတ်တဲ့ အကျင့် ကိုယ့်မှာ မရှိဘူး .. အဲဒါတွေ မင်းကို ပြောခဲ့ပြီးပြီ ထင်တယ်.."

"ပြောခဲ့ပေမယ့် တကယ်လုပ်နိုင်လိမ့်မယ်လို့ မထင်ခဲ့တာ .. ရှင် ကျွန်မကို ချစ်ပါတယ်ပဲ ပြောနေပြီး ကျွန်မချစ်တဲ့သူကို ကျွန်မရင်ထဲက ခွဲထုတ်ပစ်တယ် .."

"မင်း ချစ်နေတာပါ .. သူက မင်းရင်ထဲမှာ မရှိပါဘူး .. ဟိုအရင်တည်းက သူ့နေရာကို သူ ရွှေးချယ်ပြီးသား .."

"ငါ သူ့ကို လက်ရှောင်ဖို့ ကြိုးစားခဲ့တယ် .. အဲဒါ မင်းကို မရက်စက်ချင်လို့ ..၊ ဒါပေမယ့် သူ မင်းကို ရက်စက်တာတွေက ငါ့ရဲ့ တာဝန်ကို ဘယ်မှ ရွှေ့လို့မရဘူး ဖြစ်စေခဲ့တာ .. မင်းက ခံနိုင်လို့ ခံပေမယ့် ငါ ကြားရ မြင်ရတာတွေအပေါ်မှာ ငါ ကြည့်မနေနိုင်ဘူး.."

"အို .. ဘာဖြစ်ဖြစ် ရှင်နဲ့ အနေသာကြီး .."

"မနေသာဘူး ရေလွှာ .. ငါ ချစ်နေတဲ့မိန်းမကို စိတ်ဆင်းရဲ ကိုယ်ဆင်းရဲ ဖြစ်စေနေတဲ့ ဆူး .. အဲဒီဆူးက နုတ်ယူဖို့မလွယ်တဲ့ အဆိပ်ဆူး ဖြစ်နေရင်တောင် ပါးစပ်နဲ့ ကိုက်ထုတ်ရထုတ်ရ ကိုယ် ထုတ်ပစ်မှာပဲ..၊ ပိုဆိုးတာက အဲဒီလို ဘဝပျက်အောင် ချမ်းသာချင်နေတဲ့ မိန်းမတွေကို ကိုယ်က အမုန်းဆုံး ဖြစ်နေခဲ့တဲ့အချက်ပဲ .."

"ဒါက .."



"မင်းညီမက ငါ သတ်ပစ်ခဲ့တဲ့ မိန်းမတွေထဲမှာ မကောင်းခြင်းများစွာနဲ့ ရှိနေတဲ့ သတ်ပစ်ဖို့ အကောင်းဆုံး မိန်းမ .."

"အဲ့ဒီမိန်းမတွေကို ရှင်က ဖြားယောင်းခဲ့တာပဲလေ .. လူဖြစ်ဖြစ်-တိရစ္ဆာန်ဖြစ်ဖြစ် မမြင်ကွယ်ရာက ထောင်ချောက်ကို လွတ်အောင် ရှောင်ဖို့ ခက်တယ် .."

"ဖြားယောင်းတယ်လို့ မင်း ဘာဖြစ်လို့ ထင်လိုက်တာလဲ ..၊ ကိုယ့်ဘက်မှာ ထောင်ချောက်ရှိနေတယ်ဆိုရင် ဘာလဲလို့ မင်း ပြနိုင်လား .."

သူ စိုက်ကြည့်နေသည့် မျက်ဝန်းတွေကို အလွှာ ပြန်ကြည့်နေပေမယ့် မျက်ဝန်းတွေမှာ မျက်ရည်တို့ ပြည့်သိပ်လျက် ...

"ကိုယ် ဘယ်မိန်းမကိုမှ ချစ်ယောင်ပြတဲ့မျက်လုံးနဲ့တောင် မကြည့်ခဲ့ဖူးဘူး ..၊ ရင်ခွင်ထဲ မပြောနဲ့ .. ကိုယ့်လက်နဲ့ ထိကိုင်ဖို့တောင် စိတ်မကူးခဲ့ဖူးဘူး .. ကိုယ့်ရဲ့ လက်နှစ်ဖက်က မိန်းမတွေကို ချစ်ဖို့ မဟုတ်ဘူး ရေလွှာ .. သတ်ပစ်ဖို့ပဲ .. ဒါပေမယ့် ကိုယ် မထင်မှတ်ဘဲ မင်းကို တွေ့မှ ချစ်မိသွားခဲ့တယ် ..၊ အဲ့ဒီအချိန်မှာ မင်းညီမက ရွံစရာကောင်းတဲ့ ချဉ်းကပ်နည်းတွေနဲ့ ကိုယ့်နားကို ရောက်နေပြီ .."

"တော်ပါတော့ .."

အလွှာ မျက်ဝန်းတွေကို မှိတ်ပစ်လိုက်သည်။ မျက်ရည်စက်တွေ တလိမ့်လိမ့် စီးကျသွားကြ၏။

"ဟုတ်ပြီ .. ကိုယ်တို့အကြောင်း ဆက်ပြောမယ် .. မင်းနဲ့ ကိုယ့်ရင်သွေးကို ကိုယ် စောင့်ရှောက်ပါရစေ .."

"မလိုဘူးလို့ ရှင့်ကို ပြောပြီးပြီပဲ .. အခု ရှင် ပေးထားတဲ့ ငွေတွေဆို .. ရှင့်အငွေ့အသက် .. ရှင့်ရဲ့အရိပ်ကိုရော ကျွန်မ ဘာမှ မလိုချင်ဘူး .. ရှင်က မသွားဘူးဆိုရင် ကျွန်မ ရှင်နဲ့ ဝေးရာကို ထွက်သွားမယ်.."

မင်းစက်အာဏာ က ဘာမှမပြောသေးဘဲ မှိတ်ထားသည့် မျက်တောင်ဖျားလေးတွေကို စီးမိုး၍ ကြည့်နေခဲ့သည်။

www.burmeseclassic.com

www.burmeseclassic.com



အတန်ကြာသည်အထိ သူမ ဘာမှ ထပ်မပြောဘဲ မျက်လုံးတွေလည်း ပြန်ဖွင့်မလာတော့မှ ...

"ကောင်းပြီလေ.. ကိုယ်က အရွယ်မရောက်ခင်တည်းက လက်မရွံ့ လူသတ်သမားဘ(.နဲ့ ဒီအချိန်ထိ ရန်းကန် ကြီးပြင်းခဲ့တာ .. ကိုယ့်ရင်သွေးဆိုတဲ့အသံ မကြားခင်ထိ ရှင်းရှင်းပြောရရင် မင်းကို ဆေးရုံတင်လိုက်ရတဲ့အထိ .. ကိုယ်က မင်းစက်အာဏာ ပဲ .."

သူ ခဏနားပြီး ဆောင့်သည်။ အလွှာ ဒီတိုင်း ငြိမ်သက်နေဆဲ ...၊

"မင်းကို ချစ်ပေမယ့် တရားတစ်ဖက် ဓားတစ်လက်နဲ့ ကိုယ် ဒီတိုင်း ဆက်သွားမှာပဲ .. အချစ်နဲ့ အမုန်းကြားမှာ ကိုယ်တို့ လွန်ဆွဲရုန်းကန်ရင်းနဲ့ပေါ့ .. ဒါပေမယ့် ကိုယ့်ရင်သွေးဆိုတဲ့ အသိစိတ်တစ်ခုနဲ့ ကိုယ့်ကိုယ်ကိုယ် ပြောင်းလဲဖို့ ဆုံးဖြတ်လာခဲ့တာ .."

အလွှာ့ မျက်တောင်ဖျားလေးတွေ လှုပ်လှုပ်ခတ်ခတ် ဖြစ်လာခဲ့၏။ သူ စိုက်ကြည့်နေရင်း ဆက်၍ ...

"မင်းနဲ့ ကိုယ့်ရင်သွေးရဲ့ အနာဂတ်ကိုမှ ကိုယ်က တာဝန်ယူခွင့် မရှိဘူးဆိုရင် ကိုယ့်ဘက်က ဘာမှ ပြောင်းလဲဖို့ မလိုတော့ဘူးပေါ့ .."

သူမ မျက်တောင်ဖျားတို့ ပွင့်လာခဲ့ပြီးမှ ပြန်ပိတ်ကာ မျက်နှာလေး တစ်ပြင်လုံး နီရဲလာ၏။ ပြီးတော့ မျက်ရည်စက်တွေ မျက်ဝန်းထောင့်ကနေ စီးကျသွားကြလေသည်။

သူမ နှုတ်ခမ်းသားလေးတွေ တုန်ယင်လာချိန်မှာ လက်ခုံနုနုလေးကို သူ ဆုပ်ကိုင် ဖိညှစ်ထားမိရင်း ...

"ကိုယ့်ရဲ့ ညာလက်ဖဝါးက လူသတ်ဖို့သပ်သပ် ကိုယ် မွေးမြူခဲ့တာ .. ဒါပေမယ့် အဲ့ဒီလက်နဲ့ မင်းရဲ့မျက်ရည်တွေကို သုတ်ပေးခဲ့တယ်-မင်းကို မြတ်မြတ်နိုးနိုး ယွေးပွေ့ခဲ့တယ် .. ကိုယ် ခံစားမိခဲ့တဲ့ ချစ်ခြင်းကအဲ့ဒါပဲ ရေလွှာ ...၊ နောက်ထပ် ကိုယ့်လုပ်ရပ် .. ကိုယ် ဆုံးဖြတ်ချက်တွေနဲ့ တိုင်းတာပြီး မင်း ဇွပ်စွဲတာတွေကို ကိုယ် မရှင်းတတ်ဘူး .."





သူမရဲ့ ရှိုက်သံလေး ထွက်လာကာ ဆုပ်ကိုင်ထားသည့်လက်ကို ရုန်းသည်။ သူ လွှတ်မပေးဘဲ နောက်ထပ် လက်တစ်ဖက်နဲ့ ထပ်ဆုပ်ကိုင်ကာ...

"မင်း ကိုယ့်ကို လက်မခံဘူးဆိုရင် ကိုယ့်အနာဂတ်ကို ဒီတိုင်း ဆက်သွားတော့မယ် .. ဒါပေမယ့် မင်း ခွင့်ပြုပြု မပြုပြု ကိုယ်ကတော့ မင်းကို လက်လွှတ်မှာ မဟုတ်ဘူးဆိုတာ သိထားပါ .."

သူ နေရာမှ ဖြည်းလေးစွာ ထရပ်သည်။ ပြီးတော့ ခေါင်းအုံးဘေးမှာ လက်ထောက်၍ သူမ မျက်နှာလေးပေါ်မှာ စိုးမိုးကြည့်ရင်း ...

"မင်း ခုချိန်မှာ ကိုယ့်ကို အရမ်းမုန်းနေမှာပဲ .. ဒါပေမယ့် နောက်နှစ် ခြောက်လပိုင်း မရောက်ခင် .. ဒါမှမဟုတ် ကလေး မမွေးသေးခင် ကိုယ့်ကို အဖြေပေးပါ .. ကလေးရဲ့အနာဂတ်မှာ သူ့အဖေကို ဘယ်လိုလူမျိုး ဖြစ်စေချင်သလဲ .."

သူ့ရဲ့ လေငွေ့နွေးနွေးတို့ ထိခတ်နေသည့် မျက်နှာကို အလွှာ ကတစ်ဖက် လွှဲပစ်၏။ သူက မေးဖျားလေးကနေ ပြန်ဆွဲလှည့်စေကာ ...

"ကိုယ် ဘယ်လိုလူမျိုး ဖြစ်နေနေ .. မင်း လက်မခံလို့ ထင်ရာ နိုင်အနေပြီး ဘာဖြစ်သွားသွား .. မင်းတို့သားအမိနားမှာပဲ ရှိနေမယ်ဆိုတာတော့ မှတ်ထားပေး .."

အလွှာ မျက်ဝန်းလေးတွေ ပွင့်လာသည်။ ထိလုထိခင် ကပ်ငုံ့ထားသည့် သူ့မျက်နှာကို ငေးစိုက်ကြည့်ရင်း ...

"ရှင့်ကို မုန်းတယ် .."

"ကိုယ်ကတော့ သိပ်ချစ်တယ် .. မင်းရဲ့အမုန်းတွေကိုပည်း မရှောင် ဖယ်ထုတ်ပစ်ဖို့ ဆုံးဖြတ်ထားတယ် .. ပြီးတော့ .."

အလွှာ မျက်နှာလှည့်ပစ်ဖို့ ကြိုးစားတာနှင့် သူ့လက်ဖဝါးတွေနဲ့ ထိန်းကိုင်ထားလိုက်ပြီး ...

"မင်း မကြည်ဖြူသရွေ့ လူမိုက်ကြီး လုပ်နေမယ် .."

နှုတ်ခမ်းပြေပြေလေးမှာ အနမ်းတစ်ပွင့် ခြွေရင်း သူ ပြုံးနပ်သိုက်



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြီးတော့ ကိုယ်ကို မတ်မတ် ပြန်ရပ်ကာ ...

"ကိုယ် ပြောတာတွေ မမေ့နဲ့ နော် .."

လက်ဖဝါးလေးကို နှုတ်ဆက်သလို တင်းခနဲ ဖျစ်ဆုပ်ပြီးမှ သူ လှည့်ထွက်သွားသည်။

သူ့ရဲ့ ကိုယ်သင်းနံ့တို့ ပျောက်ကွယ်သွားသည့်အခါ ပူလိုက်လာသည့်ရင်ထဲမှာ မီးလောင်ပြင်တစ်ခုနှယ် ...၊

တစ်ယောက်တည်း ရှိုက်ငိုနေမိစဉ် ...

"သမီး .."

ဒေါ်မာလာ ၏ နူးညံ့သောအသံကို ကြားလိုက်ရကာ ...

"တိတ်ပါ သမီးရယ် .. တိတ်တော့ နော် .. သူ အားလုံး ပြောပြပြီးပြီ .."

မျက်ရည်စတို့ကို ကြင်နာစွာ သုတ်ပေးရင်း နဖူးဆံစတို့ကို သပ်၍...

"သမီး ကြိုက်သလို ဆုံးဖြတ်ပါ .. ဒါပေမယ့် မိခင်တစ်ယောက် ဖြစ်လာရင် ကိုယ့်အတွက်ချည်းပဲ စဉ်းစားနေလို့ မရတော့ဘူး .."

ဒါတွေပဲ ကြားရမယ်ဆိုတာ သိပြီးသား ...၊

ပစ္စုပ္ပန်နဲ့ အနာဂတ်ဆိုတာလည်း ကိုယ်တိုင်ရွေးချယ်ပြီး ကိုယ်တိုင်လျှောက်လှမ်းရမယ့် ခရီးရှည်တစ်ခုပဲ ...၊

လူတစ်ယောက်ရဲ့စိတ်ဟာ ပစ္စုပ္ပန်မှာ ပြောင်းလဲနေတယ်ဆိုရင်တောင် သူ့ရဲ့ ခရီးအစက အတိတ်ပဲ မဟုတ်ဘူးလား ...၊

မင်းစက်အာဏာ ဆိုတဲ့ သူတစ်ယောက်ဟာ သူ့ရဲ့ခရီးရှည်ကို ဘယ်လိုစခဲ့ပြီး ဘယ်လိုအဆုံးသတ်မလဲဆိုတာ သူမ စိတ်မဝင်စားချင်...

ကိုယ်နဲ့ သက်ဆိုင်တာက မင်းစက်အာဏာ ရဲ့ ပစ္စုပ္ပန်ပဲ ဖြစ်သည်။

ထို့ကြောင့် သူ့ကို သူမ ခွင့်မလွှတ်နိုင်ခြင်းသည် ပစ္စုပ္ပန် အနာဂတ်မှသည် နောင်ဘဝ အဆက်ဆက်ထိ ...၊

*လရောင်ကျူးရင့်*



www.burmeseclassic.com